# နိဗ္ဗာန်နိဒါန်း

## မြေလတ်မြတ်သူ



# နိဗ္ဗာန်နိဒါန်း

မြေလတ် မြဟ်သူ

သာသနာသက္ကရာဇ် ၂၅၂၁
မြန်မာသက္ကရာဇ် ၁၃၃၉-ခု၊ နတ်တော်လ
ခရစ်သက္ကရာဇ် ၁၉၇၇-ခု၊ ဒီဇင်ဘာလ

စာသားရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၉၅၀၇)

အဖုံးပန်းချီ
"မောင်မောင်သိုက်"

အဖုံးရိုက်
"ရန်အေး"

ဘလောက်
"ထွန်းညွန့် (၃၂)"

ဦးတင်မေ (အောင်လင်း)၊ ထံကျာစာပေ (၀၀၇၄)
တိုက်အမှတ် ၄၊ အခန်း ၅၊ ဖ-ဆ-ပ-လ
ရန်ကုန်မြို့က ထုတ်ဝေ၍
ဦးစောချစ်တင်၊ ရန်အေးပုံနှိပ်တိုက် (၀၃၁၁)
အမှတ် ၁၀၄၊ ၂၉-လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

(၁၅ - ကျပ်)

ဗုဒ္ဓဟောကြား မြတ်တရား၏ စပ္ပကွန့်အပ္ပန်
" နိဗ္ဗာန်နိဒါန်း "
ဤစာကျမ်းဖြင့် ကျေးဇူးရှင် မိဘ ၂ ပါးနှင့်
ဆရာ အပေါင်းအား ဦးညွတ်ပါ၏။


ဖြန့်ချိရေး
မင်းသဇင် စာပေ
အမှတ် ၁၀၄၊ ၂၉-လမ်း၊ ရန်ကုန်မြို့။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(၁)** | |
| ၁။ | နိဗ္ဗာန်နိဒါန်း၏ နိဒါန်း | ၁၃ |
| ၂။ | လူသားနှင့်သစ္စာ | ၁၇ |
| ၃။ | ဆန့်ကျင်ဘက်၏ အမြတ်တရား | ၂၃ |
| ၄။ | သီလ အခြေခံ | ၃၄ |
| | **အပိုင်း (၂) ဝိမုတ္တိရသ** | |
| ၅။ | ကူးလမ်းဖြောင့်က ရောက်လွယ်၏ | ၄၄ |
| ၆။ | ငါတည်းဟူသော ငါ၏ အခက်အခဲများ | ၅၀ |
| ၇။ | ခန္ဓာငါးပါး | ၆၁ |
| | **အပိုင်း (၃) နိဗ္ဗာန်** | |
| ၈။ | နိဗ္ဗာန်အဖွင့် | ၇၀ |
| ၉။ | နိဗ္ဗာန်မျိုး | ၇၅ |
| ၁၀။ | နိဗ္ဗာန်၏ သဘာဝ | ၇၈ |
| ၁၁။ | နိဗ္ဗာန်၏ သဘောအရသာ | ၈၉ |
| ၁၂။ | နိဗ္ဗာန်အပေါ် အမြင် ဥပမာထူး | ၉၅ |
| ၁၃။ | ခန္ဓာဝန်ထုပ်၊ မီးဥပမာ သံသရာ | ၉၈ |
| | **အပိုင်း(၄) နိဗ္ဗာန်နှင့် အခြေခံမင်္ဂလာတရား** | |
| ၁၄။ | ပယ်အပ်သောတရား | ၁၁၁ |
| ၁၅။ | နိဗ္ဗာန်၏အစဉ် | ၁၁၁ |
| ၁၆။ | လေးနက်လှစွာ ဤသစ္စာ | ၁၁၆ |

(မာတိကာ)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | အဝိဇ္ဇာခေါင်းဆောင် | ၁၁၇ |
| ၁၈။ | အကြောင်း၏ အကျိုးတရားများ | ၁၁၈ |
| ၁၉။ | လေးပွင့်ဆိုင်နှင့် သခ်တ၊ အသခ်တ | ၁၂၁ |
| ၂၀။ | နိဗ္ဗာန်နှင့် မိရိုးဖလာ | ၁၂၆ |
| ၂၁။ | မှော်ရုံတောအလယ် | ၁၃၁ |

အပိုင်း (၅) သီလနှင့်ညာဏ်

| | | |
|---|---|---|
| ၂၂။ | ငါဘာလဲ၊ ငါဘယ်လဲ | ၁၃၄ |
| ၂၃။ | ဝိရောစိ | ၁၃၉ |
| ၂၄။ | မဟာသတိပဋ္ဌာန် | ၁၄၂ |
| ၂၅။ | ဣရိယာပထခန်း | ၁၄၈ |
| ၂၆။ | သမ္ပဇညခန်း | ၁၅၂ |
| ၂၇။ | ပဋိကူလမနသိကာရခန်း | ၁၅၃ |
| ၂၈။ | မဂ်ဖိုလ် နိဗ္ဗာန်နှင့် လွဲစေတတ်သည့်အကြောင်း နှစ်ပါး | ၁၆၀ |
| ၂၉။ | ကံ-ကံ၏ အကျိုးပေးများ | ၁၆၄ |
| ၃၀။ | အသိ၊ သတိ | ၁၆၅ |
| ၃၁။ | ဝိပလ္လာသ | ၁၆၆ |
| ၃၂။ | ဉာဏ်စဉ် | ၁၇၀ |
| ၃၃။ | သောတာပန်ပယ်သော သံယောဇဉ်ငါးပါး | ၁၇၄ |
| ၃၄။ | သတ္တဝါတို့၏ ဖြစ်ခြင်း | ၁၇၄ |
| ၃၅။ | အယုတ် တရားနှစ်ပါး | ၁၇၆ |

# (မာတိကာ)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | အလယ်အလတ်ကျင့်စဉ် | ၁၇၆ |
| ၃၇။ | ဝိပဿနာတန်ခိုးပြ | ၁၇၈ |
| ၃၈။ | သမာဓိဒိဋ္ဌိခေါင်းတွဲ | ၁၈၀ |
| ၃၉။ | ခန္ဓာငါးပါး၊ သက္ကာယဒိဋ္ဌိ | ၁၈၃ |
| ၄၀။ | ဒိဋ္ဌိဝိသုဒ္ဓိ၊ နာမရူပ ပဝတ္တာနုဉာဏ် | ၁၈၆ |
| | **အပိုင်း(၆) ဝိပဿနာ** | |
| ၄၁။ | ပဋိစ္စ သမုပ္ပါဒ် | ၁၉၀ |
| ၄၂။ | ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်ပုံတရားတော် | ၂၀၂ |
| ၄၃။ | ကိလေသာ၏ ကျွန်များ | ၂၁၅ |
| ၄၄။ | ဒွါရခြောက်ပေါက် တပေါက်ကနေအမိဖမ်း | ၂၁၉ |
| ၄၅။ | အနေခက်အသေခက် | ၂၃၁ |
| ၄၆။ | သားကောင်ခြောက်ကောင်အလှူ | ၂၃၃ |
| ၄၇။ | ဝိဝေကသုံးပါးကျင့်ရမည် | ၂၃၆ |
| ၄၈။ | ကံနှင့်တဏှာတွင် တဏှာကအရေးကြီး | ၂၆၀ |
| ၄၉။ | ဈာနပစ္စယော | ၂၆၄ |
| ၅၀။ | ကံနှင့်တဏှာ | ၂၈၃ |
| | **အပိုင်း (၇) ဆရာမှန်ရှာဖွေနည်း** | |
| ၅၁။ | အရိယာမှန်လျှင် ဖိုလ်ဝင်စားနိုင်၏ | ၂၉၀ |
| ၅၂။ | ဥပက္ကိလေသာ(၁၀)ပါး | ၂၉၁ |
| ၅၃။ | မဟာစည် ဝိပဿနာ | ၂၉၂ |
| ၅၄။ | စိတ်၏သရုပ် | ၂၉၆ |

## (မာတိကာ)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၅။ | ကူးမြောက်ပုံ(၇)နည်း | ၃၀၂ |
| ၅၆။ | အရိယာဝါသ မှီရာ ၄-ပါး | ၃၀၃ |
| ၅၇။ | သံဃာယနာတင်ခေါင်းဆောင် | ၃၀၅ |
| ၅၈။ | ဗုဒ္ဓကျောင်းအဝင် | ၃၀၉ |
| ၅၉။ | ရဟန္တာဖြစ်မဖြစ်ကို ဘုရားက စမ်းသပ်ခြင်း | ၃၁၀ |
| ၆၀။ | ဝိသုဒ္ဓိ(၇)ပါး | ၃၁၉ |
| ၆၁။ | ဘုရားနှင့်သိကြား | ၃၂၄ |
| ၆၂။ | အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် | ၃၂၆ |
| ၆၃။ | အပယ်၏ရေသောက်မြစ် | ၃၄၀ |
| ၆၄။ | ခန္ဓာအစ သတ္တဝါအစ | ၃၄၃ |
| ၆၅။ | တဏှာ၏စွမ်းအား အနှစ်ရှာတရား | ၃၄၄ |
| ၆၆။ | ညီညွတ်မှုနှစ်ပါး | ၃၅၃ |
| ၆၇။ | နွားလိုခွေးလို ကျင့်သူ | ၃၅၉ |

အပိုင်း(၈) နိဗ္ဗာန်အကြောင်း အဂ္ဂိဝစ္ဆသုတ်

| | | |
|---|---|---|
| ၆၈။ | အဂ္ဂိဝစ္ဆပုဏ္ဏား ချီးမွမ်းခန်း | ၃၇၂ |
| ၆၉။ | ပဋ္ဌာန်းအမြင် | ၃၈၁ |
| ၇၀။ | အကြားအမြင် | ၃၈၂ |
| ၇၁။ | သဲအင်းဂူမှ ဓမ္မဆောင်ပုဒ် | ၃၈၈ |
| ၇၂။ | ဘုရားရှင်၏ ဉာဏ်တော် ၆-ပါး | ၃၉၀ |
| ၇၃။ | အရိယာမဂ္ဂင် | ၄၀၂ |
| ၇၄။ | သစ္စာအနက် | ၄၀၃ |

## (မာတိကာ)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(၉) ပထမ ဗုဒ္ဓဒေသနာ** | |


| | | |
|---|---|---|
| ၇၅။ | ခန္ဓာဝန်နှင့် မြင့်မိုရ်တောင် | ၄၀၈ |
| ၇၆။ | ပုထုဇဉ်ရဟန္တာ | ၄၀၉ |
| ၇၇။ | ကျေးဇူးရှင် (၁၀)ပါး | ၄၁၁ |
| ၇၈။ | ရုပ်ဖြစ်ကြောင်း | ၄၂၃ |
| ၇၉။ | နာမ်တရား-၅၄ | ၄၂၅ |
| ၈၀။ | တိရဏပရိညာ | ၄၂၉ |
| ၈၁။ | အနိစ္စဓမ္မ-ဘုံဘဝ | ၄၃၆ |
| ၈၂။ | လောကဓံ | ၄၃၇ |
| ၈၃။ | စေတသိက် ၅၂ | ၄၄၁ |
| ၈၄။ | ကုသိုလ်စေတသိက် ၂၅ ပါး | ၄၄၆ |
| ၈၅။ | နိဗ္ဗာန် ၃-မျိုး | ၄၄၈ |
| ၈၆။ | ကာမအဆိပ် | ၄၇၁ |

## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

### ဇိနသာသနံ စိရံတိဋ္ဌတု

ဗုဒ္ဓံ·ဓမ္မံ·သံဃံ၊ ရတနတ္တယံ အဟံ ဝန္ဒာမိ

သိဿံ သိဇ္ဈတု သင်္ကပ္ပေါ၊ သဗ္ဗ လောကဿ ဟိတာယ၊

သဗ္ဗလောကဿ၊ အလုံးစုံသော လောက၏ ဟိတာယ၊ အကျိုးစီးပွား အလို့ငှာ၊ မေ။ အကျွန်ုပ်၏၊ သင်္ကပ္ပေါ ကောင်းသော အကြံအစည် မှန်သမျှတို့သည်။ သိဿံ၊ ပကြာမတင် အလျင်ခဆာစွာ။ သိဇ္ဈတု၊ ချောမောပြီးမြောက် အောင်မြင်ခြင်းသို့ အောင်မြင်စွာ ရောက်ရှိပါစေသတည်း။

× × ×

မွေးသဖခင် ကျေးဇူးရှင်လည်းဖြစ်၊ လက်ဦး ဆရာလည်းဖြစ်ပေသော ကျွန်ုပ်၏ ဖခင်သည် ကျွန်ုပ်အား ဗုဒ္ဓ၏ တရားဓမ္မနှင့် ဘာသာရေးရာမှာ ဝါသနာ ပန္နက်ရိုက်နှက်ချမှတ် ပေးလိုက်ပါသည်။ မွေးသမိခင်သည် အားပေးချီးမြှောက်ခြင်းဖြင့် ယုံကြည်မှု အုတ်မြစ်ကို ပိုမို ခိုင်မာလာစေပါသည်၊ ဖခင်သည် မိုးကုတ်ဆရာတော် (ဦးဝိမလ္လ)၏ ဝိပဿနာ အစအဆုံးဟောစဉ်များနှင့် တခြားသော ဗုဒ္ဓ၏ စာပေကျမ်းဂန်များကို ညွှန်ပြဆုံးမခြင်းဖြင့် မြေတောင်မြှောက် ပေးလိုက်ပါသည်။

မိတ္ထီလာခရိုင်-မလှိုင်မြို့၊ ရွှေပေါ်ကျွန်း စေတော်ဝင် ကျောင်း၊ ဇေယျသိဒ္ဓိ ဓမ္မဉာဏိက ဆရာတော်ဘုရားကြီးထံမှ၊

ဆုမွန်သြဝါဒနှင့် အဝိဋ္ဌာန် ဓမ္မကျင့်စဉ်များသည် အားအဟုန်ကို ဖြစ်စေပါသည်။ တဖန် သာကေတမြို့(၆)ရပ်ကွက်-ဦးသန်းဖေ၏ ကျင့်စဉ်များသည်၎င်း၊ ရန်ကုန်မြို့-ဆူးလေစေတီတော် အခြေခံသင်္ဂြိုဟ်သင်တန်းမှ ဆရာကြီး ဦးလှမောင်၏ သင်ကြားပို့ချချက်များသည်၎င်း၊ အားလုံးပေါင်းစည်းလိုက်သော် စိတ်ဆန္ဒဝယ် ကိန်းအောင်း တွယ်ငြိနေသော နိဗ္ဗာန်နိဒါန်းအား တင်ပြနိုင်ရန် ဖြစ်လာပါတော့သည်။

× × ×

စာပေ အနက် တန်းဆာအားဖြင့် ရေးသားသော အတ္ထာလင်္ကာရစာပေများ၊အသံတန်းဆာအားဖြင့် ချိုမြိန်အောင် ရေးသားသော သဒ္ဒါလင်္ကာရစာပေများ ရှိပါသည်။ ယခုတင်ပြအပ်သော နိဗ္ဗာန်နိဒါန်းသည် ယင်းနှစ်မျိုးဖြင့် ပြည့်စုံလှပါသည်။အထူးသဖြင့် ချစ်ခင်မြတ်နိုးအပ်ကြောင်းတို့ကို ချည်နှောင်ထုံးဖွဲ့သော သဘောဖြင့် ရေးသားသည့် ပိယတရ အလင်္ကာမျိုးမပါချေ၊ ဗုဒ္ဓ၏အသံတော် ပြုံးရယ်ဟောမ်မူခြင်းတို့ကို ဥဒ္ဒေသအားဖြင့် ပြုပြီးကမ္မအသင်္ကာမျိုးပါပါသည်။ ဘုရားဟောတရားနှင့် ဂုဏ်ထူးအပြည့်အစုံပါအောင် လောကဥ္စ နှိုင်းယှဉ်အကျဉ်းချုံးအပ်သော သမာသအလင်္ကာလည်း ပါ၏၊ လောကီအကြောင်းအရာများပင် ပါဝင်သော၊ သဘာဝဝမ္ပနှင့် ကင်းကွာသည့် စိတ်ကူးယဉ်ဟောပြောမှု ပရိကပ္ပနာအလင်္ကာမျိုးတော့ မပါချေ၊ အရှိအတိုင်းတိုင်းကို ဥပမာ ဥပစာ အလင်္ကာအခင်တန်းဆာများဖြင့် ဟောကြားချက်များသာဖြစ်ပါသည်။ သို့ဖြစ်၍ ဓမ္မသိင်္ဂါရ ရသအကျိုးငှာ နှငယ်သူတဦး၏ ဝါသနာ

အင်အားနှင့် လေ့လာမှု အသိအမြင်ကိုသာ တင်ပြရခြင်း ဖြစ်ပါသည်။

(အကယ်၍ ပိုအပ်ချက် မှားယွင်းချက် တစုံတရာ ပါရှိနေပါက မူရင်းအကြောင်းအရာများနှင့် မဆိုင်ဘဲ စာရေးသူ၏ ချွတ်ယွင်းမှု၊ လိုအပ်မှုများသာ ဖြစ်ကြောင်း ကြိုတင် ဝန်ခံအပ်ပါသည်)။

× × ×

အရာရာဝယ် အစ အလယ်အဆုံး ရှိပါသည်။ ပိဋကတ်သုံးပုံ၊ သီလ၊ သမာဓိ၊ ပညာဟူ၍ရှိသည်။ သတ္တဝါအဖြစ် စခဲ့ကြသည်။ ပဋိစ္စသမုပ္ပါဒ်ဖြင့်လည်နေပြီး အဆုံးနိဗ္ဗာန်သို့ ဝင်ရန်သာ ရှိပါသည်။ မကုန်ဆုံးစေဘဲ ချန်ထားလျှင် ကျန်၍ ကိုယ့်ကိုယ် လိမ်လျှင် လည်နေမည်။ သို့ဖြစ်၍ အဆုံးအတွက် အစကို ရှာဖွေခြင်း ဖြစ်ပါသည်။

× × ×

**နိဗ္ဗာန် နိဒါန်း စာအုပ် ဖြစ်မြောက်ရန် အကိုး အကား စာအုပ်များကို တင်ပြအပ်ပါသည်။**

မိုးကုတ်ဝိပဿနာ တရားတော်ဟောစဉ် စာအုပ်အမှတ်-၁ မှ ၂၉၊ သစ္စာ အနက်(၁၆) ချက်၊ကြောင်ပန်း ဓမ္မဝိပဿနာ၊ ဝိဇ္ဇာမဂ္ဂဒီပနီ၊ ဝိပဿနာဒီပနီ၊ ဓမ္မပဒ ဘာသာပြန်၊ သမ္မဒါဖွင့် အကျယ်ကျမ်း၊ ဘာသာသွေး၊ မဟာပုရိသ လက္ခဏာတော်၊ မင်္ဂလာအလင်းရောင်၊ တရားဦး၊ နိဗ္ဗာန် ရှေ့ရှုသည့် တော်လှန်မှု၊ ၂၄ ပစ္စည်း ပဋ္ဌာန်း၊ ဓမ္မစကြာပါဠိနိသျ၊ ဓမ္မနှင့် ဂုဏ်အဖွဲ့ စုံကျမ်း၊ မဂ္ဂင်ဒီပနီ၊ ဗြဟ္မာစိုရ်တရားတော်၊ ပဋ္ဌိတနိတိ၊ တကယ့်

မေတ္တာတရားတော်ကြီး၊ နိဗ္ဗာန်ရောက်နည်း မဂ်လမ်း ခရီး၊ သာသနာ့အဆီ၊ သစ္စာပန်းခိုင်၊ ကမ္ဘာ အမြင့်တက်၊ သာသနာ အမြင့်တက်ပြုပုံ၊ ဆယ်စောင်တွဲ၊ ဟိတောပဒေသ၊ ဓမ္မောပဒေသကျမ်း၊ ဝိပဿနာသင်တန်း ဆောင်ပုဒ်၊ စုဒေကာဒဿမ၊ ဝိပဿနာ ဆောင်ပုဒ်ကဗျာ၊ အပါယ်တံခါးပိတ် တရားတော်၊ မေတ္တာ အဘိဓာန်သုတ်၊ ၅၅၀ နိပါတ်တော် စကားပြေ၊ သုကုမာရမဂ္ဂဒီပနီ အမေးဖြေ၊ ရုပ်ဦ ဝိပဿနာရှုရန် အကျဉ်း၊ ပညတ္တိထမ္မပေတာဝဋ္ဋိကာကျမ်း၊ ဧကောဓမ္မော၊ စာဏကျနီတိ၊ ပရိယတ္တိဗိမာန်၊ အရှင်သာရိပုတ္တရာ၊ ဗုဒ္ဓဇာတပကာသနီကျမ်း၊ ဂုဏ်တော်ဖွင့်ပေါင်းချုပ်၊ ဒွိသခ်ာ ဓမ္မ ဩဝါဒ စာတမ်းနှင့် စန်း ဘောဒေဟာစဉ်၊ နိဗ္ဗာန် ဟူသည်၊ မဟာသတိပဋ္ဌာန် တရားတော်၊ ဝိဝဋ္ဋဒီပနီ၊ စာဏကျလမ်းညွှန်ဖတ်စာ၊ ပညာရှိကြီးတို့၏ စကားဆန်း၊ အရိယာဝိဇ္ဇာလမ်း၊ ဝိပဿနောဝါဒ ကထာကျမ်း၊ သစ္စာဒီပကကထာ၊ သခ်ါရပါဇနီကျမ်း၊ တိကျ ဥပနိသျှဝိပဿနာလမ်းမှန်၊ ဗလပဏ္ဍိတ၊ ဒေဝဒူတသုတ်၊ ပါရမီဒီပနီ၊ သုဝဏ္ဏသျှံသစ္စာခန်းပျို့၊ ကျည်းကန်ရှင်ကြီး မေတ္တာစာ၊ ဥတ္တမပုရိသဒီပနီ၊ ပဏ္ဍိတဝေဒနီယျ၊ သမထ ဝိပဿနာ အလင်းပြ၊ ဝိသုဒ္ဓိနှင့် ဉာဏ်စဉ် တရားတော်၊ ကဆုန်လပြည့် ဗုဒ္ဓနေ့၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ သင်္ဂြိုဟ်သရုပ် အခြေပြုကျမ်းတို့ ဖြစ်ပါသည်။

(ဤစာအုပ်ဖြင့် ကျေးဇူးရှင် မိဘ နှစ်ပါးအား ပူဇော် ကန်တော့အပ်ပါသည်။)

# အပိုင်း ၁

## နိဗ္ဗာန်နိဒါန်း၏ နိဒါန်း

စကြာဝဠာအနန္တ ကမ္ဘာအနန္တတို့မှ ရှိရှိသမျှသော သက်ရှိသတ္တဝါမှန်သမျှတို့သည်၊ ချမ်းသာလိုကြ၏။ ကာယသုခ ပြည့်ဝလိုကြ၏။ စိတ္တသုခလည်း ထာဝရ ဆန္ဒအတိုင်း ရရှိလိုကြ၏။ ယင်းသို့ ကာယ၊ ဇိတ္တသုခ ပြည့်ဝစုံညီလိုသော စေတနာဆန္ဒအဝဝဖြင့် လောက၏ ရှေ့သို့ တိုးထွက်လာကြသည်၊ ကြံစည်ကြ၏။ ကျေးတောကြသည်၊ ရုန်းကန်ကြသည် တော်လှန်ကြသည်၊ တည်ဆောက်ကြသည်၊ မိမိတို့၏ စွမ်းရည်သတ္တိများ၊ အကြံဥာဏ်အစွမ်းအစ များကို အသုံးချလာကြသည်။ မဖြစ်

ဖြစ်သည့်နည်းဖြင့် အလိုရှိရာကို ကြံစည် တီထွင်ကြလေသည်။ သို့ကြံစည်ကြသည့် သတ္တဝါတို့ အလယ်တွင် လူသည် ထူးကဲခဲ့သည်။ သတ္တဝါမှန်သမျှအတွင်းတွင် လူသည်အညွန့်တလူလူဖြင့်အောင်လံထူနိုင်သော "လူ"၏ နာမပညတ် ဘွဲ့ထူးကို တပ်ဆင်ထား မိရက်သား ဖြစ်နေတော့သည်။

လူသည် မိမိတို့၏လိုလား တောင့်တအပ်သော ဆန္ဒပြည့်စုံမ်းရေးအတွက် မိမိမှ တပါး တခြား ဘာမျှ အားထား၍ မရနိုင်ကြောင်းသာဓက ပေါင်းများစွာ ရှိ၏။ မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံ-ဟူသော ကံသုံးပါး၏ လှုပ်ရှား ရုန်းကန်တော်လှန် ကြိုးစားမှုမှ အပ တခြား သူတပါး၏ထောက်ကူဖြည့်စွမ်းချက်သည် မမြဲသော သဘောအတွင်းမှာသာ ဖြစ်၏၊ ကိုယ်ပိုင်မဟုတ်ချေ၊ သို့ဖြစ်၍ မိမိ၏ ကိုယ်ပိုင် ချမ်းသာသုခဖြစ်ရေးအတွက် မိမိသာလျှင် အဓိက ဖြစ်ချေသည်။

အတ္တာဟိအတ္တနောနာထော၊
ကောဟိနာထော ပရောသိယာ၊
အတ္တနာဟိ သုဒန္တေန၊
နာထံလဘတိဒုလ္လဘံ။

'မိမိသာလျှင် မိမိအတွက် မိမိ၏ကိုးကွယ်ရာ အစစ်ဖြစ်၏။ သူတပါးသည် မိမိ၏ ကိုးကွယ်ရာ အဘယ်မှာ ဖြစ်မည်နည်း။ မိမိ ကိုယ်တိုင်က အသိ တရားဖြင့် ယဉ်ပါး နားလည်ပါမူ အလွန်ရခဲသော ကိုးကွယ်ရာကို ရသည်မည်၏။

လူသည် သတ္တဝါများ အနက် အသိဉာဏ် အရင့်ကျက်ဆုံး သတ္တဝါဖြစ်သကဲ့သို့၊ အလွယ်ကြုံကိုက်၍ အလွန် သက်သာလိုသော

သဘောရှိ၏။ မိမိ၏သက်သာ၊ ချမ်းသာ၊ သာယာစေမှုအတွက် အားကိုးရာရှာခြင်း၊ တပါးသူတို့အပေါ် တာဝန်လွှဲအပ်ခြင်း၊ အလုပ်ကို လုပ်လေ့ရှိ၏။ တခြားသတ္တဝါတိုင်းသည် အမိဝမ်းကကျွတ်သည် မှစ၍ မိမိကိုယ် မိမိနိုင်သော ကာလထိ မိမိ၏ တဝမ်းတခါးတဘဝ တသက်တာအတွက် မိမိတို့၏ စွမ်းရည်သတ္တိကို ကိုယ်နည်း ကိုယ့်ဟန်ဖြင့် ကြံစည်ကြ၏။ ကြိုးစားကြ၏၊ မိမိကိုယ်မိမိသာ အမိကထား၍ အားထားကြ၏။ အမှီအတွယ်နည်းပါးကြ၏၊ ကိုးကွယ်ရာ မထားရှိကြကုန်။

သို့သော် လူသည်....ရှေ့မှာ မိမိအတွက် အားကိုးရာ တခုခု "စားချက်"တခု၊ အမှီသဟဲတခု၊ အားကိုး အားထားစရာတစုံတခု၊ ရှိနေက-မိမိကိုယ် မိမိ ဘာမျှရှာကြံ ကြိုးစားခြင်း အားထုတ်လေ့လာခြင်း၊ လုံ့လဥဿာဟ၊ ဝီရိယ၊ သတ္တိ စွမ်းအင်မှန်သမျှကို အချည်းနှီး အကျိုးမဲ့ အဖြစ်ခံခြင်း ပြုတတ်လေသည်။

သို့ဖြစ်၍ လူသည်၊ အလွယ်ရလျှင် အလွယ်သုံး၍၊ အလွန်အချိန်ဖြုန်းတတ်သော သဘောရှိပြန်လေသည်။မိမိ၏ ကြိုးစားမှုတပြားသားမှ မရှိရင်သာနေရော့- အမှန်အားဖြင့် လူသည် ချမ်းသာမှုသုခကိုဖြင့် ရင်နင့်အောင်ခံစားလို ချေသည်တကား။

× × ×

### ရုပ်နာမ်နှင့်နိဗ္ဗာန်

ချမ်းသာခြင်း၏ အထွဋ်အထိပ် အမှန်ကို 'နိဗ္ဗာန်'ဟု ဆိုပါစို့၊ ထိုချမ်းသာမှု 'နိဗ္ဗာန်'ကို လူတိုင်းရောက်လိုရလိုကြ၏။ ဤသည်မှာ သဘာဝ ဆန္ဒသဘော တရားဖြစ်၏။ တဖန်ယင်း

ချမ်းသာမှု 'နိဗ္ဗာန်'၏ ရသခံစားမှုကို နှစ်မျိုးထားက 'လောကီနိဗ္ဗာန်' နှင့် 'လောကုတ္တရာ နိဗ္ဗာန်'ဟု ထားရှိခဲ့ကြလေသည်။

'လောကီ နိဗ္ဗာန်'သည်၊ မိမိတို့၏ ရုပ်လောကကြီးတခုလုံး သိမ့်သိမ့်တုန်၊ ဖိတ်ဖိတ်တောက်အောင်၊ အရောင် တပြောင်ပြောင်၊ အဆင်း တဝင်းဝင်းဖြင့် စည်းစိမ်ကြွေတင်းလောက်သော ချမ်းသာမှုဖြစ်၏။ မိမိ၏ ဝန်းကျင် ရုပ် ကမ္ဘာသည် အရာရာ တိုးတက်နေရမည့် အရေးဖြစ်၏။ယင်းရုပ်တရားအစုစုတို့ နှုန်းရှုပ သစ်လွင် တိုးတက်နေသော သဘောကြောင့် စိတ်ချမ်းသာမှု ဖြစ်လိုကြ၏။ ဤမည်သော လောကီချမ်းသာကို 'လောကီနိဗ္ဗာန်'ဟု ဆိုခဲ့ပြီးပြီ၊ ဤသည်ကို လူသား သတ္တဝါတိုင်းသိထားကြ၏။ နားလည်ထား၏။ မြင်ထား၏၊ စိတ်ကူးဖြင့် ခံစားဘူးထား၏၊ သို့ဖြစ်၍ ယင်း လောကီနိဗ္ဗာန်ကို ရွှေအလျှံလျှံဖြင့် ရင့်သန်မှုန်မြတ်ရေးကို အသက်ပေး၍ ကျိုးစားကာ သွေးမအေးနိုင်ကြချေ။

လောကီနိဗ္ဗာန်သည် လူတိုင်း သိလွယ် မြင်လွယ် နားလည်လွယ်၏။ ကျိုးစားကရလွယ်၏။ ရောက်လွယ်၏၊ ကျိုးသာ ကျိုးစားလျှင်ရတတ်၏၊ ရလွယ်၏။

သို့သော်-လောကုတ္တရာ နိဗ္ဗာန်ဟု ဆိုအပ်သော 'မဂ်ဖိုလ် နိဗ္ဗာန်'သည်၊ အမှန်ခက်၏၊ နက်နဲ၏၊ လွယ်မရောင်နှင့် ခက်၍ တိမ်မရောင်နှင့် အမှန်နက်၏၊ အသိခက်၏၊ အမြင်ခက်၏၊ နားလည် သဘောပေါက်ရန်ခက်၏၊ လက်ခံရန်ပင် အမှန်ခက်နေကြပါ၏။

× × ×

## လူသားနှင့်သစ္စာ

လူသားတိုင်းတွင် ကိုးကွယ်အားထားရာ ဘာသာတရားများ ရှိ၏၊ နိုင်ငံရေးယုံကြည်၍ ဘာသာမရှိဘူး ဆိုသူသည်ပင်လျှင်၊ နိုင်ငံရေးကို ကိုးကွယ်ရ၏၊ သိပ္ပံပညာကို ယုံကြည်သူသည်လည်း သိပ္ပံပညာကို ကိုးကွယ်သည်မည်၏၊ သို့ဖြစ်၍ မိမိ၏ ကိုးစား အားထားရာ မိမိ အကာအကွယ် ယူရာ ဖြစ်သဖြင့်၊ မိမိ၏ ကိုးကွယ်ရာဖြစ်၏၊ အားလုံးကို ခြုံ၍ ယေဘူယျ သဘောဖြင့် ၎င်း၍ကြည့်လျှင် လူသည် ကိုးကွယ်ရာဖြင့် မကင်းချေ။

မိမိကိုးကွယ်ရာ ဘာသာ အပိုင်း အခြားသည် မိမိအတွက် အမှန်ဆုံးဖြစ်၏။ သို့သော် အမှန်တရားသည် မိမိတဦးတည်းနှင့် ဆိုင်သော ကိစ္စမဟုတ်၊ အမှန်တရားသည် ဘုံတရားဖြစ်၏။ လူသား သတ္တဝါ အားလုံးအတွက်ဖြစ်၏၊ လူမျိုးတွေ မည်မျှ ကွဲပြားခြားနား၍၊ ဆူကြုံနိမ့်မြင့်အဆင့်ဆင့်ရှိကြပြီး၊ ဘာသာ တရားတွေ ဘယ်လိုပင် ရှိကြငြားသော်လည်း "အမှန်တရား သစ္စာ"သည် တခုတည်းဖြစ်၏။

(၁) သူတပါးတို့၏ သူပြောလူပြော စိတ်ထင်တိုင်း ပြောသည့် တဆင့် စကား တဆင့် နားကြား ရုံမျှ ကြားကာမတ္တနှင့် မှန်လှပြီ၊ ဟုတ်လှပြီဟု ယုံကြည်အားထား အားကိုးခြင်း မပြုလေနှင့်။

(၂) ဘိုးစဉ်ဘောင်ဆက် ရှေးလက်ထက်က မိဘဆရာ ဝါရင့်သက်ကြီးတို့၏ မိရိုးဖလာစကား၊ ပြော ကြားခဲ့သည် ဖြစ်၍ မချွတ်ကေန် တကယ်မှန်ကို မှန် ရမည်ဟု မမှတ်ယူကြကုန်နှင့်။

(၃) မိမိသည် အသင်တို့၏ ရှေးအတိတေက သိမ်းဆည်းထားရှိခဲ့သော စာအုပ်ကြီးတွေ၊ ပေထုပ်ကြီးတွေ၊ ပရပိုက်ထုပ်ကြီးတွေ အပေါ်၊ ဆည်းကပ် ကိုးကွယ် အားထား သိမ်းဆည်းရာဖြစ်သည့် ဘာသာအလိုက်ကျမ်း ပေစာများနှင့် ညီညွတ်လှပြီဆို၍ မှန်လှပြီဟုမဆုံးဖြတ်နှင့်။

(၄) အသင်တို့၏ ကိုးကွယ်ဆည်းကပ်ရာအစဉ်အလာဖြစ်သော ဘုရားရဟန္တာတို့၏ နှုတ်ခွပါတ် အစစ်ဖြစ်သည်ဟု ဆိုကာမတ္တဖြင့် မချွတ်ကေန် မှန်ရမည်ဟု တထစ်ချ မမှတ်ကြနှင့်။

(၅) 'သက်ကြီး စကား သက်ငယ်ကြား' ဆိုသကဲ့သို့ ပရိဘာသာ အစဉ်အလာကို ရိုသေသမှုရှိရှိ၍ပြီးခဲ့သော **အတိတ်ကာလ** က ဖြစ်ခဲ့ဘူး၊ ကြားခဲ့ဘူး၍ ယခုလည်း ဖြစ်ရမည်၊ မှန်ရမည်ဟု တထစ်ချ မမှတ်ကြနှင့်။

(၆) မိမိစိတ်ကူး ကြံစည် ထားသည့် အတွေး သည်၊ မှန်ပြီ ဟု မထင်နှင့်။

(၇) ပစ္စုပ္ပန် မျက်မှောက်မှာ ဖြစ်ပျက်နေသည့် အချင်းအရာကို ထောက်ထား သက်သေ ထူ၍လည်း တရားသေ မှန်ရမည်ဟု မဆုံးဖြတ်နှင့်။

(၈) မိမိ စိတ်ကြိုက် အယူ ဘာသာ ဝါဒသဘောဆန္ဒနှင့် တူမျှ ကိုက်ညီနေပြီဟုလည်း အမှန်မယူဆနှင့်။

(၉) မိမိကြည်ညိုသူ(ပုဂ္ဂိုလ်စွဲ) တဦးဦး၏ စကားကို လည်း အတိအကျမှန်ရမည်ဟု မဆုံးဖြတ်နှင့်။
(၁၀) မိမိက မသိနားမလည်တိုင်း၊မိမိ ဆရာတင်ထား သူတို့၏ စကားကို တထစ်ကျ အယုံမထားနှင့်။

'အို....ကာလာမ... မင်းသားတို့၊အမှန်အားဖြင့် ယုံကြည် မှတ်ယူရမည်မှာ၊ အသင်မင်းသားတို့သည် ကိုယ်တိုင် လက်တွေ့ မျက်မြင် ဒိဋ္ဌဖြစ်အောင် ဆောင်ရွက်ဆုံးဖြတ်ရာ၌ ကောင်း၏၊ အပြစ်မရှိ၊ ပညာရှိတို့ ချီးမွမ်း၏၊ဤသို့ လက်တွေ့ထဲက အဖြေ သည်သာ အသင်မင်းသားတို့အဘို့ အကျိုးရှိ၏။ ဥစ္စာ ဓနများ ပြားခြင်း၊ ချမ်းသာခြင်းငှာလည်း ခံစားရပေလိမ့်မည်။ ဤသို့ လက်တွေ့ မျက်မြင် ဒိဋ္ဌ လက်ငင်း ချက်ချင်း ကိုယ်တိုင် ကျင့် သုံးသောအခါမှ အကျိုး ပြီးမြောက်သည့် အရာကိစ္စ မှန်သမျှ သည်သာ မှန်သည်ဟု ယူဆကြလော့'

ကေသမုတ္တိရွာသားများနှင့် ကာလာမရွာသားများသည် ဗုဒ္ဓ၏ အထက်ပါ မိန့်ကြားချက်ကို နာကြားကြရ၏။ အချုပ် အားဖြင့် ဆိုသော်၊ လောကရှိ အားလုံးသော အရာတိုင်းကို အသင်တို့၏ ဝိဘဇ္ဇ(ဝါ)ဝေဖန်ဉာဏ် ဟူသော အမှန် တရား သဘာဝတရား အသိဉာဏ် ချိန်ခွင်၌ တင်စက်၍ ကိုယ်တိုင် ချိန်တွယ်ကြည့်ရှုရန် ဖြစ်၏။

ဝိဘဇ္ဇအားဖြင့် ဝေဖန် ဉာဏ်နှင့် ချိန်ခွင် မှန်အောင် တင်စက်ရသကဲ့သို့ ဝိစာရဏ အလိုဖြင့် နှိုင်းယှဉ် ဆင်ခြင် သုံးသပ်၍ မှတ်ကျောက်တိုက်ပြီး စမ်းကြရန်လည်း မမေ့အပ်သော အရေးဖြစ်၏။ ဆူကြုံနိမ့်မြင့်အဆင့်ဆင့်သော ခွဲခြားမှု မရှိဘဲ၊

အမှန်တရားကို ချိန်ခွင်အဖြစ်ထား၍ အရာရာကို ကိုယ်တိုင်ချိန်တွယ်ပါ၊ မှဝ်တင်ပါ၊ တိုင်းတာပါ၊ချင့်ချိန်ပါ၊ ဝေဘန်ဆွေးနွေးပါ၊ သို့ဖြစ်၍ ဝိဘဇ္ဇ၊ ဝိစာရဏာဟူသော “ဝေဘန်ခြင်းနှင့် နှိုင်းယှဉ်ဆင်ခြင်သုံးသပ်ခြင်း”ကင်းလျှင် သင်သည် အမှန်တရားနှင့်ခြားသယက်ခြား၍ လားရာ ဘဝမှန်မည် မဟုတ်တော့ချေ။

သို့ဖြစ်၍ ‘နိဗ္ဗာန်နိဒါန်း’ သည်၊ နိဗ္ဗာန် ခရီး၏ အစ၊ ပန်းဝင်လမ်းကို ညွှန်ပြခြင်း၊ သတိပေးခြင်းမျှဖြစ်၏။ အထက်ပါ သဘောတို့ကို ကြိုတင်သဘောပေါက်ရန်လည်း လို၏။

ယခု နိဗ္ဗာန်သည်၊ ဗုဒ္ဓ၏ မဂ်ဖိုလ် ချမ်းသာ ဖြစ်သော နိဗ္ဗာန်ဖြစ်၏၊ လောကီနှင့်ကင်းပြတ်သော နိဗ္ဗာန် ဖြစ်၏၊ ဤနိဗ္ဗာန်သည်သာ ဗုဒ္ဓအလိုကျ နိဗ္ဗာန်ဖြစ်ရာ၊ ရှေးဦးစွာ ဗုဒ္ဓ၏ တရားတော်ဆိုင်ရာ ထူးခြား ခိုင်မာ လေးနက်လှသော ‘ဓမ္မ၏ ဂုဏ်’ အင်္ဂါလက္ခဏာရပ်များကို သေချာစေ့ငုံစွာ အာရုံပြု၍ ကြည့်သင့်ပေသည်။ ဘုရားကို အမှန်မြင်မှ တရားကို အမှန်မြင်နိုင်သည်၊အမှန်မြင်သည်ဆိုရာ၌၊အမှန်ကို ကြည့်တတ်မှ အမှန်မြင်မည်ဖြစ်၏၊ အမှန်ကြည့်၍ မြင်သော အမြင်ဖြင့် ဗုဒ္ဓရှင်တော်ဘုရား၏ တရား ဓမ္မဂုဏ် ကိုလည်း အမှန် အာရုံပြုလော့။

**သန္ဒိဋ္ဌိကော** ။ ။ယခု ပစ္စုပ္ပန် ဘဝ ဖြစ်သည့်—ပုခက်နှင့် ခေါင်းအကြား အသက်ရှင်နေသည့် ဘဝမှာ ချက်ခြင်းလက်ငင်း ဒိဋ္ဌ၊ မအောင့်ရ၊ မစောင့်ရဘဲ၊ အကျိုးရှိနိုင်သော သဘောလက္ခဏာ ရှိ၏။

**အကာလိကော။** ။အချိန် မဖင့်၊ အခါ မလင့်ရဘဲ၊ ထုံးအိုး လက်စွပ်၍ ချွတ်လျှင် ဖြူလာသကဲ့သို့၊ အခါမလပ် အကျိုးပေး၏ (မည်သည့် အချိန်အခါ ကာလဟု ပိုင်းခြားမထားဘဲ၊ ကျင့်ကြံအား ထုတ်မည်ဆိုက အခါမလပ်၊ ကျင့်သည့် အချိန် ရနိုင်၏။)

**ဟေိပဿိကော။** ။လာလှည့်၊ ကြည့်လှည့် ကိုယ်တိုင်ရောက်လာလှည့်၊ ကိုယ်တိုင် လက်တွေ့ မျက်မြင်ခံစားမိအောင်၊ လောကအဝှမ်းရှိ မည်သူကိုမဆို (တဦးတည်းဖြစ်ဖြစ်၊ အသင်းအပင်းအစည်းအရုံးနှင့်ဖြစ်ဖြစ်) စစ်ဆေး ဝေဘန်ရန်လာလှည့်ဟု (စိမ်ခေါ်) ဘိတ်မန္တက ပြု၏။

**ဩပနေယျိကော။** ။ညွှန်ပြထားသည့် လမ်းစဉ်ကို ညွှန်ပြသကဲ့သို့ ပဿေမဖိ ဦးလည်ပသုံ အစွမ်းကုန် လိုက်နာကျင့်သုံးသူတိုင်းကို ရည်မှန်းချက် ပန်းတိုင် အရောက် ပို့ဆောင် နိုင် သော သဘောလက္ခဏာ ရှိ၏။

**ပစ္စတ္တံ ဝေဒိတဗ္ဗ။** ။မနောဒွါရ စိုက်ထုတ် သက်သက်မဟုတ်သော၊ မျက်တွေ့၊ လက်တွေ့၊ သဘာဝဖြစ်ခြင်း၊ ကိုယ်သိ၊ ကိုယ်မြင်လက္ခဏာဖြစ်၏၊ ကိုယ်စီ ကိုယ်ငှ လက်တွေ့သိအပ်၊ **ခံစား** အပ်သော သဘောဖြစ်၏။

ဗုဒ္ဓ အကြောင်း မသိဘဲနှင့် ဓမ္မတရားကိုသိမြင် သဘော ပေါက်ရန် အချိုခက်လှ၏၊ ဤနေရာ၌ 'ပုဂ္ဂိုလ်ခင်မှ တရားမင်' ဆိုသကဲ့သို့ ဖြစ်၏။ ဗုဒ္ဓ၏ ထူးကဲသော ကံ-ဉာဏ်-ဝိရိယနှင့် ပညာတော်တို့ကို သိမြင်သဖြင့် ဗုဒ္ဓ၏တရား ဓမ္မ အယူအဆတို့ကို ပို၍ အလေးအနက်ပြုစေသည့် သဘောဖြစ်သည်။အထူးသဖြင့် ဗုဒ္ဓ၏ တရား ဓမ္မ အဆုမ္မ ဩဝါဒတို့ကို ဆန့်ကျင်သူတို့သည် ဗုဒ္ဓကို မယုံသူများဖြစ်ကြ၏။ ဗုဒ္ဓဝင်၊ မဟာဝင်နှင့် ဗုဒ္ဓ၏ ထူးကဲသောအကြောင်း အခြင်းအရာတို့ကို နားလည် သူများ မဟုတ်ကြချေ၊ ဗုဒ္ဓကို လူထဲကလူဖြစ်၍ အသိထူးသော သာမန် လူသားတယောက် အဖြစ်ထက်ပို၍ အလေး ဂရုမပြုလိုကြသော လူအတော်များများ ရှိကြလေသည်။ ဤလူတို့သည်ပင် ဗုဒ္ဓ၏ ပင်မအစွမ်း အစသတ္တိစွမ်းအင်နှင့် ခက်ခဲနက်နဲသော သဘော အတွင်းသရုပ်၊ မူလ တရားကိုယ် အနှစ်သာရများကို ခြားနား ဆန့်ကျင်ဆက်သွယ်ပြုကြသူများဖြစ်၏။

ပို၍ အံ့ဩစရာကောင်းသည်မှာ မလေ့လာ မဆန်းစစ်ဘဲနှင့် ကြက်ကန်းစွပ် ဆင်ကန်းတောတိုး နွားသိုးကြိုးပြတ် အတင်းခံ ငြင်းဆန်ခြင်းဖြစ်၏။ ဗုဒ္ဓ၏ တရားသည် လေ့လာလှဲ့ပါ၊ကိုယ်တိုင် လေ့ကျင့်ကြည့်ပါ၊ မှတ်တင်ကြည့်ပါ၊ ပေတံနှင့် တိုင်းကြည့်ပါ၊ ဉာဏ်ပြဒါးတိုင်ဖြင့် ထောက်လှည့်ပါဟု အမျိုးမျိုး အာမခံချက် ပေး၍ (စိမ်ခေါ်) ဖိတ်ခေါ်နေပါလျက် ဘေးထိုင်ဘု ပြောကြ သည်။သဘောမှာ အရိုင်း တခေတ်သို့နောက်ပြန် ပြေး၍ သမိုင်း အညစ် ကန့်လန့်ကာအဖါအထေးထဲသို့ ပြေးဝင်ရန် အတင်း အဖျင်း စကားများ ပြောဆိုကြသကဲ့သို့သာ ဖြစ်တော့သည်။

## ဆန့်ကျင့်ဘက်၏ အမြတ် တရား

နိဗ္ဗာန်အဆင့်ကို လူတိုင်း၏ မနေသို့မရောက်နိုင်၊ သဘော မပေါက်နိုင်ကြသော်လည်း၊ သာမန်အားဖြင့် "လောဘ၊ဒေါသ၊ မောဟ၊" ဟူသော ဝေဒနာ ခံစားချက်လည်း ဖြစ်၏။သတ္တဝါ တိုင်း၏အတွင်း အဇ္ဈတ္တ စိတ်သန္တာန်မှာလည်း၊လောဘ၊ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူ၍ အရှိကို အရှိအတိုင်း သိသူရှိ သကဲ့သို့ မသိသူလည်းရှိ၏။

ယင်း "လောဘ၊ ဒေါသ၊ မောဟ" ဟူသော မကောင်းမှု ဒုစရိုက် တရားများ၊ 'အဝိဇ္ဇာ' တရားများ ရှိကောင်း ရှိလျှင် မရှိအောင်ကော လုပ်၍ မရနိုင်ဘူးလော၊ ဖြစ်သည် ရှိလျှင် မဖြစ်အောင်ကော လုပ်၍ မဖြစ်နိုင်ဘူးလော၊ သေသည်ရှိလျှင် မသေအောင်လုပ်၍ မရဘူးလော၊ လောကမှာ အရာရာတွင် နှစ်မျိုး နှစ်စားအားဖြင့် တိုက်ရိုက်ဆန့်ကျင်ဘက် သဘော တရားများ ရှိစမြဲဟူသည်ကို သဘောပေါက်လျှင်၊ သေခြင်း ရှိလျှင် မသေခြင်း ရှိ၍ သံသရာရပ်သော သဘော ရှိရမည်၊ 'လောဘ၊ ဒေါသ၊ မောဟ' တရားများရှိလျှင် မရှိအောင်ငြိမ်း သတ်ပယ်ဖြတ်နည်း ရှိရမည်မှာ အမှန်ဖြစ်ပေသည်။

ဥပမာအားဖြင့် 'ဈာနင်'နှင့် 'နီဝရဏ'တရားများကို ကြည့် လျှင်၊ ၎င်းတို့သည် ဆန့်ကျင်ကြ၏။ ဈာန်အင်္ဂါ ငါးပါး ရှိ၏ ၎င်း၏ဆန့်ကျင်ဘက်သည် နီဝရဏတရားဖြစ်၏၊ ယင်းနီဝရဏ သည် ခြောက်ပါးဖြစ်၏။ (၁) ကာမစ္ဆန္ဒနီဝရဏ၊ (၂) ဗျာပါဒ နီဝရဏ (၃) ထိနမိဒ္ဓ နီဝရဏ (၄) ဥဒ္ဓစ္စကုက္ကုစ္စ

နိဝရဏ၊ (၅) ဝိစိကိစ္ဆာ နိဝရဏ၊ (၆) အဝိဇ္ဇာ နိဝရဏ တို့ဖြစ်၏။

'ဈာနင်' ဆိုသည်မှာ၊ ကောင်းသော အာရုံ ဖြစ်စေ၊ မကောင်းသောအာရုံ ဖြစ်စေ၊ စူးစိုက်မြဲမြံစွာ စွဲလမ်း၍ ရှုတတ်သော သဘောဖြစ်၏။ 'ဈာနင်-မှ-ဈာန်ဟု မည်၏။ သို့ဖြစ်၍-

'စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟုခေါ် သတတ်' ဟူ၍ ဆို၏။ ထိုဈာန်တွင်- (၁) ဝိတက်ဈာနင်၊ (၂) ဝိစာရဈာနင် (၃) ပီတိဈာနင် (၄) ဧကဂ္ဂတာဈာနင်၊ (၅) သောမနဿဈာနင် (၆) ဒေါမနဿဈာနင်၊ (၇) ဥပေက္ခာ ဈာနင်ဟူ၍ (၇) ပါးရှိသည်။

သို့သော် အကျဉ်းအားဖြင့် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ "ငါးပါး" သာလျှင် ဆိုလေ့ရှိသည်။ ယင်း "ဈာန်" နှင့် "နိဝရဏ" သည် အချင်းချင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်၏။

ထိနမိဒ္ဓ နိဝရဏနှင့် ဝိတက်ဈာနင်၊ ဝိစိကိစ္ဆာ နိဝရဏနှင့် ဝိစာရဈာနင်၊ ဗျာပါဒ နိဝရဏနှင့် ပီတိဈာနင်၊ ဥဒ္ဓစ္စကုက္ကုစ္စ နိဝရဏနှင့် သုခဈာနင်၊ ကာမစ္ဆန္ဒ နိဝရဏနှင့် ဧကဂ္ဂတာ ဈာနင်- ဟူ၍ အချင်းချင်း ဆန့်ကျင်ကြသည်။ ယင်းသို့ ဆန့်ကျင်ဘက် သဘောများကို သိထားလျှင် ဆင်ခြင်နိုင်ကြ ချေသည်။

သာမန်အားဖြင့် ပုထုဇဉ်သည် အဆိုပါတရား သဘောတို့ကို နားလည်ရန်၊ လက်ခံရန် ခက်ခဲတတ်ကြ၏။ တနည်းအားဖြင့် လူသည် မိမိ၏ 'လောဘ၊ ဒေါသ၊ မောဟ'ကိုပင် သဘော

ပေါက်ရန်ခက်ခဲ၏။မိမိမွေးလာခြင်းသည်သေရမည်ဖြစ်ကြောင်း မစဉ်းစားမိချေ။ သေခါမှသာ သေသွားပါရော သေခြင်း တရားကို ဆင်ခြင်သူ အလွန်နည်း၏။

တလောကလုံးရှိ အရာအားလုံးသည် 'အနိစ္စ၊ ·ဒုက္ခ၊ အနတ္တ၊ အသုဘ' သဘောသာ ထင်၏၊ အမှန်လည်းဖြစ်၏၊ ဤသည်ကို သာမန် လူသားသည် ထိုတရား လေးပါးကိုလည်း ထာဝရ ဆန့်ကျင်၏။

အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တ၊အသုဘကို သုဘ ဟူ၍ထင်ကြ၏။ မမြဲခြင်းကိုမြဲခြင်း၊ဆင်းရဲခြင်းကို ချမ်းသာခြင်း၊ ကိုယ်ပိုင်မဟုတ်သည်ကို ဟုတ်သည်ထင်ခြင်း၊ မတင့်တယ်သည်ကို တင့်တယ်ခြင်း ဟူ၍ ထင်မြင်ယူဆ စွဲမြဲကြလေသည်။

သို့ဖြစ်၍ "လောဘ၊ ဒေါသ၊ မောဟ" ကြောင့်ထင်သော နိစ္စ၊ သုခ၊ အတ္တ၊ သုဘ-စသည့် အထင်လွဲ အမြင်လွဲများ ကို ဆန့်ကျင်ရန် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားဟူ၍ ပေါ်လာရ၏။ သစ္စာ လေးပါး တရား ဖြစ်လာရသည်။ တနည်းအားဖြင့် ဂေါတမဗုဒ္ဓဘုရားရှင် ပွင့်လာချိန်း၏ သဘောသည်ပင်လျှင်၊ အဆိုပါ"လောဘ၊ ဒေါသ၊ မောဟ" အမှောင်တို့ကို ဖြိုခွင်း၍ "သစ္စာ ၄-ပါး"တရားအလင်းမီးမောင်းဖြင့် လင်းစေကာ တရား အုပ်ဆောင်း မေတ္တာကွန်ခြာတွင် ရစ်ပတ်ရန် ဖြစ်၏။

အမှန်အားဖြင့် ဆန့်ကျင်ဘက်သည် ထာဝရ တိုက်ခိုက် ကြ၏။ ဝိတက်ဖြစ်လျှင် ထိနမိဒ္ဓပျောက်၏။ ထိနမိဒ္ဓဖြစ်လာလျှင် ဝိတက်ပျောက်တတ်သည်။ တနည်းအားဖြင့် အရက်သမားနှင့် မိမိက လက်တွဲ ပေါင်းဖေါ်နေလျှင် ဘုရားတရား လိုက်စား

သူများနှင့်ကင်းကွာရသကဲ့သို့ ဘုရား တရား သံဃာ ဆရာ မိဘ စသည်တို့ကို ရိုသေလေးစား၍ ကုသိုလ်ကောင်းမှုအား ထာဝရ လိုက်စားက၊ အရက်သမား-ဖဲသမား စသည့် မကောင်းမှု အလုပ်၊ အကုသိုလ်အရှုပ်တို့ကို အလိုလိုခွာရှင်း ကွာရှင်းရသလို ဖြစ်၏။ ဤသို့ ငါးပါးခြင်း၊ အချင်းချင်း ဆန့်ကျင်၏။

စျာနင် ဖြစ်တိုင်း ပေါ်တိုင်း နိဝရဏ ကွယ်ပျောက်ပြီး နိဝရဏ ဖြစ်တိုင်း ပေါ်တိုင်း စျာနင် ကွယ်ပျောက်လေသည်။

လောကတွင် စျာန် ရခြင်း ဆိုသည် မှာလည်း၊ အဆိုပါ နိဝရဏ တရားများ ဖြစ်သည့်၊ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ စသော တရားတို့နှင့် ကင်းကွာနေခြင်း၊ ကင်းငြိမ်းအေးချမ်း နေခြင်း ဖြစ်ပြီး "စျာန် လျော" သည်ဆိုခြင်းမှာ နိဝရဏ တရားများ ဖြစ်ပေါ်လာခြင်း ဖြစ်၏။

ဤသို့ စျာန်တရားတွေသည် နိဝရဏတရားများကို တဦးချင်း တိုက်ခိုက် တော်လှန်နိုင် သော်လည်း၊ ကြမ်းတမ်းသော အကြမ်း စား နိဝရဏတရားတွေကိုသာ တဦးချင်း တိုက်ခိုက်ကြပြီး၊ နူးညံ့ သိမ်မွေ့စွာငြိမ်၍ နေတတ်သော "အဝိဇ္ဇာ" နိဝရဏကို စျာနင် တဦးချင်းတိုက်ခိုက်တော်လှန်၍ မနိုင်နိုင်ချေ။ "စျာနင်" ငါးပါး လုံး စုပေါင်း တိုက်ခိုက် တော်လှန်မှ အမှန်နိုင်နိုင်လေသည်။

စျာနင် နှင့် နိဝရဏ တရားသည် ပေါင်းထား၍ မရချေ။ စျာနင်သည် ရေကဲ့သို့ အေး၏။ ကြည်၏၊ ဘဝင် နှလုံးကို ပြုံး ရွှင်စေ၏။ နိဝရဏသည်မီးကဲ့သို့ဖြစ်၏။ တောက်လောင်စေ၏။ ကြွမ်းစေ၏၊ မြိုက်စေ၏။ သို့ဖြစ်၍ ပေါင်းထား၍ မရချေ။

ဥပမာအားဖြင့် အိမ်တအိမ်တွင် သူခိုး ဓါးပြတွေ စုပေါင်း အောင်းခို၍ နေကြသည်ဆိုပါစို့၊ ထိုအခါ လူသူတော်ကောင်း များ ရိုးသား ဖြူစင်၍ စိတ်ကြည်လင် ငြိမ်းအေးတတ် သူများ မနေနိုင်ကြချေ နေခွင့်လည်း မရှိချေ။

သို့သော် လူသတ္တဝါတို့၏ခန္ဓာအိမ်အတွင်းရှိ စိတ်သန္တာန်မှာ၊ ဖြစ်ပေါ် လေ့ရှိသော နိဝရဏနှင့် ဈာနင်၊ မကောင်းမှုနှင့် ကောင်းမှု၊ မီးစိတ်နှင့် ရေစိတ်တို့သည်၊ ထာဝရ မြဲနေသည် မဟုတ်ကြချေ၊ 'သဗ္ဗေသင်္ခါရ အနိစ္စာ၊ သဗ္ဗေသင်္ခါရ ဒုက္ခာ၊ သဗ္ဗဓမ္မာအနတ္တာ' ဟူ၍ ဖြစ်၏၊ခပ်သိမ်းသော ပြုပြင် စီရင်မှု ဖြစ် ပျက်ခြင်း သဘော တရားတို့သည် မမြဲကြ၊ ဆင်းရဲခြင်းနှင့်ကိုယ် ပိုင် ထာဝရ မြဲနေသည်လည်း မဟုတ်။

သို့ဖြစ်၍ သတ္တဝါ၏ စိတ်သန္တာန်မှာ သာမန် ကောင်းမှုသည် မမြဲတတ်ချေ။ မိမိ အာရုံပြုတတ်ရာ ဖြစ်သော အကြောင်းအရာ ပေါ်မှီ၍ အကျိုး ဖြစ်တတ်မြဲ သဘော ရှိချေသည်။

ဗုဒ္ဓ၏ "မဂ်" တရားသည် နိဝရဏတွေကို ပယ်စေနိုင်သည် သာမက ပယ်သတ်နိုင်သော စွမ်းရည်သတ္တိရှိသလောက်ငြိမ်းအေး စေ၏။သမုစ္ဆေဒပဟာန် အားဖြင့်။ နောင် ဘယ်တော့မှ နိဝရဏ မီးတို့ မလောင်နိုင်သော အေးချမ်းခြင်း သုခ အတိဖြင့် ငြိမ်း သတ်နိုင်၏။

ပယ်သတ်ရာတွင် သောတာပတ္တိ မဂ်သည် ဝိစိကိစ္ဆာ နိဝရဏ ကို အကြွင်းမဲ့ ပယ်သတ်နိုင်၏။ အနာဂါမိ မဂ်သည် ကာမစ္ဆ နိဝရဏ၊ ကုက္ကုစ္စနိဝရဏစသည့် သုံးပါးသောနိဝရဏတ ရားတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်၏။ "ဝိသုဒ္ဓိ မဂ် အဋ္ဌကထာ" မှာလည်း၊

ပြ၏။ အင္ဂုသာလိနိမှာ 'ကုက္ကုစ္စ ပကတ ထာယအာ ပတ္တိ'၊ကုက္ကုစ္စ နှိပ်စက်ခြင်း ကြောင့် အာပတ်သင့်သည် ဟူ၍ ဘုရားဟောရှိ၍ ကုက္ကုစ္စနှင့် ဝိစိ ကိစ္ဆာတို့ကို သောတာပတ္တိ မဂ်က ပယ်သတ် ကြောင်းကို ပြ၏။ သို့ဖြစ်၍ သဘော တူညီရာကို ယူက သောတာပတ္တိ မဂ်သည် ကြမ်းတမ်းသည့် ကုက္ကုစ္စကို ပယ်၏။ အနာဂါမိမဂ်သည် ယင်းတို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်ကြောင်း ဝိသုဒ္ဓိမဂ်မဟာဋီကာမှာ ပြ၏။ထိနမိဒ္ဓနှင့်ဥဒ္ဓစ္စတို့ကို'အရဟတ္တမဂ်' က အကြွင်းမဲ့ ပယ်သတ်နိုင်ကြောင်း ဝိသုဒ္ဓိ မဂ်မှာ ပြဆို၏။

ပယ်သတ်သည် ဆိုရာ၌ ဥပမာအားဖြင့် လောင်မြိုက် လေ့ ရှိသော မီးကို ငြိမ်းအောင်လုပ်ခြင်း၊ မှိန်အောင်လုပ်ခြင်း၊ နည်း အောင်လုပ်ခြင်းနှင့်၊ ဘယ်တော့မှ ဤမီးမျိုး လုံးဝ ထမတောက် နိုင်ခြင်း သဘောမျိုး ဖြစ်၏ ။

သတ္တဝါတို့၏ ဖြစ်လေ့ရှိသော လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ အဝိဇ္ဇာ မာန်မာနမီးတို့ကို ငြိမ်းသတ်ခြင်း၊ ပယ် သတ်ခြင်းဆိုသည်မှာလည်း ဖြစ်လေ့ရှိသော ထိုသဘောကို ခဏ ငြိမ်းစေခြင်း၊ မီးတောက်အား နည်းစေခြင်း၊ မှေးမှိန်စေခြင်း နှင့် နောင်ဘယ်တော့မှ ထကြွသောင်းကျန်းခြင်းငှာ မစွမ်းတော့ သော ပယ်သတ်ခြင်း သဘော ဖြစ်၏။

သတ္တဝါသည် 'ဥပါဒါန်များ' ဟု ဆိုအပ်သော စွဲလန်း နှစ်သက် ခင်မင်ချစ်မြတ်လေ့ရှိသော ဘဝဘောရှိ၏။ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကဥပါဒါန်၏ ရေသောက် မြစ်သည် 'တဏှာ'ဟု ဆို၏။'တဏှာ-ဥပါဒါန်—ကမ္မ-ဘဝ'ဟု ဆိုလေ့ရှိ၏။တဏှာ ဟူ သော ထိုဥပါဒါန်၏ရေသောက်မြစ်သည် အာရုံ(အာရုံ-၆ ပါး)

ကို လိုချင်၏၊ ရယူလို၏၊ သဘ္ဘဝါ(လူ)သည်၊ ပုထုဇဉ် အမြင် အားဖြင့် တခုခုကို လိုချင်မှု ဆန္ဒသည် နှလုံးသားမှာ ထာဝရ မြှော်လင့် တောင့်တတတ်၏။ စိတ်ကူး တည့်ရာ၊ ကြိုက်မိ ကြိုက်ရာ နှစ်သက်ရာရာကို ထာဝရ ငံ့လင့်တောင့်တ၏။ "မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်"ဟူသော အာရုံ ၆-ပါးသည်၊ အဆင်း၊ အသံ အနံ့၊ အရသာ၊ အတွေ့အထိ၊ ကြံစည် တွေးတောမှု အာရုံများ နှင့် ကြုံရာဆုံရာကို အမှီအစွဲပြု၍ ခံစားချက်မှ ရရှိသည့် ဝေဒနာ ကို အကြောင်းပြုပြီး ရချင်၊ လိုချင်မှု တဏှာ ဖြစ်လာ၏။

ယင်း'တဏှာ'များသည်လည်း၊ အနိစ္စဖြစ်၏၊ မမြဲ၊ မတည် ချေ၊ ထို အာရုံပေါ်မှ လိုချင်ရချင်သော 'တဏှာ' တရားသည် လိုချင်လျှင် လိုချင်အောမတ္တရချင်ကာမတ္တဖြင့် သာမန်မျှသာ ဖြစ် ၏၊ သာမန်မျှသာဖြစ်၍ ထိုတဏှာသည် မကြာမီ ချုပ်ပျောက် တတ်သော သဘောရှိ၏။

အကယ်၍ ထိုတဏှာသည် သာမန်ထက်မြင့်၍ မပျောက်နိုင် ဘဲ၊ ရှည်စွာကိန်းအောင်း၍ ခဏခဏ ထပ်လောင်းကာ တဏှာ ပေါင်းများစွာ နီးကပ်လျက် ဆက်စပ်၍ အဆောက်အအုံ ခိုင်မာသောအခါ ဥပါဒါန် ဖြစ်လာရ၏။

သို့ဖြစ်၍ ဥပါဒါန်၏ ရေသောက်မြစ်သည် တဏှာဖြစ်၏၊ "တဏှာပစ္စယ ဥပါဒါန်"ဟု ဆို၏၊ တဏှာနှင့် ဥပါဒါန်တို့သည် အားငယ်သည် နှင့် အားကြီးသည် သာကွာ၏၊ တဏှာက တဆင့် နိမ့်၍ လှေခါးအောက်ထစ်များ ဖြစ်၏၊ ဥပါဒါန်သည် အပေါ် ထပ်ဖြစ်လေသည်။ တနည်းစီသာကွာ၏။ တဏှာနှင့် ဥပါဒါန်

သည် 'တစ္ဆေကြီးလျှင် သူရဲ'ဆို သကဲ့သို့ တဏှာ အားကြီးလျှင် ဥပါဒါန် ဖြစ်၏။

သို့ဖြစ်၍ ဥပါဒါန်အဖြစ်သို့ ရောက်က မြွေသည် မိမိဖမ်းဆီး လိုက်မိထားသော ဖါးကို ပြန်မလွှတ်နိုင်သကဲ့သို့ငှင်း၊ ကြောင် သည် ကြွက်ကို ဖမ်းမိ၍ ပြန်မလွှတ်နိုင်သကဲ့သို့ရင်း၊ ကျားဘုရင် သည် သားသမင်ကို ရပြီးမှ ပြန်မလွှတ်နိုင်သကဲ့သို့ရင်း၊တဏှာဖြင့် တတ်မက်ပြီးက ဥပါဒါန်သည် စွဲလန်းတတ်၏။ ဤစွဲလန်းမိသည့် အာရုံသည် မလွှတ်နိုင် မခွါနိုင်တော့။

ထိုဥပါဒါန် တရားများကို `အဆင့်ဆင့် အမျိုးအစားထား ၏။

(၁) ကာမုပါဒါန်၊ ကာမဂုဏ် အာရုံတရားများ၌ အလွန် စွဲလန်း နှစ်သက်တတ်သည့် တဏှာ။

(၂) ဒိဋ္ဌုပါဒါန်၊ မှားယွင်းသော မကောင်းမှု (အမှန် တရား သစ္စာနှင့် ဆန့်ကျင်) ဖြစ်သော မိစ္ဆာ အယူအဆဖြင့် အလွန် စွဲလန်းတတ်သည့် အစွဲအလန်း၊

(၃) သီလဗ္ဗတုပါဒါန်၊ တိရစ္ဆာန်တို့၏ အကျင့်၌ အလွန် စွဲလန်းတတ်သည့် အစွဲအလန်း။ (ဒိဋ္ဌိ။)

(၄) အတ္တဝါဒုပါဒါန်၊ တရားသေ၊ လှေနံဒါးထစ်၊ ပုံသေ ကားချ၊ ယုံမိယုံရာကို အတ္တဆန်၍ အလွန် စွဲလန်းတတ်သည့် အယူအဆ ဒိဋ္ဌိ၊ ဟူ၍ လေးပါးရှိ၏။

ယင်းသို့ လေးပါးသော ဥပါဒါန် တရားတို့ ရှိသည်၊ အား အနည်း အများနှင့် အမျိုးအစား ခြားနားခြင်း သဘောသာ ဖြစ်သည်။ ''ကာမုပါဒါန်''ကိုမူ အရဟတ္တမဂ်ဟူသော အမြင့်ဆုံး

အပိုင်းကသာ ပယ်သတ်နိုင်ပြီး၊ ကျန်သော ဥပါဒါန် သုံးမျိုးကို သောတာပတ္တိမဂ်က အကြွင်းမဲ့ ပယ်သတ်နိုင်လေသည်။

ဗုဒ္ဓ၏ •တရားသည် ပေတံရှိ၏၊ မှတ်ကျောက်ရှိ၏၊ ဒီဂရီရှိ၏ ဆိုရာ၌ အဆိုပါ အချက်များ ပါ၏။ ဥပမာ တရားကို အား ထုတ်လေ့ကျင့်ပွားများနေသော ပုဂ္ဂိုလ်တဦးဦးက တိုင်းတာလို လျှင်ရင်း၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ရှေးဦးစွာ လေ့ လာရ၏။ပြပြီးခဲ့သကဲ့သို့ တဏှာ၊ ဥပါဒါန်၊ တရားတွေ၊နီဝရဏ တရားတွေ၊ လောဘ၊ ဒေါသ၊ မောဟ တရားတွေ များ မများ၊ ပယ်မပယ်၊ ဘယ်လောက်ရှိသည်၊ ဘယ်လိုပယ်သည် စသည့် တိုင်းတာသတ်မှတ်ချက်များ ရှိလေသည်။

ရုပ်နာမ် ဓမ္မ သင်္ခါရ တရားတို့သည် မြစ်ရေလို အစဉ်မပြတ် တသွင်သွင် စီးဆင်းနေ၏၊ ဖေါက်ပြန်နေ၏။ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့သည်၊ဖြစ်ခြင်း ပျက်ခြင်း၏ စည်းဝိုင်း ဝက်ပါ အတွင်းမှာ အလှည့်ကျ ဖြစ်ပျက်နေ၏။

အစ မထင်သည့် သံသရာ၏အဇမှသည် သတ္တဝါ၏'ရုပ်နာမ်' နှင့်ဒွန်တွဲ၍ အစဉ် ဖြစ်နေသမျှ အနုသယကိလေသာ အဝိဇ္ဇာ မျိုးစေ့ကိန်းအောင်းလိုက်ပါလာတတ်သည်။လေထဲမှာ ခွေးသေ ကောင်ပုပ်နံ့ပါလာသကဲ့သို့၊ ခန္ဓာအစဉ်မှာလည်း 'ကိလေသာ' ညစ်ညမ်းမှု အငွေ့အသက်တွေလည်း ပါလာတတ်ချေသည်။

ကိလေသာ အငွေ့ အသက်ဆိုး အနံ့ဆိုးများ ပါလာသော် လည်း၊ ထာဝရ သူ့အလိုအားဖြင့် ဥပါဒ်-ဋ္ဌိ-ဘင်-အလိုလို ဖြစ် တည်ချုပ်ပျက်ခြင်း သဘော မဟုတ်။ မီးခြစ်ဆံအတွင်းက မီး တောက်လောင်နိုင်သော ယမ်းဓါတ်အား အစွမ်း သတ္တိသည်

မီးခြစ်အိမ်ဘေးရှိ ယမ်းပြားနှင့် မီးခပ်လျှင် အချိန်မရွေး မီးထတောက်ရန် အသင့် ပါလာသကဲ့သို့၊ 'အနုသယ ကိလေသာ' မျိုးသည်လည်း၊ 'အာရုံ တရား'တွေနှင့် တွေ့လျှင် ထာဝရ အဆင်သင့်ဖြစ်ရန် အလိုငှာ၊ ကိန်းဝပ်တွယ်ကပ်လာတတ်သည့် သဘော ဖြစ်သည်။

ကိလေသာသည် သတ္တဝါတို့၏ သန္တာန်မှာ မူလက မရှိ၊ အစဉ်ရှိနေသည်မဟုတ်၊ အာရုံတရားများနှင့် ထိတွေ့သည့်အခါ မှသာ ကိလေသာဖြစ်၏၊ မထိတွေ့လျှင် ပင်ကိုယ်အတိုင်း ရှိနေလေသည်။ ဥပမာ-ရေသည်ရေနွေးအိုး ထဲမထည့်ခင် ကာလနှင့် မီး၌ မကြိုချက်ခင်မှာ ရေအတိုင်း အေး၍ မူလအတိုင်းရှိ၏။ တို့အတူဖြစ်၏။ မီးနှင့်မထိသော ရေကဲ့သို့ ကိလေသာနှင့် ကာမစသောလောင်မြိုက်စေသည့် အညစ်တရားတို့နှင့် မထိတွေ့သည့် မူလ စိတ်သန္တာန်သည် အမှန်အေးချမ်းနေသည်၊ သို့ဖြစ်၍ မိမိ စိတ်ကို အာရုံ တရားများနှင့် ထိပါး ဖေါက်ပြန်ခြင်းနည်းနိုင်သမျှနည်းအောင် ကျင့်ရာ၏၊ နောက်ဆုံး လုံးဝ မထိပါး မဖေါက်ပြန်တော့လျှင် ဈာန်နှင့် နိဗ္ဗာန်ကို တွေ့ရှိရန် များစွာ မဝေးလှန်းတော့ချေ။နောက်ဆုံး အနုသယကိလေသာ ဖြစ်သည့် သတ္တဝါတို့၏ ခန္ဓာအိမ်မှာ အကြိမ်ကြိမ် ကိန်းဝပ်တတ်သည့် သဘောကိုပါ ပယ်သတ်နိုင်လျှင် ကိစ္စပြီးဆုံးနိုင်ချေသည်။

လောကီဈာန်ဖြစ်သည့် သမာဓိတရားနှင့် မိမိ၏ စိတ်သန္တာန်မှာ ထကြွတတ်သည့် ပရိယုဋ္ဌာန ကိလေသာဖြစ်သော အညစ်အနစ်တရားတို့ကိုပယ်သတ်နိုင်သော်လည်း၊ အနုသယကိလေသာ မသေသမျှ ပရိယုဋ္ဌာန ကိလေသာတရားများ ပြန်လည်၍

သောင်းကျန်းဖေါက်ပြန်တတ်၏။ သို့ဖြစ်၍ ဈာန်ရပြီးသော 'ဈာနလာဘီ' ပုဂ္ဂိုလ်များသည်၊ ဈာန်နှင့်မသင့်သော အာရုံ တရားဖကြောင့် ဈာန်လျှောတတ်လေသည်။

ကိလေသာ တရားသည် သုံးမျိုးရှိ၏။ (၁) အနုသယကိလေသာ၊ (၂) ပရိယုဋ္ဌာနကိလေသာ၊ (၃) ဝီတိက္ကမကိလေသာ၊ တရားတို့ဖြစ်လေသည်။

ယင်းသုံးမျိုးတွင် အနုသယကိလေသာသည် သတ္တဝါတို့၏ အဇ္ဈတ္တအတွင်း စိတ်ခန္ဓာအစဉ်မှာ ကိန်းဝပ်လိုက်ပါလာလေ့ရှိတတ်၏။ သာမန်အသိအမြင်ဖြင့် မမြင်နိုင် မတွေ့နိုင်ဘဲ နူးညံ့သိမ်မွေ့လှ၏။ ဥပမာ-မီးဖိုးမှ မီးများကို ရေဖြင့်ဖျန်း၍ ငြိမ်းသတ်ပြီးသော်လည်း ပြာဖုံး၍ ရေမထိဘဲ ကြွင်းကျန်နေသော လူမမြင်သည့် မီးကြွင်း မီးကျန် သဘော ဖြစ်၏။ အဆိုပါ မီးကြွင်းမီးကျန်ကလည်း အမှိုက်ကစ ပြဿဒ် မီးလောင်တတ်၏၊ ထို့အတူ အနုသယကိလေသာသည်၊ ကိလေသာ မီးကြွင်းမီးကျန်များဖြစ်၏။ မြင်ရန်သိရန် သာမန်ဝိပဿနာဉာဏ်ဖြင့် သာမန်ကျင့်ကြံသိနေရုံဖြင့် မမြင်၊ မမြင်၍ ကျန်တည်ရှိသော် ဈာန်မမြဲတတ်ချေ၊ အမှိုက်ကစ ပြဿဒ် မီးလောင်သကဲ့သို့ လောင်စာနှင့်တွေ့လျှင် သောင်တတ်သော သဘောရှိ၏၊ စိတ်မချရချေ။

ယင်းအနုသယ ကိလေသာသည် သိမ်မွေ့၏၊ နူးညံ့၏၊ငြိမ်၏၊ အာရုံနှင့် မတွေ့မချင်း မဖြစ်ချေ၊ မီးခဲပြာဖုံး သဘော ဖြစ်၏။ အာရုံနှင့် ထိတွေ့၍ မိမိ၏ စိတ်သန္တာန်မှာ ဖြစ်ပေါ်လာသည့် ကိလေသာကို၊ ပရိယုဋ္ဌာနကိလေသာဟု ခေါ်၏၊ တဖန် စိတ်မှာ ဖြစ်ပြီး ကာယကံမှု၊ ဝစီကံမှုများ အထိ မီးဆက်လောင်တတ်၏၊

ကျူးလွန်ဖေါက်ပြန်တတ်၏၊ ယင်းသို့သော သဘောကို ‘ဝိတိက္ကမ ကိလေသာ’ဟု ခေါ်သည်။

ယင်းသို့ ကိလေသာသုံးမျိုးရှိသည့်အနက်၊ဝိတိက္ကမကိလေသာ မျိုးကို သီလ စေတနာက ပယ်သတ်နိုင်၏၊ပရိယုဋ္ဌာန်ကိလေသာမျိုး ကို သမာဓိ တရားက ပယ်သတ်နိုင်၏၊အနုသယကိလေသာမျိုးကို မဂ်ပညာတရားဖြင့် ပယ်သတ်နိုင်၏။

သို့ဖြစ်၍ နိဗ္ဗာန်သို့ ကျင့်လိုသူတို့သည် “သီလ၊ သမာဓိ၊ ပညာ”ကို သိရ၏၊ သဘောပေါက် နားလည်ရ၏၊ ယင်းသုံးပါး မရှိဘဲ၊ကိလေသာသုံးပါးကို သတ်နိုင်ရန်မဖြစ်ချေ။ဥပမာ-ထင်း ပုံသုံးပုံရှိ၏၊ ပဌမပုံအတွက် မီးလောင်နေလျှင် ပဌမရေပုံးဖြင့် သတ်ရ၏၊ဒုတိယထင်းပုံသို့ မီးကူးလောင်သော် ဒုတိယရေပုံးက ရေအသင့်ရှိနေမည်၊ ထို့အတူ တတိယအပုံသို့ မီးဆက်လျှင် တတိယ ရေပုံး ရှိနေရမည် ဖြစ်၏။ တခုခု ချွတ်ယွင်းလျှင် တော မီးလောင်သကဲ့သို့၊ သံသရာမှာ ကိလေသာမီးတို့ ဆက်တိုက် အလျှင် မပြတ် အစဉ် အလောင်ခံရမည်သာ ဖြစ်သည်။

× × ×

**သီလ အခြေခံ**

သီလမရှိဘဲ သမာဓိ မရှိနိုင်၊ သမာဓိ မရှိဘဲ ပညာ မရ နိုင်ချေ၊ သီလ ဆိုသည်မှာ ဘာသီလနည်း၊ ငါးပါး သီလ ရှစ်ပါး သီလ၊ ဆယ်ပါး သီလ စသည်တို့တည်း။ ယင်းအခြေခံ သီလ တရားများကို စ၍ ဆောက်တည်ကျင့်ကြံ ရချေသည်။

ဥပမာ-ငါးပါးသီလတွင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူ ခြင်း၊ သူ့သားမယားကို ဖျက်ဆီးခြင်း၊ တပါးသူ ပျက်စီးအောင်

လိမ်ညာခြင်း၊ သေရည် သေရက်တို့ကို သောက်စားခြင်း ဆိုသည့် ကံ ငါးပါး (ဝါ) ငါးပါး သီလကို ကြည့်ပါစို့ ယင်းငါးပါး ကို ထပ်၍ အတိုချုပ်လျှင် လောဘ ၊ဒေါသ၊ မောဟ အခြေခံ ဖြစ်၏၊ အားလုံးကို ထပ်ကျဉ်းလိုက်လျှင် မောဟ (မသိမှု) (ဝါ) မိုက်မဲတွေဝေမှုကြောင့်ဖြစ်၏၊မသိမှု ဆိုသည် ဘာကိုမသိသနည်း ဆိုလျှင်၊ အမှန်တရားကိုမသိခြင်း၊သစ္စာတရားကို နားမလည်ခြင်း (ဝါ)အကောင်း အဆိုးကို ပိုင်းခြား၍ သိမထားခြင်းကြောင့် သာဖြစ်၏၊ ထပ်မံ၍ တလုံး တပိုဒ်တည်းဆိုက "အဝိဇ္ဇာ" ဟု လည်း ဆိုနိုင်သည်၊ ယင်းအဝိဇ္ဇာ မောဟကြောင့် 'လောဘ-ဒေါသ-မောဟ'ကို ပွား၏၊ ကံငါးပါးကို ကျူးလွန်၏။

လူ့လောက၏ သာမန်ပုထုဇဉ် အဆင့်မှသည် 'နိဗ္ဗာန်' ကျင့်စဉ်၏အစပိုင်းသည် ဤကဲ့သို့သီလမျိုးကို အခြေခံရ၏။ ငါးပါး သီလခိုင်မြဲ မမြဲကို ကိုယ့်ကိုယ်ကို ကိုယ် သိ၏၊လူသားတို့သည် ကျူးလွန် ဖေါက်ပြန်လေ့ရှိတတ်၏။ မသိ နားမလည်သဖြင့် အမှန် တရား သစ္စာကို သဘောမပေါက်သော် ဖေါက်ပြန်ခြင်း ဖြစ်တတ်ကြ၏။

သီလ ဆောက်တည်၊စောင့်စည်း ထိန်းသိမ်းခြင်းဖြင့်'အကျိုး မှန် တရား' အနှစ် သာရကို သဘောပေါက် နားလည်မှုလည်း သီလ ဆောက်တည်ရခြင်း၏ အဓိပ္ပါယ် ပြည့်ဝနိုင်သည်။

ယင်းသို့ ငါးပါးသီလ၊ ဆယ်ပါးသီလ စသည့် သီလတို့သည် ကျင့်စဉ်များဖြစ်သကဲ့သို့၊ ပေတံများ၊မီတာများ၊ ပြဒါးတိုင်များ၊ မှတ်ကျောက်များနှင့်လည်း တူ၏။ ဥပမာ မိမိသည် 'သူတော် ကောင်းပါ'ဟုရင်း၊ ဘာဘဲညာဘဲဟု ရင်းသမုတ်၍ ဟုတ်ဟုန်မှန်

ယောင်ဆောင် သူကို -အဆိုပါ အ ခြေခံ သီလတို့ဖြင့် ညီမညီ တိုင်းတာနိုင်ပါသည်။

'နိဗ္ဗာန်'ဆိုသည့် အပိုင်းကဏ္ဍကို-မစဉ်းစားမီ နိဗ္ဗာန်၏နိဒါန်း ကာလဖြစ်သော လူ့လောက၏သားမန်ကျင့်စဉ် သီလတို့သည်ပင် ပို၍ ခက်မနေချေပါလော။

ဤသို့'သီလမရှိလျှင် ဘာဖြစ်မည်နည်း'ဟု မေးစရာရှိပါသည်၊ 'ဘာမှ မဖြစ်ပါ' နိဗ္ဗာန်ဆိုသည့် ကိစ္စကို ဆက်မစဉ်းစား ရုံသာ ရှိပါသည်။ တခု ရှိပါသည် နိဗ္ဗာန်သည် အမှန်ရှိ၏ ဆိုသည်ကို မယုံကြည်နိုင်သူတို့ကို စိန်ခေါ်နိုင်သည့် အခြေခံ ဖိတ်ခေါ်ချက် မှာ ၃၈ ဖြာ၊ မင်္ဂလာ၊ လူ့ကျင့် ဝတ်များနှင့် ပထမ ငါးပါး သီလ လောက်ကို စကျင့်ကြည့်ပါဟု တိုက်တွန်းရမည်ဖြစ်၏။

ဆိုပါစို့ - -'ငါးပါး သီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါး သီလ တွေ-ငတို့ ဆောက်တည်နေပြီ၊ ငါဘာဆက်လုပ်ရမလဲ-ဒါနဲ့ပြီး ရောလား-ဒီအကျင့်တွေကိုကျင့်ဘို့ မိမိ ဆန္ဒအသီးသီးကို အောင့် အီးသီးခံပြီး၊ မဖြစ် ဖြစ်အောင် ကျင့်ရတဲ့အတွက် ဘာအကျိုး တွေဖြစ်လာမလဲ - -ဒါဟာနိဗ္ဗာန်လား' ဟူ၍ မေးနိုင်ပါသေး သည်။

ယခုကာလ မျက်မှောက် ဘဝမှာ 'နိဗ္ဗာန်' စကားအတော် ပြောကြားနေကြပါသည်။ ဒုက္ခနဲ့တွေ့လျှင် သုခကို မျှော်မှန်း ပြီး၊ ဆင်းရဲနဲ့ တွေ့သော် ဆင်းရဲခြင်းမှ အမှန်လွတ်ရာ လွတ် ကြောင်းဖြစ်မည့် နည်းလမ်းတွေ စဉ်းစား ကြံစည်ကြသည် ဤသို့-ဘာ ့တခု၏ အကျဉ်းအကြပ်အခက်အခဲမှ နက်နဲစွာ ရာကြံ ခြင်း၊ လေ့လာခြင်း၊ စူးစမ်းခြင်းသည်ပင် လူတယောက်၏ လူ

အစိပ္ပါယ်ကို ဖွင့်ဆိုခြင်း ဖြစ်ပါသည်။ဤသို့ မကြံဘဲ-ဖြစ်လေရာဘဝမှာ ဖြစ်ချင်သလို ဖြစ်ရော ဆိုပြီး အနှစ်မွန်းခံလျှင် လူဆိုသည့် ,အစိပ္ပါယ်ကို မြှုပ်ကွယ် လိုက်ခြင်းသာ ဖြစ်ပါသည်။ သီလဘာရားတွေ ဆောက်တည်ပြီး ဘာလုပ်မလဲမေးလျှင်၊သီလကို ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုသည့် အမှန် တည်ငြိမ်သော အိန္ဒြေနဲ့ ဆောက်တည်ပြီး သူသည် သမာဓိကို သိလာမည်သာ ဖြစ်ပါသည်။ယင်းသီလ သမာဓိကို သိသဖြင့် ပညာနှင့် အရာရာကို ပိုင်းခြား နိုင်ပါသည်။

ဤသို့ သီလ၊ သမာဓိ၊ ပညာတို့ကို သိရုံနှင့်လည်း နိဗ္ဗာန် မဟုတ်သေးပါ၊ နိဗ္ဗာန် ပန်းတိုင်သို့ တာထွက်မျှ သာ ဖြစ်ပါသေးသည်။

'ဒီပညာတွေက-ဘာ ပ ညာ တွေလဲ-ဘီအေ၊ အမ် အေ စတဲ့ ဘွဲ့ရမဲ့ ပညာတွေလား၊ တိုက်ကြီး တာကြီးတွေမှာ နေပြီး ကားစီးကြရမဲ့ ပညာတွေလား၊ လောကီ စည်းစိမ်ချမ်းသာတွေ ထဲမှာ ကိလေ သာ နဲ့ နှစ် မြှုပ် ခံစား ရမဲ့ ပညာတွေလား၊ သီလနဲ့ သမာဓိ ပေါင်းပြီး ပညာတွေ ရရှိ လာပါပြီတဲ့၊ ဘာ အကျိုးထူးတွေ ခံစားရမလဲ-'

'ဒီအမေးကို ဖြေရဘို့လဲ လွယ်ပါတယ်။ လောကီ ချမ်းသာမှုကို ရှာကြံရာမှာလဲ-သီလ သမာဓိ တရား လိုပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ သီလ သမာဓိ မရှိသူဟာ၊ ဘယ်အလုပ်ကိုမှ ဦးတည်ထားလို့မရပါဘူး၊ဦးတည်ချက်၊ရည်ရွယ်ချက်၊ဆိုလိုချက် ဆိုတဲ့ ရည်မှန်းချက် ပျောက်တတ်ပါတယ်၊ရည်မှန်းချက်မရှိရင် 'လမ်း'မရှိတဲ့ သဘောပါ၊လမ်းမရှိ၊လမ်းမသိတဲ့ သူဟာသွားချင်

သလောက် သွား၊ ခရီးများဘို့သာ အဖတ် တင်ပြီး၊ အကန်း လမ်းရှောက်သလိုဖြစ်ပါမယ်။ အေး-တို့တော့ သီလ-သမာဓိ-နားမလည်ဘူးကွ၊ ချမ်းသာ နေတာဘဲ၊ ရွှေတွေ ငွေတွေ စည်းစိမ်ဥစ္စာတွေ ရှိသားဘဲဟု ဆိုသူတွေ ရှိကောင်း ရှိပါမယ်။ အဆိုပါသူသည် ကြက်ကန်း ဆန်အိုးတိုး သလို ဖြစ်ပါမယ်၊ စဉ်းစား ကြည့်ရင် သိနိုင်ပါတယ်၊ ဒီနည်းနဲ့မှ မဟုတ်ရင် လူတယောက် ချမ်းသာတယ်၊ ဥစ္စာဓနေ ကြွယ်ဝတယ် ဆိုတာ သူ့မှာ ဦးတည် ချက်ရှိပြီး၊ နည်းလမ်း စည်းကမ်း ထား ရပါတယ်၊ တည်ငြိမ်စူးစိုက်စွာ ဆောင်ရွက်တတ်တဲ့စိတ်၊ဦးတည်ချက် သမာဓိ တရားရှိရပါတယ်၊ဒါမှ သူလိုတဲ့ ဥစ္စာဓနေအတွက် ဘာကို ဘယ်လို လုပ်ရမယ်ဆိုတဲ့ နည်းလမ်း အတတ် ပညာတွေ ရနိုင်ပါတယ်။ ဒီလိုပါဘဲ လောကုတ္တရာ ချမ်းသာဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာဆိုတာ ကလဲ ကျင့်စဉ် သီလ တရားတွေကို အခြေခံဘို့ အမှန်လို အပ်ပါတယ်။သူလို ကိုယ်လို စိတ်ထင်တိုင်း ကာယကံ၊ဝစီကံ၊မနောကံ တို့ကို ပေါက်လွှတ်ပဲစား လွှတ်ထား ပြုကျင့်မယ် ဆိုရင်၊ သူလို ကိုယ်လို အဆင့်ဘဲ ရှိမှာ ပါ၊ပိုမသာပါဘူး၊ သာချင်တယ်၊ မြတ်ချင်တယ်၊ ထူးခြားချင်တယ် ဆိုရင် ဒီ သီလ အခြေခံကို အမှန်ကျင့်ရမှာပါဘဲ'ဟူ၍ ကြားနာဘူးပါသည်။

ဗုဒ္ဓ တရား ဓမ္မ တို့သည် 'အကျိုး အကြောင်း' ဆိုလျော်၍ အကြောင်းတရားမဲ့သော၊ အခြေခံ မရှိသော၊သဘာဝ တရားနှင့် ကင်းလွတ် ကွာဟ ခြားနားနေသော တရားများ မဟုတ်ချေ၊ တိုင်းတာနိုင်၏၊လေ့လာနိုင်၏၊အသက်ရှိသတ္တဝါတိုင်း အခါမရွေး

နေရာမရွေးကျင့်ဆောင်နိုင်က **ရ၏** ဟူ၍ အာမခံနိုင်ခြင်းသည် 'သစ္စာ'ထိုက်သော တရားများ ဖြစ်သောကြောင့်တည်း။

ဤသို့ သီလ၊သမာဓိ၊ပညာပိုင်း၏ အရေးကြီးပုံနှင့် အခြေခံ တရားအတွင်း ပါဝင်ပုံတို့ကို သိထားရန် အကြောင်းမျှသာ ဖြစ်ပြီး၊အကျယ်ကို ဆက်ရှင်းပါမည်၊သီလအကျယ်၊သမာဓိအကျယ်၊ ပညာအကျယ်ကို ဖွင့်ဆိုပါမည်။

မဂ်ဖိုလ်၊ နိဗ္ဗာန် ဆိုသည်မှာ၊ လွယ်သည့်ဘက်က ကြည့်လျှင် လွယ်၏၊ ခက်သည့်အပိုင်းက ကြည့်လျှင်လည်း ခက်ခဲနက်နဲလှသည်၊ အမှန်အားဖြင့်တော့ ခက်ခဲနက်နဲသည်မှာ အမှန်ဖြစ်သည်။ သူ့အဆင့်နှင့် သူ့စည်းကမ်းနည်းလမ်းအတိုင်း သွားလျှင် လွယ်ပါသည်။

ဥပမာအားဖြင့် မဂ်ပညာဖြင့် အနုသယကိလေသာကို ပယ်သတ်ရာ သတ်တတ်ပယ်တတ်သည့် မဂ်သည်၊ သောတာပတ္တိမဂ် စသည့် မဂ်လေးတန် (မဂ်လေးပါး)ရှိပါသည်။ မဂ်က ပယ်သတ်သည်ဆိုရာ၌ အပယ်သတ်ခံဖြစ်သော၊ ရှိနေတတ်သော အနုသယတို့ကိုသိမှ ပယ်၍ ရပါသည်။ (၁)ကာမရာဂါနုသယ (၂)ဘဝရာဂါနုသယ၊ (၃)ဒိဋ္ဌာနုသယ၊(၄)မာနာနုသယ၊ (၅)ပဋိဃာနုသယ၊(၆)ဝိစိကိစ္ဆာနုသယ၊(၇)အဝိဇ္ဇာနုသယ၊ဟူ၍ (၇)ပါး ရှိသည်ကို သိထား ရပါသည်။ တရား မသိက-အမှု စစ်ရန်ခက်ဘိသကဲ့သို့၊ အကြောင်းရင်း အခြေခံ တရားခံ အစစ်အမှန်ကို ရှာရန် ဖြစ်ပါသည်။

ဤသည်တို့ကို သိသည်ဟု ဆိုရာ၌ ပြခဲ့ပြီးသော ပညာသိခြင်း၊ မြင်ခြင်း ဖြစ်ပါသည်။ ဘယ်အရာ မဆို မသိဘဲ ဘာမျှ လုပ်၍

မဖြစ်ပါ။ ရှေးဦးစွာ သိရန်လိုပါသည်။ သိမှလုပ်၍ ရ၏။ ပြီး အသိနှင့်အလုပ်၊ လက်တွေ့နှင့် သဘောတရားတို့ကို ပေါင်းစပ်သဖြင့် ရင့်ကျက် တိုးတက်သော ပညာရပြီး လိုရာသို့ ပြီးမြောက်နိုင်ချေသည်။ နိဗ္ဗာန်အတွက်ပညာသည် မဂ် ပညာ ဖြစ်သည်။

မဂ်လေးတန် ဆိုသည်မှာလည်း....

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်၊ ဟူ၍ ဖြစ်ပါသည်။

**မဂ်လေးပါး**

ယင်းမဂ်လေးပါးသည် သူ့အဆင့်နှင့် သူ မဂ်၏ အန္တရာယ်တို့ကို ပယ်သတ်ကြပါသည်။

(၁) ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယတို့ကို သောတာပတ္တိမဂ်က ပယ်သတ်နိုင်ပါသည်။

(၂) ကြမ်း တမ်း ခက် ထ ရော် သည့် ကာမရာဂါနုသယ၊ ပဋိဃာနုသယတို့ကို သကဒါဂါမိမဂ်က ပယ်သတ်နိုင်ပါသည်။

(၃) သိမ်မွေ့ နူးညံ့စွာ ကျန်ရှိနေသည့် ကာမရာဂါနုသယနှင့်ပဋိဃာနုသယတို့ကို အနာဂါမိမဂ်က ပယ်သတ်နိုင်ပါသည်။

(၄) မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယတို့ကို၊ အရဟတ္တမဂ်က ပယ်သတ်နိုင်ပါသည်။

ဤသို့ မဂ်လေးပါးရှိပါသည်။ သို့ဖြစ်၍ "ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာပယ်ရင်သောတာပန်ဖြစ်တယ်" ဟူ၍ ဆိုထားကြပါသည်၊ လူသိများပါသည်။

ဒိဋ္ဌိက—ဘာဒိဋ္ဌိလဲ....

ဝိစိကိစ္ဆာက ဘာဝိစိကိစ္ဆာလဲ ဆိုသည့် ပြဿနာများရှိလာပါသည်။ ဤသည်များကို မဂ္ဂင်ရှစ်ပါး၌ ရှင်းပါမည်။ အမှန်အားဖြင့် ပယ်သတ်သည်ဆိုရာ၌ ပယ်သည်၊သတ်သည်၊ ဆိုသည့် သဘောနှစ်ခုရှိပါသည်။ပယ်သည် ဆိုသည်က နှုတ်ပယ်ခြင်း ဖြစ်ပြီး၊ အကြောင်း ညီညွတ်လျှင် ပြန်ပေါင်းစည်းတတ်ပါသည်။ သတ်သည်က နောက်တကြိမ် ထပ်မလာရန် အပြီးအဆုံး သတ်ခြင်းဖြစ်ပါသည်၊ ပယ်ပြီးမှ သတ်၍ ရပါသည်။

မဂ်သတ်သော ကမ္မပထရှိပါသည်။ ကာယကံမြောက် ကျူးလွန်သူကို 'ကမ္မပထမြောက် လုပ်တာပဲ'ဟူ၍ရင်း၊ 'ကာယကံမြောက်ကျူးလွန်တာပဲ'ဟူ၍ ငင်းဆိုပါသည်။ ကမ္မပထဆိုသည် မှာပါဠိစကား ဖြစ်ပါသည်။

'ကမ္မာနေဝ သုဂတိဒုဂ္ဂတိနံ-ပထဘူတတ္တာ၊ ကမ္မပထာနာမ' ဟူ၍ အဋ္ဌကထာတို့မှ မိန့်ဆိုပါသည်။ အဓိပ္ပါယ်သည် သုဂတိ၊ ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်းဖြစ်သည့်ကံကို 'ကမ္မပထ'ဟု ဆိုပါသည်၊ ထိုကမ္မပထသည် ဒုစရိုက်ဆယ်ပါးပေါ် အခြေခံပြီး ဖြစ်ပါသည်။ ဒုစရိုက် ဆယ်ပါးကို အကျဉ်းအားဖြင့် ဆိုလျှင် လောဘ၊ ဒေါသ၊ မောဟတို့ကို စိတ်ထင်တိုင်း ကာယကံမြောက်၊ဝစီကံမြောက်၊မနောကံမြောက်၊ ကံ၃ ပါးဖြင့် ပေါင်းလုပ်ခြင်းဖြစ်၏။ မသိ၍ ကျူးလွန်က မကောင်းရာ ရောက်ပြီး၊ သိသဖြင့်ရှောင်ကျဉ်က ကောင်းရာသို့ လားနိုင်သွားနိုင်ခရီးဆက်နိုင်ချေသည်။

× × ×

နေ့စဉ် ရက်ဆက်၊ ဘိုးစဉ်ဘောင်ဆက် မှစ၍ 'ဗုဒ္ဓဘာသာ' အဖြစ်နှင့် ဘုရားရှိခိုး ခဲ့ကြသည်၊ တရားတွေ အသီးသီး နာယူကြသည်၊ လေ့ကျင့်ကြသည်၊ လေ့ကျက်ကြသည်၊ သို့သော် ထုံးစံဖြစ်ဖြစ်ရိုးစဉ် သဘောအရမျှသာ ဘုရားရှိခိုးဆုတောင်းခြင်းဖြင့် များသောအားဖြင့် အချိန်ကုန်နေကြသည်။

အထူးသဖြင့် 'မဂ်တရား ဖိုလ်တရား နိဗ္ဗာန် ချမ်းသာတရားတော်မြတ်ကို ရလိုရောက်လိုချပါ၏။' ဟူ၍သာ ဆုတောင်းကြ၏။

မိုးရွာပါစေ၊နေပူပါစေ၊လထွက်လာပါစေ ဟူ၍ ဆုတောင်းကြသော ကမ္ဘာဦး လူတို့သည်ရင်း၊ ရွှေရလိုပါ၏၊ ငွေရလိုပါ၏၊ ပဒေသာပင်ကြီးပေါက်ပေးပါတော့ ဟူသော ဆုတောင်းကြသည့် အသိမဲ့သူတို့၏ အဖြစ်သည်ရင်း၊အဆင့်ဆင့်တိုးတက်ခဲ့ချေပြီ မဟုတ်ပါလော၊ ယင်းတို့သည် အတိတ်နှင့်အတူ ကျန်သင့်ပါပြီ။

တမ်းတနေရုံ၊ ဆုတောင်းနေခါမျှနှင့်ဘာမျှဖြစ်မလာနိုင်ချေ၊ ဝိဇ္ဇာနည်းနှင့်ကြည့်ကြည့် သိပ္ပံနည်းနှင့်မြင်မြင်၊ အလွန့်အလွန် မဖြစ်နိုင်သော ကိစ္စ ဖြစ်ချေသည်။

နိဗ္ဗာန် ချမ်းသာ ကို ခံစားလိုလျှင် နိဗ္ဗာန်၏နိဒါန်းဖြစ်သော အခြေခံအကျင့်များ၊မဂ္ဂင်ရှစ်ပါးကျင့်စဉ်များကို ကျင့်ရပါမည်။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ဖြင့် "ကောင်းသော" ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို လူ့လောက လူ့ဝန်းကျင်မှာ အခြေခံ ကျင့်စဉ်၊ တရားများ အဖြစ်လည်း လက်တွေ့ စိတ်တွေ့ အမှန်ကျင့်မှသာ ရနိုင်ပါသည်။

မဂ္ဂင်ရှစ်ပါး ဆိုသည်ကလည်း၊ အကျဉ်းပေါင်းစုက 'သီလ၊ သမာဓိ၊ ပညာ'မျှသာ မဟုတ်ပါလော။

မဂ္ဂသစ္စာဆိုသည်မှာသစ္စာ(၄)ပါးထဲမှတပါးဖြစ်၏၊မြတ်စွာဘုရား ဘုရားအဖြစ်ပွင့်လာ ရခြင်းသည် သစ္စာ(၄)ပါး တရားဟောရန်ဖြစ်သည်၊ နိဗ္ဗာန်ချမ်းသာကိုသတ္တဝါအနန္တတို့ခံစားကြရန်ဖြစ်၏။

မဂ္ဂသစ္စာသည် ကောင်းစွာမြင်ခြင်း၊ကောင်းစွာကြံစည်ခြင်း၊ ကောင်းစွာ ပြောဆိုခြင်း၊ ကောင်းစွာ ပြုကျင့်ခြင်း၊ကောင်းစွာ အသက်မွေးခြင်း၊ ကောင်းစွာ အားထုတ်ခြင်း၊ ကောင်းစွာ အောက်မေ့ခြင်း၊ ကောင်းစွာ တည်ကြည်ခြင်း၊ ဟူ၍ ဖြစ်၏။

သည်နေရာ၌"ကောင်းစွာ"ဟူသော အဓိပ္ပါယ်သည် ကျယ်ဝန်း၏။ ဘာတွေကောင်းရမည်နည်း၊ ဘယ်လို ကောင်းရမည်နည်း၊ ဘယ်လောက်ကောင်းရမည်နည်း၊ ကောင်းသည်ဆိုသည် ဘာနည်း၊ ဘယ်ဟာက ကောင်းတာနည်း ဆိုသည့် သဘောနှင့်ပတ်သက်၍ မိတ်ဆွေတဦးက မေးဘူးပါသည်။ မှန်သည်၊ မေးသင့်သည်၊ သိသင့်သည်၊ ရှင်းလင်းသင့်ပေသည်။

လောကီကောင်းကျိုးအတွက် 'ကောင်းစွာ' မဟုတ်ပါ၊ လောကုတ္တရာအတွက် နိဗ္ဗာန်ရောက်ရန်အတွက် 'ကောင်းစွာ' ဖြစ်သည်။ အဆိုပါ နိဗ္ဗာန် ရောက်ရေး 'ကောင်းစွာ' ထဲမှာ- လောကီအကျိုးလည်း တချက်ခုတ်နှစ်ချက်ပြတ်ပြီးသားဖြစ်သွားလေသည်။ ပြီးခဲ့သော 'သီလ-သမာဓိ-ပညာ'တို့သည်၊ မိမိနှင့်တကွဝန်းကျင်ကို အမွှမ်းတင်ခြယ်သ လုပ်စေသည် မဟုတ်ပါလား၊ မိမိနှင့် ဝန်းကျင်မျှသာမက၊ မိမိအတွက် 'နိဗ္ဗာန်ဆန္ဒ' သည်အရာရာအတွက်"ကောင်းစွာ"ဖြစ်စေနိုင်ကြောင်း ထင်ရှားပါတော့သည်။

# အပိုင်း ၂

## ဝိမုတ္တိရသ

### ကူးလမ်းဖြောင့်က ရောက်လွယ်၏

ဗုဒ္ဓသည် ဘီ၊ စီ၊ ၅၃၆ ခုတွင် ဖွားမြင်ပြီး ဘီ၊ စီ၊ ၅၂၈မှာ ဗုဒ္ဓအဖြစ် သို့ရောက်ရှိလေသည် ဘုရားဖြစ်ပြီး၊ ၄၅–နှစ်တိုင် တိုင်နေရာဒေသအနှံ့ အကြောင်း တရားအမျိုးမျိုးကို အခြေခံ၍ တရားဒေသနာတော်များ ဟောကြားခဲ့လေသည်၊ ယင်းတရား ဓမ္မက္ခန္ဓာအားလုံးကို ပေါင်းရုံးအနှစ်ချုပ်က၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ ပိဋကတ်သုံးပုံမျှသာ ဖြစ်သည်၊ ပြီး–ဘီ၊စီ၊ ၄၈၃ ခုနှစ်တွင် ပရိနိဗ္ဗာန် ပြုတော်မူသည်။

သုတ္တန်ပိဋကတ်တွင် နိကာယ်ငါး ရပ်ဟူ၍ရှိ၏၊ ဒီဃနိကာယ် မဇ္ဈိမနိကာယ်၊သံယုတ်နိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ခုဒ္ဒကနိကါယ် ဟူ၍ ဓမ္မက္ခန္ဓာပေါင်း နှစ်သောင်းတထောင်ရှိသည်။

ဝိနည်း ပိဋကတ်တွင်၊ ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝါဟူ၍ ဝိနည်း ငါးကျမ်းဖြစ်၏၊ စုစုပေါင်းဓမ္မက္ခန္ဓာ တရား အစုအဝေးပေါင်းသည်၊ နှစ်သောင်း တထောင်ရှိသည်။

အဘိဓမ္မာပိဋကတ်တွင်၊ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓါတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်းဟူ၍ ခုနစ်ကျမ်း

ခွဲထားကာ တရားအစုအဝေး ဓမ္မက္ခန္ဓာ အရေအတွက်အားဖြင့် လေးသောင်း နှစ်ထောင်ရှိလေသည်။

ယင်းသို့ တရားဓမ္မက္ခန္ဓာတို့သည် သုတ္တန်၊ဝိနည်း၊ အဘိဓမ္မာ၊ အားဖြင့် ကွဲပြားခြားနား၍ ထားသော်လည်း၊ ဧကောဓမ္မော ဟူ၍ "ဝိမုတ္တိရသ" တခုတည်းဟူသော နိဗ္ဗာန် သို့သာရည်ညွှန်းလေသည်။

သတ္တဝါတို့၏ အဇ္ဈာသယ အတွင်းစိတ်သဏ္ဍာန်မှာ ကောင်းကောင်းဆိုးဆိုးအမျိုးမျိုးဖြင့် တွေးထင်မှတ်ယူနေသော၊ အယူအဆအတွေးအခေါ်တွေသည်ပင် မတူကြချေ၊ ယင်းသို့ မတူကြသည်မှာ စိတ်၏ ဝိဝါဒအထူးအထွေထွေကို ၎င်းတို့ သဘောပေါက် နားလည်နိုင်သည့်၊ နည်းနာနိဿ ဓမ္မပရိယာယ်ကြွယ်ဝများပြားစွာ ဟောထားခြင်းကြောင့် ဖြစ်ပါသည်။

ဤမျှ ဓမ္မက္ခန္ဓာတရား အစုစု အထွေထွေတို့သည် ရှိပင်ရှိငြားသော်လည်း "ဧကော ဓမ္မော" တခုတည်းသော တရား သဘောဖြစ်သည့် ဝိမုတ္တိရသ ဖြစ်သည့် အလုံးစုံသော ကိလေသာ အာသဝ တို့၏၊ ကင်းရာ၊ ကုန်ရာ၊ ငြိမ်းရာ၊ ချုပ်ရာ၊ အေးရာ ဖြစ်သော နိဗ္ဗာန်သို့ မျက်မှောက်ပြု ရေးမျှသာ ဖြစ်ပါသည်။

လိုရင်း ဖြစ်သော ဥပါဒါနက္ခန္ဓာတို့မှ ကင်းရာ၊ ကုန်ရာ၊ ချုပ်ရာ၊ ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုရေး မဂ် ဉာဏ်သည် အမှန်အားဖြင့်မလွယ်ကူသည်မှာလည်း မှန်ပါသည်။

ပိဋကတ် အရာမှာ ကျွမ်းကျင်နားလည်ပြီးသော ပေါ်ဦလ မထေရ်ကြီးနှင့် ပိဋကတ်အရာမှာအလွန်တရာ ဉာဏ်လေးခက်ခဲ၍ နှေးလှသောစူဠပန်မထေရ်တို့၏သာဓကကိုထောက်ရှု၍ 'နိဗ္ဗာန်' ကို

သိရှိ ကျင့်ကြံ နားလည်၊ ရောက်ရှိ၊ ရရှိရန်သာ အရေးကြီး ကြောင်းမှာ ထင်ရှားပေသည်။

ဉာဏ်ပညာလေးလံပြီး စာပေအနည်းငယ်မျှ တတ်မြောက်ရန် တစ ါတွင်းလုံး ကျက်မှတ်လေ့လာသော်လည်း မစွမ်းဆောင် နိုင်သော စူဠပန်မထေရ် အား ဗုဒ္ဓသည် ထွေပြားနက်နဲသော တရား အစိတ်စိတ် အလီလီတို့ကို ဟောကြားမနေတော့ဘဲလိုရင်း ချုပ် ဖြစ်သော ဝိမုတ္တိရသ ဖြစ်သည့် နိဗ္ဗာန်ကို အလွယ် တကူ သိမြင် နားလည် သဘောပေါက် ရောက်ရှိနိုင်စေရန် ဟောပြ တော်မူခဲ့သည်၊ သို့ဖြစ်၍ သဘော တရားနှင့် တရား သဘောကို သဘောပေါက် နားလည်ရန်သည်လည်း အရေးကြီးကြောင်း ထင်ရှားပေသည်။

ဝိမုတ္တိရသ တည်းဟူသော အလုံးစုံ ဖြစ်သည့် ကိလေသာ အနုသယတို့၏၊ကင်းရာ၊ကုန်ရာ၊ ချုပ်ငြိမ်း အေးချမ်းရာ ဖြစ်သည့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရင့်သန်မှု ဆိုသည်မှာလည်း-ဝါသနာနှင့် အလေ့ အကျင့် စွဲမြဲပြီး အရိပ်ပြ အကောင်ထင်မှု၊ အသိ ဉာဏ် အကင်းပါးမှု၊ သဘောပေါက် နားလည်လွယ်မှု၊ အံဝင်ဂွင်ကျ အသိ အမြင် ဉာဏ်လျှင်မြန်မှုများနှင့် လက်ငင်း ချက်ချင်း ပညာ နှလုံး သွင်း၍ ကျင့်ခြင်းသည် အရေးကြီး လှပေသည်။

နောက်တချက်မှာ ပါရမီနှင့် အကြောင်း တရားတို့၏။အရင်း ခံကို သိမြင်ရန် လိုအပ်ပါသည်၊ စာပေ ပရိယတ္တိတွေ ချည့်တတ် နေ၍လည်း မကျင့်ကြံ မပွားများ အားမထုတ်က မရနိုင်ပါ၊ အကျင့်လွန်ပြီး လိုရင်း မရောက်နိုင်ဘဲ၊ အံချော် လမ်းလွဲ ဖြစ်နေ ကြသည်လည်း များစွာ ရှိပါသည်။

'ကုုးလမ်းဖြောင့်က ရောက်လွယ်၏'ဟု အဆိုရှိပါသည် သွားလမ်းကိုရှာရန် ကြိုးစားသင့်ပါသည်၊အကျိုးအပြစ်ကိုလည်း ဆက်စပ်နားလည်သင့်ပါသည်၊ အကြောင်းနှင့်အကျိုးကိုလည်း သဘောပေါက်ရန်မှာ အထူးလိုအပ်ပါသည်။

ဝေနေယျ တချို့သည် များသောအားဖြင့် ဗုဒ္ဓ၏စာပေပိဋကတ်တော်များမှ ပဋိဝေဓ၊ အနက်သို့ လိုရင်း မရောက်ခရီးမပေါက်မြောက်နိုင်ကြဘဲ၊စာပေပရိယတ္တိနှင့် ပဋိပတ္တိ အသိဉာဏ်မျှလောက်နှင့်သာ လမ်းဆုံး ရောက်ရောင့်ရဲနေခြင်းကြောင့် ဖြစ်ပါသည်၊ပဋိဝေဓသို့ ဆိုက်ရောက်ပြီးသော ဗုဒ္ဓဘုရားရှင်သည် ကြီးမြတ်သော အရိယာဉာဏ်အမြင်နှင့် ဟောကြားဆုမ္မတော်မူရာ၌ သတ္တဝါတွေ မသိသိအောင် မရောက် ရောက်အောင် နိဗ္ဗာန်ချမ်းသာ၏ အနှစ်အရသာကို ဖွင့်ပြဖော်ထုတ်ခြင်းဖြစ်ပါသည်။

များသောအားဖြင့် ဗုဒ္ဓဘာသာ အမည်ခံ များများသည်၊ မိရိုးဖလာ ဗုဒ္ဓဘာသာအဖြစ်ဖြင့် ပန်းကပ်၊ရေကပ်၊ ဆွမ်းတော်တင်မျှလောက်နှင့်ငှင်း၊ငါးပါးသီလခံ ပုတီးစိပ် လောက်ဖြင့်ငှင်း ရောင့်ရဲတင်းတိမ်နေကြ၏၊ယင်းစရဏ ကျင့်စဉ် အခြေခံ ဝေယျာဝစ္စလုပ်ငန်းများမှာ အမှန်ပင် မလွဲမသွေ မလုပ်မဖြစ် လိုအပ်သော ကိစ္စတရပ် ဖြစ်သော်လည်း လိုရင်း ဖြစ်သော လောကီသံသရာ၏ သည်မှာဘက်မှ ကူးခတ်လွန်မြောက်လိုသော 'နိရောဓသစ္စာ' မျက်မှောက် ပြုရေး အဓိက ဦးတည်ချက် ဖြစ်သည့် ပဋိဝေဓသို့ နီးကပ်စေမည့်၊ ဆိုက်ရောက်စေမည့်ဖွင့်ဆိုချက်များနှင့် ကွာဟဝေးလံခြားနားလျက် ရှိလေသည်။

သို့ဖြစ်၍ အရသာကောင်းကို မစားတတ် မသုံးတတ်ဖြစ်နေကြရပြီး မျောက် အုန်းသီးရသကဲ့သို့ဖြစ်ကာ၊ နိဗ္ဗာန်နှင့် နီးလျက် ဝေးနေကြရသည်။

'ရှိပြီးသား တရားကို သိပြီးသားမဖြစ်၍ သိဘို့ရန် အလို့ငှာ ဟောကြားခဲ့ပြီးပါပြီ၊သိပြီးသူကလည်း သိသလောက်မကျင့်ကြံအားမထုတ်နိုင်၊ မသိသူကလည်း ထပ်သိရန် မကြိုးစား၊ မယုံသူများကိုလည်း လက်တွေ့လုပ်ရန် သံဒိဋ္ဌိကော၊ အကာလိကော တရားတွေဖြင့်ဟောလည်းလာမကြည့်လုပ်မကြည့်ဘဲ'မယုံ'တလုံးဖြင့် ကိုယ့်ကိုယ်ကို အထင်ကြီးဘဝင်ကြောတင်း၍ နေကြသည်၊ သည်အခါ နိဗ္ဗာန်နှင့် ဝေးသည်မှာ ဘာမျှမဆန်း၊ မမြင်မသိ နားမလည်သည်မှာလည်း ဘာမျှမထူး၊ သို့သော်လည်း ရှိသည့် တရားကတော့ မပျောက်ပျက်ပါ၊ တည်တံ့ စွဲမြဲလျက် ရှိပြီးသောကြောင့် သစ္စာထိုက်သော တရားလည်း မှန်ပါသည်။

သံသရာမှ လွတ်ရေး၊ နိဗ္ဗာန်မျက်မှောက်ပြုရေး အကျိုးငှာ ဟောကြားခဲ့ကြောင်း မူလ ပဏ္ဏာသပါဠိတော်မှာပါရှိပါသည်။

အဓိပ္ပါယ်မှာ သံသရာမှ လွတ်မြောက်ပြီးသော ထိုမြတ်စွာဘုရားသည်၊ သံသရာလွတ်ကြောင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုစေခြင်း အလို့ငှာ တရားတော်ကို ဟောတော်မူ၏။

ကိလေသာ မှလွတ်မြောက်၍ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသော ထိုမြတ်စွာဘုရားသည် ကိလေသာတို့မှ ကင်းလွတ်စေ၍ နိဗ္ဗာန် စံဝင်စေခြင်းငှာတရားတော်ကို ဟောတော်မူ၏။

အာရုံတည်း ဟူသော ဥပါဒါနက္ခန္ဓာမီးတို့မှ ငြိမ်းအေးတည်ငြိမ်တော်မူပြီးသော ထိုမြတ်စွာဘုရားသည်၊ အာရုံတည်းဟူ

သော ဥပါဒါနက္ခန္ဓာမီးဟုမှ ငြိမ်းအေးတည်ငြိမ်စေခြင်းငှာ တရားတော်ကို ဟောတော်မူ၏။

ယဉ်ကျေး သိမ်မွေ့ လိမ္မာပြီးသော ထိုမြတ်စွာဘုရားသည်၊ ယဉ်ကျေးလိမ္မာသိမ်မွေ့စွာဖြစ်စေခြင်းငှာ တရားတော်ကို ဟောတော်မူ၏။

သည်အခါ"နိဗ္ဗာန်"ရောက်ကြောင်း တရားကို နားလည်လိုသည်၊ လက်တွေ့လုပ်တော့မည် ဆိုသောအခါ ဗုဒ္ဓ၏ လမ်းစဉ်အတိုင်း ရှောင်သင့်သည့်ကိစ္စ၊ ဆောင်သင့်သည့် ကိစ္စတို့ကိုလည်း နားလည်၍ သိသင့် မှတ်သင့်သည်များကိုလည်း စုံသိရပါမည်။

လောကတွင် အရာရာသည် "အစအလယ်အဆုံး" သုံးပါး ရှိပါသည်၊ သည်မှာဘက်မှစ၍တနေရာကိုဖြတ်ကျော်ပြီး တဘက်ကမ်းကိုရောက်ပါသည်၊ သို့ဖြစ်၍ ကိုယ်တိုင်မကူးခတ်ဘဲမရောက်နိုင်ကြောင်းကိုသိပြီး၊ ရောက်ချင်သိချင်လျှင် ကိုယ်တိုင်ကူးကြည့်ကြရန်သာ ဖြစ်ပါသည်။

ဗုဒ္ဓသည်"နိဗ္ဗာန်"အတွက် ရည်ရွယ်ဦးတည်ချက် တခုတည်းကို ကြီးမားသော စေတနာ မေတ္တာတော်အနန္တဖြင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်မျှပင် များပြားစွာ ဟောကြားခဲ့ပါသည်၊ ဤမျှများ ပြားလှသည့်တိုင်ကိုယ်နဲ့ မတိုက်ဆိုင်ဘူးဆိုလျှင်နိဗ္ဗာန်ဆိုသည့်အကြောင်း မစဉ်းစား ကောင်းတော့ချေ။

အနိစ္စ၊ဒုက္ခ၊အနတ္တ လက္ခဏာရေးသုံးပါးကို သူပြောလူပြောကြားပါများ၍မွေးကထဲကကြားဘူးခဲ့ကြသည်၊ သဘောပေါက်သလားဆိုတော့ မပေါက်၊ သဘောပေါက်ဘို့ ကြိုးစားသလားဆိုတော့ အဝေးကြီး၊ ဥပမာ 'ဘုရားက အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊

အသုဘလို့ ဟောတယ်။ မမြဲဘူး၊ ဆင်းရဲတယ်၊ အရာရာမှာ ကိုယ်ပိုင်မဟုတ်ဘူး၊မတင့်တယ် မဖွယ်မရာတွေလို့ ဘဲဆိုပါတော့ မိမိသည် ၎င်းအနက် အဓိပ္ပါယ်ကို တနေ့ ဘယ်နှစ်ခါ နှလုံးသွင်း၍ တရားဆင်ခြင်မိဘူးသလဲ’ ဟု တွေးကြည့်ပါ၊ မြဲတယ် ငါ့ဟာ သူ့ဟာတွေ အနန္တ ငါချမ်းသာဘို့ သူချမ်းသာဘို့ ငါ့ စည်းစိမ်-ငါ့သား-ငါ့မယား-ငါ့လင်-ငါ့ဥစ္စာ-ငါ့ရာထူးနှင့်၊ ငါ မသေဘို့-ငါ့ပစ္စည်းတွေ မြဲဘို့ တည်ဘို့ ရာထူးမြဲဘို့ နောင်ဘဝ တွင် ဒီလင် ဒီသား ဒီမယား ဒီစည်းစိမ်နဲ့နေဘို့ အထိစွဲပြီး၊ခန္ဓာကိုယ်ကို နိုင်ငံခြား ဇိမ်ခံပစ္စည်းမျိုးစုံ ခြယ်သလျက် နိဗ္ဗာန်ဆုတောင်း၍ ‘နိဗ္ဗာန်’ မျက်မှောက်ပြုလိုရေး စဉ်းစားသည်မှာ ကိုယ့်မျက်နှာကို ကိုယ်တိုင် ခါးနှင့် ပါးပါးလှီးပစ်ဘို့သာ ရှိပါသည်။

× × ×

**ငါတည်းဟူသော ငါ၏အခက်အခဲများ**

“ရူပအတ္တတောသမနုပဿတိ”စိတ်၌ ထင်နေသော ပညတ်တရားများကို ငါစွဲပြုနေခြင်းဖြင့် “ဝေဒနာနံအတ္တတောသမနုပဿတိ”ခံစားမှုဝေဒနာတရားတွေသည်၊ငါ့ဝေဒနာဟူ၍ အစွဲတက်ရောဂါဖက်၍ ငါထင်-သူထင်-ယုံထင်-ကြောင်ထင်၊တောထင်၊တောင်ထင်ဖြင့် တွေးချင်ရာတွေး၊ မှတ်ချင်ရာမှတ်၊ ထင်မိထင်ရာ ထင်နေကြသည်သာ၊အမှန်အားဖြင့် ဤသို့ ရုပ်ကို ငါထင်မှုများနှင့်ဝေဒနာကို ငါထင်မှုများမှာ သံသရာ လှည်းဘီးကို ဆီထည့်ပေးနေခြင်း ဖြစ်သည်။

“စိတ္တေ စိတ္တာနုပဿီ၊ ဝိဟာရတိ”

စိတ္တေ စိတ္တာနုပဿီ၊ စိတ္တာနုပဿီစိတ်ဟူ၍ သိသည်ဖြစ်၍ ဝိဟာရတိနေ၏၊ စိတ်ကို စိတ်ဟူ၍သာ သိမြင်ပြီး ငါနှင့် ဝေဒနာ မရောယှက်ရန် ပြထားသည်။

ထိုအခါ ငါသည် အကုသိုလ်စိတ် မကောင်းမှုစိတ် တွေနှင့် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် အမှုတွေကို တနေ့တနေ့ မည်မျှ ကျူးလွန် မှောက်မှားမိခဲ့ကြောင်း မိမိ ကိုယ်မိမိ စစ်ဆေးရန် အမှန်လိုပါသည်၊ အမှန်အားဖြင့် မိမိ၏ ကြည်လင်သော မှန်နှင့် တူသည့် စိတ်ပေါ်တွင် မှုန်မှုံ အမှိုက်ချေးညှော်တွေ မည်မျှတင်နေကြောင်း သိရန်နှင့် သိသည်နှင့်၊ ယင်းမှုန်မှုံ အကုသိုလ်ဒုစရိုက် အမှုတို့ကို မည်သို့ ဖယ်ရှားရန် သိဘို့ဖြစ်ပါသည် မဖယ်ရှားတတ်လျှင် ဖယ်ရှားနည်းတွေ ရှိပြီး ဖြစ်ပါသည်။

မူလအားဖြင့် စိတ်သည် ငြိမ်းအေးကြည်လင်သော သဘာဝ အရင်းခံရှိပါသည်၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော ကာယကံ၊ ဝစီကံ၊ မနောကံမှုတွေမှာလည်း ဘယ်သူမပြု မိမိမှုသာ ဖြစ်၍ ယင်းကောင်းမှု မကောင်းမှု လုပ်ငန်းတွေဖြင့် မှန်နှင့် တူသော ကြည်လင်ပြီးသော မူလ စိတ်သည်၊ အရောင် မှေးမှိန် မှိုင်းမှုံ ညစ်ထေးရခြင်းဖြစ်ပါသည်၊သို့ဖြစ်၍ နိဗ္ဗာန်သည် စိတ်နှင့်ဆိုင်ပါသည်၊ ယင်းစိတ်၏ အခြေခံဖြစ်ရပ်ကိုမှ၊ မသိ၍ရှင်း၊ စိတ်တွင်တင်နေသော အစွဲများ မဖြုတ်လျှင်ရှင်း၊ စိတ်သည်နေ့ ရှိသမျှ အခါ မလပ် အလုပ်ရှုပ်နေမှုသည်ရှင်း၊ မိမိလိုသော ရည်ရွယ်ချက်နှင့် ဝေးကွာလျက် ရှိပါသည်။

နိဗ္ဗာန်ဟူသည်ယင်းကာယကံအမှု၊ ဝစီကံ အမှု ၊မနောကံအမှု၊ အလုပ်တို့နှင့် ကောင်းကောင်းဆိုးဆိုးအမျိုးမျိုးတို့မှ ကင်းလွတ်ပြီး၊၎င်းတို့နှင့် ကုန်ခမ်းချုပ် ငြိမ်းအေးချမ်းရာဖြစ်၍ စာအလိုအားဖြင့်ဥပါဒါနက္ခန္ဓာတို့၏ကင်းရာ၊ ကုန်ရာ၊ ချုပ်ရာ၊ ငြိမ်းရာကို နိဗ္ဗာန်ဟုခေါ်ကြောင်း ဖြစ်ပါသည်။

နိဗ္ဗာန်ဆိုသည် သိသော် မဝေးဟူသည်မှာ၊ သဘောအကျဉ်းအားဖြင့် ဤမျှ ဖြစ်ပါသည်၊ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော သုံးပါးအမှုတွေ ဘာမျှ မပြုရန်နှင့်ကောင်းမှု၊မကောင်းမှုအပေါင်းတို့၏ ငြိမ်းရာ၊အေးရာ၊ကင်းရာ၊ကုန်ရာဖြစ်သည်၊ဤမျှလွယ်ပြန်သော်လည်း ကင်းအောင်၊ ကုန်အောင်၊ ငြိမ်းအေးအောင် ဘယ်လိုလုပ်မည်နည်း ဆိုသောအခါ ယင်းအလုပ်ကို မလုပ်နိုင်ခြင်း၏ အဖြစ်သာခက် ခဲနေခြင်း ဖြစ်ပါသည်။

သတ္တဝါတို့၏အတွင်းစိတ်မှာ ဒိဋ္ဌိဟူသော အယူမှား၊ အမှတ်မှား၊ အသိမှား၊ အမြင်မှားတွေ ရှိ၏၊ ပြီး အဝိဇ္ဇာနှင့် တဏှာဟူသော အမြင်မှန် သစ္စာတရားနှင့် ကြောခိုင်းပြီး စွဲလမ်းတပ်မက်မှုတွေ အသီးသီး ရှိကြ၏၊ သို့ဖြစ်၍ "ယင်းဒိဋ္ဌိ၊ အဝိဇ္ဇာ၊ တဏှာ၊ သုံးပါးကို ဖျောက်ကြရန် မလွယ်၊ သမုဒ္ဒရာ၊ မြင့်မိုရ်၊ မြေကြီးတွေသာ ကွယ်ပျောက် ကုန်ခမ်းလျှင် ကွယ်ပျောက်ကုန်ခမ်းမည်၊ ဤသုံးပါးကို မပျောက်နိုင်ကြဘူး ဟူ၍၊ ဘုရားဟောရှိပါကြောင်း။

သို့ဖြစ်၍ "ရုပံအတ္တတောသမနုပဿတိ"၊ "ဝေဒနာနံအတ္တတောသမနုပဿတိ" ဟူ၍ ရုပ်ကို ငါထင်၊ ဝေဒနာကို ငါထင် နေသည်ကစပြီး သံသရာလည်ကာ၊ နိဗ္ဗာန်နှင့်ကြောခိုင်းသည်၏

အဖြစ်ကို ဘတ်ရှုတွေ့ရှိရ၏၊ ယင်းသို့ ထင်တွေးနေသော ရုပ်နှင့် ဝေဒနာအပေါ် အစွဲကို အတ္တဒိဋ္ဌိ ဟူ၍ ခေါ်ပြီး၊ယင်းကို အနတ္တဒိဋ္ဌိ ပေါ်မှ တနည်းအားဖြင့် ယင်းအစွဲပြုတ်ပြီး 'နိဗ္ဗာန်' အလုပ်ကသည်း ဖြစ်နိုင်ပါမည်။

သို့ဖြစ်၍အတ္တဒိဋ္ဌိသည်မိစ္ဆာဒိဋ္ဌိဖြစ်၏၊အနတ္တဒိဋ္ဌိမှာ၊သမ္မာဒိဋ္ဌိဖြစ်၏၊ သို့ကြောင့်လည်း၊ မဂ္ဂင်ရှစ်ပါးတရားကိုဘုရားရှင်ဟောကြားခြင်းဖြစ်ရာ၊မဂ္ဂင်ရှစ်ပါးဖြစ်သည့်သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပစသော အင်္ဂါရှစ်ပါးကို အနှစ်ချုပ်က သီလ၊ သမာဓိ၊ ပညာ ဟူသော သုံးပိုင်းသာ ရှိပါသည်၊ အစကို ပြန်ကောက်သော် ''ပဿတိတိဒိဋ္ဌိ''ကို မြင်ခြင်းဖြစ်၏။ မိစ္ဆာပဿတိတိဒိဋ္ဌိ၊ သမ္မာပဿတိတိဒိဋ္ဌိ၊ ဤနှစ်မျိုးဖြစ်၏၊ အဓိပ္ပါယ်မှာ သစ္စာထိုက်သောအမှန်တရားကို အမှန်တရားအတိုင်းသိသည်မှာတမျိုး၊ အမှားကိုသိမြင် စွဲယူနေသည်မှာ တမျိုး၊ ယင်းဒိဋ္ဌိ နှစ်မျိုးကို ခွဲခြားသိရန် ဖြစ်သည်။

အတ္တဒိဋ္ဌိကို အနတ္တဒိဋ္ဌိဖြစ်မှ အဝိဇ္ဇာနှင့်တဏှာ မကုန်သော်လည်း သောတာပန်တည်ပြီး အပါယ်လေးပါးမှ လွတ်မည်ဟူ၍ ဆိုပါသည်၊ ဤသို့ လွတ်မှ တဏှာကို နိုင်အောင် ကျင့်နိုင်မည်၊ အဝိဇ္ဇာကိုနိုင်အောင်ကျင့်၍ သတ်နိုင်မည် ဖြစ်သည်။

ခန္ဓဝဂ္ဂသံယုတ်မှာ၊ 'မြင့်မိုရ်၊ သမုဒ္ဒရာ၊ မြေကြီးတွေ့ကွယ်ပျောက်စရာမြင်တယ်။ ခန္ဓာကွယ်ပျောက်စရာ မမြင်ဘူး'ဟု ဆိုသည့် သဘောမှာ၊အတ္တဒိဋ္ဌိနှင့် အဝိဇ္ဇာတဏှာဖြုတ်ပါ၊ သို့မှသာ ဝိပဿနာ ဉာဏ်ဖြင့် ဖြစ်မှုပျက်မှုအကြောင်းကိုရှုပြီး၊အနတ္တကို

မြင်နိုင်မည်၊ ခန္ဓာကိုယ်သိ သိခြင်းမြင်ခြင်းဖြင့်သာ လိုချင်ရာ ကြောင်း၊ ကြားသိဘူးလေသည်။

ဤမျှ လောက်ကို သိမှလည်း တက်လှမ်း နိုင်မည် ဖြစ်သည်၊ ဤမျှလောက် မသိသဖြင့် နိဗ္ဗာန်သည် ကိုယ့်အတွက် ခက်နေပါမည်၊ မည်သည့် အလုပ်မဆို စည်းကမ်းနှင့် နည်းလမ်းနှင့် တက်လမ်း ကူးလမ်းရှိ၏၊ ဤသည်ကိုမျှ ဒရခြေခံ သဘော မပေါက်လှလျှင်။

'နိဗ္ဗာန်'သည်၊ ဂမ္ဘီရော-အလွန်နက်နဲ၏၊ ဒုရနုဗောဓေါ အလွန်သိနိုင်ခဲ၏၊ သန္တော-ငြိမ်သက်၏၊ ပဏီတော-မြတ်၏၊ အတက္ကာဝစရော ပုထုဇဉ်တို့၏ အရာမဟုတ်၊ ပဏ္ဍိတဝေဒနီယော၊ ပညာရှိတို့သာ သိမြင်နိုင်၏ ဆိုသော သဘောတို့ကိုလည်း သဘောမပေါက်နိုင်ပါ။

နိဗ္ဗာန်သည်၊လွယ်လွယ်နှင့်မရ-လေးသချေ်္ငနှင့် ကမ္ဘာတသိန်း အရိုးကြေကြေ အရေစုတ်စုတ် လုပ်သော်လည်း၊ အသိခက်ခဲ ကြရခြင်းမှာ အခြေခံသဘောကို မပေါက်မြောက်သမျှ၊ အချိန် ကာလများ-ရှည်ကြာသလောက် ခက်ခဲနေမည်သာဖြစ်ပါသည်။

ကိုယ့်ကိုယ်ကို-ကိလေသာ ငြိမ်း-မငြိမ်း၊ သက္ကာယဒိဋ္ဌိပြုတ် မပြုတ်၊ လောကဓံတရားကို ခံနိုင်မခံနိုင်၊ လောဘ၊ ဒေါသ၊ မောဟ၊တဏှာမာနတွေ ပါး မပါး စသည်ဖြင့် မှတ်ကျောက်တင် တိုင်းတာနိုင်ပါသည်။

တရားသဘောကို နားလည်သဘောပေါက်က လိုရင်း သိရုံမျှသည် ခက်သည် မဟုတ်ပါ၊တရားတွေက ခက်တယ်၊ တရား တွေက ရှုပ်တယ်၊ ဆိုသည်မှာ မှားပါသည်၊ တရားဓမ္မတို့သည်

သူ့သဘောနှင့် သူ ရှင်းလင်းပြီး သွားဖြစ်၍၊ ခက်နေခြင်းနှင့်ရှုပ်နေသည်မှာ ကိုယ့်စိတ်မှာ ကိုယ်မသိခြင်းနှင့် ရှုပ်ခြင်းခက်နေခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများဖြင့်၊ ပြုလုပ်ကြံစည် ပြောဆိုမှုများ စိတ်က လှုံ့ဆော်မှုများ၊ ခံစားမှုများနှင့်ဖြစ်ပျက်နေသမျှ အားလုံးကို တရားလိုသင်္ခါရတရားဟု ခေါ်ပါသည်၊ ပြုပြုသမျှ သင်္ခါရဟုလည်း အဆိုရှိဘူးပါသည်၊ ယင်း "သင်္ခါရ"ဟု ဆိုသောအမှုဖြစ်သည့် ပြုပြုသမျှတို့ကိုဘာပြု၍ ပြုပြုသမျှတွေကို ပြုပြုနေသနည်း ဆိုက 'မသိလို့လုပ်သည်' ဟုဆိုသည်၊ မသိခြင်းကို 'အဝိဇ္ဇာ'ဟု ခေါ်သည်။

ပဋိစ္စသမုပ္ပါဒ် တရားတော်သည် တရား လိုက်စားသူများ အားလုံးအတွက် ဗုဒ္ဓ၏အလေးနက်ဆုံးတရား အပါအဝင်ဖြစ်၏၊ သို့ဖြစ်၍ ပဋိစ္စသမုပ္ပါဒ်နှင့်တရားအကျိုးအကြောင်း ဆက်တရား အခြေခံကို နားလည်သင့်၏၊ အကြောင်းတရားကို နားလည်မှ အကျိုးအပြစ်ကို သိမြင်နိုင် ခန့်မှန်းနိုင်ပြီး ယင်းအကျိုး အပြစ်မှ တဆင့် ဆက်လက် ဖြစ်ပေါ်ခါ အကြောင်း တရားကိုပါ တွက်ချက် မှန်းဆ ယူဆ၍သာ ဖြစ်နိုင်ပါသည်။

တရားတော်၏ ,အလိုအားဖြင့်"အဝိဇ္ဇာ ပစ္စယ သင်္ခါရ"ဟု ဆိုပါသည်၊ ဤသည်ကို ရှင်းရှင်း သိဘို့ရန်မှာ "မသိလို့ လုပ်ကြခြင်း"ဟု ဆိုပါသည်၊ ဘာကို မသိသနည်းဟု ဆိုက သစ္စာလေးပါးကို မသိခြင်းဖြစ်ပါသည်၊ သို့ဖြစ်၍ ယင်း'သင်္ခါရ'တရားများအပေါ် အပြစ်မြင်နိုင်သော တရားအသိဝင်ရန်လိုပါသည်။

ယင်းသို့'သင်္ခါရ'တရားဖြစ်သောပြုပြုသမျှအလုပ်တွေအပေါ် ဒုက္ခသစ္စာ၊ သမုဒယသစ္စာအားဖြင့် အပြစ်မြင်လာပြီး၊ ယင်း အပြစ်တို့ကို သဘောပေါက်နားလည်သည်နှင့် အမျှ ရှောင်ရှား ထိန်းသိမ်း၍ အေးငြိမ်း ချမ်းသာသလို တရားတော် အလိုအား ဖြင့်၊ကာယကံ၊ဝစီကံ၊မနောကံတွေ ငြိမ်းနိုင်သမျှ ငြိမ်းအေးစွာ နေနိုင်မှု ဉပါဒါနက္ခန္ဓာ၊ ကိလေသာ၊ အာသဝေါတရားတို့၏ ကင်းရာ၊ ကုန်ရာ၊ အေးရာ၊ ငြိမ်းရာ၊ ချုပ်ရာနိဗ္ဗာန် အသင်္ခတ ဓါတ်ကို မျက်မှောက် ပြုနိုင်ကြောင်း သိရလေသည်။

အားလုံးကို ပေါင်းရုံး နားလည် အပ်သည်မှာ အကြောင်း အကျိုး၊ အကျိုး အပြစ်ကို သိရန် ဖြစ်ပါသည်၊ ဘုရားက အနိစ္စ၊ ဒုက္ခ၊အနတ္တ၊ အသုဘဟု အခြေခံအားဖြင့် နားလည်ရန် လွယ်လွယ်ဟောကြား ပြသထားပါသည်၊ ဤသည်ကို ကျွန်ုပ် တို့သည်၊ နိစ္စ၊ သုခ၊ အတ္တ ၊သုဘဟူ၍ နံနက် မျက်စေ့နှစ်လုံးပွင့် ကထဲက ဆန့်ကျင်ခဲ့ကြသည်၊ ယင်းအခြေခံ မှစ၍ ကျောခိုင်း ဆန့်ကျင်ပြီး လုပ်ချင်ရာလုပ် ကြံချင်ရာကြံ၊ ပြောချင်ရာပြော နှင့် သဘောအတိုင်း စည်းလွတ်နေကြသည့် ကြားမှ 'နိဗ္ဗာန်'ကို နားမလည်နိုင်သည်မှာ မဆန်းကြယ်လှပါ၊ သို့ဖြစ်၍ ဗုဒ္ဓကို လေးစားမြတ်နိုး၍ ဗုဒ္ဓလိုင်း၊ ဗုဒ္ဓလမ်းကို လိုက်မည်ဆိုလျှင် ဖြင့်၊ ဗုဒ္ဓမှာကြားဟောထားသော တရားကို တရားအတိုင်းတိုင်း အခြေခံက စပြီး သိထားရန် (၀၁) အခြေခံကစ၍ ကျင့်ကြံ သဘောပေါက်ရန်မှာ အမှန် လိုအပ်ပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောကြားထားပါသည်၊ အာနန္ဒ အာနန္ဒာ၊ ဣမ ဤသာသနာတော်၌ ဘိက္ခု ရဟန်းသည် ဧဝ

ဤသို့ အမှတ်ရှိသည်၊ ဟောတိ ဖြစ်၏။ ဝေ-ဤဖြစ်ခြင်း ပျက်ခြင်းတို့၏ ကင်းရာ၊ကုန်ရာ၊အသင်္ခတ နိဗ္ဗာန်သည်၊ သန္တံ-ငြိမ်သက်၏၊ ဧတံ နိဗ္ဗာန်၊ ဤနိဗ္ဗာန်သည် ပဏီတံမြတ်၏၊ယဒိဒံ ယောအယံ ဣဒံ နိဗ္ဗာန် အကြင် နိဗ္ဗာန်သည်၊ သဗ္ဗသင်္ခါရ-သမထော အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာလည်း ဟုတ်၏။

'သဗ္ဗူပဓိ ပဋိနိဿဂ္ဂေါ အလုံးစုံသော ဥပဓိခန္ဓာတို့၏ စွန့်လွှတ်ရာလည်းဟုတ်၏၊ တဏှက္ခယော တဏှာ၏ကုန်ခမ်းရာလည်း ဟုတ်၏၊ ဝိရာဂေါ တပ်မက်မှုတို့၏ ကင်းပြတ်ရာလည်း ဟုတ်၏၊ နိရောဓော ကောင်းဓောင်းဆိုးဆိုးအမျိုးမျိုးသော ဥပဒါနက္ခန္ဓာ သင်္ခါရတရားတို့၏ ချုပ်ငြိမ်း ပျောက်ကွယ်ရာလည်း ဟုတ်၏ ဣတိဧဝံ ဤသို့ ငြိမ်းရာနိဗ္ဗာန်သို့ တည်ကြည်ခိုင်မာသော စိတ်ရှိသည်ဖြစ်၍ နေသည်၊ ဟောတိ ဖြစ်၏။

ဤသို့ ဟောထားပြီး-တဖန်

'အာယူဟနံ ဒုက္ခံတိ အာဟ သေယျံ၊'

အနာယူဟနံ နိဗ္ဗာန န္တိအာဟ သေယျံ'

ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ ဟောကြားထားပြန်ပါသည်။

အာယူဟနံ အားထုတ်ပြုလုပ်၍ နေရခြင်းသည် ဒုက္ခံတိ ဆင်းရဲ၏ ဟူ၍၊ အာဟ သေယျံ ထူးမြတ်သော ဉာဏ်ဖြင့် သိအပ်၏၊ အနာယူဟနံ အားထုတ်ပြုလုပ်မှု မရှိခြင်း (ဝါ) ကာယကံ၊ ဝစီကံ၊ မနောကံ စသော ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော အမှုတွေ မရှိခြင်း (ဝါ) အေးငြိမ်းခြင်းသည်၊

နိဗ္ဗာနန္တိ နိဗ္ဗာန် ဟူ၍၊ အ ကိုညေယျံ ထူးသော ဉာဏ်ဖြင့် သိအပ်၏ ဟူ ၍ဖြစ်ပါသည်။

လူတကိုယ်မှာ ကာယ ဒုစရိုက်သုံးပါး၊ ဝစီ ဒုစရိုက်လေးပါး၊ မနော ဒုစရိုက်သုံးပါး၊ ပေါင်း ဒုစရိုက်ဆယ်ပါးကို ကျူးလွန် တတ်လေ့ရှိပါသည်။

ကာယဒုစရိုက် သုံးပါးဆိုသည်မှာ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ ဟူ၍ ကာယ ဒုစရိုက် သုံးပါး၊ ဝစီကံ၊ ဒုစရိုက် လေးပါးမှာ မုသာဝါဒါ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာ ဟူ၍ လေးပါးဖြစ်ပြီး၊ မနော ဒုစရိုက် သုံးပါမှာအဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ဟူသော၊ မနော ဒုစရိုက် သုံးပါး၊ လူသာမန် တို့အဘို့ နိဗ္ဗာန် အရေး ထက် ယင်း အခြေခံ ကာယာကံ၊ ဝစီကံ၊ မနောကံ သုံးပါးမှ ပေါက်ပွားတတ်သော ဒုစရိုက် ဆယ်ပါးကို ရှောင်ရှားရန်ပင် ခက်ခဲလှပါသည်။

သို့ဖြစ်၍ 'အကု သလကမ္မံ ဘိက္ခဝေ ကရောန္တော နိရိယံ ဥပ္ပါ ဒေတိတပေတိ' ဟူ၍ ဟောကြားခဲ့သည်။

ဘိက္ခဝေ ဝါစာပြေပြစ်၊ ကျစ်လစ်လိမ္မာ၊ ပညာ မြော်မြင် ကြည်လင် စေတနာ၊ တရားရှာသည့်၊ များစွာ အပေါင်း၊ သူတော် ကောင်းတို့၊ အကုသလကမ္မံ အကုသိုလ်ကံ(မကောင်းမှုအလုပ်များ ကို)ဆယ်တန် ဒုစရိုက် အမိုက်ညစ်ဆိုး၊ အပြစ်မျိုးကို ကရောန္တော၊ မိုက်မိုက်မဲမဲ၊ ပြုကျင့်ရဲသော သူတို့သည်၊ နိရိယံ တကာယ်မလွဲ၊ ပါယ်ငရဲသို့၊ ဥပ္ပါဒေတိ၊ ဆွေးရိမသွေ့ဖြစ်ရ ရောက်ရချေ၏။

ဤသည်ကို ဒသဂုံတ္တရပါဠိတော်၌လည်း 'ဒသတိဘိက္ခဝေ မ္မတိ သမ္မန္နာဂမ တော ယထာဘတံ နိက္ခိတ္တောဧဝံ နိရိယေ၊

ဟူ၍ ဟောထား၏ 'ဘိက္ခဝေ၊ ရဟန်းရှင် လူ များ ဗိုလ်လူတို့' ဒသတိ ဓမ္မေတိ မကောင်း မသင့်၊ပြုကျင့် မှောက်မှား ဆယ်ပါး သော ဒုစရိုက် တရားတို့နှင့် သမ္မန္နာဂတော ပြည့်စုံခဲ့သော် မကင်း၊ မဖယ်ရှင်းဘဲ၊ ကိုယ်တွင်းစွဲခြုံ၊ အမြဲဆုံသော သူသည်၊ အာဘဟံ လေးစွာ ထမ်းကုတ်၊ အဝေးမှ ဆောင်ခဲ့သော ဝန်ထုပ်ကြီးကို နိက္ခိတ္တော ယထာ၊ မညှာမတာ ပစ်ခါချ သကဲ့သို့၊ဝေ်တထာ၊ ဤနည်းထား ယူမလားဟု သာလျှင် နိရိယေ ချမ်းသာတည်းစဲ၊ ပါယ်ငရဲ၌၊ နိက္ခိတ္တော ဒုစရိုက်ပါပ ဟူသမျှတို့ကို၊ နှစ်သက် မနေ ပစ်ချလေ၏။

ဟူ၍ ဒုစရိုက် ဆယ်ပါး လိုက်မှား ကျူးလွန်ခြင်း၏၊ အဖြစ် နှင့် အပြစ်ကို ပြထားလေသည်၊ သို့ဖြစ်၍ ယင်းဒုစရိုက်မှုတွေ ရှောင်နိုင်ရန်၊ အကြွင်းမဲ့ ရှောင်ရှားရန်သည် ခက်ခဲ နေပါသည်၊ နိဗ္ဗာန်၏ သဘောကို စာဖတ်၍ လေ့လာလျှင် လွယ်သည်ဟု ထင်ရ သလောက် အလုပ်မှာ တိကျခက်ခဲ၍ နက်နဲ ကြောင်းကို ဤ အခြေခံများ မှတဆင့် စီစစ် စဉ်းစား သင့်ပါသည်။

တဖန် ကာယကံ၊ ဝစီကံ၊ မနောကံမှုတွေက ပွားများ လာသော ဤဆယ်ပါး ဒုစရိုက်မှု အထွေထွေကို မနောကံက ချုပ်ပါသည်။

မနော(စိတ်)မပါဘဲ ဘာမျှမဖြစ်ပါချေ၊စိတ်ကို မထိန်းချုပ် နိုင်၍ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ပြုမူခြင်း ပြော ဆိုခြင်း၊ ကြံစည်ခြင်းများကို ပြုကြသည်သာ ဖြစ်ပါသည်။

'အညတြ သဗ္ဗေနိ သင်္ဂါသောတ္တိ ပဿ ဓိပါမိနိ'

သဗ္ဗေနိသင်္ဂါ အလုံးစုံသော ဥပဓိ တရားတို့အား စွန့်လွှတ်ခြင်းကို

(ဝ၇)အလုံးစုံသော စိတ်အလုပ်၊စိတ်ကိစ္စ၊စိတ်အမှု၊စိတ်ပြုပြင်မှု ဟူသမျှတို့အား စွန့်လွှတ်ခြင်းကို အညတြ ကျဉ်ဖယ် ရှောင်ရှား အလွှတ်ထား၍၊ ပါဏီနိ သတ္တဝါတို့၏ သောတ္တိချမ်းသာခြင်းကို နပဿမိ ငါဘုရား မြင်တော်မမူ'

သို့ဖြစ်ရာ "နိဗ္ဗာန်" ကိစ္စသည် စိတ်အမှု အထွေထွေကို မရှောင်၍ မဖြစ်ပါ၊ ရှောင်၍ မဖြစ်ကြသမျှလည်း လိုရင်း ရောက်မည် မဟုတ်ကြပါ။

"ဘူတံ၊ ဘူတတော၊ ပဿတိ"ဟု ပါဠိလိုရှိ၏၊ တရားကို တရား အတိုင်းတိုင်း သိမြင်ရန် ဖြစ်၏၊တရား အတိုင်းတိုင်းကို သိပြီး ကိုယ်၏ အဖြစ်ကိုလည်း ကိုယ့်ကိုယ်ကို မညာမတာဝေဘန် ပိုင်းခြား၍ အရှိအတိုင်းတိုင်း သိမြင်ပြီး၊ တရားကိုအရှိအတိုင်း တိုင်းနှင့် မိမိ၏ လောလောဆယ်ဖြစ်ပျက်မှုအဖြစ်အတိုင်းတိုင်း ကို ဝေဘန်နှိုင်းယှဉ်ကြည့်ပါ၊ ငါနှင့် တရားမည်မျှ ဝေးကွာ ခြားနားကြောင်း သိမြင်ပါမည်။

ဗုဒ္ဓက-ဥပါဒါနက္ခန္ဓာ ဟူသော ခန္ဓာဝန်ထုပ်ကြီးသည် နှစ်သိန်း လေးသောင်း-အထုရှိသော ဤမဟာပထဝီ မြေထုကြီး ထက်မက ကြီးကျယ်လှသော အလေးလံဆုံးသော ဝန်ထုပ်ဝန် ပိုးကြီး ဖြစ်ကြောင်းကို ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟော ကြားထားပါသည်။

သို့ဖြစ်၍ ဤခန္ဓာ၏ ထုထယ်ပမာနအတိုင်း အဆနှင့် ဒုက္ခ သံသရာကို သိမြင်ရန်ကောင်းပါသည်၊ သည်ခါသော် နိဗ္ဗာန်လို လားသော ပုဂ္ဂိုလ်တို့သည်၊ မိမိ၏ ခန္ဓာကိုယ်ကို စွန့်ဘို့ဝေးလေစွ၊ ငါ့သား ငါ့မယား၊ငါ့လင်၊ငါ့ဥစ္စာ၊ငါ့ဂုဏ်၊ငါ့ရာထူး၊ငါ့စည်းစိမ်၊

ငါ့အမှေ့နှင့် ငါ့ကိုယ်အထွေထွေ ကိစ္စနှင့်ပေါင်းဧပ်ခါ ချည်ပြီး တုပ်ပြီး ဖြစ်နေပြီးသား မျှသာမဟုတ်ပါလား။

ငါသည်ယင်း အထွေထွေနှင့်ကွေကွင်း နိုင်သလား၊ ကွေကွင်း ရန်ကော ဖြေရှင်းဘို့ သတ္တိရှိသလား၊ နေရင်း သေ-နေရင်း သေဖြင့် မွေးသေဖြစ်ပျက်အတွင်း၊ အလောင်းချင်း ထပ်အောင် သေလာခဲ့သော်လည်း၊ ဤမွေးခြင်းနှင့် သေခြင်း၏ ကြား ကာလမှာ ယင်းအထွေထွေနှင့် မကွေကွင်း မဖြေရှင်း နိုင်ခဲ့ပေ၊ ဤသည်မှာလည်း ကိုယ့်ကိုယ်ကိုဆန်းစစ်က အရှင်းဆုံး ဖြစ်ပါ သည်။

× × ×

## ''ခန္ဓာ ငါးပါး''

ခန္ဓာငါးပါးမှာ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူ၍ ဖြစ်၏၊ယင်းခန္ဓာငါးပါးမှာ- အဝိဇ္ဇာ၊ သင်္ခါရ တဏှာ၊ ဥပါဒါန်၊ ကံ-ဟူသောအကြောင်း တရားငါးပါးလည်းစွဲကပ်နေတတ်လေသည်၊ရင်းငါးပါးတို့သည် သတ္တဝါတို့အား သံသရာလည်စေသည်၊ အဓိပ္ပါယ်မှာ သစ္စာ လေးပါးတို့ မသိသောကြောင့်၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးတွေပြုလုပ်လျက်၊စွဲလမ်းမှုမျိုးစုံဖြင့် စွဲချင်ရာစွဲလုပ်ချင် ရာလုပ်မှုတွေမှာ ပြီးခဲ့သောဘဝ အခြေခံကြောင့်၊ ယခု ဘဝ လည်း လုပ်နေကြပြီး၊ နောက်လာမည့် ဘဝတိုင်းလည်း၊ ယင်း ငါးပါးကို လမ်းခင်း၍ နင်းလျှောက်ကြဦး မည်သာဖြစ်ပါ သည်။

ယင်း ငါးပါးသော သစ္စာတရားကို မသိမှု၊ အခြေခံကို တွန်းလှန်ရန် မဂ်ဉာဏ်ဖြင့် အားယူဖြည့်တင်း ရပါသည်၊ မဂ္ဂင် ရှစ်ပါး ဉာဏ်ဖြင့် အနာဂတ်အကြောင်းတိုင်အောင် မပယ်သတ် နိုင်က အကြောင်းမသေသဖြင့် အကျိုးမသေဘဲ၊ သံသရာဆက် ရှည်ရဦး မည်မှာလည်း မလွဲသာပါ။

ပစ္စုပ္ပန် ခန္ဓာကို အမှန်တရားအတိုင်းတိုင်း သိမြင်ပြီး မဂ္ဂင် ငါးပါး၊ မဂ္ဂင်ရှစ်ပါးဖြင့် နားလည်သဘောပေါက်၍ သမ္မာဒိဋ္ဌိမှ မိစ္ဆာဒိဋ္ဌိကို အန်ထုတ်ပစ်နိုင်၏၊ သမ္မာသင်္ကပ္ပက မိစ္ဆာသင်္ကပ္ပကို ပစ်နိုင်သည်၊ ဤသို့မိစ္ဆာမဂ္ဂင်ရှစ်ပါးကို အပြတ်အပြုတ်အံထုတ်၍ သမ္မာမဂ္ဂင်ရှစ်ပါး ဖြစ်ရန်မှာ အရေးကြီးပါသည်။ မဂ္ဂင်ရှစ်ပါး အကျယ်ကိုလည်း ပြထားသည်၊ သို့ဖြစ်၍ မဂ်ဉာဏ်ဖြင့် ပယ်သတ် ရာ–သမ္မာဒိဋ္ဌိ အမြင်မှန်နှနယ် သေးငယ်သေးလျှင် လောကဓံကို မခံနိုင်ဘဲ အကြမ်းခံ ရေစိမ်ခံ ဥတုသုံးပါးခံ မဟုတ်နိုင်ပါ၊ လေ တိုက်၊ရေစားနေရောင်မခံနိုင်ဘဲ ဖေါက်ပြန်တတ်ပါသည်၊ တရား သမားတွေ ဖေါက်ပြန်တယ် ဆိုသည်မှာ မဂ္ဂင်ရှစ်ပါးကို နှလုံး သားမှာတည်ငြိမ်စွာ မဆိုသိပ် မသိမ်း ဆည်းနိုင်၍ သတိလက် လွှတ်ခြင်း ဖြစ်ပါသည်။

အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မ၊ ဘဝဆိုသောအင်္ဂါ ရပ်တွေကို အခြေခံ ပြန်ကြည့်က၊ အဝိဇ္ဇာ မီးရထားခေါင်း တွဲသာဖြစ်သည်၊ ရုပ်ကအဝိဇ္ဇာ မဟုတ်ပါ ရုပ်သည်သုံး ဆယ့်နှစ် ကောဋ္ဌာသ၊ လေးဆယ့်နှစ် ကောဋ္ဌာသအားဖြင့် ခန္ဓာအိမ်အစု အဝေးသာ ဖြစ်သည်၊အဝိဇ္ဇာ ခေါင်းတွဲ စိတ်ထဲမှာ ကျောက်မီး သွေးခဲမှိုင်းခဲဖြင့် မှိုင်းဝနေသောသဘောဖြစ်နေပါသည်၊ငင်းမှိုင်း

ခဲကို မဂ္ဂင်ရှစ်ပါး သိနားလည်သော မဂ်ဉာဏ်ရင့်သန်မှ မဂ်ဉာဏ်လို နှလုံးအိမ်မှာသိမ်မွေ့စွာ ကိန်းအောင်းနေမှ "သမ္မတ္တနိယတာ ဓမ္မာ"ဟူ၍ ဓမ္မသင်္ဂဏီမှာ ဘုရားကမဖေါက်ပြန်တော့ဘူးမြဲပြီဟု ဟောထားပေသည်၊ အနိယတာ ဓမ္မာဝိပဋ္ဌနာမှာကမမြဲကြောင်း ဆို၏၊ မဂ်ရင့်တဲ့ ပုဂ္ဂိုလ်မှာ "သမ္မတ္တနိယတာ ဓမ္မာ" ကျတော့ မဖေါက်ပြန်ဘူး မြဲပြီဆိုရာ၌ လိမ်မာကျွမ်းကျင်သော သမားတော်၏လက်မှ စိတ်ချစွာ လက်လွှတ်လိုက်သော လူမမာနှင့်တူကြောင်း မိုးကုတ် ဆရာတော်ဘုရားက မိန့်ကြားပါသည်။

သို့ဖြစ်၍ နိဗ္ဗာန် ရရာရကြောင်း ဆိုသည်မှာလည်း၊ ဆရာကောင်းမရှိရ၍ မပြီးပါ၊ ဆရာကိုယ်တိုင်က သံသရာကို သိ၍သံသရာကလွတ်ကြောင်းအမှန်ကိုကျင့်ကြံပြီး သိပြီး နားလည်ပြီး ကိုယ်တွေ့မျက်မြင်ဖြစ်ပြီးသော ဆရာဖြစ်ရန်လိုပါသည်၊ဆရာမှားလျှင် သံသရာတလွှား မနားတမ်းပင်ပန်း ဆင်းရဲဦးမည်သာဖြစ်သည်။

'မရဏမ္ပိဒုက္ခံ သစ္စံ' သေခြင်းတရား၏ ဆင်းရဲခြင်း အမှန်ကို မြင်ဘို့ရန်မှာ သုံးဆယ့်တဘုံရှိ ဘဝတိုင်းကို ငြီးငွေ့ကာ နားလည်သဘောပေါက်ပြီး မွေးခြင်းနှင့် သေခြင်းအကြား ဒုက္ခ-တရားချည်းဟု ဒုက္ခ သစ္စာကို နားလည်မှ အမြင်မှန် ရနိုင်ပါသည်၊ သာမန်အားဖြင့် လူသား သတ္တဝါတို့သည် ဆင်းရဲခြင်း ဒုက္ခအကျဉ်းအကြပ်ထဲမှ မွေးလာရသည် တော်တော်ကြီးလာသော် 'လောကီခံစားမှု'တွေဖြင့်၊ ဒုက္ခတွေကိုမေ့ပြီး သုခ ဟု အမှတ်မှားပြီး ကျော်လွှားရန် အပေါ်ယံ အခွံကို ပါးပါး နွှာစားခဲ့သည်ကား ကြာညောင်းလေပြီ ဖြစ်ပါသည်။

လူ၊နတ်၊ဗြဟ္မာ၊သတ္တဝါ မှန်သမျှ အပါအဝင် သုံးဆယ့်တဘုံသား ဟူသမျှတို့သည် ဒုက္ခ ဘုံသားချည်းဖြစ်သည်၊ပုံပြုသမျှ ဒုက္ခသစ္စာသာ ဖြစ်သည်၊ သုံးဆယ့်တဘုံ စည်းဝိုင်းအတွင်း နေသမျှ လောင်မီးကျကာ လောင်စာ တဘက် မီးစ တဘက်မျှသာဖြစ်လေသည်၊ သို့ဖြစ်၍ လောင်စာသိမ်း၍ မီးငြိမ်းရခြင်း အဖြစ်ဆိုသည်မလွယ်လှပါ၊ မလွယ်၍ မလုပ်ရဘူးလားဆိုတော့လည်း၊ဤသို့မဟုတ်ပါ၊ လုပ်နိုင်သမျှကို လုပ်ရမည်။ ကြိုးစားနိုးကြားရမည်သာ ဖြစ်ပါသည်။ လုပ်သမျှတော အချည်းနှီး မဖြစ် ထိုက်တန်သော အဖြစ် ဘဝသတ္တိမျိုးသို့ ရနိုင်သည်သာ ဖြစ်၏။

"ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ" ဘုရားပွင့်ဘို့ရန်မှာ ခဲယဉ်းပါသည်။

"မနုဿတ္တ ဘာဝေါ ဒုလ္လဘော" လူ့ဘဝ ရရန်မှာလည်း ခဲယဉ်းပါသည်၊ ရလဲ့ပါလည်း-သဒ္ဓါသမ္ပတ္တိနှင့် ပြည့်စုံရန်ခဲယဉ်းကြောင်းဖြင့် သူတော်ကောင်းတရားနာကြားကြရန်လည်းရှိထားပြီးဖြစ်၏။

လူ့ပြည်နဲ့ဗြဟ္မာပြည်က အပ်နှစ်ချောင်း အသွားချင်းသာ ထိမည်၊လူဖြစ်ဘို့ အလွန်ခဲယဉ်းပါသည်၊ပြီးတော့ လိပ်ကန်းခေါင်းနှင့်သမုဒ္ဒရာကြော မျောနေသည့် ထွန်တုံးပေါက် တနေ့နေ့ စွပ်ဘွယ်ရာ ရှိသည်၊ လူအဖြစ်ရရန် ခဲယဉ်းပါသည်။

သည်သို့ လူ့ဘဝ၏ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်လာရသော မွန်မြတ်သော လူ့ဘဝကို အကျိုးရှိစွာ အသုံးချတတ်မှ အမြတ်ရနိုင်မည်ဖြစ်၏၊လူ့ဘဝသည် ဘဝအားလုံး၏ လမ်းမလမ်းဆုံဖြစ်၍ကြိုက်ရာလမ်းသို့ တက်လှမ်းကူးခတ်နိုင်ရာ သွားလမ်းမှန်မှရောက်

လမ်းမှန်နိုင်ပါမည်၊ သွားလမ်းမှန်ရန် အသိမှန်၊ အမြင်မှန်ရရန် ဆိုသည်မှာ "သမ္မာဒိဋ္ဌိ" အစရှိသော မဂ္ဂင်ရှစ်ပါးကို သဘောတရား အခြေခံ နားလည်ထားမှ ဖြစ်ပါသည်၊ ရခဲသည့်ဘဝမှာ ဒုက္ခ ဇာတ်သိမ်းနိုင်ခွင့်ရှိတုန်း မဒို-မနာ-မသေရာ ဖြစ်သော ဇာတိ ဇရာ၊ ဗျာဓိ၊မရဏာ ဆိုသော ဒုက္ခခပ်သိမ်း၊ ဒုက္ခ မီးငြိမ်းသော နိဗ္ဗာန်သို့ ကိလေသာ အပူမီးတို့ အေးချမ်းနိုင်ရန်ကြိုးစားရန်သာရှိ ပါသည်။

သံသရာမှ လွတ်ရန် မကြိုးစားနိုင်ခြင်းနှင့် ကြိုးစားရမှန်း မ သိရခြင်း၏အဖြစ်ဆိုးကို ကြည့်က၊အဝိဇ္ဇာနှင့်တဏှာ အကြောင်း ခံဖြစ်၏။

သာမန်အားဖြင့် ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ဝိစိ ကိစ္ဆာ၊ အဝိဇ္ဇာတို့ဖြင့် လူတို့သည် ရှိတတ်သည်၊၎င်းကို ထပ်ချုပ် က၊ လောဘ၊ ဒေါသ၊ မောဟ ဖြင့် နေ၏၊ လောဘ-ဒေါသ- မောဟ ဆိုသည်မှာလည်း ကာယကံ၊ ဝစီကံ၊ မနောကံမှ ဖြစ်ရာ ထပ်ချုပ်က "စိတ်" တရားခံ ဖြစ်လာပြန်သည်၊ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ-ဖြင့် လည်နေခြင်းမှာလည်း စိတ်အလျှင် အမှောင်ကျနေခြင်း၏ အဖြစ်သာ ဖြစ်လာပြန်ပါသည်။

ယင်းတရားတို့သည် အလိုလိုသိရုံဖြင့် ပြီးသည်မဟုတ်သိသဖြင့် ပယ်သင့်သည်လို ပယ်သတ်ရပါသည်၊ မကောင်းသော ဒုက္ခကို ဒုက္ခ သစ္စာအတိုင်း သိသဖြင့် ပယ်သတ်ရာ ပယ်ချင်တိုင်း ပယ်မရပါ၊ ပယ်သတ်နည်းဖြင့် ပယ်ရပါသည်။

"ဘာဝနာနုယောဂံ-အနုနယုတ္တာသ ဘိက္ခဝေ-ဘိက္ခုနော- ဝိဟရတော" ဟူ၍ ဝါသိဇဋ္ဋသုတ္တန်မှာ ဟောထားပါသည်။ သို့

ဖြစ်၍ အားထုတ်မှ ရနိုင်သည့် တရားကို တရားအားထုတ်ရာမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဝိပရိဏာမ-စသည်ဖြင့် ဓမ္မဒိဋ္ဌဉာဏ ရနိုင်ကြောင်း ပါရှိပါသည်၊ ဤသည်ကို သိသဖြင့် တရားရရန် နာကြားရုံ၊ ဖတ်သိရုံ၊ မှတ်မိရုံဖြင့် မပြီး ကိုယ်တိုင် ကိုယ်ကျ စည်းကမ်း၊ နည်းလမ်းဖြင့် စံနစ်တကျ မကျင့်ကြံ အားမထုတ်က အမှန်ကို မရနိုင်ပါ-ခန္ဓာကိုယ်တွေ့ တရားက၊ခန္ဓာကိုယ်တွေ့တရားကို၊ ခန္ဓာကိုယ်တွေ့သာ သိမြင်ခံစားရာ၏။

ဥပမာ နေရာ ဒေသတခုသို့ရောက်ဘူးသူတဦးကခရီးလမ်းစဉ် အတွေ့ အမြင် အဖြစ်အပျက်များနှင့် ၎င်းနေရာ၏ အကောင်း အဆိုးအကြောင်းအကျိုးကို တဆင့် စကားကြားခြင်းသည်၊နားကြားခြင်းသာဖြစ်၍ ကိုယ်တိုင် ရောက်ဘူးသည် မဟုတ်ပါ။

ကိုယ်တိုင်သွား၊ ကိုယ်တိုင်တွေ့မြင်၊ ကိုယ်တိုင်ခံစားပြီးမှ ထိုခရီး၏ ခက်ခဲခြင်း၊ နက်နဲခြင်းနှင့် အကောင်းအဆိုးအကြောင်း အကျိုးကို သဘောပေါက်ပြီး၊ လက်တွေ့ မျက်မြင်ဖြင့် လိုရာ ပန်းသို့ဝင်ဖြစ်နိုင်ပါသည်။ယခုသော် ကျွန်ုပ်တို့သည်၊ဗုဒ္ဓဘာသာ သာသနာမှာ တရားထူး တရားမြတ်တွေ ဝိုင်းဝိုင်းလည်နေပြီး၊ ဆရာကောင်းသမား ကောင်းတွေကလည်း ဟောကြား ပြသနေသည့်ကြားမှပင် လူ့ဘဝကို အမှန်ရနေပါလျက်နှင့် ကိုယ်တိုင် မကျင့်နိုင်၊မသိမမြင်နိုင်ကြချေ၊ဤသည်ကို ကျွန်ုပ်တို့အကြောင်း ရှာရန် အမှန်ကို လိုအပ်သည်မှာ ထင်ရှားပါသည်၊ ယသာယန အကျိုးအာနိသင်ရှိသော အစာအာဟာရကို အလွန်လည်းလိုအပ် ပြီး ကျွေးမည့်သူလည်း ရှိပါလျက်နှင့် အစာကောင်း ဆေးကောင်းမစားနိုင်။ ရှိပါလျက်နှင့် မစားသုံးနိုင်ခြင်းသည်၊ရောဂါ

ဝေဒနာရှိ၍ ဖြစ်ပါသည်။ထိုဝေဒနာမှာ အဝိဇ္ဇာ-ဝေဒနာများ အရှိန်တင်၍၊ လောဘ-ဒေါသ-မောဟ တရားတို့၏ လှည့်စားဖြားယောင်းရာ မာယာနယ်၏ သားကောင် ဖြစ်နေကြောင်းလည်း ထင်ရှားပါသည်။

သမုဒယနှင့် ဒုက္ခနှင့် သမုဒယနှင့် သပွတ်အူကဲ့သို့ အချင်းချင်း အတွင်းမှာ မဖြေရှင်းနိုင်အောင်ရှုပ်နေသည်မှာလည်း၊ ဘယ်သူမှ လာမလုပ်၊ ဘယ်သူမပြု မိမိမှုသာ ဖြစ်ပါသည်၊ ကိုယ်မွေးတဲ့ မီး ကိုယ်တိုင်ငြိမ်းမှ အေးချမ်းမည်သာ ဖြစ်ပါသည်။

"မရဏမ္ပိ ဒုက္ခံသစ္စံ" ဒုက္ခ သစ္စာသေပွဲ ဝင်ဖြစ်ရပ်တိုင်းကို မဖြေရှင်းနိုင်သဖြင့် လူလိမ္မာစာရင်းဝင် မဟုတ်ကြောင်း၊ သံသရာ၏ လှန်းတင်ကြိုး ကျစ်သမားများအဖြစ်ဖြင့် အသစ်သော် စွဲလမ်းဘွယ်ရာ သမုဒယ အသွယ်သွယ်ဖြင့် ဒုက္ခသမုဒ္ဒရာမှာ နစ်မြောနေကြသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။

'သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ' သစ္စာတရားတွေနဲ့ကြား နာသိရှိရသော ဘဝနှင့်၊ သစ္စာနဲ့မညီ သစ္စာတရားနဲ့ မပီသ တာတွေ လုပ်လျှင် 'နိရောဓသစ္စာ'ဆိုသော "နိဗ္ဗာန်"နှင့် ဝေးရ၏၊ မအိုမနာမသေဆိုသည်မှာ "နိဗ္ဗာန်" ချမ်းသာသာ ဖြစ်လေသည်။

တဖန်"နိဗ္ဗာန်"၏ အခြေခံကို အမှန်မသိကြခြင်း အဖြစ်ကို ဆန်းစစ်က၊ အဝိဇ္ဇာတရားခံသာ ဖြစ်ပြန်ပါသည်၊လူကိုသေနတ်နဲ့ ပစ်၊ပစ်ဘာမြင်လျှင်ဘာနဲ့ပစ်ပစ်ရှောင်လို့ရဘိ်းသို့ရနေပါသည်၊ အဝိဇ္ဇာဆိုသည့် မသိနားမလည်တတ်သော အမိုက်တိုက် လူနှလုံးသားအိမ်မှာ ဝင်စိုက်ခိုနားစူးဝင်နေသည်ကိုတော့ ဘယ်လိုမှ ရှောင်မရပါ၊ ရှောင်ရမှန်း မသိခြင်းနှင့် ရှောင်ရန် အလို့ငှာ

အသိတရားမရှိခြင်း၊ အကြောင်းအကျိုး၊ အကောင်း အဆိုးကို နားမလည်ခြင်းတို့ကြောင့်ပင်ဖြစ်လေသည်၊သို့ဖြစ်၍အဝိဇ္ဇာသည် နံပါတ်တစ် အတွင်းရန်သူဖြစ်၏၊ နံပါတ်တစ် တရားခံဖြစ်၏။

သည်အခါနှလုံးသားအသဲ၊ အသိအိမ်မှာ အဝိဇ္ဇာဝင်ရောက် နားနေတော့အသိရှိသော ဝိဇ္ဇာအလင်း ဓါတ်မခိုနားနိုင်၊နေရာ မရှိဖြစ်ရ၏ အစုတ်အပြဲတွေ စုပေါင်းထုပ်စည်းထားသော အစုတ်ထုပ်ကို ပွေ့ပိုက်ထားသဖြင့်ချစ်စရာ သားရတနာကိုရင်ဝယ်ပိုက် နိုင်ခြင်းငှာ မစွမ်းသကဲ့သို့ဖြစ်ရ၏ အကယ်၍ သိမြင်နားလည် ခွင့်ရှိသော ဝိဇ္ဇာစိတ်အလင်းရောက် ပြန်တော့လည်း အဝိဇ္ဇာနေ ခွင့်မရှိပြန်ပါချေ၊ သို့ဖြစ်၍ အသိစိတ်မှာ အဝိဇ္ဇာနှင့်ဝိဇ္ဇာနေရာ ချမှားခြင်းကို သိမြင်ရန် ဖြစ်ပါသည်၊ ထိုအခါအသိ စိတ်မှာ အမြင်မှန်ရပြီး အသိ၊သတိ၊သီလ၊ သမာဓိ၊ ပညာတရားနှင့်ထိန်း သိမ်း၍ ဖြစ်ပျက်ချုပ်တည်မှုကို ရှုမြင်သုံးသပ်နိုင်ပြီး၊ အသိမှန် သဖြင့်၊ အတွင်းရန်ဖြစ်သော အဝိဇ္ဇာကို ပယ်သတ်ခြင်းက အစ ဖြစ်ပါသည်၊ မောဟလည်း မည်၏၊ အဝိဇ္ဇာလည်းမည်၏ငင်းကို ပယ်၍ ပုံပုံသမျှ ဒုက္ခသစ္စာ၊ ပုံလိုရေးက သမုဒ္ဒယသစ္စာဟူ၍ သစ္စာအမှန်ကို အသိက ကေန်မြင်မှ ဝိဇ္ဇာ ဉာဏ်ဝင်ပြီး လိုရင်း မြန်မြန်ရောက် နိုင်ပါသည်။

"တဏှံပဋိစ္စ ၊ ပရိယေသန၊ ပရိယေသနံ၊ ပဋိစ္စ လာဘော" လာဘံ-လာဘ်ရခြင်းကို၊-ပဋိစ္စစွဲ၍ ဝိနစ္ဆယော၊ ဆုံးဖြတ်ချက်ချ လေသည်-လိုတာရှာ-ရှာ၍ရတော့ ရတာပေါ်စွဲလန်းလေသည်၊ ရလိုမှုက သမုဒယ၊ ရပြန်တော့-အိုစာ၊ မင်းစာ၊ သားစာ၊ သမီးစာ၊ မနက်စာ၊ ညာစာဖြင့်အချိန်ကာလပုဂ္ဂိုလ်မှစ ခွဲခြား

ရသည်၊ လိုတာကိုရလာသည်မှ အစ သိမ်းဆည်းခြင်း ဒုက္ခ၊ ၎င်း ပစ္စည်းများ မပျက်စီး မချို့ယွင်းအောင်၊ ရန်သူမျိုး ငါးပါး ဘေးမှ မပျက်စီးအောင်၊ သူများသိလျှင် ချေးငှားမည်စိုး၍ မသိရ လေအောင်၊ သိ၍ချေးငှားလျှင် လိမ်ညာ၍ ပြောနေလေအောင်၊ လိမ်ညာ၍ မရက ရန်တွေ့အမုန်းခံရအောင်စသည့် စိတ်အမှုတွေ ပွေ့ရလေသည်၊ သို့ဖြစ်၍ ဘုရားဟောတရား အတိုင်းတိုင်း သိ ရန်နှင့်ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်ပုံအကြောင်း အကျိုးဆက် ကို နားမလည်၍ ခက်ရလေသည်၊ ပဋိစ္စသမုပ္ပါဒ်ကို ပါး နပ်လိမ္မာစွာ နားမလည်ခြင်းကြောင့်၊ ဝိစိကိစ္ဆာ အဝဝဖြင့် ဟိုဟိုသည်သည် သို့လောသို့လော၊ ထိုသဘောသည် သဘော တွေ များရခြင်း ဖြစ်လေသည်။

# အပိုင်း ၃

## ''နိဗ္ဗာန်''

### နိဗ္ဗာန် အဖွင့်

ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ။
ဝါနံဝုစ္စတိ တဏှာ၊ တံဝေ့နတ္ထိတိ နိဗ္ဗာနံ။
နိဗ္ဗာတိ ဧတေနရာဂဂ္ဂိ အာဒိကောတိ နိဗ္ဗာနံ။

ဝါနမည်သော တဏှာမှလွတ်မြောက်သဖြင့် နိဗ္ဗာန် ဟု ဆိုသည်။တဏှာကို ဝါန ဟု ဆိုသည်။ ယင်းဝါန မည်သော တဏှာ မရှိရာဖြစ်သဖြင့် နိဗ္ဗာန် ဟုဆိုသည်။

ရာဂ အစရှိသော ကိလေသာတွေ ငြိမ်းအေးကြောင်းဖြစ်၍ နိဗ္ဗာန် ဟုဆို၏၊ နိဗ္ဗာန ပုဒ်ကို ဤသို့ နည်းစုံဖွင့်ကြ၏၊ နိဗ္ဗာန် အကြောင်း သိစေခြင်းငှာ ဖွင့်ဆိုခြင်း ဖြစ်သည်။

(နိ) ပုဒ်နှင့် (ဝါန) ပုဒ်တို့ကို စပ်၍ ထုတ်ခြင်း ဖြစ်သည်၊

နိဝါနမှ နိဗာန၊ ၎င်းနိဗာနမှနိဗ္ဗာန်သို့ ပြောင်းလဲရွေ့လျော လာကြောင်းလည်း ဆို၏။

(နိ)သည်ပဉ္စဝေဝမပုဒ်ဖြစ်၍ မရှိခြင်းဟူ၍အနက် ထွက်သည်။

ပုဒ် နှစ်ခု စပ်သော် ဥပါဒါန်အကပ်အစေးချေးညှော်ကော်များမရှိခြင်း ဟူ၍ ဖြစ်၏၊ လေသာကုန်ခမ်းခြင်း၊ တဏှာကုန်ခမ်းခြင်း၊ အာသဝေါခမ်းခြောက်ခြင်း ဟူ၍ ဖြစ်၏။ ပရမတ္ထတရားလေးပါးတွင် စိတ်၊ စေတသိက်၊ ရုပ်ဟု သုံးပါး အပြီး နိဗ္ဗာန်ကို ပြဆိုသည်၊ နိဗ္ဗာန်သည်၊ မြန်မာစကား ဖြစ်၏၊ ပါဠိလို "နိဗ္ဗာန" ဖြစ်သည်၊ ပုဒ်ရင်းမှာ 'နိဝါန' ဖြစ်သည်၊ ထို နိဝါန၏အဓိပ္ပါယ်မှာ....

'ဘဝါဘဝံ ဝိနတိ သံ သိဗ္ဗတိတိ ဝါန' ဘဝကြီးငယ်ကို ချုပ်စပ်တတ်သောကြောင့် ဝါနခေါ်၏၊ တရားကိုယ်မှာ တဏှာဖြစ်၏၊ ဝါနကိုနိုနှင့်တွဲသောအခါ 'ဝါနတော နိက္ခန္တံ နိဗ္ဗာနံ' တဏှာမှ ထွက်မြောက်ခြင်းသည် နိဗ္ဗာန် မည်၏ဟု ဆိုသည်။

ပါဠိလို-(ဝါန+နိ)ဖြစ်သည်၊ရင်း ပုဒ်ကို ရှေ့နောက်ပြန်၍ (နိဝါန) ဖြစ်သည်၊ ရင်းမှ(နိဗ္ဗာန) ဖြစ်ပြီး၊ နိဗ္ဗာန် ဖြစ်သည်။

ဗာန်=တဏှာ လောဘမှ နိဗ်=ထွက်မြောက်တတ်သောသဘော သည်နိဗ္ဗာန်၊ နိဗ္ဗာန်သည် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက၊ ဟူသော လောကသုံးပါးမှ သီးခြား ပရမတ္ထသဘာဝ အားဖြင့် ထင်ရှားရှိသောတရား၊ လောကသုံးပါးနှင့် ဘယ်တော့မှ ဘယ်အကြောင်းနှင့်မှ ပေါင်းမယှဉ်သော တရားဖြစ်၏၊ဤသည်ကို နိဗ္ဗာန်ဟု သိစေလို၍ "လောကုတ္တရသင်္ခါတံ" ဟုသင်္ဂြိုလ်ဆရာကမိန့်သည်၊ သို့ဖြစ်၍ နိဗ္ဗာန်သည် လောကုတ္တရာတရားသက်သက်မျှသာ ဖြစ်၏၊ ပညတ်တရားမဟုတ် ဟူသော အဓိပ္ပါယ်ကို ပြသည်။

တဖန် အမိပ္ပါယ် ယူဆချက် တူသော်လည်း အသုံးမတူချေ။ (နိ)ပုဒ်ကိုလွှတ်မြောက်ခြင်း။(ဝါန)ကို တဏှာ ဟူ၍ ဆိုသည်၊ နှစ်ပုဒ်ပေါင်းက (ဝါန) ဆိုသော တဏှာမှ ထွက်မြောက်သည့် နိဗ္ဗာန်ဟု ဆိုသည်။

ဝါနပုဒ်အနက်မပြောင်းသော်လည်း နိပုဒ်အနက်ပြောင်းပြီး (မရှိ)ဆိုသည့် အနက်ဖြစ်လာသည်၊ နှစ်ပုဒ်ပေါင်း အနက်မှာ (နိဝါန =တဏှာ၏မရှိရာ)ဟုဆိုသည်၊ နောက်တနည်းအရ၊ နိရှေ့ရှိ ဝါဓါတ်ယ-ပစ္စည်းထားပြီး အနက် ပြန်ရာမှာ (ငြိမ်းအေးကြောင်း)ဟု ပြန်ဆိုသည်၊ ပုဒ်ပြီးရာမှာ ဝတလုံးကို နှစ်လုံးပြု၊ တဖန်-ဝနှစ်လုံးကို ဗ-နှစ်လုံးပြု၊ ယ-ကို အန ပြုပြီး ချေသင့်သည်ကို ချေ၍ ချေတပ်လိုက်သောအခါ (နိဗ္ဗာန်) ဖြစ်သွားသည်၊ ဤသည်မှာ လိုအပ်သည့်အနက် အမိပ္ပါယ်အတွက် ဖွင့်ဆိုချက်၊ သဒ္ဒါနည်းအရ သာဖြစ်သည်။

နိဗ္ဗာနပုဒ်ထဲမှာ၊ တဏှာကို ဝါနဟု ဆိုထားခဲ့သည်၊(ဝါန) ဆိုသည်၊ဝိနတိသံသိဗ္ဗတိတိဝါနံ-ဟု ဖွင့်၏၊ ချုပ်စပ်တတ်သည်၊ ဆက်စပ်ချုပ်စပ်တတ်သည်၊ ဘဝတပါးနှင့် ဘဝတပါးကိုလည်း ချုပ်စပ်ပေးတတ်သည်ဟု ဖွင့်၏၊ ပဋိစ္စသမုပ္ပါဒ်စက်လည်ရာမှာ စက်ချုပ်သမား ဥပမာဖြင့် ပြသည်၊ ဘဝအထွေထွေကို မပြတ်အောင် အကြောင်း အကျိုးဆက်စပ် ပေါင်းစည်းချုပ်စပ်ပေး တတ်သည် ဟူ၍ ဖွင့်သည်။

'စတုမဂ္ဂဉာဏေနသစ္ဆိကာတဗ္ဗံ' နေဝန်း လဝန်း ကြီးကို ဂကတိမျက်စိဖြင့် မြင်ဘိသကဲ့သို့၊အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့

ရအပ်သော မဂ်ဉာဏ်ဖြင့် မျက်မှောက်ထင်ထင် ပစ္စက္ခသိဒ္ဓိအား ဖြင့် သိအပ်သော အဖြစ်ကို ပြ၏။

'မဂ္ဂဖလာန မာရမ္မဏဘူတံ'နိဗ္ဗာန်ကို ကလျာန ပုထုဇဉ်တို့ သည် သုတမယ အနုမာနသိဒ္ဓိ-စိန္တာမယ အနုမာနသိဒ္ဓိ- ဘာဝနာမယ အနုမာနသိဒ္ဓိ-အားဖြင့် မှန်းဆ၍ သိအပ်သည်၏ အဖြစ်ကိုပြ၏၊ ဤသို့ ပြသဖြင့်'ရာဂ'အစ ရှိသည်တို့၏ မရှိခြင်း 'သဘာဝပညတ်'မျှသည် နိဗ္ဗာန်မည်၏ ဟူသော မိစ္ဆာအယူကို တားဖြစ်တော်မူ၏။

နိဗ္ဗာန်သည် သန္တိသဘောအားဖြင့် တပါးတည်းဖြစ်၏။ ကာရဏပရိယာယေန အကြောင်း ဟူသော အမြွက်အားဖြင့် သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန် ဟူ၍ ၂-ပါးပြ သည်။ အခြား ပြဆိုချက်များလည်း ရှိထားပါသေးသည်။

**သဉပါဒိသေသနိဗ္ဗာန်**=ကိလေသာအာသဝေါတို့မှ ကင်းစင် ၍ ဘဝခန္ဓာအကြွင်းအကျန်ရှိနေစဉ် ပေါက်ရောက်ခံစားရသော နိဗ္ဗာန်၊

**အနုပါဒိသေသနိဗ္ဗာန်**=ခန္ဓာကြွင်း ဘဝကြွင်း မရှိစေဘဲ အဆုံးစွန်သော ပရိနိဗ္ဗာန်ဝင်မှုဖြစ်သည်။

သဉပါဒိသေသနိဗ္ဗာန်သည် ကိလေသာတို့၏ ချုပ်ငြိမ်းမှုဖြစ် ၏။ **ကိလေသာနိဗ္ဗာန်** ဒိဋ္ဌဓမ္မရအပ်သောကြောင့် **ဒိဋ္ဌဓမ္မိကနိဗ္ဗာန်** မည်၏။ အနုပါဒိသေသနိဗ္ဗာန်သည် ခန္ဓာတို့၏ ချုပ်ငြိမ်းမှုဖြစ် သောကြောင့် **ခန္ဓနိဗ္ဗာန်** စုတိသည်မှ နောက်၌ ရအပ်သဖြင့် **သမ္ပရာယိကနိဗ္ဗာန်**မည်၏။

သုံးဆယ့်တစ်ဘုံအတွင်း ပုဂ္ဂိုလ် သတ္တဝါများကို တဏှာ၊ ကိလေသာသည် တဘဝပြီးတဘဝ-ဘဝအလီလီကို မပြတ်မလပ် ရအောင် ဆက်စပ်ပေးတတ်သည်။

အတိတ်အကြောင်းကံတွေနှင့် ပစ္စုပ္ပန်အကျိုးတွေ။

ပစ္စုပ္ပန်အကြောင်းကံတွေနှင့် အနာဂါတ်အကျိုးတွေ။

မပြတ်ရအောင်ဖြစ်နေခြင်းသည် ဝါန-ဆိုသော တဏှာ၏ လက်ချက်ချည်းဖြစ်၏။တဏှာခေါ်ငင်းတွဲ၊တဏှာဇာတ်လိုက်အဖြစ် ပါဝင်နေကြရသော သုံးဆယ့်တစ်ဘုံ သံသရာ ဇာတ်ရှုပ်ပင် ဖြစ်၏။ ဝါန-ဟူသော တဏှာက ချုပ်စပ်ပေးနေခြင်းဖြစ်၏၊ ဤသည်ကြောင့်ပင်လျှင် သံသရာဝဲဩဃထဲ တဝဲဝဲလည်လျက် မပြတ်မစဲအိုးစားမကွဲကြဘဲအလဲလဲအမှားမှားဖြစ်နေကြရသည်။

'နိဗ္ဗာန်'မှာ ဤသို့ ချုပ်စပ် ပေးတတ်သော ဝါန-တဏှာ မရှိချေ။

နိဗ္ဗာန်သည် ဘုရားမပွင့်မီကလည်း ရှိနေသည်၊ပွင့်လည်း ရှိနေသည်။ အရှိတရားကို သိတတ်သော အသိတရားမရှိကြ၍ ရှိပြီးသားကို သိပြီးသားဖြစ်ရန် သစ္စာဉာဏ်ရပြီးသော ဘုရားရှင်သည် ဟောကြားရလေသည်။

'အတ္ထိဘိက္ခဝေနိဗ္ဗာနံ'၊ ဘိက္ခဝေ-ရဟန်းတို့၊နိဗ္ဗာနံ၊ နိဗ္ဗာန်သည်၊ အတ္ထိ-ရှိ၏ဟူ၍ ဟောထား၏။ဥဒါန်းပါဠိတော်မှာလည်း 'အတ္ထိဘိက္ခဝေ-နိဗ္ဗာနံ-အဇာတံ၊ အဘူတံ၊ အသင်္ခတံ' ဟူ၍ ဟောထားလေသည်။

အဇာတံ-ပဋိသန္ဓေ မနေသည့် နိဗ္ဗာန်၊ အဘူတံ- ဘယ်သူမှ မပြုလုပ်ဘဲ ရှိပြီးသား နိဗ္ဗာန်၊ အသင်္ခတံ-ဘယ်သူမှ မပြုပြင်ဘဲ

သဘာဝ ဓမ္မအတိုင်း ရှိနေသည့် နိဗ္ဗာန် ဟူ၍ဖွင့်ဆို၏။ နိဗ္ဗာန်ဆိုသည်၊ ရာဂ-လောဘ-ဒေါသ-မောဟတို့၏ ချုပ်ရာကို ခေါ်ဆိုသည်၊ နိဗ္ဗာန်သည် အစိုင်အခဲမဟုတ်၊ ကိလေသာ အပူမီးတို့၏ ငြိမ်းအေးခြင်းဖြစ်သည်။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌၊ သင်္ခါရ ရုပ်နာမ်တွေ၊ ဖြစ်ခြင်းကင်းသည့် သဘောကို နိဗ္ဗာန်ဟု ပြဆိုပါသည်။

**နိဗ္ဗာန်မျိုး**

မိလိန္ဒပဥှာမှာ၊ နိဗ္ဗာန်သည်၊ အဆင်း၊ အရောင်၊ ပုံသဏ္ဍာန် မရှိ၊ အရှယ်အစား မရှိ၊အတိုင်း အရှည် ပမာဏ မရှိ ဟု ဆိုထားသည်။

ထင်ရှားရှိမရှိဆိုသည်ကို- အဘိဓာတသုတ်ပါဠိတော်မှာ အတိအလင်း ဟောထားပါသည်။ ''ချစ်သားတို့ အပြစ်ကင်းတဲ့နိဗ္ဗာန်ဆိုတာ ထင်ရှားရှိတယ်'' ဟူ၍ ဖြစ်ပါသည်။

ကံ-စိတ်-ဥတု-အာဟာရ-ဆိုသော အကြောင်း တရားများသည်ထင်ရှားရှိ၏။ဤအကြောင်းတွေကိုမှီပြီး၊ရုပ်နာမ်ဓမ္မသင်္ခါရ အကျိုးတရားတွေ မီးအလျှံမပြတ်ဖြစ်နေ၏၊ ရေအလျဉ် တသွင်သွင်စီးနေ၏၊ လေသို့အသွင်မပြတ်ရှိ၏၊ ဤသို့ မပြတ်ဖြစ်ပျက်နေသော ရုပ်နာမ်တွေ ထင်ရှားကြောင်း သိအပ်၏။ နိဗ္ဗာန်တွင်၊ သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍ သုံးမျိုး ရှိပြန်သည်။

သုညတ နိဗ္ဗာန်=ရာဂ-ဒေါသ-မောဟ တို့မှ ဆိတ်သုဉ်းရာ ဖြစ်၍၊ သုညတ မည်၏။ ရာဂ-ဒေါသ-မောဟ-ကိလေသာ တို့ကိုအာရုံမပြုသောကြောင့် အာရုံအားဖြင့်၊ စိတ်တွင်အကြွင်းမဲ့

ပယ်အပ်သည်ဖြစ်၍ သမ္ပယောဂ အားဖြင့်လည်း၊ စိတ်ဘွင်ဤသို့ အာရုံ အားဖြင့်ငှင်း၊ သမ္ပယုတ် အားဖြင့်ငှင်း၊ ကိလေသာ အနှောက်အယှက်တို့မရှိ၊ ကိလေသာတို့၏ ဆိတ်သုဉ်းရာ ဖြစ်သောကြောင့် **သုညတနိဗ္ဗာန်**မည်၏။

အနိမိတ္တနိဗ္ဗာန်သည် ရာဂ စသောအကြောင်း နိမိတ်မရှိရာ ကင်းရာ ဖြစ်သောကြောင့် **အနိမိတ္တ နိဗ္ဗာန်**မည်၏။

အာရုံအားဖြင့်ငှင်း၊သမ္ပယုတ်အားဖြင့်ငှင်း၊ဒုက္ခအမျိုးမျိုး၏ အကြောင်း၊ သံသရာဝဋ်၏အကြောင်း၊ ဖြစ်ကုန်သော ရာဂ စသော ကိလေသာ အနှောက်အယှက်မရှိ၊ ကိလေသာတို့၏ ဆိတ်သုဉ်းရာ အကြောင်းတရားတို့၏ ကင်းရာဖြစ်သောကြောင့် **အနိမိတ္တနိဗ္ဗာန်**မည်၏။

အပ္ပဏိဟိတနိဗ္ဗာန်သည် ရာဂ စသော တောင့်တမှု ကင်းရာ၊ ကုန်ရာ၊ မဲ့ရာဖြစ်သောကြောင့် **အပ္ပဏိဟိတ** မည်၏။

အာရုံအားဖြင့်ငှင်း၊ သမ္ပယုတ်အားဖြင့်ငှင်း၊ ရာဂ စသော တောင့်တမှု မရှိခြင်းကို ဆိုသည်၊သင်္ခတ တရားဖြင့် ရရှိပြီးသော်လည်း ပျက်စီးခြင်း အနိစ္စ ဓမ္မဖြစ်၍ အဖန်ဖန် ရရန် တောင့်တမှု ဆင်းရဲဒုက္ခ ပွားစေကုန်၏၊နိဗ္ဗာန်တရားသည် တောင့်တမှုအာဟာ တဏှာ တရား-ပဏိဟိတ တရားတို့ကို အကြွင်းမဲ့ ဖျက်ဆီး ကင်းငြိမ်းလေသည်။

မွေးဖွားခြင်း နှင့် သေခြင်း၊ ဖြစ်ခြင်းနှင့်ပျက်ခြင်း၏ ကြား ကာလအတွင်း အပျက် မရှိ၊ ဖြစ်ချည့်နေသည်ဟု ထင်မှားနေ၏။ ရုပ်ရှင်ပိတ်ကားပေါ်မှာ ဇာတ်ကောင်တို့ လှုပ်ရှားနေ၊ ရပ်နေသည့်အခါ ကြည့်သူက ရပ်နေသည်ဟုသာ မြင်ရသော်လည်း

ဖလင်သည်စက်ပေါ်မှာ အလျှင်မပြတ်သွက်သွက်ခါလည်ပတ်နေရ၏။ ဤသို့ပေါ်ငုပ်နေသော နာမ်ဓမ္မသင်္ခါရတို့၏အဖြစ်နှင့်အပျက် လျှင်မြန်လှန်း၍ ဖြစ်ပျက်တရား ခွဲခြားမမြင်နိုင်၊ တဆက်တည်း တပြေးတည်း တလုံးတခဲတည်း ရှိနေသည်ထင်မှတ်ရ၏၊ သာမညမျက်စိဖြင့် ယင်းဖြစ်ပျက်ကို မမြင်နိုင်ချေ၊ ဤသည်ကို ဝိပဿနာဉာဏ်မျက်စေ့အမြင်မှ လွဲ၍ တခြား အကြည့်ဖြင့် ရှုကြည့်၍ မမြင်နိုင်ချေ။

အမြဲဖြစ်နေသည် မဟုတ်သကဲ့သို့ အမြဲပျက်နေသည် မဟုတ်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက် သဘောဖြစ်သည်။ မီးအလျှံ တောက်နေသကဲ့သို့၊ ရေအလျှင်စီး နေသကဲ့သို့၊ လေအသွင် တိုက်ခတ်နေဘိအလား ဖြစ်၍ တစပ်ထဲဟု ထင်ရသည်။

နိဗ္ဗာန်ဆိုသည် ရုပ်နာမ်ဓမ္မ သင်္ခါရတွေ အဖြစ်အပျက် မရှိ၊ အပြစ်ကင်း၏။ ဖြစ်ခြင်းကင်းသော နိဗ္ဗာန်သည် ထင်ရှားရှိ၏ ဖြစ်စရာမရှိသဖြင့် ပျက်စရာလည်းမရှိချေ။ အသစ် အသစ်တွေ ဖြစ်ပျက်ဆက်နေ၍သာလျှင် ဖြစ်ပြီး၍ ပျက်ရသည်။ မဖြစ်က မပျက်တော့ချေ။ ဖြစ်စရာ မရှိသော၊ ဖြစ်ခြင်းကင်းသောအခါ ပျက်ခြင်းလည်း ကင်းရချေသည်၊ ပျက်စရာ အကြောင်းအဖြစ် မရှိတော့သဖြင့် ပျက်စရာ အကျိုးမရှိတော့ချေ။

သို့ဖြစ်၍ အမတ-မသေသည့်ဂုဏ်၊ အပလောဟိတ မပျက်စီးသည့်ဂုဏ်၊ဓုဝ တည်မြဲသည့်ဂုဏ်များနှင့်အဇာတသုတ်က-အဇာတ အပြစ်ကင်းသည့် ဂုဏ်တို့နှင့် ညီညွတ်ကြောင်း ပြထားလေသည်။

'အက္ခိဘိက္ခုဝေအဘူတံ' ထင်ရှားမရှိ ဖြစ်ပေါ်သည့် နိဗ္ဗာန်ဆိုသည် ထင်ရှားရှိ၏ ရဟန်းတို့ ဟု မြတ်စွာဘုရားက ဟောတော်မူ

၏။သင်္ခါရရုပ်နာမ်တို့သည် ထင်ရှားရှိ၍ ထင်ရှားပျက်၏၊နိဗ္ဗာန်မူကား ဖြစ်ခြင်းကင်း၍ ပျက်ခြင်းလည်း ကင်းပေသည်။

တဖြစ်ထဲဖြစ်၍ တပျက်ထဲပျက်၊ ဖြစ်မဆုံး ပျက်မဆုံး အကြောင်းတွေရှိ၏၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်၊ အဝိဇ္ဇာကြောင့်၊ ဟေတု အာရမ္မဏကြောင့် စသည်ဖြင့် ဖြစ်စရာ ထောက်ပံ့စရာအကြောင်းတွေ ဝိုင်းဝိုင်းလည်နေ၍ ဖြစ်ဖြစ် နေပြီး၊ ဖြစ်မဆုံးဖြစ်ရ၍၊ ဖြစ်ပြီးတော့လည်း ပျက်ရသည်သာ၊

နိဗ္ဗာန်သည်၊ ဤသင်္ခါရ ရုပ်နာမ်တွေ မဖြစ်တော့ချေ၊ မထင်မရှားမဟုတ်၊ ထင်ရှား၏၊ ယင်းသို့မဖြစ်သဖြင့် အနိဒဿန ပကတိမျက်စိဖြင့် မမြင်ကောင်း၊ ဒုဒ္ဒသ၊တော်ရုံ၊ တန်ရုံမြင်တတ်သည့် ဉာဏ်မျက်စိနှင့်မြင်နိုင်ခဲ၏၊ အမြင်ခက်၏၊ မြင်အောင် မကြည့်နိုင်၊ နိပုဏသိမ်မွေ့လှ၏၊ ဤသို့ သိမ်မွေ့လွန်း၍လည်း မြင်နိုင်ခဲသည်။ နိဗ္ဗာန်သည် စာသိဖြင့်လည်းမပြီး နိဗ္ဗာန်ရောက်ရန်၊ ရရန်၊ သိရန်အလို့ငှာ ကိုယ်တိုင်ကျင့်၍ ကိုယ်တွေ့မျက်မြင် အသိတရားဖြစ်သဖြင့် ပို၍ အသိခက်ခြင်း ဖြစ်ချေသည်။

**နိဗ္ဗာန်၏ သဘာဝ**

**နိဗ္ဗာန်သည်။** ။အစ္စုတံ၊ စုတေခြင်းမရှိသောတရား၊ အစ္စန္တံ စုတိဟု ဆိုအပ်သော အဆုံးကို လွန်သော တရား၊အသင်္ခတံ၊ကံ၊စိတ်၊ဥတု၊ အာဟာရ တည်းဟူသောအကြောင်းတရားလေးပါး တို့သည် မပြုပြင်အပ်သော တရား။

အနုတ္တရံ၊ မိမိ ထက်လွန်သောတရား မရှိသောတရား၊ ပဒံ အရိယာတို့သည် ရောက်အပ်သောတရား။

သတ္တဝါအစ၊ သံသရာအစမရှိသကဲ့သို့ နိဗ္ဗာန်သည်အစမရှိ၊ နိဗ္ဗာန်သည်မည်သည့် တရားကိုမျှ အာရုံမပြု၊နိဗ္ဗာန်ကိုဂေါတြဘူ ဝေါဒါန်၊ မဂ်၊ ဖိုလ် အာဝဇ္ဇန်းတို့ကသာ အာရုံပြုသည်။

သင်္ခတတရားတို့သည် ဥပါဒ်၊ ဌီ၊ ဘင်ဟူသော လက္ခဏာ၊ ၃ ပါးနှင့် မည်သည့်အခါမျှ တန့်နားခြင်းမရှိဘဲ၊ အပြေးအလွှား မနားမနေ လှုပ်ရှားပြေး သွားနေကြလေသည်။

အသင်္ခတတရားမှာ၊ ဥပါဒ်၊ ဌီ၊ ဘင်၊ မရှိ၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ နှစ်ပါးတွင် ဗဟိဒ္ဓဓမ္မာဟူသော မာတိကာပုဒ်အရ ဗဟိဒ္ဓတရား ဖြစ်၏။

နိဗ္ဗာန်သည် ဝေဒယိတသုခမရှိ၊ ဝေဒယိတသုခ ထက်သာ လွန်သော သန္တိသုခ သဘောထားကားကေန်ရှိ၏ဟူ၍ သဂြိုလ် အခြေပြုမှာ နိဗ္ဗာန်အကြောင်းတွင်ပြသည်။

ဓဇဂ္ဂသုတ်မှာ ‘သွက္ခာတော၊ ဘဂဝ တာဓမ္မော’ ဟုဟော ထားသည်၊ ဘဂဝတော၊ မြတ်စွာ ဘုရားသခင်သည် ဓမ္မော တရားတော်ကို သွက္ခာတော၊ ကောင်းစွာဟောကြားတော်မူ၏။

(၁) ပဋ္ဌာန်း (၂) ပဋိစ္စသမုပ္ပါဒ် (၃) သစ္စာဟူ၍ သုံးပါး ဖြစ်သည်၊ တခြားတရားများကို ဗုဒ္ဓဘာသာဝင် မဟုတ်သူတို့ သံသယဝင် နိုင်သော်လည်း ဤတရားသုံးပါးကိုမူ သံသယမဝင် နိုင်ကြ၊ ဆင်ခြေမတက်နိုင်ကြအောင် ခိုင်လုံစွာဟောကြားထား လေသည်။

ချက်ခြင်းလုပ်လျှင် လက်ငင်းမြင်နိုင်၏၊ ကိုယ်တိုင်လုပ်လျှင် ကိုယ်တိုင်သိနိုင်၏၊ ကိုယ်တိုင်သိမြင်ခြင်းဆိုသည်မှာလည်းဉာဏ်

အမြင်ဖြစ်သည်။ ဝိပဿနာဆိုသည်မှာလည်း ဉာဏ်အလုပ်သာ ဖြစ်သည်။

'မာပိဋကသမ္ပဒါနေနပိဋကတ်အမြင် (စာအမြင်)ကို ငါ မကြိုက်ဘူး (လက်တွေ့လုပ်)ဟု ဟောကြားထားလေသည်။

ပေါဋ္ဌိလရဟန်းသည် ကျောင်းပေါင်းငါးရာ တပည့်များ စွာကို စာပေသင်ကြား ပို့ချနေသော်လည်း ပိဋကတ်အမြင်သာ လျှင်ရှိသဖြင့် ဘုရားက "အချိးနှိး ပေါဋ္ဌိလ လာလော့၊ သွား လော့၊ ထိုင်လော့"ဟုသာ နှုတ်ဆက်လေ့ရှိ၏၊ ဤသည်မှာ ပိဋကတ်အမြင်သာရှိပြီး ခန္ဓာပေါ်၌ သန္တိဋ္ဌိကော၊ သာမံပဿိ၊ တဗ္ဗော၊ ဆိုသည့် ချက်ခြင်းလက်ငင် းဒိဋ္ဌဓမ္မ လက်တွေ့ မျက်မြင် မလုပ်ခြင်းကြောင့်ဖြစ်သည်။

မျက်စိ အမြင်၊ နားအကြားဖြင့် နိဗ္ဗာန် မရောက်နိုင်ချေ နိဗ္ဗာန်နိဒ္ဒါန်းသည်၊ ဤသည်မှစ၍ သိရန်လို၏၊ ဉာဏ်အမြင် ဆိုသည်ကလည်း မရှိမဖြစ်တွေကို စိတ်ကူးယဉ် ကြံစည်ဖန်တီး၍ မြင်ရသည်မဟုတ်၊ဖြစ်နေ ပျက်နေ ရှိနေ တည်နေ သည်ကို မြင် ရခြင်း သိရခြင်း ဖြစ်သည်။

**ဤခန္ဓာသည်**

(၁) ပဋ္ဌာန်းခန္ဓာ အကြောင်းအကျိုး တရားတွေဖြင့် ဆက် စပ်နေ၏။

(၂) ပဋိစ္စသမုပ္ပါဒ် ခန္ဓာ-တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ မရဏတရား တွေဖြင့် လှည့်လည်နေ၏၊ ဇာတိ၊ ဇရာ၊ မရဏမှသောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ တွေဖြင့်လည်း လည်ရ၏။

(၃) ဒုက္ခသစ္စာနှင့် သမုဒယသစ္စာနှစ်ပါး ခန္ဓာကိုယ်မှာ လှည့်လည်နေကြောင်း၊ သရာကောင်းမတွေ့သေးသမျှ လည်နေဦးမည်သာဖြစ်၏။

ဥပမာအားဖြင့် အဝိဇ္ဇာက လှည်းရှင်၊ တဏှာက လှည်းမောင်းသမား၊ ခန္ဓာဝန်ကိုနွားဟူ၍ ပြထားပြီး လက်တွေ့ အမြင်မရှိ မသိ မပိုင်လျှင် အမော ဆိုက်နေသောနွား ဖြစ်ရမည်ဟု ဆိုးမထားသည်။

ကိုယ့်ခန္ဓာ၊ ကိုယ်တိုင်မြင်သည့် ဉာဏ်နှင့်သာနေလျှင်၊ ဒိဋ္ဌဓမ္မော၊ ပတ္တဓမ္မော၊ ဝိဒိတဓမ္မော၊ ပရိယောဂါဠ္ဟဓမ္မော၊ တိဏ္ဏ၊ ဝိစိကိစ္ဆော။

ဝိစိကိစ္ဆာတွေ့သော်၍၊ ဝိဂတကထံမှာ၊ သံသယမရှိသော် ဝေသာရဇ္ဇပတ္တော၊ ရရှိ့ ပြပ်သားလာ၏။ အပရပစ္စယော၊ တပါးသောသူတို့၏ အကူအညီမလိုတော့။

သို့ဖြစ်၍ သံဒိဋ္ဌိက တလုံးပိုင်လျှင်သောတာပန် တည်မည်၊ သံဒိဋ္ဌိကောဆိုသည် ဒိဋ္ဌဓမ္မောပြီးလျှင်၊ ပတ္တဓမ္မော အစဉ်အတိုင်း၊ ဝိစိကိစ္ဆတွေကင်းပြီး တပါးဉာဏ်ဝင်စရာမလို၊ ပင်ကိုယ် သတ္တိ၊ ပင်ကိုယ် ဉာဏ်အမြင်ဖြင့် 'သာမံပသဓိတဗ္ဗော' သာမံ ကိုယ်တိုင်၊ ပသဓိတဗ္ဗော၊ ခန္ဓာမြင်အောင်ကြည့်၊ သောက်ဆေး ကို လိမ်းဆေးလုပ်လျှင် ရောဂါမပျောက် ဟုထောက်၍ ဟောဆို ဆုံးမ ထားပါသည်။

နိဗ္ဗာန်နိဒါန်းသည်၊ သောက်ဆေးကို ကိုယ်တိုင်သောက်မှ၊ ကိုယ်တိုင် ကိုယ့်မှာရှိသော ရောဂါပျောက်မည် ဖြစ်ကြောင်း တင်ပြအပ်ပေသည်။ ကိုယ့်ရောဂါ ကိုယ်မသိက သောက်စရာ

ဆေးမရှိချေ။ ကိလေသာရောဂါ တဏှာရောဂါတွေကို ကိုယ်တိုင်သိမြင်မှ အကျိုးရရှိပေမည်။

လောကတွင် အပြုံးနှင့်အမဲ့ရှိသည်၊ ဤနှစ်ဦးစလုံးမှာ မမှန်ဟုဆိုသည် မဇ္ဈိမပဋိပဒါသည် မပြုံးမမဲ့ချေ သစ္စာဖြူစင်သော အမြင်ဖြင့် သံဒိဋ္ဌိကောလမ်းသို့ လိုက်မှ အလယ်လမ်းမှန်ရောက်နိုင်ပါသည်။

ပြုံးသူသည် လိုရာရ၍ ကာမသုခလ္လိကနုယောဂ၊လောဘနှင့် ကာမဂုဏ်ခံ စားရ၍ ဖြစ်သည်။

မဲ့သူသည်လိုတာမရ၊ ကာမဂုဏ်မခံစားရ၍ စိတ်ဆင်းရဲအောင် ဒေါမနဿ ဖြစ်နေသော အတ္တကိလမထနုယောဂ ကိုယ့်ကိုယ်ကို ညှင်းဆဲခြင်း ဖြစ်သည်။

**ဤလမ်း နှစ်သွယ်သည်။**

ကာမသုခလ္လိကနုယောဂလမ်းမှ သွားလျှင် သုဂတိဘုံရောက်မည်။ အတ္တကိလမထနုယောဂ လမ်းမှ သွားလျှင် အပါယ်ရောက်မည် နိဗ္ဗာန်နှင့် ဝေးမည်။

ဤခန္ဓာကြီးသည် ဒုက္ခသစ္စာ၊ထိုဒုက္ခသစ္စာကြီးသည် ဒုက္ခတွေ ခဏမစဲ ဖြစ်၍ ဖြစ်ပြီးလျှင် ပျက်နေ၏။ဤသို့ ဖြစ်ပြီး တိုင်းပျက်နေသည့် ဒုက္ခသစ္စာ ဒုက္ခအမှန် ဖြစ်ကြောင်းကို 'သန္ဒိဋ္ဌိကော' လက်တွေ့ ချက်ခြင်းလုပ်မှ လက်ငင်းမြင်နိုင်သဖြင့် အလုပ်လုပ်သူကိုသာ အမြင် ပြတတ်လေသည်၊ တခြားသူကို မပြနိုင်။

နိဗ္ဗာန်နိဓါန်း သည် လက်တွေ့ လမ်းစဉ်မှသာဖြစ်နိုင်ကြောင်း တင်ပြအပ်ပေသည်။

နိဗ္ဗာန်သည် ဘုံတွေ၏ အထက်ဆုံးမှာ ရှိသည်လည်း မဟုတ်၊ ဆုတောင်းနေ၍လည်း မရ ကျက်မှတ် ဟောပြောနေ ရုံဖြင့်လည်း မပြီး၊ အာရုံပြု၍ ရသော အာရမဏတရားလည်းမဟုတ် ခန္ဓာကိုယ်တွေ့ကျင့်ပြီးမှ မျက်မှောက်ပြုအပ်သော တရား မျှသာဖြစ်ပေသည်။

စိတ်ကိုထိန်းနိုင်မှုသည် အရေးကြီး၏စိတ်၌ဖြစ်ပေါ်လာသော ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးကို ဝေဘန်ချင့် ချိန်၍ ပြုပြင်ဆုံးမရန် လိုပါသည်။

စိတ်တလုံးကို နိုင်လျှင် ကိလေသာကို သတ်နိုင်သည်၊ စိတ်လှည့်စားတိုင်းယုံက ဘုံဘဝမှာ ဆုံကသော နွားကဲ့သို့ ကျင်လည် ရတတ်သည်၊စိတ်ထက်အစွမ်းကောင်း သူသည်မရှိ၊ ကြည့်၍လည်း မမြင်နိုင်၊စိတ်သည် သူရဲကောင်းထက်ကြောက်စရာကောင်းသည်၊ စိတ်ကို မြင့်မိုရ်တောင်နှင့် ကြိတ်သော်လည်း မကျေ၊ သမထ ဘာဝနာနှင့်ကြိတ်မှ ကျေ၏။သူတော်ကောင်းတို့၏ စိတ်၌ ဘုရား တရား အမြဲတည်၏။အေးငြိမ်းနိုင်နင်းမှု စိတ်ရှိ၏။ ကာမဝိတက် ကြံသူ၏စိတ်ထဲတွင် စပါးကြီးမြွေ အမြဲညွတ်လျက်နေသကဲ့သို့ရှိ၏ မာနကြီးသူ၏ စိတ်၌ မီးပုံးပျံ သို့ကြွတက်လှုပ်ရှား၏၊ မာနသည် လောဘဖြင့် အမြဲတက် ကြွတတ်သည်။

နိဗ္ဗာန်ကိစ္စသည် စိတ်နှင့်ဆိုင်သည်။ နိဗ္ဗာန်အတွက် စိတ်ကို ကိလေသာနှင့်အရောမဝင်ရ၊ကိလေသာသည် အရောဝင်ကရောင့်တက်၏၊နိဗ္ဗာန်သည် ဝမ်းထဲမှာရှိ၏ အပြင်ပ ဗဟိဒ္ဓတရား မဟုတ် သူတော်ကောင်းသည် သံသရာကို မစင်ပုပ်ကဲ့သို့ အလွန်စက်ဆုတ်၏၊သံသရာအဆုံးတွင် နိဗ္ဗာန်ရောက်၏၊ကိလေသာသည် သမုဒ္ဒရာ

ရေကဲ့သို့ဖြစ်၏၊ခပ်ထုတ်ပစ်၍မကုန်၊သို့ဖြစ်၍ နိဗ္ဗာန်လမ်းစဉ်သည် စိတ်၌ အကြောင်းဆုံ၍ ဖြစ်ပေါ်လာသော အာရုံ တရားများကို ထိန်းသိမ်းရာဖြစ်၏။

သာသနာနှင့် လောက နှစ်ဌာနလုံး၌ အရေးအကြီးဆုံးသည် ပရိယတ္တိသိမှုနှင့် ပဋိပတ္တိကျင့်မှု ဖြစ်သည်။အမှန်ကို အမှန်အတိုင်း သိ၍ အမှန် အတိုင်း ကျင့်လျှင် မဂ်ဖိုလ် နိဗ္ဗာန်သို့ မလွဲဆိုက်နိုင် သည်။

"ရုပ်နာမ် နှစ်ဖြာ၊ ဉာဏ်ခန္ဓာဝယ်၊ရှုံစရာရုပ်ထွေး၊အညစ်ကြေး ကို၊ချစ်ရေး ခင်ရေး၊ ထင်တွေး မက်မော၊ ရမက်ဇောကြွကာ၊ နေ လေ့ရှိသော၊ သကာံစိတ္တံ အမိုက်တွင်ဗိုလ်မှူး၊ အရှုံးတွင် ထိပ်ခေါင် အမှောင်တွင် ထိပ်ပိတ်၊ မိမိတို့ စိတ်ကို၊ သမထ ဘာဝနာချည် တိုင်မှာ မြဲခိုင်ပိုင်နိုင်စွာ ချည်နှောင်တဲ့ရှု၍ ဆုံးမရာ၏"

ဝိပဿနာဉာဏ်ကြီး ရှင်များ မဖြစ်ကြ၍ မသိမြင် မရရှိနိုင်သူ များပင်ဖြစ်စေမူ အပြောအဟော ကောင်းသော ဆရာသမား များထံမှာ နာကြား လေ့လာရာ၏။

'ဒေသနာ နုသာရေန ဉာဏံ ပေသေတွာဘူလာတိ'ဟု ဆို၏ ဟောကြားသော တရားအနက်တို့ကို ဉာဏ်နှင့် စူးစိုက်နာကြား ပါမူ ဓမ္မသဘာဝ အလင်းနှင့် ပစ္စယပရိဂ္ဂဟဉာဏ် အလင်းကို နာကြားရယူလျက် သိမြင်နိုင်၏၊စူဠသောတပန်အဖြစ်နှင့်တန်ဘိုး မဖြတ်နိုင်အောင် မြင့်မြတ်နိုင်၏ ဉာဏ်ပါရမီရင့်က နာကြား လျက်ပင်ဉာဏ်စဉ်တက်နိုင်၏၊အထက်ဉာဏ်တိုင်တက်နိုင်၏သို့ဖြစ် ၍ မိမိကိုယ်မိမိ အားလျှော့ သိမ်ဖျင်းမှုဖြင့် အချိန်မကုန်စေရာ။

ပြုပြင်စီရင်မှု မကင်းသည့် သင်္ခါရ ရုပ်နာမ်များသည် အမြဲ ထာဝရ ပြုပြင်စီရင်နေ ကြရ၏၊ ပြုပြင်စီရင်နေမှုလည်း နှစ်လို ဘွယ်ရှိ၏ လက်သမား မရှိက အိမ်မဖြစ်၊ အိုးထိန်းသည် မရှိက အိုးမရှိ ပြုသူရှိ၍ ဖြစ်နေခြင်းဖြစ်သည်၊ ပြုလုပ်ပေးသူများ ရှိ၍ သာဖြစ်ဖြစ်နေခြင်းဖြစ်၏။ဖြစ်အောင်ပြု သူရှိရ၏၊ ကံ-စိတ်-ဥတု-အာဟာရ-တွေ တဏှာဆန္ဒတွေ ရှိကြရ၏။၎င်းသင်္ခါရတို့ကြောင့် ရုပ်နာမ်တွေတဖြစ်ထဲ မနားတမ်းဖြစ်မြဲ ဖြစ်နေကြရ၏။

သတ္တဝါအနန္တတို့ဖြစ်ရန် တဏှာ သမုဒယ အကြောင်းရင်းခံ ဖြစ်၏၊ တဏှာလောဘကြောင့် သမုဒယ ဟု ဟောတော်မူသည် ဆင်းရဲခြင်းကို သတ္တဝါတို့ခံစားကြရ၏၊ ဒုက္ခ သဒ္ဒါကို သမ္မောအဌကထာမှ ဆင်းရဲခြင်းဟု ပြ၏'သဗ္ဗေသင်္ခါရဒုက္ခာ'ပြုပြင်စီရင် နိုင်မှု သင်္ခါရမှန်သမျှဒုက္ခဖြစ်၏၊ပြုပြုသမျှ ဒုက္ခသစ္စာ၊ပြုလိုရေးက သမုဒယဓမ္မာ ဟု ဟောကြားလေသည်။

သက်ရှိ သက်မဲ့ သင်္ခါရတိုင်းသည် အကြောင်းအကျိုးဖြင့် ဆက်စပ်နေ၏၊ဖြစ်ပြီးပျက်ရ၏။ဖြစ်စေမှုအကြောင်းတရားတွေကို မပြုမပြင် မစီရင်တော့လျှင် မပြုလုပ်တော့လျှင် လောကတွင် သင်္ခါရရုပ်နာမ်တွေမဖြစ်တော့ချေ အကြောင်းကင်းပြီး အကျိုး ချုပ်ငြိမ်းသွားနိုင်၏။ဤသို့ အကြောင်းကင်းပြတ်၍ ချုပ်ငြိမ်းမှု သည် နိဗ္ဗာန် ဖြစ်၏။

(၁) ဒုက္ခသစ္စာ၊ သမုဒယသစ္စာကြောင့် ဖြစ်လာရသည့် အကျိုးသစ္စာ၊

(၂) သမုဒယသစ္စာ၊ ဒုက္ခဖြစ်အောင် ဆောင်ရွက်ပေး သည့်အကြောင်းသစ္စာ၊

(၃) နိရောဓသစ္စာ၊ ဒုက္ခခပ်သိမ်းငြိမ်းအေးသည့်သစ္စာ၊
(၄) မဂ္ဂသစ္စာ၊ဒုက္ခခပ်သိမ်း-ငြိမ်းအေးရာနိရောဓသစ္စာ (နိဗ္ဗာန်)သို့ ဆိုက်ရောက်ကြောင်း လမ်းကောင်း အကျင့်ဖြစ်သည့် သစ္စာ၊

နိဗ္ဗာန် ဟူသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ဖြစ်ခြင်း၊ ပျက်ခြင်း မွေးသေဖြစ်ပျက်တို့မှ ကင်းရာ၊ လွတ်ရာ၊ ငြိမ်းရာ၊အေးရာသဘော'အသင်္ခတဓါတ်'ဟူ၍ ဆိုကြောင်း ရှိလေသည်။

"အာကာသေဝ သကုန္တာနံ ဂတိတေသံ ဒုရနယာ" ကောင်းကင် ခရီး၌ ငှက်တို့သည်လမ်း မသိ မမြင်နိုင်သကဲ့သို့ နိဗ္ဗာန်ကြွသွား ရဟန္တာများသည်၊လားရာ နိဗ္ဗာန်ကိုမြင်နိုင်ခဲ၏၊ အသိ အမြင် ခက်၏ မသိ မမြင်နိုင်ဟု တွေ့ရှိရသည်။

"ယဿဂတိ° နဇာနန္တိ ဒေဝါဂန္ဓဗ္ဗ မနုဿာ"

ရဟန္တာ ပုဂ္ဂိုလ်တို့ လားရောက်ရာ နိဗ္ဗာန်ကို နတ်ဖြစ်ဖြစ်၊ ဂန္ဓဗ္ဗ ဖြစ်ဖြစ်၊ လူဖြစ်ဖြစ်၊ မသိနိုင်ကြ(အဇာတသုတ်)။

'အတ္တိဘိက္ခဝေ အတတံ' မည်သည့်အကြောင်း တခုကမျှ ပြု ပြင်စီရင်ခြင်း မရှိသော နိဗ္ဗာန်သည် ထင်ရှား ရှိပါ၏ ရဟန်း တို့ဟု ရှိပါသည်။

ဘဝ ဘဝတွေမှာ အလိုဆန္ဒ လောဘ သမုဒယနှင့် ချာချာ လည်ကြရ၏၊ မရှိတောင့်တ ရှိကြောင့်ကျ ဒုက္ခမျှသာ ဖြစ်၏၊ မရသဖြင့် ရှာမှီးရသော ပရိယေသနဒုက္ခ ရှာ၍ ရပြန်သော် စောင့်ရှောက်ရသော အာရက္ခဒုက္ခ လိုရာ မရသည့်အခါ၊ စေတ

သိကဒုက္ခ[ပြန်]ဖြစ်လေဖြစ်ထ သခ်ါရ ဒုက္ခ၊ ဒုက္ခ ဒုက္ခ ဆိုသည့် ဒုက္ခ အလယ်မှာ အရှုံးမီးဝိုင်းမျှသာ ဖြစ်ကြသည်။

ဤဒုက္ခတို့၏ အကြောင်းသည် လောဘ သမုဒယ အကြောင်းကြောင့် ဖြစ်၏၊ အကြောင်း မကင်းသော အကျိုး ဒုက္ခသစ္စာတွေ ဖြစ်လေသည်။

အကြောင်းအကျိုးတွေကို အသေးစိတ် ဟောတော်မူသော အဘိဓမ္မာပဋ္ဌာန်း ဒေသနာတော်မှာ ပစ္စည်း ပစ္စယုပ္ပန်အကြောင်း အကျိုးတွေရှိ၏၊ ၎င်းတို့ကို ပေါင်းချုံလိုက်လျှင် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်တရားများဖြစ်၏ စိတ်၊ စေတသိက်၊ ရုပ်တရားများဖြစ်သည်။

"အတ္ထိဘိက္ခဝေ အသင်္ခတံ"

အကြောင်းများစွာ ညီညွတ်၍ မပြုပြင် မစီရင် အပ်သော နိဗ္ဗာန်သည် ထင်ရှား ရှိသည် ရဟန်းတို့ ဟူ၍ ဟောသည်။

"နိဗ္ဗာန်ဆိုတာ တူမျှတဲ့ အဖို့ဥပမာမရှိဘူး မင်းကြီး နိဗ္ဗာန်ရဲ့ အရောင်အဆင်း အနံ့ အရွယ်အစား၊ အတိုအရှည်အတိုင်းအတာ ပမာဏကို ဥပမာ ဆောင်ပြီး ပြောခြင်း ငှာလည်း မစွမ်းနိုင်ဘူး ဥပထမ္ဘကအကြောင်း၊ ဇနကအကြောင်း ဒီလိုအကြောင်းတွေနဲ့ ဆောင်ကပ်ညွှန်ပြခြင်း ငှာလဲ မစွမ်းနိုင်ဘူး"(အသျှင် နာဂသေန မထေရ်မြတ်၏ အဖြေ)

"အတ္ထိဘိက္ခဝေ တဒါယတနံ"

အကြောင်းအာရုံဖြစ်သည့် နိဗ္ဗာန်ဆိုသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသည် ရဟန်းတို့ (ဥဒါန်းပါဠိတော်၊ ပဌမနိဗ္ဗာန် ပဋိသံယုတ္တသုတ်)

"ဥပ္ပါဒေါ သင်္ခါရာ၊အနုပ္ပါဒေါ နိဗ္ဗာနံ"

ဖြစ်ဖြစ်သမျှ သင်္ခါရချည့်ဖြစ်သည် ဖြစ်ခြင်းကင်းမှ နိဗ္ဗာန်ဖြစ်သည် (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

"ပဝတ္တံသင်္ခါရာ၊ အပ္ပဝတ္တံ နိဗ္ဗာနံ"

မပြတ်ဖြစ်ပေါ်နေသော ရုပ်နာမ် အစဉ်တွေသည် သင်္ခါရသဘောများသာ ဖြစ်သည်၊ မပြတ်ဖြစ်ပေါ်နေသည့် ရုပ်နာမ်အစဉ်ချုပ်ငြိမ်းပြီး အဖြစ်တရားများ ရပ်၍ မဖြစ်တော့မှ နိဗ္ဗာန်။

နိဗ္ဗာန်မှာ ဖြစ်တည်ချုပ်ပျက်ခြင်း ကင်း၏၊ ပညတ် အရိပ်နိမိတ်တွေမရှိ၊ အလွန်တည်ငြိမ်အေးချမ်းခြင်း သဘော။

"အာယူဟနာသင်္ခါရာ အနာယူဟနာ နိဗ္ဗာနံ"

ကောင်းမြတ်ချမ်းသာလိုသော ရည်ရွယ်ချက်ဖြင့် အားထုတ်မှုသည်သင်္ခါရဖြစ်၏၊ ယင်းအားထုတ်မှု ရပ်မှ နိဗ္ဗာန်။

"ပဋိသန္ဓိသင်္ခါရာ အပ္ပဋိသန္ဓိနိဗ္ဗာနံ"

ဆက်စပ် ဖြစ်နေခြင်းသည် သင်္ခါရာ၊ ဆက်စပ် သင်္ခါရကင်းခြင်းအမှန်သည် နိဗ္ဗာန်" သဟဇာတ၊ အညမည၊ အနန္တရတို့ဖြင့် အဘူဘက္ကပေါင်းစည်း၍ အကျိုးပြုဆက်စပ်ကြ၍ ရှေ့နောက်အခြားမဲ့ အခနေနှင့် ဆက်စပ်၍ ဖြစ်မှုသင်္ခါရ ရုပ်နာမ်များမှကင်းသည်၊ ဖြစ်ခြင်း သင်္ခါရကင်းရာ၊ ရုပ်နာမ် သင်္ခါရ ဖြစ်စဉ်ပြတ်ရာဖြစ်၏၊ သင်္ခါရပုံဟန်သဏ္ဌာန်ထင်ပေါ်မှု မရှိ အားထုတ်ပြုလုပ်ခြင်းသည် သင်္ခါရ၊ မပြုလုပ်သည်မှာ အမြတ် နိဗ္ဗာန်၊ ဆက်စပ်ဖြစ်ခြင်းသည်သင်္ခါရ၊ မဆက်စပ်သည်မှာ အမြတ်နိဗ္ဗာန်။

× × ×

## နိဗ္ဗာန်၏ သဘော အရသာ

(၁) "အသင်္ခတန္တိအကာတံ" မပြု မပြင် မစီရင်အပ်သည့် နိဗ္ဗာန်၊ ပြုပြင်စီရင်မှု ကင်းသည့် နိဗ္ဗာန်။

(၂) "တဏှာနတိယာ၊ အဘာဝေန၊ အနတံ" တဏှာ လောဘတို့၏ ညွတ်ကိုင်းရာ မဟုတ်၊ ယင်းတို့ဖြင့် အာရုံ မပြုနိုင်၊ နိဗ္ဗာန်ကို တဏှာ လောဘတို့ဖြင့် အာရုံပြု၍မရနိုင်၊ အလွန် မွန်မြတ်၏။

(၃) "စတုန္နံ အာသဝါနံ၊ အဘာဝေန၊ အနာသဝံ" အာသဝေါ တရားလေးပါးတို့၏ ကင်းရာ၊ ရှင်းရာ၊ လွတ်ရာဖြစ်၍ အနာသဝမည်သောနိဗ္ဗာန်။လောဘ၊ ဒိဋ္ဌိ၊ မောဟ သုံးပါး အမှူး ထားသော အဝိဇ္ဇာ (မောဟ)နှင့် ယှဉ်စီးတတ်သော အာသဝေါ တရား လေးပါးတို့၏ ကင်းရာနိဗ္ဗာန် (အာသဝ = ကြာမြင့်စွာ ဆုံအပ်ခြင်း၊ စိမ်ထားခြင်း)

(၄) "ပရမတ္ထသစ္စတာယသစ္စံ" ပရမတ်အားဖြင့် မှန်ကန်ခြင်း၊ သစ္စဂုဏ်နှင့်ညီ၏၊ သမုတိသစ္စာ ပရမတ္ထသစ္စာ နှစ်ပါးတွင် ပရမတ္ထသစ္စာ အားဖြင့် သူသဘော အတိုင်းမှန်ကန်နေခြင်း၊ ဤသို့မှန်ခြင်းဖြင့် သစ္စာ ထိုက်သောတရားမည်သည်။

(၅) 'ဝဋ္ဋဿ ပရ ဘာဂဋ္ဌေနပါရံ'။ ဝဋ်ဆင်းရဲ၏ တဘက် ကမ်းအနက် သဘောဖြစ်၍ 'ပါရ' မည်သော နိဗ္ဗာန်

(၆) 'သဏှဋ္ဌေန နိပုဏံ' သိမ်မွေ့လှသောသဘော ဖြစ်၍။ နိပုဏ နိဗ္ဗာန်။

(၇) 'သုညတုဒုဒုသတာယ သုဒုဒုသံ' လွန်စွာမြင့်နိုင်ခဲ့၍ သုဒုဒုသဂုဏ်နှင့်ပြည့်စုံသည့်နိဗ္ဗာန် သိမ်မွေ့လှ၍ အလွန်မြင့်နိုင်ခဲသည်။

(၈) 'ဇရာယ အဇရိတတ္တာ အဇဇ္ဇရံ'၊ ဇရာဖြင့်ဆွေးမြေ့ယိုယွင်း၊ အိုမင်းခြင်း မရှိ၍'အဇဇ္ဇရ' ဂုဏ်နှင့်ပြည့်စုံသော နိဗ္ဗာန်။

(၉) 'ထိရဌေနဓုဝံ၊ မြဲမြံခိုင်ခံ့ တည်တံ့၍၊ ဓုဝဂုဏ်နှင့်ပြည့်စုံသော နိဗ္ဗာန်။

(၁၀) 'အပလုဇ္ဇ နတာယ အပလောကိတံ' ပျက်စီးခြင်း မရှိ၊ အပလောကိတ ဂုဏ်ဖြင့် ပြည့်စုံလော နိဗ္ဗာန်။

(၁၁) 'စက္ခုဝိညာဏေန အပဿိဗ္ဗတတ္တာ အနိဒဿနံ' စက္ခု ဝိညာဉ်ဖြင့် မမြင်အပ် မမြင်ကောင်းသည့် နိဗ္ဗာန်။

(၁၂) 'တဏှာမာန ဒိဋ္ဌိပပဉ္စာနံ၊ အဘာဝေန နိပ္ပပဉ္စံ'၊ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုသော ပပဉ္စသဘော မရှိသော နိဗ္ဗာန်။

(၁၃) 'သန္တဘာဝ ဌေနသန္တံ'' ငြိမ်သက် ငြိမ်းအေးသည့် သန္တဂုဏ်နှင့်ပြည့်စုံသော နိဗ္ဗာန်။ (သံသရာဟူသော ခန္ဓာအာယတနဓါတ်များအစဉ်ဖြစ်ပျက်မှုမှကင်း၏) ခန္ဓာမှာ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် တို့ဖြစ်ရာ ယင်းတို့မှ ကင်းငြိမ်း ငြိမ်သက် ငြိမ်းချမ်း ငြိမ်းအေးရာဖြစ်သည် တဏှာ မာန ဒိဋ္ဌိတို့၏ချုပ်ငြိမ်းရာ အပ်သောသံသရာမှကင်းသည်။

(၁၄) မရဏာဘာဝေန အမတံ' သေခြင်း သဘောမရှိ၍ အမတဂုဏ်ဖြင့် ပြည့်စုံသော နိဗ္ဗာန်။
(၁၅) 'ဥတ္တမဋ္ဌေနပဏီတံ' မြတ်၍ ပဏီတဂုဏ်ဖြင့် ပြည့်စုံသော နိဗ္ဗာန်။
(၁၆) 'သဿိရိကဋ္ဌေနသိဝံ' အသရေဂုဏ်ဖြင့် ပြည့်စုံသည့် သိဝဂုဏ်ဖြင့် ပြည့်စုံသော နိဗ္ဗာန်။
(၁၇) 'နိရုပဒ္ဒဝတာယ ခေမံ' ဥပဒ္ဒဝ ဘေးရန် မရှိရာဖြစ်၍ ခေမဂုဏ်ဖြင့် ပြည့်စုံသော နိဗ္ဗာန်။
(၁၈) 'တဏှက္ခယဿ ပစ္စယတ္တာ တဏှက္ခယံ ' တဏှာကုန်ခြင်း၏ သဘော(အကြောင်း) ဖြစ်၍၊ တဏှက္ခယဂုဏ်ဖြင့် ပြည့်စုံသော နိဗ္ဗာန် (တဏှာကုန်၊ ကိလေသာကုန်၊ ဆင်းရဲကုန်၊) (တဏှာ=ဒုက္ခ သမုဒယ ဆင်းရဲ ဖြစ်ကြောင်းတရား)
(၁၉) 'ဝိမ္ဟာပနီယဋ္ဌေန အစ္ဆရိယံ၊ ပဟာရိတဗ္ဗ ယုတ္တကန္တိ အစ္ဆရိယံ'' လက်ဖျစ်တီးပြီး အံ့ချီးထိုက်၍ အစ္ဆရိယ ဂုဏ်ဖြင့် ပြည့်စုံသော နိဗ္ဗာန်။
(၂၀) 'အဘူတမေဝဘူတံ၊အဇာတံဟုတ္ထာအတ္ထိတိအဗ္ဘုတံ' မဖြစ်ဘူးမြဲသာလျှင် တခါထဲ ဖြစ်လာသော သဘောတည်း၊ ဤသဘောသည် ထင်ရှားရှိ၏ အဗ္ဘုတံ၊ အဗ္ဘုတမည်သော နိဗ္ဗာန် (ထူးကဲစွာ မဖြစ်ဘူးဘဲ ဖြစ်လာသော နိဗ္ဗာန်)
(၂၁) 'နိဒ္ဒုက္ခတ္တာအနီတိတံ'ဆင်းရဲဟူ၍ တမြူမျှ မရှိသော အနီတိကဂုဏ်ဖြင့် ပြည့်စုံသော နိဗ္ဗာန်။

(၂၂) 'နိဒ္ဒုက္ခသ ဘာဝတ္တာ အနိတိကစ္ဆ'၊ ပင်ကိုယ် သဘောကိုက အလိုလိုဆင်းရဲမရှိ သောသဘော၊ အနိတိကစ္ဆ ပင်ကိုယ်ဆင်းရဲ မရှိသော နိဗ္ဗာန်၊ ဆင်းရဲဟူ၍ တမျိုးမျှ မရှိသည့် နိဗ္ဗာန်။

(၂၃) 'ဝါနာ၊ ဘာဝေန၊ နိဗ္ဗာန်'၊ ဝါနဆိုသည့် တဏှာ မရှိသောကြောင့် နိဗ္ဗာန်၊နိဗ္ဗာန ဂုဏ်ဖြင့်ပြည့်စုံသော နိဗ္ဗာန် (ဝါနံဝုစ္စတိတဏှာ) ဝါနဆိုသည် တဏှာ၏ အမည်ဖြစ်သည်၊သဘာဝအနေဖြင့်တူပြီး သတတ္တာပုဒ် နက်မတူကြောင်း (နိဗ္ဗာန်ဟူသည်မှာရှု)

(၂၄) ဗျာပဇ္ဈာဘာဝေနေဝ၊ အဗျာပဇ္ဈံ' ကြောင့်ကြစရာ မျိုးမျှမရှိ၍ အဗျာပဇ္ဈာဂုဏ်ဖြင့် ပြည့်စုံသောနိဗ္ဗာန်၊ (ကြောင့်ကြပူပန်မှုသည် အရိယာဖြစ်သော၊ သော တာပန်၊ သကဒါဂါမိ ပုဂ္ဂိုလ်များအထိ နှိပ်စက် တတ်ပြီး၊)ဒေါသ၊ ဒေါမနဿဝေဒနာကင်းပြီးသော အနာဂါမိ၊ ရဟန္တာ ပုဂ္ဂိုလ်တို့ကျမှ မလိုက်နိုင်ဘဲ လျော့ပါးကင်းပြတ်သွားကြသည်။

(၂၅) 'ဝိရာဂါခိဂမဿ ပစ္စယတောဝိရာဂံ' ရာဂကင်းငြိမ်း ရာသို့ရောက်ခြင်း၊ ရခြင်း၏အကြောင်းဖြစ်၍ ဝိရာဂ ဂုဏ်ဖြင့်ပြည့်စုံသော နိဗ္ဗာန် (တဏှာ၊ သမုဒယ၊ ရာဂတို့သည်တရားကိုယ်အားဖြင့် လောဘစေတသိက် တမျိုးတည်း ဖြစ်၏။) လောဘ၊ ဒေါသ၊ မောဟ ကုန်ရာ ကင်းရာ ငြိမ်းရာ အေးရာ ကို ပမာနပြု၍ ဟောထားသည်၊ အသခ်တ နိဗ္ဗာန်ဆို

သည်၊ ရာဂ၊ ဒေါသ၊ မောဟ ကုန်ငြိမ်းကင်းဝေးရာ ဖြစ်သည်(ဇမ္ဗုခါဒက၊ပရိဗိုဇ်က "နိဗ္ဗာန်ဆိုတာဘယ် လိုလဲ"ဟု မေးရာ ရှင်သာရိပုတ္တရာက "နိဗ္ဗာန်ဆိုတာ၊ ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာ) ဟု ဖြေကြားသည်။

(၂၆) 'ပရမတ္ထသုဒ္ဓိတာယ၊' သုဒ္ဓိမဖေါက်မပြန် မှန်ကန် တည့်မတ် ပရမတ္ထအနေဖြင့် သန့်ရှင်းစင်ကြယ်သည် ဖြစ်၍ သုဒ္ဓိဂုဏ်ဖြင့်ပြည့်စုံသည့်နိဗ္ဗာန်(ရာဂ၊ဒေါသ၊ မောဟ ဟူသော အညစ်အကြေးမတင် သန့်ရှင်း စင်ကြယ်ခြင်း။)

(၂၇) 'တိတိဘာဝေဟိ မုတ္တတာယမုတ္တိ'ဘဝသုံးမျိုးတို့မှ လွတ်မြောက်ရာဖြစ်၍ မုတ္တိဂုဏ်ဖြင့် ပြည့်စုံသော နိဗ္ဗာန်။ (ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝဟူသော ဘဝသုံးမျိုး) ဘဝလွတ်မြောက်ရေးဆိုသည်၊ ဝိမုတ္တိ ဂုဏ်မြောက်သည့် နိဗ္ဗာန်သည်သာလျှင် ဘဝဟူသမျှ မှ အမှန် လွတ်မြောက်ရာဖြစ်သည်။

(၂၈) 'ကာမာလယာနံအဘာဝေန အနာဠယံ' **မက်မော** တွယ်တာ အာဠယတဏှာမရှိရာဖြစ်၍ အနာဠယဂုဏ် ဖြင့်ပြည့်စုံသော နိဗ္ဗာန် (တဏှာအာဠယ-**လောဘ**) (ဒုက္ခဖြစ်ကြောင်း သမုဒယ=**လောဘ**)

(၂၉) 'ပတိဋ္ဌဋ္ဌေနဒီပံ' တည်နေရာ (မှီခိုရာ) ကျွန်းသဘွယ် ဖြစ်၍ဒီပဂုဏ်နှင့်ပြည့်စုံသည့်နိဗ္ဗာန်။(နိဗ္ဗာန်ဟူ**သော**

ကျွန်းရှိ၍-သံသရာဝဲသြဃရေအယဉ်မှ လွတ်မြောက်တော်မူနိုင်ကြောင်းတင်စားလေသည်။)

(၃၀) 'အလ္လီယိတဗ္ဗယုတ္တာဋ္ဌေနလေဏ'' ပုန်းအောင်း သင့်ပုန်းအောင် ထိုက်၍ လေဏဂုဏ်ဖြင့် ပြည့်စုံသောနိဗ္ဗာန်။ (သံသရာဘေး သံသရာရန် အန္တရာယ်တွေ့အတွက် လုံခြုံအောင် ပုန်းအောင်းရာ ဖြစ်သည်) ရန်မျိုးစုံမှ ကင်းအောင် ပုန်းအောင်းရာဖြစ်သည်။

(၃၁) ''တာယနဋ္ဌေန တာဏံ ''ဘေးရန်ဟူသမျှ မဖြစ်ရအောင် စောင့်ရှောက်နိုင်၍ တာဏဂုဏ်ဖြင့် ပြည့်စုံသည့်နိဗ္ဗာန် (အို-နာ-သေ-စသော မလိုလားအပ်သည့်ဘေးများ မဖြစ်စေရန်) လုံခြုံအောင် စောင့်ရှောက်နိုင်စွမ်း ရှိသည်။

(၃၂) ''ဘယသရဏဋ္ဌေနသရဏံ'' ကြောက်မက်ဘွယ်ဘေးဟူသမျှကို ပျက်စီးပစ်နိုင်၍ သရဏဂုဏ်နှင့်ပြည့်စုံသောနိဗ္ဗာန်(ဘေး=သံခါရရုပ်နာမ် ဖြစ်စေသော ဘေး)။

(၃၃) ''ပရံအယနံဂတိပတိဋ္ဌာတိပရာယဏံ'' လဲလျောင်းတည်နေရာ တပါးဖြစ်၍ ပရာယဏဂုဏ်ဖြင့် ပြည့်စုံသောနိဗ္ဗာန် (သံသရာဝဋ်ဆင်းရဲမှ ကျင်လည်ကြက်စားပြေးလွှားပင်ပန်းရာမှနားနေလဲလျောင်းခြင်း။

## နိဗ္ဗာန်အပေါ်အမြင် ဥပမာထူး

သာမန်အားဖြင့် လူသား သတ္တဝါတို့သည် အချင်းချင်း ချစ်ခင်စွဲလန်း၍ သမုဒယ၊ဝိစိကိစ္ဆ စသည်ဖြင့် လောဘ-ဒေါသ၊ မောဟ၊အဖုံးလွှမ်းခံနေကြရသည်။ သို့ဖြစ်၍ ပင်ပန်းဆင်းရဲခြင်း အမှန်ကိုမသိကြ၊ အလိုရှိရာ မရမှ ဆင်းရဲသည်ဟု ထင်ကြ၏။ ဝဋ္ဋဆင်းရဲကို ဝဋ္ဋဆင်းရဲ ဟူ၍ မသိနိုင်ကြ။

နိဗ္ဗာန်နိဒါန်း ဆိုသည်၊ ဝဋ္ဋဆင်းရဲကို ဝဋ္ဋဆင်းရဲမှန်း အမှန် သိမြင် နားလည် သဘောပေါက်ပြီး အမှန်လွတ်မြောက်လိုသည့် ပုဂ္ဂိုလ်တို့၏ လဲလျှောင်းရာ ဖြစ်၏။ အရိယာ ပုဂ္ဂိုလ်တို့၏ လဲလျှောင်းရာဖြစ်၏။ သို့ဖြစ်၍ နိဗ္ဗာန်သည် ပရာယဏဂုဏ်ဖြင့် ပြည့်စုံကြောင်း ဟောကြားထားလေသည်။

နိဗ္ဗာန်၏ဂုဏ်ပုဒ်များကို သင်္ခါယတန ဝဂ္ဂသံယုတ်အသင်္ခတာဒိ သုတ် အမည်ဖြင့် နိဗ္ဗာန်ကို သုံးဆယ့်သုံးသုတ် ချီးကျူးဂုဏ်ပြု ဟောထားတော်မူသည်။ပါဠိအဘိဓာန်မှာ နိဗ္ဗာန်၏ ပရိယာယ် ဂုဏ်ပုဒ် လေးဆယ့်ခြောက်ပုဒ်ဖြင့် ဖွင့်ကျူးထားလေသည်။

“သန္တိလက္ခဏံ နိဗ္ဗာနံ” ငြိမ်းအေးခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိသည့် နိဗ္ဗာန်(သမ္မောအဋ္ဌကထာ)သင်္ခါရရုပ်နာမ်တွေ၏ ငြိမ်းအေးမှု သင်္ခါရရုပ်နာမ်တွေနှင့် အတူတကွဖြစ်ခြင်းဖြင့် ဒုက္ခ ခပ်သိမ်းမှငြိမ်းအေးသည့် သဘော လက္ခဏာကို တွေ့ရ သိရပြီ ဆိုလျှင် နိဗ္ဗာန်မြင်ကြောင်း အဆိုရှိပါသည်။

နိဗ္ဗာန်၏ အမှတ်အသားသည် ငြိမ်းအေးခြင်း ဖြစ်သည်။ “သန္တိသုခ”သင်္ခါရရုပ်နာမ်တွေနှင့်အတူ ဒုက္ခခပ်သိမ်းမှချုပ်ငြိမ်း ချမ်းသာခြင်းမျိုးဖြစ်သည်။ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး

သော ခံစားမှုဝေဒနာဆိုသည်၊ နိဗ္ဗာနသန္တိသုခ-သင်္ခါရရုပ်နာမ် မရှိတော့သော ငြိမ်းအေးမှုမျိုးဖြစ်သဖြင့် စိတ်ဖြင့် ခံစားရခက်သော သဘောဖြစ်သည်။

ပရိနိဗ္ဗုတ ဒီပနီဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူသော "ဂမ္ဘီရာဂမ္ဘီရမဟာပရိနိဗ္ဗုတ ဒီပနီကျမ်းကြီး" တွင်.... ....

"နိဗ္ဗာန်မှာ-ရုပ်ထူးနာမ်ထူးတွေနဲ့ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တွေရှိတယ်၊အဲဒီပုဂ္ဂိုလ်တွေဟာ-နိဗ္ဗာနသန္တိသုခကိုမြိန်မြိန်ယှက်ယှက် ခံစားသုံးဆောင်တော်မူနိုင်ကြတယ်ဟူ၍ပါ၏၊ အဓိပ္ပါယ်အားဖြင့် လိုချင်နှစ်သက်၍ ချစ်စဖွယ် ခမ်းနား ဆန်းပြားစွာ ဖော်ပြထားသည်၊ အလိုကျ အလိုက်လွယ်ရန်နှင့် အခက်အခဲဖြင့် တွန့်ဆုတ်ရပ်တန့်မနေရန် အလို့ငှာဖြစ်ပါသည်။

ဝေဒယိတသုခ သန္တိသုခဟူ၍ နှစ်မျိုး ရှိသည့် သဘောမှာလည်း ခံစားချမ်းသာသည့် ချမ်းသာမျိုးနှင့် အေးငြိမ်းချမ်းသာသည့် ချမ်းသာ မျိုးဖြစ်သည်။

ဝေဒယိတသုခဆိုသည် အာရုံ တရားတွေမှာ ပျော်ပါးနှစ်ခြိုက်၍ အလိုက်သဘောနှင့်နှစ်မြော၍ သဘောမွေ့ မနေသခွေ့နေတတ်သည် ဤသို့ချမ်းသာမှာ နှစ်မြောလွယ်ကာ၊တွယ်တာစွဲလန်းလွယ်မည်၊ အထင်ကြီးအမြင်ကျယ်လွယ်သည် ဖြစ်သော်လည်း တကယ်တန်းချမ်းသာသည်မဟုတ် အလိုပြည့်ရန်ရှာကြံကြိုးစား အားထုတ်လုပ်ရကိုင်ရသည်ကတမျိုး ရပြီးသား စည်းစိမ်ကို စောင့်ရှောက်ရသည်ကတမျိုး စိတ်ဒုက္ခ၊ကိုယ်ဒုက္ခတွေငြိနေမှန်းကို မသိသာတတ်ပေ ဖောက်ပြန် ပျက်စီးလွယ်သည်။

ဣဓမောဒတိ ပစ္စမောဒတိ၊သုတ္တန်နည်းဖြင့်ပြသည်မှာ တဘဝ နှစ်ဘဝချမ်းသာသည်ဆိုသော်လည်း အဘိဓမ္မာနည်းဖြင့် တမိနစ် တစက္ကန့်ပင် မကြာဘဲ ဥပါဒ် ဌီ ဘင် အစဉ်ပျက်နေသည့် ချမ်းသာမျိုးဟု သိသာအောင် ကာလပိုင်းခြား၍ ထင်ရှားစွာ ဟောထားသည်၊

‘ခီဏံ ပုရာဏံ’ ‘ပုရာဏံ’၊အဟောင်းဖြစ်သည့် ကံသည် ခီဏံ၊ ကုန်လေပြီ အတိတ်ကံပြတ်သွားခြင်း ဖြစ်သည် အကောင်းအဆိုး နှစ်မျိုးမှာ အတိတ်ကံ၊ပစ္စုပ္ပန်ကံများရှိ၏၊ အကောင်းအဆိုးကို ဖြတ်ရန်ပြတ်ရန်မှာအကျိုးပေးစရာသင်္ခါရရုပ်နာမ်တွေရှိမှအကျိုး ပေးနိုင်သည်၊ ဤကံမျိုး ဆိုသည်မှာလည်း ရဟန္တာပုဂ္ဂိုလ်မြတ် တို့၏ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်များမှ ထူးထူးခြားခြား ရအပ်သည့် ဂုဏ်ဖြစ်ပြီး၊ ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့မှာ ဤဂုဏ်မျိုးမရနိုင်။

မျက်မှောက်ဘဝမှာ ရဟန္တာ ပုဂ္ဂိုလ်တို့ပင် တခြားပုဂ္ဂိုလ် များကဲ့သို့ သင်္ခါရရုပ်နာမ်ဖြစ်သည့် ခန္ဓာတွေ ထင်ရှားရှိသဖြင့် ကံဟောင်းပေးသည့် ပဝတ္တိအကျိုးခံယူကြရသည်၊ အင်္ဂုလိမာလ မထေရ်မြတ်ကြီးကို တခြားက ပစ်သည့် ဒုတ်ထိမှန်ခံရခြင်းနှင့် အသျှင်မောဂ္ဂလာန်မထေရ်ကြီးအား ခိုးသားတွေ နှိပ်စက်ခံရခြင်း၊ ဗုဒ္ဓမြတ်စွာကို ဒေဝဒတ်က လုပ်ကြံမှု စသည့် ဝဋ်တော်များ ခံတော်မူရခြင်းတို့ ဖြစ်လေသည်။

ထို့တူ ရှင်သီဝလိမထေရ်မြတ် လာဘ်ပေါများခြင်း၊ သျှင် အာနန္ဒာ သျှင်မဟာကဿပမထေရ်ကြီးတို့ အသက် တရာ့ နှစ်ဆယ်နေရခြင်း၊ အသျှင် ဗာကုလမထေရ် အသက် တရာ့ ခြောက်ဆယ် အနာကင်းစွာနေရခြင်းတို့မှာ အတိတ်ကံပဝတ္တိ

အမျိုးများဖြစ်သည် သို့သော်နောက်ဘဝသို့ အကျိုးပေးနိုင်စွမ်း မရှိတော့။ပဋိသန္ဓေ မရှိတော့၊သို့ဖြစ်၍ ကံဟောင်းအပင်မပေါက်တော့ပဲ၊ မျိုးစေ့သုဉ်းသွား တုံးသွားလေသည်၊ ဘဝသစ်ဖြစ်ရန် အားမပေးနိုင်တော့ချေ၊

ကုသလာ အကုသလံဇဟံ=ရဟန္တာအရှင်မြတ်တို့မှာ ကုသိုလ် အကုသိုလ်တို့ကို စွန့်ပယ်သည်။(နဝနဝှတ္ထိသမ္မာဝံ)

ခိဏာသဝေနဟိဏာတံကမ္မံ နောကုသလံ ဟောတိနာကုသလံ အဝိပါက ဟုတွာညကြိမတွေတိဌတိ၊ ရဟန္တာကိုပြုသည့်ကံသည် ကုသိုလ်လည်းမဖြစ်၊အကုသိုလ်လည်းမဖြစ် ကြိယာမျှ(ပြုကာမျှ) သာတည်းဟု ဆိုလိုပါသည်၊ မပြုမဖြစ်သည့် ဝတ္တရားအလျောက်သာ ပြုလုပ်တော် မူသော်လည်း ထိုကံ -ကြိယာတို့သည် ပြုကာမျှသဘောသာဖြစ်ပြီး၊ အကျိုးပေးနိုင်စွမ်း မရှိတော့ချေ။

**ခန္ဓာဝန်ထုပ်၊မီးဥပမာ၊ သသံရာ**

ဝိရတ္တစိတ္တာယတိ ကေဘဝသ္မိံ ဖြစ်လတ္တံ့သော ဘဝတခုခုကို လိုလား တောင့်တနှစ်သက်၍ ပြုလုပ်သည်မဟုတ် တဏှာလောဘ ကင်းပြီး၍ဘဝကိုမျှော်ခေါ် တောင့်တခြင်းမရှိတော့၊ဘဝမလို၍ ဘဝမရှိက၊ ဘဝအကျိုးမပေးဘဲ ငြိမ်းသွားတော့သည်၊ အငြိမ်း အပြတ် မီးစာလည်းကြွေ မီးလည်းသေ ဆိုသကဲ့သို့ နောက်ကြောင်းမကြည့် ရှေ့လမ်းမပြန်တော့သော ငြိမ်းမှုမျိုးဖြစ်သည်။

'တေခိဏ၊ ဗီဇာ' ဘဝမျိုးစေ့ မရှိတော့သဖြင့် ဘဝအပင် မပေါက်၊ ဘဝအားလုံး ငြိမ်းအေးရခြင်းမျိုးဖြစ်သည်၊ သို့ဖြစ်၍ ဇာတိဇရာ-ဗျာဓိ၊မရဏ သောကဆိုသည်တို့လည်း အလိုလိုကွယ်

ရမလသည်၊ နေဝင်သဖြင့် အရောင်ပျောက်ရသကဲ့သို့ ဖြစ်သည်၊ ဘဝမျိုးစုံငြိမ်းသဖြင့် ဒုက္ခမျိုးစုံငြိမ်းအေးချမ်းသာ ရတော့သည်။

"အဝိရူဠှိဆန္ဒာ"ဘဝပင်စည်ကို၊ လိုသည့် ဆန္ဒမရှိ၍ ထွန်းကားစည်ပင်သောဘဝတွေဖြစ်မလာတော့၊ရဟန္တာ မဟုတ်သေးက ဘဝပင်စည်ဆန္ဒ မကင်းကြ၊ အနာဂါမ် ပုဂ္ဂိုလ်တို့ အထိ 'ရူပဘဝ' ပင်စည်ဆန္ဒမကင်းကြဟု ဆိုလေသည်။

"နိဗ္ဗန္တိဓီရာယထာယံ ပဒီပေါ" ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော ရဟန္တာအသျှင်မြတ်တို့သည် မီးငြိမ်းသကဲ့သို့ငြိမ်းတော်မူလေသည်ဟု ဟောတော်မူသည်၊ ဘဝငြိမ်းပုံကို ဆီမီးငြိမ်းပုံနှင့် ထင်ရှားသိသာအောင် ဟောပြထားလေသည်၊ မီးဇာလည်း ကြွေ၊မီးလည်းသေ ဖြစ်ရတော့သည်။

မီးတောက်သည်မှာ၊ ဆီ၊လေနှင့်မီးဇာကိုမှီပြီး တောက်ရ၏၊ ရဟန္တာပုဂ္ဂိုလ်တို့မှာ-သင်္ခါရ ရုပ်နာမ်တွေ ကိလေသာတွေ ဒုက္ခအပူမီးတွေ၊ကုန်ဆုံးငြိမ်းကြွေကုန်ပြီးဖြစ်ရသည်၊နိဗ္ဗာန်ဆိုသည်မှာလည်းသံသရာ တလျှောက်မပြတ်ဖြစ်ပေါ်လာခဲ့ကြသည့် သင်္ခါရ ရုပ်နာမ်တွေ၊ ဒုက္ခမီးတွေငြိမ်းအေးချုပ်ဆုံးမှု ဖြစ်၏၊ သို့ဖြစ်၍ နိဗ္ဗာန်ထင်ရှားရှိကြောင်းကို ဥပမာခိုင်မာစွာတို့ဖြင့် ဟောထားခြင်း ဖြစ်တော့သည်။

တဏှာသမုဒယသည် ကြီးလေးလှသောဝန်ထုပ် ဝန်ပိုးကြီးနှင့်တူသည်၊ နိဗ္ဗာန်သည် ဆင်းရဲပင်ပန်းစွာ အမောဆိုက်လျှက်ထမ်းလာသော ဤဝန်ထုပ်ကြီးကိုတခါထဲ အပြီးပစ်ချလိုက်သည်နှင့်တူပြီး၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သည့် မဂ်တရားသည်၊ ထို

ဝန်ထုပ်ဝန်ပိုးကြီးကို ပစ်ချနိုင်ရန်အလို့ငှာ အားထုတ်ပေးသူနှင့် တူကြောင်း ပြထားပေသည်။

တဖန် ဝင့်ဆင်းရဲသည်၊ သံသရာတလျှောက် စွဲကပ်ခဲ့သည့် အနာရောဂါဆိုးနှင့်တူသည်၊တဏှာသမုဒယသည် အနာရောဂါ ဖြစ်လောက်အောင် မသင့်သည်ကိုစား မတော်ရာသွားပြီး သွား လာစားသောက်နေသည်နှင့်တူသည်၊ နိဗ္ဗာန်သည် အနာရောဂါ ကင်းငြိမ်းချမ်းသာခြင်းနှင့်တူသည်၊မဂ်တရားသည် အနာရောဂါ ကင်းငြိမ်းရန် ဆေးဝါးကောင်းနှင့်တူသည်ဟု ပြထားလေသည်။

ဝင့်ဆင်းရဲသည် သံသရာတလျှောက် ငတ်မွတ်ဆင်းရဲချို့တဲ့ ခေါင်းပါးပြီး ရှားပါးလှသည်နှင့်တူသည်၊ တဏှာသမုဒယသည် ထိုငတ်မွတ်ဆင်းရဲချို့တဲ့ ခေါင်းပါးစေရန် အချိန်မမှန်ဘဲ- မိုး ခေါင်ရေရှား ဖြစ်သည်နှင့်တူသည်၊ နိဗ္ဗာန်သည် အစာရေစာ ဝပြောသာယာသည်နှင့်တူပြီး မဂ်တရားသည် ကောက်ပဲသီးနှံဖြစ် ထွန်းစေရန်အချိန်မှန်မိုးလေဝသမှန်ကန်သည် နှင့်တူသည်။

နိဗ္ဗာန်သည် ဘေးရန်တို့၏ အကြောင်းရင်း အမြစ်ရင်းကို အကြွင်းမဲ့ပယ်သတ်ဖယ်ခွါရာနှင့်တူသည့် အဆိပ်ပင်ကိုရေသောက် မြစ်ကဖြတ်သည်နှင့်တူသည် ရေစီးပြင်းထန်ကြမ်းတမ်း၍ ရန်သူ ပြွမ်းသော ရေလမ်းမှ လွတ်ရာ တဘက်ကမ်းနှင့်တူသည်၊စသည် ဖြင့် မိလိန္ဒပဥှာမှာ ပမာဆောင်ပြ၍ ဟောကြားထားပါသေး သည်။

အနုမာနဥာဏ်ဖြင့် မှန်းဆဆင်ခြင်နိုင်ပါသည်၊ သန္တိသုခ ဖြစ်သော နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်း ငြိမ်းအေးမှုမျိုး ဖြစ်သည်၊ သာမန်ပုထုဇဉ် တို့ခံစားနေကျ လက်တွေ့ ဝေဒယိကသုခကဲ့သို့

ခံစားရသည့်သုခမျိုးမဟုတ် သုခချမ်းသာခြင်းတမျိုးစီဖြစ်သော်လည်း သန္တိသုခသည် သန္တိသုခအတိုင်း၊ အရသာပေါ်စေရန် ဒုက္ခခမ်းသိမ်း ငြိမ်းအေးပုံကို အနုမာနဉာဏ်ဖြင့် ဆင်ခြင်ကြည့်နိုင်ကြလေသည်။

အစ္စုတိရသံ နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်း ငြိမ်းအေးခြင်းသဘောမှ မရွေ့မပြောင်းဘဲ တည်ငြိမ်စေရန်ပြုထားသည့် ကိစ္စရှိနေသည်၊ အဿာသကရဏရသံ ဝါ၊ သက်သာစေရန် ပြုဘွယ်ကိစ္စလည်းရှိ၏၊ ပင်ပန်းမှု ကင်း၍ သင်္ခါရမှကင်း၏၊ပြုပြင်သမျှသင်္ခါရတို့မှ ကင်း၍ သက်သာရာရတော့သည်။

အနိမိတ္တပစ္စုပဋ္ဌာနံ၊ အထည် ပုံဟန်သဏ္ဌာန် အရိပ်နိမိတ်မရှိ အရွယ်အစား အရောင်အဆင်းမရှိ ဤသည်ကို မိလိန္ဒပဥှာနှင့် ပင္ငိသမ္ဘိဒါမဂ် ပါဠိတော်တို့မှာ ပြထားသည်၊ နိမိတ္တသင်္ခါရာ၊ အထည်ပုံသဏ္ဌာန်ဟန်အရိပ် နိမိတ်မရှိခြင်း၊ ရှိခြင်းက သင်္ခါရသဘောဖြစ်၍ မရှိမှ နိဗ္ဗာန်သဘောဖြစ်၏။ အနုပ္ပါဒနိယံမဟာ-ရာဇနိဗ္ဗာနံ၊ တစုံတခုသော အကျိုးကို ဖြစ်စေသည့် အနီးကပ်အကြောင်းတရားမှ ကင်းသည့် နိဗ္ဗာန်၊အနီးကပ်ဖြစ်သော ဇနကအကြောင်း အဝေးဖြစ်သော ဥပထမ္ဘကအကြောင်း တို့မှကင်းသည်။ အကြောင်းတစုံတခုကိုမှ မမှီဘဲဖြစ်သည့် နိဗ္ဗာန်ဖြစ်၍ အကျိုးအပြစ်နှင့် ကောက်ယူရသည့် တရားသဘောထဲမှာ နိဗ္ဗာန်မပါဝင်ချေ။

သို့ဖြစ်၍ 'မဟာရာဇာမင်းမြတ်၊ နိဗ္ဗာနံနိဗ္ဗာန်ကိုအနုပ္ပါဒနိယံ တစုံတခုသော အကြောင်းကမှ ဖြစ်စေအပ်သည်မဟုတ်၊ ဟူ၍ မိလိန္ဒပဥှာမှာဟောသည် 'ပတ္တဗ္ဗမေဝ ဟောတံမဂ္ဂေန၊ နုဉ္ပပ္ပါ၊

ဒေဇာဗွံ၊ ဤနိဗ္ဗာန်သည် အရိယာမဂ်က အာရုံပြုသောအားဖြင့် ရောက်အပ်သော သဘောတရားသာတည်း၊ ဖြစ်စေအပ်သော သဘောတရားမဟုတ်ဟူ၍၊ဝိသုဒ္ဓိမဂ်နိဗ္ဗာန ကထာ အဖွင့်မှာ ပြထားပါသည်။

× ×

# အပိုင်း ၄

## နိဗ္ဗာန်နှင့် အခြေခံမင်္ဂလာတရား

နိဗ္ဗာန်ဟူသည်ခက်ခဲနက်နဲ၍ အသိရမလွယ်ဟုဆိုက ဘုရားဟောတရားလည်းဖြစ်၊ လောကနှင့်ဓမ္မအကျိုးငှာလည်း လက်တွေ့မျက်မြင် အကျိုးထင်သော မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးရှိပါသည်၊ လူ့လောကအတွက် အထူးအမှန် လိုက်နာကျင့်ဆောင်နိုင်သော တရားဖြစ်၏၊ ကျင့်ကအမှန်လည်း အကျိုးရှိ၍၊ နောင်သော်လိုလား တောင့်တအပ်သော နိဗ္ဗာန်အတွက် အခြေခံအမှန်လည်းဖြစ်ကြောင်း သတိပြုအပ်ပေသည်။

မင်္ဂလာတရား ဆယ့်သုံးရှစ်ပါးတွင် အသေဝနာစ ဗာလနံ ပုဒ်၌သုံးပါး၊ပတိရူပဒေသဝါသော-စ ၌-၃ပါး၊ ဗာဟုသစ္စဉ္စ ၌ ၄ ပါး၊ မာတာပိတုဥပဋ္ဌာနံ၊ ၌ ၃ ပါး၊ ဒါနဉ္စ ဓမ္မစရိယာ၌၊ ၄ ပါး၊ အာရတီဝိရတီ၌၊ ၄ ပါး၊ ဂါရဝေါစ နိဝါတောစ၌ ၅ ပါး၊ ခန္တီစသောဝစဿတာ၌ ၄ပါး၊ တာပေါစဗြဟ္မစရိယ၌ ၄ ပါး၊ ဖုဋ္ဌဿလောကဓမ္မေဟိ၌၊ ၄ပါး၊ပေါင်းသုံးရှစ်ဆယ့်ပါး ဖြစ်သည်။

ဤမင်္ဂလသုတ်သည် 'ဒေသနာပရိယောသာန' နိဂုံးအဆုံး ဖြစ်သော 'ဧတာဒိသာနိအဋ္ဌတိံသမင်္ဂလာနိ' ဟူသော ပါဌ်ကို

ထောက်၍ ဆယ်ဂါထာဖြင့် ဟောတော်မူသည်၊ ဆယ်ဂါထာမှ ပွား၍၊ ၃ဂ ပါးဖြစ်လာရသည်။

ခပ်သိမ်းသော လောကီစီးစည်းစိမ်ချမ်းသာရတနာအပေါင်း တို့သည် လိုရာမတ ပြည့်စုံလှသော သာဝတ္ထိပြည်တွင်ဖြစ်သည်၊ စေတမင်းသားထံမှ အနာထပိဏ် သူဌေးကြီးသည် ရွှေအသပြာ အတိခင်း၍ မြေဘိုးပေးပြီး ဆောက်လှူအပ်သော ဇေတဝန် ကျောင်းတော်၌ဖြစ်၏။ အနာထပိဏ် ဆိုသည်ကလည်း မှီခို အားထားဆောက်တည်ရာ မရသူအပေါင်းတို့အား စားဝတ်နေ ရေးဖြည့်ဆည်းပေးတတ်သော သူဌေးဖြစ်သည်။

ဤကျောင်းတော်၌ အမျိုးအမည် မထင်ရှားသော နတ်သား တပါးကတောင်းပန်၍ ဟောတော်မူသော တရားဖြစ်သည်၊ တနည်းအားဖြင့် နိဗ္ဗာန် နိဒါန်းဖြစ်သော နိဗ္ဗာန်လမ်းသို့ လမ်း ညွှန်တရားလည်း ဖြစ်သည်။

အထ[illegible]ခါအညတရဒေဝတာ ဟူသောပါဠ်ကို ထောက်၍ မထင်ရှားသော နတ်သားမှာ ဣန္ဒာသက္ကသိကြားဟု ဆိုပါသည်၊ သန်းခေါင်ယံ အခါဖြစ်သည်၊ ဘုရားသခင် ခြေတော်ရင်း၌ ညဥ့်ဦးယံ စတုမဟာရာဇ် နတ်တို့ဆည်းကပ်ဖူးမျှော်၏ သန်း ခေါင်ယံ၌တာဝတိံသာနတ်သိကြား တို့ဖြစ်၍ မိုးသောက်ယံ၌ ဗြဟ္မာတို့ဆည်းကပ်သဖြင့် သိကြားမင်းလျှောက်ထားတောင်းပန် ကြောင်း ထင်ရှား၏။ သိကြားမင်း လျှောက်ထားကြောင်း အရှင်အာနန္ဒာသည် အရှင်မဟာကဿပထေရ်ကိုဟောပါသည်။

မင်္ဂလာတရားသုံးဆယ့်ရှစ်ပါးကောက်နုတ်ချက်ကိုလေ့လာက

**အသေဝနာစဗာလာနံ-** ဟူသောပုဒ် ၃ ပါးတွင်။

(၁) သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်း။

(၂) ပညာရှိသော ပညာရှိသူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရခြင်း။

(၃) ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်း။

**ပတိရူပ ဒေသဝါသောစ-ပုဒ်- ၃ ပါးတွင်**

(၁) တင့်တယ်လျှောက်ပတ်သော အရပ်၌နေရခြင်း။

(၂) ရှေးရှေးသော ကိုယ်၏အဖြစ်၌ ပြုအပ်သောကောင်းမှုရှိသောသူ၏ အဖြစ် ဖြစ်ရခြင်း။

(၃) မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်း။

**ဗာဟုသစ္စဥ္စ၊ သိပ္ပဥ္စ၊ ပုဥ္စ၊ ၄ပါးတွင်**

(၁) အကြားအမြင်များသောသူဖြစ်ခြင်း၊

(၂) အပြစ်မရှိသော အတတ်ကိုတတ်ရခြင်း။

(၃) ကောင်းစွာသင်အပ်သောဝိနည်းတရားသင်ကြားခြင်း၊

(၄) ကောင်းစွာဆိုအပ်သော စကားကိုဆိုခြင်း။

**မာတာပိပိတု ဥပဋ္ဌာနံ- ပုဒ် (၃) ပါး**

(၁) အမိအဘတို့ကို လုပ်ကျွေး မွေးမြူရခြင်း။

(၂) သား မယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်း။

(၃) အနှောက်အယှက် မရှိသော အမှုတို့ကိုသာ ပြုရခြင်း။

**ဒါနဥ္စဓမ္မစရိယာ ပုဒ် (၄) ပါး**

(၁) အလှူပေးကမ်းစွန့်ကြဲရခြင်း။

7 (၂) တရားတော်နှင့်အညီကျင့်ရခြင်း။

(၃) အဆွေအမျိုးဟို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်း။
(၄) အပြစ်မရှိသော အမှုတို့သာပြုရခြင်း။

**အာရတိဝိရတိ- ပုဒ် (၄) ပါး။**

(၁) မကောင်းမှုမှ ဝေးစွာကြဉ်ရှောင်ခြင်း။
(၂) မကောင်းမှုကို အသူးသဖြင့်ကြဉ်ရှောင် ရခြင်း။
(၃) သေအရက်သောက်ခြင်းမှ ကောင်းစွာ ကြဉ်ရှောင်ရခြင်း။
(၄) ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်း။

**ဂါရဝေါစ နိဝါတောစ- ပုဒ် (၅) ပါး**

(၁) ရိုသေအပ်သော သူတို့ကို ရိုသေရခြင်း။
(၂) မိမိ ကိုယ်ကို နှိမ့်ချရခြင်း။
(၃) ရောင့်ရဲလွယ်ရခြင်း။
(၄) သူ့ ကျေးဇူးကိုသိရခြင်း။
(၅) လျောက်ပတ်သောအခါ၌ တရားတော်ကို နာကြားရခြင်း။

**ခန္တီစ သောဝစဿတာ-ပုဒ် (၄)ပါး**

(၁) သည်းခံရခြင်း။
(၂) သူတော်ကောင်းတို့ ဆုံးမကို လိုက်နာလွယ်ရခြင်း။
(၃) ရဟန်း ပုဏ္ဏားတို့ကို ဖူးမျှော်ရခြင်း။
(၄) လျောက်ပတ်သောအခါ-တရားစကားကို ဆွေးနွေးမေးမြန်းရခြင်း။

**တပေါစဗြဟ္မစရိယဉ္စ-ပုဒ် (၄)ပါး**

(၁) ခြိုးခြံစွာကျင့်ရခြင်း။

(၂) မြတ်သောအကျင့်ကို ကျင့်ရခြင်း။
(၃) အရိယာသစ္စာတရားတို့ကို သိမြင်ရခြင်း။
(၄) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။

ဖုဋ္ဌဿလောကဓမ္မေဟိ-ပုဒ် (၄)ပါး

(၁) လောကဓံတရားရှစ်ပါးတို့နှင့်တွေ့ကြုံငြားသော်လည်း စိတ်သည်တုန်လှုပ်မှုမရှိခြင်း။
(၂) စိုးရိမ်မှုမရှိခြင်း။
(၃) ရမက်ဟူသောမြူကင်းခြင်း။
(၄) ဘေးမရှိခြင်း။

ဟူ၍ ဂါထာအားဖြင့် (၁၀)ပုဒ် ဆိုလိုချက်အနက်အဓိပ္ပါယ်အားဖြင့်(၃၈)ပါး မင်္ဂလာတရားများဖြစ်ပါသည်။

နိဗ္ဗာန် အဆင့်မစဉ်းစားသူကော စဉ်းစားမိသူပါ၊ ဉာဏ်မှီ၍ ကျင့်နေသူကော၊ ဉာဏ်မမှီ၍ မကျင့်နိုင်သူပါ နိဗ္ဗာန် ချမ်းသာကို ဆုတောင်းနေကြသောကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်တိုင်းသည် ဤဘုရားဟောအခြေခံကျင့်စဉ်နိဗ္ဗာန်နိဒါန်းနှင့်အလှမ်းကွာ၍မဖြစ်ပါ

သုံးဆယ့်ရှစ်ပါး၌ -မိမိသည်ဘယ်နှစ်ပါးလိုက်နာနိုင်သနည်း သုံးဆယ့်ရှစ်ပါးတရားတို့သည် အပုဒ်တိုင်း၌ သူ့အဓိပ္ပါယ်နှင့် သူ လေးနက်ထိရောက်လှ၏ နိဗ္ဗာန်အတွက်ချည့်သာမက လောကလူ အကျိုးစီးပွားအလို့ငှာလည်း အကျိုးကြီးလှသောတရားဖြစ်ပါ သည် ဤသုံးဆယ့်ရှစ်ပါးတရားသည် လောကအတွက်သာမက ဓမ္မအတွက်လည်း အနက်အဓိပ္ပါယ်ချဲ့က ပိုသည်မရှိ လိုသည်မရှိ လေးနက်ပြည့်ဝသော တရားများသာဖြစ်ပါသည်၊ တဖန်ဆက် လက်၍ မှတ်သားရန် အဓိပ္ပါယ်အချို့မှာ

**ကေမန္တ အင္ဒသိ။** ။နိမ်းလွန်းသော ဝေးလွန်းသော လေညာဖြစ်သော မြင့်သော ရှေ့တူရူဖြစ်သော နောက်တူရူဖြစ်သော အရပ်ခြောက်ပါးမှ လွတ်သောအရပ်။

**ပတိရူပ၊ ဒေသဝါသောစ ။** ။ ရတနာသုံးပါး ထင်ရှားရှိသောအရပ်၌ နေရခြင်း။

**အတ္တသမာပဏိဓိစ။** ။ဒုစရိုက်ဆယ်ပါးမှရှောင်ကြဉ်ရခြင်း။

**သုဘာသိတာစ၊ယာဝါစာ။** ။ပိသုနဝါစာမှကြဉ်၍ သုဘာသိတာစကား ဖရုသဝါစာမှ ကျဉ်၍၊ ပိယဝါစာ စကား၊ သမ္ဖပ္ပလာပမှကြဉ်၍ ဆိုသောစကား၊ ဤအင်္ဂါလေးပါးနှင့်ပြည့်စုံသော စကားကိုဆိုလိုသည်။

**ပုတ္တဒါရဿ၊သင်္ဂဟော။** ။သရဏဂုံဆောက်တည်၍ပဥ္စသီလ (ငါးပါးသီလ)ကို ထိန်းသိမ်းစောင့်ရှောက်ကာကုသိုလ်ကောင်းမှုပြုရခြင်း၊ တရားတော်နှင့်အညီသားမယားတို့ကို ကျွေးမွေးစောင့်ရှောက်ပြုစုရမည်။

**ဒါနဥ္စဓမ္မစရိယာ။** ။ဆွမ်း၊ဆေး၊ကျောင်း၊သင်္ကန်း၊ယာဉ်၊ပန်း၊နံ့သာပျောင်း၊နံ့သာ၊ အိပ်ရာနေရာ၊ ဆီမီး၊ဟူသော ဒါနဝတ္ထုဆယ်ပါး၊ သူနာတို့၏ အထောက်အပံ့ဖြစ်သောဆေး ဤဆယ့်တပါးကို ဒါနဥ္စပုဒ်၌သွင်းအပ်သည် ငါးပါးသီလ၊ဆယ်ပါးသီလ၊စတုပါရိသုဒ္ဓိသီလတို့ကို ဓမ္မစရိယာပုဒ်၌ သွင်းအပ်၏။အဌင်္ဂသီလကို အနဝဇ္ဇာနိကမ္မာနိဟူသော ပုဒ်၌သွင်းအပ်၏။

**အာရတီဝိရတီ။** ။မကောင်းမှုတို့ကို စိတ်နှလုံးဖြင့်ရှောင်ကြဉ်ခြင်းသည် **အာရတီ**မည်၏။ ကိုယ်နှုတ်နှစ်ပါးဖြင့် ကြဉ်ခြင်းသည် ဝိရတီမည်၏။

**မစ္စပါနာ**။ ။သူရာငါးပါး မေရယငါးပါးကို ရှောင်ကြဉ် ရခြင်းကိုဆိုသည်။

**သန္တုဋ္ဌိစ**။ ။ကိလေသာတို့ကိုခေါင်းပါးစေခြင်းငှာလောဘ အာရုံကိုမလိုက်မူ၍ ရရှိသမျှသော ပစ္စည်းတို့ဖြင့် ရောင့်ရဲ၍ ဆုံးဆောင်ရပ်တည်နိုင်ခြင်း။

**ကာလေန၊ဓမ္မဿဝနံ** ။ ။ ကာမဝိတက်၊ ဗျာပါဒဝိတက် ဝိဟိံသဝိတက်၊ဉာတိမိတ္တဝိတက် မဝင်လာသောအခါသည် တရားတော်ကို နာခြင်းငှာလျှောက်ပတ်သောအခါမည်၏။

**သောဝစဿတာ**။ ။သားတော်ရာဟုလာကို ဩဝါဒပေးတော်မူသောအခါ တခွန်းတည်းသော စကားဖြင့် နာယူလွယ်သကဲ့သို့၊ သူတော်ကောင်းတို့ ဆိုဆုံးမသော စကားကို တခွန်းတည်းဖြင့် နားထောင်နာယူလွယ်ရမည်။

**သမဏာနဉ္စဒဿနံ**။ ။သီလ ဝန္တ ပုထုဇ္ဇနပုဂ္ဂိုလ်တို့နှင့်တကွ သေက္ခ ပုဂ္ဂိုလ်ခုနစ်ယောက်တို့အားဖူး မြင်ရမည်။

**တပေါစ**။ ။ဝိရိယကို ဖြစ်စေ၍ ဣန္ဒြိယသံဝရ သီလကို လုံအောင်ထိန်းသိမ်းရမည်။

ဗြဟ္မစရိယဉ္စ။ ။မေထုန်၊ ၇-ပါးမှ ကြဉ်ရှောင်ရမည်။

**အရိယသစ္စာန ဒဿနံ**။ ။သစ္စာ လေးပါးကို မဂ်ဉာဏ်ဖြင့် မြင်ရမည်။

နိဗ္ဗာနသစ္ဆိကိရိယာစ။ ။အရဟတ္တဖိုလ်သို့ ရောက်ခြင်း၊ ဆင်ခြင်ခြင်း။

**လောကဓမ္မေဟိ**။ ။လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြံအရံရှိခြင်း၊ အခြံအရံမရှိခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း

ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုသော လောကဓံတရားရှစ်ပါးကို ခံနိုင်ရည်ရှိသည်ဟု ဆိုလိုသည်။

သို့ဖြစ်၍ ၃၈-ဖြာ မင်္ဂလာတရားသည် နိဗ္ဗာန်သွားအခြေခံ တရားများဖြစ်ကြောင်း ထင်ရှားပါသည်။သို့သော်မနိုင်လောက် သော၊ မသိနိုင်မမြင်နိုင်လောက်သော၊ ခက်ခဲနက်နဲသော တရား ချည့်မဟုတ်ပါ၊ ကျင့်မည် ဆိုက ကျင့်နိုင်လောက် ထိန်းသိမ်း နိုင်လောက်သော လူ့လောက အခြေခံကျင့်စဉ်မှစ၍ သူ့အဆင့် နှင့်သူ ကျင့်နိုင်သလောက်ကျင့်လျက် နိဗ္ဗာန် ဘောင်တွင်းသက် ဆင်းကူးခတ်နိုင်သော တရားများ ဖြစ်ပါသည်။

'အသေဝနာစဗာလာနံ-မှ- ဖုဋ္ဌဿလောကဓမ္မေဟိ' အထိ-ဂါထာဆယ်ပုဒ်၌ အဆင့်ဆင့်မြင့်၍ သွားသောတရားဖြစ်သည်။

"ဖုဋ္ဌဿလောကဓမ္မေဟိ"သည် "ရဟန္တာစိတ် ဖြစ်သည်"ဟု အဆိုရှိပါသည် သို့ဖြစ်၍ ဤတရားသည် ကျော်လွှားခုန်ပြန်သွား သည်မဟုတ်ဘဲ၊ ကိုယ်နိုင်သမျှဝန်များကို ပိုင်သမျှနိုင်သမျှ ခွန် အားဖြင့် အဆင့်ဆင့်ကျင့်သွားထမ်းဆောင်သွားအပ်သောတရား များ ဖြစ်ပါသည်။

နိဗ္ဗာန်ရောက်ရန် မျက်မှောက် ကျင့်ကြံနိုင်မှုသည် ကျင့်မည် ဆိုကကျင့်နိုင်သူတိုင်းအတွက် ရောက်နိုင်ရန်အလို့ငှာ စေတနာတော် မေတ္တာတော်ဖြင့် ဟောကြားခဲ့သော်လည်း၊ အမှန်အားဖြင့် အသိရလွယ်သည် ထင်သလောက် အလုပ်ခက်ခဲလှသည်၊ အဆင့် ဆင့် နိုင်သမျှ သင့်သလို ကျင့်မှုရသော တရားသာ ဖြစ်ပါသည်။

မဂ္ဂင် ၈ ပါး၊ဗောဇ္ဈင် ၇ ပါး၊ ဗိုလ် ၅ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊သမ္မပ္ပဓါန် ၄ ပါး၊သတိပဋ္ဌာန် ၄ ပါး၊ဟူသော

ဗောဓိပက္ခိယ တရား ၃၇ ပါးသည် ဘုရား ရဟန္တာအရိယာ သူတော်ကောင်း အစစ်တို့၏ အကျင့်တရားများ ဖြစ်ပါသည်။

သမ္မာဒိဋ္ဌိ အမြင်မှန်တရားကို ရှာကြံဆည်းပူးသောအားဖြင့် ကျင့်သုံးသွားမည့်သူများအတွက် ကောင်းသော အမြင်ရမှသာ ကောင်းသော အလုပ်ကိုလုပ်နိုင်မည် ကောင်းသော ကာယကံ ဝစီကံ၊ မနောကံမှု တို့ကိုပြုနိုင်၍၊ မကောင်းမှုကိုရှောင်ကြဉ်ဟန့် တား နိုင်မည်ဖြစ်သည်။

**ပယ်အပ်သော တရား**

ပယ်ရမည့်၊ လောဘ-ဒေါသ-မောဟ၊ပြုလုပ်ရမည့် "ဒါန၊ သီလ၊ဘာဝနာ"တရားတို့ကို အခြေခံအားဖြင့် နားလည်သိရှိရန် လိုပါသည်၊ ပြီးလျှင် လိုသလို လက်တွေ့ လိုက်နာကျင့်သုံးရန် လည်း လိုပါသည်။

နိဗ္ဗာနံပရမံသုခံ။ နိဗ္ဗာနံ-ဒုက္ခခပ်သိမ်းငြိမ်းအေးရာမှန် မြတ် နိဗ္ဗာန်သည်၊ ပရမံသုခံ-ချမ်းသာဟူသမျှတို့ထက် မြင့်တက်လွန် ကျူး အထူးချမ်းသာလှသည့် ချမ်းသာထူး၊ ချမ်းသာမြတ်ပေ တည်း။

ရုပ်နာမ်ဓမ္မ သင်္ခါရ သံသရာဝဋ္ဋဒုက္ခတို့ကို သေချာမြင်အောင် ကြည့်ရှုသုံးသပ်တတ်ရန်လည်းဖြစ်၏။ ဥပါသကာ၊ ဥပါသိကာ သောတာပန် ပုဂ္ဂိုလ်တို့သည် သီလ ဆောက်တည်ကြပါသည်။ အနည်းဆုံး ငါးပါးသီလလုံရမည်ဟု ဆိုပါသည်။ ဒိဋ္ဌိကင်းသော စိတ်ရှိရမည်၊ သစ္စာတရားပေါ်မှာ ယုံမှား သံသယကင်း၍ ဒိဋ္ဌိ ဝိစိကိစ္ဆာကင်းခြင်း အဖြစ်နှင့် သောတာပန် ဖြစ်ရန်မှာလည်း ကောင်းသောအယူ၊ကောင်းသောနှလုံးရှိရန် လိုပါသည်။အထူး

သဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ ဟု ဆိုသော ကံသုံးပါးကို ဣန္ဒြေဖြင့် စောင့်သိ၍ ကောင်းမှုကုသိုလ်ကိုမဆုတ်မနစ် အမြစ်ချ အနှစ်ကျအောင် စူးစိုက်လုံ့လဖြင့် အားစိုက်ရန် လိုပါသည်။ ဤသို့ အကျင့်ရှိလျှင် ဤအကျင့်နှင့် ခိုင်လုံပြည့်စုံစွာ သီလ-သမာဓိ ဆောက်တည်မြဲမြံက သားမယားနှင့် အိမ်ထောင်သား မွေးပင်နေမိခဲ့ကြသော်လည်း မဂ်အကျင့်မပျက်ကြောင်း အဆို ရှိပါသည်။ ဤသည်ကို ထောက်၍၊ လောကုတ္တရာ ကိစ္စသည် လောကီလူစားဝတ်နေရေးကို လုံးဝကင်းပြတ်သွားသည် မဟုတ် ဘဲ ညီညွတ်မျှတစွာ ဆောင်ရွက်ကြရခြင်းဖြစ်ချေသည်။

သောတာပန်တည်ပြီး ပုဂ္ဂိုလ်တို့သည် အပါယ်တံခါးပိတ်၏၊ သောတာ-ပတ္တိမဂ္ဂညာဏ်သည်အသိမှား၊အထင်မှား၊အမြင်မှား၊ အယူမှားတို့နှင့် ခြားနား၏ သတ္တဝါဘဝ မလွန်ဆန်နိုင်သော်လည်း ရေစုန်လမ်းမှ-ရေဆန်လမ်းသို့ ကူးခတ်နိုင်ပြီး၊ ကောင်း သောသုဂတိဘဝဖြင့် မြဲမြံကြလေသည်။

သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်တို့မှာ သစ္စာသိမြင်ရန် ဆရာရှာရန် အထူးမလိုတော့ဘဲ ဖြစ်ရာ ဘဝတိုင်းတွင် သစ္စာ ဉာဏ်ပါသွားကြသည်၊အနည်းငယ်သိရုံဖြင့်ဉာဏ်ပွင့်ပွားများပြီး အရဟတ္တမဂ်သို့တက်နိုင်သည် ဆို၏။

ပုထုဇဉ်အဖြစ်နှင့် သေခဲ့သော် "ပုတုဇ္ဇနော နာနာသတ္တာရ မုခံဥလ္လောကေသိ" ဟူသော ကထာအရ-ရောက်ရာ ဘဝတို့၌ သစ္စာကို သိလိုက သိရန်အလို့ငှာ ဆရာကောင်း ရှာရမှု ဒုက္ခ များရ၏။ဆရာမှားက ဆေးစားမှားခြင်း၊ အဆိပ်စားခြင်းထက် ဆိုးသော သံသရာခရောင်းတောဝယ် ဝဲလည်၍ မျောရမည်မှာ

မလွဲ၊သည်အခါ မဂ်ဖိုလ်နှင့်ဝေး၍ အပယ်နှင့်တကယ် လက်တွဲ ရမည်မှာ မုချဖြစ်ပါသည်။

သို့ဖြစ်၍ဘုရားဆုံ၊ပစ္စေကဗုဒ္ဓဆု၊အဂ္ဂသာဝက မဟာသာဝက ဆုပန်မဟုတ်ခဲ့လျှင် ပကတိသာဝကဆုနှင့် ယခုကြုံတွေ့ရသော သာသနာတော်မှာ အညံ့ဆုံး၊ အနည်းဆုံး သောတာပန်ဖြစ်ရန် အထူးအားထုတ်သင့်ကြောင်း တွေ့ရှိရပါသည်။သို့ဖြစ်၍ နိဗ္ဗာန် သို့ရည်မှန်းလျှင် ရှေးဦးစွာ အပါယ်လေးဘုံမှ လွတ်ရန်"သော တာပန်"အသိဉာဏ်ဖြင့် မြဲမြံစွာကျင့်ရန်မှာရှေးဦး ဖြစ်လေသည်။

သောတာပန်ဖြစ်ရန်ဆိုသည်မှာလည်း သီလ သမာဓိမဆောက် တည်ဘဲ မဖြစ်၊ ဤသီလ-သမာဓိ၏၊ အကျိုးသည် ပညာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာကို ငြိမ်းချမ်းသာယာစေ လေသည်၊သို့ဖြစ်၍ ဗုဒ္ဓ၏နိဗ္ဗာန်ခရီးသည် တစ္စယ်ထက်မဟုတ်၊ နှစ်စွယ်ထက်၍ ခရီးသွက်ခါ အရသာပြည့်စုံကြောင်း စဉ်းစား အပ်ပေသည်၊ဗုဒ္ဓ၏အဆုံးမကိုခံယူကျင့်ကြံက တခါတည်း နိဗ္ဗာန် မရောက်လျှင်ပင် အနည်းဆုံး သူတော်ကောင်းဘဝဖြင့် ယခု ပစ္စုပ္ပန်နှင့်နောင်သံသရာမှာ သာယာချမ်းမြေ့စရာဖြစ်ချေသည်။

တဏှာသမုဒယကြောင့် ဖြစ်လေ့ဖြစ်ထရှိသော ဇာတိဒုက္ခကို သိလျှင် တဏှာသမုဒယကို ပယ်သတ်နိုင်က ဇာတိဒုက္ခ ဖြစ်ခွင့် မရှိတော့ပါ၊ ပယ်သတ်သည် ဆိုရာမှာလည်းတခါတည်း သတ် ပစ်သည်မှာ ခက်ခဲကြပါသည်။ ပါးနိုင်သမျှပါးအောင်၊ နည်း အောင်၊ ခမ်းနိုင်သမျှခမ်းအောင်၊ အသိ၊ သတိ၊ သီလ၊ သမာဓိ တို့ဖြင့် ဆောက်တည်ပယ်သတ်ရသည်၊ သို့ဖြစ်၍ တစစ ပယ် လျက်မှ သတ်၍ ဖြစ်နိုင်ပါသည်၊ဤသို့နိုင်သမျှသိသမျှဖြင့် တစစ

ပယ်လျက် နှုတ်လျက် စွန့်လွှတ်လျက် သတ်နိုင်သမျှ သတ်က သောတာပန် တည်ရန်မှာ ယုံမှားဘွယ် မရှိရာဟု ဆုံးမ ထားပါသည်။

"ဝိမုတ္တသ္မိံ၊ ဝိမုတ္တမိတိဉာဏံ ဟောတိ"ဟု အနတ္တ လက္ခဏသုတ်၌ဟောတော်မူသည်၊ သို့ဖြစ်၍ တဏှာမှလွတ်သည်ကိုလွတ်ပြီဟုသိသော ပစ္စဝေက္ခဏာဉာဏ်ကိုပင် မှတ်ရန်ဖြစ်၏၊ ပြည့်စုံမှုရှိက သောတာပန်စသည်ဖြင့် ဖြစ်တည်ရင့်ကျက်လာစေမှုသည် ဖြစ်လာနိုင်ပေ၏။

တဏှာကြောင့် ဇာတိဖြစ်၏ ဒုက္ခဖြစ်၏၊ ထိုတဏှာကို အရဟတ္တမဂ်ဖြင့်၊ ပယ်ပြီးသော် ဘဝသစ်၌ မဖြစ်တော့ပြီ၊ ဤဘဝသည် အန္တိမ၊ နောက်ဆုံးဖြစ်ကြောင်း။

"အကုပ္ပါမေဝိမုတ္တိအယမန္တိမာဇာတိ၊နတ္ထိဒါနိပုနဗ္ဘဝေါတိ" ဟူ၍ ပရိနိဗ္ဗာန် မပြုမှီကပင် ကြိုတင်၍ ပဉ္စဝဂ္ဂီ ငါးဦးတို့ကို ဝန်ခံတော်မူသည်။

သို့ဖြစ်၍ မြတ်စွာဘုရား၏ တပည့်အရိယာ သူတော်ကောင်းတို့လည်း သစ္စာလေးပါးကို သေချာစွာ မသိ၍ ယုံမှားကင်းသည် ဖြစ်ကာ ဘဝတဏှာကို ပယ်လျက် သတ်ဖြတ် ဖိုခွင်းသည်ဖြစ်က၊ အနုပါဒိသေသ နိဗ္ဗာန်ကို မရောက်သည့်တိုင် သောတာပန်စသည်ဖြင့် ဥပါဒိသေသနိဗ္ဗာန်ကို ရနိုင်ကြောင်း ကတဉာဏ်ဖြင့် ဝေဘန်ဆုံး ဖြတ်အပ်သည်ကို တွေ့ရှိရသည်။

တဏှာသမုဒယကြောင့် ဇာတိ၊ ဒုက္ခဖြစ်ကြောင်း၊ အကျိုးအကြောင်းမဆင်ခြင် မသိကျိုးကျင်ဖြစ်က ဇာတိ နိရောဓနိဗ္ဗာန် ရှိမှရှိမလားဟုယုံမှား သံသယရှိနိုင်သည်။ သမုဒယကြောင့် ဒုက္ခ

ဖြစ်ကြောင်းသိက သမုဒယကို မဂ်ဖြင့်ချုပ်စေကာ တဏှာ၏ အကြွင်းဇာတိလည်း၊ ချုပ်ကြောင်းသိမြင်နိုင်၏။

သို့ဖြစ်၍ "အတ္ထိဘိက္ခဝေ အဇာတံနိဗ္ဗာနံ"ဟု ဥဒါန်းပါဠိတော်အရ အဇာတ နိဗ္ဗာန်ရှိမှု၌ ယုံမှားကင်းရန် ပြဆိုထားလေသည်။

× × ×

## "နိဗ္ဗာန်"၏ အစဉ်

နိဗ္ဗာန်ကို အဓိပ္ပါယ်များစွာ ဖွင့်ဆိုကြသည်၊ 'နိဗ္ဗာန်'၏ သဘော အနှစ်သာရ အကျိုးမှာ တခုတည်း ဖြစ်သော်လည်း၊ ခေါ်ဆို 'ပညတ်'ချက် အမျိုးမျိုးရှိလေသည်။ ဤသို့'နိဗ္ဗာန်' အပေါ်၊ အခေါ် ပညတ်များ များပြားနေရခြင်းသည်၊ ပုဂ္ဂိုလ်သတ္တဝါဝေနေယျတို့၏ အဇ္ဈတ္တအတွင်း စိတ်သန္တာန်မှာ ခံယူနိုင်စွမ်းအားကို လိုက်၍၊ နားလည်နိုင်လောက်သော စကားအသုံးအနှုန်းဖြင့် ဟောဆိုဖွင့်ပြခြင်း ဖြစ်သည်။ ဤသည်ကို စာပေကျမ်းဂန်တို့မှ ထုတ်နုတ် တင်ပြအပ်ပေသည်။

နိဗ္ဗာန်နှင့်ပတ်သက်၍ ယုံကြည်ယူဆချက်များရှိ၏၊ တို့အတူ နိဗ္ဗာန် အသုံးအနှုန်းပါဠိ ဝေါဟာရများလည်းရှိ၏။

**နိဗ္ဗ။** ။အမှိုး၊ တံစက်မြိတ်၊ နိဗ္ဗတ္တ-ဖြစ်သော၊ နိဗ္ဗတ္တနဖြစ်ခြင်း၊ ဖြစ်စေခြင်း။

**နိဗ္ဗတ္တိ။** ။ဖြစ်ခြင်း ဟူ၍ အဓိပ္ပါယ်ရှိပြီး။

**နိဗ္ဗန။** ။တဏှာမရှိသော၊ တောမဟုတ်သော။

**နိဗ္ဗာန။** (။နိဗ္ဗာန်)၊တဏှာကင်းရာ၊ ဒုက္ခချုပ်ငြိမ်းရာ။

**နိဗ္ဗာနဂါမိ။** ။နိဗ္ဗာန်သို့ သွားသော။

**နိဗ္ဗာပန**။ ။ငြိမ်းစေခြင်း။
**နိဗ္ဗာပိတ**။ ။ငြိမ်းစေအပ်ပြီးသော။
**နိဗ္ဗိဒါ**။ ။ငြီးငွေ့ခြင်း။
**နိဗ္ဗိဒါဉာဏ**။ ။ငြီးငွေ့သောဉာဏ်။
**နိဗ္ဗုတ**။ ။ကိလေသာ ငြိမ်းအေးပြီးသော (နိဗ္ဗာန်)။
**နိဗ္ဗုတိ**။ ။ပျက်စီးခြင်း၊ နိဗ္ဗာန်၊ ချုပ်ငြိမ်းခြင်း၊ စိတ်ကို နှစ်သက်ချေမ်းစေခြင်း။
**နိဗ္ဗေဇဘာဂိယ**။ ။ငြီးငွေ့ခြင်း အလိုရှိသော။
**နိဗ္ဗေဓိက**။ ။စူးရှထိုးထွင်းသော။
**နိဗ္ဗေမတိက**။ ။ယုံမှားကင်းသော၊ သံသယမရှိသော။
**နိဗ္ဘယ**။ ။ဘေးမရှိသော၊ နိဗ္ဗာန်။

ဟူ၍ ပါဠိအဘိဓာန်ချုပ်မှာ ပြထားလေသည်။

× × ×

## လေးနက်လှစွာ ဤသစ္စာ

သဗ္ဗနာမံ၊ အလုံးစုံသော ခေါ်ဝေါ်သမုတ်အပ်သည့်၊ အမည်နာမမှန်သမျှကို၊ သမုတိသစ္စန္တိ၊ သမုတိသစ္စာဟူ၍၊ ဝုစ္စတိဆိုအပ်၏။

သေသသဘာဝံ၊ ခေါ်ဝေါ်သမျှ အမည်နာမများမှ ကြွင်းသော သဘာဝတရားကို ပရမတ္ထသစ္စန္တိ၊ ပရမတ္ထ သစ္စာဟူ၍ ဝုစ္စတိဆိုအပ်၏။

ရေ၊ မြေ၊ လေ၊ မီး၊ အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ၊ ဤရှစ်ပါးသည်ရှိ၏။ ပညတ်ဓမ္မာရုံပဋိစ္စဒ၊ နှုးညှံ့ခက်မာမှုသည်၊ ဓါတုပဋိစ္စဒ၊ ဖောက်ပြန်မှုသည် ရူပ ပဋိစ္စဒ၊ ဤသုံးပါးကို သိသောသဘောသည် နာမပဋိစ္စဒ ဟူ၍ဖြစ်သည်။

ရှစ်ပါးတွင်၊ တပါးစီ၌ သဘောလေးမျိုးရှိရာ ရှစ်လေးလီ သုံးဆယ့်နှစ်ပါးဖြစ်၏။ ယင်းသုံးဆယ့်နှစ်ပါးသည်၊ အပေါင်း အားဖြင့် ပညတ်တခု၊ဓါတ်တခု၊ရုပ်တခု၊နာမ်တခုသာဖြစ်သည်။ ဤတရားတို့၏ ဖြစ်ပေါ်မှုသည်၊သခ်ီတဟု မှတ်ကြရာ၏။ထိုတရား တို့၏ ချုပ်ပျောက်ကွယ်ဆုံးမှုသည် အသခ်ီတဟု မှတ်ရာ၏။ထပ်မံ ပေါင်းရုံးက ဖြစ်ပျက်သာ ရှိသည်၊ ဖြစ်ပျက် သဘောကိုသာ ဆင်ခြင်ရာ၏။ဖြစ်ပျက်သာ သတိမပြတ် အသိမလပ် အမြဲရှိရာ၏။

× × ×

**အဝိဇ္ဇာခေါင်းဆောင်**

အဝိဇ္ဇာဖြစ်က ပုညာဘိသင်္ခါရ၊အပုညာဘိသင်္ခါရ၊အာနဉ္ဇာဘိ သင်္ခါရတို့ ဖြစ်ကြလေသည်။

ယင်းသင်္ခါရဖြစ်က၊ ဝိဉာဏ်ဖြစ်၏။
ဝိဉာဏ်ဖြစ်က၊ နာမ်ရုပ်ဖြစ်၏။
နာမ်ရုပ်ဖြစ်က၊ သဠာယတနဖြစ်၏။
သဠာယတနဖြစ်က၊ ဖဿဖြစ်၏။
ဖဿဖြစ်က၊ ဝေဒနာဖြစ်၏။
ဝေဒနာဖြစ်က၊ တဏှာဖြစ်၏။
တဏှာဖြစ်က၊ ဥပါဒါန်ဖြစ်၏။
ဥပါဒါန်ဖြစ်က၊ ဘဝဖြစ်၏။
ဘဝဖြစ်က၊ ဇာတိဖြစ်၏။
ဇာတိဖြစ်က ၊ဇရာဖြစ်၏။
ဇရာဖြစ်က၊ ဗျာဓိဖြစ်၏။
ဗျာဓိဖြစ်က၊ မရဏဖြစ်၏။

မရဏဖြစ်က၊ သောကဖြစ်၏။
သောကဖြစ်က၊ ပရိဒေဝဖြစ်၏။
ပရိဒေဝဖြစ်က၊ ဒုက္ခဖြစ်၏။
ဒုက္ခဖြစ်က၊ ဒေါမနဿဖြစ်၏။
ဒေါမနဿဖြစ်က၊ ဥပါယာသ ဖြစ်၏။

ဤသို့- ဆင့်ပွားဖြစ်ပျက်နေခြင်းများစွာမှန်သမျှအား'သခတ' ဟုမှတ်ဆို၏။ ယင်းအဝိဇ္ဇာချုပ်က၊ အဆိုပါဖြစ်ခြင်းပျက်ခြင်း ကင်း၍'အသင်္ခတ'ဟုမှတ်ဆို၏။

× × ×

**အကြောင်း၏အကျိုးတရားများ**

**ဟေတု။** ။ကုသိုလ်ဟိတ်၊အကုသိုလ်ဟိတ်။
**အာရမ္မဏ။** ။ကုသိုလ်အာရုံ၊အကုသိုလ်အာရုံ။
**အဓိပတိ။** ။ကုသိုလ်အကြီးအမှူး၊အကုသိုလ်အကြီးအမှူး။
**အနန္တရ။** ။အခြားမဲ့ဖြစ်ခြင်း ကုသိုလ်၊ အခြားမဲ့ဖြစ်ခြင်း အကုသိုလ်။
**သမနန္တရ။** ။ကောင်းစွာ အခြားမဲ့ ဖြစ်ခြင်း ကုသိုလ် / အကုသိုလ်။
**သဟဇာတ။** ။အတူတကွဖြစ်သော ကုသိုလ်/အကုသိုလ်။
**အညမည။** ။အခြင်းခြင်းဖြစ်သောကုသိုလ်/အကုသိုလ်။
**နိဿယ။** ။မှီရာဖြစ်သောကုသိုလ်/အကုသိုလ်။
**ဥပနိဿယ။** ။အားကြီးသောအကြောင်းဖြစ်သောကုသိုလ်/ အကုသိုလ်။
**ပုရေဇာတ။** ။ရှေ့၌ဖြစ်သောကုသိုလ်/အကုသိုလ်။

ပစ္ဆာဇာတ။ ။နောက်မှဖြစ်သောကုသိုလ်/အကုသိုလ်။
အာသေဝန။ ။အဖန် တလဲလဲ မှီဝဲ အပ်သောကြောင့် ဖြစ်သောကုသိုလ်/အကုသိုလ်။
ကမ္မ။ ။မျိုးစေ့ဖြစ်သောကုသိုလ်/အကုသိုလ်။
ဝိပါက။ ။အကျိုးဖြစ်သောကုသိုလ်/အကုသိုလ်။
အာဟာရ။ ။ကုသိုလ်အာဟာရ/အကုသိုလ်အာဟာရ။
ဣန္ဒြိယ။ ။ကုသိုလ်အစိုးရခြင်း/အကုသိုလ်အစိုးရခြင်း။
ဈာန ။ ။ကုသိုလ်၌ကပ်၍ရှုခြင်း။ / အကုသိုလ်၌ကပ်၍ ရှုခြင်း။
မဂ္ဂ။ ။ကုသိုလ် အကြောင်း ဖြစ်ခြင်း / အကုသိုလ် အကြောင်းဖြစ်ခြင်း။
သမ္ပယုတ္တ။ ။ကုသိုလ်နှင့်ယှဉ်ခြင်း/အကုသိုလ်နှင့်ယှဉ်ခြင်း။
ဝိပ္ပယုတ္တ။ ။ကုသိုလ်နှင့် မယှဉ်ခြင်း/အကုသိုလ်နှင့်မယှဉ် ခြင်း။
အတ္ထိ။ ။ကုသိုလ်ရှိခြင်း/အကုသိုလ် ရှိခြင်း။
နတ္ထိ။ ။ကုသိုလ်မရှိခြင်း/အကုသိုလ်မရှိခြင်း။
ဝိဂတ။ ။ကုသိုလ်နှင့်ကင်းခြင်း/အကုသိုလ်နှင့်ကင်းခြင်း။
အဝိဂတ။ ။ကုသိုလ်နှင့် မကင်းခြင်း / အကုသိုလ်နှင့် မကင်းခြင်း။

ဤပြဆိုအပ်ပြီးသောကုသိုလ်-၂၄ခု အကုသိုလ်-၂၄-ခုတို့၏ ဖြစ်ခြင်းသည်၊ 'သခ်တ' ဟုမှတ်ကြ၍ ဤ-၄၈-ခုတို့၏ ချုပ်ခြင်းသည်၊ 'အသခ်တ'ဟုမှတ်ရာသည်။

× × ×

ခြောက်ဒွါရ၌ ခန္ဓာငါးပါးဖြစ်ပေါ်မှုသည် 'သင်္ခတ' ခန္ဓာငါးပါး ချုပ်ပျောက်မှုသည် 'အသင်္ခတ' ဟုမှတ်ရာ၏။

× × ×

အကုသိုလ် နာမ်ခန္ဓာ ၊ကုသိုလ် နာမ်ခန္ဓာဖြစ်ပေါ်မှုသည် 'သင်္ခတ၊' ချုပ်ပျောက်မှုသည် 'အသင်္ခတ'။

× × ×

ကာမကိုတပ်သော၊ ကာမာသဝ၊
ဘဝကိုတပ်သော၊ ဘဝါသဝ၊
အယူဘောက်ပြန်သော၊ ဒိဋ္ဌာသဝ၊
သစ္စာလေးပါးကို ဖုံးလွှမ်းသော၊ အဝိဇ္ဇာသဝ၊

'ဤလေးပါးသောတရားတို့ဖြစ်ပေါ်မှုသည် 'သင်္ခတ' ချုပ်ပျောက်မှုသည်၊'အသင်္ခတ'။

× × ×

အနိစ္စနာမ်ခန္ဓာ၊ဒုက္ခနာမ်ခန္ဓာ၊အနတ္တနာမ်ခန္ဓာ၊သစ္စာနာမ်ခန္ဓာ၊မဂ်နာမ်ခန္ဓာ၊ဖိုလ်နာမ်ခန္ဓာ၊ ဤ နာမ်ခန္ဓာစု တို့ဖြစ်ပေါ်မှုသည်'သင်္ခတ'ဤနာမ်ခန္ဓာစုတို့ ချုပ်ပျောက်မှုသည်'အသင်္ခတ'။

× × ×

အကုသိုလ်ကံကြောင့်၊ အကုသိုလ် အဗျာကတ ရုပ်နာမ်ဖြစ်ပေါ်မှု၊ ကုသိုလ်ကံကြောင့် ကုသိုလ်အဗျာကတ ရုပ်နာမ် ဖြစ်ပေါ်မှုတို့သည် 'သင်္ခတ'။ ချုပ်ပျောက်မှုတို့သည် 'အသင်္ခတ'။

× × ×

လေးပွင့်ဆိုင်နှင့်'သင်္ခတ-အသင်္ခတ'

ဘုရားဟု ခေါ်ဝေါ်မှုသည်၊ ပညတ်ဓမ္မာရုံ၊ အကျင်းသည်၊ ဓါတ်၊ ရုပ် နာမ်၊ဤလေးခုဖြစ်ပေါ်မှုသည်'သင်္ခတ'ချုပ်ပျောက်မှုသည်'အသင်္ခတ'။

× × ×

သံဃာဟု ခေါ်ဝေါ်မှုသည်။ ပညတ်ဓမ္မာရုံ၊ အကျင်းသည် ဓါတ်-ရုပ်-နာမ်၊ဤလေးခု ဖြစ်ပေါ်မှုသည်'သင်္ခတ'ချုပ်ပျောက်မှုသည်'အသင်္ခတ'။

× × ×

မိဘ၊ ဆွေမျိုး၊ လယ်ယာ၊ လက်ဝတ် စသည် မျက်မြင်ဝတ္ထု သက်ရှိသက်မဲ့ စသည်ခေါ်ဝေါ်မှုသည်။ပညတ်ဓမ္မာရုံ၊ အကျင်းသည် ဓါတ် ရုပ် နာမ် ဤလေးခုဖြစ်ပေါ်မှုသည် 'သင်္ခတ' ဤတရားတို့ ချုပ်ပျောက်မှုသည် 'အသင်္ခတ'

× × ×

လေးပါး၊ လေးပွင့်ဆိုင်၊ လေးဌာန တို့၌၊ ဒိဋ္ဌိ အစ ရှိသော အကုသိုလ် နာမ်ခန္ဓာ ချုပ်မှုသည် သဉပါဒိသေသ နိဗ္ဗာန်ဟုဆို၍ အကျင်း၊ကုသိုလ်နာမ်ခန္ဓာပါ ချုပ်မှုသည် အနုပါဒိသေသနိဗ္ဗာန် ဟု မှတ်ရာ၏။

× × ×

သဗ္ဗာဂုဒန္တိ၊အလုံးစုံအပျက်၏အဆုံးကို၊နိရောဓ ဓမ္မန္တိအချုပ် သဘောဟူ၍ဝုစ္စတိ၊ ဆိုအပ်၏၊ နိရောဓ ဓမ္မံ၊ အချုပ်သဘောကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

တဏှက္ခယဓမ္မံ၊ တဏှာ၏ ကုန်ကြောင်း တရားကို၊ နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ-ဆိုအပ်၏။ မရဓမ္မံ-အမြတ်ဆုံး တရားကို၊ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

တာဘဏဓမ္မံ၊ ဖြစ်ပျက်ဘေးမှ-ကယ်တင်ပေးတတ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ-ဆိုအပ်၏၊ လေဏဓမ္မံ၊ဖြစ်ပျက်ဘေးကြီးမှ၊ ပုန်းအောင်းရာဖြစ်သော တရားကို၊ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိဆိုအပ်၏။

× × ×

အရူပဓမ္မံ-အနိမ့်အမြင့် စသော၊ အဆင်း သဏ္ဌာန်မှ ကင်းသော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ၊ ဆိုအပ်၏။

× × ×

သန္တဓမ္မံ၊ ငြိမ်သက်သော တရားကို၊ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ၊ ဆိုအပ်၏။

× × ×

သစ္စာဓမ္မံ၊ မှန်သော တရားကို၊ နိဗ္ဗာနန္တိ၊နိဗ္ဗာန်ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

အနာလယ ဓမ္မံ၊ အာလယ ဟူ၍ လိုအပ်သော တဏှာ၏ ကင်းရာ ကင်းကြောင်း ဖြစ်သော တရားကို၊ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

အသင်္ခတဓမ္မံ၊ အကြောင်းတရားတို့သည်၊ မပြုပြင်အပ်သော တရားကို၊ နိဗ္ဗာနန္တိ နိဗ္ဗာန် ဟူ၍၊ ဝုစ္စတိ ဆိုအပ်၏။ သိဝံဓမ္မံ၊

ဘေးမရှိခြင်းကို ပြုတတ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

အမတမ္ပိ၊ သေခြင်း ကင်းသော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

သုဒုဒ္ဒသမ္ပိ၊ မြင်နိုင်ခဲသော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

ပရာယဏမ္ပိ၊ လည်းလျောင်းရာဖြစ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

သရဏမ္ပိ၊ ကိလေသာကို ညှဉ်းဆဲတတ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

အနီတိကမ္ပိ–ဥပဒ္ဒဝေါ ကင်းသော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

အနာသဝမ္ပိ၊ အာသဝ၏ ကင်းရာ ဖြစ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

အနိဒဿနမ္ပိ၊ မမြင်အပ်သော တရားကို၊ နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

အကတမ္ပိ၊ အကြောင်း ကင်းသော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

အပလောကိတဓမ္မံ၊ လောကသဘော အမြင်အားဖြင့် မသိအပ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

နိပုဏဓမ္မံ၊ သိမ်မွေ့သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

အနန္တဓမ္မံ၊ အဆုံးမရှိသော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

အက္ခရဓမ္မံ၊ ကုန်ခြင်းမရှိသော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

ဒုက္ခက္ခယဓမ္မံ၊ ဒုက္ခ၏ ကုန်ကြောင်း ဖြစ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

အဗျာပဇ္ဇဓမ္မံ၊ ကြောင့်ကြမရှိသော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

ဝိဝဋ္ဋဓမ္မံ၊ ဝဋ်၏ ကင်းရာ ဖြစ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

ခေမဓမ္မံ၊ ဘေးမရှိသော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

ကေဝလဓမ္မံ၊ သင်္ခါရတို့နှင့် မရောစပ်သော တရားကို နိဗ္ဗာနန္တိ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

အပဝဂ္ဂဓမ္မံ၊ သခ်ါရတို့၏ ကင်းရာ ဖြစ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

ဝိရာဂဓမ္မံ၊ ရာဂကင်းသော တရားကို နိဗ္ဗာနန္တိ၊နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

ပဏီတဓမ္မံ၊ ယောဂ၏ကုန်ရာ ဖြစ်သော တရားကို နိဗ္ဗာနန္တိ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

အစ္စုတ ဓမ္မံ၊ မရွေ့သော တရားကို၊ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

ပဒဓမ္မံ၊ အရိယာ သူတော်ကောင်းတို့သာ သိအပ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

ယောဂက္ခေမဓမ္မံ၊ မြတ်၏ ဟု ဆိုအပ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

ပါရဓမ္မံ၊ထိုမှဘက်ကမ်းသဘွယ်ဖြစ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

မုတ္တိဓမ္မံ၊ကိလေသာမှ လွတ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

သန္တိဓမ္မံ၊ ငြိမ်းသော သဘောတရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

ဝိသုဒ္ဓိယမ္မံ၊ စင်ကြယ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

ဝိမုတ္တိမမ္မံ၊ ခပ်သိမ်းသော သင်္ခါရတို့မှ လွတ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

အသင်္ခတမမ္မံ၊ အသင်္ခတဟု ဆိုအပ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

သုဒ္ဓိမမ္မံ၊ အညစ်အကြေး ကင်းသော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

နိဗ္ဗုတိမမ္မံ၊ ဝုတိမည်သော တဏှာမှ၊ ကင်းလွတ်ရာ ဖြစ်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

အရိယမမ္မံ၊ မြတ်စင်သော တရားကို နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

× × ×

**နိဗ္ဗာန်နှင့် မိရိုးဖလာ**

နိဗ္ဗာန် အကျိုးငှာ၊ ဒါန၊ သီလ၊ ဘာဝနာ၊ တရားတို့ကို အားထုတ်ရန် ဆန္ဒရှိကြသော်လည်း 'နိဗ္ဗာန်' 'အသင်္ခတ'၏ အရသာကို မသိကြ။ ဤသို့မသိခြင်းမှာလည်း ပကတိ၊မိရိုးဖလာ၊ အစဉ်အလာသဘောသို့ လိုက်၍ ယုံကြည်မှုဖြင့် 'တောင်းဆို' နေခြင်းပုံကြလေသည်၊ လိုအင်ဆန္ဒဖြင့် တောင့်တအပ်သော 'နိဗ္ဗာန်' 'အသင်္ခတ'၏ တရားအရသာကို 'ဒွိသင်္ခတမမ္မ' တွင်ပြ ထားလေသည်။

သို့ဖြစ်၍'နိဗ္ဗာန်'အကျိုးလိုလျှင် နိဗ္ဗာန်အကြောင်း သိထားကြရပြီး၊နိဗ္ဗာန်၏လုပ်ငန်းအကြောင်းရင်းသို့ ဦးတည်ဆောင်ရွက်၍ ဆန္ဒပြုပြီး သဘောပေါက်က အကျိုးတရား များစွာရှိနိုင်ကြောင်း ယုံကြည်သဖြင့် တင်ပြခြင်းဖြစ်ပေသည်။

မိရိုးဖလာ အစဉ်အလာ သဘောဖြင့် 'ဗုဒ္ဓဘာသာ' အဖြစ်အသက်ရှင်နေသူတိုင်းမှာ အဓိကအားဖြင့် 'နိဗ္ဗာန်' ဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာဝင်တိုင်းမှာ'သာမည'နှင့် 'အဓိက' နှစ်ပိုင်းရှိနေသည်၊ တပိုင်းက သာမည ဗုဒ္ဓဘာသာမှာ မိရိုးဖလာအစဉ်အလာသဘောဖြင့် လူ့လောက စားဝတ်နေရေးနှင့်ရောထွေးနေကြသည်။

တပိုင်းက'အဓိကဗုဒ္ဓဘာသာ'မှာ ဗုဒ္ဓ၏ အထူးတရားဓမ္မခန္ဓာတို့ကို သေချာစွာ နာခံ၍ ရှာကြံကြိုးစားပြီး အသိမှန် အမြင်မှန်ကိုရှာကြံခြင်းဖြစ်ပြီး၊သိလျှင် သိသကဲ့သို့ ခန္ဓာကိုယ်တွေ့ကျင့်ကြံအားထုတ်ခြင်း ဖြစ်ကြလေသည်။

သာမညပုဂ္ဂိုလ်တို့မှာ ဗုဒ္ဓဘာသာပင် ဖြစ်သော်လည်း အပါယ်လေးပါးနှင့်အိုးစားမကွဲနိုင်ကြဘဲ၊အိမ်တွင်ရေး အောက်လမ်းသမားများ အဖြစ်၊ ဝဋ်ဆင်းရဲထဲ ဝဲလှည့်မေ့မူးနေကြပြန်သည်။ဤသည်မှာ အတ္တဒိဋ္ဌိ အယူက-အုပ်စိုးကြီးမှူး၍ ရှေ့သွားပြုနေခြင်းကြောင့် ဖြစ်သည်၊ သူ-ငါတပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊သတ္တဝါ စသည်ဖြင့် အာရုံမှာ ထင်သမျှ အစွဲတင်ထား၍ အသိအမှတ်ပြုကာ စွဲယူထားချက်များပင်ဖြစ်သည်။ဤသည်မှာ ဒိဋ္ဌိမလွတ်ခြင်းဖြစ်သည်။ဒိဋ္ဌိမလွတ်က အပါယ်ဝဋ်သံသရာဝဋ်တို့မှ မကျွတ်လွတ်နိုင်ကြကုန် ဤသည်တို့ကို တချို့ သိကြ၏၊မသိကြသူ

တွေ့လည်းရှိ၏။ သိသော်လည်းအသိဖြင့် သတိနှင့်အလုပ်နှင့်မစပ်ဟပ်မိဘဲ ပေါ့ပေါ့ဆဆပင်သတိလစ် အသိညစ်နှင့်အချိန်ကုန်ဘဝနွမ်းကြရလေသည်။

ဒုက္ခပင်မှဒုက္ခသီးသီးနေကြသည်၊ဒုက္ခဆင်းရဲ ဝဋ်ဘဝမျိုးစေ့မပြတ်ကြချေ၊ တရားဓမ္မလိုက်စားကြသည်ဆိုရာမှာ ဗုဒ္ဓအယူအဆကိုလက်ခံသူတိုင်းအဘို့ ဒုက္ခနှင့်သမုဒယပြတ်ရန်ဟုအဓိပ္ပါယ်ရှိနေသည် ဗုဒ္ဓနှင့် ဓမ္မဆိုသည်ကို ကြည့်က ဗုဒ္ဓ၏ဓမ္မတရားကိုသာဆိုလိုလေသည်။

'သဗ္ဗဓမ္မေ၊ ဗုဇ္ဈတီတိဗုဒ္ဓေါ'ဟု လာ၏။ သဗ္ဗဓမ္မေ၊ခပ်သိမ်းသော တရားတို့ကို ဗုဇ္ဈတိ-သိတော်မူ၏၊ ဣတိတသ္မာ-ထို့ကြောင့်ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။ ဗုဉာဏေ၊ ဗုဓ-ဗု ဓါတ်သည်၊ ဉာဏေသိခြင်း၌၊ ဝတ္တတိ၊ ဖြစ်၏။

ပေါင်းရုံးက တရားကိုသိသောဉာဏ်တော်အားကို ဘုရားဟုတင်စားခေါ်ဝေါ်သော ပညတ်ဖြစ်သည် ဘုရားဟူသည်'ဉာဏ်တော်'ဟုအဓိပ္ပါယ်ရခြင်းဖြစ်သည် အမှန်အားဖြင့်ဉာဏ်တော်မှတပါး၊ဘုရား မရှိ။ရှိသည်ဆိုက ဒိဋ္ဌိဟု ဆိုပြထားသည်။

ဉာဏ်(ပညာ)တော်ဘုရားသည် 'အနတ္တ' ဖြစ်သည်။တုစ္ဆ၊ သုညဟုဖေါ်ပြထားသည်၊ 'အတ္တ'နှင့်မရောယှက် သက်သက်လွတ်နေသည်။

ပညတ်ဓမ္မာရုံ၊ ဓာတုပဋိဗ္ဗေဒ၊ ရုပပဋိဗ္ဗေဒ၊ နာမပဋိဗ္ဗေဒ၊ ဤလေးဌာနသာရှိသည်။ ဤအရှိတရားကိုသာ သဘောပေါက်သိရှိ၍ဘုရားရှိခိုးခြင်းမှ အစ ဗုဒ္ဓဝေယျာဝစ္စအဝဝကိုဆောင်ရွက်ရာမှာ အဓိကအားဖြင့် တရား နှလုံးသွင်းကာ အစွဲဒိဋ္ဌိ မြတ်၍

မြတ်သော ရှိခိုးခြင်း ဖြစ်သည်။ ဤသည်ကို မသိက အပါယ် သမားအောက်လမ်းသွားများ ဖြစ်တတ်ကြကြောင်း ဆိုးမထား လေသည်။

အရှိတရားကို အရှိတရားအတိုင်းတိုင်း သိရန်နှင့် မရှိသည် ကိုလည်း မရှိသည့်အတိုင်း ခွဲခြားပြီး သိရန်လိုပါသည် တဖန်- အစိကနှင့်သာမညကို သတိမပြုတ်စေရန် ဖြစ်သည်။

လောကမှာလောကီအလုပ်ချည့်မဟုတ်၊

လောကီနှင့် လောကုတ္တရာတွဲနေသည် လောကထဲမှာ ဓမ္မ ရှိနေသည် သို့ဖြစ်၍ သာမန်အားဖြင့် သီးခြားခွဲထွက်နေခြင်းဖြင့် မတတ်နိုင်ကြပါ၊သို့သော်အဓိကအားဖြင့် လူ့စားဝတ်နေရေးကို လျစ်လျူရှုထားကြ၍ မဖြစ်ပါ။ သို့ဖြစ်၍ လောကနှင့်ဓမ္မတွဲ၍ ဆောင်ရွက်ရာတွင် အဓိကနှင့် သာမညတရားများကို မေထား၍ မဖြစ်ပါ။

အမှန်သစ္စာတရားတို့သည်ပင်လျှင်လောကထဲရှိ ဒုက္ခ၊သမုဒယ တောမှ ထွက်မြောက် ပေါက်ဖွားလာရခြင်း ဖြစ်သည်။ပင်ကိုယ် အားဖြင့်လောကသည်အရာရာမှာသစ္စာတရားတို့ဖြင့်ချည့်ရှိနေပြီး မကောင်းမှု သမုဒယ ဒုက္ခတို့မရှိဘဲနေလျှင် ကောင်းမှုသစ္စာ တရားများချည်းလည်း သီးခြားရပ်တည်ပြီ းထူးခြားစွာဖြစ်မလာ နိုင်ပါ။

မကောင်းမှုနှင့် ကောင်းမှုတို ဆန့်ကျင့်ဘက် တိုက်ခိုက် တော်လှန်လျက် သစ္စာတရားကို ကြီးထွားအား မြင့်လာစေခြင်း ဖြစ်သည်။မမှန်ကန်ခြင်းကြောင့် အမှန်တရားတို့ ဖြစ်လာရသည်။ သည်အခါ ပုဂ္ဂိုလ်သတ္တဝါတို့၏ ကာယကံ၊ ဝစီကံ၊ မနောကံ

တို့သည် ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားရှန်းကန်မှုအားလုံးမှာ 'ပညာ' ဖြင့် ဆုံးဖြတ်ကြရသည်။ အသိ ပညာမဲ့သူသည်'မကောင်းမှု' အောက်လမ်းသမား အောက်လမ်းသွားများသာ ဖြစ်ကြသည်။ 'ပညာ'(သစ္စာလေးပါး)တရားဖြင့် မဂ်အသိ၊ ဖိုလ်အသိ၊ တရားအသိ၊ သစ္စာအသိပညာဖြင့်၊ ချင့်ချိန် ဝေဘန်သော ပညာဉာဏ်ရှိသူတို့သည်"ကောင်းမှု" အထက်ဆန့်သမားများ ဖြစ်ကြသည်။ ဤ'ပညာ'သည် ချမ်းသာ၊ ဆင်းရဲ၊ ဆူကြုံနိမ့်မြင့်၊ အဆင့်၊ အတန်း မခွဲခြားပါ။ လိုက်စား လေ့လာရှိအား ရှိသူများပေါ်မှာသာ မူတည်ပါသည်။ မိမိမှာရှိရမည့် ပညာသည်မည်သို့သောပညာမျိုး ဖြစ်ကြောင်း သိကောင်းလောက်ပေသည်။ ဤ 'ပညာ'သည် အမှန်တရား အဖြစ်သို့ ဆုံးဖြတ်ပေးသည်၊ အထူးသဖြင့်'ပညာ' ဆိုသည်မှာ လောကုတ္တရာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ၊ နိဗ္ဗာန် ပညာဖြစ်ပြီး၊ လောကီ ပညာရပ်တိုင်းနှင့် မဆိုင်ချေ။ ပင်ကိုယ်အားဖြင့် မူလကတည်းက ဤပညာသည် လောကီ-လောက လုပ်ငန်း အပြင်ပန်း၊ အတွေးအထင် လမ်းတွေနှင့် ဆန့်ကျင်ပြီးသား ဖြစ်ချေသည်။ သို့ဖြစ်၍ နိဗ္ဗာန် ခရီး၏ အစ နိဒါန်း'ပန်းဝင်'မှန်ရန်လိုသည်၊ပန်းဝင်မှားလျှင်ပန်းဆွဲမှားရမည်။ ပန်းဝင်မှားက လမ်းမှားမည်။ လမ်းမှားက ပန်းဆွဲမှားသွားချေမည်မှာ သေချာသည်။ သို့ဖြစ်၍ 'ပညာ'ဉာဏ်ဖြင့် အရာရာကို ကိုယ်တိုင် ဝေဘန်စဉ်းစားချည့်ချိန် ဆုံးဖြတ်တတ်သော ဉာဏ်-ပညာသည် အဓိကဖြစ်ချေသည်။ အာရုံ ၆ ပါးဖြင့် သိမြင်တွေးထင်နေမှုများသည် အမြင်မမှန်၊အတ္တသညာမှုပယ်ရသည်။အနတ္တ သဘာ စသော ဉာဏ်အမြင်မှန်မှ လိုရာရနိုင်သည်။ စွဲလန်းမှုအယူအစွဲ ရုပ်ဝန်း

ကျင်နှင့် စိတ်ထင်မှုများကြောင့် အပယ်ကျကြရလေသည်။ အကုသိုလ်ကံ၏ အကျိုးဝိဘက်၊ အကုသလဝိဘက်၊ အကုသိုလ် အဗျာကတ ရုပ်နာမ်ဖြင့် အစွဲတက်ရောဂါကြောင့် အပါယ်နှင့် မလွဲနိုင်ကြချေ။

## မှော်ရုံတော အလယ်

ယခုအခါ ဒါန၊ သီလ၊ သာဝနာ ပုဂ္ဂိုလ်များ တိုးတက်လာကြသည်။သို့သော် ဝိပဿနာဉာဏ် အမြင်လမ်းစခန်း မပွင့်ကြ၍ ၃၁ ဘုံနှင့်အိုးစားမလွဲကြချေ။

တောလယ် ယောကျ်ားသည် ကျားရဲ၊ သစ်ရှူးတို့ကြောင့် သစ်ပင်ပေါ် တက်ပြေး၏။ မစဉ်းစားဘဲ သေမည့် အရေးကို သာတွေး၍၊အားအားဘုန်ဖြင့် ခြောက်လှန့်သော ကျားရဲ၊သစ်ရှူးတို့ကိုသာမြင်၍ မြင့်ရာသို့ တက်ပြေးလျက် သစ်ခြောက်ကိုင်းကို တွယ်မိကာ ကျိုးကျပြီး လိမ့်ကျရ၏။ အောက်သို့ ကျရောက်သည်၊ ကျားစာသာ ဖြစ်ရ၏။ ဤဥပမာဖြင့် တူသည်။ ဒုက္ခသံသရာကို ကြောက်၍ ဒါန၊ သီလ၊ ဘာဝနာ၊ တရား အားထုတ် လေ့ကျင့်ပါများသော်လည်း ရှေ့ဆက်ရမည့် ခရီးကို ဥပက္ခာပြုကြ၍ ဂရုမမူ၊ သတိ မထားသဖြင့် အပါယ်သွားရသည်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တောသုံးတော၏ အလယ်မှာ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ တည်းဟူသော သစ်ပင်ခြောက်ပေါ်တက်မိပြီး၊ ကျားရဲ သစ်ရှူးနှင့် တူသော တဏှာ၊ မာန၊ သက္ကာယဒိဋ္ဌိကြောင့် အသေ မငြိမ်းကြရသတည်း။

× × ×

# အပိုင်း ၅

## သီလနှင့်ဥာဏ်

ငါးပါးသီလ၊ ရှစ်ပါး သီလ၊ ဆယ်ပါး သီလများနှင့် နှစ်ရာနှစ်ဆယ့်ခုနှစ်သွယ်သော သီလ စသည်တို့ကိုလည်း အဆင့်ဆင့် ကျင့်သုံးဆောက်တည်ကြကုန်သည်။

ငါးပါးသီလသည်လူတို့ ကျင့်မှုဖြစ်၏၊နှစ်ရာနှစ်ဆယ့်ခုနှစ်ပါးသည် ရဟန်းတို့ကျင့်၏။ဤသို့ သာမံအားဖြင့် သီးခြားရှိထားလေသည်။သို့သော် ထိုပုဂ္ဂိုလ်တို့သည် သတိ၊သီလ၊ပညာလစ်လပ်ကြ၍ ရုပ် နာမ် တရားပိုင်းခြား မသိ မမြင် ဖြစ်ကြသော် အပါယ်သံသရာဝဋ်တို့မှ မကျွတ်လွတ်နိုင်ကြချေ။

သီလ ဆောက်တည်ကြသူခြင်း တူသော်လည်း ရုပ် နာမ် ဓမ္မသင်္ခါရတို့ကို ပိုင်းခြား သိမြင်၍ သတိတရားများနှင့်ဝိပဿနာဥာဏ်ဝင်သူသည်သာလျှင် အပါယ်ဝဋ် သံသယာဝဋ်တို့မှ ကျွတ်လွတ်နိုင်ချေသည်။

သို့ဖြစ်၍ သီလသည်အရေးကြီးသော်လည်း အပါယ်မှလွတ်ရေးတွင်သီလချည်းရှိ၍ မပြီး၊ရုပ်နာမ်မသိ၊အစွဲရှိရှိဖြင့် စောင့်သိနေရုံဖြင့် လိုရင်းသို့ မရောက် သူရှိ ငါရှိသူမှီခို၊ငါ့အားထားဖြင့် ကိုးစားမှီခိုမှုအစွဲအထင်များကို သတိရှိရ၏ မကောင်းမှုများ

လုပ်သူအဘို့သာ မကောင်းမှုကို ဆင်ခြင်ရ၏။ ကောင်းမှုချည့် အသိသတိဖြင့် ဆင်ခြင်သူအဖို့ မကောင်းမှု မလုပ်ဖြစ်တော့ချေ။ မကောင်းမှု လုပ်တတ်သူအဘို့ မကောင်းမှု အပေါင်းတို့၏ မှီခိုပုန်းအောင်းရာ ဖြစ်လေသည်။

သို့ဖြစ်၍ ရုပ်နာမ် ဓမ္မ သင်္ခါရတို့ကို အမှန်သဘောရင်း အရှိအရှိ အတိုင်းတိုင်းကို သိသော ဉာဏ်ပညာသာ အရေးကြီးလှသည်။ ရုပ်နာမ်ကို သိရန် အရေးကြီးကြောင်း၊ မဂ္ဂင်ရှစ်ပါး၌ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ပညက္ခန္ဓာကို ရှေးဦးစွာ အစ ထား၍ ဟောတော်မူသည်။

ဉာဏ်ပညာဖြင့်ပြည့်စုံမှ သီလကိုခိုင်မြဲပြည့်စုံစွာ စောင့်ထိမ်းနိုင်သည်။ခိုင်မြဲသော သီလတရားရှိပြီး ပြည့်စုံမှ သမာဓိပြည့်စုံနိုင်ချေသည်။ အယူအဆ အမျိုးမျိုးရှိသည် မဂ္ဂင်ရှစ်ပါးမှာ- သီလ၊သမာဓိ၊ပညာဟူ၍သုံးပါးအကျဉ်းရုံးသော်လည်း တချို့မှာ သီလမှ စ၍ ဆောက်တည်ရမည်ဟု အယူရှိသည် တချို့တချို့မှာ ရှေးဦးစွာ ဆောက်တည်ရမည့် အခြေခံပေါ် အမြင် များစွာ ခြားနားကြသည်။

သီလ၊ သမာဓိ ကအရင်၊ ပညာကနောက်ဟု အယူအဆ ရှိကြသည်။ ပဥ္စဝဂ္ဂီငါးပါးမှာ ပညာဉာဏ်ရင့်ပြီးဖြစ်၍ ပညာကစ၍ဟောသည် ပညာနည်းသူတို့မှာ သီလမှစ၍ ဆောက်တည်ရမည်ဟူ၍လည်း အယူအဆရှိသည်။

သည်နေရာတွင် အခြေခံဖြစ်သော မိမိ၏အသိဉာဏ်ရှိခံယူနိုင်မှမ်းသော အသိဉာဏ်ပညာစွမ်းအားပေါ်မူတည်၍ နိုင်ရာကစ၍ ဆောက်တည်ရမည် ဖြစ်သည် ဟု ယူဆအပ်ပါသည် ဉာဏ်ဖြင့်

သိ၍ ထိမ်းသောသီလသည် မြဲ၍ ဉာဏ်မရှိသော သီလသည် ယိမ်းယိုင်တက်သည်ဟု ယူဆမိသည်။ သဗ္ဗညုတဉာဏ်တော်သည် ပညာကို ရှေ့ထားသည့် သာမန် ပုထုဇဉ်တို့မှာ ပညာကို နောက်ထားသည် နိဗ္ဗာန်ခရီးသည် ဉာဏ်အဓိက ဖြစ်သည်ဟု 'ဉာဏ်ပညာ'ကို ရှေးဦးစွာ ရရှိအောင် စိစစ် လေ့လာ သင်ယူ ဆည်းပူးအပ်သည်။

အယူအဆမှားခြင်းသည် သံသရာခြားရဟတ်မှ မဆင်းရခြင်း ဖြစ်သည် အယူအဆသတ်လျှင် သေမဆုံးဖြစ်သည် အယူအဆ သတ်လျှင် ဘဝဆုံးသည် သံသရာမှာ စုံးစုံးနစ်မြုပ်တတ်သည် လောကဓမ္မနှစ်ဌာနနစ်နာတတ်သည် အသိကန်း၍ စခန်းမသိ၊ ဒုက္ခပိပြီး မချည့်အောင်ပူလောင်ခါ သံသရာထောင်ငဲ့ဩဂထဲမှာ ဆင်းရဲပူပန်ခြင်းနှင့် အပါယ်ဖြင့် ရင်နင့်ရတတ်လေသည်။ ရုပ်နာမ် မသိ၊လူ့ဒိဋ္ဌိ၊ရုပ်နာမ် သိက၊လူ့ပဏ္ဍိ-ဟု ဆိုကြသည်။ ဒိဋ္ဌိနာမ်ခန္ဓာ မချုပ်သမျှ အပါယ်ဝန်မပြုတ်ကြောင်း မုချ မှတ်ယူအပ်ပေသည်၊ ဤသည်တို့ကိုလည်း မျှားစွာ ဘတ်ရှုသိရှိအပ်ပါသည်။

× × ×

ငါဘာလဲ၊ငါဘယ်လဲ

အစမထင်၊ အဆုံး မမြင်သော သံသရာအဝင်လမ်းမှသည် လည်ပတ်ချည်နှောင်ခြင်းခံရမှု၏။ အဓိက တရားခံ အစစ်သည် အဝိဇ္ဇာ၊တဏှာဖြင့် ရစ်ထွေးနေသော ဒိဋ္ဌိ မည်သော မဲညစ်စွန်း ထေးမှုကြောင့်တည်း၊ လယ်လို မဆုံး၊ သေလို မဆုံး၊ ငိုငို ရီရီ တလည်လည်ဖြင့် တရိရိနွမ်းခွေ၊ဒါန၊ သီလ ခမ်းတွေရှိ ကြပုံကြ သော်လည်း ဒုက္ခအစစ်မှန်ကို မသိမမြင်တတ် သမုဒယမပြတ်

သဖြင့် အဝိဇ္ဇာမချုပ်က သံသရာစက်ခလုပ်ပြုတ်၍ နစ်မြုပ်ကြရလေသည်။

'ဓမ္မတာသဘော၊ ဘယ်သို့ဟောလည်း၊ လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နှင့်၊ ပျော်တပြုံးပြုံး၊ မော်မဆုံးပဲ၊ နှလုံးမယဉ်၊ ဉာဏ်မယှဉ်သည့်၊ ပျိုစဉ်ယုတ်မာ၊ အိုခါဆိုးဝါ၊ ဤကိုယ်အားလျှင်၊ ယောကျ်ား မိန်းမ၊ သမုတ်ကြလျက် သုဘ ထင်၍မငြီးငွေ့ဘူး။" (မဃဒေဝ)

သူငါတပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ၊ သူ့ဟာငါ့ဟာနှင့် ခြားခြားလည်း၍ သွက်သွက်ခါ နေကြသည့် ပုထုဇဉ်အန္ဓများသည် သုံးဆယ့်နှစ်ကောဋ္ဌာသကို သာယာဘွယ်ထင်မှတ်ကြ၍ အနားမှမခွာနိုင်ကြချေ ငြီးငွေ့ခြင်းငှာ မသိနိုင်ကြဘုရားဟောတရားနှင့် ခြားနားကြသည် တဖန်နိဗ္ဗာန်ဆုခဏခဏတောင်းသော်လည်း သူတော်ကောင်းပင် မဖြစ်ကြသေး။

ဇောတယိတွာနသဒ္ဓမ္မံ၊သန္တာရေတွာ၊သဒေဝကေ။ဇလိတွာ-ဂဂ္ဂိခန္ဓောဝ၊ နိဗ္ဗုတော သောသသာဝကော။ ။

သော-ထိုမြတ်စွာဘုရားသခင်သည် သဒ္ဓမ္မံ-သူတော်ကောင်းတရားဆယ်ပါးကို၊ဇောတယိတွာန၊ထွန်းလင်းတောက်ပစေပြီး၍သဒေဝကေ-နတ်နှင့်တကွသောလူတို့ကို သန္တာရေတွာ(သံသရာဝဲဒုက္ခထဲမှထုတ်ခဲ့)ကယ်တင်တော်မူပြီး၍ အဂဂ္ဂိခန္ဓောဝ(အစွမ်းကုန်ပွာစီး) မီးပုံကြီးကဲ့သို့၊ ဇလိတွာ-တောက်ပတော်မူပြီး၍သသာဝကော- တပြည့်အပေါင်းနှင့်တကွ နိဗ္ဗုတော- ခန္ဓပရိနိဗ္ဗာန်စံဝင်တော်မူ၏။

ဘုန်းတော်တု-ကျွန်း၊ တို့ထိပ်ပန်းကား၊ ထွန်းစေတရား လူအများကို၊များပြား ဒုက္ခ၊သံသရာမှ၊ ဆောင်ကယ်ယူဟာင် မီးပုံသွင်သို့၊လူ့ခွင်ညီးညီး၊ထွန်းလင်းပြီး၍၊ ပြည်ကြီး ရိပ်မြုံ၊ ခိုစံလှုံသည် ဝိုင်းအုံ့ထကြည့် တူကွတည်း''

ဤသို့ အကျဉ်းအားဖြင့် ဗုဒ္ဓဝင်ကျမ်း၏ အနက်အကျယ်ကို အကျဉ်းချုံး၍ ''သမာသ၊ အတ္ထသြဇဂုဏ်''ဖြင့် ရှိထားဘူးလေသည်။ ''လူ့ဘောင် မျက်မြင်၊ ယခုပင်လည်း ကြီးထင်အားတူ လုံ့လကူမှု သူမတန်အောင် များမြောင်အကျိုး ပြည့်စုံတိုး၏။ မကြိုးစားလျှင်၊ လွန်ရှိပျင်းမှု ကံရင်းရှိလည်း လိုမပြည့်'(ဓမ္မရာသီပျို့-၁၃၄)မှာ ဆိုထားသည်။

'မုနိဥဿျောင် မြတ်ဘုန်းခေါင်၏ နှုတ်ရောင်များဖြင့် မျက်နှာပြင်ကို ဆင်ယင်တန်းဆာ ပုံကြကာဖြင့် ရွှေကြာတိုက်ခန်း နေခြည်သန်းသို့ ရွှန်းရွှန်းဝေဝေ ကြက်သရေသည် ပြည့်လေနေဖြိုးဖြိုး စုံ၏တည်း''

ဘုရားရှင်၏ ရုပ်သွင်ဆင်းတုတော်ကို ဖူးမျှော်ရှိခိုးရုံဖြင့်မပြီး၊ ဘုရားရှင် ကိုကိုယ်တော်မြတ်အားဖူးတွေ့မြင်နေသည့်တိုင်လည်း မပြီး အဓိကမှာဘုရားရှင်၏တရားအား အလေးအမြတ်ထားရှိကာ ကြိုးစားလိုက်နာကျင့်သုံးကြရန် ဖြစ်သည်။

မုနိနော် မြတ်စွာဘုရား၏ အဓရိုသိယော နှုတ်ခမ်းတော် ရောင်တို့သည် ဝဒနံ-မျက်နှာတော်ကို အလက်ရောန္တာ-တန်းဆာဆင်ကြကုန်သော အရုဏရံသိဝ-အရုဏ်ရောင်တို့ကဲ့သို့သော သန္တောတင့်တယ်ကြကုန်၏။'

ဤသို့ဆိုသည် ဘုရားရှင်သည် ကိလေသာ အာသဝေါတရားများကင်းစင်ပြီးဖြစ်သည်။ သို့ဖြစ်၍ အလိုလိုဝင်းပြီးသား ဖြစ်သည်။သာမန်အားဖြင့် ကြည်ညိုဘွယ်ဖြစ်စေရန် စရဏအကျိုးငှာ ဆောင်ရွက်သင့်ပါသည်။ဝက္ကလိရဟန်းကို ကြည့်ခြင်းဖြင့်၊ ဘုရားရှင်၏ အနီးအနားမှာ အတူတကွ နေငြားသော်လည်း တရားနှင့်ဝေးသဖြင့် အကဲ့ရဲ့ခံရချေသည်။ အမှန်အားဖြင့် ဆိုလိုချက်သည် ဆော့းမြေ့ ပူပန်မှု သဘောရှိသော ခန္ဓာကိုယ် တည်းဟူသော ပစ္စည်းဖြင့် ခန္ဓာငါးပါး၏သဘောတရားတွင် ဆော့းမြေ့ ပူပန်ခြင်းမရှိသော နိဗ္ဗာန်ကို အရယူရန် ဖြစ်ပါသည်။

'သဗ္ဗညု၊လမ်း၊ပွင့်လောင်းတမ်းကား၊ ထက်ခြမ်းကိုယ်ကို၊ လိုသောဟူက၊ စိတ်ယူမဆွ၊နှစ်ဖက်သွဖြင့်၊ခြခြကွဲအက်၊ကိုယ်ကိုဝက်၍၊တိတွက်မနွေး၊ ပေးစိမ့်သည်သာ၊ကြည်သဒ္ဒါလျှက်၊ စေတနာလှူလှူ၊ချစ်ခင်မှုနှင့်၊အရှုအသာ၊ များမကြာပဲ၊ ရာသီသန့်လွင်၊ မှုမတင်သည့်၊ရွှေစင်ရည်ရဲ၊ ရွှေလည်ဆွဲကို၊ဆင်မြဲဆင်ပြန်ရလတံ့။'

စိတ်ကို နှစ်ခွသံသယဖြင့် နှစ်ဘက်လွှဖြစ်မည်လား၊ နှစ်ဖက်ချွန် ဖြစ်မည်လား၊ တဘက်ချွန် ဖြစ်မည်လား၊ အားလုံးသည် တဘက်စွန်းများဖြစ်လေသည်။ အချွန်အမြွက်သည် ထိလျှင် ရှနာတတ်သည်၊ စေတနာ မေတ္တာနှင့် အရင်းခံပြီး မှုမတင်သော ကောင်းကင်၊ ကြည်လင်သော ရွှေစင်အစစ်ကို မကောင်းမှုနှင့် မရောနှော၊ မပေါင်းအပ်၊ ဤသည်ကို သတိရှိရန်မြေကြီးကို တီစား၍ ကုန်လျှင်ကုန်၊ မိုးကောင်းကင်ပျို၍ ပျက်ပျက်–ငါ၏ သူတော်ကောင်းစိတ်သည် မယိမ်းယိုင် မပျိုပျက်ဟူ၍ သိသင့်၏။

'လောကနှစ်ပါး၊ ကျိုးစီးပွားကို၊ သိထားပိုမို ၊ရှင်စစ်ဗိုလ်၏၊ ပင်ကိုယ်သဘာဝ၊ ချိုမြိန်လှသည့်၊ ကြွရှထင်ပေါ် ၊သွင်ပြင်တော်နှင့်၊ ဖူးမျှော်စုရုံး၊ သူအားလုံး၏၊မျက်လုံးတွက်တာ၊ ရသာယနသြသဓဟူ၊ ဆင်းလှသူပါ၊ ပျားသကာသို့၊သာယာချိုငြား၊မြတ်စကားဟု၊ ဤသုံးပါးသည်၊ ကြည့်ရှုဖူးမြင်၊ မျှားလူရှင်ကို၊ ကြည်လင်နှစ်သက်'' စေတော့သည်။

ကာယကံ၊ဝစီကံ၊မနောကံတို့၏ ပြုမူမှု မှန်သမျှကို အိန္ဒြေသိက္ခာရှိလှစွာ ထိန်းအပ်၏ ဤသို့လှပခြင်းသည် အတွင်းလှအပြင်လှဖြစ်၏။ကာယကံ၊ သိက္ခာ အိန္ဒြေ ရှိခြင်းသည်၊ အဆင်းရူပကာရှိခြင်း ဖြစ်သည်၊စကားပြောဆိုမှု လိမ္မာယဉ်ကျေး၍ ပျားသကာကဲ့သို့ အစဉ်ချိုသော ဝစီကံအိန္ဒြေသိက္ခာသည် သာယာချိုငြား မြတ်စကားကြောင့် အတွင်းလှသရုပ်ဖြစ်၏ ဤသို့ပြောဆိုရန်သိရှိနားလည်ခြင်းအသိသည် မနောကံ၏ အိန္ဒြေစေါင့်စည်း တားမြစ်ဖွင့်ပိတ်နိုင်စွမ်းသော စိတ်အစွမ်း ဖြစ်သည် သို့ဖြစ်၍ ဤအိန္ဒြေသုံးပါးကို ရှေးဦးမဆူ ရှိအပ်လှ၏။

ဣင္ဂနိဋ္ဌာ၊ ခြောက်ဖြာအာရုံ၊ တွေ့ကြုံမရှေ့ ၊ရော်ဓလေ့သား၊ ထိုရှေ့ သတ္တဝါ၊ မျှားဗိုလ်ပါတို့၊ဝိပါကဝဋ္ဋ၊ကမ္မဝဋ္ဋနှင့်၊ မလွတ်နိုင်ကြ၊ ဤကိစ္စကြောင့်၊ လောဘသဃာယ်၊ ကံဆန်းကြွယ်တိုင်း၊ ကြီး-ငယ်-လုံး-ချွန်း-ဝိုင်း-ဝန်း -ရှည်-တို-ဖြူ-ညို-နီ-ရွှေ အခြေရှိမှ ကွက်ဘွဲ့မျှားစွာ၊ မဒ္ဒရသာအောင်၊ သညာကေတ်၊ နာနတ်ကာယ ထူးပြားစွနှင့်၊ လေးဝအောက်ခွင်၊ ဘုံတပြင်ဝယ်၊ အရှင်ယမမင်းနိုင်ငံတွင်းက၊ စာရင်းမပျက်၊ ဝ မကွက်ပဲ၊ တက်သက်တုံ့ပယ်၊ ရက်ကန်းရှယ်သို့၊သွယ်လှယ်မနား၊ ဘဝအားဖြင့်၊မခြားစပ်လျှက်

စဉ်ဇာဆက်၍၊ ဝင်ထွက်လူးလာ၊ တခြာခြာလျှင်၊ ပေါ်ကာ ငုပ်ဆင်း၊ ကျင်လည်ခြင်းဖြင့်၊ ပါယ်တွင်းလည်ကာ၊ ရှည်ကြာ မငြိမ်းနိုင်သတတ်။ (မဃ-၉၄)

လူသည်အာရုံ-၆ပါးမှာ ထွေပြားကြသည်၊ သတ္တဝါအားလုံး ဤသဘောမျှ ဤသို့ ဖြစ်တတ်သည်၊ ဖြစ်တတ်သည့် သဘောမှာ လိုက်ဖြစ်နေ၍ မဆုံးနိုင်တော့ချေ။ သူဖြစ်ချင်သလို လိုက် ဖြစ်နေကြ၍ ကိုယ်ဖြစ်ချင်သလို ဖြစ်မလာခြင်းဖြစ်သည်။သို့ဖြစ်၍ သူ ဖြစ်လိုရာ ဆန္ဒပါ၍ သူ့ခေါ်ရာ အပါယ် လေးပါးရွာက မပြန်ကြရသည်မှာလည်း ရှိသည်၊သတ္တဝါအားလုံးထဲမှာ လူသည် သူ့သဘောချည့် အာရုံခြောက်ပါးနှင့် ရောနှော၍ မနေသင့် ကိုယ့်သဘောဖြင့် ကိုယ့်သီလ၊ ကိုယ့်သမာဓိ၊ ကိုယ့်ပညာဖြင့် ကိုယ့်လိုရာလမ်း ကိုယ်လျှောက်လှမ်း သင့်လှပေသည်။

× × ×

**ဝိရောဓိ**

ဒေသဝိရောဓိ၊ ကာလဝိရောဓိ၊ ကလာဝိရောဓိ၊ လောက ဝိရောဓိ၊ ဥာယဝိရောဓိ၊ အာဂပ ဝိရောဓိ ဟု ဆိုသော-ဝိရောဓိ ၆-ပါးပြားသည်။

**ဒေသဝိရောဓိ**သည် ကုန်း၊ရေ၊အရပ်ဒေသတို့နှင့် ဆန့်ကျင်၏၊ မိုးတွင်းပန်း နွေမှာပွင့်၏၊ နွေပန်းမိုးမှာ ပွင့်၏၊ ကုန်းမှာ ကြာ ပေါက်၏၊ အနောက် နေထွက်သည် စသည့် ဝိရောဓိပဒ ဝိရောဓိ ဒေါသသင့်ကြောင်းဖြင့်ရင်း။

**ကလာဝိရောဓိ**သည် ညဉ့် နေ့ ဥတု-စသော အချိန်အခါတို့နှင့် ဆန့်ကျင်ခြင်းဖြစ်၏။ကြာသည် နွေမှာပွင့်၏ ပဒုမာကြာသည်

ညဥ့်မှုပွင့်၏ ဆောင်းတွင်းတောင်လေတိုက်၏ မိုးအခါ မြောက်လေတိုက်သည်၊မိုးဥတုနှင်းကျသည်၊ကဆုန်လ သင်္ဂြိုဟ်-ခဝဲပွင့်သည် နံနက်ဝေ နဝင် ညနေ-နေထွက် စသည် ဖြစ်၏။

**ကလာဝိရောဓိ**-သည် ကခြင်း-သီခြင်း အတတ် ငယ်သည် ကလာမည်၏။ထိုကလာသည်၊ နစ္စကလာ ဂီတကလာဟု နှစ်မျိုးရှိ၏။ထိုနှစ်မျိုးတို့တွင် တမျိုးမျိုးနှင့်ဆန့်ကျင်က ကလာဝိရောဓိ ဒေါသသင့်၏ ညဇာတ်ပွဲ၌မျောက်ကဲ့သို့မြူးခုန်၍ သိကြားထွက်လာ၏။လက်ထပ်မင်္ဂလာပွဲ၌ မျောက်မင်းအူသံတီးသည်၊ မသာချရာ စည်တော်ရွှမ်း၏၊ စည်းဝါးမကိုက်သော စောင်း စသည် ဂီတဖြင့် သာယာနာပျော်ကြသည်။

**လောကဝိရောဓိ**သည်(သတ္တဝါ"၃၁-ဘုံသား"များ ဖြစ်ရာ၊ လူပြည်နတ်ပြည်)စသော လောကနှင့် ဆန့်ကျင်၏၊ မီးကအေး၏ ဆန္ဒကူးပူ၏ ရှားပင်အနှစ်မရှိ၊ ကြက်ဆူပင်အနှစ် ရှိ၏၊ဆင်သည် ဦးစွန်းကို ခါ၏၊မြင်းမှာ ချိုရှိသည်။

**ဉာယဝိရောဓိ**သည် လောက၌ သင့်လျော်သော သဘောသဘာဝနှင့် ဆန့်ကျင်သည်၊ ခြေမရှိဘဲ အပြေး မြန်သည်။ ခေါင်းမရှိဘဲ မော့ကြည့်သည်။ အဖေထက်သား တလကြီး၏၊ကုလားပိန်က လူဝဆေးရှိ၏၊ လူပျိုကြီး မျက်နှာပွင့်ဆေး ရှိ၏၊ဖျားနေသော ဒေါက်တာက လူနာရှာကု၏၊ 'မျက်စိဟင်းလင်း၊ တွင်းသာကြွင်းလည်း၊ရှိရင်းထက်ပင်ပို၍ မြင်လျှက်' သဘောဖြစ်သည်။

**အာဂမဝိရောဓိ**-မြတ်စွာဘုရား ဟောကြားသော တရားတော် ပိဋကတ်ဗေဒင် စသည်တို့နှင့် ဆန့်ကျင်သည် 'အိပ်ငိုက်ခြင်း မိဒ္ဓတို့သည် လူတို့သာမဟုတ်၊ သစ်ပင်တို့လည်း ရှိကြသည်၊

သို့ဖြစ်၍ နာမ်မှုဟုတ်၊ ရုပ်သာအဓိကဖြစ်သည်၊ ဒါန သီလနှင့် နိဗ္ဗာန်မရောက်' စသည် ဖြစ်၏။

'တောင်ထိပ်ကြာပေါက် အနောက်နေထွက်၊ ပြိုအက်မြင့်မိုရ် မိုးကိုမပူ ချမ်းစွ ဟူ၏' 'မိုးပေါ်မှာ ရေကြီး သို့-ဘုန်းကြီးက ဘီးဆောင်၊ ဧစ်ကိုင်းချောင် မယ်သီလ ခေါင်းပေါင်းစထောင်' ဟူ၍ မဖြစ်ကို အဖြစ်၊ ဖြစ်ရှိခြင်းကို မဖြစ်ခြင်းဟု အယူအဆ မှားယွင်းခြင်း ဖြစ်၏။

လူတို့သည် ဤဝိရောဓိ ဒေါသသင့်အတွေးအယူများ စွဲတတ်ကြလေသည်။ ကောင်း မကောင်း စစ်က ကိုယ်တိုင် သိနိုင်သည်၊ မြတ်စွာဘုရားသည် သာသနာတော်၌ သက်ဝင်ကြည်ညိုသောသူတို့ကို အလိုရှိအပ်သော အနက်အဓိပ္ပါယ်ဖြင့် ဆယ်ပါးသောသူတော်ကောင်းတရားတော်မြတ်ကို စိတ်ဝယ်နှလုံး မြဲသွယ်ကုံး၍ အပြုံးမပျက် မေတ္တာဖက်ခါ သစ္စာလက်ဖြင့် ခိုင်စွဲစေရန် အလိုရှိသည်။ သို့သော် ဒေါသသင့်အယူအဆများဖြင့် မှားယွင်းနေကြသည်။ သူတော်ကောင်းတရား ဆယ်ပါးဆိုသည်ကိုကား ဘယ်နားနေမှန်းမသိ၊ အသိ အမြင် အကန်း ပကတိမျှသာ များ ကြသည် မဟုတ်ပါလား။

''အလက်ရော္ဟိ အတ္တာဘာဝံ အနေနာတိ'' ကိုယ်ခန္ဓာကို တန်းဆာဆင်ကြောင်း ဖြစ်သော၊ အဝတ်အထည်၊ ပုတီး၊ နားဒောင်း၊ လက်ကောက် စသည် အလီလီတို့သည်၊ ခန္ဓာ အတွက် အလှဆင်သော အလင်္ကာမည်၏။

''အလင်္ကာရောပိယာတိ'' ထိုအဆင်တန်းဆာတို့နှင့်တူသော ကြောင့် ပြဆိုလတ္တံ့သော သဒ္ဒ-အတ္ထ လင်္ကာရ သဘောတို့ကို

လည်း "အလက်ာရ" ဟုပင် ခေါ်သည်၊ အသံ၏ ချောမော ပြေပြစ်ခြင်းနှင့် အနက်အဓိပ္ပါယ် ကြွယ်ဝ လှပသိမ်မွေ့ခြင်းဖြစ် နေသည့် "အလင်္ကာရော္ဗိုဇ္ဈသရီရံအနေနာတိ" တေးကဗျာ အဖွဲ့ အနွဲ့တည်းဟူသော အထည်ကို တန်းဆာဆင်ကြောင်းဖြစ်သော သဒ္ဒ-အတ္ထအလင်္ကာရ သဘောတို့သည် အလင်္ကာမည်၏။ဤသို့ ဆိုလျှင် အဆင်း တန်းဆာ အရာ ရှိအပ်သကဲ့သို့ မိမိတို့၏ စိတ် သဏ္ဍာန်ကိုလည်း အမှန်တန်းဆာဆင်အပ်၏။ မိမိတို့၏ စိတ်ကို အလှဆင်အပ်၏၊ စိတ်ဆင်ရိုင်းကို ကျုံးသွင်း ယဉ်ကျေးစေအပ်၏၊ စိတ်သည် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ တောမှာ ကြက်စားပျော်ပါးတတ်လေ့ရှိ၏။ဤစိတ်ရိုင်းကို ကိုယ် တိုင် ဖမ်းသင့်သည်၊ ကိုယ်တိုင် ဖမ်းမှ ရသည်၊ ကိုယ်တိုင် ဖမ်း ပြီး သူတော်ကောင်း တရားခုနစ်ပါးကြိုးဖြင့် ထိန်းသိမ်း ထား သင့်သည်။ပြီးမဂ္ဂင်ရှစ်ပါး လမ်းပေါ် တွန်းတင်ပေးသင့်သည်။ မေတ္တာ ရေဖျန်း၍ သစ္စာ ရေလွှမ်းစေရန် စိတ်ကို ဆုံးမရမည် တည်း။

× × ×

## မဟာသတိပဋ္ဌာန်

မဟာသတိပဋ္ဌာန်ဒေသနာတော်မှာ ကုရုတိုင်း ကမ္မာသဒမ္မ နိဂုံး၌ သီတင်းသုံးတော်မူစဉ် ရဟန်းအပေါင်းတို့ကိုအကြောင်း ပြု၍ဟောတော်မူသော ဗုဒ္ဓ၏ တရား ဖြစ်၏။

လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့သည် သံသရာဝဋ်ဆင်းရဲ၌ မြုတ်နွယ်ကြကုန်၏၊ ဤသည်မှ လွတ်ကင်းရာမှန် ပြည်နိဗ္ဗာန်သို့

ကေန်မျက်မှောက်ပေါက်မြောက် ရောက်ရှိကြစေခြင်းငှာ ဟော တော်မူလေသည်။

**သတိပဋ္ဌာန် လေးပါး ရှိ၏။**

ကာယနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့ ဖြစ်၏။

ကာယာ-ကိုယ်၌ ရှုစားဆင်ခြင်မှု၊ဝေဒနာခံစားမှု၌ ရှုစားဆင်ခြင်မှု၊ စိတ်ဘို၌ ရှုစားဆင်ခြင်မှုနှင့် နိဝရဏစသော ကောင်းကောင်းဆိုးဆိုးအမျိုးမျိုးသော ဖြစ်ပျက်မှု၊သင်္ခါရဓမ္မတို့၌ ရှုစားဆင်ခြင်မှုဟူ၍ ဖြစ်၏။

ဤသို့မဟာသတိပဋ္ဌာန် လေးပါးကို သိပြီးသော်လည်း စားတတ်မှစားရာသည် သွားတတ်မှသွားရာသည် ဆိုသကဲ့သို့ အဘယ်အင်္ဂါများဖြင့် ပြည့်စုံညီညွတ်အောင် ရှုစားဆင်ခြင်ရမည်လည်း ရှိသေး၏။

(၁)ကိလေသာကို မပူပန်စေတတ်သော အာတာပဝီရိယနှင့် ပြည့်စုံရခြင်းတပါး(၂)ရှုစားဆင်ခြင်သောဉာဏ်ဖြင့်ပြည့်စုံရခြင်းတပါး (၃)သတိ တရားကို ပဋ္ဌာရှေ့သွားပြုရခြင်း တပါး(၄) အဘိဇ္ဈာ တရားနှင့် ဒေါမနဿ တရားတို့ကို ခွာရှင်းဖယ်ရှောင်ဖျောက်ဖျက်ရခြင်းတပါး ဤအင်္ဂါ-၄ ပါးနှင့် ပြည့်စုံ ညီညွတ်အောင် ရှုစားဆင်ခြင်ရ၏။

ဤအရာ၌"သတိ"သည်အရေးကြီးလှ၏ သတိသည်ဝင်ရိုးဖြစ်၏ မဏ္ဍိုင်ဗဟိုရ်ဖြစ်၏ အမှန်အားဖြင့်"မဟာသတိပဋ္ဌာန်"ဟုဆိုကထဲကပင်လျှင် ဆင်ခြင်တတ်သောသတိတရားကို ရှေ့သွားပြု

လျှက်နေရခြင်းကြောင့် မဟာသတိပဋ္ဌာန် ဟုခေါ်ဆိုလေသည်။

**ကာယာနုပဿနာ အာနာပါနခန်း**

ကာယာနုပဿနာခန်းတွင် (၁)အာနာပါနပိုင်း၊ (၂) ဣရိယာပထပိုင်း၊(၃)သမ္ပဇဉ်ပိုင်း၊(၄)ပဋိကူလမနသိကာရပိုင်း၊ (၅)ဓါတုမနသိကာရပိုင်း၊ (၆)နဝသိဝထိကပိုင်း ဟူ၍ ခြောက် ပိုင်း ရှိ၏။

(၁)အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းလိုက ဆိတ်ငြိမ်ရာအရပ် သို့ ချည်းကပ်ရသည်။

**အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းရန်**

တင်ပြင်ခွေထိုင်ရ၏။ ကိုယ်ကာယကို ဖြောင့်မတ်စွာ ထား ရ၏။ သတိတရားရှေးသွားပြု၍ စီးဖြန်း အားထုတ်ရ၏။အဘယ် သို့ သတိထားရမည်မှာ လိုအပ်ပြန်ပါသည်။ထွက်သက်ဝင်သက် များကို ရှုမှတ်သတိပြုရ၏။ ထွက်သက်သည်ရှင်း၊ ဝင်သက်သည် ရှင်း။ တိုကတိုကြောင်း၊ ရှည်ကရှည်ကြောင်း၊ သတိနှင့် ပူး ပေါင်း ကပ် တွယ်ထားရ၏။ တဖန် ရှုသွင်းသောဒလေ ထွက် သွားသောအခါ အစကားချက် အလယ်က ရင်ချိုင့် နှလုံးသား အဆုံးကားနှာသီးဖျား နှုတ်ခမ်းဖျား၊ ဤသို့စလယ်ဆုံး သုံးပါး ဌာနပိုင်း၍ ဝင်လျှင်ဝင်ကြောင်းထွက်လျှင်ထွက်ကြောင်း သိရ၏ သတိမပြတ်ထားရလေပြီး ရှန့်ရှင်းကြမ်းတမ်းသောထွက်သက်ဝင် သက်တို့ကို သာယာဖြေးညှင်းစွာ ရှုရှိုက်၍ ချုပ်ငြိမ်းငြင်သာ အောင် လေ့ကျင့်ရ၏။

အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းပုံကို မြတ်စွာဘုရားသည် ပန်း ပွတ်သမားဥပမာဖြင့် ဟောကြားတော်မူ၏၊ပန်းပွတ်သမားသည်

ပွတ်ကြိုးကိုဆွဲငင်သော် ရှည်ရှည်ဆွဲငင်လျှင်ရှည်ရှည်ဆွဲငင်၏ဟူ၍ ၎င်း၊တိုလျှင်တို၏ ဟူ၍၎င်း ရှည်မှုတိုမှုကို သတိပြုရ၏၊ သိနေရ၏ ရုန့်ရင်းသော ဆွဲငင်ခြင်းကို ငြိမ်းအောင်ငြင်သာအောင် ဖြေး ညှင်းသောဆွဲငင်ခြင်းဖြင့် ဆွဲငင်တိုင်း မိမိ၏အချင်းအရာ အတိုင်း အတာ အရှိန်အဝါကို ကောင်းစွာ သတိမပြတ် သိရပါသည်။

ဤဥပမာသို့ အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းသောပုဂ္ဂိုလ်သည် ထွက်သက်ဝင်သက်တို့၏ တိုမှုရှည်မှုတို့မှစ၍ သိရှိအောင် သတိ မပြတ်လပ်စေဘဲ လေ့ကျင့်အားထုတ်ရ၏ ယင်းသို့ ထွက်သက်၊ ဝင်သက်ကို ရှုစားဆင်ခြင်ရာ အဇ္ဈတ္တ မိမိ၏ အတွင်း သန္တာန်၌ ဖြစ်သော ထွက်သက် ဝင်သက်များနှင့် ဗဟိဒ္ဓပြင်ပ သန္တာန်၌ ဖြစ်သော ထွက်သက်ဝင်သက်များကို အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန် များရှိ ထွက်သက်ဝင်သက်များကိုပါ သသိပြု မှတ်ရှုစားဆင်ခြင် တတ်ရပါသည်။

ထွက်သက်ဝင်သက်တို့၏အစဖြစ်ရာ ပုဂ္ဂိုလ်နှင့်ဘုံပါဟူ၍နှစ် မျိုးရှိ၏။ အမိဝမ်းမှ မွေးဘွားသော ပုဂ္ဂိုလ်နှင့်တကွ သန္ဓေဇ အန္ဓဇ၊ ဥပပတ်ပုဂ္ဂိုလ်တို့သည် ထွက်သက်က ရှေးဦးစွာဖြစ်၏၊ ဘုံအားဖြင့် ထွက်သက်-ဝင်သက်တို့သည်၊ကာမဘုံ၌သာဖြစ်ကြ သည်။

(မှတ်ချက်) တနာရီလျှင် ထွက်သက် (၃၆၀) ဝင်သက် (၃၆၀)ပေါင်း-၇၂၀ ရှိ၏။တရက်မှာမြန်မာနာရီပေါင်း(၆၀) ရှိ၏။၎င်း ၇၂၀ ကို-၆၀ဖြင့် မြှောက်က(၄၃၂၀၀) ရှိသည်။

ထွက်သက်ဝင်သက် ဖြစ်ပျက်နှစ်မျိုးကို၊ ရှုစားဆင်ခြင်ရာ၌ ကိုယ်၊နှာခေါင်း၊စိတ်တို့၏ ဖြစ်ကြောင်းသဘော ပျက်ကြောင်း

သဘောတို့၏ ဖြစ်ပျက်မေမှသင်္ခါရတို့ကို သတိပြုခါအဖန်တလဲလဲ သတိတရားတွဲလျက် မြဲမြံစွာ အားထုတ်ဆင်ခြင်ရ၏။

အကြောင်း ရှိလျှင် အကျိုးရှိ၏၊ သို့ဖြစ်၍ အာနာပါဏကမ္မဋ္ဌာန်းစီးဖြန်း၍ဘာဒအကျိုးရှိသနည်းဟုသိအပ်၏။ထွက်သက်၊ ဝင်သက်တို့၌ သတိတရားလက်ကိုင်ထား၍ မြဲမြံစွာ အားထုတ်နိုင်သဖြင့် ကာယာနုပဿနာဉာဏ်၏ ရင့်သန်ထက်မျက်ခြင်းဖြစ်လာ၏ အာနာပါဏသတိကို အဆင့်ဆင့် ထက်သန်စွာ ပွားများလာနိုင်၏၊ဥပါဒါနက္ခန္ဓာဟူသော လောက၌ တစုံတခုသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကို(ငါ)အစိုးရသော ကိုယ်ခန္ဓာ အကောင် ဟူ၍ရင်း၊ ငါ၏ဥစ္စာ၊ ငါ့သား၊ ငါ့မယား၊ လင်သားဥစ္စာ၊ငါ့ကိုယ်၊ငါ့ဟာဟူ၍ အစဉ် မကွာသိမှတ်ခဲ့သော စွဲလမ်းမှု တဏှာဒိဋ္ဌိဒွေသိစွဲကို မရှိနိုင်တော့ပါ။

တဖန်၊ထွက်သက်၊ဝင်သက်တို့၌ ရုပ်နာမ်နှစ်ပါးခွဲခြားပြီး လက္ခဏာရေးသုံးပါးသို့ တင်ကာရှုစားဆင်ခြင်ရပြန်ပါသည်။

ထွက်သက်ဝင်သက်နှင့်တကွ ထိုထွက်သက်ဝင်သက်တို့၏တည်ရာ ကိုယ်ကာယသည်ရုပ်ဖြစ်၏။ထွက်သက်ဝင်သက်တို့ကိုစူးစိုက်၍ရှုစားသောသတိနှင့်တကွ စိတ်-စေတသိက်တို့သည် နာမ်ဖြစ်၏၊ ထိုရုပ်နာမ်တို့၏အကြောင်းသည် အဝိဇ္ဇာ၊သင်္ခါရ၊တဏှာဥပါဒါန်ကံ အာဟာရ-ပဋိစ္စသမုပ္ပါဒ် တရားတို့ ဖြစ်၏။ ယင်းအကြောင်းတရားများကို စွဲ၍၊ ရုပ်-နာမ်-နှစ်ပါး အကျိုး ဖြစ်ပေါ်၏။ အခြား ပုဂ္ဂိုလ်၊သတ္တဝါ၊ငါ၊သူတပါး၊ယောကျ်ား မိန်းမ စသည် မရှိ။ ရုပ်၊နာမ်၊နှစ်ပါးသာ အမှန် ရှိ၏၊ အစစ် ရှိ၏၊ အဟုတ် တကယ်ရှိ၏၊ထိုရုပ်နာမ် နှစ်ပါးတို့သည် နာရီမဆိုင်း မိနစ်မလပ်

ခဏ ခဏ ပျက်စီးတတ်သော သဘော ရှိ၏၊ သို့ဖြစ်၍ အနိစ္စ သဘောသာ ဖြစ်၏။ ထာဝရ မြဲသော၊ တည်သော သဘော မဟုတ်၍ အနိစ္စသာ မှန်၏၊ ပျက်သည်သာ မဟုတ်၊ ဖြစ်သည် လည်း ရှိပြန်၏၊သို့ဖြစ်၍ ဖြစ်ခြင်း၊ပျက်ခြင်းမကင်း၍ ဒုက္ခလည်း မှန်၏၊ဖြစ်၏၊ ဤဖြစ်ပျက်မှုတို့ကို မိမိသည် အစိုး မရ၊ မိမိအလို သို့မလိုက်၊သူ့သဘောအတိုင်း သူ့သဘောသူဆောင်၍ဖြစ်ပျက်နေ ကြသဖြင့် အနတ္တ မည်ပါ၏၊ အနတ္တ သာတည်း။ဤသို့အားဖြင့် ထွက်သက်၊ ဝင်သက်တို့၌ ရုပ်နာမ်ခွဲခြား၊ ရှုစားဆင်ခြင်၍ လက္ခဏာသုံးပါး မှတ်သားရပါသည်။

တဖန် ထွက်သက်ဝင်သက်တို့ကို အမှန်တရား "သစ္စာဉာဏ်" အားဖြင့် ရှုစားရန်လိုအပ်ပြန်၏။ ထွက်သက် ဝင်သက်နှင့် တကွ ထွက်သက်ဝင်သက်တို့၏ တည်ရာ ကိုယ်ကာယာ တည်းဟူသော "ရုပ်တရား" ထွက်သက်ဝင်သက်ကို စူးစိုက် ရှုစားသော သတိနှင့် တကွ ယှဉ်ဘက်ဖြစ်သည့် စိတ် စေတသိက်တို့ကား "နာမ်တရား" ဤရုပ်နာမ်တရားနှစ်ပါးသည် **ဒုက္ခသစ္စာ** ဖြစ်၏။ ထိုရုပ်နာမ် နှစ်ပါးတို့၏ အကြောင်းရင်းဖြစ်သော "တဏှာ" သည် **သမုဒယ သစ္စာ** ဖြစ်၏။ ထိုဒုက္ခနှင့် သမုဒယတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် **နိရောဓသစ္စာ** ဖြစ်၏။ဒုက္ခကို ပိုင်းခြား သိ၍၊သမုဒယကို ပယ်ပြီး၊ နိဗ္ဗာန် ချမ်းသာကို အာရုံပြုတတ်သော မဂ္ဂင်ရှစ်ပါးရှိ၏၊ဤမဂ္ဂင် ရှစ်ပါးသည် **မဂ္ဂသစ္စာ** ဖြစ်၏။ ဤသို့လျှင် ထွက်သက်၊ ဝင်သက် တို့ကို သစ္စာဉာဏ်အားဖြင့် ခွဲခြားဆင်ခြင်ရလေသည်။

× × ×

## ဣရိယာပထခန်း

ဣရိယာပထခန်း၌(၁)သွားခြင်း၊(၂)ရပ်ခြင်း၊(၃)ထိုင်ခြင်း(၄)လျောင်းစက်ခြင်းအားဖြင့် ၄ ပါးရှိ၏။ ယင်းလေးပါးကို ကျမ်းဂန်များက လေဟုန်နှင့်လှေ၏ ဥပမာပြ၏။ လေးညို့နှင့်မြား၏ ဥပမာလည်းပြ၏။ယန္တရား အရုပ်ကြိုးနှင့် ယန္တရားရုပ်၏ ဥပမာလည်း ပြသေး၏။

လေအဟုန်စွမ်းအားဖြင့် ရွက်စုန် ဖွင့်၍ ခရီးနှင်လျက်ရှိသော လှေသည် လေကြောင့် ရွေ့လျှားသွားလာရသကဲ့သို့ငှင်း၊ လေးညို့၏ အစွမ်းကြောင့် မြားသည် လွတ်ထွက်ပြေးသွားရသကဲ့ငှင်း၊ စက်ကြိုး ယန္တရား၏ အစွမ်းကြောင့် ယန္တရားရုပ် လှုပ်ရှားရသကဲ့သို့ငှင်း၊ ဝ့်အတူ သွားလာလိုသော စိတ်အကြောင်းများကြောင့် သွားခြင်း စသော အကျိုး ဣရိယာပုတ်များဖြစ်ရ၏။ ဤသို့ အကြောင်းအကျိုးစပ်၍ ဖြစ်ရခြင်းမှ တပါး၊ ငါသူတပါး ကျား-မ ပုဂ္ဂလ၊ ဇီဝ ဟူ၍ တစိုးတစိမျှ မရှိပါချေ။

ဣရိယာပုတ်လေးပါးကို သတိပဋ္ဌာန်နည်းဖြင့် ရှုစားဆင်ခြင်ပုံရှိသည် သတိပဋ္ဌာန်ဖြစ်၍ လှုပ်ရှားမှုထက် သတိမြဲမြံရခြင်းဖြစ်၏။သွားနေစဉ်မှာ သွားနေသည် ဟူ၍ငှင်း ရပ်နေစဉ်မှာ ရပ်နေသည် ဟူ၍ငှင်း၊ လျှောင်းစက်နေခိုက်မှာ လျှောင်းစက်နေသည်ဟူ၍ငှင်း၊ ဣရိယာပုတ်ပြောင်းတိုင်း အမြဲမပြတ် သတိချပ်၍ ရှုစားဆင်ခြင်ရခြင်း ဖြစ်သည်။

တဖန် ဣရိယာပုတ် ၄ ပါးကိုပင် ရုပ်-နာမ်အားဖြင့် ပိုင်းခြား၍ လက္ခဏာရေးတင်ပြီး ဆင်ခြင် ရှုစားရပြန်ပါသည်။ ကိုယ်ကာယကြီးနှင့်တကွ လှုပ်ရှားမှုကို ဖြစ်စေတတ်သော ဝါယော

ဓါတ်မှာ ရုပ်တရား ဖြစ်၏။ဣရိယာပုတ်လေးပါးကို ဆင်ခြင်ရှုစားသော သတိစေတသိက်နှင့် တကွ ယှဉ်ဘော် ယှဉ်ဘက် ဖြစ်သည့် စိတ် စေတသိက်တို့မှာနာမ်တရားဖြစ်၏ ထိုရုပ်နာမ်နှစ်ပါးတို့သည် မကြာခဏ အခါမလပ် ပျက်စီးရွေ့လျော့ခြင်းသဘောရှိ၏ သို့ဖြစ်၍ အနိစ္စမည်၏။ ဖြစ်ခြင်းပျက်ခြင်းမကောင်း၍ ဒုက္ခလည်းမည်၏။ တဖန် ၎င်းရုပ်နာမ်ဓမ္မတို့သည် ကိုယ်ဖြစ်ချင်သလိုမဟုတ် အလိုသို့ မလိုက် အစိုးမရသဖြင့် အနတ္တလည်း မည်ပါသည်။ယင်းသို့ဆင်ခြင်ခြင်းမှာ ဣရိယာပုတ်များကို ရုပ်နာမ်ပိုင်းခြားကာ လက္ခဏာရေးတင်ပြီး ဆင်ခြင်ရပုံမျှ ဖြစ်ပါသည်။

တဖန်ဣရိယာပုတ်လေးပါးကိုပင် သစ္စာဉာဏ်ဖြင့် ရှုစားဆင်ခြင်ရပါသေးသည်။ ဣရိယာပုတ်လေးပါးကိုရှုစား ဆင်ခြင်တတ်သော သတိတရားသည်၊ဒုက္ခသစ္စာဖြစ်၏။ထိုဒုက္ခကို ဖြစ်စေတတ်သော အကြောင်းရင်း တဏှာသည် သမုဒယသစ္စာ ဖြစ်၏။ ထိုသမုဒယတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်၏။ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာဖြစ်၏။ ယင်းသို့ ဣရိယာပုတ်လေးပါးကို သစ္စာဉာဏ်အားဖြင့် ပိုင်းခြား ရှုစားဆင်ခြင်ရလေသည်။

မှတ်ချက်။ ။ဣရိယာပုတ်ကို ပြဆိုရာ၌ "သွား၊ ရပ်၊ ထိုင်၊ လျောင်း"ဟူသော လေးပါး လှုပ်ရှားမှုသည်(မရှိ)။စိတ်ကြောင့်ဖြစ်သော"စိတ္တဇဝါယော" ဖြစ်၏။ လှုပ်ရှားမှု၏ အနေအထိုင် အမူအရာကိုပင် သွားသည်၊ ရပ်သည်၊ ထိုင်သည်၊ လျောင်းသည် ဟု ခေါ်ဝေါ်သမုတ်၏။ အမှန်အားဖြင့် စိတ္တဇဝါယောဖြစ်၏။ ယင်းသို့ အသိပညာဖြင့် ဆင်ခြင်၍ နှလုံးသွင်းလျက် သွားသော

ရဟန်းသည်၊ ကမ္မဋ္ဌာန်းနှင့် သွားသည်မည်၏။ယခု သတိပဋ္ဌာန်၌ ဘိက္ခုအရနှင့်ရဟန်း ကိုပြဆိုသော်လည်း သတိပဋ္ဌာန်တရားကို အမြဲ ပွားများသူသည် လူပင် ဖြစ်သော်လည်း ရဟန်းဟု ဆို အပ်၏။

## အဋ္ဌကထာ၌

ပဋိပန္နကော ဒေဝေါဝါဟောတု မနုဿောဝါ ဘိက္ခုသင်္ချံ ဂစ္ဆတိယေဝ။ ။ဟု မိန့်၏။ လူ သတ္တဝါတို့၏ လှုပ်ရှားမှုမှာ ငါလှုပ်သည် မဟုတ်၊ သူလှုပ်သည် မဟုတ်၊ "စိတ္တဇဝါယော ကြောင့်"ဟု ဆိုသည်ကို မိတ်ဆွေတဦးနှင့် ဆွေးနွေးဘူး၏။သူက ငြင်းဆို၏၊ ပါယ်ဖျက်၏။ သို့ဖြစ်၍ "ငါလှုပ်နေတာ ငါလှုပ်တာ မဟုတ်၊ စိတ်ကြောင့် ဖြစ်တဲ့ လှုပ်ရှားမှု၊ ငါပိုင်တဲ့ သဘော မဟုတ်"ဟု ဆိုသည်ကို လက်မခံ။ သို့ဖြစ်၍ လေဖြတ်နေသူကို ဥပမာ ပြရ၏။ မျက်စိကြောင်တောင် ကွယ်သွားသူကို ပြ၏။ အရိုးကင်ဆာဖြင့် ခြေဖြတ်ပစ်ရသူကို ပြ၏။ အအေးပတ်သေသူ ကို ပြမိ၏။ငါလုပ်လို့လုပ်တာဆိုလျှင်၊ လေဖြတ်သူသည် သူ့ကိုယ် သူ သူပိုင်သည်၊ သူနိုင်သည်၊သူ ပိုပြင် စီရင်သလိုဖြစ်သည် ဆိုက အဘယ်ကြောင့် လှုပ်ရှား၍ မရနိုင်သနည်း။ထို့တူ အခြားသော မမျှော်လင့်ဘဲ၊ ဖြစ်လာသည့် ရုပ်၏ဝေဒနာတို့ကို သင်နှင့်တကွ အကျွန်ုပ်တို့ အားလုံး အဘယ်သို့ စီရင်နိုင်မည်နည်း။

"ဆေးရုံတွေ ဆရာဝန်တွေ ဘာလုပ်ဖို့ ထားသလဲလို့ မေးစရာရှိတယ်၊ သူတို့ကော အရာရာ ကိုတတ်စွမ်းနိုင်သလား၊ ကုစား ပျောက်ကင်းစေသလား သူတို့လုပ်လို့ ရသမျှလေးတွေ

နဲ့သာ ဂုဏ်ယူပြီး ကြံစည် စီမံနေကြရတာပါ အိုခြင်းနာခြင်း၊ သေခြင်းကို၊ သူတို့မတတ်သာပါဘူး၊ သူတို့လဲ၊ အိုကြ နာကြ သေကြရမဲ့ လူတွေ သတ္တဝါတွေဘဲ ဓါတ်လေးပါး ကောင်တွေဘဲ ဆရာဝန်ဖြစ်တယ်လို့ သူ့မှာ ဝေဒနာ မရှိတာ မဟုတ် ရှိလို့လဲ ထာဝရ ဆေးထိုး၊ဆေးစားဖြင့် မိမိကိုယ်မိမိ စီရင်နေရတာပါဘဲ၊ကိုယ်ကာယ ရုပ်ခန္ဓာမှာ ပထဝီ၊ အာပေါ၊ တေဇော ဝါယော ဓါတ်သဘောတို့သည်၊သူ့သဘောသူဆောင်၍ ဖြစ်ပျက်နေကြည်သည်၊ လူက ပြုပြင်တယ် ဆိုတာ ဆေးဝါးနဲ့ ဖြစ်ဖြစ် တစုံတရာနဲ့ဖြစ်ဖြစ်၊တဒင်္ဂ အခဏမျှဘဲဖြစ်တယ်။နောက်ဆုံးတော့ ကိုယ်စီမံသလိုမဖြစ်ပါဘူး၊ သူဖြစ်ချင်သလိုဖြစ်တာဘဲ၊ဒါ့ကြောင့် မအိုချင်ဘဲအိုရ၊မနာချင်ဘဲနာရ၊မသေချင်ဘဲ သေကြရတာပေါ့၊ သတ္တဝါဆိုတာ "အိုနာသေ" ကိုသိပ်ကြောက်ကြတာမျိုးဘဲ ဒါပေမဲ့ဘာပြုလို့ အိုနာသေရေး ဒုက္ခဘေးတွေကို မလွန်ဆန်နိုင်သလဲ ဓါတ်ကြောင့် မဟုတ်လား" စသည်ဖြင့် ဆွေးနွေးကြားနာဘူးပါသည်။ ဓါတ်တို့သည် သူ့သဘောသူ ဆောင်နေကြ၏။ သူ့ကိစ္စ သူဆောင်ရွက်နေကြသည်။ပထဝီ၊အာပေါ၊ တေဇော၊ ဝါယောတို့သည် ကိုယ့်ကိစ္စကို ကိုယ်ဆောင်ရွက်ကြ၏။ သူက ငါလုပ်သလို ဖြစ်တယ် ဆိုသည်မှာ ဖြစ်တုန်းလေးမှာသာ မာန တက်နေခြင်း ဖြစ်၏။ မဖြစ်တော့သည့်အဆုံး မည်သူမဆို ဓါတ်သဘာဝ သဘော ဆန္ဒ၏ ဆုံးဖြတ်ချက် အလိုက် လက်ပိုက်ငုံ့ခံကြရသည်သာ။

× × ×

## ''သမ္ပဇညခန်း''

သမ္ပဇညဆိုသည်မှာ သွားခြင်း၊ ရပ်ခြင်းစသော လှုပ်ရှားမှု ကိစ္စရပ်များမှာ ဆင်ခြင်တိုင်းထွာ၍ သင့်လျော်စွာ ပြုရခြင်းဟု ဆိုလိုပါသည်။ ယင်းသမ္ပဇညတရားမှာ လေးပါး ရှိပါသည်။

(၁)သတ္တကသမ္ပဇည၊ အကျိုး ရှိသည် မရှိသည်ကို သိခြင်း။ (၂)သပ္ပါယသမ္ပဇည လျောက်ပတ်သည် မလျောက်ပတ်သည်ကို သိခြင်း။ (၃)ဂေါစရသမ္ပဇည-ကျက်စားသင့်သည် မကျက်စား သင့်သည်ကို သိခြင်း။ (၄)အသမ္မောဟသမ္ပဇည ရုပ်တရားနာမ် တရားမျှသာဟု မတွေမဝေ ဟုတ်တိုင်းမှန်စွာ သိခြင်း။ ဤသို့ ၄-ပါး အသိ ရှိအပ်၏။

သမ္ပဇညတရားပွားများပုံမှာ ရှေ့သို့တက်ခြင်း၊နောက်သို့ဆုတ် ခြင်း၊ရှေ့သို့ကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ လှည့်၍ကြည့်ခြင်း၊ ကွေးခြင်း၊ဆန့်ခြင်း၊ တစုံတရာကိုင်ဆောင်ခြင်း စားခြင်း စသည့် ကိုယ်ကာယ အစိတ်အပိုင်း ကြီးငယ်တို့၏ လှုပ်ရှားမှုတို့ကို သတိ ဖြင့် ဆင်ခြင်ရ၏။ပညာဖြင့် တိုင်းထွာရ၏။ အထူးသဖြင့် သတိ မလစ်စေရပါ။

တဖန် သမ္ပဇညအရာ၌ ရုပ်-နာမ်နှစ်ပါးခွဲခြား၍ လက္ခဏာ ရေးတင်ပြီး ရှုစားဆင်ခြင်ရပါသည်။

သွားလာလှုပ်ရှားနေသော အမူအရာနှင့်တကွ ကိုယ်ကာယ ကြီးသည် ရုပ်တရားဖြစ်၏။ ထိုရုပ်တရားကို ဆင်ခြင်ရှုစားသော သတိသည် နာမ်တရားဖြစ်၏၊ထိုရုပ်နာမ်နှစ်ပါးသည် မကြာခဏ မရပ်မနားပျက်တတ်၍ အနိစ္စမည်၏။ဖြစ်ခြင်းပျက်ခြင်း မကင်း၍ ဒုက္ခမည်၏။တဖန် အလိုမလိုက် အစိုးမရသောကြောင့် အနတ္တ

မည်၏။ အလိုမလိုက် အစိုးမရ သောကြောင့် အနတ္တမည်၏။ ဤသို့ ရုပ်နာမ်နှစ်ပါး ခွဲခြား၍ လက္ခဏာရေးတင်ကာ ရှုစားဆင်ခြင်ရပါသည်။

ထို့နောက်၊ သမ္မောဇ္ဈအရာ၌ သစ္စာဉာဏ်ဖြင့် ရှုစားဆင်ခြင်ရပြန်ပါသည်။

သမ္မောဇ္ဈကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာဖြစ်၏။ ထိုဒုက္ခ၏ အကြောင်းရင်း ဖြစ်သော တဏှာသည် သမုဒယ သစ္စာ ဖြစ်၏။ ထိုဒုက္ခ သမုဒယတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် နိရောဓ သစ္စာဖြစ်၏။ နိဗ္ဗာန်သို့ ရောက်ကြောင်း၊ ဖြစ်သည့် မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာဖြစ်၏။ ဟူ၍-သမ္မောဇ္ဈ အရာ၌ သစ္စာဉာဏ်အားဖြင့် ပိုင်းခြားဆင်ခြင် ရပါသည်။

× × ×

## ပဋိကူလ မနသိကာရ ခန်း

ပဋိကူလမနသိကာရခန်းတွင် ပဋိကူလသညာ ကမ္မဋ္ဌာန်းစီးဖျန်းပွားများရာ၌ ခြေဖဝါးမှ ဆံပင် အပါအဝင် အရေထူ အရေပါး အသားအကြော အရေနှင့် နူးညံ့ခက်မာ နှစ်ဖြာသဘောတို့ ဖြစ်သော ခန္ဓာအိမ်၏ ဖွဲ့စည်းထားသော ဓါတ်သဘာဝ ကိုယ်ကာယ၏ မစင်ကြယ်သော၊ စက်ဆုပ်ဖွယ်ရာတို့ဖြင့်သာ အတည့်ပြီးသော သဘောကို သတိဘာရားဖြင့် ဆင်ခြင်ရ၏။

ခန္ဓာသည် ဘယ်ပုံဘယ်နည်း စက်ဆုပ် စရာကောင်းသနည်းဟုမေးစရာရှိပါသည်။ ခန္ဓာကိုယ်သည် ချစ်စရာ-ခင်စရာ တွယ်တာစရာဟု သာမန်အားဖြင့် ထင်မှတ်ကြ၏။ နေ့ရှိသရွေ့ ပြုပြင်စီရင်

မှုဖြင့် ခြယ်သလိမ်း ကြံနေသဖြင့်သာ လှပသည်ထင်ရ၏၊ ယင်းသို့ နေ့ရှိသရွေ့ နာရီမလပ် ပြုပြင်သဖြင့်သာ ချစ်စရာကောင်းသော တွယ်တာစရာကောင်းသော မြတ်နိုးယုယစရာ ကောင်းသော ကြင်နာစရာ ကောင်းသော ဟုဆိုကြသည်။ သုဿန်တစပမာ ဖြစ်သည့် ရုပ်ခန္ဓာအိမ်သည် ပုပ်နံ့ကာအခါမလပ် ညစ်ပေနေ၏။ သွေးချွေး၊အရည်ကြဲ၊ အရည်ပြစ်တို့ဖြင့် ဒွါရပေါက်တို့မှ စမ်းရေ ပမာ–စိမ့်ရေအလား ထာဝရစိမ့်၍ ယို၍ စီးထွက်နေ၏။သို့ဖြစ်၍ ဘီး မှန်တို့ပတ်ပုဝါနှင့် ထာဝရ အခါမလပ်ခြယ်သစရာ ပစ္စည်း ပစ္စယတို့ကို ဘူးလှလှ အိပ်လှလှ ဇာလေးတွေဖြင့် သွားလေရာ အရပ် လက်က မချနိုင်ဘဲ ကိုင်ဆောင်ထားရခြင်း ဖြစ်၏။ ဤသို့ အနိစ္စမမြဲခြင်း၊ ဒုက္ခ ဆင်းရဲခြင်းနှင့် အစိုး မရ-အလို မလိုက်သော အနတ္တ တရားနှင့် စက်ဆုတ်စရာ မတင့်တယ်သော အသုဘစသည့် တရားတို့ကို-ကိုယ့်ခန္ဓာကိုယ်တွေအားဖြင့် အမြဲ ရှိအပ်၏ သဘာဝရတရားကလည်း ထာဝရပြပြနေ၏။ သဘာဝ က ဘယ်လိုပင် တရားတွေပြပြ၊ သာမန် ပုထုဇဉ်ပုဂ္ဂိုလ်သည်၊ သဘာဝ၏ အပြကို ပကာသန အလှတို့ဖြင့် ပြုပြင်စီရင်၍ ငါ သည်လှပ၏၊ တင့်တယ်၏၊ မြဲမြံ၏၊ ချမ်းသာ၏၊ ငါ့ကိုယ် ငါ ပြုပြင်သလို ဖြစ်၏၊ ရှုချင့်စဖွယ် အလွန် တင့်တယ်၏ ဟူ၍ ထင်မှတ်ပြီး ခန္ဓာကိုယ်ကို စွဲလန်းခြင်း မာနတက်ကြ၏။

ဤခန္ဓာတွင် (၁) ကေသာ၊ဆံပင်၊ (၂) လောမာ-အမွေး၊ (၃)နခါ-ခြေသည်း လက်သည်း၊(၄)ဒန္တော-သွား၊(၅) တစော အရေထူ အရေပါး၊ (၆) မံသံ-အသား၊ (၇)နှာရု- အကြော၊ (၈) အဋ္ဌိ-အရိုး၊ (၉) အဋ္ဌိမိဉ္ဇ-ရိုးတွင်းခြင်ဆီ၊ (၁၀) ဝက္ကံ-

အညို့၊ (၁၈)ဟဒယံ-နှလုံး၊ (၁၂)ယကနံ-အသည်း၊ (၁၃) ကလောမကံ-အမြှေး၊ (၁၄)ပိဟကံ-အဖျဉ်း၊ (၁၅)ပပ္ဖါသံ-အဆုပ်၊ (၁၆)အန္တံ-အူမ၊ (၁၇)အန္တဂုဏံ-အူသိမ်၊ (၁၈) ဥဒရိယံ-အစာသစ်၊ (၁၉) ကရီသံ-အစာဟောင်း၊ (၂၀) မတ္ထလုင်္ဂံ-ဦးနှောက်၊ (၂၁)ပိတ္တံ-သည်းခြေ၊ (၂၂)သေမှံ-သလိပ်၊ (၂၃)ပုဗ္ဗော-ပြည်၊ (၂၄)လောဟိတ-သွေး၊ (၂၅) သေဒါ-ချွေး၊ (၂၆)မေဒေါ-အဆီခဲ၊ (၂၇)အဿု-မျက်ရည်၊ (၂၈)ဝသာ-ဆီကြည်၊ (၂၉)ခေဠော-တံတွေး၊ (၃၀) သင်္ဃာဏိကာ-နှပ်၊ (၃၁)လသိကာ-အစေး၊ (၃၂)မုတ္တံ-ကျင်ငယ်၊ ဟူ၍ သုံးဆယ့်နှစ်ပါးသော စက်ဆုပ်ဖွယ်ရာ ဝတ္ထုတို့ ဖြစ်လေသည်။

ဓါတ်အားဖြင့် ပထဝီဓါတ် ၂၀ နှင့်အာပေါဓါတ်-၁၂ ပါး ဘို့ဖြစ်ရပေါင်းလျှင်-၃၂ ပါးသော အစုအဝေးတို့သာ ဖြစ်လေသည်။ဤကိုယ်ကာယခန္ဓာသည် အပုပ်ဆောင်သည့် ယင်းဓါတ် အစုအဝေးတို့ဖြင့် သရုပ်ဆောင်လျက်ရှိ၏၊ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသပိုင်းကို မြင်ရန် သဘောပေါက်ရန် လိုအပ်ပေသည်။

ဤသည်ကို ကျေးဇူးရှင် မိုးညှင်း ဆရာတော်ဘုရားကြီးက အကျယ်သိစေခြင်းငှာ (အဖတ်ကလပ်၊ အရေကလာပ် ၂ ပါး ထား၍) အကျဉ်းဆုံးနည်းဖြင့် ၁၅ရက်တရား-ပိပဿနာအစားစားကို ဟောကြား ထားလေသည်။

၃၂ ပါးသော အစုအဝေးဓါတ် အဖတ် အရည် ကလာပ် တို့သည်မည်သို့ ဖြစ်သနည်း၊ ကိုယ်လုပ်၍လား၊ ကိုယ်ဖြစ်ချင်

သက္ကာယ်သို့ဖြစ် နေသလား၊ သဘာဝ အလျှောက်လား၊ ဘယ်လို အကြောင်းရင်းခံ ရှိသလဲဟု စဉ်းစားသင့်ချေသည်၊

ဥဒရိယံ၊ကရီယံ၊ ပုပ္ဖေါ၊ မုတ္တံ၊ ဆိုသော ကောဋ္ဌာသလေးပါး သည် ဥတုသက်သက်ကြောင့် ဖြစ်သဖြင့် ဥတုဇကောဋ္ဌာသခေါ်၏

သေဒေါ၊မေဒေါ၊ ခေဠော၊သင်္ဃာဏိကာဆိုသော ဤလေးပါး သည်၊စိတ်-ဥတုနှစ်ပါးကြောင့် ဖြစ်၍ စိတ္တောတုဇကောဋ္ဌာသ ခေါ်၏။

ဤကောဋ္ဌာသရှစ်ပါးမှ ကြွင်းသည့် ကျန်(၂၄)ပါးသော ကောဋ္ဌာသတို့သည် "ကံ၊ စိတ်၊ ဥတု၊ အာဟာရ" ဟူသော အကြောင်း လေးပါးကြောင့်ဖြစ်၏ သို့ဖြစ်၍ စတုဇကောဋ္ဌာသ ဟုခေါ်၏။ ဤအကြောင်းတရားလေးပါးတို့ဖြင့် ဝေဘန်အပ် ပေသည်။

၃၂ပါးသော ကောဋ္ဌာသတို့ကို ပွားများလျက် ကြည့်ရှု ဆင်ခြင်ရာ၊ အပေါက် နှစ်ဘက်ရှိသော အိတ်ကြီးကို ဥပမာထား၍ သိသာရန် ရှင်းလင်းထားပေသည်။

သလေးစပါး၊ ကောက်ညှင်း စပါးစသည်တို့ဖြင့် ပြည့်လျက် ရှိသောအိတ်ကြီးတအိတ်ကို အပေါက်နှစ်ဘက်ဖွင့်လှစ်၍ ဤကား သလေးစပါး ဤကားကောက်ညှင်းစပါး ဤကားပဲနောက် ပဲကြီးစသည်ဖြင့် အသီးသီး ရွေးချယ်ပိုင်းခြား ကြည့်ရှု သကဲ့သို့ ဖြစ်၏။ အိတ်ကြီးနှင့်တူသော ကိုယ်ကာယကြီးအတွင်း၌ သလေး စပါးကောက်ညှင်းစပါး စသည်နှင့်တူသော၊ ကေသာ၊လောမာ စသည့် ၃၂ပါးသော ကောဋ္ဌာသတို့ကို အသီးသီး ခွဲခြားဝေ ဘန်ရသည်။

တဖန်အားဖြင့် စက်ဆုပ်ရွံရှာဘွယ်ရာ အဖြစ် အဘယ်သို့ ကြည့်၍ အဘယ်သို့ သိမြင်ရမည်ကား လိုအပ်ပြန်ပါသည်။

ဆံပင်၊ မွေးညှင်း စသည့် ကောဌာသတို့ကို တခုစီ တပိုင်း တစစီ သေခြာစေ့ငုစွာ ပိုင်းခြား၍ အရောင် အဆင်း အနံ့ အရသာ ပုံသဏ္ဍာန်အရွယ်အစား အတိုအရှည်မှ စ၍ ဖြစ်ကြောင်း သမုဌာနအားဖြင့်၎င်း၊ တည်ရာ အရပ်အားဖြင့်၎င်း၊ ဝေဘန်မှတ်သား၍ သေခြာစွာစဉ်းစား ကြည့်ရှုဝေဘန်ဆင်ခြင်ရလေသည်။

ကောဌာသတို့တွင် "အဋ္ဌိ" ခေါ် ကောဌာသအရ ဤကိုယ် ခန္ဓာကြီးအတွင်းမှာ "အရိုးစု" အမျိုးအစားနှင့် အရေအတွက်ကို ထပ်မံသိက ပို၍ ကောင်းပြန်ပါသည်။

"အဋ္ဌိ" အရ၊ အရိုးပေါင်းမှာ လက်ရိုးခြောက်ဆယ့်လေး၊ ခြေရိုး-ခြောက်ဆယ့်လေး၊ အသားကို မှီသော အရိုးနုခြောက်ဆယ့်လေး၊ခြေဖနောင့်ရိုးနှစ်ခု၊ ခြေတမျက်ရိုးလေးခု၊မြင်းခေါင်းရိုးလေးခု၊ပုဆစ်ရိုးနှစ်ခု၊ ပေါင်ရိုးနှစ်ခု၊ ခါးရိုးနှစ်ခု၊ ကျောက်ကုန်းရိုး-တဆယ့်ရှစ်ခု၊ နံရိုးနှစ်ဆယ့်လေးခု၊ ရင်ရိုးတဆယ့်လေးခု၊ နှလုံးရိုးတခု၊ ညှပ်ရိုးနှစ်ခု၊ လက်ပြင်ရိုးနှစ်ခု၊ လက်ဖြန်ရိုးလေးခု၊ လည်ဂုတ်ရိုးခုနှစ်ခု၊ မေးရိုးနှစ်ခု၊ နှာခေါင်းရိုးတခု၊ မျက်ကွင်းရိုးနှစ်ခု၊နားရိုးနှစ်ခု၊နဖူးရိုးတခု၊ ထိပ်ရိုးတခု၊ဦးခေါင်းခွန်ရိုးတခု၊ ဤသို့ အရိုးစုစုပေါင်း(၃၀၀)သုံးရာသည် ခန္ဓာကိုယ်ကောင်ကြီးထဲတွင် ရှိနေလေသည်။

အရိုးတွေ၊ အသားတွေ၊အရေထူ၊ အရေပါး စသည်များဖြင့် ပျော့သောအရာ၊ မာသောအရာ ဓါတ်အနုမြူပရမာ မြူမှုံတို့ဖြင့်

ပေါင်းစုထားသည်ကို မြင်လာ၍ "ငါ့ကိုယ်"ဆိုသောအစွဲပျောက်လာရန်ဖြစ်၏။

**သတိ မပြတ် ရှုမှတ်**

"မဟာသတိပဋ္ဌာန်"မှာပုဗ္ဗဘာဂမဂ် ခေါ် ဝိပဿနာအလုပ်အားထုတ်ပုံ အပြည့်အစုံ ပါ၏။

"ပရိညေယျ၊ပဟာတဗ္ဗ၊ တာဝေတဗ္ဗ" ဟူ၍- အရိယသစ္စာလေးပါးရှိသည်။ ယင်းလေးပါး အားထုတ်က၊ ဉာဏ်အလေးဆုံးပုဂ္ဂိုလ်ပင်လျှင် (၇) နှစ်နှင့် အနာဂါမ် ရဟန္တာစသည်ဖြင့် အဆင့်ဆင့် ဖြစ်နိုင်သည် ဉာဏ်ထက်သည့်ပုဂ္ဂိုလ်မှာ (၇)ရက်နှင့် အနာဂါမ် ရဟန္တာစသည် ဖြစ်နိုင်ပါသည်။

ဤသတိပဋ္ဌာန် လေးပါး တရား အကျင့်လမ်းသည် သတ္တဝါတွေ၏ စိတ်မှ အညစ်အကြေးကို ကင်း၍ သန့်ရှင်းစင်ကြယ်စေရန် တခုတည်းသောလမ်းသာ ဖြစ်သည်။ ကိလေသာ ကင်း၊ ပြီး၊လိုရာသို့ နီးကပ်သွားသည်ကို ဆိုလိုသည်။ဤသို့ ဖြစ်ရန်မှာလည်း ဤသတိပဋ္ဌာန်တလမ်း တည်းရှိ၏ ရဟန္တာဆိုသည်မှာလည်း သောတာပန် သကဒါဂါမ် အနာဂါမ် စသည် အစဉ်ဖြစ်ပြီးမှ ဖြစ်ရ၏၊အပြည့်အဝ၊အတိအကျကျင့် မှလည်းရ၏ သို့ဖြစ်၍ ပဌမအဆင့်ဖြစ်သည့် သောတာပန် ဖြစ်ရန်မှာလည်း ဤသတိပဋ္ဌာန်အလုပ်ကိုသာ အားထုတ်ရမည်သာ ဖြစ်ပါသည်။ ဤအကျင့်သည်သာ သတ္တဝါတွေ၏ ဒုက္ခမျိုးစုံအဖုံဖုံမှ လွတ်မြောက်ခွင့်ပေးနိုင်၏ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှန်သမျှမှ ကင်းဝေနိုင်သည်၊ ဗုဒ္ဓဘာသာဝင် အားလုံး၏ အထွဋ်အမြတ်ဆုံးနှင့် လိုရင်း တရား

အဓိကသည် ဤမဂ်ဖိုလ် နိဗ္ဗာန်ဖြစ်၏ ဤအဖြစ်ကိုရရှိရန် ရောက်ရှိရန်မှာ ဤသတိပဋ္ဌာန် အကျင့်သာဖြစ်သည်။

သတိပဋ္ဌာန်ဆိုသည် သတိကို၊ ပဓာနထား၍ သတိမပြတ်မှု၊ စွဲမြဲသည့် အမှတ်ရမှု၊ စွဲမြဲစူးစိုက်စွာရှု့စား ဆင်ခြင်မှုတို့ဖြစ်သည်။

ကိုယ်အမူအရာ အပေါင်း၏ ဖြစ်ပျက်အစဉ်၊ ခံစားမှု စိတ်ဝေဒနာအပေါင်း၏ ဖြစ်ပျက်အစဉ်ကြံစည်စဉ်းစားမှုနှင့် စိတ်စသည်တို့ကို လက်လွှတ်မပေးရ အာရုံမှာ မျှော်လင့်၍ ထင်သလိုဖြစ်မနေစေရ၊ ရုပ်နာမ်မှာပေါ်လာသမျှကို မသိဘဲတချက်မှ အလွှတ်မခံဘဲ တမှတ်ထဲ ရှုမှတ်နေရသည်၊ ကာယနုပဿီ၊ ဝေဒနာ နုပဿီ-စသည် ဖြင့်ဟောထား၏ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော၊ တရားများကို စေ့စပ်သေသပ်စွာ သတိမပြတ် ရှုမှတ်ရသည်။

အားထုတ်စမှာ မေ့တတ်သည် သတိလစ်တတ်သည်၊ အာရုံမှာ လွင့်မြောတတ်သည်၊ မိန်းမောနေတတ်သည်၊ သို့သော် မလျော့သောလုံ့လ ဝီရိယ စိုက်ထူ၍ အကျင့်များလေလေ သမာဓိခိုင်တည်လာလေဖြစ်၏ မှတ်ပါများသဖြင့် အကျင့်ရလာပြီး မမေ့ပျောက်သလောက် ဖြစ်လာ၏ စူးစိုက်တည်ငြိမ်ပြီး ဝိပဿနာ ခဏိကသမာဓိဖြစ်၍ အားပိုမိုကောင်းပြီး ပိုင်းခြားပြတ်သားကာ ရှင်းလင်းစွာသိလာ၏။ ရုပ်ကိုမှတ်မိလျှင် အာရုံမပြုတတ်၊ ရုပ်သည် မသိ တတ်သော သဘောတရားဟု- ထင်ရှားသိသာသွား၏၊ ဝေဒနာကို မှတ်မိလျှင် အကောင်းအဆိုးမှန်သမျှကို ခံစားသည့် သဘောတရားဟု ထင်ရှားသိသာသွား၏ တဖန် ပေါ်သည့် အာရုံနှင့်တကွ မှတ်သိသော၊ စိတ်ပါပေါ်ပြီးပျောက်၏ ဖြစ်ပျက် သဘော ထင်လာ၏ခဏမစဲဖြစ်ပျက်ပြောင်းလဲနေသည်။ ဤသည်

ကို သိလာသောအခါ မမြဲ၊ ဆင်းရဲဟူသော အနိစ္စ၊ ဒုက္ခ အနတ္တ လက္ခဏာများ အထိ ရှင်းလင်းလာလေသည်။

ထိုအခါ-နှစ်သက်စရာဘာတခုမျှမမြင်တော့ဘဲ ရွံမုန်းလာ၏ ထိုအခိုက် သောက ပရိဒေဝ အဘိဇ္ဈာ ဗျာပါဒ ဒေါမနဿ ဆိုသည့်၊ စိတ်ဝေဒနာတွေလည်း ဖြစ်ခွင့်မရတော့ဘဲ ငြိမ်းနေ၏ ထင်ရှားပေါ်လာသည့် ရုပ်အမှုအရာမှန်သမျှကို မပြတ်ရှုမှတ်ပြီး အနိစ္စ၊ဒုက္ခ၊ မမြဲနှင့်ဆင်းရဲကို သိနေသည်။ **ကာယာနုပဿနာ သတိပဋ္ဌာန်** ဖြစ်လာသည်။

တဖန် ထင်ရှားပေါ်လာသည့် ဝေဒနာ စိတ်၏သဘောတရား တွေကိုမပြတ် ရှုမှတ်၍ မမြဲနှင့် ဆင်းရဲကို သဘောထဲမှ သိနေပြီး ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် အတွင်း သိမြင် နှလုံးသွင်းလာသည် ထင်ရှား ပေါ်လွင်လာသည့် ရုပ်နာမ်ဟူသမျှကို ရှုမှတ်ပြီး သတိပဋ္ဌာန်လေးပါး ပွားလျှင်-မဂ် ဉာဏ်၊ဖိုလ်ဉာဏ်မှ နိဗ္ဗာန်ကို တွေ့မြင်နိုင်စွမ်း ရှိလေသည်ဟုလေ့ လာရပါသည်။

× × ×

**မဂ်ဖိုလ်နိဗ္ဗာန်နှင့် လွဲစေတတ်သည့် အကြောင်း နှစ်ပါး။**

(၁)ပါပမိတ္တတာ။ (၂)ကရိယပရိဟာနိယပရိနိ။

**ပါပမိတ္တတာ။** ဆရာမှား၊ ဆရာညံ့ဖြင့်တွေ့ဆုံမှု၊ ဒေဝဒတ် ၏ စကား နားထောင်မိသော အဇာတသတ်သည် မဂ်ဖိုလ်နှင့်လွဲ ရသည့်ဥပမာ၊ မဂ်အန္တရာယ်တိုင်အောင် ချောက်တွန်းသည် ဖြစ် ဖြစ် တားမြစ် ကန့်ကွက်သည်ဖြစ်ဖြစ် ရှောင်ကျဉ်သတိချပ်အပ် ပေသည်။

**ကရိယပရိဟာနိ**။ ။ဟောမှု နာကြားမှု ကျင့်မှုဟူသော-၃ မျိုးမှာ ချွတ်ယွင်းခြင်းဖြစ်သည်၊ ဟောကြားပို့ချ နည်းပေးကြသည့် ဆရာ၏ ဟောပြမှုနှင့် နာကြားမှု၏ လက်ခံ သဘောပေါက်သည့်အပိုင်းကို အသိအတိုင်း ကျင့်မှုတို့ဖြစ်သည် သုံးချက်ညီရသည် မညီလျှင် မရနိုင်၊ဟောပြသည့် ပုဂ္ဂိုလ်သည် ပြီးပြည့်စုံစေရန် သဘောပေါက် မနေ့ာရောက်စေရန် ခန္ဓာကိုယ်တွေ့ဟောရသည်။ အထောက်အထား အကိုးအကား ပြသရသည် နာကြားသူကလည်း ဟောကြားသကဲ့သို့ သဘောပေါက်၍ သဘောပေါက် မနေ့ာရောက်သည့်တိုင် အသိရရှိမှုဖြစ်ရန်လိုသည် ဘုရားလက်ထက်က "ပေယ" ဆိုသည့် ဘုရားတရားကို ဆုံးအောင် မနာကြားဘဲ ထသွားသဖြင့် တပြည့်တာဝန် ပျက်ကွက်ခဲ့ဘူးသူရှိခဲ့၏။ပြေလည်သဘောပေါက်သည်ထိ အသိရှင်းမှု သမ္ပဇာန-ဉာဏ်၊ပဇာနာတိ အရ-အကြားအားနှင့် သိခြင်းဖြင့် တင်းပြည့်ကျပ်ပြည့် သိခြင်းတို့ကို သတိပြုရသည်။

သို့ဖြစ်၍ တောင့်တင်းသည်မှာ ဝါယောဓါတ်၏ ဝိက္ခမ္ဘနလက္ခဏာဟု လှုပ်ရှားသည်ကို သမုဒီရဏရသဟု စိတ္တကိရိယဝါယောဓါတုဝိပ္ဖါရေန စိတ်ကြောင့်ဖြစ်သည့် တောင့်တင်းမှု၏ ပြန့်နှံ့ခြင်းကြောင့် တကိုယ်လုံး၏ အရှေ့ဘက်သို့ တည့်တည့်၊ဆောင်သွားခြင်းကိုသွားသည်ဟုသိ၏ဤသို့သိခြင်းကို ပဇာနာတိအရ အကြားအားဖြင့် သိသောဉာဏ် ဟုခေါ်သည်။

ဂေါစရသမ္ပဇဉ်အရ- အားထုတ်ပုံကို တိုက်ရိုက်ပြထားသဖြင့်ထင်ရှားပြီး နည်းအတိုင်း အားထုတ်သည့် ယောဂီမှာ သမာဓိဉာဏ်ရင့်၍ အသမ္မောဟသမ္ပဇဉ် ဖြစ်လာ၏။အသိလွဲ၍ -တရားကို

ယုံမှားတွေဝေပြီး၊ အမိဝမ်းတွင်းမှ စ၍ မွေးရာပါ မျက်ကန်း ဘဝပမာ မဖြစ်ရန် အရေးကြီး ပေသည်။

ဣရိယာပုတ်-လေးပါးလုံးမှာ စိတ်နှင့်ရုပ် အဆင့်ဆင့် ပေါ် လိုက် ပျောက်လိုက် ဖြစ်ပျက်သဘောအား၊ ရှင်းလင်းစွာသိနေ ခြင်းကို သမ္ပဇာနပညာ၊ ဝယဓမ္မာနုပဿီအရ ဖြစ်ပေါ်လာ သည့် အသမ္မောဟသမ္ပဇဉ်ဉာဏ်ဟုဆို၏။မပြတ် ရှုမှတ်၍ ဆက် လက်ရှုမှတ်ရ၏၊၎င်းဉာဏ်ရင့်၍ အဆင့်ဆင့် ရင့်သန်ပြီး-မဂ်၊ ဖိုလ် ဉာဏ် ပေါ်ပေါက်ခါ-နိဗ္ဗာန်ကို ရောက်စေနိုင်၏၊ ဤသည်ကို မြတ်စွာဘုရားသည်၊ ဥာယဿအဥ္ဇဂမယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ဟု ဟောတော်မူသည်။ ရုပ်တရားသက်သက် စွဲလန်း၍၊အယူလွဲ၊ စွဲလန်းမှု ရှိတတ်၏။ အရာရာကို "နိစ္စ၊သုခ၊ အတ္တ" ဟု စွဲလန်းနိုင်ကြ၏၊ ဤစွဲလန်းသည့် ရုပ်နာမ်ကို ယင်း စွဲလန်းခြင်းမှ ကင်းစေရန်ဝိပဿနာရှု ရခြင်း ဖြစ်သည်။

အသိဉာဏ်ဖြင့်ပြုရာ သမ္ပဇဉ်ခေါ်အသိဉာဏ် ၄ မျိုးရှိ၏။ (၁)သာတ္ထကသမ္ပဇဉ်။(၂)သပ္ပါယသမ္ပဇဉ်။(၃)ဂေါစရသမ္ပဇဉ် (၄)အသမ္မောဟသမ္ပဇဉ် ဟူ၍ ဖြစ်သည်။

(၁)မည်သည့် အလုပ်မဆို အကျိုး ရှိ၊ မရှိ၊ စဉ်းစားရန်နှင့် အကျိုးရှိမှပြု။

(၂)အကျိုးရှိသော်လည်း ကိုယ့်ဂုဏ် ကိုယ်အဆင့်ဖြင့် ဆင် ခြင်၍ ပြု။

ဤနှစ်ပါးပင်လျှင် လောကီလောကုတ်အကျိုး မယုတ်နိုင်ခြေ သမထ ဘာဝနာ ဝိပဿနာ၏ အခြံအရံ အထောက်အပံ့ တည်း၊ နှစ်ပါးဖြစ်သော်လည်း တမျိုးတည်း ဖြစ်သည် ယင်းသမ္ပဇဉ်—

၂မျိုးကို "ပါရိဟာရိကပညာ" ဟုလည်းခေါ်၏။ သို့သော် ဘာဝနာဉာဏ်မျိုးမဟုတ်။

(၃)ဂေါစရသမ္ပဇဉ်ဆိုသည့် ကျက်စားရာ ကမ္မဋ္ဌာန်းအာရုံမှာ သမာဓိဉာဏ်မပြတ်ဖြစ်နေခြင်း၊ ဝိပဿနာအရာမှာ ကာယ ဝေဒနာ စိတ္တ ဓမ္မာ ဟု ခေါ်သော ကျင့်စဉ်တို့မှာ ကိုယ်နှုတ်စိတ် အမူအရာတိုင်းကို ရှုမှတ်ပြီး မပြတ် ဆက်စပ်သိနေခြင်းကို ခေါ်၏။ ဤဂေါစရသမ္ပဇဉ်သည် ဝိပဿနာ၏ အလုပ်စခန်းဖြစ်သည်။ ၎င်းဂေါစရသမ္ပဇဉ် ပြည့်စုံမှ အသမ္မောဟသမ္ပဇဉ်ဆိုသည် ဖြစ်ပေါ်လာနိုင်သည်။ ပါဠိတော်မှာလည်း ဤသည်ကို ပဓာန ပြု၍ ဟောထားသည်။

(၄)အသမ္မောဟသမ္ပဇဉ်၊ ရုပ်နာမ် ဖြစ်ပျက် အနိစ္စ ဒုက္ခ အနတ္တ အချက်တို့ကို ကွင်းကွင်းကွက်ကွက် ရှင်းလင်းစွာ သိမြင်နိုင်စွမ်းအားကို ဆိုသည်၊ ဤသည်မှာ အမှတ်သုံး ဖြစ်သော ဂေါစရသမ္ပဇဉ်ဖြင့် ပြည့်စုံသည့်အခါ အလိုလိုပင် ပေါ်လာတတ်ပါသည်။

"ဝိပဿနာယောဂီနဲ့ အရိယာတွေကသာ ကောင်းကောင်းနေသွားမယ်၊အမှန်ကျင့်သွားကြမယ်(သမ္မာဝိဟာရေယျုံ) ဆိုရင် လောကမှာ ရဟန္တာတွေ မဆိတ်နိုင်ဘူးဟူ၍ ကြားဘူးပါသည်။ သို့ဖြစ်၍ သီလ၊ သမာဓိ၊ ပညာ စခန်းတို့ဖြင့် ပါရမီလမ်းပွင့်လန်းအောင်ကျင့်ရာ၏။

**သုတ နဲ့ ကိုယ်တွေ့**

သုတနှင့် ကိုယ်တွေ့မရှိလျှင် လက်ငင်းအလုပ်နှင့် ရှေ့ဆက်ရန် ခက်တတ်သည် ဖြစ်၏။ ဝိပဿနာရှုနည်းမှာ သမထ ယာနိက

နည်း၊ ဝိပဿနာယာနိကနည်း ဟု အခြေခံ နှစ်ပါး ရှိသည်။ သမထယာနိကနည်းဆိုသည်၊ဥပစာရအပ္ပနာစျာန်များ ရအောင် အားထုတ်၍။၎င်းမှတဆင့် ဝိပဿနာရှုနည်း ဖြစ်လေသည်။

ဝိပဿနာယာနိကနည်းမှာ ဥပစာရသမာဓိ အပ္ပနာသမာဓိ ၂ ပါး မထူထောင်တော့ဘဲနှင့် ဝိပဿနာ သက်သက်ရှုနည်း ဖြစ်သည် သည်နေရာတွင် ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိ ၂ ပါးမပါဘဲ ဖြစ်ကြောင်း ထင်ရှားရန်(သုဒ္ဓ)ဆိုသော ပုဒ်နှင့် တွဲပြီး သုဒ္ဓဝိပဿနာယာနိကနည်းဟု ခေါ်သည်။ (ဝုတ္တပ္ပကာရံ သမထ အနုပ္ပါဒေတွာဝ)ဟု၊ အဋ္ဌကထာ ဆရာကဆို၏၊ ယင်း သမာဓိနှစ်မျိုး မဖြစ်စေဘဲ၊ ရှု၍ ရသောအကြောင်း ဖြစ်သည်။

(အကျယ် မဟာသတိပဋ္ဌာန် တရားတော်ကြီးမှာရှု)

**ကံ ကံ ၏ အကျိုးပေးများ**

ကောင်းတာမြင်လောဘဖြစ် ပြိတ္တာရောက်၊ မကောင်းတာ မြင် ဒေါသဖြစ် ငရဲရောက်၊ အလတ်စား အာရုံမြင် မောဟဖြစ် တိရစ္ဆာန်အသူရကာယ်ဖြစ်။

ရူပါရုံမြင်၊သဒ္ဒါရုံကြား၊ ဂန္ဓာရုံနံ၊ ရသာရုံစား၊ ဖေါဋ္ဌဗ္ဗာရုံ ထိသိ၊ဓမ္မာရုံ–ကြံသိ၊ ဝိညာဏ်သိ၊ မျက်မြင်သိ–၆–ပါး၌၊ အပြစ် များပုံ များကို ပြသည်“ပြိတ္တာလောဘ၊ ဒေါသငရဲ–၂ ကွဲ မောဟ ကေန္တတည်း”ဟု ပြသည်။ ‘ဒုဗ္ဘိက်ရောဂ၊ သတ္တဒေါသ၊ မောဟ ရောဂါ-ပြို ပျက်စွာတည်း။

ရာဂမီးတူ၊ဒေါသမူရေ၊တွေဝေမောဟ၊ လေသံဝဋ်ဟုမချွတ် ကမ္ဘာ၊ ပျက်ပြုန်းစွာခဲ့၊ ကိလေသာမျိုး၊တရားဆိုးကား၊ကောင်း ကျိုးမပြန်၊ ပြစ်ကျိုးသန်သည် ကေန်မုချဆင်းရဲတည်း။

**အာရုံ ၆ ပါးက တွန်းချသဖြင့်**

ကောင်းတာမြင် လောဘဖြစ်၊ ပြိတ္တာဘုံရောက်၊ ဒုမ္မိက္ခန္တရ ကပ်ကြီးနှင့် ကမ္ဘာ မီး ဖျက်သည်။

မကောင်းတာမြင် ဒေါသဖြစ် ငရဲဘုံရောက်၊ သတ္တန္တရ ကပ်ကြီးနှင့် ကမ္ဘာ ရေဖျက်သည်။

အလတ်စားမြင် မောဟဖြစ် တိရစ္ဆာန် အသူရကာယ်ရောက်၊ ရောဂန္တရကပ်ကြီးနှင့်ကမ္ဘာ လေဖျက်သည်။

သို့ဖြစ်၍ သမုတိအမြင် ဒိဋ္ဌိ အမှား ကပ်ခြင်းနှင့် ဝိစိကိစ္ဆာ ယုံမှား ကပ်ခြင်း၏ သမုတိ အမြင် သမုတ်၍ ခေါ်ဝေါ်မှု ဝေါဟာရပညတ်များကို တား၍ ပရမတ်၏ အစွမ်းအားဖြင့် မြင်အပ်၏။

× × ×

**အသိ၊သတိ**

သညာသိ၊**သုတမယဉာဏ်၏**အာရုံဖြစ်သော ပရိယတ်ဉာဏ်ကို သဒ္ဓမ္မ ဟူ၍၎င်း၊ ပရိယတ္တိ ဟူ၍၎င်း ခေါ်သည်။ ဝိတက်သိ၊ **စိန္တာမယဉာဏ်**၏ အာရုံဖြစ်သော အခြင်းအရာကို ကြံစီသော၊ အသင့်ယုတ္တိရှိ၍ မှန်ပြီဟု**အမှန်တရားပေါ်** စွဲယူထားသော လွတ်မြောက်ကြောင်း အရာ၌ သုတမယထက်ထူးသော ဝိတက် အသိကို ပဋိပတ္တိဉာဏ်ဟု ခေါ်သည်။ ဘာဝနာသိ **ဘာဝနာမယ** ဉာဏ်မှာ ဝိပဿနာဉာဏ် အစရှိသည်နှင့်တကွဖြစ်သော၊ ဘာဝ နာမယဉာဏ်၏ အရုံဖြစ်သော **အတွေ့**ဉာဏ်ကို ပဋိဝေဓဉာဏ် ခေါ်သည် ဤသည်သာ ပညိန္ဒြေ အစစ်ပါဝင်လေသည်။

ပဌာန်းပါဠိတော်သင်္ဂိုလ်-မှ-စကျ၍ သောတ စသည်နှင့်ရုပ ါ သဒ္ဒါစသည်တို့ ထိခိုက်တွေ့ဆုံသည့် အာရုံ-၆-ပါးကို ဝိဉာဏ်-၆ ပါးဖြင့်သိရာ အရိယာအသိနှင့်ပုထုဇဉ်အသိမတူသဖြင့်၊ အရိယာ များ သတိထားရန် မှာကြားထားသည်။

× × ×

**ဝိပ္ပလ္လာသ**

ဝိပ္ပလ္လာသမှာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဟူသော လက္ခဏာများကို နိစ္စ၊သုခ၊အတ္တ၊သုဘဟူ၍ သညာဝိပ္ပလ္လာသ-၄ပါး စိတ္တဝိပ္ပလ္လာသ ၄ ပါး၊ ဒိဋ္ဌိဝိပ္ပလ္လာသ ၄ ပါးဖြင့် ဖေါက်ပြန်ရှုး နှမ်းအကြမ်း၍ အရမ်း ထင်မြင်ကာ အယူအဆ မှားယွင်းခြင်းကို ဆိုသည် (အကျယ်ပြပြီး ဖြစ်သည်)။

× × ×

**ဝဂ္ဂုလိရဟန်း**

ကိန္တေ ဝဂ္ဂုလိ ဣမိနာ ပုတိကာယေန ဒိဋ္ဌေန
(ဝဂ္ဂုလိသုတ်)

ချစ်သား ဝဂ္ဂုလိ ၊ငါဘုရား၏ ရူပကာယ(ရုပ်) အပုပ်ကောင် ကြီးကိုသာရှု၍နေသဖြင့် သင်ချစ်သား ဝဂ္ဂုလိအား မင်္ဂအကျိုး ဖိုလ်အကျိုးနှင့် ဘာအကျိုး ရှိအံ့တော့နည်း ငါ့အနားမှ ထသွား ပါလော့။

စကြာမင်း၏ သမီးတော်၌ နူနာ ပန်းနာ ရူးနှမ်းနာ စွဲ၍ လူ မျိုးစုံ မချစ်ခင် မစွဲလန်းမယူငင်လိုကြ၊ကျိကွဲသို့ပင် အာရုံ-၆-ပါး နှင့် ပသာဒ-၆-ပါးစပ်မိ၍ ဝိညာဉ်ပေါ် သော်သည်း ထိုဝိညာဉ် စိတ်၌ ဒိဋ္ဌိနူနာ၊တဏှာပန်းနာ၊မာန ရူးနှမ်းနာစွဲကပ်၍ မင်္ဂ-၄ပါး

ဖိုလ်-၄-ပါးသာ တွေ့သည်၊အာရုံ-၆ ပါးလှည့်စားရာ ကိလေသာ နယ်သို့ မချဉ်း ကပ်တော့ချေ။

အရှင်ဝက္ကလိသည်၊ မြတ်စွာဘုရားမှာ ရှိသည့် ၃၂-ပါးသော လက္ခဏာကြီးများအပါ ၈၀ သော အလက္ခဏာတော်ငယ်များ၊ ရောင်ခြည်တော်-၆-သွယ် အသံရှစ်ပါး တရာ့ရှစ်ကွက်၊ စက်လက္ခဏာတော်နှင့်တကွ ဘုရားရှင်၏ ရူပကာယတော်ကို ကြည့်၍ ကြည်ညိုနေသည်၊ ဤသို့ ကြည်ညိုသည်က လွဲ၍၊ မဂ်ဖိုလ်ပညာ မဝင်စား မရရှိ။ သို့ဖြစ်၍ ဓါတ်တရားမရှု၊ ပညတ်တရားမျှသာ ရှုစား၍၊နေသဖြင့် ဘုရားရှင်က 'ယခု ငါ့အနားမှ ထသွားပါလေ' ဟု အနှင်ခံရပေသည်။

ဤသည်ကို လယ်တီဆရာတော်ဘုရားကြီးက မျက်မြင်၌အပြစ်များပုံကို—

(၁) ဘုရားနှင့်တွေ့ပေ မဲ့အလကားဟေ့ မင်းတို့မှာ

(၂) အကျွတ်နှင့်ဝေးရော့ထင့် လွတ်သေးပေါင် ဤသာသနာ၌ ကမ္မဋ္ဌာန်းသိကင်းတာမို့ အရာရာ အသိမလင်းတယ်ကွယ် ဖျင်းတဲ့ သူပါ။

(၃) ဓါတ်ခြောက်ဖြာ ဝိဇ္ဇာမျိုးကိုလ အသိနဲ့ (နည်း)ခဲ့ရာလွဲ ပါပေါ့။

(၄) မှတ်ထားနော် ဓါတ်သားကို ညာဏ်မမျှော်လို့ ကိုယ်တော်တိုင်ရင်ဆိုင်တွေ့ပေမဲ့၊ ပညာညာဏ် သင့်မပြေတယ်ကွယ် လွဲပေ့ ပါမွား

× × ×

**စက္ကဝါနဲ့ အပ်နဖါး**

အသုဘ-၁၀ ပါး၊ကသိုဏ်း ၁၀ ပါး၊အနုဿတိ ၁၀ ပါး၊ အပ္ပမညာ-၄ ပါး၊ဝဝတ္ထာန် ၁ ပါး၊ ကေသညာ ၁ ပါး၊ အရူပ ၄ ပါး၊ပေါင်း သမထ ၄၀ ဖြစ်သည်။၎င်းတို့မှာ အမြင်ရှုတွေ့ကို ပညတ်ဟု ခေါ်ဆို၏။ မျက်မြင်နှင့်ရှုရသော တရားဟု ဆိုသည်။ ဤသည်တို့မှာ ဝိပဿနာ မဟုတ် သမထ ဟု ဆိုသည်။

ဝိပဿနာ စစ်စစ်ကို ချုံးလိုက်တော့ အပ်နဖါး ခွဲသော်ကား စက္ကဝါဟုအဆိုရှိသည် ဆိုလိုသည်မှာ လောက သုံးပါးမှ လွတ်မြောက်လိုပါက ဓါတ်တရားရှုပါ အသိခွဲလျှင် ခွဲတိုင်းကျယ်၏ လိုရင်းသို့ တိုတိုရှင်းရှင်း ရှာ၍ ကျင့်ပါ ဓါတ်ဆိုသော သခ်တဓါတ်ကို ရှုပွားပါလျှင် ဒိဋ္ဌိတွေ ချုပ်၏၊ အကုသိုလ် ကိလေသာတွေ ချုပ်သည့် နိဗ္ဗာန်ကိုရနိုင်ကြောင်း။

ခန္ဓာထဲမှာ ဓါတ်ပေါ်နေသည်ကို တွေ့လျှင် သခ်ါရကိုတွေ့ဖြစ်သည် ဓါတ်ပေါ်ရာမှာ ဓါတ်ချုပ်ခြင်း ဒိဋ္ဌိချုပ်ခြင်းသည် နိဗ္ဗာန်တည်း။

ဒိဋ္ဌိ-ဓါတ်တရား၊ ဒိဋ္ဌိစနေနံ(၇)။ဓါတ် စနေနံ(၇)ဤသို့ဖြစ်၍ (၇)ဂဏန်းတူကြသည်၊ဓါတ်တူကြသည်၊ဓါတ်တူနံတူ ဆေးဖက်ယူ၊ နံတူသတ်က အသေရဟု ဖွင့်ဆိုသည် ဒိဋ္ဌိကို ဓါတ်နှင့် သတ်ရန် ဆိုသည်။

တစ်သုံးဆယ် သံသာကြောမှာ၊ မျောကြခါခါ၊ အနတ္တာမှတ်ပါကွဲ့ ဓါတ်တရား တွေ့ပါလျှင် သံသရာဝဋ်က လွတ်လိမ့်အများ။

× × ×

**ဝိပဿနာအလုပ်မှအခက် ၂ ခက်။** ။ဆရာမှန်နည်းမှန်ရဘို့၊ ရပြန်က မိမိသာ ညာဏ်အမြင် ပေါက်မြောက်ရန်၊ပေါက်မြောက် ပြန်က မမေ့မပြောက်ရန် လေ့ကျင့်ဘို့ ဟူ၍ နှစ်ချက်။မိမိကယုံ ကြည်ဘို့၊မိမိကကျန်းမာဘို့၊ မိမိကစိတ်ဖြောင့်ဘို့ ဆိုသည်များနှင့် သည့်အပြင် ဆရာကောင်းက နည်းကောင်းကို မချိုမချန် အမှန် အတိုင်း စိတ်ပါလက်ပါ စေတနာဖြူစင်သန့်ရှင်းစွာ ပေးပါက အခါမလပ် သတိမလပ် အသိကပ်၍ ကြိုးပမ်းအားထုတ်ရန် ဖြစ် သည်။

တရား၌ ယုံမှားသံသယရှိက ကမ္မဋ္ဌာန်း အလုပ်မလုပ်သင့်၊အား ထုတ်ပြုလုပ်က၊ ကျမ္မာရခြင်း၊ ဖြောင့်စင်းရခြင်း၊ ဝီရိယရှိရခြင်း၊ အားထုတ်ရင်း ဉာဏ်ဝင်ရခြင်းတို့ဖြစ်သည်။တရားသည် အမှောင် ကို ခွင်း၏၊အလင်းကို ဆောင်စေ၏ အဖုံးကို ဖွင့်ပေး၏ မှောက် ထားသည်ကိုလှန်ပေးသကဲ့သို့ဖြစ်၍ လွဲမှားသည်ကို တည့်မတ်ပေး နိုင်၏၊ အခက်မှ ကျော်လွှန်၏ ဆင်းရဲမှု အပေါင်းမှ လွတ်၏။ တရားနာသဖြင့် မကြားဘူးသည်ကို ကြားရ၏ ကြားပြီးကပို၍ မှတ်မိသည် စိတ်ချမ်းသာသည် ယုံမှားပျောက်စေသည်၊မှန်သော အမြင်တိုး၍ ပေါ်လာသည့် အချက်ငါးချက် ရှိ၏။

"ဝိပဿနာမှာ လက္ခဏာ ချွန်၊သမထမှာ အာရမ္မဏချွန်"

လက္ခဏာချွန်ဆိုသည် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကိုဆို သည်၊ စူးစူးစိုက်စိုက် မြဲမြဲထူးခြားစွာ ရှုမှတ်မှုအား ထက်သန် သဖြင့် ချွန်ဟုခေါ်သည်။

အာရမ္မဏချွန်သည် ပြော၍ လွယ်၏ပြု၍ လွယ်တတ်၏၊ အား ထုတ်ရန် ခက်၏ အာရုံ ၆ပါး၌ သိးခံနိုင်ခဲ၏ သီးမခံနိုင်သဖြင့်

သမထမမြဲတတ်၊နိဝရဏဆိုသော အာရုံတရားတွေ များစွာတိုက်ခိုက်တတ်သဖြင့် "ခရီးတော် နည်းလျက်နှင့် ဝေး" ဖြစ်ရသည်။ သမထမှာ ဝိပဿနာနှင့် မတူ၊အနိစ္စ၊ဒုက္ခ၊လက္ခဏာ အခြေခံ မပါခြေ။ဝိပဿနာမှာ သဘာဝဆတ်ဆတ် ပရမတ်ကိုအတတ် သေချာ ဉာဏ်ပါပေါက်ရောက်အောင် ကြည့်ရသည်၊'မဟာသီဝမထေရ်' တရား အားထုတ်စဉ် တရားဉာဏ်မှာ မထင်၍ ငိုမိသည်။ တောင်စောင့်နတ်၏ သမီးလာရောက်သတိပေးရသည် ထိ ဖြစ်ခဲ့သည်။

အကြည့်နဲ့လျှင်၊အခြားစိတ်ဝင်သည်၊ မထင်မြင်နိုင် အကြည့်သန်မှအမြင်သန်၍ ဉာဏ်ကအခြားစိတ်ကို ကွင်း၍-သိမြင်နိုင်သည်၊အခြားစိတ် ဆိုသည်- အားမထုတ်သည့်စိတ် မီးပွတ်သမားသည်၊မီးပွတ်လိုက်၊ နားနေလိုက်ဆိုလျှင် ဘယ်သောအခါမှမီးမရသကဲ့သို့ ဖြစ်လေသည်။

× × ×

**ဉာဏ်စဉ်**

ဆန့်ကျင်ဘက်ကိလေသာ အညစ်အကြေး အပြစ်ဘေးတို့ကို ဝိပဿနာဉာဏ် -၁၂- ပါးတို့ဖြင့် အသီးသီးတဒင်္ဂပယ် ပံ့ရှိလေသည်။

**၁။ နာမရူပ ပရိစ္ဆေဒဉာဏ်** - "ရုပ်နာမ်ကိုသာ၊ ထင်မြင်လာ၊ သက္ကာယဒိဋ္ဌိကင်း"။ ဤသည်ကိုပင် ရှုမှတ်ဆဲဘွင် နာမ်ရုပ် ၂ ပါးကို ပိုင်းခြား၍ သိခြင်းအား နာမရူပပရိစ္ဆေဉာဏ် ဟု ခေါ်သည့် အကြောင်း ရှိပါသည်။

၂။ **ပစ္စယပရိဂ္ဂဟဉာဏ်** - "ကြောင်းကျိုးတရား သိမြင်ပြား၊ ပယ်ရှားယုံမှားကင်း"ရှုမှတ်ဆဲဘွင် အကြောင်း အကျိုး

၂ ပါးကို ပိုင်းခြား၍ သိခြင်း၊ (အသိအမြင် စင်ကြယ်၍ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ခြင်း။)

**၃။ သမ္မသနဉာဏ်** - "သန္တတိ-ဃန၊မှတ်ရှုက၊ ဃန ထင်မှားကင်း အစဉ်ဖြတ်ခဲ့ အပျက်မြင်ခြင်း ငါစွဲလွတ်ရခြင်း" တို့သည် မှတ်ဆဲကာလတွင် ပေါ်လာပြီးပျောက်ရ၏၊ မမြဲ၊ ဆင်းရဲ သူငါ မဟုတ်ဟု သဘောကျ သုံးသပ်ဆင်ခြင်ခြင်း။

**၄။ ဥဒယဗ္ဗယဉာဏ်** - ဖြစ်ပျက်နှစ်ပါး၊ သိမြင်ငြား ပြတ်မှား ဒိဋ္ဌိကင်း။

**၅။ ဘင်္ဂဉာဏ်** - အပျက်ကိုပင်၊ မြင်လာလျှင်၊ ကင်းစင်ဆက်မှားခြင်း။

**၆။ ဘယဉာဏ်** - ဘေးဟုထင်လာ၊ သင်္ခါရာ၊ လွန်စွာကြောက်လန့်ခြင်း၊ ကြောက်ဘွယ်မြင်က သင်္ခါရ သုခထင်မှားကင်း။

**၇။ အာဒီနဝဉာဏ်** - ဘေး အပြစ်တွေ့၊ ထင်လာပေကင်းလေ ပျော်မွေ့ခြင်း။

**၈။ နိဗ္ဗိန္ဒဉာဏ်** - ငြီးငွေ့စရာ မြင်သောခါ သာယာမှုမှကင်း။

**၉။ မုဉ္စိတုကမျတာဉာဏ်** - စွန့်လွှတ်ဘွယ်ဟု၊ ဖန်ဖန်ရှု၊ တွယ်တာမှုမှကင်း။

**၁၀။ ပဋိသင်္ခါဉာဏ်** - ပဋိသင်္ခါ၊ ဉာဏ်ပွားပါ၊ ဘာဝနာထက်သန်ခြင်း။

**၁၁။ သင်္ခါရုပေက္ခာဉာဏ်** - သင်္ခါရဟု လျစ်လျူရှု၊ကြောင့်ကြ စိုက်မှုကင်း။

၁၂။ **အနုလောမဉာဏ်**- အနုလောမံ၊ အမြင်မှန်၊ လျော်ကန် ဉာဏ် မြင်ခြင်း။

ဤသည်မှာ မိုးညှင်း ဆရာတော်ဘုရားကြီး၏ နည်းဖြစ်၍ မဟာစည် ဆရာတော်ဘုရားကြီးက ဤဉာဏ်စဉ်ကို - ဝိသုဒ္ဓိ နှင့်ယှဉ်၍ပြသည်။ ဆောက်တည်စောင့်ထိမ်း ထားသည့် သီလ မပျက် စင်ကြယ်လျက်ရှိခြင်းကို သီလဝိသုဒ္ဓိ အာရုံ တခြားမလှင့် ပါး၊ရှုမှတ်ရာကပ်၍ မှတ်စိတ်သည် စင်ကြယ်ခြင်းကို စိတ္တဝိသုဒ္ဓိ၊ ရုပ်နာမ်-၂ပါး ပိုင်းခြား သိသော နာမ-ရူပပရိစ္ဆေဒဉာဏ်ဖြင့် သူ ငါတပါး ခွဲခြားမှု မရှိဘဲ အမှန်ပိုင်းခြား၍ သိသော၊ အသိအမြင် စင်ကြယ်၍ ဒိဋ္ဌိဝိသုဒ္ဓိ။

ဤသို့ ရှုမှတ်ဆဲတွင် အကြောင်းအကျိုး၂ပါး ပိုင်းခြား၍ သိသော ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ကာလသုံးပါး ပိုင်းခြား၍ အကြောင်းအကျိုးဖြင့် သဘောပေါက်ကာ- သိရှိနားလည်ပြီး ယုံမှားသံသယကင်း၍ အသိရှင်းခြင်းကို ကင်္ခါဝိတရဏဝိသုဒ္ဓိ။

အလင်းရောင်စသော အထူးအထွေများကို စဉ်းစားအားရ၊ သဘောကျခြင်းက လမ်းမှားမှတ်ရုံမျှ၊ မပြတ်မှတ်ခြင်းဖြင့် ဉာဏ် ကိုတက်လမ်းရှာ၊ စူးစမ်းထိုးထွင်း၍ လမ်းမှား လမ်းမှန် ပိုင်းခြား ဝေဘန်ပြီး ဉာဏ်အမြင်စင်ကြယ်မှုကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

ရင့်သော ဥဒယဗ္ဗယဉာဏ်မှ စ၍ အနုလောမဉာဏ်တိုင်အောင် အကျင့်လမ်းစဉ် အသိ အမြင် စင်ကြယ်ခြင်းကို မဋ္ဌိပဒါ -ဉာဏဒဿနဝိသုဒ္ဓိ ဟူ၍ ဉာဏ်စဉ်နှင့် ဝိသုဒ္ဓိကိုယှဉ်၍ သဘော ထင်လင်းဉာဏ်မြင်ရှင်းအောင် ဟောကြားထားလေသည်။

× × +

**သင်္ခါရုပေက္ခာ၏ဂုဏ်-ဖြပါး။**

ကြောက်နှစ်သက်ခြင်း၊ ကင်းရှင်းသည်၊ ချမ်းသာ ဆင်းရဲ ရှုမြဲတူညီ။ ကြောင့်ကြမပြု မှတ်ရှုလွယ်သည်။ သင်္ခါရ-ညီမျှဂုဏ် သုံးမည်။ ကြာရှည်စွာလည်း၊ တည်မြဲသူတည်။ ကြာလေသာ၍ သိမ်မွေ့လေသည်။ အာရုံတခြား ပြန့်သွားကင်းသည် သင်္ခါရ-ထူးမှု ဂုဏ်သုံးမည်။

* သူ့ အရှိန်နှင့်သူအမှတ် ကောင်းနေရာမှ၊သွက်လက်ထင်ရှား ထူးခြားစွာဖြစ်သော မှတ်သိမှုကို **ရုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်** (မဂ်ဆီတရှိန်တည်းသွားသော- မှတ်သိမှုဉာဏ်)။

* ဤအသိထူးတို့တွင်၊ **နောက်ဆုံးအသိမှာ-အနုလောမဉာဏ်။**

* **နောက်ဆုံးအသိပြတ်သည်နှင့်တပြိုင်နက် မှတ်စိတ်နှင့်တကွ သင်္ခါရခပ်သိမ်း၏** ချုပ်ငြိမ်းရာသို့ ကျရောက်သွားသည်က - **ဂေါ်တြဘူဉာဏ်**(ပုထုဇဉ်အနွယ်ကို ဖြတ်သောဉာဏ်)။

* သင်္ခါရခပ်သိမ်း၏ ချုပ်ငြိမ်းရာသဘောတွင် သက်ဝင်၍ တည်နေသည်က မဂ်၊ဖိုလ်ဉာဏ်။

* ဤနှစ်ပါးတွင် မဂ်ဉာဏ်က၊ **ဉာဏဒဿနဝိသုဒ္ဓိ**၊ (သစ္စာလေးပါးကို စင်ကြယ်ပိုင်နိုင်စွာ သိမြင်မှု)။

* ချုပ်ငြိမ်းရာသို့၊ ရောက်သွားပုံ ချုပ်ငြိမ်းပုံများကို အပြန်အလှန် ဆင်ခြင်မိသည်က **ပစ္စဝေက္ခဏဉာဏ်**။

* အမှတ်ကောင်းပြီး ကောင်းပြန်လျှင် ချုပ်ငြိမ်းရာသို့ထပ်ခါထပ်ခါပြန်ရောက်နေသည်က-ဖလ သမာပတ် ဖိုလ်ဉာဏ်။

× × +

**သောတာပန် ပယ်သောသံယောဇဉ်-၅ပါး။**

၁။ရုပ်နာမ်အစု ငါကောင်ဟု ထင်မှုမရှိပါ (ဒိဋ္ဌိကင်းသည်)။

၂။ ဘုရား၊တရား၊သံဃာအား ယုံမှားမရှိပါ (ဝိစိကိစ္ဆာကင်းသည်)။

၃။ သစ္စာမမြင် မဂ္ဂင်မပါ လေ့ကျင့်ကာဖြင့် ချမ်းသာမြဲမည် မယုံကြည် ကုန်ပြီ သီလဗ္ဗတာ(သီလဗ္ဗတပရာမာသ၊ ကင်းသည်)

၄။ ဣဿာခေါ်ဆို မနာလို ဖြစ်ကိုဖြစ်မလာ (ဣဿာကင်းသည်)။

၅။ သူများကိုယ်လို ကောင်းမည်ကို ဝန်တိုမရှိပါ (မစ္ဆရိယကင်းသည်)။

၆။ ဒိ၊ဝိ၊သိ၊ဣ၊မစ္ဆရိ-မရှိမြတ်သောတာ ။

**ဓမ္မဒါသ သုတ်လာ-သောတာပန်၏ ဂုဏ်အင်္ဂါ -၃- ပါး။**

(၁) ဗုဒ္ဓါ၊စွမ်းရည် (၂) ဓမ္မ၊စွမ်းရည် (၃) သံဃာစွမ်းရည် တို့ကိုတွေ့မြင်ယုံကြည် မြဲမြံသော စိတ်ထားရှိသည်။ (၄) အရိယကန္တ၊ငါးသီလ၊ လုံးစေပြည့်စုံရသည်။

* မြတ်သောတာပန်၊ တရားမှန်၊ လေးတန်စုံလင်ရာ။

* ကိုယ့်ဉာဏ်အဆင့်၊ ကိုယ်ပိုင်ချင့်၊ အသင့် ဆုံးဖြတ်ရာ။

× × ×

**သတ္တဝါတို့၏ ဖြစ်ခြင်း။**

**အစဖြစ်သော** ပဋိသန္ဓေအခါ၌ ထိုနာမ်၊ ရုပ်- တရားနှစ်ပါးတို့၏ အပေါင်းသည်၊ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ကံကြောင့်ဖြစ်၏။

ရုပ်၊ ရုပ်သည် ပစ္စတ္တိအခါ၌-ကံ-စိတ်-ဥတု-အာဟာရကြောင့် ဖြစ်သည်။ လေးပါးသော သမုဋ္ဌာန်ကြောင့်ဖြစ်သော နှစ်ဆယ့် ရှစ်ပါးသော ရုပ်တို့တွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ရုပ်မှန်ဘူတရုပ်ကား လေးပါးရှိသည် ကြွင်းသော နှစ်ဆယ့်လေးပါးသော ရုပ်တို့သည် ဥပဒါရုပ် ဖြစ်သည်။

ဘောက်ပြန်တတ်သောကြောင့် (ရုပ်)မည်၏။ ပထဝီစသော နှစ်ဆယ်ရှစ်ပါးသော သဘောတရားသည် ရုပ်မည်၏။

ဘောက်ပြန်သည်ဆိုရာ၌ ရုပ်သစ်ဖြစ်တိုင်း ရုပ်ဟောင်းတို့ ပျက်၏ ထိပါးနှိပ်စက်တတ်၏ ပျက်ပြား နှိပ်စက်တတ်၏ ရုပ်သစ် အသစ်ပြောင်းလျှင် ရုပ်ဟောင်းအစဉ်ပျက်၏ (ဝိသုဒ္ဓိမဂ်) ဥတု၊တေဇောဟူသော၊ဥတုကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါးအကြောင်းမှ ရုပ်တို့၏အသစ်ဖြစ်ခြင်း အဟောင်းပျက် ခြင်း အကြောင်းများ ဖြစ်၏ (ဥတုဇရုပ်သည် အကြောင်းရင်း ဖြစ်၏ ကြွင်း-၃-ပါးသည်၊ အကြောင်းများ ဖြစ်သည် အပျက် စတုသမုဋ္ဌာနိကရုပ် -၄-ပါးစလုံးမှာ တေဇော အကြောင်းရင်း ဖြစ်သည်)။

ရုပ်သည်အပေါင်းအစု ဖြစ်သည် အပေါင်းအစုတခုချင်းကို ရုပ်ကလပ် ဟုခေါ်သည် ရုပ်ကလပ်တခုတည်းတွင် အနည်းဆုံး ဓါတ်-၈-ပါးပါဝင်သည်။ ပထဝီ၊အာပေါ၊ တေဇော၊ ဝါယော ဝဏ္ဏ၊ဂန္ဓ၊ရသ၊ ဩဇာဟူ၍ ဖြစ်သည် ရုပ်ကလပ်တခု ဖြစ်သော ၎င်း-ဓါတ်၈-ပါးအစုသည် ခွဲခြမ်းစိပ်ဖြာ၍မရအပ် ရုပ်ကလပ်တခု ခြင်းမှာ ထိကာစပ်ခါမျှ အာကာသ ခြား၍ တည်၏။ (ပိုင်းခြား

ခြင်းမျှ အာကာသ ဟင်းလင်းအမြင်ကား ပညတ် အာကာသ၊ ဝိပဿနာ၌ ဤအပေါင်းစု ရုပ်ကလပ်ကို ရှုအပ်၏။

**အယုတ်တရား နှစ်ပါး**

ရဟန်းတို့ ရဟန်းဖြစ်သူသည် နှစ်ပါးဖြစ်သော ဤအယုတ်တရား အစုံတို့ကို မမှီဝဲအပ်ကုန်၊ ပုထုဇဉ် ရွာသူတို့၏ အလေ့အကျင့်ဖြစ်သော ကာမသုခလ္လိကနုယောဂါ ကာမေသု တော့ဗူမကတရားတည်း ဟူသော ဝတ္ထုကာမတို့တွင် ဆန္ဒရာဂ တည်းဟူသော ကိလေသာကာမနှင့်ယှဉ်သော၊ ချမ်းသာကို အဖန်ဖန်ခံစားခြင်းဟု ဆိုအပ်သော တရားစုသည်ရင်း၊ ဒုက္ခ ဆူးညှောင့်ကို မှီ၍ အိပ်ခြင်း စသည်ဖြင့် ဆင်းရဲသို့ ဆောင်တတ်သော အရိယာမဟုတ်သော တိတ္ထိတို့၏ ဥစ္စာဖြစ်သော၊ စီးပွား ချမ်းသာနှင့် မစပ်သော

အတ္တကိလမထာနုယောဂေါ မိမိကိုယ်၏ ပင်ပန်းခြင်းကို အဖန်ဖန်ဖြစ်စေတတ်သော အကြင်တရား စုသည်ရင်း အယုတ်တရားနှစ်ပါး အစုမည်၏။

**အလယ် အလတ် အကျင့်တရား**

ရဟန်းတို့၊ ငါဘုရားသည် အဘိသမ္ဗုဒ္ဓေါ ထိုးထွင်း၍ သိတော်မူအပ်သော စက္ခုကရဏီ သစ္စာလေးပါးကို မြင်တတ်သော ပညာဉာဏ် မျက်စေ့ကို ပြုတတ်သော ဉာဏကရဏီ သစ္စာလေးပါးအား သိခြင်းကို ပြုတတ်သော အလယ် အလတ် အကျင့်သည် ကိလေသာငြိမ်းခြင်းတည်းဟူသော သဉပါဒိသေသ နိဗ္ဗာန် အကျိုးငှာ အဘိညာယ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ အနုပါဒိသေသနိဗ္ဗာန်အကျိုးငှာဖြစ်၏။

အလယ်အလတ်အကျင့်သည် အရိယာမြတ်သော ဤအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အဃမေဝ မဂ္ဂေါ ဤမဂ်လျှင်တည်း။

ဋ္ဌဒံ မဂ္ဂင်- ဤမဂ္ဂင်သည်။

(၁) သမ္မာဒိဋ္ဌိ ကောင်းစွာမြင်ခြင်း။ (၂) သမ္မာသင်္ကပ္ပေါ ကောင်းစွာကြံခြင်း။ (၃) သမ္မာဝါစာ ကောင်းစွာ ဆိုခြင်း။ (၄) သမ္မာကမ္မန္တ ကောင်းစွာ ပြုခြင်း။ (၅)သမ္မာအာဇီဝေါ ကောင်းစွာအသက်မွေးခြင်း။ (၆)သမ္မာဝါယမော၊ကောင်းစွာ အားထုတ်ခြင်း။ (၇)သမ္မာသတိ ကောင်းစွာအောက်မေ့ခြင်း။ (၈)သမ္မာသမာဓိ ကောင်းစွာတည်ကြည်ခြင်း။

မွေးသေဖြစ်ပျက် ဓမ္မစက်မှာ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးတို့သည် ဒုက္ခအစစ်သာဖြစ်၏ အရိယာတို့ပိုင်းခြား၍ သိအပ်သော သစ္စာဖြစ်သည်။

သမုဒယသစ္စာဖြစ်သော လောဘသည် အဖန်ဖန်ဘဝအသစ်အသစ်ကို ဖြစ်စေတတ်သော အလေ့ရှိ၏။ နှစ်သက်တတ်မက်၏၊

ထိုထိုသော ကိုယ်၏ အပြစ်အပြစ်ကို အာရုံ၌ အလွန်နှစ်သက်ပြီး (ပြုပြုသမျှ ဒုက္ခသစ္စံ ပြုလိုရေးက သမုဒယမမ့်) ဟုဆိုသည်။

(၁)။ ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာတည်း (ဒုက္ခ)။

(၂)။ သင်္ခါရတွင် အကောင်းထင် ခင်မင်သမုဒယတည်း (သမုဒယ)။

(၃)။ ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း ချုပ်ဆုံးနိဗ္ဗာန်တည်း (နိရောဓ)

(၄)။ချုပ်ဆုံးမှုတွင်ဉာဏ်သက်ဝင် သိမြင်မဂ်ပေတည်း (မဂ္ဂ)

စသည်ဖြင့်မဟာစည်ဆရာတော်ဘုရားဟောကြားထားသည်။ မျက်မှောက် သိအပ်သော နိဗ္ဗာန်၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်။ ရုပ်နာမ်ဖြစ်ပျက်ပြတ်လျက် ငြိမ်းသည် (သန္တိလက္ခဏံ နိဗ္ဗာနံ)။ရွေ့ လျောသေခြင်း ကင်းရှင်းပေသည် (အစ္စုတိရသံ)။သင်္ခါရနိမိတ် ကောင်းစိတ်ထင်သည် (အနိမိတ္တပစ္စုပဋ္ဌာနံ) နိဗ္ဗာန်ရောက်က အသိမြင်သည်။

**ဟောဘိက္ခု**

ဘိက္ခုရဟန်း၊ဟောလာလှည့်၊ဓမ္မာ တရားတော်ကို၊ သင်္ခါ တော-ကောင်းစွာ ငါဟောအပ်ပြီ၊ဒုက္ခသာ ဝဋ်ဆင်းရဲ၏ အန္တကိရိယာယ အဆုံးကိုပြုခြင်းငှာ သမ္မာကောင်းစွာ၊ဖြဟ္မစရိယံအထက် မဂ်သုံးပါး တည်းဟူသော မြတ်သောအကျင့်ကို စရကျင့်လော့။

မြတ်စွာဘုရားသည် မိန့်တော်မူ၍ အရှင်အညာသိကောဏ္ဍည အား ဟောဘိက္ခုပဥ္စင်း အဖြစ်သည်သာလျှင် ဖြစ်၏၊ ဝါဆိုလပြည့် နေ့အရှင်ကောဏ္ဍညမထေရ်သောတာပန်ဖြစ်သည်။ လပြည့်ကျော် တရက်နေ့ ဓမ္မထေရ် သောတာပန် ဖြစ်သည်၊ နှစ်ရက်နေ့ဓာဒ္ဒိယ မထေရ် သောတာပန်ဖြစ်သည်၊ သုံးရက်နေ့၊ မဟာနာမ်ထေရ် သောတာပန်ဖြစ်သည်၊ လေးရက်နေ့အသဇိမထေရ် သောတာပန် ဖြစ်သည်။ငါးရက်နေ့ အနတ္တလက္ခဏာသုတ်ကို ဟော၍ ငါးပါးလုံး ရဟန္တာချည်းဖြစ်ကြသည်။

**ဝိပဿနာတန်ခိုးပြ**

(၁) အရိယာမဂ် တံခါးဖွင့်သည်မှာ ဝိပဿနာ။
(၂) အမြိုက်နိဗ္ဗာန်သို့ပို့ဆောင်နိုင်သည်မှာ ဝိပဿနာ။
(၃) သာဝကပါရမီဉာဏ်ရသည်မှာ ဝိပဿနာ။

(၄) ပစ္စဝေက္ခဏာဉာဏ် ရသည်မှာ ဝိပဿနာ။
(၅) သဗ္ဗညုတ ဉာဏ်ရသည်မှာ ဝိပဿနာ။
(၆) နိဗ္ဗာန်ပေါက် တရားတို့တွင် အကြီးဆုံး အသာဆုံး အကဲဆုံးအလွန်အမြတ်ဆုံးမှာ ဝိပဿနာ။
(၇) ဒါန သီလ သမထ သုစရိုက် ပုညကြိယာ ပါရမီ စရိယာ စွန့်ခြင်းကြီး၊ ဓူတင် ရှင်ပြု ရဟန်းခံ စာပေသင် ပိဋကတ်ဆောင် ဝိဇ္ဇာဓရ အသိဉာဏ် စသော ကုသိုလ်ပုညကြီး (၁၈) ဌာနတို့ကား ဝိပဿနာ၏ အခြံအရံမျှသာဖြစ်သည်။

× × ×

## သုက္ကနိပါတ် အဋ္ဌကထာ

ဉာဏ်ပညာသည် ရထားခေါင်းတွဲနှင့် တူ၏ဟု ပြသည်။ ပညာဉာဏ်ရှိသော သူသည် တရားတော်ကို ပွားများရသည်။ အရိယာမဂ်တံခါးကို ဖွင့်လှစ်၍ ဝင်ရ၏ဟု ဆိုသည်။ ဉာဏ်ပညာ ဆိုသည် ဝိပဿနာဉာဏ်ပညာကို ဆိုသည်။ ဤဉာဏ်သာအကြီး မြတ်ဆုံး ဖြစ်သည်။ ကျန် တဆယ့်ရှစ်မျိုးသော ကုသိုလ်တို့သည် ဝိပဿနာဉာဏ်ပညာ၏ အခြံအရံနောက်လိုက်မျှ ဖြစ်သည်။

ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ဒိဋ္ဌမြင်ရန် ရှုကျင့်ကြသော ဝိပဿနာ အလုပ်သည်ကား အကုသိုလ် ကိလေသာ ဝိပါက်တွေ အနန္တရှိရှိ သမျှတို့ကို ပယ်ချနိုင်လေသည်။ ဝိပဿနာ အလုပ်သည် နိဗ္ဗာန် ရောက်ကြောင်းတရားတို့တွင် မဂ်တံခါးအဖွင့်အကျင့်တွင်အချုပ်၊ အလုပ်တွင် အသာ၊ ပါရမီတွင် အမြတ် ဆုံးဟူ၍ နှလုံးသွင်းအပ် လှသည်။

**သမ္မာဒိဋ္ဌိခေါင်းတွဲ**။ ။ဒသနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်ကြီး မှာ ပြပါသည်။

ရဟန်းတို့ သမ္မာဒိဋ္ဌိကသာဓါတ်ရုပ် ဓါတ်နာမ်တို့ကို ကောင်းစွာ မြင်သော ပုဂ္ဂိုလ်အား သမ္မာသင်္ကပ္ပေါ ကောင်းစွာ ကြံစီခြင်း သမ္မာဝါစာ ဝစီဒုစရိုက် ၄ ပါးကို ရှောင်ခြင်း၊ သမ္မာကမ္မန္တော ကာယဒုစရိုက် ၃ ပါး ရှောင်၍ အသက်မွေးခြင်း သမ္မာဝါယမော သမ္မပ္ပဓာန် ၄ ပါး ဖြင့် လုံ့လပြုခြင်း သမ္မာသတိ၊ သတိပဋ္ဌာန် ၄ပါးဖြင့်ရှု၍ နေခြင်း သမ္မာသမာဓိ ကောင်းစွာတည်ကြည်ခြင်း စသည်ဖြင့် တွဲလျက် ကောင်းစွာ ဖြစ်ခြင်းတို့ဖြင့် ဖြစ်ပေါ်နေ လေသည်။

သမ္မာဒိဋ္ဌိ ဆောင်လျှင် ကျန်(၇)ပါးတို့သည် နောက် လိုက်အဖြစ် ပါတော့သည်။သမ္မာဒိဋ္ဌိခေါင်းတွဲကို သိရှိနားလယ် ရန်အရေးကြီး၏။သဘောပေါက်ရန်အရေးကြီးပါသည်။ဤသည် ကို၊ သီလက္ခန် မူလပဏ္ဏာသ အဂ်ုတ္တိုရ်စသော နိကာယ်ငါးရပ် အထကထာငါးကျမ်းမှလည်း အဆိုပြုသည်။

နိဗ္ဗာန်ကို ရရှိခြင်း အကျိုးငှာ ကျင့်ကြံသော ယောဂီ ပုဂ္ဂိုလ်အား အကျိုးများသည် ၏ဖြစ်ကြောင်း၊ ရှေးဦးစွာ သမ္မာ ဒိဋ္ဌိ၊ သမာဒိဋ္ဌိဉာဏ်ကို ဟောကြားထားတော်မူလေသည်။ ပညာ အမြင်မှန် အယူအဆမှန်ရှေ့မသွားက တရားများ ပုဂ္ဂိုလ်များ ဖြစ်တက်တွေ့တတ်၍ အမှန်ကိုမှန်သည့်အတိုင်း ဝေဖန်ပိုင်းခြား တိုင်းထွာဉာဏ်ဖြင့် မသိနိုင်ခြင်းဖြစ်၏ အမှန်ကို မသိနိုင်သဖြင့် တရားစစ် တရားမှန်ကို မရနိုင် မရောက်နိုင် တရားမှန်ကိုမကျင့် နိုင်က ဝိမ္ဘုရဇာတ်လာ ရသေ့ဆရာ လေးဦး၏ တပည့်တကာ

လေးယောက်ကဲ့သို့ ဆည်းပူးလေ့လာ အားထုတ် ပြုလုပ်ကျင့်ကြံပါသော်လည်း အမှန်သို့ မရောက်နိုင်။

**အမှားသို့သက်ဝင်ကာ အတ္တကိလမထနုယောဂါ**

ကာမသုခလ္လိကာနုယောဂါ အတ္တကိလမထနုယောဂ တို့ အကျင့် ဖြစ်သော မိစ္ဆာနာထ တရားသာ ဖြစ်၍ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝမိစ္ဆာမဂ္ဂင်သာ ဖြစ်ရတတ်လေသည်။

အယူအဆမှန်မှ ဘဝမှန် အခြေမှန် အဖြေမှန် ဖြစ်သည် အယူအဆမှန်သဖြင့် လိုရာသို့ပို့ပေးနိုင်သည် အယူအဆမှားလျှင်သံသရာ တလွှားအပါယ်၏ သားကောင်းဖြစ်တတ်၏ အယူအဆသတ်လျှင် သံသရာမှ သေရသည်ထက် ဆိုးလှသည်။ သို့ဖြစ်၍ ဘုရားရှင်က မဂ္ဂင်ရှစ်ဖြာ ဒေသနာမှာ သမ္မာဒိဋ္ဌိကို ခေါင်းတွဲပြု၍ ရှေ့တင် ဟောထားသည်။

အလုံးစုံသော ကုသိုလ် တို့တွင်၊ သမ္မာဒိဋ္ဌိ၊ ဓါတ်ရုပ်၊ ဓါတ်နာမ်ကို ကေန်သိသောသမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်သည် ကြယ်တာ ယာဝန်းရံခသော သာရဒ လရောင်ကဲ့သို့ အခေါင် အညွန့်အဖူး ဖြစ်၏ အထူးအမြတ်ဖြစ်၏ ကြွင်းသော (၇) ပါးမဂ္ဂင်တို့သည် နောက်လိုက်ဖြစ်၍ မှတ်ရန်ညွှန်းဆိုထားသည်။

သမ္မာဒိဋ္ဌိ မဂ္ဂင်ပညာဖြင့် အမှန်တိုင်း ပြီးမြောက်အောင် ဉာဏ်ဆောင်က ခပ်သိမ်းသော အပြစ်မရှိ၊ဖြူစင်ဘိသား ကုသိုလ် တရားတို့သည် စိတ်၌ရှယ်ကိုး၊ အကျိုးဖြီးခိုင် အပြီးတိုင် ကုန်သည် သာလျှင်ဉာဏ်ကလျှောက်၍ နိဗ္ဗာန်ပေါက်ဖြစ်နိုင်ကြကုန်သည်။

**သံသရာ**--(ပါဠိ)အဖန်ဖန် တလဲလဲ ဖြစ်ခြင်း၊ ရုပ်နာမ်ခန္ဓာတို့ ဖြစ်စဉ်။

**မဂ်ဖိုလ်နိဗ္ဗာန်**-(ပါဠိပျက်) မဂ္ဂ+ဖလ+နိ+ဝါန။ မဂ္ဂ = ကိလေသာကိုသတ်၍ သွားရာသော လမ်းခရီးတွင် ခံစားရသော အကျိုး။နိ-ထွက်မြောက်ခြင်း။ ဝါန=တဏှာ၊နိဗ္ဗာန်=နှစ်သက်ခြင်းတို့မှ ထွက်မြောက်ခြင်း။

× × × ×

**မဂ္ဂင်။**

မဂ္ဂင်ရှစ်ပါးတွင် အကျဉ်းအားဖြင့် သီလ၊ သမာဓိ၊ ပညာတို့ဖြစ်သည်။

အလယ် သုံးခုဖြစ်သော သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမာအာဇီဝတို့သည် စိတ်တည်ကြည်မှုအတွက် ပြုလုပ်ရသော တရားများဖြစ်၍ သမာဓိနယ်တွင်ပါဝင်သည်။

အစ နှစ်ခုဖြစ်သော သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့သည် ကိလေသာ၊ကိုအပြီးသတ် ဖျက်စီးနိုင်သော ပညာပိုင်းဆိုင်ရာဖြစ်သည်။

သို့ဖြစ်၍ အခါအားလျော်စွာ သီလဆောက်တည်ခြင်း၊ပုတီးစိတ်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း စသော အလုပ်များသည်လည်း မဂ္ဂင် ရှစ်ပါးအပါအဝင် ဖြစ်၍ ထိုအလုပ်အမှုများ ပြုနေလျှင် မဂ္ဂင်ရှစ်ပါးကို ကျင့်သုံးသည်မည်၏မဂ္ဂသစ္စာသည်၊သစ္စာလေးပါးတရားတွင်း အရေး ကြီးဆုံးဖြစ်၏ ဒုက္ခတရားကို ကောင်းစွာသိမြင်၍ သမုဒယသစ္စာခေါ် တဏှာ (တဏှာသည် ဒုက္ခ၏တရား၊ ပယ်ရမည့်တရား)ကို ပယ်ဖျက်ရန်နှင့်နိရောဓသစ္စာခေါ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်၊ ရေနစ်သူသည် ကယ်ဆယ်ရန်လှမ်းလင့်၍ စောင့်လျှက် ကျိုးစားဘိသို့ အကျင့်မှန်ဖြစ်သော မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို စွဲမြဲစွာ လေ့ကျင့်အားထုတ်ကြသင့်သည်။

မဂ္ဂင်ရှစ်ပါးတွင် ၃၊၃၊၂၊အားဖြင့်ပြခဲ့ရာ သီလ၊ သမာဓိ၊ ပညာအားဖြင့်ခွဲခြားထားသည့် အချို့ပညာမှစ၍ လေ့ကျင့်အား ထုတ်ရန်ဆိုပြီးလေပြီ၊အချို့ သီလမှစ၍ အချို့ သမာဓိမှစကျင့် ဆောင်ရန် အယူအသီးသီးရှိကြရာ မိမိဉာဏ်နှင့်လက်လှမ်းမှီရာကို စ၍ ကျင့်သုံးသင့်၏ မိမိအား ဉာဏ်၊သတ္တိ၊နှင့်နိုင်ရာ မဂ္ဂင်မှစ၍ ကျင့်ဆောင်အားထုတ်နိုင်ကအကောင်းဆုံးဟုယူဆအပ်ပေသည်။

**ခန္ဓာငါးပါး၊သက္ကာယဒိဋ္ဌိ။**

ခန္ဓာငါးပါးကို ထပ်ခဲ့က ရုပ်စု နာမ်စု နှစ်ခုသာရှိ၏ ပိဋကတ် သုံးပုံ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို အကျဉ်းရုံးလျှင်လည်း ရုပ်၊နာမ်နှစ်ပါးသာရ၏ ယင်းခန္ဓာငါးခု၊ရုပ်နာမ်အစုတို့၏ ဖြစ်မှု ပျက်မှုအကြောင်းမှန်ကို လွယ်ကူစွာသိမှတ်စေရန် ဥပမာများဖြင့် ပြထားလေသည်။

၁။ ရူပက္ခန္ဓာ။ ။ရုပ်ခန္ဓာ ဖြစ်သည် ဘာမျှမသိတတ်၊မပြု လုပ် မဖန်တီးတတ်၊ ရုပ်ကလာပ်တစုကို ရုပ်ဆိုသည်၊ခန္ဓာ တကိုယ် လုံး၌၊နာမ်ဓါတ် (စိတ်) နှင့်၊စေတသိတ်မှအပ၊အခြွင်းကျန်သမျှ ကလာပ်စုတို့သည် ရုပ်ကလာပ်စုတို့သာ ဖြစ်သည်။

ထိုရုပ်သည် ဖောက်ပြန်တတ်၏၊ဖောက်ပြန်သည်ဆိုရာ ခန္ဓာ တွင်းရှိ ဓါတ်များ (ပထဝီ၊အာပေါ၊တေဇော၊ဝါယော) စသော အခြေခံဓါတ်တို့သည် သဘာဝအားဖြင့် နဂိုဗီဇအတိုင်းတည်မနေ ကြ၊ တသမတ်တည်း မဟုတ်၊ ထာဝရ ပြုပြင်ပြောင်းလဲ၍ သူ့ သဘော သူဆောင်နေသည်။ မွှေလျှား ဖေါက်ပြန်နေသည်။ နုသောဓါတ်က နု၍ ရင့်ရော်သည်က ရင့်ရော်နေသည်၊ အသစ် အသစ်တို့ဖြစ်နေသကဲ့သို့ အဟောင်းအဟောင်းတွေ ချုပ်ငြိမ်းနေ

သည့် အဟောင်းအသစ်တို့ ထာဝရ ဖြစ်ပျက်နေသည်။ကံ၊စိတ်၊ ဥတု၊ အာဟာရ၊ အကြောင်းများကြောင့် အမျိုးမျိုးပြောင်းလဲ ဖြစ်ပျက်နေသည်၊ နာမ်အလိုရှိသကဲ့သို့ နာမ်က ညွှန်ကြားသည့် အတိုင်း ပြုလုပ်နေရသည် ရုပ်ကို၊ ရုပ်သေးရုပ်နှင့်ပမာ ထားပြ သည်။ နာမ်(စိတ်)ကြိုးဆွဲရာ လှုပ်ရှားကြရ၍ ကာယကံ၊ ဝစီကံ များ ဖြစ်ပေါ်လာပုံကို ပြထားသည်။ ဤသည်ကို ငါဟု သက္ကာယဒိဋ္ဌိ ဖြစ်ကြရလေသည်။

၂။ **ဝေဒနက္ခန္ဓာ။** ။အကြည်ရုပ်ဓါတ် ငါးပါးကို အာရုံ ရုပ်ဓါတ်ငါးပါးက လာ၍ တိုက်သဖြင့် ဖဿ တွေ့ဆုံကြ၏ ထို အာရုံရုပ်ဓါတ်သည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးကို ခံစား ပြုလုပ်ပေးသော ခံစားမှုနာမ်ဓါတ်ကစု (ခံစားမှုမှတပါးအခြား အစွမ်းသတ္တိဘာမျှ မရှိ) ကိုခေါ်သည်။

၃။ **သညာက္ခန္ဓာ။** ။အကြည်ရုပ်ဓါတ်ငါးပါးကိုအာရုံရုပ် ဓါတ်ငါးပါးတို့ လာတိုက်သဖြင့် ဖဿ-တွေ့ဆုံရာ၊ဖြူ-နီ-လူ-ခွေး စသည့်ဝေါဟာရ ပညတ်အမည် ခေါ်တွင်မှတ်သားမှု(မှတ်သား မှုမှတပါးအခြားစွမ်းရည်သတ္တိမရှိ)နာမ်ဓါတ်တခုကိုဆိုသည်။

၄။ **ဝိညာဏက္ခန္ဓာ။** ။ရုပ်အကြည် ငါးပါးကို အာရုံရုပ် ဓါတ်ငါးပါးတို့ လာတိုက်၍ ဖဿတွေ့ဆုံရာအာရုံကိုမှီစွဲ၍ (သိ) ပေးသော ခံစားသိ-သိမှုနာမ်ဓါတ်တခုဟုဆိုသည်။

၅။ **သင်္ခါရက္ခန္ဓာ(ဝါ)စေတနာ။** ။ထိုနာမ် ဓါတ်သည် နာမ်ဓါတ်လေးပါးအနက် အကြီးဆုံးဖြစ်၍ ပြခဲ့သော(၂-၃-၄) နံပါတ်များမှနာမ်ဓါတ်သုံးခု၊တို့ကိုစုပေါင်းစေ့ဆော်ပေးရုံမျှမက ကိုယ်တိုင်လည်း ဝင်ရောက်ဆောင်ရွက်သော နာမ်ဓါတ်ဖြစ်သည်

ကိုယ်တိုင်လည်း အမိန့် ပေး၍၊ ကိုယ်တိုင် ခေါင်းဆောင်၍၊ တိုက်သော စစ်ဗိုလ်ကဲ့သို့ဖြစ်သည်။(၂-၃-၄)တို့သည် တပ်သား ကဲ့သို့ဖြစ်၍ အားကြီးသော စေတနာစေတသိက် (ဝါ) သခါ ရက္ခန္ဓာက ဗိုလ်နှင့်တူသည်။

ဤသုံးဦးကို စေ့ဆော်တိုက်တွန်းတတ်သော သဘောရှိသည့် ခန္ဓာငါးပါးမှာ (ရုပ်) ရုပက္ခန္ဓာက လွဲလျှင် နာမ်ခန္ဓာလေးပါးကို ပေါင်းက တပါးသာရ၏ သို့ဖြစ်၍ ခန္ဓာတကိုယ်လုံးတွင် ရုပ်နှင့် နာမ်နှစ်ပါးသာရှိ၏ ဤငါးပါးကို ငါဟု သက္ကာယ ပြုကြရလေ သည်။

**အမိုက်နှင့်အလိမ္မာ။**

လူမိုက်သည် ယခုမျက်မှောက်ဘဝနှင့် တမလွန်နှစ်တန်ကာလ လုံးစိတ်မချမ်းသာရချေ၊တတ်သိနားလည်သော သူတော်သူမြတ် တို့ဟောပြောမှုနှင့်တိုက်ဆိုင်လျှင်သောက တဖန်ပူပန်ရချေသည်။ လောက ဓမ္မနှစ်ဌာန အပြစ်ထိုက်တတ်သည်။မိုက်ပြစ်၏ လားရာ ဂတိသည် အပါယ်လေးပါးမှ တပါး အခြားမရှိ။သတိသံဝေကို နှောင်မှ ရချေသည်ရှိသော် လူမိုက်တို့အဖို့ မျက်မှောက်မှာပင် နှလုံးမသာ ဖြစ်တတ်ရာ၏။ လူမိုက်တို့အဘို့ လိုတာ တခု မလိုလား ဘွယ်ရာ စိုးရိမ်သောက၊ ဗျာပါဒတို့ဖြင့်ဧ သာက ပြစ်ဒဏ်ကို နှောင်တမလွန်၌ ခံရမည့် အရေး တွေးက မသက်သာလှချေ၊ မိုက်ပြစ်မကုန်မချင်း အပါယ်တွင်း သားကောင်အဖြစ် မြေလက် ဝါးခတ်မလွဲတော့၊အပါယ်လေးပါးမှာ ခြားရဟတ်ပမာ လည်ရ တော့မည် ဖြစ်၍ လူ့ဘာဝရင်းစားမျှပင်ရရန် ခဲယဉ်းလှသည်။ အကယ်၍ လူ့ဘဝ ရပြန်ကလည်း အသိ အလိမ္မာ ယုတ်ညံ့နိမ့်

ကျသော အခြေ အနေဖြင့် ဆုံရတတ်သည်၊ လူမိုက်သည် မိုက်စ မတုံးမချင်းဆက်မြဲ မိုက်တတ်သည့် သဘောရှိလေသည်။

လူလိမ္မာသည် အဆိုပါအမိုက်တရားများဖြင့် ဆန့်ကျင် ခြားနားသည် နောက်ဆုံး အပါယ်တံခါး ပိတ်ကာ လိုလား တောင့်တအပ်သော နိဗ္ဗာန်ချမ်းသာတိုင် တက်လှမ်းနိုင်ကြချေသည်။

မကောင်းစိတ် သေမင်းတမန်သည် မကောင်းမှုသို့ တိုက်တွန်း၏ သာမန်အားဖြင့် မကောင်းမှုကိုကောင်းမှုဟု မေ့လျော့ပြုတတ်၏။ထိုသူသည် မကောင်းဘဝသို့လား၍ မကောင်းမှုမှာ ကြာရှည်စွာ စိုးရိမ်နေရသည်။ မကောင်းမှု ကောင်းမှုကို ခွဲခြမ်းသိမြင်၍ သူတော်ကောင်း အရိယမဂ္ဂ အကျင့်ဖြင့် ဇာတိ မရဏ၏ ကုန်ရာ နိဗ္ဗာန်၌ အစွဲပျောက်၍ ကိလေသာမှ လွတ်ရန်သာ ဖြစ်ပါသည်။

× × ×

**ဒိဋ္ဌိဝိသုဒ္ဓိ။ နာမရူပ ပဝတ္တာနုဉာဏ်။**

ဒိဋ္ဌိဝိသုဒ္ဓိ-စသော ဉာဏ်တို့မှာ ဉာဏ် အသိ-ကြီးသူတို့မှာ တရားနာလျှက်ပင် ဉာဏ်စဉ်လျှောက်၍ မဂ်-ဖိုလ်တို့ကို ထင်မြင်သော သဘောပေါက်နိုင်သည် ဝိပဿနာလုပ်ငန်း တခုလုံးသည် ဉာဏ်အလုပ်သာဖြစ်သည်။ ထိုဉာဏ်သည် မဂ်ဉာဏ်ဖိုလ်ဉာဏ်သာ ဖြစ်သည်၊ ကုသိုလ်ဉာဏ် ဖြစ်သည် ဤဉာဏ်သည် နာမရူပ--ပဝတ္တာနုဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် စသည်ဖြင့် ပြီးခဲ့သည့် အတိုင်း(၁၁)ပါး ရှိသည် ဉာဏ်နည်းသူများအဘို့ နည်းနာနိဿျမှန်ကို မခံယူဘဲ၊ ဉာဏ်စဉ်တက်ရန် ခက်ခဲလှလေသည်။

နာမရူပ ပစ္စတ္တာနုဉာဏ် ဖြစ်ကြရန်ဒိဋ္ဌိဝိသုဒ္ဓိ အလုပ်ကိုအား ထုတ်ကြရ၏ ရုပ်၊ နာမ်တို့၌ အတ္တ၊ အတ္တနိယခွာရန် ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်အောင် ယုံမှားဘွယ် ၈-ပါးတို့၌ ယုံမှားကင်းရန်(ဒိဋ္ဌိ၊ ဝိစိကိစ္ဆာခွာရန်)ဖြစ်သည်၊ဒိဋ္ဌိဝိသုဒ္ဓိဆိုသည် အမှားစင်ကြယ်ခြင်း မည်သို့သော အမှားလည်းဆိုက-ရုပ် နာမ် ပရမတ်၌ အတ္တမှား ဖြစ်၍ ဤအမှားမှ စင်ကြယ်ခြင်းဖြစ်သည်၊ အတ္တဒိဋ္ဌိ၊ ပရမတ်မှား သက္ကာယဒိဋ္ဌိဖြစ်၍-ရုပ်နာမ်ကို ဓါတ်မှန်အတိုင်း မမြင်သောအခါ သူဘဲ-ငါဘဲ အယူစွဲအတ္တဖြစ်ကြရသည်။

ရုပ်၊နာမ်ကို အမှန်မသိသော အဖြစ်ကြောင့် အတ္တဖြစ်ရလေသည်၊ နိစ္စော - ငါမြဲနေသည်။ ဓုဝေါ-ငါခိုင်မာနေသည်။ သဿတတော -ငါထင်ရှားရှိနေသည်။ အဝိပရိဏာမဓမ္မော-ငါ မဖောက်ပြန်ဘဲ ရှိနေလည် ဟူ၍ ထင်လျက် အတ္တဒိဋ္ဌိ ဖြစ်ကြ၏။

သယံဝသီ-ဟု-ဝိသုဒ္ဓိမဂ်၊ ပဋ္ဌိသမ္ဘိဒါမဂ်၊ အဌကထာတို့မှ ပြသည်။ သာမိ-ငါ အစိုးရနေသည်၊ နိဝါသီ-ငါအမြဲတည်နေ၏။ ကာရကော ငါ ပိုလုပ်နေနိုင်သည်၊ ဝေဒကော-ငါခံစားနိုင်၏။ သယံဝသီ-ငါမိမိအလိုကို လိုက်စေနိုင်သည်ဟူ၍ ထင်မြင်ရမှုသည် အနှစ်အတ္တဒိဋ္ဌိတို့ချည်း ဖြစ်တတ်သည်တည်း။

များသောအားဖြင့် ဒိဋ္ဌိလွတ်ခဲလှချေသည် အတ္တဒိဋ္ဌိ၊သက္ကာယ ဒိဋ္ဌိစွဲချက်တို့ကို မဂ်ဖြင့် မပါယ်သေးသော ကျမ်းဂန်တတ် ကလျာဏ ပုတုဇဉ်ဖြစ်ရုံမျှမက ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ဖြစ်ပြီး စူဠသောတာပန် တို့ထက်လည်းမက၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ အလုပ်တိုင်သဲသဲမဲမဲအားထုတ်နေသော ရောဂီ သူတော်စင်များပင်လျှင် ဝိပဿနာ အလုပ်မှ ဖြစ်တတ်သော

(မဂ်အန္တရာယ်ဆယ်ပါး ပြပြီး)မှာ-၄၊-ဟု ထင်မြင်လျှင်-အတ္တဒိဋ္ဌိဖြစ်တတ်သည် ဆို၏။ဤသည်ကို ဝိသုဒ္ဓိမဂ်မှာလည်း မိန့်မှာသည်။ ဉာဏ်အဆင့်ဆင့် တက်နေလျက်ပင် အတ္တဒိဋ္ဌိ ရှိနေသမျှ သံသရာကိစ္စစိတ်မချရသာမန်သူတို့ အဘို့ အထွက်လမ်းမှသည် သာမန်ထက်သာလွန်သော အသိ၊ သတိ၊ ဝိရိယ၊ ပညာတို့ဖြင့် စိတ်မပျက်ဘဲ အားတက်စိတ်ပါ တိုး၍ တက်၍ ဆောင်ရွက်ရန်မှာ-လွယ်လွယ်တွေး၍ အေးအေးနေရန် မထိုက်လှချေ။

ရုပ်၌အနှစ်အတ္တစွဲချက်နှင့် နာမ်၌အနှစ်အတ္တစွဲချက်တို့ကို သိ၍ ရုပ်၌ဒိဋ္ဌိကွာ နာမ်၌ဒိဋ္ဌိကွာ ရုပ် နာမ် ဓါတ် သဘောတို့၏ ဖြစ်ပျက်ဓမ္မသင်္ခါရကို ကိုယ်တိုင်ကျင့်သိ၍မြင်ရန်လို၏။ကင်္ခါဝိတရဏဝိသုဒ္ဓိမှာ ယုံမှားကင်းစင်ခြင်း၊ **ဘုရား၊ တရား၊ သံဃာ၊ သိက္ခာ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ပဋိစ္စသမုပ္ပါဒ်** ဤရှစ်ပါး၌ ယုံမှားခြင်း ကင်းစင်ရမည် ဟု ဆိုလိုသည်။ ဤသည်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိ ခေါ်သည်။ ဤရှစ်ပါး ယုံမှားကင်း၍ အကြောင်းတို့ကို သိမ်းဆည်းခြင်းအား ပစ္စယပရိဂ္ဂဟဉာဏ်ဟု ဆိုပြန်သည်။တနည်းအကျိုး တရားတို့၏ တည်ရာဖြစ်သောကြောင့် ဓမ္မဋ္ဌိတိဉာဏ်လည်းမည်၏။

**စူဠသောတာပန်။ ။ဒိဋ္ဌိဝိသုဒ္ဓိက၊နာမရူပ ပဝတ္တာနဉာဏ်။ ကင်္ခါဝိတရဏဝိသုဒ္ဓိက ပစ္စယပရိဂ္ဂဟဉာဏ်**-ဤဉာဏ်-နှစ်ပါးကို၊ အသိဉာဏ်အလုပ်တရားဖြင့် အမှန်တကယ်ပေါက်ရောက်တည်တံ့သော သူတော်ကောင်းသည် သောတာပန် ဖြစ်သကဲ့သို့ အပါယ်လေးပါးမှ စိတ်ချရ၏။ သုဂတိလားရာမြဲသောကြောင့် စူဠသောတာပန်(ဝါ)တောပန်ကလေး ဟူ၍ မဟာဋီကာမှာ မိန့်မှာ

လေသည်။ တဖန် စူဠသောတာပန်အစစ်သည် အပရိဟိနကာ်ါ ဝိတရဏဝိသုဒ္ဓိကောရစသည်ဖြင့် ဟောဆိုပါသည် ဆိုလိုသည်မှာ စူဠသောတာပန်အစစ်သည်။

(၁) ရှေ့ ဝိသုဒ္ဓိဉာဏ်-၂ ပါးကို အမြဲ တည်ရမည်။
(၂) စင်ကြယ်သော-သီလ၊ သမာဓိ၊ ပညာ၊ရှိရမည်။
ဟူသတည်း။

× × ×

# အပိုင်း(၆)

## ဝိပဿနာ

**ပဋိစ္စသမုပ္ပါဒ်**

ဆုကြီးပန်မဟုတ်ယင် မဂ်ဖိုလ်နိဗ္ဗာန်ကိုရတဲ့အချိန်မှာယူရမှာဘဲ သောတာပတ္တိမဂ်ဟာ မဂ်လေးတန်မှာ ပဌမမဂ်၊ ပဌမမဂ်ကဘယ်သူ့ကို သတ်မှ အောင်မြင်ခြင်းကို ရောက်သလဲဆိုတော့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာသတ်မှအောင်မြင်ခြင်းကိုရောက်တယ်။

ပဌမမဂ်၏ အလုပ်ဟာ ဒိဋ္ဌိကိုသတ်ဖို့အလုပ်၊ဒိဋ္ဌိကဘယ်မှာနေလို့သတ်ရမှာတုံးဆိုတော့ ခန္ဓာကိုယ်မှာနေလို့သတ်ရမှာ၊ဒိဋ္ဌိဟာ ခန္ဓာငါးပါးမှာ ငါးပါးစလုံးစွဲနေတယ်လို့ မှတ်ကြပါ။

ခန္ဓာမသိလို့ ဒိဋ္ဌိဖြစ်ရတယ်၊ ခန္ဓာ၏ အနိစ္စအချက်ကိုမသိလို့ ဒိဋ္ဌိကပ်နေတယ်၊ ခန္ဓာဒုက္ခသစ္စာ မသိလို့ ဒိဋ္ဌိကပ်နေတယ်။

ဒိဋ္ဌိခွာမဲ့ကြံယင် ခန္ဓာငါးပါးပြမယ် ခန္ဓာငါးပါး မြဲမယ်လို့ ကြံယင် ပဋိစ္စသမုပ္ပါဒ်ကို ပြရလိမ့်မယ်။

ခန္ဓာငါးပါးမှာ ဒိဋ္ဌိကပ်နေတာကို ရှင်းပါပြီ၊ခန္ဓာငါးပါးဟာ ဘယ်လိုဖြစ်လာတယ်၊ ဘယ်လိုပျက်နေတယ် ဆိုတာ မသိလို့ ရှိယင် ခန္ဓာကဘယ်ကဟာပါလိမ့်ဆိုပြီး ဝိစိကိစ္ဆာယုံမှားကြံစည်နေမှာဘဲ။

အဲဒီတော့ ဒီအကျိုး အကြောင်းဆက်တဲ့ ပဋိစ္စသမုပ္ပါဒ်ကိုပြရလိမ့်မယ် ဒီခန္ဓာငါးပါးတွေ ဘယ်လိုများ ဖြစ်လာပါလိမ့်မတုံး ဘယ်လိုများပျက်ပါလိမ့်မတုံး ဘယ်လိုများ ဒီခန္ဓာငါးပါးစပြီးဖြစ်ပေါ်လာပါလိမ့်ဆိုတော့ သိဘို့မလွယ်ဘူး မလွယ်တော့ ပဋိစ္စသမုပ္ပါဒ်ကိုနားလည်ရမယ်။

**ပဋိစ္စသမုပ္ပါဒ် ၂ မျိုး**

"စာမှာလာတဲ့ ပဋိစ္စသမုပ္ပါဒ်တမျိုး၊ ခန္ဓာကြီးထဲမှာယခုဖြစ်စဉ်နဲ့ဖြစ်ပျက်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကတမျိုး ထိုနှစ်မျိုးတွင်— စာမှာလာတဲ့ ပဋိစ္စသမုပ္ပါဒ် နားလည်လို့ ရှိယင် ကျုပ်တို့ ခရီးပေါက်မှာ မဟုတ်ဘူး၊ ယခု ခန္ဓာကြီးထဲမှာ ပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှ နေရာကျမယ်။

ခန္ဓာငါးပါး၏ ဖြစ်ပုံ ချုပ်ပုံကိုမသိလို့ ဒိဋ္ဌိဝိစိကိစ္ဆာကပ်နေတယ်။ အဲဒီ–ဖြစ်ပုံ ချုပ်ပုံကို ဆရာသမားကောင်းက ဟောလိုက်ယင် ဒိဋ္ဌိဝိစိကိစ္ဆာဟာ ခန္ဓာမှာ ကပ်နိုင်ပါ့မလား"

မကပ်နိုင်ပါ

**ပဋိစ္စသမုပ္ပါဒ် ၃ မျိုး**

"အတိတ်က အကြောင်းကြောင့် ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်၊ အနာဂတ်လာလတံ့သော ပဋိစ္စသမုပ္ပါဒ်၊ယခု ပစ္စုပ္ပန်ပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ် လို့ရှိတဲ့အနက် ယခု ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ဟာ သိပ်အရေးကြီးတယ်။

ပရိတ်ကြီးပါဠိတော်မှာ သောတာပန်တည်ခြင်လို့ရှိယင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာသတ်မှ သောတာပန် တည်မယ်တဲ့ ခန္ဓာသည် ဒိဋ္ဌိ-ဝိစိကိစ္ဆာတို့၏တည်ရာခိုရာဌာန—

(၁) ဒါဘယ်သူဆံပင်တုံး-ငါ့ဆံပင်ကွ၊ ရူပက္ခန္ဓာမှာ သွားခိုနေတယ်။

(၂) စားကောင်းတာ ဘယ်သူတုံးကွ ငါကောင်းတာပေါ့ကွ၊ ဝေဒနာက္ခန္ဓာမှာ သွားခိုနေတယ်။

(၃) ငါစာတော်တော်မှတ်မိပါတယ်ကွ ဗဟုသုတ ငါတော်တော်များပါတယ် ဆိုတော့ သညာမှာ ငါ သွားစွဲနေတယ်၊ သညာမှာသွားပြီးဒိဋ္ဌိဝိစိကိစ္ဆာခိုနေတယ်။

(၄) ငါ့ပညာမျိုး ရှာမှရှားတယ်ကွ ဆိုတော့၊ သင်္ခါရက္ခန္ဓာမှာငါသွားခိုနေတယ်။

(၅) ငါ့စိတ်ကို မစမ်းနဲ့ဟေ့၊စိတ်ဆိုတော့ ဝိညာဏက္ခန္ဓာမှာ ငါခိုနေတယ်။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာဟာ ခန္ဓာ ငါးပါး ဖြစ်ကြောင်း၊ ချုပ်ကြောင်းမသိလို့ ကပ်နေတာ ခင်ဗျားတို့ အနုန်းသိးဆိသုတ်ပြီး မျိုလို့ရယင်သာရမယ်၊ ပဋိစ္စသမုပ္ပါဒ် မပါယင် ဒိဋ္ဌိက ကွာကို မကွာဘူး။

စာမှာတော့ရုပ်နာမ်ကွဲယင် ဒိဋ္ဌိဝိကိစ္ဆာကွာတယ်လို့ ရေးကြလိမ့်မယ်။

ဒီခန္ဓာကြီးဟာ၊ ဘာခန္ဓာကြီးတုံးလို့ မေးလို့ ရှိယင်၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်နေတဲ့ ခန္ဓာ၊ သဘောကျရဲ့လား၊ ဒီခန္ဓာကြီး စုပေါင်းထားတာကြီးနဲ့ ကိစ္စပြီးပါ့မလား၊ ခန္ဓာ ဖြစ်ကြောင်းလဲမသိ၊ ခန္ဓာချုပ်ကြောင်းလဲမသိလို့ ရှိယင် ပဋိစ္စသမုပ္ပါဒ်နှစ်ခုစလုံး နားမလည်ဘူး။ ဒိဋ္ဌိက ခန္ဓာက ပေါ်လာတာကို ဒိဋ္ဌိဝိစိကိစ္ဆာကပ်နေတယ်ဆိုတဲ့ဥစ္စာ အခြေအမြစ်နဲ့ ပယ်မပစ်တဲ့အတွက် ကျုပ်တို့မှာ ဒိဋ္ဌိဝိစိကိစ္ဆာကပ်မြဲကပ်မယ်လို့ သေသေချာချာ မှတ်။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ပြကြစို့နော် ဘယ်က နေပြရမှာလဲ (အဝိဇ္ဇာကနေ ပြရပါမယ်)ဟင်အင်း-မပြနိုင်ဘူး၊

အဝိဇ္ဇာက အတိတ်အကြောင်းတွေဘဲ ခင်ဗျားတို့နဲ့ မဆိုင်ဘူး ခင်ဗျားတို့၊ပြီးခဲ့ပြီ။

အဝိဇ္ဇာသင်္ခါရကြောင့် ခင်ဗျားတို့ခန္ဓာတွေဖြစ်နေပြီ၊ လွန်ခဲ့ပြီ၊ ခင်ဗျားတို့၊ ပြန်သွားလို့ မရတော့ဘူး။

အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာပျက်လာတယ် မဆိုပေဘူးလား ဒိဋ္ဌိ ဝိစိကိစ္ဆာခွာဘို့က ဒီလိုမဟုတ်ပါဘူးတဲ့၊ သဘောကျရဲ့လား ဟို မူလဘူတက၊ အတိတ်အကြောင်းဖြစ်နေတယ်။

ဒါက နောက်ဘဝက သစ္စာလေးပါးမသိတဲ့၊ အဝိဇ္ဇာကို လက်သတ်မှေးခဲ့လို့မခွာနိုင်တာ၊ဟိုဘဝက ဆုတောင်းတဲ့ တဏှာ မလာပေဘူးလား၊ဟိုဘဝကတဏှာပါတဲ့ကုသိုလ်တွေ လုပ်လာတဲ့ အခါမှာ ဒီဘဝမှာဝိညာဏ်၊နာမ်၊ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ

ဆိုတဲ့ ခန္ဓာငါးပါး မပေါ်ပေဘူးလား၊ ဟိုကအရှိန်နဲ့ဒီရောက် နေတော့ သူ့အကျိုး ဆက်ခံရုံဘဲ ရှိတော့တယ်။သူ့အကျိုးဆက်ကို ကျုပ်တို့ တွေ့ကြုံနေဘိ။

ကျုပ်တို့ သတ်ရမှာက ဒီအကျိုးထဲမှာပေါ်နေတဲ့ အဝိဇ္ဇာ သင်္ခါရကိုသတ်ရလိမ့်မယ်။ အတိတ်ကဖြစ်တဲ့ အဝိဇ္ဇာသင်္ခါရကို ဖြုတ်လိုက်၊ ဒီအထဲမှာ ပွားစီးလာမဲ့ အဝိဇ္ဇာသင်္ခါရကိုသတ်ရလိမ့် မယ်။

ယခုအဝိဇ္ဇာသင်္ခါရ ဘယ်အထဲမှာ ရောက်နေသတုန်းဆိုတော့ ပစ္စုပ္ပန်ခန္ဓာထဲမှာ ရောက်နေတယ်။ အဝိဇ္ဇာက မသိလို့ဒိဋ္ဌိက ကပ်နေတယ်၊ အဝိဇ္ဇာကမသိလို့၊ဝိစိကိစ္ဆာကကပ်နေတယ်။

ဒိဋ္ဌိ ဝိစိကိစ္ဆာ ကပ်နေတာသိလို့ ရှိယင်ဖြင့် ပစ္စုပ္ပန်အဝိဇ္ဇာ ရှိသေးရဲ့လား၊(မရှိပါဘုရား)ဒါဖြင့် ဝိဇ္ဇာဖြစ်သွားပြီ၊ဒီဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ်ဟာ-သင်္ခါရ အလုပ်ကို နောက်ထပ် လုပ်ပါအုံးလား။

ပစ္စုပ္ပန်ခန္ဓာကြီးအပေါ် ၌တဏှာ၊ဥပါဒါန်၊ကံမလာဘူးလား။

တဏှာလာယင်၊ ဥပါဒါန်လာမယ်၊ ဥပါဒါန် လာယင် ကံလာမယ်၊ ကံလာယင်၊ နောက် အနာဂတ် ဇာတိဇရာ မရဏ မလာပေဘူးလား (လာပါတယ်၊)ဒါဖြင့် ပစ္စုပ္ပန် ခန္ဓာထဲက၊ အဝိဇ္ဇာ တဏှာ ကံ တွေမပေါ်ဘို့သိပ်အရေးကြီးတယ်။

ဒါဖြင့် ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ပြကြစို့ ဆိုတော့—

(၁) အမေမွေးတဲ့ခန္ဓာလဲ ဘုန်းကြီးကမလိုချင်ဘူးဗျ၊အဝိဇ္ဇာ သင်္ခါရတို့သည် အကြောင်းတွေဖြစ်နေတယ်။အဲဒီခန္ဓာငါးပါးလဲ မလိုချင်ဘူး၊ ချုပ်ပျောက်ကုန်ပြီတဲ့ တတိုတစမှ ခင်ဗျားတို့ ပါမလာဘူး။

အတိတ်အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးတရားတွေဖြစ်လို့ ပစ္စုပ္ပန်အကျိုးဟာ မျက်စိတမှိတ် ကုဋေငါးထောင်ကျော်ရခဲ့လို့ ခင်ဗျားတို့မှာ တတိုတစမှ ပါမလာတော့ဘူး။

ခင်ဗျားတို့ ခန္ဓာငါးပါးဟာ၊ ထတဲ့ နာမ်ရုပ်ဟာ၊ ထိုင်တဲ့အချိန်မှာ မပါတာချည်း။ အမေမွေးထားတာချည် းဘယ်ကလာ ထည့်လို့ ရမတုံးဗျ။

အဲဒါကိုစကားထဲ ထည့်ပြောလို့ ဘယ်မှာရမလဲ၊ယခုပစ္စုပ္ပန် ခန္ဓာငါးပါးက အရေးကြီးတယ်။

တို့ဝိပဿနာ ရှုရမှာက ဒိဋ္ဌဝိစိကိစ္ဆာ ခွာရမှာ ပါကလား၊ ဘယ်ခန္ဓာကို ခွာရမတုံး ဆိုတော့ ပစ္စုပ္ပန် ခန္ဓာငါးပါးကို ခွာရမယ်။

ခုပြနေတဲ့ ဘက်ဂရောင်းပြ တာတွေကြည့် နောက်ဖလင်လိပ်ကြီးထဲက ဟာတွေသွားကြည့်မနေနဲ့၊ဒါသေသေချာချာမှတ်။

ပစ္စုပ္ပန် ခန္ဓာငါးပါးကို ပစ္စုပ္ပန်ဉာဏ်နဲ့ မကြည့်နဲ့ ကြည့်ပုံကလေးပြောစမ်းပါဦး ဆိုတော့၊ဆိုင်ကန္နားတိုက်တာ-သားသမီးပေါ့လေ၊ မျက်လုံးနှစ်ခုဆိုင်တဲ့ ကုန်ပစ္စည်းတွေနဲ့ သွားတိုက်တဲ့အခါကျတော့၊ မြင်စိတ်ပေါ်တယ်။ အဲဒီ မြင်စိတ်ဟာ အိမ်က ပါလာတဲ့ မြင်စိတ်လား ဆိုတော့ အခုမှ ပေါ်တဲ့မြင်စိတ်။

ဒါဖြင့် ဒီမျက်လုံးကလဲ အိမ်ကပါလာတဲ့ မျက်လုံးလားလို့ မေးလို့ရှိယင် အိမ်ကပါလာတဲ့မျက်လုံးဟာလျှပ်တပျက်တောင် မခံပါဘူး။

ဒီမျက်လုံးကလဲ ဒီဆိုင်နားရောက်မှ ပေါ်တဲ့ မျက်လုံး ဒီကုန်ပစ္စည်းတွေကလဲ မနေ့ကထားတဲ့ ပစ္စည်းလား သူတို့လဲ

မဟာဘုတ် ၄ ပါး အဆက်ဆက်နဲ့ လဲ နေတော့ ခုမှခင်ဗျား ရှေ့မှောက်ရောက်မှ ပေါ်လာတဲ့ ပစ္စည်း သဘောကျရဲ့လား။

ဒါဖြင့်ပစ္စည်းကလဲ ခဏ ပစ္စုပ္ပန်၊မျက်လုံးကလဲ ခဏ ပစ္စုပ္ပန် ဒါဖြင့် ပစ္စည်းကလဲ အသစ်၊ မျက်လုံးကလဲ အသစ် စိတ်ကလဲ အသစ်။

ပြီးတော့မှ အကောင်းအဆိုး ရွေးတဲ့ ဝေဒနာကလဲ အသစ်။

မှတ်သားတဲ့ သညာကလဲ အသစ်ဘဲ၊ ခင်ဗျားအိမ်က ပါလာတာ တလုံးမှ မပါဘူး ကြည့်လိုတဲ့ စေတနာကလဲ သင်္ခါရခန္ဓာအသစ် ဒါဖြင့် ခန္ဓာငါးပါးခွဲလိုက်တော့မယ်နော်၊ ဟောဒီအဆင်းရုပ်အသစ်နဲ့ ဟောဒီခင်ဗျား မျက်လုံးအသစ်က- ရူပက္ခန္ဓာ ဒီဆိုင်ကျမှပေါ်တဲ့ အသစ်ရူပက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ လေးပါးကလဲ ခုမှ ပေါ်တဲ့ နာမက္ခန္ဓာလေးပါး။

ဒါဟာ-အတိတ်ပဋိစ္စသမုပ္ပါဒ်နဲ့အဝိဇ္ဇာ၊သင်္ခါရနဲ့လဲမဆိုင်ဘူး အတိတ်အကြောင်းနဲ့ မဆက်သွယ်ဘူး၊ ဆိုင်ရောက်မှပေါ်တဲ့ ခန္ဓာငါးပါး 'ရှင်းပြီလား။ အဲဒီတော့ အတိတ်အကြောင်းနဲ့လဲ မစပ်သေးဘူး၊ အနာဂတ်ကော ရောက်ပလားလို့ မေးယင် မရောက်သေးဘူး။

တပည့်တော်ဆိုင်က အခုမှခန္ဓာငါးပါးစပြီး၊အသစ်ပေါ်လာ ရုံ ရှိပါသေးတယ်၊ ဒီလို သိရမယ် မဟုတ်ဘူးလား။

ပြီးတော့မှ-စာကဆိုတော့၊မြင်တယ်၊မြင်တာက၊ နာမက္ခန္ဓာ လေးပါးထဲက မြင်တာပေါ့ဗျာ၊ မြင်တော့မှ ဒီကုန်ကလေးက မရောင်းရသေးဘူးကွာ မရောင်းရသေးဘူးကွာ၊ ဆိုလို့ရှိယင်ဖြင့် အလိုမကျတဲ့ ဒေါသ-မလာပေဘူးလား။

ဒီဒေါ်သက ပစ္စုပ္ပန်ခန္ဓာကပွားထွက်လာတယ်၊ ခုပေါ်တဲ့ခန္ဓာငါးပါးကမှ-

တိဏ္ဏံ သန္တတိ၊ ဖဿော၊ ဖဿ-ပစ္စယာ-ဝေဒနာ-ဝေဒနာပစ္စယာ-တဏှာ၊ ပေါင်းဖေါ်တာလေးခု တပြိုင်နက်ပေါ်တာအဆိုကို သွားမယူနဲ့ စာထဲမှာ မရေးလို့ရှိယင် ဘယ်သူကဘာတတ်မှာတုန်း၊ စာပြုပြင်ရေးပါ ဆိုယင်၊ ဘယ်လိုမှ မဖြစ်ဘူး၊ ဖြစ်စဉ်က- နာမက္ခန္ဓာ- လေးပါးဟာ တပြိုင်နက် ဖြစ်တယ်၊ တပြိုင်နက်ချုပ်တယ်။

စာဆိုတာက မှတ်တမ်း၊ ဖြစ်စဉ်က ဒီလိုမဟုတ်ဘူး၊ မျက်လုံးပသာဒရုပ်က ရူပက္ခန္ဓာ၊ ဆိုင်မှာရှိတဲ့ အဆင်းတွေက ရူပက္ခန္ဓာဒီရူပက္ခန္ဓာစ်နှခုပေါင်းပြီး၊ နာမက္ခန္ဓာ-လေးပါးဖြစ်စေတယ်။

ဒါဖြင့်၊ ရုပ်-ရုပ်ခြင်းထပ်လို့ရှိယင်၊ ရူပက္ခန္ဓာ ဖြစ်တယ်၊ နာမ်-နာမ်ခြင်းထပ်လို့ရှိယင်၊ နာမက္ခန္ဓာဖြစ်တယ်။ နာမ်ရုပ်က-နာမ်ရုပ်ပေါ်လာတယ်၊ ရှင်းပြီလား။ ဒါဖြင့်-အတိတ်လား-ပစ္စုပ္ပန်သားလို့မေးယင်၊ ဘယ်နှယ် ဖြေပါ့မလဲ-(ပစ္စုပ္ပန်ပါ)

ပစ္စုပ္ပန်သက်သက်ဘဲ၊ အဝိဇ္ဇာနှင့် ဆက်သွယ်သေးသလားလို့မေးယင်၊ (မဆက်သွယ်ပါ)

မဆက်သွယ်သေးဘူး၊ အတိတ်အကြောင်းနဲ့လဲ မဆက်သွယ်သေးဘူး၊ အနာဂတ်လဲ မဆက်သွယ်သေးဘူး၊ ခု-ခဏဘဲ ရှိသေးတယ်။

ဒါဖြင့် ဒို့အခုရတဲ့၊ ခန္ဓာငါးပါးဟာ အမေမွေးတဲ့ခန္ဓာငါးပါး၊ ဘယ်သူ ဖန်ဆင်းတဲ့ ခန္ဓာငါးပါးမှ မဟုတ်ဘူး၊ အာရုံနဲ့ဒွါရနဲ့တိုက်တော့၊ နာမက္ခန္ဓာလေးပါးပေါ်လာတယ်၊ ပေါင်းလိုက်တော့

ခန္ဓာငါးပါး ဖြစ်သွားတယ်။ ဒါဖြင့် ပစ္စုပ္ပန် ခန္ဓာငါးပါးဖြစ်၊ တာ ကျေနပ်ပလား။

ပစ္စုပ္ပန်ခန္ဓာငါးပါး အခု ဖြစ်ထာ သိသွားလို့ရှိယင်၊ အခု ပျက်တာပေးလိုက်လို့ရှိယင်ဖြင့် ခင်ဗျားတို့ဝိပဿနာဉာဏ်ချက် ချင်းရမယ်။

တချို့ဆရာသမားတွေကလဲ စာဆိုအတိုင်းပြောနေကြတယ် စာဆိုအတိုင်းပြောလို့မဟုတ်တာတွေတပုံကြီးဘဲ။

နို့ဘုရားဟော တော်မူတာက၊ စာဘဲ မဟုတ်လား၊ အို- ဘုရားဟော တော်မူတာ ခန္ဓာကြည့်ဟောတာပါ၊ ဘုရားကလဲ၊ စာမှာ မထားခဲ့သေးဘဲ၊ ဘုရားပရိနိဗ္ဗာန်စံလို့၊ ခုနှစ်နှစ်ရှိမှ ပေါ်လာတဲ့စာ၊ အဲဒီစာကို၊ ထိုးထွင်းသိတဲ့ ဆရာကဟောလို့ ပစ္စုပ္ပန်ခန္ဓာကိုယူပါ။

ခန္ဓာငါးပါးဟာ တပါးပါးကို ဘယ်လောက်အကြိမ်ပေါင်း လဲနေပြီလဲ မျက်လုံးပေါက်က၊နားပေါက်က ငါးပါးချင်းထပ်ပြီး အမျိုးမျိုးလဲနေတာဘဲ အဆက်ဆက် နားပေါက်က ကြားနေ ယင် အဆက်ဆက် ငါးပါးဖြစ်မှာဘဲ ဒါဖြင့် အသေပေါင်းရေ တွက်နိုင်သေးရဲ့လား။

အဲဒီ အသေပေါင်း မရေတွက်နိုင်တာကို အသေ သိစေတဲ့ ဉာဏ်ကို ရှုပေးစမ်းပါဆိုတာ၊ဝိပဿနာ ရှုခိုင်းတာ ကိုယ့်အသေ ကိုယ်ရှုခိုင်းတာ။

ဝိပဿနာ ရှုဆိုတာ ဘာပါလိမ့်မတုန်း ကုသိုလ်ရအောင် ရှုတာလား ကိုယ့်အသေကိုယ်မြင်အောင် ရှုခိုင်းတာလား အဲဒါ ဖြေကြစမ်းပါ ကိုယ့်မသာကိုယ်ကြည့်ခိုင်းတာ၊

သံသရာအစ၊ အဝိဇ္ဇာ တဏှာကသာ ဘုရားဟောနိုင်တယ်၊ ပုဂ္ဂိုလ်အစမဟောနိုင်ဘူး။

ပုဗ္ဗကောဋိနပညာယတိ။ရှေ့အစွန်းမမြင်ဘူး-စတဲ့ တရားသာ သူသိတယ်၊စတဲ့ခန္ဓာမသိဘူး ဘယ်လောက် ရှည်ခဲ့တယ်ဆိုတာ- အဲဒီလောက် ရှည်ခဲ့တဲ့ အသေကို မြင်ဘူးပါရဲ့လား မေးတော့ မမြင်ဘူးပါဘုရားတဲ့။

အခုတော့၊ကိုယ့်အသေကိုယ် မြင်ဘူးတဲ့၊ဉာဏ်ပေးပြီ ဟောဒီ မျက်လုံးထဲကမြင်စိတ်ကလေး၊ပျက်သွားတယ် မြင်တာကလေးက မမြင်တော့ဘူးဆို သူပျက်လို့ပေါ့၊ပျက်တာကလေးကိုနောက်က ဉာဏ်နဲ့ ကြည့်လိုက်တော့ ဒါဟာ ကိုယ်သေတာ ဆိုတာပေါ် လာတာဘဲ၊

ဒီလိုကိုယ့်အသေကိုယ်မြင်တော့ နောက်ဘဝခန္ဓာလိုချင်သေး သလဲ(သေရမှာဖြင့်မလိုချင်ဘူးပေါ့)

မလိုချင်ယင်လဲ မဖြစ်တော့ဘူး၊မဖြစ်တော့၊ဘာတုံး၊ အသေ ဇာတ်သိမ်းတယ်၊ မလိုချင်တာက အသေမြင်လို့ မလိုချင်တာ၊ အသေဟာ ကျုပ်တို့ဒုက္ခသစ္စာ။ မြင်တာကမဂ္ဂသစ္စာ။

မလိုချင်တော့ နောက်ထပ်လိုချင်တဲ့ တဏှာက နောက်က ကျုပ်ခိုပါရစေဦး၊ ကပ်သို့ရသေးရဲ့လား မရတော့ဘူး၊ မဂ်ကဖြတ် တယ်၊ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတယ်

နို့မို့လို့ရှိယင်၊ဖဿပစ္စယာ၊ဝေဒနာ၊ဝေဒနာပစ္စယာတဏှာ၊ ဆိုတာ မလာတော့ဘူးလား၊ ဥပါဒါနပစ္စယာကမ္မဘဝေါ ဆို တော့ အနာဂတ်အကြောင်း သူ မလုပ်သေးဘူးလား။

တဏှာ၊ဥပါဒါန်၊ကံဟာ၊အနာဂတ်အကြောင်းဘဲ၊အနာဂတ် ခန္ဓာကြီးဟာ၊ခင်ဗျားတို့ကျောင်းဆောက်ထားတဲ့ လူတွေလိုဘဲ နတ်ခန္ဓာကြီးပေါ်ချင်ပေါ်နေမယ် လိုချင်ယင်၊ဒီဆက်သွားယင် ပေါ်မယ်။

ကိုယ့်အသေ ကိုယ်မြင်တာကမဂ်၊ ဟောဒီမဂ်က ဟောဒီ ပဋိစ္စသမုပ္ပါဒ် လာသမျှအနာဂတ်တွေဖျက်ချတယ်။ မဂ်ဆိုတာ နှစ်ဖက်စွန်း ဒုက္ခသစ္စာကိုလဲ သိတယ်၊ဒီနောက်က အနာဂတ် တဏှာကိုလည်းဖြတ်တယ်၊ ဒါဟာ ဝိပဿနာမဂ်ဘဲရှိသေးတယ်၊ မဂ်စစ် မဟုတ်သေးဘူး။

ဒီအသေမြင်ဘို့ဟာ ဆရာ သမားကောင်းက မကယ်ယင် နားလည်ဘို့ရာ မလွယ်ဘူး။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာကို အကြမ်းသတ်ပေးမယ်၊ဒိဋ္ဌိဝိစိကိစ္ဆာ သတ်ယင် သောတာပန်ဖြစ်ရမှာကို။

မျက်လုံးနဲ့အဆင်းရုပ်ကအကြောင်း၊ နာမက္ခန္ဓာ လေးပါးက အကျိုး၊အကြောင်းအကျိုးသိရင် ဒိဋ္ဌိဝိစိကိစ္ဆာကွာတယ်။

ကောင်းပြီ၊ အကြောင်းထဲမှာဘဲ၊ဒါ ငါဆိုလို့ ရမလား၊ ရုပ်ဆိုမလား (ရုပ်လို့ဆိုပါမယ်ဘုရား) ဒီအကျိုးထဲ မှာရော၊ ငါလို့ဆိုမလား၊နာမ်လို့ဆိုမလား (နာမ်ပါဘုရား)

ဒါဖြင့် နာမ်ရုပ်က ပြိုင်ဖြစ်နေတာ၊ ဒိဋ္ဌိဝိစိကိစ္ဆာ မကွာ ပေဘူလား ကွာသွားပြီ။

အဲဒါ အသိကွာ၊ အလုပ်နဲ့ ကွာတာ မဟုတ်သေးဘူး ဒါဟာ သာမညဆရာနှင့် ဆိုရင် ခင်ဗျားတို့(မှားသွားမယ်)သောတာပန် တည်ပြီပေါ့ကွာလို့ ဟောချဟာချမယ်။

ဒါက ဥာတပရိညာဘဲရှိသေးတတ် တီရဏပရိညာ-ပွားရဦးမယ်၊ ပဟာနပရိညာလဲ ပယ်ရဦးမယ်၊ သုံးချက် မရှိဘူးလား။

အဲဒီ သုံးချက်မပါဘဲနဲ့ တချို့ ဘဝင်မြင့်ပြီး၊ ဆရာမှားနဲ့ တွေ့နေလို့ အသိက္ခာကို သူ့ဟာ အပယ်က္ခာထင်နေကြတယ်၊ ဘယ်နှစ်ခါက္ခာစရာ ရှိသေးသတုန်းလို့ သူတို့က မေးကြတယ်။

က္ခာစရာသုံးခါရှိတာပေါ့လို့ ဘုန်းကြီးက ပြောတယ်မယုံလို့ ရှိရင် ယုတ္တိစမ်းကြစို့၊ ဒီ ဝိပဿနာရှုလို့ ရှိရင် မဂ္ဂင်က ငါးပါးနဲ့ ရှုရတယ်၊ ရှစ်ပါးပြည့်ရဲ့လား ကြည့်လေ။

သတိ၊သမာဓိ၊ဝီရိယ၊သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဒီငါးပါးရှိတယ်၊ ငါးပါးကတဒင်္ဂသာပယ်နိုင်တယ်အမြစ်ပြတ်အောင်မပယ်နိုင်ဘူး။

တချို့ အလွယ်ဟောတဲ့ ဆရာကတော့ အသိက္ခာ ကလေးကိုမင်း သောတာပန်တည်ပြီ ဆိုတဲ့ ဆရာနဲ့ ကျတော့ ဘဝရှုံးမသွားပေဘူးလား၊ လိုရင်း မဆိုက်သေးဘဲနဲ့ ဆရာက မြှောက်ထာနဲ့ ချောက်ကျနေပြီ။

တနေ့ခန္ဓာငါးပါးက၊နေ့ကိုမရေတွက်နိုင်အောင် လဲနေတာကို၊ လဲပြီ၊ လဲပြီလို့ သိပေးတာက ဝိပဿနာ၊ ပုထုဇဉ် ဉာဏ်မှီသလောက် လဲပြီ၊ သိယင် ဝိပဿနာ။

ကုဋေငါးထောင်ကျော်ဆိုတာ ဘုရားဖြစ်မှသိတဲ့အသိ ခင်ဗျားတို့ ကျုပ်တို့ အသိမဟုတ်ဘူး၊ဘုန်းကြီးက ပြောလိုက်ပြန်တော့ မျက်စိတမှိတ် ကုဋေငါးထောင်ကျော်မြင်ရဲ့လား၊မမြင်သေးယင် မင်းဖျင်းလို့မမြင်သေးတာ ဒီလိုဆိုယင် ခက်ကောင်းခက်ရချိရဲ့၊ ဘုရားဖြစ်ပြီးမှ မြင်တဲ့ အမြင်၊ ဘုန်းကြီးက စာပေကျမ်းဂန်နဲ့ အလုံးစုံလိုက်တာ၊ဘုရားမဖြစ်ခင်က မြင်တဲ့အမြင်ကို ဘုန်းကြီးက

လိုက်တာ သူတို့က ဘုရားဖြစ်ပြီးမှ မြင်တဲ့ အမြင်ကိုလိုက်နေလို့ မောရုံဘဲ ရှိမယ်။

ဒါကြောင့် ဒီနေ့စကားနှစ်ခွန်းဘဲ ပြောမယ်၊ ဘုရားမဖြစ်ခင်က ကျင့်စဉ်တမျိုး၊ ဘုရားဖြစ်ပြီးမှ မြင်တဲ့ ကျင့်စဉ်က တမျိုး။ ဘယ်ကျင့်စဉ်လိုက်ရမလဲ ဆိုတော့ မဖြစ်ခင်က ကျင့်စဉ်ကို လိုက်ရမယ်။

ဘုရားဖြစ်ပြီးတော့မှ နာမ်က ကုဋ္ဌေတသိန်းပျက်တယ်၊ရုပ်က ကုဋ္ဌေငါးထောင်ကျော်ပျက်တယ်လား၊အဲဒါ စာတတ် ဘုန်းကြီးက ဟောနေပြန်တော့ သူလဲမျက်စေ့လည် နေတာဘဲ။ ဘုရားသည် ဘယ်အမြင်နဲ့ ဘုရားဖြစ်တာတုန်း။ ငါးထောင်ကျော်မြင်မှ ဘုရားဖြစ်တာလား၊ကုဋ္ဌေတသိန်းမြင်မှ ဘုရားဖြစ်တာလား။

သူ့ဉာဏ်နဲ့တော့၊ ပစ္စုပ္ပန်တည့်တည့်ကလေး ဘယ်လောက်ဘဲ ပျက် နေနေ သူပျက်တာတွေ သူမြင်လို့ ဘုရားဖြစ်တာ”

## “ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်ပုံတရားတော်”

သောတာပန် ဖြစ်ချင်ယင်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်ရလိမ့်မယ် ဒီဒိဋ္ဌိ ဘယ်နေရာမှာ ငြိနေသလဲဆိုတော့ ခန္ဓာငါးပါးမှာငြိနေလို့ ဒီခန္ဓာငါးပါးဟာ ဘယ်လိုဖြစ်လာတယ်၊ဘယ်လိုပျက်နေတယ်လို့ မသိလို့ ရှိယင်၊ ဒုတိယအရစ် ဘယ်နည်းနဲ့မှ ဒိဋ္ဌိ မခွာနိုင်ဘူး။ ဒီ ဒိဋ္ဌိ ကပ်နေတာကို သိလို့ ရှိယင်၊ ခန္ဓာ ဖြစ်ခြင်း၏ အကြောင်းကို နားလည်ရမယ်။

ခန္ဓာဖြစ်ခြင်း၏ အကြောင်းသည် ပဋိစ္စသမုပ္ပါဒ် ခွာနည်းကို မရလို့ရှိယင် အမြဲတမ်း ဒီ ဒိဋ္ဌိ ဝိစိကိစ္ဆာနဲ့ဘဲသေ ကုသိုလ်တွေ

ပြုလိုက် ဒိဋ္ဌိ ဝိစိကိစ္ဆာက ဆွဲချလိုက် အပယ်လေးပါးခံ ဒီလို ချည့်နေမှာဘဲ။

ဒါနှ၊သီလဟာ ဒိဋ္ဌိ မကွာဘူး၊ ငါလုပ်ယင် ငါရမယ်ဆိုတော့ စေတနာကို၊ ငါမစွဲဘူးလား၊ ငါစွဲနေလို့ရှိယင် ဒိဋ္ဌိနဲ့ရောနေတဲ့ ကုသိုလ်၊စွန့်လွှတ်သလိုဘဲ၊ ကြိုးအဆုံးတက်သွားတာဘဲ၊ ဒိဋ္ဌိဆိုတဲ့ ရစ်လုံးနဲ့ ရစ်ချလိုက်ယင် အောက်ပြန်ကျတာဘဲ ဒိဋ္ဌိဝိစိကိစ္ဆာခွာ ချင်ယင် ပဋိစ္စသမုပ္ပါဒ်ကို အရင်းကျကျ နားလည်ရမယ်။

အတိတ် ပဋိစ္စသမုပ္ပါဒ်၊ အနာဂတ် ပဋိစ္စသမုပ္ပါဒ်၊ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် ရှိရာတို့တွင်

အတိတ် လွန်ပြီးဖြစ်၍ အသုံးချရန်မလို၊ သိရုံ လောက်ဘဲ အကျိုးရှိမယ်၊ အနာဂတ် မရောက်သေးသည် ဖြစ်၍ ကျုပ်တို့ အသုံးချစရာအတွက်ထဲ သူ မပါလာ-

ပစ္စုပ္ပန်၊ ယခုရောက်ဆဲ ယခုဖြစ်ဆဲ၊ ပဋိစ္စသမုပ္ပါဒ် နားလည်မှ ဒိဋ္ဌိဝိစိကိစ္ဆာကွာမယ်(သဘောကျရဲ့လား) ပစ္စုပ္ပန် ယခုရောက်ဆဲ တွေ့ဆဲဖြစ်တဲ့၊ ပဋိစ္စသမုပ္ပါဒ် နားလည်မှ (ဩြဘ်-ဒီဟာ ငါလဲ မဟုတ်ပါလား သူလဲ မဟုတ်ပါလား ဆိုတာသိမှ ဒိဋ္ဌိပြုတ်မယ်၊ ငါလုပ်ထားတာလဲ မဟုတ်၊ သူလုပ်ထားတာလဲ မဟုတ်ဘူး၊ ဆိုတာသိမှ ဝိစိကိစ္ဆာပြုတ်မယ်။

ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးနားလည်တော့မှရုပ်ဖြစ်စေ ချင်လို့ရှိယင် ရုပ်တွေ့ဘဲ၊ နာမ်ဖြစ်စေချင်လို့ရှိယင် နာမ်တွေ့ဘဲလို့ သိမှ ဒိဋ္ဌိက စိစိညက်ညက်ပြုတ်သွားမယ်။

ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်လာတယ်သိမှ ဝိစိကိစ္ဆာ ပြုတ်မယ်။

ခန္ဓာဖြစ်ကြောင်း မသိလို့ရှိယင် ဝိစိကိစ္ဆာ ကပ်လိမ့်မယ်။

ခန္ဓာဖြစ်ကျိုးမသိယင် ဒိဋ္ဌိကပ်လိမ့်မယ်လို့၊သေသေချာချာ မှတ်ရမယ်။

ဒါဖြင့် ခန္ဓာဖြစ်ကြောင်း သိယင် ဝိစိကိစ္ဆာသေတယ်။

ခန္ဓာဖြစ်ကျိုးကိုသိယင် ဒိဋ္ဌိ သေတယ် လေကိုထုတ်တဲ့စိတ်ကလေးက လေကိုထုတ်လိုက်တော့ ဩဇာအသက်ရှင်သေးတယ် ပြန်ရှိုက်လိုက်တဲ့အချိန်မလာလို့ရှိယင် ဒုတိယအကြိမ်ပေါ်တော့ ပင့်သက်ခေါ်မယ်ဆိုတော့ ဘုန်းကြီးထက်သူကအရေးကြီးတယ် သူ့အဖြစ်အပျက်ကမြန်တယ်၊ အသေကိုလုပ်မဲ့ တရားကမြန်တယ်၊

ခင်ဗျားတို့ တရားနာယူနိုင်တာကော (ရှူသက်ရှိုက်သက်) ရှိတုန်း၊

ရှေ့စိတ်နဲ့ နောက်စိတ်ကို၊ခင်ဗျားက အင်ရှူးဝါး တာဝန်ခံတဲ့၊ဟိုစိတ်တွေက၊ငါဆက်ဆက်ဖြစ်ပေးမယ်လို့၊အင်ရှူးဝါး ရှိရဲ့လား ချုပ်တော့ကော (မရှိပါ ဘုရား)။

ဒိဋ္ဌိ ဖြုတ်တဲ့အခါ၊ ရင်ဝလုံ့စူး၊ ထိပ်ဦး မီးလောင်သည်ထက် အရေးကြီးရမယ်လို့ "သတ္တိယာဝိယဩ မဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ သက္ကာယ ဒိဋ္ဌိ ပဟာနာယ၊သတော ဘိက္ခု ပရိဗ္ဗဇေ" လို့ သံယုတ် ပါဠိတော်ကြီးမှာ ဘုရား ကိုယ်တော်တိုင် ဟောတော်မူတယ်။

ရင်ဝလှံနဲ့ထိုးတဲ့အခါမှာ ဖြေးဖြေးမှရှောင်ချင်ရှောင်ပါကွာ၊ ဦးခေါင်း မီးလောင်ယင် ဖြေးဖြေးမှ ပွတ်ချင်ပွတ် ဒိဋ္ဌိအလျှင် ဖြုတ်လိုက်ပါတဲ့ ဒါကိုမဖြုတ်ဘဲနဲ့ ဘယ်သူ သောတာပန်ဘယ်သူ သကဒါဂါမ် ဘယ်သူရဟန္တာ ဘယ်သူဘုရားဖြစ်နိုင်ပါမလား။

ဒါဟာ အရေးကြီးတဲ့ အသုံးမို့ အသုံးကြီးနေတယ်ဆိုဒါ ကြေနပ်ပလား။

ဒိဋ္ဌိဝိစိကိစ္ဆာဟာ ဘယ်မှာကပ်သတုန်း (ခန္ဓာမှာကပ်ပါတယ် ဘုရား)။ခန္ဓာငါးပါးက၊ ဘယ်သူက ဖြစ်စေလို့ ဖြစ်တာတုန်း ဘယ်သူက ချုပ်စေလို့၊ ချုပ်တာတုန်း မေးတော့၊ပဋိစ္စသမုပ္ပါဒ်က၊ဖြစ်စေသော ချုပ်စေတာ ဆိုတော့၊ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှ၊ မလည်ဘဲနဲ့ ခန္ဓာ ဖြစ်ချုပ်ကို နားလည်ပါ့မလား၊ (မလည်ပါ ဘုရား)။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲ လေးသင်္ချေနဲ့ ကမ္ဘာ တသိန်းကျင့်လို့ရတဲ့ သဗ္ဗညုတဉာဏ်နဲ့ ကြည့်လိုက်တဲ့ အခါ ဒိဋ္ဌိလောက်အပြစ်လေးတာရှိကိုမရှိဘူးကွလို့ ဟောတော်မူတယ်။

နာဟံတိက္ခဝေအညံ၊ ဧကဓမ္မမ္ပိ သမနုပဿာမိ-ကိုး-

ရမ်းလုပ်တာ ဒိဋ္ဌိဘဲ၊ ဒိဋ္ဌိလောက် အပြစ်ကြီးတာ ရှာကို မတွေ့ဘူးတဲ့ ဒိဋ္ဌိမခွါနိုင်လို့ရှိယင် အကြီးဆုံးအပြစ်သင့်တယ်။

(ပဉ္စာနန္တရိယကံငါးပါးကို သူကြောင့်ကျူးလွန်တာလား)

ပဉ္စာနန္တရိယကံကိုစပ်မေးလို့အခုဘုန်းကြီးကပြောလိုက်တယ်။ နက်ဖန်ခါ ကမ္ဘာပျက်မယ်၊ ယနေ့ ကျူးလွန်တယ်၊ သူကလွတ် သွားတယ်။ ဒိဋ္ဌိက ဘယ်တော့ လွတ်သတုန်း ကမ္ဘာပျက်ယင် ရွှေ့ခံရတယ်ဆိုတော့ ဒိဋ္ဌိနဲ့ ပဉ္စာနန္တရိယကံဟာ ဒိဋ္ဌိကကြောက် စရာကောင်းတယ်။ "ဒိဋ္ဌိဗန္ဓန-ဗဒ္ဓါတော၊ တဏှာသောတေန ဝုယှရေ" ဒိဋ္ဌိရှိယင်၊ တဏှာလာမယ်၊ တဏှာလာယင် ဥပါဒါန် လာလိမ့်မယ်၊ ဥပါဒါန်လာယင်ကံလာလိမ့်မယ်၊ ကံလာယင် ဇာတိ၊ ဇရာ၊ မရဏက လွတ်ပါဦးမလား ဒါဖြင့် မဂ်ဉာဏ်၊

ဖိုလ်ဉာဏ် တားမြစ်တာက တဏှာက တားမြစ်တာလား၊ ဒိဋ္ဌိက ထားမြစ်တာ။

ဒိဋ္ဌိမခွာဘဲနဲ့ အနိစ္စ ဒုက္ခ အနတ္တ၊ အာပေါက်အောင် အားထုတ်၊ဖြစ်ပျက်ကို မြင်ချင်လဲမြင်မယ် မရဘူးကွ၊ မဂ်ကို ဒိဋ္ဌိဝိစိကိစ္ဆာ ခံနေတယ်။

အဲဒီလို ဉာဏ်နဲ့ခွာပြီး သကာလ၊ ရှင်းလင်း မထားဘဲနဲ့၊ အားထုတ်လို့ရှိယင် အနိစ္စမြင် ဒုက္ခမြင် အနတ္တမြင် မြင်ချင်တာ မြစ် မဂ်ဖိုလ်မရသေးဘူး သဘောပါရဲ့လား။

(၁) အနုရာဓ မထေရ်ဆိုတာ ခန္ဓာဝဂ္ဂသံယုတ်မှာ၊ဖြစ်ပျက်တွေအကုန်မြင်တယ်။ မရဘူး ဒီတွင်မှ၊ ဘုရားက ဒိဋ္ဌိ မကွာလို့ မရတာဆိုပြီး ပဋိစ္စသမုပ္ပါဒ် ပြန်ဟောရ တယ်။ မြင်တယ် ဒိဋ္ဌိမကွာလို့မရဘူး၊ သူက ငါသိ ငါပျက် ဖြစ်နေတယ် သွားရောပေါ့၊ ငါသိ ငါပျက်ဆိုတော့ ငါပြုတ်ကဲ့လား။

(၂) မြင်းမြီးဆွဲရှင်ဆန္နဟာ၊ ဖြစ်ပျက်တာ အကုန်မြင်တယ် သို့သော်၊ဒုက္ခ ခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို တခါမှ မမြင်ဘူးတဲ့၊ သူကိုယ်တိုင် ဖွင့်ချတယ်။

အဲဒီတွင်မှ ရှင်အာနန္ဒာ ဆီ ပြေးရတယ်၊ဘုရား ပရိနိဗ္ဗာန်စံ သွားပြီ ရှင်အာနန္ဒာက ဒီကိုယ်တော် ဒိဋ္ဌိမကွာဘဲနဲ့ တရား အားထုတ် နေတာကိုးလို့၊ ရှင်အာနန္ဒာကသိတယ်။ ဒီတော့မှ၊ ကစ္စာယနအနွယ်ဖြစ်တဲ့ ရှင်ပုဏ္ဏအား ဘုရားသက်တော် ထင်ရှား ရှိစဉ်က ဒိဋ္ဌိကွာတဲ့တရား ဟောခဲ့တယ်ကွ ဆိုပြီး ဒိဋ္ဌိကွာတဲ့တရား ပြန်ဟောပြလိုက်တော့မှ ရှင်ဆန္နဟာ ရဟန္တာ ဖြစ်သွားတယ်။

**ညီတော်အာနန္ဒာ ဘာခံနေတာတုန်း**

ညီတော်အာနန္ဒာကတော့ ဒီလိုဗျာ၊ သူက သောတာပန် ရဟန္တာ ဖြစ်တော့ ဘုရားပြု ဘွယ်ကိစ္စ ဝေယျာဝစ္စမရှိဘူး သောတာပန်ဖြစ်တော့ ပုထုဇဉ်သာသာ ရှိသေးတယ်၊ဘုရားမှာ ပြုနေတဲ့ ဝေယျာဝစ္စဟာ သီလမှာရှိတယ်၊သီလသာလုပ်နေတယ် ဝိပဿနာမပါဘူး သောတာပန်တည်ပြီးသည့်နောက် ဝေယျာဝစ္စ သီလနဲ့ဘဲ အချိန်ကုန်တာဘဲ အဲဒါပလိဗောဓ။

"ပလိဗောဓောမဂ္ဂါဓိဂ မဿနိဝါရေတိ"ကိုးဗျ၊ပလိဗောဓော ခင်ဗျားတို့ ဘုရားဝေယျာဝစ္စ ပြုနေတာသည် မဂ္ဂါဓိဂမဿ မဂ်ရခြင်းကို နိဝါရေတိ တနည်းနည်းနဲ့တားမယ် (ပေါ်ပြီလား)

ပစ္စုပ္ပန်ခန္ဓာရဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဂရုစိုက်ရမယ် သူများပြော တာ နည်းနည်းမှ သွားမယုံနဲ့ ယုံနေယင်၊ မရှိတာနဲ့၊ မရောက် သေးတာ၊ရှုမိလျှက် ကြုံနေရမယ်၊စာကတော့ရေးတာဘဲ။ "ရူပ- အတီတံ၊အနာဂတံ၊ ပစ္စုပ္ပန္နံ"အဲဒါက သမ္မသနဉာဏ် ဟောနေ တာကွ၊ဉဒယဗ္ဗယဉာဏ် ဟောတာ မဟုတ်ဘူး။

ဒါက ပစ္စုပ္ပန်၊ ဉဒယဗ္ဗယ ဟောနေတာ သမ္မသနဉာဏ်က၊ လှုပ်ပိန်း ဟောနေတာ (သဿတဒိဋ္ဌိ)နို့မို့လို့ရှိယင် ခင်ဗျားတို့မှာ သဿတ ဒိဋ္ဌိကခံနေမယ်၊ ကျုပ်မသေသေးဘူးဗျ အသက်-၅၀ ကျော်လာပြီ၊ အရင်အတိုင်း ကျုပ်ဒီလို ဖြစ်နေတယ်၊ ပစ္စုပ္ပန် ခန္ဓာငါးပါးကို ကျကျနနသဘောမကျလို့ သဿတဒိဋ္ဌိရှိနေတာ။

ဖြစ်ဆဲ ခန္ဓာငါးပါးကို ယခုဖြစ်ပြီး၊ ယခု ပေါ်လာတာကို သဘောကျမယ်ဆိုယင်ဟိုခန္ဓာတွေမရှိလို့ ဒီခန္ဓာတွေပေါ်တာကိုး ဆိုတာသိကြမယ်၊သဿတဘာနဲ့ဖြုတ်လိုက်တုန်းဆိုတော့၊ဟောဒီ

အကြောင်းနှစ်ခုကြောင့် အကျိုးလေးခုဖြစ်တယ်၊ အခုမှအသစ်ကွ အသစ်ဆိုသဖြင့် တတိုတစမှ နောက်က မပါခဲ့ဘူး၊ ဆိုတာ မသေချာဘူးလား၊ သေချာတော့နောက်ကဟာတွေနဲ့ ဘာမျှ ကျုပ်အဆက်အသွယ်မရှိဘူးလို့၊ ဒီလိုလဲမယူလိုက်ပါနဲ့ အဆက် အနွယ်နည်းနည်းရှိတယ်၊ အဆက်အသွယ်မရှိဘူးဆိုယင် ဥစ္ဆေဒ ဘက်ခင်ဗျားတို့ပြေးသွားမယ်။

အသစ်ခန္ဓာငါးပါး ဆိုကတည်းက သဿတ ခိုင်မြဲတာ ပါသေးရဲ့လား – (မပါပါဘုရား) နဂိုလ်ထင်နေတာက ကျုပ် ငယ်ရာက ကြီးလာတယ် ဆိုယင် သဿတကိုးဗျ၊ ဘုရားက သဿတ လမ်းလဲမလိုက်နဲ့ ဥစ္ဆေဒလမ်းလဲမလိုက်နဲ့ အလယ်လမ်း သွားရမယ်ဆိုဒါကိုး။

ဖြစ်ပျက်မပါဘဲနဲ့ အသိနဲ့ကွာတာလို့မှတ်ထားကြ ဥစ္ဆေဒ- ကို အသိနဲ့ကွာအောင်လုပ်ပေးဦးမယ်နော်။

ဒါကမျက်လုံးအကြည်ရုပ်ဆိုတော့ စက္ခုပသာဒရုပ်ပေါ့ဗျာ ရုပ်ရုံဆိုတာလဲ ကံ စိတ် ဥတု အဟာရတို့ကြောင့် ဖြစ်တဲ့ရုပ်၊ မဆိုနိုင်ဘူးလား၊ ဒါကတော့ အာရုံခွာရကြောင်းဖြစ်တဲ့နာမ်။

ဒါဖြင့် ကံ တည်းဟူသော အကြောင်း ကင်း၍လဲ ဒီရုပ် ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) ဒါဖြင့် အကြောင်းနဲ့ အကျိုးနဲ့ ဆက်သေးတယ်ဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ လွတ်မသွားပေ ဘူးလား (လွတ်သွားပါတယ်ဘုရား) ။

ဒါဖြင့် အမေမွေးတဲ့ ခန္ဓာ ငါးပါးလား။ အသစ်လားလို့ မေးတော့ (အသစ်ပါဘုရား) အသစ်ဆိုကတည်းက သဿတ လွတ်ပြီး၊ ဒီလိုအကြောင်းနဲ့၊ အကျိုးနဲ့ သိသွားတော့၊ ဥစ္ဆေဒ

လွှတ်သွားတယ်။ သဿတ ဥစ္ဆေဒ၊ ခံနေလို့ရှိယင် ခင်ဗျားတို့ အာပေါက်အောင် အားထုတ် ရကို မရဘူး၊ဘုရားက၊အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဟောတယ် ဒီထဲမှာ၊ဒိဋ္ဌိတ ခုခုခံနေလို့ ရှိယင်ကွာ သစ္စာနုလောမိကဉာဏ်တောင် မရဘူး၊ သစ္စာနုလောမိကဉာဏ် မရယင်၊သောတာပန်၊သကဒါဂါမ်၊အနာဂမ် ရဟန္တာဘယ်တော့မှ မဖြစ်ဘူးဆိုတာ တထစ်ချဟောတာ-ကျေနပ်ပြီလား။

ဒိဋ္ဌိမှာ၊ ဒိဋ္ဌိနှစ်ခုက အရေးကြီးတယ် "ဒွါသဋ္ဌိ ဒိဋ္ဌိယော၊ ဥပ္ပဇ္ဇမာနာ၊ သက္ကာယ ဒိဋ္ဌိသမုဒယေနေဝ ဥပ္ပဇ္ဇန္တိ။"

ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိဟာ သက္ကာယဒိဋ္ဌိကလာတာကွ၊ သက္ကာယ ဒိဋ္ဌိ တလုံး ရှိယင် ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိတို့ ခင်ဗျားတို့ ယူချင်တာ ယူပစ်နိုင်တယ်။

ဒီက-စက္ခုပသာဒ ဒီကရုပ်ပါရုံကြောင့် နာမက္ခန္ဓာလေးပါး ဖြစ်မလာဘူးလား ဖြစ်လာသလား။

ဒါဖြင့် ဒီ-၂ခုကအကြောင်း ဒီ-၄ ခုကအကျိုး။အကြောင်း ကြောင့်ဖြစ်တဲ့ အကျိုး။

အကြောင်း အကျိုးသည် ဘယ်ခန္ဓာဖြစ်ဖြစ် အကြောင်း အကျိုးချည့်ဘဲ။

ငါဘယ်က လာပါလိမ့်မလဲဆိုယင် ဝိစိကိစ္ဆာ အကြောင်း အကျိုးဘဲရှိတယ်၊ဒါ အသိနဲ့သေတဲ့ ဝိစိကိစ္ဆာ၊ အပွားနဲ့သေတာ အပယ်နဲ့ သေတာ မဟုတ်သေးဘူး။ဉာတပရိညာ၊တိရဏပရိညာ၊ ပဟာနပရိညာလို့ ဘုရားကဟောလိုက်သားနဲ့ အသိနဲ့ ဘယ်ကိစ္စ ပြီးမလဲ။

ရှုပက္ခန္ဓာထဲမှာလဲ ငါပါသေးသလား၊ နာမက္ခန္ဓာလေးပါး ထဲမှာကော ငါပါသေးသလား (မပါပါဘုရား) မပါတာ ဒိဋ္ဌိ စင်သွားလို့-

ငါမပါတာက ဒိဋ္ဌိစင်တာ၊

ဘယ်က၊ ကံပါလိမ့်မတုန်းလို့ သံသယရှိတာကဝိစိကိစ္ဆာရှိလို့၊

အကြောင်းနဲ့ အကျိုး ဆိုတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာ တဒင်္ဂသေပြီ၊ ဥာတပရိညာဘဲ ရှိသေးတယ် တီရဏတောင် တဒင်္ဂရှိသေးတယ် ပဟာနကျမှအကုန်သေမှာကိုးဗျ။

တီရဏ ရအောင်တော့ ကျုပ်လမ်းပြမယ်၊ ပဟာနကျတော့ ကိုယ့်ဟာကိုသွားယူ။

ဒါဖြင့်၊ ယုံမှားခြင်း ဝိစိကိစ္ဆာ၊ ငါဟုစွဲလမ်းခြင်းဆိုတဲ့ ဒိဋ္ဌိ သံသယ ဆိုတဲ့ ဒိဋ္ဌိ ဆိုတဲ့ အမှား စွဲရှိသေးရဲ့လား-အဲဒါက၊ စူဠ သောတာပန်၊ ကဲ ပဋ္ဌာန်းနည်းရော ပဋိစ္စသမုပ္ပါဒ်နည်းရော စုံပြီ မဟုတ်လား။

အာရုံအကြောင်းကို ဖေါ်လိုက်ယင် ပဋ္ဌာန်းနည်း၊သူတို့နှစ်ခု အကျိုးကို ကျကျနန ဖေါ်လိုက်ယင် ပဋိစ္စသမုပ္ပါဒ် နည်း၊ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်းကို နားမလည်ယင် ဘယ်အခါ မဆို ဝိစိကိစ္ဆာရှိတယ် ဘယ်တော့မှလဲ ဒိဋ္ဌိမပြုတ်ဘူး။ ရှင်းကြ ပြီလား။

အဲဒါဟာ စာအုပ်တိုကလေးတွေထဲကဟာ ပြောနေတယ် အောက်မေ့မနေနဲ့၊ သူတို့ရေးတဲ့ စာအုပ်တိုကလေးက ဥာဏ်မှ မကုန်ဘဲ၊သူ့ထင်မြင်ချက်ကို သူရေးထားကြတာ၊ပေါက်ပင်ရှာတဲ့ လူလို၊အမျိုးမျိုးရှိသကိုး၊ဆိုတော့သွားရောပေါ့။

အကြောင်း အကျိုး နားလည်မယ်ဆိုယင် ပဋ္ဌာန်းဘဲဖြစ်တော့တယ်၊ ငါမပါတော့ဘူး၊ ငါမပါတော့ ဒိဋ္ဌိဝိစိကိစ္ဆာဟာ ဉာဏ်နဲ့ ပြုတ်တယ်။ ခန္ဓာငါးပါးမှ တပါးဝိပဿနာရှုစရာမရှိဘူး၊ ချုံးလိုက်တော့ ရုပ်နှင့် နာမ်ဘဲရှိတယ်။

နာမ်ကိုတခုရှုယင် သုံးခုရောသေတယ်၊ ရုပ်ကိုရှုလိုက်လို့ ရှိယင် အဌကလပ်ရုပ်ဖြစ်ခဲ့လို့ ရှိယင် ကျန်နှစ်ခုသေတာဘဲ။

ရှင်သာရိပုတ္တရာက ရှင်မဟာကောဋ္ဌိကကို ဟောလိုက်တယ်၊ ရုပ်ရှုယင် နာမ်ပါတယ်ကွ၊ နာမ်ရှုယင် ရုပ်သေတယ်လို့ ပါတယ်ကွလို့ ဟောလိုက်တယ်၊ ပဋိစ္စသမုပ္ပါဒ်မှာ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ ဝိညာဏံ၊ နာမ် ရုပ်ကြောင့် ဝိညာဏ် ဖြစ်တယ်၊ ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်တယ်။

သံယုတ်ပါဠိတော်မှာ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာကောဋ္ဌိက၊ အမေး အဖြေမှာ လာတယ်၊ ဝိညာဏ်ရှုယင်၊ နာမ်ရုပ်ပါလာမယ်၊ နာမ်ရုပ်ရှုယင် ဝိညာဏ်ပါလာမယ်၊ ဥပမာပြမယ်တဲ့ ကျူစည်းကို အဖျားချင်းတေ့ထောင်ကွာ တစည်းလဲယင် တစည်းလဲမှာဘဲတဲ့ ဒီနှစ်ခုက "ဝတ္တုပ္ပဋိစ္စခန္ဓာ၊ခန္ဓာပဋိစ္စဝတ္တု" ပဋ္ဌာန်းပါဠိတော်နဲ့ ပိုဆိုင်တယ်။

ပဋိစ္စသမုပ္ပါဒ်နဲ့ဆိုတော့ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာဝိညာဏံ "ဝိညာဏနိရောဓါ" ဆိုတော့ နာမရူပနိရောဓော မဖြစ်ဘူးလား။

ဝိညာဏ်ချုပ်သွားပြီကွ၊ နာမရူပက ကျန်ရစ်နေဦးမှာလား။

"နာမရူပ နိရောဓော" ဝိညာဏနိရောဓော ဆိုတော့ နာမ် ချုပ်ချုပ် ရုပ်ချုပ်ချုပ် ဒီဝိညာဉ်ကလေး ကျန်ရစ်ဦးမှာလား၊ ရုပ်လဲယင် နာမ်လဲမယ်၊ နာမ်လဲယင် ရုပ်လဲမယ်။

အသညသတ် တောင်"ကေံမဟာဘူတံ၊ ပဋိစ္စတယော မဟာ ဘူတာ၊တယောမဟာ ဘူတေ၊ပဋိစ္စ ဒွေမဟာဘူတာ"တခုလဲယင် အကုန်လဲ၊တဘုတ်လဲယင် အကုန်လဲတယ်၊အချင်းချင်းမှီနေကြတာ သဗ္ဗေသင်္ခါရာအနိစ္စာဆိုတာ အသညသတ် ကျန်နေသေးသလား၊ (မကျန်ပါ ဘုရား)။

ဝေဒနာပစ္စယာတဏှာကြောင့် ဒီလိုင်စင်ယူရတာ၊ ဒီတဏှာနဲ့ ယူတာ၊ ဒီတဏှာ ဘယ်က လာသလဲမေးတော့၊ ဒီခန္ဓာကျေးဘို့ ဒီခန္ဓာကြီးကို ပြုစုချင်လို့။

ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါန်လာ တော့မယ်။ အလုပ်ပါးနေတယ်ဆိုတော့ စားချင်တာနဲ့၊သတင်း စာတိုက် သွားပြီး၊ ငှားနိုင်ပါဦးမလား၊ သူ ကုန်ရောင်းစရာ ရှိပါတယ်ဆိုတော့၊ ကာယကံနဲ့သွား၊ ဝစီကံနဲ့ပြော၊ ကာယကံ ကော (ကမ္မဘဝ) ဝစီကံကော (ကမ္မဘဝ) တဏှာ၊ ဥပါဒါန်၊ ကောကမ္မဘဝ ဖြစ်သွားတယ်။

ကံသစ်လား၊ကံဟောင်းလားလို့ မေးလိုက်တော့ (ပစ္စုပ္ပန်ကံ) ကံသစ်ပေါ့။

အိမ်မှ ပါလာတဲ့ ကံလား၊ ခုမှ တဏှာ ဥပါဒါန်ကြောင့် ဖြစ်တဲ့ကံလား၊ ခုမှဖြစ်တဲ့၊ တဏှာ၊ ဥပါဒါန်ကြောင့် ဖြစ်တဲ့ ကံ (ပစ္စုပ္ပန်ကံပါ ဘုရား)။

ဒီပစ္စုပ္ပန်ကံအာယ်က ပေါ်သတုန်း ပစ္စုပ္ပန်ခန္ဓာကျေးချင်လို့၊ ပစ္စုပ္ပန်ခန္ဓာ လှချင် ပချင်လို ကံသစ်လုပ်တယ် မဆိုနိုင်ဘူးလား။

ဒါဖြင့် ဒီ ကံသစ်သည် ပစ္စုပ္ပန် ကံက ပဋမဇော မှာတော့ ပစ္စုပ္ပန်ဘဝ အကျိုးပေးမယ် မဆိုနိုင်ဘူးလား။

ကံ က ဇော ၇-ကြိမ် လာဦးမှာကိုး ကံ ဆိုတာ သူချည်း ဖြစ်နိုင်တာ မဟုတ်ဘူး။ စိတ်နဲ့ ဇော-၇-ကြိမ်နဲ့ ဖြစ်ရမှာကိုး၊ (တင်ပါ ဘုရား)။

ဒါဖြင့် သတ္တမဇောက ဒုတိယ ဘဝ အကျိုးပေးမယ်။

အလယ်ဇော ၅-ချက်ဟာ၊တတိယဘဝကစပြီး နိဗ္ဗာန်ရအောင်

ဒီကံ မဆောင်ရွက်ဘူးလား။ (ဆောင်ရွက်ပါတယ်ဘုရား)

ဒါဖြင့်၊ကမ္မဘဝ ပစ္စယာ-ဇာတိ လာမှာလား မလာဘူးလား၊ သတ္တမ ဇောကတော့ ဒုတိယဘဝ၊ ပဋိသန္ဓေ ပေးမှာလား မပေးဘူးလား (ပေးပါတယ် ဘုရား) ပေးလို့ရှိယင် ကမ္မဘဝ ပစ္စယာ ဇာတိ-ဆိုတော့ ဇာတိပေါင်း ဘယ်လောက်လာမတုန်း လို့ မေးလိုက်တယ်၊အများကြီး ဖြစ်မှာပေါ့ မဟုတ်ဘူးလား။ကမ္မံ သတ္တေ ဝိဘဇတိ-ဇာတိပေါင်း အများကြီး မလာပေဘူးလား။ ဒီဟာ-နောက်ဘဝက ပါလာတဲ့ ကံလို့ ဆိုမလား၊ ယခုဘဝ-ခင်ဗျား ဒီခန္ဓာနဲ့အတူ ပေါ်လာတဲ့ ကံလို့ဆိုမလား (ခန္ဓာနဲ့ အတူပေါ်တဲ့ ကံပါဘုရား)။

**ဝဇီရာဘိက္ခုနီမ**

ဘုရားလက်ထက်က ဝဇီရာဘိက္ခုနီမ၊သာဝတ္ထိပြည်မှာဆွမ်းခံ စားပြီး၊သုဿာန်သွား၍ တရားအားထုတ်တယ်၊ဟာရန္တာမနောက် ဝဿဝတီနတ်ပြည်ရှိ၊ မာရ်နတ်ကြီးက၊ တရားအားထုတ်တာ

မြင်တာနဲ့၊ ကြက်သီးမွေးညှင်းထအောင် ချောက်ခြားမှုတဲ၊သမာဓိ ပျက်အောင် လုပ်မယ်ဆိုပြီး လာခဲ့တော့၊ ဝဇီရာဘိက္ခုနီမက မဂ္ဂသစ္စာနဲ့အာရုံပြုပြီး ဒုက္ခချုပ်တဲ့ နိဗ္ဗာန်၊ နှလုံးသွင်းနေတယ်၊ မာရ်နတ်က မေးလိုက်တယ်။

၁။ "ကုဝံသတ္တာ ကာရကော"တဲ့၊သတ္တဝါကို ဘယ်လို ပုဂ္ဂိုလ်က ပြုလုပ်ပါသလဲတဲ့။

၂။ "ကုဝံသတ္တော သမုပ္ပန္နော"တဲ့၊ကုဝံကေန၊အဘယ်ကြောင့် သတ္တော သတ္တဝါသည် သမုပ္ပန္နောဖြစ်ပေါ်လာသနည်းတဲ့။

၃။ ကုဝံကေန အဘယ် အကြောင်းကြောင့် သတ္တော၊ သတ္တဝါသည် နိရုဇ္ဈတိ၊ ချုပ်ပျောက်၍ သွားရသလဲ တဲ့။

သတ္တဝါကို ဘယ်သူ ပြုလုပ်သလဲ၊ သတ္တဝါတွေ ဘယ်သူ တည်ထောင်သလဲ၊ သတ္တဝါကို ဘယ်သူဖြစ်စေသလဲ၊သတ္တဝါဟာ ဘယ်သူ့ကြောင့်သေသလဲ မေးတော့-

ဝဇီရာဘိက္ခုနီမက-"ကိန္နုသတ္တောတိ-ပစ္စေသိ"-တဲ့၊ မာရ-မာရ်နတ် - ကိန္နုအဘယ်ကြောင့်၊ သတ္တောဟိ- သတ္တဝါ ဟူ၍ ပစ္စေသိ-မင်းက ယုံကြည်နေသလဲ တဲ့။

သတ္တဝါမှမရှိတာ မင်းဘာကြောင့်၊သတ္တဝါကို ယုံကြည်နေသလဲတဲ့၊ "မာရ ဒိဋ္ဌိ ဂတံ နုတေ" -တေတယာ- သင်သည် ဒိဋ္ဌိဂတံနု-ဒိဋ္ဌိဖြစ်၍၊ နေသည် မဟုတ်ပါလောတဲ့။

"သံခိတ္တေန-ပဥ္စုပါဒါနက္ခန္ဓာ-ဒုက္ခာ"

ဘုရားက၊ သံခိတ္တေန-မင်းတို့တကိုယ်လုံး၊ ငါအကုန်ပြောရ မှာဖြင့် ပဥ္စုပါဒါနက္ခန္ဓာ-ခန္ဓာငါးပါးလုံး ၊ဒုက္ခသစ္စံ-ဒုက္ခသစ္စာ လို့ ဘုရားက ပြောထားတာ။

ဒုက္ခခန္ဓာက ဒုက္ခအသီးသီးနေတာ ဘာမှမကြွားချင်ကြနဲ့။

ကုသိုလ်စိတ်လဲ ဖြစ်ပျက်ဘဲ''ဝိတရာဂံ ဝါစိတ္တံ ဝိတရာဂံစိတ္တံတိ ပဇာနာတိ'' ဟော့တဲ့ ကုသိုလ်စိတ်လဲဖြစ်ပျက်ရှု-

''ဒုက္ခမေဝဟိ - သမ္ဘောတိ'' ဒုက္ခမေဝ၊ ဒုက္ခတရားသည် သာလျှင် သမ္ဘောတိ ဖြစ်ပေါ်လာ၏။

''ဒုက္ခံတိဌတိ''၊ ဝေတိစ-ခဏကလေး တည်နေလို့ ရှိယင်လဲ ဒီစိတ်ကလေး မပျောက်သေးလို့၊ တည်နေလို့ရှိယင် ဒုက္ခတည်နေတာလို့ မှတ်ထားလိုက်စမ်းပါတဲ့။

ဘိက္ခုနီသံယုတ်၌- မာရ- မာရ်နတ်- ဒုက္ခမေဝ ဒုက္ခတရားသည်သာလျှင် ခန္ဓာထဲ၌ သမ္ဘောတိ-ဖြစ်ပေါ်လာ၏၊ ဘာဘဲပေါ်ပေါ် ခန္ဓာထဲပေါ်ယင် ဒုက္ခသာပေါ်တယ်လို့ မှတ်ထားကြတဲ့။

× × ×

## ကိလေသာ၏ ကျွန်များ

ခင်ဗျားတို့က တရားကို အဓိပတိ မထားတော့ အေး ပြန်အေးလို့၊ ပူပြန်ပူလို့၊ စောပြန်စောလို့ အဲဒါ ဘာဖြစ်နေသတုန်းမေးတော့ ကိလေသာဝင်နေတာ တနည်းအားဖြင့် ဟေိပဿိကော မကြိုက်ဘူးဆိုတာ၊ အကာလိကောလဲ မကြိုက်ဘူးဆိုတာဘဲ။

ဒါဖြင့်မင်းဟာ ဘုရားရှေ့သွားပြီး ဝင္ကဘဝ တိုတိုနဲ့ မဂ်ဖိုလ်ရပါလို၏ ဆို-မင်းအသွားနဲ့ မင်းလုပ်ပုံနဲ့ ကိုက်ရဲ့လား၊ ဘယ်သူလိမ်နေတာတုန်းဆိုတော့ ကိုယ့်ကိုယ်-ကို လိမ်နေတာ။

ခင်ဗျားတို့ဟာ ကိလေသာရဲ့ ကျွန်မျိုးပီပီ ကိလေသာနောက်ကိုသာ လိုက်ပြီး ကိလေသာခိုင်းတဲ့၊စေတဲ့ နေရာသွားနေတာဘဲ အဲဒါ၊တရားကို အဓိပတိမဆောင်လို့

ဒါဖြင့်။လောကပရိယာယ်မျိုးစုံဟူသရှဲဟာ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ (ကိလေသာချည်းပါ ဘုရား)

အဲဒီ၊ ကိုလေသာတွေဟာ တဏှာဆိုတော့ ပဋိစ္စသမုပ္ပါဒ်အလယ်က ဖေါက်စတယ်၊ သွာက္ခာတော၊ဘဂဝတာဓမ္မောကို ဘုရားက၊ငါဟောထားတဲ့ တရားဟာ ကောင်းစွာ နိဗ္ဗာန်ဆောင်တယ်လို့ ဟောထားတာ ဘယ့်နှယ့်ကြောင့်၊ မရပါလိမ့်တုံး လို့ မဆိုနဲ့၊ ကိလေသာကို အဓိပတိထားလို့မရတာ။

ဒါဖြင့် သွာက္ခာတော၊ ဘဂဝတာဓမ္မော၊ ကိုအဓိပတိမထားလို့ အကာလိကောဆိုတဲ့ အခါမလင့်အကျိုးပေးတာလဲ၊ မလိုချင်တော့ဘူး။

ဒါဖြင့်၊ ပစ္စတ္တံဝေဒိတဗွောဝိညူဟိ ပညာရှိများ အသီးသီးခံစားရတယ်ကွ၊ဆိုတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ကျုပ်မရချင်ဘူး။

ကျုပ်ပညာရှိလဲ မဟုတ်ဘူး၊ရလဲမရချင်တော့ဘူး၊ ခုနင်က ပူတယ်၊ အေးတယ်၊ စောတယ်၊ မိုးချုပ်တယ် ဆိုတဲ့ ကိလေသာဆင်ခြေတွေ လာနေလို့။

ဒီ အဆိုးတွေဟာ အခု ဆရာသမားက ဖေါ်ပြောလို့သာ ကိုယ့်အဆိုးပေါ်တာနော်၊ နို့မဟုတ်ယင် ခြေဘ်တစ တစဘဲ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ တစတစ ပြည့်လာတာဘဲ ဆိုပြီး။ ကိလေသာက ခင်ဗျားတို့ကို ချော့လုံးများ ဆွဲလိုက်သေးတယ်။

အခု ရယင် အခုယူမယ်လဲဆိုရဲ့ ဘုရားတောင်မှ တစ တစ လုပ်ရသေးတာလဲ ဆိုရဲ့၊ သူ့အလုပ်မျိုးကို သူလိုဘုရားဖြစ်အောင် ကျင့်နိုင်မှာလဲ မဟုတ်ဘူး။ ဘုရားသခင် ကိုယ်တော်မြတ်ကြီး တောင်မှ မလျှော့မတင်း စောင်းကြိုးညှင်းတဲ့ဆိုပြီး လှဲသွားတယ်။

စောင်းမှုမရှိတဲ့လူက မလျှော့မတင်းပြောနေတယ်၊ ခင်ဗျား တို့က ဆင်ခြေပြော ပြောတာ ရှက်စရာကြီး။

**သောဏမထေရ်နှင့် စောင်းကြိုး**

မလျှော့မတင်း စောင်းကြိုးညှင်းဆိုတာ သောဏမထေရ်ကို ပြင်းထန်စွာ ကျင့်လွန်းလို့ မြတ်စွာဘုရားက ဟောတာ။

အခုတော့ ခင်ဗျားတို့က ဘာမှ မလုပ်ရသေးဘူး၊ မလျှော့ မတင်းစောင်းကြိုးညှင်းက လာနေတယ်၊ ခင်ဗျားတို့ကမရှက်လို့ သံသရာရှည်နေတာ။

သောဏမထေရ်ဟာ ဝီရိယလွန်လို့ တရားကိုမရဘူး၊မရယင် ငါစင်္ကြံနှင်သွားမယ် ဆိုပြီး စင်္ကြံနှင်သွားတယ်၊ သွားယင်း တရား အားထုတ်တော့ ခြေထောက်က သွေးတွေထွက်တယ်။ခြေထောက် က သွေးထွက်ပြီး မသွားနိုင်တော့ လေးဘက်သွားပြီး အားထုတ် ပြန်တော့ လက်တွေပါသွေးထွက်ပြန်တယ်။

အဲဒါကြောင့် ဘုရားက လာပြီးတော့ ကွာ....မင်းငယ်ငယ် တုန်းက စောင်းမသင်ဘူးဘူးလား။ သင်ဘူးပါတယ်ဘုရား၊ ဒါဖြင့် စောင်းကြိုးတင်းယင် အသံ ကောင်းပါ့မလား။ မကောင်းပါ ဘုရား၊ကြိုးလျှော့တော့ကောကွ။အသံမထွက်ပါဘူးဘုရား။ဒါဖြင့် ကွာ အလတ်စားထားပါမှပေါ့ကွ ဆိုတော့၊ မင်းဟာ အလတ် စားလုပ်ဆိုတော့ ဟိုမှာလွန်နေတဲ့ပုဂ္ဂိုလ်မို့ လျှော့ရတာ ခင်ဗျား

တို့က စောင်းမှုမရှိသေးဘဲနဲ့ ကြိုးလျှော့နေကြတယ်။ သောဏ မထေရ်မှာတော့ ဝီရိယလွန်နေပြီးသမာဓိနည်းနေလို့ လျှော့ပါဦးလို့။ဘုရားက အလျှော့ခိုင်းရတာ ခင်ဗျားတို့က ပြောသံကြားနဲ့ဆင်ခြေလဲနေတယ်။

အဲဒီတော့ ဆင်ခြေလဲမယ်လို့ကြံယင် သူ့ဝတ္ထုက ဘယ်သွားနေသလဲ အကဲခတ်ပါဦး။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့....ဓမ္မာဓိပတိကို အဓိပတိထားလို့ ရှိယင်၊ မင်းဟာ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို သေသေချာချာရမယ်လို့ ဟောထားတယ် ငါဖျင်းလို့သာ မရတာ။

ဒီတရားဟာ အခါမလင့် အကျိုးပေးတယ်ဆိုဒါ အနီးဆုံး ဟောထားတာ အခါမလင့်ဆိုတာဟာ ခုလုပ်ယင် ခုရမယ် ပြောတာ ခင်ဗျားတို့ကတော့ မလွယ်ပါလား ဆိုတဲ့ အထဲထည့်သွင်းထားတယ်။

ခင်ဗျားတို့ ဆင်ခြေကို ဘုရားကိုယ်တော်မြတ်ကြီးက အကုန်သိတယ်၊ ဆာယင် ဆာတယ် ဝပြန်တော့လဲ ဝလို့၊ ဆိုတော့ သဲ့ကွာတောက ဖြူစင်တဲ့တရား ကိလေသာက အမဲ ဒါဖြင့် အဖြူကို အမဲနဲ့ဖျက်တာဘဲ။

ဒါဖြင့် ခင်ဗျားတို့ ဆင်ခြေတွေ အကုန်ဖြုတ် ဒါတွေကို ဖြုတ်သာရှု အဲ သူ့ကိုအားထုတ်လို့ သူ့ကို ကြိုးစားလို့မှ သူက မဆောင်ယင်၊တရားအပြစ်ပေါ့။

ကြားစိတ်တွေဝင်လာလို့ မရတာ ကျတော့ ခင်ဗျားတို့က၊ ဖျက်လို့မရတာ ဒါဖြင့် သူ့ကို ဖြစ်ပျက် ကိုရှု၊ အားထုတ်ကြပါ ဝေဒနာကြိုက်ယင် ဝေဒနာဖြစ်ပျက်ကို အားထုတ်ပါ။

**ဒွါရခြောက်ပေါက်-တပေါက်ကနေအမိဖမ်း**

တကာ-တကာမတို့ကို၊ တရားအားထုတ်နည်း၊ သင်နေတယ် လို့မှတ်ကြ-

မျက်စိ ပေါက်က ဝိပဿနာ မရှုကောင်း၊ နားပေါက်က ဝိပဿနာ မရှုကောင်း၊ နှာခေါင်းပေါက်က မရှုကောင်း၊ လျှာ ပေါက်က မရှုကောင်း၊ ကိုယ်ပေါက်က မရှုကောင်း၊ မနော ပေါက် တပေါက်တည်းကနေ ရှုရမှာလို့ မြဲမြဲစွဲစွဲ မှတ်ထား။

မနောပေါက်ကမှ အမှန်အကန် သိတယ်၊အားကိုးစရာ အား ထုတ်စရာ ရှိတယ်၊ဒီပြင်အပေါက်က သိတာတွေဟာ မမှန်ဘူးတဲ့။

**မျက်လုံးပေါက်**

ဘုရားက ဘယ်လို ပြလိုက်သတုန်း ဆိုတော့ သဠာယတန ဝဂ္ဂသံယုက်မှာ မျက်လုံးဟာ ကွာတဲ့၊ မြွေနဲ့တူတယ်ဟေ့ တဲ့။

မျက်လုံးဟာ၊ရှင်းတဲ့နေရာ တယ်ပြီး မကြည့်ချင်ဘူး လှုပ်လှုပ် ရွရွ ရှုပ်ရှုပ်ထွေးထွေးဆိုလို့ ရှိယင်ဖြင့် ကြည့်ချင်တယ်။ မြွေများ ကွင်းပြင်ကိုလွှတ်လို့ မရပါဘူး၊ခြုံရှိရာ အရိပ်ရှိရာပြေးတာဘဲတဲ့။

**နားပေါက်**

နားကတော့ခပ်အေးအေးကြိုက်တတ်တယ်၊ဒါကြောင့် ဘုရား က မိချောင်းနဲ့ တူသတဲ့။ မိချောင်းက ရေအိုင်ထဲ ဆင်းပြီး သကာလ၊တခါတည်းသူအေးအေး ချမ်းချမ်းကလေး၊အိပ်သာနေ ချင်တယ်၊ အဲဒါကြောင့် နားပေါက်ကတော့၊မိချောင်းနဲ့တူတယ် လို့၊ မှတ်ထားရမယ်။

**နှာခေါင်းပေါက်**

နှာခေါင်းကတော့ ဘယ်နေရာမှာ သူပျော်လေ့ရှိသတုန်း ဆိုတော့ သန့်သန့်ရှင်းရှင်းလေပြေလေညှင်းတွေ ရှူရှိုက်ပြီးတော့ သူက နေချင်တော့ ကောင်းကင်မှာ၊ ဟင်းလင်းဟာလာမှာ၊ သူကပျော်လေ့ရှိတယ်၊ အဲဒါကြောင့် နှာခေါင်းကျတော့ငှက်နဲ့ တူသဟေ့တဲ့ သူကတော့၊ ကောင်းကင်ပျော်တာ(ဂဠုန်ငှက်တို့ တောငှက်တို့)။

**လျှာပေါက်**

လျှာကတော့ဘာနဲ့တူသတုန်းဆိုတော့အိမ်ခွေးနဲ့တူသဟေ့တဲ့ အိမ်မှာရှိတဲ့ခွေးဟာ သူက မီးဖိုချောင်ပျော်တာကိုး၊လျှာပေါက် က ဆာတယ်ဆိုယင် မီးဖိုချောင်ပြေးတာဘဲ၊ ဘယ်လိုရိုက်ရိုက် မီးဖိုချောင်ကိုသာ ပြေးလေ့ ရှိတယ်၊ ဒါကြောင့် လျှာဟာ အိမ်ခွေးနဲ့တူတယ်တဲ့။

**ကိုယ်ပေါက်**

ကိုယ်ပေါက်ကတော့၊ ခပ်အေးအေး၊ ခပ်စောင်းစောင်း ခပ်မှိုမှိုကလေး နေချင်တယ်။သူက ခပ်အေးအေးနေရာ ကလေး မှာ၊ ခပ်ခွေခွေအိပ်ချင်တယ်၊ ခပ်မှိုမှိုကလေးနေချင်တယ် ဆိုတာ ကြောင့် သူက တောခွေးနဲ့တူတယ်-တဲ့-

တောခွေးဟာ၊သူသန် ပျော်တယ်တဲ့၊လူသွားစားပြီး၊ခပ်အေး အေးကလေး အိပ်ချင်တာဘဲ။

**မနောပေါက်**

မနောပေါက်က၊ ဝမ်းထဲက ဆိုတော့ မျောက်နဲ့ တူတယ်။ မျောက်ဆိုတာကကော့ အမြင့်တက်ပြီး သဏ္ဍာလ၊ ဟိုကြည့်၊

ဒီကြည့်၊သစ်ပင်အမြင့်ကြီးတက်လို့ ဟိုမျှော်၊ဒီမျှော်၊ဒီလိုနေရမှ မျှောက်ကပျော်တာ အဲဒါကြောင့် မနောပေါက်က မျှောက်နဲ့ တူတယ်တဲ့။

**ခြောက်ပေါက်**

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒါ့ကြောင့် သားကောင် ခြောက်ကောင်နဲ့တူတယ်လို့ ဥပမာပေးတာ၊ အဲဒီ သားကောင် ခြောက်ကောင်နဲ့တူတဲ့ ဒွါရခြောက်ပေါက်ကို ဒို့ ကျောင်းနေရ ပါကလား ဆိုတာ မသိကြတော့ တခါတလေမျက်လုံးပေါက် မြွေက ဆွဲသွားတဲ့အခါ ဓါတ်ရှင် (ဘိုင်စကုတ်) တွေရောက် သွားပြန်တယ်။

နားပေါက် မိကျောင်းက ဆွဲသွားပြန်တော့လဲ ငါ့ရှိလို့ တောင်မပြောနဲ့ဟေ့ ငါတချောင်ချောင် ခိုလိုက်ဦးမယ် ဆိုပြီး အခန်းကလေးထဲမှာ တံခါးကလေး သော့ခတ်ပြီး သူ့တာပါး အတွက်အမှုထမ်းပေးနေတာ။

နှာခေါင်းအတွက်ကလဲ ကောင်းကင်ကြည့် ရှုချင်၊ရှိုက်ချင်၊ လေညှင်းကလေးတွေ လေပြေ လေသန့်ကလေးတွေ ရှူရှိုက်ပြီး သကာလ ခပ်မော့မော့ကလေး ကုလားထိုင်ပေါ်မှာတခါတည်း အသက်ကလေး မှန်မှန်ရှူပြီး နေချင်တဲ့အခါလဲ ရှိသေးတယ်။ သူကငှက်နဲ့ တူတယ်။ ဒါကြောင့် ကုလားထိုင် ကလေးတွေ ဘာကလေးတွေ နောက်မှီကလေးတွေ၊ ထားကြတာပေါ့။

လျှာပေါက် အတွက်ကလဲ အိမ်ဆောက်တော့ မီးဖိုချောင် မပါယင် မဖြစ်ဘူး၊ တအိမ်သားလုံး ဒုက္ခဖြစ်ကုန်လိမ့်မယ် ဆိုပြီး လူကြီးသူမ လုပ်တဲ့သူက၊ မီးဖိုချောင်ကို ခမ်းခမ်း နားနား၊

စားစရာ သောက်စရာတွေ အပြည့်အစုံ၊ ဟိုဘူး-ဒီခွက်တွေနဲ့ ထည့်ပြီး အမျိုးမျိုး အဖုံဖုံထားကြရတယ်။ ဒီအခါကျတော့လဲ လျှာပေါက်ဆွဲသွားလို့ အငြိမ်မနေနိုင်ဘူး၊ မီးဖိုချောင် ရောက်သွားတာဘဲ။

သားကောင်တွေဆွဲရာ လိုက်နေကြရတယ်ဆိုတာကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောနေတာ-

ကိုယ်ပေါက်ကလဲ ခပ်စင်းစင်းကလေး ခပ်လှဲ့လှဲ့ကလေး ခပ်မှိုမှိုကလေး သူကဒီလိုမှိုမှိန်းပြီးသကာလ နေချင်တဲ့သဘောက ရှိနေပြန်တော့ တောခွေးလိုဘဲ တောထဲက သုဿာန်သင်္ချိုင်းမှာ လူသေဖေါ်စားပြီး သကာလ အေးအေး ချမ်းချမ်းနဲ့ အိပ်ပြီး ခင်ဗျားတို့ နေချင်တာကိုယ်ပေါက်ကလဲ အိပ်ချင်တယ် ဆိုလို့ ရှိယင်ဖြင့် သုဿာန်သဘော၊လူသေသဘော သွားလုပ်ကြတာဘဲ။

မနောပေါက်ကလဲ ဪအကြံအစည်မရှိ မဖြစ်သေးပါဘူး ယောကျ်ားဘဲ အကြံအစည်တွေ ရှိဦးမှပေါ့၊ အကြံအစည်တုံးတာဟာ လူညွန့်တုံးတယ်၊ သူကလဲ ဟိုဘက်လှည့်ကြံလိုက် ဒီဘက်လှည့်ကြံလိုက်နဲ့ ကြားထဲ မအားရဘူး၊ သူကလဲ အမြင့်တက်ပြီး ဟိုကြည့်၊ ဒီကြည့်နေရမှာကိုး မကြည့်ရယင် မကျေနပ်ဘူး။

လောကီအလုပ်တွေ မကြံစည်ရလို့ရှိယင် အကြံမွဲ ကံမွဲ ဖြစ်လိမ့်မယ်၊ လူအောက်ကျလိမ့်မယ် စသည် ဖြစ်နေတော့၊ ထိန်းကျောင်းတဲ့ လူတယောက်တည်း သားကောင်ကခြောက်ကောင်ဆိုတော့ ခင်ဗျားတို့ အမောဆိုက်နေတာဘဲ မှတ်လိုက်စမ်းပါ။

သားကောင်ခြောက်ကောင်ဟာ သန်ရာကိုဆွဲသွားကြတာဘဲ။

ဆွဲသွားကြပုံ

တခါတလေ မြေကြဆွဲသွားတော့ ဘိုင်စကုတ်များရောက်သွားတယ်။ အဲဒါ ခြုံထဲရောက်သွားတာ၊ သူ့ကို အခွန်ဆက်ပြီး ပြန်လာတော့ ဟော့ဒီဘာမှ မစားခဲ့ကြရဘူး၊ အိမ်မှာဘာများရှိကြသေးသတုန်း ဆိုတော့ မီးဖိုချောင်ကို အိမ်ခွေး ဆွဲရာပါသွားပြန်ပြီ။

ဘယ်နှယ်တုန်း ခင်ဗျားတို့ အငြိမ်နေခွင့်ရသေးရဲ့လား၊ အခွန်ဆက်ပြီး သားကောင်ခြောက်ကောင်ရဲ့ အလုပ်လုပ်နေရတာ မများဘူးလား၊ သားကောင်တွေအားသန်ရာ ဆွဲဆွဲသွားတာကို၊ ခင်ဗျားတို့က အမှုလိုက်ထမ်းပေးနေရတယ်။

မနောပေါက်က တခါတလေ တိုက်တွေ့ အဆင့်ဆင့်တည်နိုင်တဲ့ ပုဂ္ဂိုလ်ကအမြင့်တက်ပြီး အကြံဉာဏ် ထုတ်လိုက်ဦးမဟော့၊ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး ဆိုပြီး သကာလ တခါတလေ မျောက်စိတ်ပေါက်ပြီး လာတဲ့အခါမရှိဘူးလား။

လူစင်စစ်ကိုက သားကောင်ခြောက်မျိုး ဖြစ်နေတယ်၊ လူလို့ခေါ်စရာ ပါသေးရဲ့လား၊ ဘုရားက ကိုယ့်သဘော မပါတာကို သိစေချင်တာ၊ ကိုယ့်သဘောဘာမှမပါဘူး၊ ဒွါရခြောက်ပေါက်ကျွန်ဖြစ်နေတာ။

တခါတလေ ခလုတ်တိုက်လိုက်တာ မျက်လုံးက မမြင်ဘူး မျောက်လိုဘဲ အတွေးနဲ့ သွားနေလို့၊ မျောက်ဆွဲရာပါတာ၊ ဩော်-တကာ တကာမတွေ့ ခလုတ်တိုက်တာဟာ ကံမကောင်းအကြောင်းမသင့်လို့ တိုက်တာလား၊မျောက်ကျောင်းနေရတာနဲ့

မြေ့မကျောင်းမိလို့သာ တိုက်တာ၊ မြေကိုကျောင်းမိယင် ဂလုတ် မတိုက်ပါဘူး။

မနောဒ္ဒါရက ခိုင်းလိုက်တယ်၊ အဲဒီအခါကျတော့ မျက်လုံးပေါက်က ကိုယ်အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေလာတာတောင် မမြင်ဘူး၊ အကြံက ထုတ်နေတော့ ဘယ်အချိန်ကများ ရောက်နေသတုန်းဗျလို့ မေးရတဲ့အခါများ ပါသေးတယ်။

အဲဒီလို သားကောင် ခြောက်ကောင် ထိန်းကျောင်းနေရလို့ ခင်ဗျားတို့ မောလိုက်တာ မောလိုက်တာ၊ အသက်ကလေးမှန်မှန် ရှူရတော့တယ်၊ ဒါဟာ တနေ့လုံးအားတယ်ကို မရှိဘူး။

တခါတလေ နားဘက်က အေးအေးချမ်းချမ်းနေချင်တာနဲ့ ခုနင်က မိကျောင်း နောက်ကလိုက်ပြီး မိကျောင်း အလုပ်လုပ်ပေးရပြန်တယ်၊ မအားပြန်ဘူး၊ သူက အေးအေးကြိုက်တာကိုး၊ ဒါဖြင့် ခင်ဗျားတို့မှာ အမောဆိုက်တဲ့ ဇာတ်ထုတ်တော့ ယနေ့ ပေါ်ပြီ။

ခင်ဗျားတို့ အခုမှရိပ်မိတယ်၊ ဘယ်သူမှ မကျောင်းနိုင်ဘူး ခင်ဗျားတို့မို့ ကျောင်းနိုင်တာ။

တော်တော်လိမ်မာတဲ့ လူဆိုယင် ဘယ်သူ့နောက်မှ မလိုက်တော့ဘူး ဆိုပြီး သကာလ မင်းတို့ကို အလိုမလိုက်ဘူး၊အမောဆိုက်လှပြီ ဆိုပြီးတော့ ခင်ဗျားတို့ လုံလောက်တဲ့ နေရာမှာ ထိုင်ဘို့ကောင်းတယ်။

အခုတော့၊ခင်ဗျားတို့ ကိုယ်က ထုတ်ပြောနေတာ၊ထိုင်ချိန်ကို မရဘူးတဲ့၊ အဲဒါ သားကောင်ခြောက်ကောင် မနိုင်သို့ ပြောနေတာ။

မီးဖိုချောင်ပြေးရတာက တမျိုး၊ ချောင်ထိုးပြီး ခဏကလေး လှဲလိုက် လျှောင်းလိုက်ရတာက တမျိုး၊လေပြလေညှင်းကလေး ခံတဲ့နေရာပြေးရတာက တမျိုး၊ ဟိုမြေ့က အရှုပ်ကြိုက်လို့ ရှုပ်တဲ့ ပွဲလမ်းသဘင် လိုက်ပို့ရတာကတမျိုး၊ ခင်ဗျားတို့ မအားတဲ့ ဖြစ်ခြင်းက ပေါ်ပလား။

အင်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မြင်တော်မူတယ် ဆိုတာဖြင့် ယနေ့ တကာတကာမတွေ့ တရားထူးထူးခြားခြား နာရတယ်။

ဒါဖြင့် သားကောင် ဆွဲရာတွေ ပါနေတော့၊ ခင်ဗျားတို့ သဘောပါသေးရဲ့လား၊ဒါဟာ မသေရုံဘဲ ကျန်တော့တယ်။

မသေရုံတမယ်သာ ကျန်တော့တယ်လို့ မသိကြဘူး။ သားကောင် ခြောက်ကောင်ကတော့ဖြင့် သန်ရာဆွဲပြီး၊ ငါတော့ဖြင့် ရေနစ်တဲ့ ပုဂ္ဂိုလ်ကလဲ နစ်ပဟ၊ ခြုံထဲပို့တဲ့ပုဂ္ဂိုလ်ကလဲ ပို့ပဟ ကောင်းကင်ပို့တဲ့ ပုဂ္ဂိုလ်ကလဲ ပို့ပဟ၊မီးဖိုချောင် ပို့တဲ့ ပုဂ္ဂိုလ်ကလဲ ပို့ပဟ၊ သစ်ပင်အမြင့်တက်တဲ့ ပုဂ္ဂိုလ်ကလဲ ပို့ပဟလို့ တွေးလုံး မထုတ်မိဘူး ကျန်သာခံနေတာဘဲ။

မနောပေါက်ကနေပြီး အကြံအစည်က ဆွဲလိုက်ပြီဆိုယင် မျက်လုံးပေါက်က ဘာမှမမြင်၊ နားပေါက်က ဘာမှမကြား တော့ဘူး။

တခါတလေ၊ ထမင်းစားနေရတာနဲ့ဘဲ၊ မြန်မြန်စားဟေ့၊ ဒိုခါတ်ရှင်(ရုပ်ရှင်) သွားရအောင်၊ ပွဲလမ်းသဘင်သွားရအောင် ဆိုတော့ အိမ်ခွေးလဲ အခွန်ဆက်ရသေး၊ မြေဆွဲရာလဲပါချင်သေး တာဘဲ။

ခင်ဗျားတို့ ဒီအသားအရေကလေးနဲ့ ဒီအသက်ကလေးများ ရှိတာ တော်သေးတယ်ဘုန်းကြီးက အောက်မေ့တယ်။သေချင်း ဆိုး သေစရာက သိပ်များတာ။

ခင်ဗျားတို့ ဘာပျော် ပျော်နေကြသတုန်း မေးတော့၊ သားကောင်ခြောက်ကောင်ဆွဲတဲ့ နေရာမှာ သူတို့အလိုလိုက်ပြီး ကျွန်ပျော်ပျော်နေတာပါ၊မှန်ရဲ့လားလို့မေးရင် ဘယ်လိုဖြေမလဲ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သဗ္ဗညုတဉာဏ်နဲ့ ပြောတာ၊ မမှန်ဘူးမလုပ်လိုက်ပါနဲ့ ကိုယ်တိုင်လုပ်နေရတာတောင်မသိဘူး ဆိုယင် ဒီထက်အ ဒီထက်ထူတဲ့လူ ရှိသေးရဲ့လားတဲ့။

သားကောင်တွေကို ကျွန်ခံနေရတာဘဲ အဲဒါ သားကောင် ခြောက်ကောင် ဥပမာနဲ့ ဘုရားက ဒွါရခြောက်ပေါက်က နှိပ်စက်ပုံကို ရှင်းပြတာ။

ဒါတောင်မှ တကောင်က ဆွဲလို့ မနောပေါက်က ဆွဲလို့ သေခြင်းဆိုးသေရမယ် ဆိုတာတောင်မှ ခုနင်က ပါးစပ်ပေါက် ကနေပြီး ပြောချင်ဆိုချင်သေးတယ်၊ မှာချင်သေးတယ် သေခါ နီးတောင် မှာတုန်း ဘယ်သူ့ ဘယ်လောက် ပေးစရာ ရှိတယ်၊ ဘယ်ဟာ ဘယ်မျှ ရစရာရှိတယ် ပြောခဲ့ဦးမယ်။

သေတာတောင် မဖြောင့်ပါဘူး ဆိုတာအရမ်းပြောနေတာ၊ ဒွါရခြောက်ပေါက်နဲ့ ကြည့်တော့မှ အဟုတ်မဖြောင့်တာ။

ကျုပ် အကြံအစည်လေးတွေ မပြီးဘဲနဲ့ ဝိဉာဏ်ချုပ်မှာတော့ အင်း .. ဟိုမနောပေါက် အခွန်မဆက်ရမှာစိုးတယ်၊ ဒါကြောင့် ကျုပ်သေမှာတောင် အောင့်ထားချင်သေးတယ်၊ အောင့်ထား လို့မရလို့ ဒါ မနောပေါက်ကျွန်ခံတာ။

အဲဒီတော့ အသေမဖြောင့်နဲ့ဘဲသေသွားယင် အကုန်အပါယ် သွားရမယ်။ အလို မတူကြတဲ့ သားကောင် ခြောက်ကောင်ရဲ့ အကြိုက်ကို ဘယ်သူမှမလိုက်နိုင်ဘူး။

မျက်လုံး ပေါက်ကလဲ သားကလေး သမီးကလေးတွေ ကြည့်ချင်ရဲ့၊မနောပေါက်ကလဲ အကြံအစည်က မပြီးသေးဘူး၊ မရဏပိုင်းက ဇွတ်နှိပ်စက် သွားတာနဲ့ သေပွဲဝင်လိုက်ရတယ်။ ဒီလို လူချည့်ဘဲ၊ ဘာကြောင့် ဆိုတော့ ကိစ္စ မပြီးပြတ်လို့ ပြီးပြတ်သွားတာ ရှိရဲ့လား။

မြေအခွန်ဆက်နေယင်း မတ်တတ်နဲ့မရဏမင်းက ခေါ်သွားတော့ မပြီးမပြတ်နဲ့ ယဉ်ကျေးမှု၊ ထိန်းသိမ်းမှု စောင့်ရှောက်မှုဟာ၊သူတို့လက် သူတို့ခြေနဲ့အလုပ်ကိစ္စတွေမပြီးသေးဘူး။ဒီအရှုပ် မပြီးသေးခင် သေမင်းကဦးသွားတယ်၊ဘယ်အသေဖြောင့်မလဲ။ ဟိုတပေါက်က အခွန်ဆက်တာကိုလဲ မကျေနပ်၊ ဒီတပေါက်က အခွန်ဆက်တာကိုလဲ မကျေနပ်ဘူး၊မကျေနပ်တာသည်ဒေါသဘဲ ဒါဖြင့် ဒီဒေါသကလေးတွေနဲ့ဘဲ သေသွားကြတယ်။

## အဌသာလိနီ အဌကထာက

လောဘနဲ့ သေတော့ ပြိတ္တာဘုံ၊ ဒေါသနဲ့ သေတော့ ငရဲ၊ မောဟနဲ့သေတော့ တိရစ္ဆာန်လို့ များသောအားဖြင့် ဖြစ်တတ်တာ ရေးထားတယ် အသေတောင်ခက်နေပြီ။

နေတော့ နေချင်သေးတယ်ဗျာ မသေချင်သေးဘူး ဒါကလေးတွေ လူလားမမြောက်သေးလို့၊ မြေးကလေး မြစ်ကလေးတွေ သူတို့ လူလားမမြောက်ခင်၊ ရှေ့က ခေါင်းဆောင်ပြသပြီး၊

နေချင်သေးတယ်လို့ မြွေကဆဲ့သေးတယ် ဘာလို့နေချင်သတုန်း ဆိုတော့ ကျွန်ဆက်ခံချင်သေးလို့. ခြောက်ယောက်ကျွန်-

မီးဖိုချောင်ထဲ သွားချင်တဲ့ စိတ်လဲ မပျောက်သေးဘူး ငါ့ဟာငါ၊ချက်ကျွေးချင်တယ်ကွာ သူများချက်တာများ ငါက မကျေနပ်ဘူး၊အဲဒါအိမ်ခွေး စိတ်ပေါက်နေတာ၊ညီးတို့ချက်တာ ကုန်တယ် ကျတယ်၊ ပြီးတော့ ကောင်းတာလဲ မဟုတ်ဘူး၊ကိုယ့် ဟာကိုယ် ချက်လို့ရှိယင် စားဘို့သောက်ဘို့ဆားဆီ၊ငါးပိ စတာ တွေ အချိုးကျတယ်၊ ဒါကြောင့် ဘာဖြစ်ဖြစ် ငါလုပ်ရမှ ကျေနပ်တယ်၊ မီးဖိုချောင်ကိစ္စမှာ အဲဒါ အိမ်ခွေးစိတ်မပျောက်တာ။

တောခွေး စိတ်ကတော့ လူသားစားပြီး ခပ်အေးအေး တယောက်တည်း အိပ်ချင်တယ်။အံမာလေး-လူစိတ်ကိုမပါဘူး။ ဘုန်းကြီး အခု ပြောလို့ မကြိုက်ပေမဲ့ ခင်ဗျားတို့က ဒီသား ကောင်တွေရဲ့အလုပ်ကိုဘဲ လုပ်နေတာကိုး ဘယ်ရမလဲ ဒီခြောက် ကောင်ကိုဘဲ လှည့်ကျောင်းနေတယ်။ ဒါနဲ့သာ နေမယ်ဆိုယင် လူသေကို သေစရာ မမြင်ပါဘူး။

မြွေသေယင်လဲ သေရမယ်၊ သားသမီးတွေ ကြားထဲမှာ မိကျောင်း သေယင်လဲ ချောင်းထိုးပြီး သေချင်သေရမယ်၊ ငှက် လိုဘဲ ကောင်းကင်တွင် လေယာဉ်ပျံပေါ်တွင် လေဖြတ်သေချင် သေရမယ်၊ တချို့လဲ မီးဖိုချောင်က မထွက်နိုင်ဘဲ သေရမယ်၊ ဒါဖြင့်ယင် အနေကလဲ အမောဆိုက်နေတယ် အသေကလဲ နေရာ မရှိဘူး။

ဒီတရားနာရမှ သာဆိုးပါကလား၊ကိုယ့်သဘော ပါသေး ရဲ့လား၊ မပါတော့ဘူး။ အတော်ခဲယဉ်းသွားပြီ ဒါဖြင့် ဒီတရား

မျိုးလဲ မနာဘူးတော့၊ဩော်–ကံမကောင်းလို့ မီးဖိုချောင်သွေရ တယ်လို့ ပြောချင်ပြောနေမှာ၊ ဘယ်ဟုတ်လိမ့်မတုန်း၊(အိမ်ခွေး ဆွဲသွားတာ) ရှင်းပလား။

ခက်လိုက်တာ အနေလဲမမှန် အသေလဲမမှန်နဲ့ခင်ဗျားတို့ဘ၀ ဘာဘ၀လို့ဆိုကြမလဲ မေးလို့ရှိယင် ခုနင်က တိရစ္ဆာန်ခြောက် ကောင်စီမံသလိုပေါ့ ဘုရား လို့ ဖြေကြမှာဘဲ၊ အဲဒီတော့ ဝိဉာဏ် ချုပ်ခါနီးကျယင်၊ ကိုယ့်အိမ် ကိုယ့်ယာ ကိုယ့်အခန်းကလေးဘဲ စိတ်ကူးကြသလား၊တခြားနေရာမှာဘဲ လေညှင်းခံယင်း ချုပ်ကြ သလားဆိုတော့၊ ဘယ်သူမှ အသေ မမှန်ဘူးတဲ့၊ အားသန်တဲ့ သားကောင် ဆွဲရာ သေရမယ်။

အို ဒါဖြင့်အနေလဲမမှန် အသေလဲမမှန်နဲ့ ဒါလူ့ဘ၀ အရ တော်လေစ ဆိုတာများ ခင်ဗျားတို့မို့ ကြံပြီး ချီးမွမ်းတယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သဌာယတနသံယုတ်မှာ သဗ္ဗညုတဉာဏ်ရမှ ဟောတာ။

သတ္တ၀ါတို့ဖြစ်စဉ်၊မင်းတို့ ဘာလုပ်နေကြသတုန်း မေးတော့ ဘာမှပြောမနေနဲ့ ခင်ဗျားတို့ သားကောင် ခြောက်ကောင်ကို ကျောင်းနေရပါတယ်။ကိုယ့်သဘောဆိုယင် တပဲသားမှမပါဘူး။ ဒွါရခြောက်ပေါက်ရဲ့ အလိုလိုက်နေရတာ ခင်ဗျားတို့က သား ကောင်ခိုင်းလို့ လုပ်ရတယ်လို့ မသိဘူး၊ ဒါငါ့သဘောချည်းထင် နေတယ်။သားကောင်ခြောက်ကောင်ကလဲ အကြိုက်ခြင်းမတူကြ တော့ အားကိုမအားရဘူး၊ မနောပေါက်ကသေမယ်လို့ ရည်ရွယ် ချက် ရှိတာတောင်မှ မျက်လုံးပေါက်က ဖွင့်ကြည့်တယ်။ သား ကလေးတွေ သမီးကလေးတွေ ခွဲရတော့မှာဘဲ၊ မနောပေါက်က

ဘဝင်ချုပ်တော့မယ် မရဏာသန္နဇောပြီးယင် စုတိကျတော့မယ်။ အဲ့ဒါတောင်မှ မျက်လုံးပေါက်က ကျုပ်အခွန်ဆက်ပါဦးဆိုတော့ သားသမီးတွေ ဘက်လှည့်ကြည့်လိုက်သေးတယ်။ လူကတော့ မထနိုင်ဘူး။

တပည့်တော်တို့အနေကောင်း၊ အသေကောင်း သေချင်တယ်လို့တော့ လူတိုင်း လျှောက်ကြမှာဘဲ။ ဒီခြောက်ပေါက်ကို မနိုင်ယင်တော့ အနေဆိုး၊ အသေဆိုးဘဲဖြစ်ရမယ်။ဒွါရခြောက်ပေါက်ကို အခွန်ဆက်ရတာ အလိုမကျမှုမပြည့်စုံမှုတွေနဲ့ မကျေနပ်ဘဲနဲ့ သေပွဲဝင်ရတယ်။ အဲဒါဟာ ပဋိစ္စသမုပ္ပါဒ်ထက် ခက်တယ်လို့ အောက်မေ့စမ်းပါ။

ပဋိစ္စသမုပ္ပါဒ်တမျိုးတည်း ဟောနေတာမဟုတ်ဘူး၊ ခြောက်မျိုးဟောနေတာ။မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ်၊ နားပေါက်ပဋိစ္စသမုပ္ပါဒ်၊ မနောပေါက်အထိ ပဋိစ္စသမုပ္ပါဒ်ဆိုပြီး ခြောက်မျိုးကို တပြိုင်နက် ဟောနေတာ။

**ဘယ်လို စိတ်ကူးကြသလဲ**

ဒါဖြင့် သားကောင်ရဲ့ ကျွန်ခံပြီးသေမလား၊ ကိုယ့်သဘောနဲ့ကိုယ်သေမလား၊ (ကိုယ့်သဘောနဲ့ကိုယ် သေပါ့မယ်ဘုရား)။ ဒါဖြင့် ဘယ်အလုပ်လုပ်ပြီးပလဲ ဆိုတော့ ဘယ်အလုပ်မှ မလုပ်ရသေးဘူးတဲ့။ အဲဒါဟာ နားကြီးကြီးနဲ့ထောင်မှ သိတာ နားကြီးကြီးနဲ့ထောင်တော့ ဩော်—တဏှာကျွန်ပါဟော့။ တဏှာ ခြောက်မျိုးက လူဘယောက်တည်းကို ခိုင်းတာကွ။

အံမာလေး....တဏှာ ခြောက်မျိုးက မျက်လုံးပေါက်က တဏှာတမျိုးကြိုက်တယ်၊ နားပေါက်၊လျှာပေါက်၊ကိုယ်ပေါက်၊ မနောပေါက် တမျိုးစီ ကြိုက်ကြတာ။

အဲဒါမှ မသေတော့ ခင်ဗျားတို့ တော်တော် ကျွန်ပီသလို၊ ကျွန်သက်ရှည်တဲ့ ကံပါလာလို့ ဒါလောက်ရှည်နေကြတာ၊ခိုင်းသူက ခြောက်ယောက်၊လုပ်ရတဲ့ လူကတယောက်တည်း အဲဒီဟာ အဆစ်မထည့်သေးဘူး၊ပင်ကိုယ်မှာရှိတဲ့ ဒွါရတပေါက် တပေါက် ပွားပြမယ်ဆိုလို့ ရှိယင်ဖြင့် အများကြီးကျန်သေးတယ်။

ပင်ကိုယ်က ခင်ဗျားတို့ ဆုတောင်းပြည့်ထားတဲ့ ဒွါရ ခြောက်ပေါက်ကို ဟောနေသေးတာ ခင်ဗျားတို့နောက်မှ အပို လိုက်တာတွေ မထည့်သေးပါဘူး။

**အနေခက် အသေခက်။** ။အနေခက်-အသေခက် ဆိုတာ ပေါ်ကြပလား၊ အနေခက်ဆိုတာ ဘယ်တော့မှ အလုပ်နဲ့လက်နဲ့ ကို မပြတ်ဘူး။ ဒါဘာတုန်း ဆိုတော့ စားဘို့သောက်ဘို့လေ၊ တဏှာက ဘာယုပ်လုပ် စားဘို့ သောက်ဘို့ချည်းဘဲ။

အိပ်တယ်ဆိုတာလဲ ခန္ဓာကိုယ်ကျန်းမာဘို့ ဆိုတာ တဏှာက ခိုင်းတာဘဲ ဒါဖြင့် အတော်ခက်နေပြီ။

တဏှာအရှင်သခင်ခြောက်ယောက်ကလဲ ငါခိုင်းတာ မလုပ် ဘူး၊ သူများ ခိုင်းတာလုပ်ရမလားလို့ မကျေနပ်ဘူး ကပါသေး တယ် ဘယ်လိုတုန်းဆိုတော့—

မျက်လုံးပေါက်တဏှာက အရုပ်ကြိုက်တယ်ဆိုတာ ငါတော့ အရုပ်ထဲမပိုဘဲနဲ့၊ သူရေထဲဆင်းပြီးသကာလ မိကျောင်းကြိုက်တဲ့

ဆီ သူလိုက်နေတယ်ဆိုပြီး၊ သူကများ သွေဖေါက်တဲ့အခါ ပါသေးတယ်။

တည့်အောင်လုပ်နိုင်ကြပါ့မလား (မလုပ်နိုင်ပါဘုရား) တည့်အောင် မကျောင်းနိုင်ဘူး၊ မကျောင်းလဲ မဖြစ်ဘူး၊ ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲဆိုတော့ မတက်နိုင်ဘူး၊ ဒါဘဲ....ခင်ဗျားတို့ ပြောမှာဘဲ။ ဒါဖြင့် တချို့အရွယ်မရောက်ဘဲနဲ့ အိုအရွယ်မရောက်ဘဲနဲ့ နာတာတွေ ရောဂါများတာတွေဟာ ဘယ်လို ဆိုမလဲ ဆိုတော့ ဒဏ်ချက်ပိတာ။

ဘာဖြစ်လို့ ဒဏ်ချက်ပိတာလဲဆိုတော့ မျောက်ဆွဲရာလိုက်ရလို့ မအားဘူး၊ ငှက်ဆွဲရာ လိုက်ရတော့လဲ မအားဘူး၊ ဒါကြောင့် ဒဏ်ချက်သင့်တာ၊ အဲဒီဒဏ်ချက်တွေက ပိတော့ အသက်တမ်းကလေးတောင် စေ့မှစေ့ပါ့မလားဆိုတော့ သက်တမ်းစေ့နေရဘို့အတော် ခဲယဉ်းတယ်။ ဒါ့တောင်မှ ဒီလောက် ဆိုးရက်သားနဲ့ ဆိုးသာဆိုးတယ် ဆိုးပျော်ကြီး၊ ခင်ဗျားတို့အထင်ကလေ၊ အဖြစ်ဆိုးကြီးကိုတောင် ဆိုးသာဆိုးတယ် ဆိုးပျော်ကြီးလို့ ခင်ဗျားတို့က ထင်တော့ အ တာနဲ့ ထူတာမှာတော့ ကန်းကုန်နေလို့သာ ဆိုးပျော်ကြီး ထင်နိုင်တာဘဲ။

ဉာဏ်ပါတဲ့လူသာဆိုယင်တော့ပြီကွာ၊မင်းတို့ခြောက်ယောက်နေ့ာက် ငါမလိုက်ဘူး၊ ကိုယ့်အကြိုက် ကိုယ့်အလိုက်နဲ့ နေတော့မယ်။ ဒီလိုချွေးပြောဘူးကြရဲ့လား၊ ဘယ်ပြောဘူးကြလိမ့်မတုန်း၊ ဒီလောက် ဆိုးမှန်းမှ မသိဘဲ။

ဆိုးမှန်းမသိဘဲ အဝိဇ္ဇာက အုပ်ချုပ်ထားတော့ကို ဆိုးတာတွေဟူသရွှေ့ဟာ ဆိုးနိုင်သလောက် ဆိုးပါစေ။ ကျုပ်သေပြီး

သကာလ၊ တဏှာနဲ့ သီးခံပါမယ် ဆိုပြီးတော့ ခင်ဗျားတို့ကလဲ ဒီနေရာမှာ ခန္တီဝါဒီဇာတ်ကို တဏှာခိုင်းတာမှ ကျေနပ်တယ်၊ တကယ့်ပါရမီဖြစ်မှာကျတော့ ခြင်ကိုက်တာတောင် မခံနိုင်ဘူး။ **သားကောင်ခြောက်ကောင်အလှူ။** ။ဒီတရားဟာအင်မတန် အရေးကြီးတယ်၊ ဩော်-ဒို့ဘယ်လိုများ ရှေးကနေခဲ့ကြရပါ လိမ့်မတုန်း။ ကုသိုလ်တွေ အများကြီးရခဲ့ကြသလား ဆိုတော့ မရပါဘူး။

တဏှာခြောက်ယောက်ရဲ့ ကျွန်တယောက် ဖြစ်နေတော့ ကုသိုလ်လုပ်ချိန်မပါပါဘူးဗျာ ပါတဲ့ ကုသိုလ်ဟာလဲ သူခိုင်းတဲ့ ကုသိုလ်ပါ၊ ဒါဖြင့် ကုသိုလ်စစ် မဟုတ်ဘူး။ အာသဝနယ်က မလွတ်ဘူး၊ကာမာသဝ က အုပ်ချုပ်ထားတယ်၊ဆိုထိုက်မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။ ဒါဖြင့် ကုသိုလ်ကလေး လုပ်တာ တောင်မှ စင်စင်ကြယ်ကြယ်မလုပ်နိုင်ဘူး။ ဘယ်လုပ်နိုင်မတုန်းဗျ မဏ္ဍပ်ကလေး ထိုးချင်တာက မျက်လုံး အကြိုက်ကိုး၊ အတီး အမှုတ်ကလေးထည့်ချင်တာက နားကြိုက်မဟုတ်ဘူးလား၊အခင်း ကလေး အနှီးကလေးကောင်းချင်တာက ကိုယ်အကြိုက်၊ ဟင်း ကျွေးကောင်းအောင် ချက်ပါ ဆိုတာက အိမ်ခွေးကြီးကြိုက် ဆိုတော့ ဘယ်အလှူ တလှူမှ ခင်ဗျားတို့ရဲ့ အလှူကို မပါဘူး ပါသေးရဲ့လား၊သားကောင်ခြောက်ကောင်ရဲ့ တိရစ္ဆာန်အလှူတွေ ဖြစ်နေတယ်။ သေသေချာချာတွေးတော့ သားကောင်ခြောက် ကောင်ရဲ့ အလိုလိုက်ပြီး လုပ်တဲ့ ပွဲတခုပါဘဲ။

ဒါက အင်မတန်သဘောပါတဲ့ ဆရာကပြောလို့ ခင်ဗျားတို့ 
15 က ရိပ်မိတာနော်၊ နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့အလှူက လှူ

သာခုခေါ် နတ်သာခုခေါ်ပေါ့ဗျာ။ အံမာလေးကြွားများကြွား လိုက်သေးတယ်၊ ကြောက်စရာကောင်းတဲ့ လူတွေ—

**လူတော့လူပါ....သို့သော်။** ။ဒီသားကောင်တွေရဲ့ အလို ကို လိုက်ပြီး၊စီမံလိုက်တော့ ဒီအကျိုးဆက်ကြောင့် နောက်ကိုလဲ သားကောင်ခြောက်ကောင်ရဲ့ ခိုင်းတာကိုဘဲခံရပါလို၏ ပေါ့ သေသေချာချာတွေးမှနော်၊ခင်ဗျားတို့ကို မလှူနဲ့မတန်းနဲ့ ပြော တာ မဟုတ်ဘူး၊ခင်ဗျားတို့ ဥစ္စာ ဝဋ်ပါနေတယ် ဆိုတာတော့ သေချာနေလို့ ပြောတာ။

မတတ်သာလို့ ကျွေးရ မွေးရတာတွေကော ခင်ဗျားတို့မှာ မရှိဘူးလား။ ပေးရ ကမ်းရတာတွေကော (ရှိပါတယ်ဘုရား) ဘယ့်နှယ်လုပ်ခဲ့သတုန်းလို့မေးယင်(ဒွါရခြောက်ပေါက် စီမံရာဘဲ ဘုရား)ရှင်းပလား။ဟင်းကလေးထမင်းကလဲ ကောင်းပါစေကွာ ဆိုတာ အိမ်ခွေးအတွက် ဆိုတာ ရိပ်မိပလား ဆိုတော့ သူက နေရာတိုင်းပါဘဲ သူမပါတဲ့ နေရာမရှိဘူးဆိုတော့ ဒကာဒကာမ တွေ အသူကြီးတခုလုပ်လိုက်တာ တော်တော်အမောဆိုက်သွား တယ် ဆိုတာ ဘာဖြစ်လို့လဲ ဆိုတော့ သားကောင် အလို ကို လိုက်ဖြည့်နေရလို့။

ခြောက်ကောင်ရဲ့အလိုကိုလိုက်ဖြည့်ရတာ အမောကတောင် နည်းသေးတယ် လဲမသေတာ ကျေးဇူးလို့ ပြောရသေးတယ်။ ရိပ်မိပလား ကဲရိပ်မိသွားပြီ၊ ရိပ်မိမသွားသေးဘူးလား၊ (ရိပ်မိ သွားပါပြီဘုရား)။

ခင်ဗျားတို့ တော်တော်ကြာလို့ရှိယင် သားကောင်တကောင် က အခန်းထဲဆွဲမယ်၊ တောခွေးက ရေအိုးနား ဆွဲသွားပြန်ပြီ

တော်တော်ကြာမီးဖိုချောင်လဲဆွဲချင်ဆွဲမယ်၊ ရေနွေးကလေး မရှိဘူးလား လဘက်ရည်ကြမ်းကလေး မရှိဘူးလားလို့ ဆွဲမယ်။

ဒါဖြင့် ခင်ဗျားတို့ ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်အလိုက်ဟာဖြင့် မရှိပါဘူး၊ သားကောင်တွေရဲ့ အလိုဘဲလှည့်လိုက်နေရတယ်။တခါကျယင် ခင်ဗျားတို့ကို ဘုန်းကြီးကတောင် ချီးမွမ်းရသေးတယ်။ ဒီခြောက်ကောင်စလုံးများ ဆွဲလိုက်ယင် လူပါမြုပ်တယ် တလှည့်စီဆွဲနေပေလို့ တော်သေးရဲ့။

အင်း....အရုပ်ထဲ သေရမလား၊ရေထဲ သေရမလား၊ ကောင်းကင်သေရမလား၊မြို့အရိုးတခြား အသားခြားဖြစ်ပြီး ခင်ဗျားတို့ ဒုက္ခရောက်မယ်၊ ဘယ်သူမှ နိုင်တာတုန်း ဆိုတော့ သားကောင်မနိုင်လို့ ဒုက္ခရောက်ရမယ်တဲ့။ ဒါဖြင့်ယင် ဘုရားက နိဂုံးချုပ်လိုက်တယ်တဲ့ သားကောင်ခြောက်ကောင် မနိုင်သရွေ့ဖြင့်ကွာ တဲ့ ဘယ်အခါကာလမှ ကိုယ့်အကြိုက် ကိုယ့်အလိုက်ဆိုတဲ့ ဒုက္ခသစ္စာငြိမ်းတဲ့ နိဗ္ဗာန် မရောက်နိုင်ဘူးတဲ့ ဒါဖြင့် ခင်ဗျားတို့မအားတာဖြင့် ကောင်းကောင်းပေါ်ပါပြီ။

ဒါဖြင့် တပည့်တော်တို့နေစရာလဲ မြေမရှိဘူး ဘုရား။ သေစရာလဲအမြဲမရှိဘူး ဘုရား ဆိုတာပေါ်ပြီ။ အဲဒီလိုချည်း ဘဝတိုင်းလာခဲ့တယ်၊ ဒါဖြင့်(ကျွန်တယောက် သခင်ခြောက်ယောက်ပါဘုရား)။

**အသေဆိုး အနေဆိုး။** ။ဒါဖြင့်ယင် သေခြင်းဆိုးနဲ့ နေခြင်းဆိုးဘဝချည်း တွေ့ခဲ့ရတယ်။ ဒါဖြင့် တပည့်တော်တို့ နောက်ကဘာများဖြစ်ခဲ့ကြသတုန်းလို့ မေးမနေနဲ့တော့။

တပည့်တော်တို့ ဘာဖြစ်ခဲ့သတုန်းမေးတော့ တခြား ပုဂ္ဂိုလ်တွေကတော့ ခင်ဗျားတို့ လူကြီးသူမတွေမို့ မင်းကွာ မဖြစ်ဘူးတဲ့ဟာမရှိဘူး၊ စကြာဝတေးမင်း မာရ်နတ်မင်းလဲ ဖြစ်ခဲ့တာပေါ့ကွာ၊နတ်ပြည် ခြောက်ထပ်ဆိုတာ မင်းခြေရာချည့်ပေါ့ကွ စသည်ဒါက သာယာတဲ့ သဘောကနေပြောတာ။

အခု အပြစ်ပြတဲ့ သဘောကနေပြောတော့ ကွာ....ဘာများဖြစ်ခဲ့ပါသတုန်း။ အို....ကျွန်သဘောက်ချည်းဘဲ ဖြစ်ခဲ့တယ်။ ဘယ်သူ့ ကျွန်တုန်းလို့ မေးလို့ ရှိယင်၊ဒွါခြောက်ပေါက်မှာ ရှိတဲ့ တဏှာခြောက်မျိုးရဲ့ကျွန်။

တဏှာခြောက်မျိုး၏ တယောက်တည်းကျွန်၊တဏှာခိုင်းတာကတော့ ခြောက်မျိုး၊လုပ်တဲ့ ကျွန်သပေါက်ကတော့ တယောက်တည်း။

ကဲ ခင်ဗျားတို့ ရှေးကအနေဆိုးဖြင့် နေခဲ့ရပြီ၊ ဒီနောက် ဒီခြောက်ကောင်ကို နိုင်တဲ့နည်းကို ဘုရားကလဲမဟော၊ဆရာကလဲမပေးဘူးဆိုလို့ ရှိယင် ခင်ဗျားတို့ ဒီသံသရာထဲမှာပြန်လှည့်မယ်၊သားကောင်ခြောက်ကောင်၏စိမံရာကိုသာလိုက်နေယင် ခင်ဗျားတို့ သေစရာလဲ မမြဲဘူး နေစရာလဲ မမြဲဘူး။

ဒါဖြင့် ဒီသားကောင် ခြောက်ကောင်ကို နိုင်မှသာလျှင် အသေကောင်း အနေကောင်း ဖြစ်မယ် ဆိုတာ သဘောပါကြပလား။

## ဝိဝေကသုံးပါး ကျင့်ရမည်

တကာတကာမတို့ လူတယောက်မှာ အနာတွေပြည့်နေတယ်တဲ့ အနာတွေပြည့်နေတဲ့ ပုဂ္ဂိုလ်ဟာ ဆူးတောထဲ ဝင်သွားလို့

ရှိယင်ဖြင့် ဘယ်နေရာမှာ မထိခိုက်ဘူးဆိုတာတော့ ပြောဘို့ရာ မလိုတော့ပါဘူး။သူကလဲ အနာတွေပြည့်နေတယ်၊ ဆူးတွေရှိတဲ့ ခြုံတွေထဲလဲ ဝင်တယ်ဆိုယင် ဘယ်နေရာကများ လွတ်စရာရှိသေးသလဲ သူ့မှာထိခိုက်မှာချည့်ဘဲတဲ့။

ထို့အတူဘဲတဲ့ ဒီတကာ ဒကာမတွေမှာ မျက်လုံးပေါက်ကလဲ ကိလေသာရှိ၊ နားပေါက်ကလဲ ကိလေသာရှိ၊ နှာခေါင်းပေါက်ကလဲ ကိလေသာရှိ၊ လျှာပေါက်ကလဲရှိ၊ ကိုယ်ပေါက်ကလဲ ကိလေသာရှိ၊ မနောပေါက်ကလဲရှိ ကိလေသာက ခြောက်မျိုးတောင်ရှိနေတယ်။အဲဒီ ကိလေသာက ခြောက်မျိုးတောင် ရှိနေတော့ မြို့ထဲ၊ ခြုံထဲသွားလဲ မျက်လုံးပေါက်ကကိလေသာ လာမှာဘဲ ကိလေသာ ခြောက်မျိုးစလုံး လာမယ်။ ကိုယ်ကလဲ ကိလေသာ အနာတွေ ရှိနေတော့ ဆူးတောထဲ တိုးတာကွ လို့ ဘုရားက ဟောတယ်၊ ကြောက်စရာ မကောင်းဘူးလား။

ခင်ဗျားတို့ကလဲ ကိုယ့်အကြောင်း ကိုယ်သိတော့ ဟိုနေရာဖြင့်လဲ သွားဦးမှတော်မယ်၊ ဒီနေရာဖြင့်လဲ သွားဦးမှတော်မယ်၊ သွားရမည့်တောကလဲ ဆူးတော၊ ဟိုက အာရုံဆူးတွေက စူးမှာ ရူပါရုံကစူး၊ သဒ္ဒါရုံကစူး၊ ဂန္ဓာရုံကစူး၊ရသာရုံကစူး၊ဖောဋ္ဌဗ္ဗာရုံကစူး၊ ဓမ္မာရုံကစူး၊ စူးတိုင်းလဲ ကိလေသာ အနာတွေက ရှိနေတော့ ဟိုကစူးလိုက် ဒီက ထကြွလိုက်—

လိုချင်လိုက်၊ ကြားချင်လိုက်၊ စားချင်လိုက်၊ အိပ်ချင်လိုက်၊ ပြန်ချင်လိုက်၊ စီစဉ်လိုက်၊ ဒါတွေက အကုန် ထကြွလာတာဘဲ ကိုယ်မှာလဲ ကိလေသာ အနာကလဲ မချုပ်သေး၊ ဆူးတောလဲ တိုးပြန်တယ် ဆိုတော့ သက်သာခွင့်ရကြပါ့မလား၊ မရကြဘူး

ဆိုတာမှတ်ထားပါ၊ သိပ်အရေးကြီးတယ်။ ဒါ့ကြောင့် ကာယဝိဝေက ဆိုတာ ဆိတ်ငြိမ်တဲ့နေရာမှာနေဘို့ရာ ဆူးမစူးအောင်လို့ ဘုရားက ဟောတော်မူရ ရှာတာ။

ခင်ဗျားတို့မှာ ဆူးမစူးရလို့ရှိယင် မနေနိုင်တဲ့ လူနာတွေဖြစ်ပြီး သကာလ နေတော့တယ် ဆိုယင်လဲ မလွဲဘူး ဘာဖြစ်လို့ တုန်းမေးတော့၊ကိုယ်က သွားကြည့်ချင်တယ်၊ သွား နားထောင်ချင်တယ်၊ ကိုယ်သွားပြီး ပြောလိုက်ချင်တယ်၊ ကိုယ်သွားပြီး အကြံဉာဏ်ပေးချင်တယ်၊ ကိုယ် ကိုယ်တိုင်သွားပြီး မျက်နှာကလေး ပြချင်တယ်၊ အရှုပ်သားဘဲ။ အနာကလဲအပြည့် ဆူးတောကိုလဲထပ်တိုးချင် အန္တရာယ်မှ ကင်းပါ့မလား၊ သေသေချာချာ စဉ်းစားကြဦးကွ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတာ အနာသမား ဆူးထဲတိုးတာလောက်ဆိုးတာတော့မရှိဘူးဟေ့.... တဲ့။

ကိလေသာအနာက ကိုယ့်မှာ တကိုယ်လုံး ရှိနေတယ်၊ ရူပါရုံ သဒ္ဒါရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဆိုတဲ့ဆူးတွေကလဲ ဝိုင်းနေတယ်။ ခင်ဗျားတို့ကလဲ ဒီအထဲ ဟိုပြေးလိုက် ဒီပြေးလိုက်၊ ဘာလုပ်နေကြတာတုန်းဆိုယင် ဘယ်လိုဖြေကြမလဲ (ကိလေသာဆူးတောထဲ တိုးတာပါ ဘုရား)။

ကိလေသာဆူးတောထဲတိုးတော့ အနာမှကြွပါ့မလား အနာကြွလို့ရှိယင် အပါယ်ဒုက္ခ သက်သာပါ့မလား (မသက်သာပါဘုရား) သူဘာဖြစ်လို့၊ အပါယ်ကျချင်လို့ကျတာလား လူနာသမားဆူးတောထဲတိုးချင်လို့ ဖြစ်ရတာလား အနာသမားဆူးတောထဲတိုးချင်လို့ ဖြစ်ရတာမသိကြဘူး ကိုယ်သွားမှပြီးမယ်

ကိုယ်ပြောမှ ကိုယ့်ကြည့်မှနဲ့ ကြည့်ယင် လောဘနဲ့ ဒေါသ လာလိမ့်မယ် နားထောင်ယင်လဲ လောဘ ဒေါသနဲ့ မောဟ၊မောဟဆိုတာက သဟဇာတအဖြစ်နဲ့ ပါနေမှာဘဲ အဲဒီတော့ ဒီအနာသမား အငြိမ်မနေတာက အတော်ဆိုးတယ် ဆူးဆိုတာကိုခင်ဗျားတို့ သိပ်မယုံဘူး ရူပါရုံကို ဥပမာမယ်၊ မကောင်းတဲ့အနိဋ္ဌာရုံမြင်လိုက်မယ်ဆိုယင် ထိတ်ကနဲ လန့်ကနဲစူးသွားတယ်ဆူးမဟုတ်ဘူးလား ကောင်းတဲ့အာရုံဆိုလို့ရှိယင် ပြုံးကနဲ ရွှင်ကနဲဖြစ်သွားတယ် အဲဒါဆူးမဟုတ်ဘူးလား သဒ္ဒါရုံကလဲ၊ ခပ်ကြမ်းကြမ်းအသံကြီး၊ အော်သံ၊ အက်သံ၊ ငိုသံတွေ ကြားလိုက်မယ်၊ ဆိုလို့ရှိယင် ထိတ်ကနဲ ဖိုကနဲ သဒ္ဒါရုံဆူးက မဆူးဘူးလားဟာ-ဒီအသံကောင်းတွေနဲ့ သီချင်း ဘာညာဆိုနေလို့ ရှိယင်လဲတဏှာက ရပ်ပြီး နားထောင်ချင်တယ် ဆိုတော့ ဆူးစူးလို့ ရပ်တာဘဲ၊ဂန္ဓာရုံတွေကလဲ ဣဋ္ဌ-အနိဋ္ဌ နှစ်မျိုးရှိတာဘဲ အနိဋ္ဌာရုံတွေ တွေ့ပြန်လို့ရှိယင် တံထွေးတွေ ဘာတွေဖြစ်လာတယ် ဆူးစူးတာဘဲ၊ မွှေးတယ် ကြိုင်တယ် ဆိုလို့ရှိယင်လဲ ရှူချင် ရှိုက်ချင်တဲ့ တဏှာ အနာက ကြွလာတာဘဲ ရသာရုံကလဲ ဒီအတိုင်းဘဲကောင်းတာစားမိယင် တခါတည်း ပြုံးရွှင်လာတာဘဲ မကောင်းတာစားမိယင်ဖြင့် ဒေါသ အနာတွေ ထလာတာဘဲ အဲဒီတော့ခင်ဗျားတို့မှာ အနာကရှိနေတော့ ဆူးထဲတိုးယင် ဒီအနာတွေခဏ ခဏ ကြွလာတာ တွေ့ရမှာဘဲ။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကာယဝိဝေက၊စိတ္တဝိဝေက ဆိုတာကိုယ် ဆိတ်တဲ့နေရာ စိတ် ဆိတ်တဲ့နေရာ နေကြစမ်းပါကွာတဲ့ မင်းတို့မှာ ဆူးစူးမှာစိုးရိမ်လွန်းလို့

ဟောတာများ ခင်ဗျားတို့က သေးသေးသိမ်သိမ် မှတ်နေလို့ ရှိယင်ဖြင့်တဲ့။

ကိုယ်ကတော့ အနာမျိုး စုံပေါက်နေတဲ့ပုဂ္ဂိုလ် ဆူးအမျိုးစုံ စူးမယ်ဆိုလို့ ရှိယင်ဖြင့် သက်သာခွင့်တောင် မမြင်ဘူး သိပ်ကြောက်စရာကောင်းပါကလား ကျုပ်တို့က မြို့ထဲမှာပျော်တာ တောဆိုယင် ကျုပ်တို့မပျော်ဘူး ဘာဖြစ်လို့တုံး၊ ဆူးစူးခံရလို့ အနာဖျောက်နေရမှ၊ ကုတ်ကင်းထိုးတဲ့လူလို စုပ်နေရမှ ဖျောက်နေရမှ ကောင်းတဲ့အဓိပ္ပါယ်ရောက်တယ်။

တောထဲမှာ ကျုပ်တို့ မပျော်ဘူး မြို့ထဲမှ ကျုပ်တို့နေတတ် စားတတ် သွားတတ် လာတတ်တယ် ဘာဖြစ်လို့တုံးဆိုတော့ အနာပေါက်နေရမှ ကျေနပ်တယ်ပြောတာ၊ဒါလောက် ပုထုဇန်ရှူး ရှူးနေတယ်ဆိုတာ ပေါ်ကြပလား အရှူးမှာ ကန်းကုန်နေတယ်လို့ ဆိုယင် ခင်ဗျားတို့ ငြင်းဘို့မလိုတော့ဘူး အနာဖျောက်နေရယင် ကျေနပ်တယ် အနာပေါက်လို့ အနာဖျောက်နေရယင် ကျေနပ်တယ် အနာကင်းနေယင် မကျေနပ်ဘူး။

ဒီနေရာမှာ ဘာသံမှမကြားရဘူး သတင်းစာလဲမရောက်ဘူး ရေဒီယိုသံလဲမကြားဘူး ဒါ့ကြောင့်မို့ တောမျှားလူဖြစ်ရတာ မကောင်းပါဘူး အစ ရှိသည်နဲ့ ခင်ဗျားတို့က အနာမပေါက်ရယင် မကျေနပ်ဘူး ညဉ်းလာတယ်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သတ္တဝါတွေ သနားတာကြောင့် အနာကင်းကင်းနဲ့ နိဗ္ဗာန် အဗျာဓိဆိုတဲ့ အနာကင်းတဲ့ နိဗ္ဗာန်ကို ပို့ချင်ရှာတယ်။ ခင်ဗျားတို့က အနာမရ မနေ

တတ်နဲ့၊ ဩော်....ဘုရားအဆူဆူတွေ ဒီ့ကို ဘယ်လိုများ ထား ခဲ့ပါလိမ့်မတုံး ဆိုတော့ ဒီအကြိုက်နဲ့ ဘုရားအကြိုက်နဲ့ မကိုက်လို့ နေရစ်ရတာဟ လို့သာ မှတ်ကြပေရော့။

ဘယ့်နှယ်တုံး ဂင်္ဂါဝါဠု သဲစုအမျှ ပွင့်တော်မူကြတဲ့ ဘုရား တွေဟာ မဟာကရုဏာ မရှိတဲ့ ဘုရားရယ်လို့ တဆူမှ မပါဘူး၊ ရင်ဝယ်သားကဲ့သို့ သတ္တဝါတွေကို သနားတာချည့်ဘဲ။

ကျုပ်တို့က မသနားပါနဲ့ ကိုယ်တော်ကိစ္စ ကိုယ်တော်လမ်း ကိုယ်တော်သွားပါ ကျုပ်တို့လမ်း ကျုပ်တို့ သွားပါ့မယ် ဆိုပြီးဘဲ တိုက်တာ၊ ဘုရားက ဆူးတောထဲ မတိုးနဲ့ ဆိုတဲ့ဥစ္စာ ကျုပ်တို့က မတိုးဘဲ မနေနိုင်ဘူး။

ဘုရားက ဆူးတောကွ သေသေချာချာပြောရှာတာ ခင်ဗျား တို့က မတိုးရ မနေနိုင်တော့ ပျင်းသလေး ချောက်သလေးနဲ့ တခါတည်းဘဲချည့် တိုက်စကားတွေ ပြောနေတော့ ဘုရားသာ ပရိနိဗ္ဗာန် စံသွားတယ် ခင်ဗျားတို့ ကျုပ်တို့ ဆူးတောထဲက မထွက်ရဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ ကိုယ်ပျော်ရာ ကိုယ်နေလို့။

ခင်ဗျားတို့ကို ခတ်ရိုင်းရိုင်းပြောတော့ ပြာပုံကြိုက် ဖြစ်နေ တယ်။ ကော်ဇောကြိုက်မဟုတ်ဘူး၊ ခွေးဟာ ကော်ဇောပေါ် မှာ အိပ်ပါလားဆိုတော့ မရဘူး၊ ပြာပုံမှသူကြိုက်တာ သူ့ထုံးစံ အတိုင်းဖြစ်နေလို့ ငါးပါးအာရုံ ကာမဂုဏ်ထဲမှာ နေလို့ရှိယင် တော့ ဆူးစူးမှာဘဲ။

အဲဒီတော့ ဩော်-ဒီလူဟာ ကံမကောင်းရှာဘူး အသက် တိုသွားတယ်၊ စွဲချက်က သိပ်လွဲသွားတယ် ကံမကောင်းလို့

အသက်တိုတဲ့လူက အတော်နည်းပါတယ်၊ ဆူးဒဏ်ချက်ကြောင့် ဝိညာဏ်ချုပ်ရတဲ့လူက များတယ်။

**ကမ္မဝါဒီ ဒိဋ္ဌိတဲ့။** ။ကံကြောင့် သေတာ မဟုတ်ဘဲနဲ့ ကံကုန်လို့ သေသွားတယ်ယူယင် မှန်ပါ့မလား၊ အဲဒါ ဘာဒိဋ္ဌိ ခေါ်သလဲ(ကမ္မဝါဒီ ဒိဋ္ဌိပါ ဘုရား)။

သူက ကံတခုကိုသာ နားလည်တာ၊ သေပုံတွေက ဥပပီဠကာ၊ ဥပစ္ဆေဒက၊ ဥပဃာတက၊ ဒါတွေ ဘယ်နှယ်ဆိုကြမတုံး၊ ဆတ်ဆော့မှုတွေ မရှိဘူးလား မူးပြီးသေတဲ့ပုဂ္ဂိုလ်ရှိတယ်၊ အမူးလွန်လို့ သေတဲ့ပုဂ္ဂိုလ်ရှိတယ်၊ လော်လည်မှုကြောင့် သေတဲ့ပုဂ္ဂိုလ်ရှိတယ်၊ အဲဒါ ဆူးစူးလို့သေတာ ကံနဲ့မဆိုင်ဘူး ဒါဖြင့် ဆူးနဲ့သေတဲ့ပုဂ္ဂိုလ်က များတယ်။

ဥပမာ- ငွေလိုချင်လို့ ငှက်တော ခွေးတော သွားလိုက်တယ် တော်တော်ကြာ ငှက်မိပြီး ရေတွေမသန့်တာ သောက်ရလို့ အစားအသောက် တရပ်တဒေသ ပြောင်းလို့ သေတဲ့ ပုဂ္ဂိုလ် ကျတော့ ကံကုန်လို့သေတယ်ဆိုကြမလားတဲ့၊ အဲဒီလူဟာ မနေသင့်ရာမှာ ဆူးစူးလို့သေတယ်။

အဲဒါ ကံချည်း ချနေကြတယ် ဆိုတော့ သိပ်လွဲတယ်၊ ဒါကြောင့် ဘုရားက ကမ္မဝါဒီ ဒိဋ္ဌိတွေလဲ မနည်းဘူး ကွတဲ့၊ ခင်ဗျားတို့က ဘယ်သူသေသေ ကံကုန်ရှာပြီ မှတ်ထားတာ ဆတ်ဆော့မှုကို မထည့်ဘူး။

ဥပမာမယ်-တနေ့က တံတားကြီး ပေါ်က တကာမ တယောက် ခုန်ချသေတယ်ဆိုတာ သတင်းစာထဲ ပါလာတယ်၊

သုပယောဂနဲ့သူ သေတာ ကံနဲ့ဘာဆိုင်သတုံး၊ သူသေတဲ့ဥစ္စာ မနေ့ဘဒ္ဒါရမှာ မကြေနပ်ပွဲနဲ့ သေတာ၊ အဲဒါကို သြော်-ကံက သူ့ဘဝက ဝိပါကဝဋ်မကင်းလို့ ထင်ပါတယ်ဟ၊ ဒါဖြင့် ဝိပါက ဝဋ် မကင်းလို့ ထင်ပါရဲ့လို့ ဆိုလို့ရှိယင် ခက်ရချည်ရဲ့ အခုမှ လုပ်တာတွေ အကုန်အဟောသိကံ ဖြစ်ကုန်မှာဘဲ။

အဲဒီတော့ အတိတ်ကံချည်း ချနေယင် **ကမ္မဝါဒီ** ဒိဋ္ဌိဖြစ်နေတယ်။ အဲဒီတော့ ကျုပ်တို့ ဗုဒ္ဓဘာသာထဲမှာလဲ ကမ္မဝါဒီ ဒိဋ္ဌိတွေ သိပ်များတယ်။ ဘာဘဲဖြစ်ဖြစ် သူတို့က အကြောင်းမညီညွတ်ယင် ကံချည်းဘဲချတာ၊ ဆူးပေါ်ကို စိတ်ဆိုးပြီး နင်းလိုက်တယ်၊ စိတ်ဆိုးလို့ မီးပုံထဲခုံချတယ် ဒါဟာ ကံဆိုကြမလား မနေ့ဘဒ္ဒါရမှာ ဆူးစူးလို့ဖြစ်တာ။

ဒါဖြင့်ယင် ခင်ဗျားတို့ ငြိမ်ငြိမ်နေမှဖြစ်မယ်၊ ခင်ဗျားတို့က အနာမျိုးစုံပေါက်နေတယ်၊ ဆူးတောကို ထပ်တိုးလို့ရှိယင် ဆူးကြောင့် အနာတိုးလာမယ်၊ ငြိမ်ငြိမ်နေကြ၊ ခင်ဗျားတို့ကိုက ငြိမ်ငြိမ်နေလို့မရဘူး ဘုရားဆိုရင်၊ ဟိုနေရာလဲ ငါပါမှ ဒီနေရာလဲ ငါလုပ်မှဆိုတော့ အဲဒါဘာဖြစ်သတုံးဆိုတော့ ဆူးစူးခံချင်လို့ လူရာဝင်ချင်တာ။

အဲဒီဆူးဒဏ်ချက်တွေဏာများတော့ အိုချိန်မရောက်ဘဲနဲ့ အိုရတယ်၊ ရုပ်-ရုပ်ချင်း ထိခိုက်တာ၊ နာလွန်းလို့ မျက်ရည်များ ထွက်လာတယ်၊ ရုပ် ရုပ်ချင်း ထိခိုက်လို့ ဖြစ်လာတာ၊ ဟိုက အသံရုပ်နဲ့ ဒီက ကမ္မဇရုပ်နဲ့ သွားပြီး ထိခိုက်လိုက်တော့ တခါထည်း မျက်ရေများ တောင်ဖြစ်လာတယ်၊ဟိုက ငိုသံကြားနဲ့ဒီက

မျက်ရေ ထွက်တာများ မရှိကြဘူးလား၊ ဒါတွေ ရုပ်ရုပ်ချင်း ထိခိုက်တာ။

အဲဒါတွေ ကျတော့ ပင်ကိုယ်ရုပ်လား ဆူးစူးတဲ့ ရုပ်လား ဆိုတော့ ဆူးစူးတဲ့ရုပ်ဆိုတာ သေချာတယ်၊ ဘုန်းကြီးငယ်ငယ် တုန်းက ညောင်လေးပင်ဘက် သွားတုန်းက တရားပွဲ ထဲမှာ တကာမ တယောက်ဟာ သူ့သားနဲ့တူတဲ့ ကလေးဟာ သူ့သား အဝတ်အစားမျိုး သွားတွေ့တော့ သူ့သားကလဲ သေတာမကြာ သေးဘဲကိုး၊ အဲဒါကြည့်ပြီး တခါထည်း တက်တာဘဲ အိမ်ယူ သွားတော့ သေတာဘဲ၊ အဲဒါ မျက်လုံးပေါက်ကနေပြီး သတ် လိုက်တာ၊ ရူပါရုံ ဆူးစူးတာ။

ဥပမာမယ်-မန်ကျည်းပင်ကြီး ရှိလျက်သားနဲ့ သူရဲလို့ စိတ်က လုပ်ပြီး ထင်လိုက်လို့ ရှိယင်ဖြင့် သေပြန်တာဘဲ၊ အဲဒါ ရူပါရုံ ဆူးစူးချလိုက်တာ။ သဒ္ဒါရုံဆူး စူးတာကတော့ ဗုံးတွေချတုံးက တွင်းထဲအောင်းရင်း အသံကပြင်းလွန်းလို့ တွင်းထဲသေနေတယ်၊ ဗုံးမကျပါဘူး၊ အဲဒါ သဒ္ဒါရုံ ဆူးစူးချလိုက်တာ သေတာဘဲ။ အနံ့နဲ့ လေတာကတော့ အဆိပ်ဗုံးတွေပေါ့။ ဆူးတောထဲလဲ တိုးချင်သေးတယ် အနာလဲ မပေါက်ချင်ဘူးဆိုတော့ ဘုရားလဲ ကူမရဘူး သိကြားလဲကူမရဘူး စိတ်သာချ။

ဘုရားက ခင်ဗျားတို့ကို ဆူးတောထဲ မသွားနဲ့လို့ ဆိုတော့ ခင်ဗျားတိုက တပည့်တော် မပါယင် မဖြစ်ဘူး ဘုရာ့ ဆိုတော့ ဘယ်ပြောစရာရှိအုံးမှာလဲ ခင်ဗျားတို့က ဆင်ခြေများတယ်။

ဆပ္ပါဏမကောပမသုတ် ဆကၢခြောက်ခု ပဏကောပမက သားကောင်ခြောက်ကောင် ဟောတဲ့ သုတ်မှာ ဒီက စဟောတာ

ဒါဖြင့် ငြိမ်ငြိမ်နေကြမှသင့်မယ် နေရဲကြပါ့မလား(နေရဲပါတယ် ဘုရား)။

ခင်ဗျားတို့သိပ်မကြွားကြနဲ့နော် မျက်စိကွယ်ရာမျှားနေရတာ ကျုပ်က စိတ်မအေးဘူး တဲ့ မြင်လိုက်ရမှ အေးတယ် မြင်ရမှ သေသေချာချာ စူးတာကိုး မမြင်လိုက်ရလို့ရှိယင် ဟာဒယဝတ္ထု စူးတယ် မမြင်လိုက်ရတော့ ဓမ္မာရုံစူးတယ် မြင်လိုက်ရတော့ ရူပါရုံက စူးတယ် ဘယ်အစူးကြိုက်သလဲ(ဘယ်အစူးမှ မကောင်း ပါဘုရား)။

စူးတာကတော့ဖြင့် ဝိပဿနာ ကင်းနေတဲ့ပုဂ္ဂိုလ် သမာဓိ ပညာကင်းနေတဲ့ပုဂ္ဂိုလ်ဟာ ဒီစူးနှစ်ချောင်းက မမြင်ယင် မနောဒွါရမှာလာစူးတယ် မြင်ယင်စက္ခုဒွါရဝင်စူးတယ် မနောဒွါရ ဆူးနဲ့ စက္ခုဒွါရဆူး ဘယ်ဆူးက အန္တရာယ်ကင်းမယ်လို့ ထင်ကြသလဲ (ဘယ်ဆူးမှမကင်းပါဘုရား)။

ဒါဖြင့်ယင် မနောဒွါရကလဲ ဟိုကိုအာရုံမပြုနဲ့ စက္ခုဒွါရကလဲ သားဆီ သမီးဆီ ပစ္စည်းဆီကို အာရုံမပြုနဲ့ ပြုယင် စူးမှာဘဲ ဒီလိုဆိုယင် မခက်ဘူးလား ဘုရားကိုပြန်ကိုင်နေမှာဘဲ။

ဆူးစူးခံနေကျကတော့ သူ မစူးရယင် မခက်ဘူးလားပြော မှာဘဲ စူးလို့ခက်ထာတော့ သူမသိဘူး မစူးလို့ခက်တာသာ သူသိတာ ခင်ဗျားတို့ပြန်ကြည့်ရလို့ရှိယင် အလိုကျမှုနဲ့ မကျမှု ပါလာမယ် အဲဒီလိုဆူးနှစ်ချောင်းပါလာမယ် ပြန်ကြည့်ချင်တဲ့ စွမ်းရည် သတ္တိကတော့ ဒါဘဲ။

ကိုယ့်ဟာကို ဝိပဿနာ အာရုံကလေးနဲ့ သမာဓိကလေး ကြီးကြီးနဲ့ ပညာကလေးတက်ထက်နဲ့ ဝိပဿနာရှုနေမယ်ဆိုယင်

ဘယ်ဆူးက လာစူးမှာလဲ၊ ဒီလိုနေစမ်းပါ ဆိုတဲ့အခါကျတော့ ခင်ဗျားတို့က တော်လောက်ပြီထင်ပါရဲ့ အနာမပေါက်ရလို့ခက် တယ် ဘယ်ဆေးနဲ့ ကုရမှာတုန်း ဆိုတော့ အတော်ခက်နေပြီ။

ခင်ဗျားတို့ ရွာအကြိုက် ရွာစရိုက် ရွာအလိုက် မြို့အကြိုက် မြို့စရိုက် မြို့အလိုက်တွေကတော့၊ အလွဲမှအချော်ချည့်ဘဲ၊ ဆူးစူး မခံရယင့်မကျေနပ်ဘူးတဲ့ မမြင်ရ မတွေ့ရလို့ရှိယင်ဖြင့် ဘယ်နှယ် နေမှန်းမသိဘူးတဲ့ မမြင်ရ မတွေ့ရယင် အဝေးကစူးတဲ့ဆူး မြင်ရ တွေ့ရယင် အနီးက စူးတဲ့ဆူးဘဲ အနီးကတော့ မသက်သာဘူး ဆိုပေမဲ့ ခင်ဗျားတို့က မျက်စိအောက်မှကျေနပ်တယ် တိုက်ရိုက် စူးမှ ကျုပ် ကျေနပ်တယ်၊ သွယ်ဝိုက်စူးတာ ကျုပ်မကျေနပ်ဘူး ဆိုတာဘဲ ဒါဖြင့် ဒါလောက်ရှူးတဲ့သူ ငါရှာမတွေ့ဘူးကွ။

အဲ့ဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက **ဆပ္ပါဏကောပမ** သုတ်မှာ မင်းတို့ကလဲအနာတွေနဲ့၊ ဆူးထဲလဲတိုးမယ် ဆိုတော့၊ သေချင်းဆိုးကဖြင့်ကွာ သေချာပါရဲ့လို့ ဟောတာ။

ခင်ဗျားတို့ ညည်းလုံးတွေများ တွေးလိုက်ယင်တော့ အတော် ဆိုးတယ် (တော်ရာမှာ တယောက်တည်း သေရမယ် ဆိုယင် တကောင်ကြွက်တမျက်နှာတဲ့) လာသေးတယ် သားမယားနား ခြေရင်းမှာ သေရမယ်ဆိုယင်၊ ပြုံးများ သေဦးမလား မပြော တတ်ဘူး အဲဒီ ဆူးက အတော်ကြီးတဲ့ဆူး။

တကောင်ကြွက်တမျက်နှာဆိုတာ စိတ်ထားတတ်ယင် သူမှာ သံယောဇဉ်အတော်ကင်းတယ် သို့သော်လဲ အဲဒီလိုနေရာမျိုးမှာ သေချင်ကြသလားလို့ မေးယင်ဖြင့်၊မလွဲသာလို့ သေရယင်ဘုရား ဒီမသာမျိုးတော့ မဖြစ်ချင်ဘူး၊ဆွေကြား မျိုးကြားမှာ သေချင်

တယ် ဘာပြုလို့တုံး မေးတော့ သူတို့နဲ့သံယောဇဉ်မကင်းဘူး၊ ဒါမှ တပည့်တော် အပါယ်သွားရမှာ ဒီအဓိပ္ပါယ်က ဒါဘဲ။

တကောင်ကြွက် တမျက်နှာ သေရလို့ရှိယင် ဘယ်အာရုံဖြစ်ဖြစ် ကိုယ်နဲ့ မဆိုင်တာတွေချည့် မြင်တဲ့ အတွက် လောဘ၊ ဒေါသ၊ မောဟ တော်တော် ငြိမ်းတယ်၊ အခုတော့ ဝိုင်းပြီး ဟိုခြေနှိပ်တဲ့လူနဲ့ လက်ကိုမတဲ့လူနဲ့ ဆိုလို့ရှိယင်ဖြင့် မတတ်သာလို့ ထွက်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ရမှာဘဲ။

ရတော့ ဥပါဒါန် ရှိပြီး သေတာ ဥပါဒါနပစ္စယော ကမ္မဘဝေါ လုပ်ပေတော့ဆိုတော့(ကမ္မဘဝပစ္စယာ-အပါယ်ဇာတိ) သေချာပလား။

ဒါဖြင့် ဆွေကြား မျိုးကြားမှာ သေပြီး မသာကြီး ချတာကြိုက်ယင် သေကြ၊ ကွယ်ရာမှာ ဥတလုံး တကောင်ကြွက်ဖြစ်သေယင် အင်မတန် ကံနည်းတယ်လို့ ထင်ကြတယ်၊ အဲဒါက ကံကောင်းတာ။

ဆွေကြားမျိုးကြားသေရတာက ဥပါဒါန်နဲ့ သေရတာ ဒါဖြင့် ဘုရားက ဥပါဒါန်နဲ့သေတဲ့ ပုဂ္ဂိုလ်ဟူသရွှေတော့ကွာ ဇာတိ သေချာတယ်တဲ့၊ ပဋိစ္စသမုပ္ပါဒ်ကို ရွတ်ကြည့် တည့်နေတာဘဲ။

ဥပါဒါနပစ္စယော ကမ္မဘဝေါ၊ ကမ္မဘဝ ပစ္စယာ ဇာတိ၊ အဲဒါ အပါယ်လေးပါး ဇာတိဘဲ၊ ခင်ဗျားတို့ အဲဒါ ဆုတောင်း ပြည့်တာဘဲ။

နဂိုက ဆုတောင်းထားတာက ဥတလုံးတကောင်ကြွက်တော့ မသေပါရစေနဲ့တဲ့ ဆွေနဲ့မျိုးနဲ့သိုက်သိုက်မြိုက်မြိုက်သေချင်တော့ ခင်ဗျားတို့က သျှိုးလမ်း မြှုပ်လမ်းချည်း ကြံတဲ့နည်းဘဲ။

တကယ်လို့ ဥတလုံးတကောင်ကြွက်ဖြစ်နေပြီး မသက်သာလှဘူးဆိုယင် မြန်မြန်ကြေးနန်းရိုက်စမ်းပါဦး၊ ခေါ်ကြစမ်းပါဦး ဆိုတော့ ခင်တဲ့သူ အနားရှိပြီး သေရလို့ ရှိယင် ဥပါဒါန်ဖြစ်မဖြစ် အကဲခတ် အရိယာ မဟုတ်သေးယင် ဥပါဒါန်ဖြစ်မယ်၊ ဖြစ်ယင် အပါယ်ဇာတိ။

ဒါဖြင့် ဒို့အကြိုက်နဲ့ ဘုရားအကြိုက်က ကျောချင်းကပ်ဖြစ်နေပြီတဲ့ ဒါဖြင့် ခင်ဗျားတို့က ဘယ်ဘုရားပွင့်ပွင့် လက်ဦးစွာ ဒို့ဖူးချင်တယ် ဖူးပြီးတော့ ကျောချင်းကပ်ပြီး နေချင်တယ်၊ သူများပြောသံ ကြားနဲ့ ဖူးချင်တာပါ။

လက်ဦးစွာ ဖူးပြီးတော့ ကျောချင်းကပ် နေချင်တယ်တဲ့၊ ကျောချင်းကပ်နေချင်ထဲက ဘုရားဟောတဲ့ တရားကို ကြားစရာမရှိတော့ဘူး။

အဲဒီဝါသနာဟာ ဘယ်သူတုံးမေးတော့ အနာပေါ်တဲ့သူ့ရဲ့ အထုံဝါသနာ ဆူးထဲမှာတိုးလို့ သေခြင်းဆိုးတို့ရဲ့ အထုံတွေမို့ ဂင်္ဂါဝါဠု သဲစုမက ဘုရားတွေနဲ့ အလွဲကြီးလွဲခဲ့တာ။

ဘုရားတိုင်းဘဲ လောကတ္တစရိယကွ လောကကြီးကို ငါကယ်တင်မလို့ ကျင့်တယ်ကွ၊ ဉာတတ္ထစရိယ ငါ့ဆွေမျိုးတွေ ငါကယ်တင်မလို့ ငါကျင့်တာကွ၊ ဗုဒ္ဓတ္ထစရိယ ငါဘုရားဖြစ်အောင်လို့ ငါ့ကိုယ်အဘွက်လဲ ငါကျင့်တယ်ကွ ဆိုတော့ လောက လူသားတွေအတွက် နတ်တွေအတွက်ဆိုပြီး ဘုရားတိုင်း ဒီစရိယသုံးပါး ကျင့်မှ ဘုရားဖြစ်တာဘဲ၊ ဒါဖြင့် ဘုရားနဲ့ကျောချင်းကပ် နေချင်တာ ခင်ဗျားတို့ အပြစ်ဘဲ။

အရေးကြုံတော့ ဘုရား ဘုရားဆိုပြီး လက်အုပ်ကလေးချီကာချီကာနဲ့ ကယ်တော်မူပါဘုရား ယူတော်မူပါဘုရားနဲ့ တော်တော်ကြာတော့ ဘုရားက ဆူးတောထဲ မတိုးနဲ့ဆိုတာ ခင်ဗျားတို့က တိုးတာဘဲ ဘယ်နှယ်တုံး။ အနုာဆိုတာက ကိလေသာနာတွေကွ အာရုံခြောက် အာရုံက ဘယ်အာရုံစူးစူး အနုာကြွမှာဘဲ။

ဓမ္မပဒမှာ လာတယ်-အနုာမရှိတဲ့ပုဂ္ဂိုလ် အဆိပ်ကိုကိုင်ခြင်းသော်လဲ အဆိပ်ကမဝင်နိုင်ဘူးကွတဲ့ အဆိပ်တွေ မြွားဆိပ်ရိုင်းတွေကိုင်ပါ၊ အနုာမရှိတဲ့ ပုဂ္ဂိုလ်ကိုင်လို့ရှိယင် ဘာမှမဖြစ်ဘူး အနုာရှိတဲ့ပုဂ္ဂိုလ် သွားမကိုင်နဲ့ ဒီအနုာထဲ အဆိပ်ဝင်သွားယင် သေတာဘဲ အနုာမရှိတဲ့ ပုဂ္ဂိုလ်ကျတော့ အဆိပ်က သတ်ဘို့ ဝတ္တုရားမရှိဘူး။

**မုဆိုးကတော်လေး**

မုဆိုးကတော်လေးက လင်မုဆိုးကြီးသွားတယ်ဆိုယင် လေးတွေ ပြင်ပေးရ သေနတ်တွေ ပြင်ပေးရပိုက်တွေ ပြင်ပေးရ၊ သူက သောတာပန် ဒီမုဆိုးကတော်လေး သောတာပန်က ဒီလက်နက်တွေကိုင်တာ သူ့မှာ အပြစ်မရှိဘူးတဲ့ သဘောပါကြပလား၊ အဲဒီလို သောတာပန်တည်ပြီးမှ အာရုံတွေထဲ တိုးပြန်တော့လဲ အပါယ်လဲမကျပါဘူး ပေါက်တဲ့အနုာကလဲ အပါယ်ကျနုာ မပေါက်ပါဘူး။

အခုတော့ခင်ဗျားတို့ဟာက အနုာက မန်းမသိမ်းသေးဘဲနဲ့ အညှော်တွေ အမျိုးမျိုးထဲတိုးချင်တော့ သေချင်းဆိုးမှ သေပါ့ မလား ရိပ်မိပလား။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆပ္ပါဏကောပမ သုတ်ဒီနေရာမှာ ဒါစဟောတယ် ဒါဟောပြီးတော့မှ မနေ့ကတရားစတယ်။

＊ ဒါဖြင့် ကာယဝိဝေက ဆိုတဲ့ ကိုယ် ယင်လဲဆိတ်ဆိတ်နေယင်ကောင်းတာဘဲ စိတ္တဝိဝေကဆိုတဲ့ စိတ်ယင်လဲ ဆိတ်ဆိတ်နေမှကောင်းမှာဘဲ ဒီနှစ်ခုမှတပါး ကယ်ယူမည့်သူတော့မရှိဘူး၊

＊ ကာယဝိဝေကနဲ့ စိတ္တဝိဝေကနော် ဥပဓိဝိဝေကဆိုတာကတော့ ခင်ဗျားတို ဒုက္ခဆုံးတဲ့ နိဗ္ဗာန်မြင်မှ ဥပဓိဝိဝေကဖြစ်မယ်။

＊ အခုအချိန်နေရမှာက ကာယဝိဝေက အာရုံတွေဆိတ်နဲ့နေရာမှာနေရမယ်။

＊ စိတ်ကိုလဲ စိတ္တဝိဝေက စိတ်ကို သမာဓိတည်အောင်ဒီ ဖြစ်ပျက်အာရုံမှတပါး ဘယ်မှမသွားတဲ့ သမာဓိမျိုးနဲ့နေမှ။

＊ ဒါဖြင့်ဘာအားကိုးရမှာတုံး ဘုရား ဆိုတော့ ကာယဝိဝေက ဖြစ်အောင်လုပ်ပြီးတော့မှ စိတ္တဝိဝေကဖြစ်အောင်လုပ်ပါလုပ်ပြီးတော့မှ ကာယဝိဝေက စိတ္တဝိဝေက ဖြစ်တဲ့အခါ ကျတော့မှ ဝိပဿနာကျိုးစား။

＊ ကာယဝိဝေကဆိုတာ တခြားမဟုတ်ဘူး အာရုံတွေထဲကခန္ဓာကိုယ်ကို ဆွဲနုတ်ထားရမယ် ကိုယ့်ဟာကိုယ်တယောက်တည်းနေတဲ့သဘောက အများကြီးရှိရမယ် ဒီအနားဘယ်သူရှိနေနေငါတယောက်တည်းသာလို့ မှတ်ကြရမယ် (ဒါ ကာယဝိဝေက)

＊ စိတ္တဝိဝေကဆိုတာ အာရုံတွေ ဘယ်လိုပင်များသော်လဲ ဟုတ်လား-မရောက်စေရဘူးကွ (အဲဒါ စိတ္တဝိဝေက) ။

အဲဒီ- ကာယဝိဝေကနဲ့ စိတ္တဝိဝေကကို မှုတည်ပြီးတော့မှ ခင်ဗျားတို့ ဝိပဿနာလုပ်ပါ။

ဒါတော်တော် အရေးကြီးတယ်၊ အနာရှိလို့ အဆိပ်ကိုင်မိယင် သေပွဲဝင်မှာဘဲ။

* ဒါဖြင့် ကာယဝိဝေက၊ စိတ္တဝိဝေက နှစ်ခုနဲ့ ဝိပဿနာအလုပ် လုပ်ပါ။
* ကိုယ်ဆိတ်တဲ့နေရာမှာ စိတ္တဝိဝေကဖြစ်ပြီး သမာဓိတည်အောင် လုပ်ပြီးတော့မှ ဖြစ်ပျက် ရှုလို့ရှိယင်ဖြင့်တဲ့ ဥပဓိဝိဝေက ဆိုတဲ့ ဥပဓိဆိုတာ ခန္ဓာငါးပါး၊ အဲဒီခန္ဓာငါးပါး ဆိတ်သုဉ်းသွားပါလိမ့်မယ်။

ခင်ဗျားတို့ကလူကြီးမို့ ဟိုအိမ်လဲမတ်တတ် ဒီအိမ်လဲမတ်တတ်သွား လိုက် ရ သေး တယ်လို့ ဂုဏ်ယူပြီးများ ပြောလိုက်ရသေးတယ်၊ ဘာဂုဏ်ယူတာတုန်းဆိုတော့ ကျုပ်က ဆူးများများအစူးခံနိုင်တယ်၊ ဒါမှ ကျုပ်သေသွားလို့ရှိယင် အပါယ်ပွဲ နွဲ့ရမှာ အဓိပ္ပါယ်က ဒီရောက်နေတယ်။

ဟိုနေရာလဲစပ်စပ်၊ ဒီနေရာလဲစပ်စပ်နဲ့ သွားချင်တယ်၊ ဘာပြုလို့တုန်းမေးတော့ ဆူးမစူးရတာကြာလို့ အိုင်တွင်းနေရလို့ရှိယင် (ကာယဝိဝေက) ကိုယ်ဆိတ်နေတယ်။ စိတ်ငြိမ်နေတယ်။ အဲဒါ ကိုယ်ကလှုပ်လှုပ်ရွရွ ဖြစ်ချင်သေးတယ် ဆူးစူးခံချင်လို့။

ကျုပ်က မကင်းတရားများတယ်ဆိုတော့ သမုဒယသစ္စာဗျ။

အဲဒီ သမုဒယနာတွေက ရှိနေလို့ ဆူးမစူးရလို့ရှိယင် အနာငန်းမန်းမထဘူး၊ ငန်းမန်းထရမှ အလိုလေး အမယ်လေး အော်နေရမှ သူကကျေနပ်တာ။

ခင်ဗျားတို့ ဒီတရားဟာမလွယ်ဘူးနော်၊ သတ္တဝါအကြိုက်က ဆူးစူးရမှ၊တရားအလိုက်က အန္တရာယ်ကင်းရမှ နိဗ္ဗာန်ရောက်မှာ ကိုးဗျ။

ဘုရားဟောတာလဲ ဟုတ်ပါတယ်၊ ဘုန်းကြီးဟောတာလဲ ဟုတ်ပါတယ်၊ မင်းကလူထဲနေတော့ လူလိုနေဦးမှ တော်မယ် ဆိုတာ တဏှာက ဝင်ဟောလိမ့်မယ်ကွ။ ဟောလို့ရှိယင် ဘုန်းကြီးက ကျောင်းကနေ ဟောနေတာ၊ တဏှာကဝမ်းထဲကဟော နေတာ၊ ဘယ်သူက လက်စွမ်းသာမယ်ဆိုတာတော့ ပြောဘို့ မလိုဘူး။

ကဲ-တဏှာ တကာမတို့ ဘုရားဟောတာကိုဘုန်းကြီးကတဆင့် ပြောသည် ဖြစ်လေသောကြောင့် ဒါကိုသာ အမှန်ယူ ကိုယ့် အကြိုက်ဟာ အမှားချည်းဘဲလို့ ဆုံးဖြတ်ချက်ချပေး။

ဒါဖြင့် ခင်ဗျားတို့ အိမ်ပြန်တာ မကြိုက်ဘူး၊ သုဿန်သွား တာ ကြိုက်တယ်၊ အိမ်ပြန်ယင် ဆူးစူးမယ်၊ သုဿန်သွားတာက သံဝေဂ ပါလာတယ် ဆူးမစူးရဘူး။

ဘယ့်နှယ် ကုတ်ကင်းသမားဘဲ၊ ဟင်-ကုတ်ကင်း အသားထဲ ထိုးပြီးသကာလ ငြိမ်ငြိမ်နေရသလား၊ အယား ဖျောက်နေရ သလား၊ (အယားဖျောက်နေရပါတယ်ဘုရား) ဒီလိုနေရမှ အဲဒီ တော့ ခင်ဗျားတို့ဟာ ခွေးဝဲစားသဘောတော့ရောက်နေပြီ။

ခွေးဝဲစားဟာ ထမင်းခေါ်ကျွေးတော့လဲ လမ်းမှာ အယား ဖျောက်ရသေးတယ် ဘာပြုလို့တုန်း၊ အနာပေါက်လို့၊ ခင်ဗျား တို့ဟာ ခွေးဝဲစားစိတ်ဟာ ပျောက်ကိုမပျောက်ဘူး။

ဒါဖြင့် ခင်ဗျားတို့ ထွက်ရပ်လမ်းဟာ ကာယဝိဝေက၊ စိတ္တဝိဝေက နှစ်ခုရပြီးတော့မှ ဝိပဿနာ အလုပ်လုပ်ပါ၊ ကိုယ်လဲ ဆိတ်ငြိမ်တဲ့ နေရာမှာနေပါ၊ စိတ်ကလဲ ဆိတ်ငြိမ်တဲ့ နေရာမှာ နေပါ။

* ကာယဝိဝေက အဖြစ်နဲ့ ဆိတ်ငြိမ်တဲ့ နေရာ ဆိုတာက သမာဓိ ထူထောင်ပါ ပြောတာ။

အဲဒီ ကာယဝိဝေက၊ စိတ္တဝိဝေကဖြစ်ပြီးတော့ ဘုန်းကြီး ပြောတဲ့ အန္တရာယ်ကင်းတဲ့နေရာကို အနိစ္စရှိတဲ့နေရာ ဉာဏ်သာ တည့်နေ-သူက မလွတ်ဘူး။

ကာယဝိဝေကနဲ့ စိတ္တဝိဝေက ရဦးမှ ဟိုမှာ ဉာဏ်တဲ့လို့ ရတယ်။ နို့မဟုတ်လို့ရှိယင် မရဘူး။

အဲဒါဟာ ဆူးတောတိုးမှာစိုးလို့ ဘုရား ကိုယ်တော်မြတ် ကြီးက အင်္ဂုတ္တိုရ်နဲ့ သံယုတ် တဲ့ဟောတာလို့ မှတ်ရမယ်။

အင်္ဂုတ္တိုရ်က-ကာယဝိဝေက၊ စိတ္တဝိဝေက ဖြစ်အောင်နေကွာ ဝိပဿနာရှုကွာ၊ နောက် ဥပဓိဝိဝေက ဖြစ် သွား လို့ ရှိ ယင် အပါယ်ဆူး မတိုးချင်တော့ဘူး။ ဥပဓိဝိဝေကဆိုဒါ ခန္ဓာကြီးပါ ပျောက်သွားတာ။

ခင်ဗျားတို့ ကဲ-ဒုက္ခချုပ်နေတဲ့ တကာ တကာမတွေ့ကျတော့ ဟိုအသံကော ကြားသေးရဲ့လား။ (မကြားပါဘုရား) ဟိုအနံ့ တွေ့ကော (မနံပါဘုရား)။

ဘယ်ဆူးကလာလာ ခင်ဗျားတို့မှာ အနာဂတ် မရှိလို့၊ အနာဂတ်မရှိတော့ (တဏှာပစ္စယာ ဉပါဒါန်၊ ဉပါဒါနပစ္စယာ ကမ္မဘဝေါဆိုတဲ့) ပဋိစ္စသမုပ္ပါဒ်ကြီးဟာ လာသေးရဲ့လား။

ဒါဖြင့် ကာယဝိဝေက ဖြစ်ပြီးမှ စိတ္တဝိဝေကဖြစ်မယ်၊ စိတ္တဝိဝေကဖြစ်ပြီးသကာလ ဝိပဿနာအလုပ်လုပ်မှ ဥပဓိဝိဝေက ဖြစ်မယ်၊ ဥပဓိဆိုတာ ခန္ဓာငါးပါး၊ ဝိဝေကဆိုတာက ဆိတ်သုဉ်းတာ၊ ခန္ဓာဆိတ်သုဉ်းမှ ခင်ဗျားတို့ သွားချင်တဲ့နေရာ သွားပါပြောတာ။

ဘာပြုလို့တုန်းဆိုတော့ ခန္ဓာမရှိတော့ အနာကြွစရာ အနာနေစရာ မရှိတော့ဘူး။

**ဇရပ်ကြီးဥပမာ**

ဒါကြောင့် ဘုန်းကြီးက ခင်ဗျားတို့ခန္ဓာကြီးဟာ ဇရပ်ကြီးနဲ့ တူတယ်လို့ ဥပမာပြောတာ၊ အာရုံခြောက်ပါးစလုံး အကုန်အနာပေါက်တယ်၊အဲဒါဥပဓိဝိဝေက မဖြစ်သေးလို့ပေါက်တာ၊ ဥပဓိဝိဝေကဆိုတဲ့ ခန္ဓာငါးပါးမချုပ်သေးလို့ အနာပေါက်တာ ခင်ဗျားတို့က ဒုက္ခခန္ဓာကြီး ချုပ်အောင်တော့ ရှုပါတော့မယ် ဆိုလို့ရှုတော့ ဒုက္ခခန္ဓာကြီးချုပ်ယင်၊ငါးမိနစ်ချုပ်ယင် ငါးမိနစ် အနာ မပေါက်ဘူး၊ ဆယ်မိနစ် ချုပ်ယင် ဆယ်မိနစ် အနာ မပေါက်ဘူး၊ နာရီဝက်ချုပ်ယင် နာရီဝက်အနာမပေါက်ဘူး၊ ဘာဖြစ်လို့တုန်း ဆိုတော့ ဥပဓိဝိဝေကဖြစ်နေလို့။

ခန္ဓာငါးပါး ချုပ်တဲ့အခါကျတော့ ဟိုဆူးတွေက ဘယ်သွားစူးမတုန်းဆိုတော့၊ အတည်မရှိလို့ စူးစရာမရှိဘူး၊ အဲဒါကို သဘောကျထားတော့မှ နိဗ္ဗာန်သဘောကျမှာ။

ဩော်-နိဗ္ဗာန်ဆိုတာ အဗျာဓိ အနာမရှိသော ဆိုတာ ဟုတ်သားဘဲ၊ အနာပေါက်စရာ နေရာမှမရှိတော့ဘဲ သဘောပါပလား။

ဥပဓိမရှိတော့ဘူးဆိုယင် အနာပေါက်စရာ မရှိတော့ဘူး ဆိုတော့မှ ဩဩ-ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ရောဂတော ဆိုတာ ဒီကြတော့မှ ပေါ်လာတယ်၊ ရောဂတော အနာမျိုးစုံနဲ့ နေသောအားဖြင့်ရင်း၊တော်တော်ကြာ ရူပါရုံကထိခိုက်တဲ့အနာ ဓမ္မာရုံက ထိခိုက်တဲ့အနာတွေကဖြင့် ပိုနေတာဘဲ။

ဥပမာမယ်

ရုရှားဘက်က လက်နက်ကြီးတွေ အမျိုးမျိုးအဖုံဖုံနဲ့ အမေရိကန်တို့ကလဲ ဒီလိုဘဲ ကာကွယ်မယ်ဆိုယင်၊ အို ဒီစစ်ကြီးများ ဖြစ်လာယင် မခက်ဘူးလားတဲ့ အဲဒီတော့-ဓမ္မာရုံကနေပြီး သကာလ-မခက်ဘူးလားက စနေပြီ။

ဘာဖြစ်နေတာတုန်းဆိုတော့ တကာတကာမတို့ ဓမ္မာရုံက နေပြီး ဓမ္မာရုံဆူးစူးလိုက်တာ ဒီ မခက်ဘူးလားဆိုတဲ့ ဥစ္စာ အဝေးကြီး၊ ဟိုမှာအဝေးကြီးကျန်သေးတယ် ဒီမှာစူးနေပြီ။အဲဒီတော့ ခင်ဗျားတို့ဟာ အတိတ်တွေက ဆူးစူးတာကတမျိုး ပစ္စုပ္ပန်က ဝိုင်းစူးတာကတမျိုး အနာဂတ်လှမ်းပြီး သကာလ ဒီကိုများလာ ခက်သေးတယ်ဆိုပြီး စူးနေဟာတွေကတမျိုး။

အဲဒါကြောင့် ခန္ဓာကြီးဟာ အနာတို့၏တည်ရာဌာန လူနာတို့ တည်ရာဆေးရုံကြီးဆိုတဲ့ အဓိပ္ပါယ်ဖြင့် ရှင်းသွားပြီ။ ဒါဖြင့် ဒီ ဥပဓိခန္ဓာကြီးမရှိအောင် လုပ်နိုင်တဲ့ပုဂ္ဂိုလ်ဖြင့် အနာမှကင်းပါ့မလား ရောဂါမှကင်းပါ့မလား ဆိုတဲ့ဥစ္စာပြောဘို့မလိုတော့ဘူး။ ဒါဖြင့်နိဗ္ဗာန်ဆိုတာ ဒီခန္ဓာငြိမ်းတာနိဗ္ဗာန် ဒါနိဗ္ဗာန်ကိုနောက်ဆုံးပိတ်မှာ အဘိုဓမ္မာသတ်တာပါဘဲ။ နိဗ္ဗာန်သဘော ကျဘို့ပြောနေတာ အနာပေါက်မှန်းသိမှ အနာကင်းချင်တယ်

အနာပေါက်မှန်းမသိယင်၊ အနာမကောင်းချင်ဘူးဆိုတာ သေချာပလား။ ခန္ဓာကိုယ်ကြီး အနာပေါက်တာ သိတဲ့အခါကျတော့ ဒီအနာကြီးနဲ့ မနေချင်ပါဘူးဆိုတဲ့ မဂ်ဉာဏ်ပေါ်အောင်လုပ်ရမယ်။

ဒီအနာကြီးနဲ့ မနေချင်ပါဘူးဆိုတဲ့ မဂ်ဉာဏ်ပေါ်မှသာလျှင် အနာ ခန္ဓာကြီးဟာ ဩဘ်-ပိဋကနုတ္တဆိုတဲ့အတိုင်း ပိဋကနုတ္တော သတ္တဝါကို ညှဉ်းတာမဖက် အမြဲနှိပ်စက်တယ်။ အဲဒီလို နှိပ်စက်တာတွေဟာ ကံမကောင်း အကြောင်းမသင့်လို့ နှိပ်စက်တာလား ဥပမိရှိလို့နှိပ်စက်တာလား ဥပမိရှိလို့နှိပ်စက်တာ။ အနှိပ်စက်ခံရတာ ကံတွေဘာတွေမထည့်ပါနဲ့ ကံတွေက ဥပစ္စေဒက ဥပဃာတက-ဥပပီဋကဆိုတာ ခင်ဗျားတို့မှာ အတော်နည်းပါတယ်။

ခန္ဓာရှိလို့ ဘေးကဆူးတွေက စိုင်းစူးလို့ အနာရတာကသာ များတယ် ဟိုကံတွေက တခါတလေမှလာတာ ဒါဖြင့်ဆူးစူးစရာမရှိအောင် ခန္ဓာမရှိမှ ဖြစ်မယ်လို့ ဆုံးဖြတ်ချက်ချအဲဒါ ဥပမိဝိဝေက ခန္ဓာမရှိတဲ့ နည်းကို မရောက်ရောက်အောင် လုပ်ရမှာ။

* တခြားအန္တရာယ်ကင်းတဲ့နည်း ရှိကိုမရှိဘူး ဒါဖြင့်ရှေးဦးစွာ စကျင့်ရမှာက ဆူးထဲမတိုးဘို့ဘဲ စကျင့်ရမယ် ဆူးထဲမတိုးရဘူးဆိုတာ ကာယဝိဝေက ဖြစ်အောင်နေပါ။

* ကာယဝိဝေက ဖြစ်အောင် ရှေးဦးစွာနေလိုက်ပါပြီးတော့ မှသမာဓိအလုပ် လုပ်လိုက်ပါ (အာနာပါန သမာဓိ) လုပ်လိုက်ပါ။
* အဲဒါဘာလုပ်တာတုန်းဆိုတော့ စိတ္တဝိဝေက လုပ်လိုက်တာ ပြီးတော့မှ ဝိပဿနာရှုတာက ဥပဓိဝိဝေက ကို ယူလိုက်တာ။
* ကဲဒါဖြင့် တထပ်တည်းစား တယောက်တည်းနေ တနေရာတည်းအိပ်တာဟာ ဘာပါလိမ့် (ကာယဝိဝေက) အပေါ်မရှာဘူး။

အဲဒီ ကာယဝိဝေကကို ကျင့်သားရမှ ပြီးတော့မှ စိတ္တဝိဝေကဆိုတဲ့ အာနာပါနသမာဓိကို တခုခုသော အာရုံကိုတည်အောင်လုပ်။

အဲဒီတခုခုသော အာရုံတည်ပြီဆိုယင် ဒါ ဘာဖြစ်တုန်းဆိုတော့ (စိတ္တဝိဝေကဖြစ်တာ) ကဲ-ဒါဖြင့် ကာယဝိဝေကနဲ့ စိတ္တဝိဝေက အောင်မြင်ပြီးလို့ရှိယင်ဖြင့် ခန္ဓာကိုယ် ခုနင်က ဇရာတွေကို ရောဂါတွေဆိုတဲ့ အနာတွေကို ဒုက္ခသစ္စာတွေကို ခင်ဗျားတို့က အနာဒုက္ခသစ္စာကြီးကို မမြင်မြင်အောင် ကြည့်ရမယ်၊ ဖျတ် ဖျတ် ဖျတ် ဖျတ်နဲ့ တခါတည်း အနာတွေ ပေါက်လိုက်တဲ့ဖြစ်ခြင်း ဟင်-ဒီအနာတွေ ပေါက်ပြီးသကာလ ခန္ဓာတွေခဏခဏ လဲနေတာတွေ ခင်ဗျားတို့ မြင်ရပါလိမ့်မယ်။

မြင်ရလို့ရှိယင်ဖြင့် ဒီခန္ဓာဥပဓိရှိလို့ ဒီအနာရှိတာဘဲ ဒီခန္ဓာဒုက္ခသစ္စာကြီး သူတပါးနှိပ်စက်တိုင်းခံနေရတယ် ရူပါရုံဆူးကထိုးချလိုက်လဲ့သူကခံဘဲ သဒ္ဒါရုံဆူးကစူးလိုက်လဲ ခန္ဓာက ခံရတာ

ဘဲ ခန္ဓာကခံချည့်ဘဲ ဥပဓိကခံချည့်ဘဲ ဓမ္မာရုံကစူးပြန်လဲခန္ဓာကခံဘဲ ဒီခန္ဓာကြီးသည် ဥပဒိဝိဝေက ဖြစ်အောင်မလုပ်နိုင်လို့ ဒဏ်ချက်မိနေတာ။

အဲဒါကြောင့် ဥပဓိဝိဝေက ဖြစ်ချင်လို့ရှိယင်ဖြင့် ခန္ဓာဖြစ်ပျက်ကစပြီး၊ ဖြစ်ပျက်မုန်းအောင် လုပ်ရလိမ့်မယ်။ရှေးဦးစွာ ယထာဘူတဉာဏ်နဲ့ ဖြစ်ပျက်မြင်ရမယ် နောက်ကျတော့၊ နိဗ္ဗိန္ဒဉာဏ်နဲ့ ဖြစ်ပျက်ကိုမုန်းရမယ် နောက်ကျတော့၊ ဒီဥပဒိကြီးရှိနေလို့ ဒုက္ခသစ္စာကြီးရှိနေလို့ ဒီ့မှာဖြင့် နိဗ္ဗာန်ကွယ်နေတာဘဲ ဒါကြောင့်တနေ့က ဟောတယ်၊ ခန္ဓာက နိဗ္ဗာန်ကွယ်နေတယ်ကွ။

တဏှာက ဉာဏ်ပေါ်မှာ ဖုံးနေတယ်–

ဉာဏ်ကိုတခါ ခန္ဓာက ကွယ်နေပြန်တော့၊ နိဗ္ဗာန်ကွယ်နေတယ်။

ဒါဖြင့်ကိလေသာက ဉာဏ်ပေါ်မှာဖုံး၊ကိလေသာ ဖယ်ထုတ်ပြန်တော့၊ ခန္ဓာကဖုံးသွားတယ် ဒါကြောင့်နိဗ္ဗာန်ကြီးနှစ်ထပ်ဖုံးခံနေရတယ်။

ကိလေသာတွေ တော်တော်ကလေး ပါးအောင်လုပ်နိုင်ပြန်တော့ ခန္ဓာကြီးကို ဒုက္ခသစ္စာကြီးက ကွယ်နေတယ် ဒုက္ခသစ္စာကြီးက မချုပ်တော့ နိရောဓသစ္စာက ပေါ်နိုင်ရဲ့လား၊ အဲဒါတွေကိုလဲ ဉာဏ်နဲ့သေသေချာချာ စဉ်းစားတော့မှ ဩဘ်–ဥပဓိဝိဝေကဖြစ်ချင်လို့ရှိယင် ရှေးဦးစွာ အနာမပေါက်ဘို့အရေးကြီးတယ်၊ ဒါမှအနာမရှိဖြစ်မယ်၊ အနာတွေမရှိလို့ရှိယင်ဖြင့် သူသည်ကားလို့ဆိုလိုရှိယင် ဒုက္ခသစ္စာအဖြစ်မှ လွတ်မသွား

ဘူးလား၊ ဒုက္ခသစ္စာမို့ မလိုချင်တော့ဘူးဆိုလို့ရှိယင် နိရောဓ ပေါ်လာမယ်။

ဒုက္ခသစ္စာမဟုတ်မှန်း သိယင်တော့ နိရောဓပေါ်လာမယ် အင်း–ဒုက္ခသစ္စာမှန်း သေသေချာချာ ခင်ဗျားတို့သည်ကားဆို လို့ရှိယင်ဖြင့် ပိုင်ပိုင်နိုင်နိုင် အနာပေါက်ရာ ဌာနသူ့ဘဲလို့ သိယင်ဖြင့် သူ့ကိုမလိုချင်ပါဘူး။ ထိုကဲ့သို့ မလိုချင်လို့ရှိယင်ဖြင့် မလိုချင်တဲ့ ဉာဏ်လဲ လာပါရောတဲ့ ဉာဏ်သည် ခန္ဓာဘက် မလှည့်ဘဲနဲ့ ဥပဓိကင်းတဲ့ နိဗ္ဗာန်ဘက်လှည့်သွားတယ်၊ ပဌမက တော့ ဥပဒိဘက်လှည့်နေတာ နောက်ကျတော့။ ဥပဒိက ဒုက္ခ သစ္စာဘဲလို့ သိတဲ့အခါကျတော့ ဥပဒိချုပ်တဲ့ဘက် လှည့်သွား တယ်။

ဥပဓိဆိုတဲ့ ဥပဓိချုပ်တဲ့ ဘက်လှည့်သွားတယ်၊ အဲဒီတော့၊ ခန္ဓာကွယ်နေတာကြီး လွင့်သွားတယ် ခန္ဓာကွယ်နေတာကြီး လွင့်သွားတော့ကို ခုနင်က ခန္ဓာကွယ်နေ့သို့ မမြင်တဲ့၊ ဒီဥပဓိ ဝိဝေကဆိုတဲ့ နိဗ္ဗာန်ကြီးပေါ်လာတယ်။ ဥပဓိဆိတ်သုဉ်းသွားလို့ နိဗ္ဗာန်ပေါ်တာ ဒါဖြင့် ဒီခန္ဓာကြီး ကွယ်နေတာကိုလဲ ဖယ်နိုင် ရမှာဘဲ မဖယ်ရင်မရဘူး။ ဒါဖြင့်ဒီနေ့ည စပါတဲ့၊ ရှေးဦးစွာ တယောက်တည်းနေကြည့် ကာယဝိဝေကနဲ့၊ နောက်ကျတော့ သမာဓိကလေးဖမ်းပြီး စိတ္တဝိဝေကနဲ့လုပ်။

နောက်ဥပဓိဝိဝေက တတ်ချင်တော့ ခယဝယ ဖြစ်အောင် လုပ်ပါ၊ မြင်လို့ရှိယင်၊ ခယဝယအဆုံးမှာ၊ ဒီဥပဓိပျောက် ထွက်သွားတယ် ပျောက်ထွက်သွားလို့ ရှိယင်ဖြင့် ဒီဥပဓိဆိုတဲ့ ဥပဓိမရှိရာ နိဗ္ဗာန်ပေါ်လာတယ်။ သဘောကျပလား။

## ကံနဲ့တကျော့တွင်-တကျော့ကအရေးကြီး

တကာတကာမတို့ ပြန်ပြောကြဦးစို့ ဆပ္ပါဏကောပမသုတ်ပါဘဲ၊ဆကခြောက်၊ ပါဏကောပမက သတ္တဝါနဲ့တူတယ် အဲဒီသားကောင်ခြောက်ကောင်ကို ထိန်းတတ် ကျောင်းတတ်လို့ရှိယင်လဲ နိဗ္ဗာန်ပေါက်တယ်။ မထိန်းတတ် မကျောင်းတတ်လို့ရှိယင်လဲ ဆွဲရာပါတယ်လို့မှတ်ရမယ်။

ဥပမာ-ပွဲလမ်းသဘင်သွားကြည့်တော့ မြွေနောက်ကိုပုဂ္ဂိုလ်ကလိုက်သွားတယ် ပုဂ္ဂိုလ်ကလိုက်သွားတော့ ရှုပ်ပွနေတဲ့အထဲတိုးဝှေ့နေရတဲ့အထဲ ဗရုတ်သုက္ခတွေအထဲမှာ ရောက်သွားတယ်။ အဲဒါ မျက်လုံးပေါက် အကောင်က၊ သန်ရာဆွဲသွားလို့ပါသွားတယ်။

မြွေဆွဲလို့ပါသွားပြီး တော်တော်ကြာတော့ ပွဲကြည့်ရင်းမတ္တနဲ့ ဆာလောင်မွတ်သိပ်လာတော့၊ အစာအဟာရကလေးစားကြပြန်တယ် ဆိုတော့ အိမ်ခွေးဆွဲတဲ့ဘက်ပါသွား ပြန်ရောတော်တော်ကြာတော့ ငိုက်မျည်းလာပြီဆိုမှဖြင့် တောခွေးဆွဲတဲ့ဘက် ပါသွားပြန်ရော။

ကိုယ်ကနိုင်တာမပါဘူး သူတို့ဆွဲရာသာ ကိုယ်ကပါနေတယ်ဆိုတာ ရိပ်မိပလား၊ ဒါဖြင့် သားကောင်ကခြောက်ကောင်၊ ကျောင်းနေရတဲ့ လူက တယောက်တည်း၊ ဆွဲတဲ့ ပုဂ္ဂိုလ်က၊ ခြောက်ကောင်၊ အဲဒီလိုသားကောင်တွေက သန်ရာဆွဲနေကြလို့ တကာတကာမတို့ သေရာနဲ့နေရာကို မရွေးနိုင်ဘူးမှတ်ရမယ်။

ပွဲလမ်းသဘင်ကို မြှေကဆွဲသွားတော့၊ သူကအရှုပ်ကြိုက်ဆိုတော့ လူတွေထဲ တိုးဝှေ့ပြီးနေတာ ကွင်းပြင်လွတ်လို့မရဘူး မြွေဆွဲသွားတော့ အဆင်းအာရုံ ကာမဂုဏ်ထဲမှာ မျောတာဘဲ မျောနေယင် ပဋိစ္စသမုပ္ပါဒ်လာပြီလို့ ယနေ့ရှင်းလိုက်၊ ဘယ်လိုလဲဆိုတော့-

မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ်ဆိုတာ စက္ခုစပဋိစ္စမျက်လုံးအကြည်ရုပ်၊ ရူပေစဆိုတာ ပွဲလမ်းသဘင် စက္ခုဝိညာဏံဥပ္ပဇ္ဇတိဆိုတာပေါ်လာပြီ၊တိဏ္ဏံသင်္ဂတိ ဖဿော၊ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပဒါန်၊ ဥပဒါန ပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝ ပစ္စယာ ဇာတိ၊ဇာတိ ဆိုတော့ အပါယ် ဇာတိ လာပစ်လိုက်တာဘဲ။

သေယင် အပါယ်ဇာတိလာတယ်၊ ဇာတိလာပြီးလို့ရှိယင်၊ ဇရာ-မရဏ-ဒုက္ခ သစ္စာကြီးဟာ ပြေးလို့မလွတ်ဘူး၊ မျက်လုံးပေါက် ပဋိစ္စသမုပ္ပါဒ် တန်းသွားပြီ၊ မြွေဆွဲလို့ အရှုပ်ထဲရောက်သွားရာက အပါယ်ပါရောက်သွားပြီ ဆိုတာကို သဘောပါကြပလား၊ ကမ္မဘဝ ပစ္စယာဇာတိ၊ ဇာတိဟာ အပါယ်ဇာတိမှတပါး ဒိပြင်ဇာတိကို ရွေးလို့မရဘူး အဲဒီတော့ အပါယ်ဇာတိကျုပ်ရှာချေဦးမယ်၊ ကျုပ် အပါယ်ကပြန်လာတာ သိပ်မကြာသေးဘူး ပြန်သွားရအောင် ကျုပ်လုပ်ဦးမှဘဲ ဆိုတဲ့အဓိပ္ပါယ်ဟာ ဆရာကမပြောလဲ ဓမ္မကဖြစ်နေတာဘဲ။

(နား) နားကလဲ တီးသံ မှုတ်သံ သီချင်းသံ ကြားပြန်တယ်ဆိုလို့ရှိယင် နားပေါက်က ပဋိစ္စသမုပ္ပါဒ်ကလဲ လာဦးမှာဘဲ၊ 'သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ' ဆိုတဲ့ကြား

စိတ်ကလေးပေါ်မှာဘဲ (အဲဒီသုံးခုပေါင်းမိတော့ ဖဿ) ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ ဇာတိ-ဒါကမိချောင်း ဆွဲရာပါတာ-သဘောကျပလား ဒါဖြင့် ဒွါရခြောက်ပေါက်မှာ ပဋိစ္စသမုပ္ပါဒ်ခြောက်မျိုးလာတယ်လို့မှတ်၊ဒါဖြင့်သူတို့ဆွဲရာသာ ပါနေကြလို့ရှိယင် အပါယ်ငရဲက တက်ဘို့အကြောင်း မြင်ကြသေးရဲ့လား။

ဒါဖြင့် ငှက်ကဆွဲပြန်တော့လဲ **ဿာနဥ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံတိဏ္ဏံ သင်္ဂတိဖဿော**နဲ့သွားလေ ကမ္မဘဝပစ္စယာ ဇာတိဘဲ ဒါဖြင့်သားကောင်တွေ ဝိုင်းဆွဲကြဒါပါလို့ အပါယ်မှာနေ အပါယ်မှာသေ ဆိုတာရှင်းကြပလား၊ ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ငါပဋိစ္စသမုပ္ပါဒ်ဖြတ်လို့ ဘုရားဖြစ်လာတာ တကာတကာမတွေကတော့ ပဋိစ္စသမုပ္ပါဒ်ဆက်လို့ ဒုက္ခရောက်တယ်လို့ပြောင်းပြန်မှတ်ရမယ်။

ဒါဖြင့် ဒီတကာ တကာမတွေ သုဂတိတောင်မှ မမြင်တော့ဘူး၊ ဒုဂ္ဂတိဆိုတာအပါယ်လေးပါးချည့်မှတ်၊ ဘာကြောင့်တုန်းဆိုတော့ ကိုယ်မွေးထားတဲ့ သားကောင်ခြောက်ကောင် ကိုယ်မနိုင်လို့။ အဲဒီလို သားကောင် ဆွဲရာပါနေလို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက လူတသိန်းသေလို့ သုဂတိတယောက်မရောက်ဘူးလို့ ဆိုတဲ့စကားဟာ ကြီးသလား (မကြီးပါဘုရား) စကားမကြီးဘူး ဖြစ်စဉ်နဲ့လိုက်ကြည့်။ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူး၊ဘုရားဆိုယင် အပါယ်လေးပါးဟာ ကိုယ့်သံသရာ

ကိုယ်ဌာနဆိုပြီး သေသေချာချာမှတ် တဏှာ ဥပါဒါန် ကံလာမယ်ဆိုကတည်းက အကျိုးမပေးပါနဲ့ ဆိုလို့ကို မရဘူး။

အဲဒီတော့ ခဏ တဖြုတ်သွားလိုက်ဦးမယ်၊ စကားယဉ်တော့ သုံးနေတယ်၊ ခဏတဖြုတ်လမ်းကလေး သွားလျှောက်လိုက်ဦးမယ်၊ဘာကလေး ညာကလေးကြည့်ရ ကြည်ညိုရအောင် သူတို့ကြည်ညိုတာက တဏှာဖြစ်လာတာ၊ တဏှာဖြစ်လာနဲ့ ကြည်ညိုတာမဟုတ်ဘူး၊ တဏှာက အရှုပ်ကြိုက်လို့ မျက်လုံးက အရှုပ်ကြိုက်လို့ အရှုပ်တွေသွားကြည့်တာ။

ဒါကြောင့် သားကောင်ခြောက်ကောင်ဟာက မြွေက သန်ယင်မြွေက ဆွဲမယ်၊ မိချောင်းက သန်ယင် မိချောင်း ဆွဲမယ်၊ ငှက်ကသန်ယင် ငှက်ကဆွဲမယ်၊ အိမ်ခွေးကသန်ယင်လဲ အိမ်ခွေးက ဆွဲ မယ်၊ တောခွေး က သန် တော့ တောခွေး က ဆွဲ မယ်၊ မျောက်ကသန်ယင် မျောက်ကဆွဲမယ်။ အဲဒီတော့ ခင်ဗျားတို့မှာ သေရာစမြဲ နေစရာမမြဲ နောက်ဘဝဆိုးသွားတဲ့အခါ ဒီဘဝမှ စုတိမနေ သေလွန်တဲ့အခါကျတော့ကို အပါယ် လေးပါးမှာ တော့ အမြဲနေရမယ်၊ ဘာဖြစ်လို့တုန်း ဆိုတော့ သားကောင် ခြောက်ကောင် မထိန်းနိုင်လို့၊ ဒီသားကောင်တွေကို ထိန်းတတ်လို့ရှိယင်လဲ ခင်ဗျားတို့ ကျေးဇူးများမှုကို ဆောင်ရွက်နိုင်ပါတယ်။

သူတို့သန်ရာကဆွဲမှုဖြင့် မြွေကဆွဲယင် အရှုပ်ထဲမှာသေရမယ်၊ မိကျောင်းက ဆွဲယင်ဖြင့် ရေထဲမှာသေရမယ်၊ ငှက်က ဆွဲယင် ကောင်းကင်မှာ သေရမယ်၊ အိမ်ခွေးကဆွဲယင် မီးဖိုချောင်မှာ သေရမယ်၊ တောခွေးက ဆွဲယင်ဖြင့် သုသာန်မှာသေရမယ် တောထဲမှာသေရမယ်၊ မျောက်ကဆွဲယင် သစ်ပင်ခွကြားမှာသေရမယ်၊

မနေဘဒ္ဒါရကာ မျောက်နဲ့တူတယ်ဆိုတာကိုး၊ ဒါဖြင့် သားကောင် ခြောက်ကောင် အကုန်ချည်ချည်ပြီး အလည်ကထုံးပြီးသကာလ ငုတ်ကြီးကြီးစိုက် ဖမ်းနိုင်ကြလို့ရှိယင် သားကောင်ဆွဲရာကို ခန္ဓာက မလိုက်တော့ဘူး၊ ကျောင်းတဲ့ပုဂ္ဂိုလ်၏ ခြေရင်းမှာဘဲ မောတာနဲ့ လာဝပ်ကြရမယ် ရှင်းပလား။

ဒါဖြင့် ဘာလုပ်ရမတုန်းလို့ မေးလို့ရှိယင်ဖြင့်တဲ့-

\+ သမာဓိ တည်းဟူသောတည်ကြည်မှုကိုလုပ်ပါ၊ ဝိပဿနာ လုပ်မယ်ကြံယင် သမာဓိ တည်ကြည်မှုကို တခါတည်း တည်တည်တံ့တံ့လုပ်ပါ။

× တည်တည်တံ့တံ့ လုပ်ပါဆိုတာ ဘာလုပ်ရမှာတုန်း မေးလို့ရှိယင် တခုသော အာရုံကို စူးစူးစိုက်စိုက် ကြည့်ယင် သမာဓိဖြစ်မယ်။

**ဈာနပစ္စယော**

ဈာနပစ္စယောဆိုတာ- သမာဓိကို ဟောတာ၊ သမာဓိကို ဟောတာတဲ့၊ တခုသော အာရုံကိုစိုက်ထား၊ ဒီအာရုံမှ ဘယ်မှ မသွားတော့ဘူး၊ စိတ်ကိုဒီနေရာမှာဘဲထားနိုင်မယ် ဆိုလို့ရှိယင် ဖြင့်တဲ့ ဒါဈာနပစ္စယော ဖြစ်ပါတယ်၊ ဈာနပစ္စယော အာရုံ တခုကိုစိုက်၍ ရှုတတ်သော သဘောသည် လည်းကောင်း ဒါ ဘာပစ္စည်းတဲ့တုန်း၊ ဈာနပစ္စည်းလို့မှတ်ထားကြ၊ အဲဒါကြောင့် ဈာန်ဆိုတာသည် တကာ့တကာမတို့ မြဲမြဲစွဲစွဲစိုက်ထူထားနိုင်တာ ဈာန်လို့ခေါ်ပါတယ်။

မြဲမြဲစွဲစွဲဘာခုတည်းသောအာရုံကို ကိုယ့်စိတ်ကိုမပြေးရအောင် ထားတာ (ဈာန်လို့ခေါ်ပါတယ်ဘုရား)။ အဲဒီတော့-အာနာ

ပါနလုပ်ဟဲ့ပုဂ္ဂိုလ်ကလဲ ကဲကွာ သတိ တည်းဟူတော ကြိုးနဲ့ ရိုင်းစိုင်းတဲ့ သားကောင်ခြောက်ကောင် တည်းဟူသော စိတ်ကို ထွက်သက် ဝင်သက် ချည်တိုင်မှာ ချည်ထားမယ် ဆိုလို့ရှိယင် ဒီသားကောင် ဒီစိတ်ဟာ ရိုင်းစိုင်းတဲ့သားကောင်ခြောက်ကောင် ဟာ မပြေးပါဘူး (သဘောကျပလား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အာနာပါန ကိုဟောတာ၊ ဘာဖြစ်လို့တုန်း ဆိုတော့ ဆွဲရာမပါအောင်လို့ ဟောတာ။ ဆွဲရာပါယင်တော့ သေခြင်းဆိုးနဲ့ နေခြင်းဆိုးလို့ ဆရာဘုန်းကြီး တနေ့က ဟောထားတာ။

အနေမှာလဲ ဟိုရောက်ဒီရောက် အသေမှာလဲ ကုန်းမှာသေရ မလား၊ ရေမှာသေရမလား မသိဘူး၊ ခင်ဗျားတို့ကိုအငြိမ်နေခွင့် မပေးတာလဲ သားကောင်ခြောက်ကောင်၏ စွမ်းရည်လို့ မှတ် လိုက်စမ်းပါ။

သားကောင် မကျောင်းတတ်ယင် ဆွဲရာပါမယ်၊ ကျောင်း တတ်ယင် တိုင်ခြေဝပ်လာမယ်။

## တိုင်ခြေဝပ်တဲ့နည်း

တိုင်ခြေဝပ်တဲ့နည်းဟာ ကိတ္တာနုပဿနာနည်းဟာ အကောင်း ဆုံးလို့မှတ်၊ စိတ္တာနုပဿနာဟာ-

* ပဋိစ္စသမုပ္ပါဒ် စမည်၊ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ၊ စက္ခု ဝိညာဏံ ဆိုသဖြင့် မြင်စိတ်ကဆွဲမှာဘဲ၊ မြင်စိတ်က စလို့ ရှိယင်ဖြင့် ပဋိစ္စသမုပ္ပါဒ်အလည်က စ, မလို့ အဲဒီအစကို ကျုပ်တို့က ဝိပဿနာဉာဏ်နဲ့ ရှုပေးရတယ်၊မြင်တဲ့စိတ်ကို

ဘာဘဲမြင်မြင် ကျုပ်တို့က ဝိပဿနာရှုရှုပေး၊ ကျုပ်တို့က ရှုလိုက်တဲ့အခါကျတော့ မြင်စိတ်ကဖြစ်ပျက်သွားနောက်က မဂ်ဆိုက်သဖြင့် ဖဿပစ္စယာဝေဒနာ ထိအောင်တော့ လာပါသေးတယ်။

## မြင်ကာမတ္တ

မြင်တယ် တွေ့ထိတယ်ဆိုတဲ့ ဖဿနဲ့ခံစားတယ်ဆိုတဲ့ ဝေဒနာ ကတော့ တပြိုင်နက် ပေါ်တယ်၊ မြင်တဲ့စိတ်ရယ် တွေ့ထိတဲ့ ဖဿရယ် ခံစားတဲ့ ဝေဒနာရယ်ကတော့ တပြိုင်နက်ပေါ်တာ၊ တပြိုင်နက်ပေါ်တော့ ဒီဝေဒနာနောက်က တဏှာမလိုက်အောင် လုပ်တဲ့ပုဂ္ဂိုလ်ဟာတဲ့ တိုင်ခြေကိုယ့်သန္တာန်မှာ မြင်စိတ်ကလေး မြွကဆဲ့ပြီး ဆဲ့ပင်ဆဲ့ငြားသော်လဲ သူ့ကိုကျုပ်တို့ကမင်းအနိစ္စဘဲ၊ မင်းအနိစ္စဘဲ မြင်စိတ်ကို အနိစ္စဘဲဆိုတော့-

ဝေဒနာနောက်က မဂ်ကလိုက်ပြီးသကာလ နေတော့ မဂ်နဲ့-ဖြတ်လိုက်တဲ့အတွက် မြင်ကာမတ္တဖြစ်သွားတယ်၊ အဲဒီလိုမြင်ကာမတ္တမျှ ဖြစ်သွားတော့ မြင်လို့စွဲလမ်းတဲ့တဏှာမလာဘူး၊ မြင်လို့ ခင်တာ မလာဘူး၊ မြင်လို့စွဲလမ်းဘာ မလာဘူး၊ မြင်လို့ အားထုတ်မယ်ဆိုတဲ့ ကံမလာဘူး။အဲဒါ ဘာဖြစ်လို့တုန်းဆိုတော့ တိုင်ခြေ အဝပ်ခိုင်းလို့ ရတာ။

မင်းဆဲ့ရာမလိုက်ဘူးဆိုပြီး သူ့ကို မနောဒွါရ တည်းဟူသော တိုင်ခြေမှာ မင်းနေရမယ်၊ ဝိပဿနာကို မနောဒွါရနဲ့ ရှုရမှာကိုး။ ဝိပဿနာကို မနောဒွါရနဲ့ရှုလိုက်တော့ မနောဒွါရ တိုင်ခြေမှာ သူလာပြီးဝပ်လာတာဘဲ၊ သဘောပေါ်ပလား။ ဒါဖြင့် မြင်စိတ်

ဖြစ်ပျက်ရှုလို့ ရှိယင်ဖြင့် တဏှာလိုက်မလိုက်၊ ဒါဖြင့် တဏှာချုပ် ဥပါဒါန်ချုပ်၊ ကံချုပ်ဆိုတော့ တိုင်ခြေမှာ အဝပ်ခိုင်းနိုင်တဲ့ သတ္တိကြောင့် ခင်ဗျားတို့ကို အနေဆိုးလဲမပေးတော့ဘူး၊ အသေဆိုးလဲ မပေးတော့ဘူး။

မနောဒွါရတိုင်ခြေမှ- သူ့ဖမ်းလိုက်လို့မှတ်-မနောဒွါရ တိုင်ခြေအောက်မှာ သူ့ကိုရောက်အောင်လုပ်ပေးရမယ်၊ မနောဒွါရဆိုတာ ဝိပဿနာဉာဏ်က မနောဒွါရမှာသာ ဖြစ်တာကိုး ဒိပြင်ဒွါရမှာမဖြစ်ဘူး။

အဲဒီ မနောနဲ့ တခါတည်းမြင်တယ်ဆိုသဖြင့် ဘာဘဲမြင်မြင် မြင်စိတ်ဖြစ်ပျက်ရှု မြင်စိတ်ဖြစ်ပျက်ရှုဆိုဒါ မနောဒွါရတည်းဟူသော တိုင်ခြေမှာ သူဟာဝပ်နေတဲ့ အမိပ္ပါယ်ရောက်တယ် သူဆွဲရာမပါလို့ ဒါဖြင့်မြေကိုနိုင်ပြီ။

တိုင်ခြေမှာ ကြိုးခြောက်ချောင်းနဲ့စုချည်ပြီး စုထုံးပြီး ငုတ်စိုက်ပြီး သကာလ ထားတဲ့အတွက် သားကောင်ခြောက်ကောင်နဲ့တူတဲ့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန၊ ဒီမနတွေသည်၊ တကာတကာမတွေ၏ သန္တာန်၌ ဝိပဿနာအရှုခံလာဖြစ်ရတယ်၊

ဝိပဿနာအရှုခံလာဖြစ်ရတဲ့အတွက် သူတို့နဲ့၊ သူ့ရှုစရာမရှိယင်လဲ ပဋိစ္စသမုပ္ပါဒ်မပြတ်ဘူး၊ သူ့ရှုစရာရှိမှလဲ ပဋိစ္စသမုပ္ပါဒ်ကလဲ ပြတ်တယ် ပြတ်ယင်နိဗ္ဗာန်ဘဲ။

ဒါကြောင့် နေ့လည်ကဟောတဲ့ ရာဂက္ခယော ဖြစ်သွားတယ် ဆိုယင်ဖြင့် ဒေါသက္ခယော၊ မောဟက္ခယော၊ ရာဂလဲကုန် ဒေါသလဲကုန်၊ မောဟလဲကုန် အဲဒါနိဗ္ဗာန်လို့ နေ့လည်ကဟောခဲ့

တယ်၊ ဩဗြ်-ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ပြတ်တာကို နိဗ္ဗာန်လို့ ခေါ်တာကိုးလို့ ပဋိစ္စသမုပ္ပါဒ်နဲ့ နိဗ္ဗာန်နဲ့ဟပ်ကြည့်တော့ မမှန်ဘူးလား။

ဒါဖြင့်နိဗ္ဗာန်ဆိုတာ တခြားလားမှတ်နေတယ်၊ စက်ဝိုင်းကြည့်လိုက်တော့ နံပါတ် ၂ က နံပါတ် ၃ မကူးတာနိဗ္ဗာန်ဘဲ၊

နိဗ္ဗာန်ဆိုတာ ဘာတုန်းအောက်မေ့နေတယ်၊ ရာဂ-ဒေါသ-မောဟကုန်တာကို နိဗ္ဗာန်ခေါ်တယ်၊ ဘယ့်နှယ့်ကြောင့် နိဗ္ဗာန်မှာ-ရာဂ-ဒေါသ၊ မောဟကုန်ပါလိမ့်မတုန်းလို့ မေးတဲ့အခါကျတော့ မြင်စိတ်က ဖြစ်ပျက်၊ မြင်စိတ်က ဖဿဝေဒနာ တပြိုင်နက်ပေါ်တယ်၊ ဝေနာနောက်က ရှုတာက မဂ် ဖြစ်ပြီးသကာလ မဂ်ကနေပြီး ရာဂဖြတ်ချလိုက်တယ်၊ ဖြတ်ချလိုက်တော့ သူနဲ့သဟဇာတဖြစ်တဲ့ မောဟကလဲပြတ်တယ်။

သူရှိမှ အခုကောင်းတာဟာ နောက်မကောင်းတဲ့ ဒေါသဖြစ်မည့်ဥစ္စာလဲ ပြတ်တယ်။

ဒါဖြင့် မြင်စိတ်ဖြစ်ပျက်ရှုပါ စက္ခုဝိညာဏံ အနိစ္စံ ဆိုတဲ့ ပါဠိတော်ဟာ၊ မြေဆဲ့ရာမပါအောင်လို့ဟောတဲ့ အဓိပ္ပါယ်ဆိုတာ ယနေ့ရှင်းသွားပြီ။

ဒါဖြင့် မြင်တယ်ဆိုယင်၊ မြင်စိတ်ဘာလုပ်ကြမယ်၊ ဖြစ်ပျက်ရှုရပါမယ်၊ဖြစ်ပျက်ရှုလိုက်တဲ့အတွက် စိတ်တွင်ဖြစ်ပျက်ဖြစ်သွားသလားဆိုတော့ သူနဲ့သဟဇာတဖြစ်တဲ့ နာမက္ခန္ဓာလေးပါးလုံး၊ ဝေဒနာရော၊ သညာရော၊ ဖဿရော ဘာဖြစ်သွားသတုန်းဆိုတော့(ဖြစ်ပျက်ဖြစ်သွားပါတယ်) အကုန် ဖြစ်ပျက်ဖြစ်သွားတယ်၊ နဂိုရ်က တွဲဖြစ်တာကိုး။

တဲ့ဖြစ်တော့ အားလုံးသည်ကားလို့ဆိုယင် အနိစ္စချည်း သွားဖြစ်တယ် အဲဒီအနိစ္စချည်းသွားဖြစ်ပြီး သကာလ နေတော့ အနိစ္စနောက်က နေပြီးသကာလ ဖြစ်ပျက်ရှုတဲ့မဂ်ကလိုက်ပြီး သကာလ လာပြန်တော့ ဒီမဂ်ဘာဖြစ်သတုန်းလို့မေးတဲ့အခါ၊ ဒီမဂ်ကနောက် တဏှာ၀တ္တုကိုမကြိုက် ဥပါဒါန်ကိုမဖြစ်စေ၊ ကံကိုမဖြစ်စေဆိုတော့ တဏှာရော ဥပါဒါန်ရော ကံရော ဖြတ်ပစ်လိုက်တယ်။

ခင်ဗျားတို့ကို အပါယ်ပို့မည့်တဏှာ၊ အပါယ်ပို့မည့်ဥပါဒါန် အပါယ်ပို့မည့်ကံတွေကို ခင်ဗျားတို့ မြင်စိတ် ဖြစ်ပျက် ရှုတဲ့ မဂ်သည် တဏှာလဲ ဖြတ်တယ်၊ ဥပါဒါန်လဲဖြတ်တယ်၊ ကံလဲ ဖြတ်တယ်ဆိုတဲ့ အဓိပ္ပါယ်ရတယ်။

အဲဒါ-သားကောင်တွေ တိုင်ခြေမှာဝပ်အောင် လုပ်နိုင်လို့ဘဲ၊ မနောအောက်ရောက်သွားတယ်။

မနောဒွါရ-ဝိပဿနာဉာဏ်အောက်ကို အရောက်သွင်းပစ်လိုက်တဲ့အတွက် သူကဆွဲမလို့ စတာဘဲ၊ ဆွဲမလို့စတာကို အစဖြတ်ချလိုက်တယ်၊ အဲ-ပဋိစ္စသမုပ္ပါဒ်-အစကဖြတ်ချလိုက်တယ်၊ စက္ခုဝိညာဏ်ကမှစပြီး၊ မြင်စိတ်ကမှစပြီး သကာလ မြင်တယ်၊ ခံစားတယ်၊ လိုချင်တယ် စွဲလန်းတယ်၊ အားထုတ်မယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို အစကဖြတ်ပစ်လိုက်တယ်။

* ဒါဖြင့် "ယတော ပစ္စယာနံ ခယံ-အဝေဒိ" ယတော အကြင်အခါမှ ပစ္စယာနံ အဝိဇ္ဇာစသော အကြောင်းတို့၏ ခယံကုန်ရာဖြစ်သော နိဗ္ဗာန်ကို အဝေဒိ ငါသိပြီကွ-တဲ့ ဖြစ်ကြောင်း ကုန်တာကို ငါသိပြီ သတောကျပလား။

ဖြစ်ကြောင်းကုန်တာကို ငါသိပြီဆိုတော့ တကာတကာမ တွေ့ အနည်းငယ် ရှုပ်ချင်ရှုပ်နေဦးမယ်၊ ဒီပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကကို မစဘူး။မြင်စိတ်ကစတယ် အဲဒီဖြစ်ကြောင်းကိုသူသိတဲ့အတွက်တဲ့ အင်း-မျက်လုံးဆိုတဲ့မြေကတော့ဖြင့်ဆွဲတော့မှာဘဲ။ အဆွဲမခံဘူးကွဆိုပြီး သကာလ သူ့ကို မင်းလာလို့ရှိယင် ငါသံသရာထဲ နစ်မွန်းတော့မယ်။ အပါယ်လေးပါးထဲ ငါရောက်တော့မယ် ရောက်ကြတော့မယ်ဆိုတာကို သိနေတဲ့ ပုဂ္ဂိုလ်ကတော့ ပေါ်လာလို့ရှိယင်၊ သူ့ဘဲဖြစ်ပျက်ရှုချလိုက်တယ်။

သူအနိစ္စဘဲဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ယတော ပစ္စယာနံ-ခယံ-အဝေဒိ-" သူကုန်ယင် ဟိုဘက်ကဟာတွေ အကုန်ကုန်မှာဘဲလို့ သူသိတယ်။

မြင်စိတ်ကလေးကို ဒို့ဖြစ်ပျက်ရှုနိုင်လို့ရှိယင်၊ တဏှာ၊ ဥပါဒါန် ကံ ကုန်တယ်ဆိုဒါ ငါသိတယ် အဲဒီလိုသိပြီးသကာလ သိတဲ့အတိုင်း ငါအလုပ်လုပ်လိုက်လို့ ငါဘုရားဖြစ်လာတာ။

ဒီလိုဆိုတော့ ပဋိစ္စသမုပ္ပါဒ်စမြီးသကာလ ဖြစ်တဲ့တရားချုပ်အောင်လုပ်နိုင်လို့၊ ဘုရားဖြစ်လာတာ၊ အဲဒီတော့ ဘုရားဖြစ်တာနဲ့ ခင်ဗျားတို့ သောတာပန် သကဒါဂါမ်-အနာဂါမ် ရဟန္တာဖြစ်ချင်တာနဲ့ ဘာမှမထူးဘူးအောက်မေ့။

ဘုရားလဲ လောဘ၊ ဒေါသ၊ မောဟချုပ်ငြိမ်းလို့ ဘုရားဖြစ်တာဘဲ ခင်ဗျားတို့လဲ ဒီဟာချုပ်ငြိမ်းအောင် လုပ်လို့ရှိယင် ကိုယ့်အတန်းနဲ့ကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်ရမှာဘဲ။

ဘာမှ ခင်ဗျားတို့ ယုံမှားသံသယရှိမနေနဲ့ သြော်-ဘုရားဖြစ်စဉ်က ဘယ့်လိုဆိုတော့ ဘုရားက အခု သေးသေးချာချာဖွင့်ဟောတော့။

"ယဒါ ဟဝေ ပါတုဘဝန္တိ-ဓမ္မာ၊ ငါ့သန္တာန်ပေါ်လာတယ် ငါ့စိတ်ထဲမှာ ပေါ်လာတယ်တဲ့။

"အာတာပိနော၊ ဈာယတော၊ ဗြာဟ္မဏဿ" ဝိပဿနာရှုတဲ့ ငါဘုရားအား တဲ့၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ ဆိုတာ၊ ဈာယတောက ရှုတာ၊ ဗြာဟ္မဏဿကမကောင်းမှုမှအပ ပြုတဲ့ဘုရား။

ငါသည် ဝိပဿနာရှုတယ်၊ ရှုလိုက်တဲ့ အခါ ကျတော့ ယတောပစ္စယာနံ ခယံအဝေဒီတဲ့၊ ပစ္စယာနံအကြောင်းတို့၏ ခယံ ကုန်ရာကို အဝေဒီ ငါသိတယ်ကွတဲ့။

တဏှာဥပါဒါန် ကံဆိုတဲ့အကြောင်းကုန်ရာကို ငါသိတယ်တဲ့ ဘာသိသတုန်းမေးတဲ့အခါ ငါ စက္ခုမျက်စိ ဖြစ်ပျက်ရှုလိုက်တယ် ဖြစ်ပျက်ရှုလိုက်တော့ တဏှာဥပါဒါန် ကံ အကြောင်းကုန်တာ ငါသိတယ် ဒါကြောင့် ငါဘုရားဖြစ်သွားတယ် အဓိပ္ပါယ်ကို ဒီလိုမယူကြလို့ခက်နေတာ ခင်ဗျားတို့ကတော့ ဘုရားအနေကဇာတင်တယ်လို့ မှတ်နေတာဘဲ။

စင်စစ်ကတော့ ဖြစ်စ တရားကို ကုန်အောင်လုပ်ကွတဲ့ဒီနေရာ မျက်လုံးပေါ်မှာ ဘာတုန်း၊မြင်စိတ်ကမှမစယင် ဘယ်ကစ မလဲ ကြားစိတ်ကမှ မစယင် ဘာက စမလဲ၊နံ့စိတ်က စရမယ်၊ စားစိတ်က စရမယ်၊ ယားစိတ်ယံစိတ် နာစိတ်၊ ကောင်းစိတ်က စရမယ်၊ ကြံ့စိတ် စည်စိတ်ကစရမယ် ဒါပဋိစ္စသမုပ္ပါဒ် အစဘဲ။

အဲဒီ အစတွေကို ကုန်အောင်လုပ်နိုင်တဲ့အတွက် ငါသည် ဘုရားအဖြစ်သို့ ရောက်လာပါတယ်ကွတဲ့ ဆိုတော့ တိုင်ခြေ ဝပ်အောင်လုပ်နိုင်လို့ မနေ့ာဒွါရဆိုတဲ့ တိုင်ခြေမှာ မြင်စိတ် ကြားစိတ်၊ အစရှိတဲ့ခြောက်စိတ် တွေလာပြီးသကာလ မင်းတို့ ဆွဲရာ ငါမပါဘူး၊ မင်းတို့ဒီနေရာမှာဝပ်ပြီးသကာလ ဒီနေရာမှာ အရှုခံအဖြစ်နဲ့ နေရမယ်ဆိုတဲ့ သဘောမျိုးနဲ့ ဘုရားသခင် ကိုယ် တော်မြတ်ကြီးက သိလာလို့ ရှုပြီးသကာလ ပဋိစ္စမုပ္ပါဒ်ကုန်ရာကို သိသွားတယ်။

ကုန်ရာကို သိတယ်ဆိုတာက တခြားလို့ မှတ်မနေကြပါနဲ့ အစဖြတ်လိုက်ယင် ဟိုဘက်က အကုန်ကုန်တယ်၊ အစဖြစ်ပျက် ရှုလိုက်ယင်၊ ဟိုဘက်က အကုန်ပါတယ် မြင်စိတ်ကိုဖြစ်ပျက်ရှု လိုက်တော့ တဏှာဥပါဒါန် ကံလဒသေးသလား (မလာပါ ဘုရား) ဒီအစဟာ ထောင်လာမယ်ဆိုယင်တော့ အပါယ်သွား ဘို့ဘဲရှိတယ်။

ဒါဖြင့် တဏှာဥပါဒါန်ကံဖြစ်လာတော့ ဇာတိကျတော့ ငြင်းလို့မရနိုင်တော့ဘူး ကမ္မဘဝ ပစ္စယာ ဇာတိဘဲ "ကမ္မ သတ္တေ ဝိဘဇ္ဇတိဘဲ"ပေါ်လာတဲ့အစ ဖြတ်ကြ။

အစဖြတ်လို့ရှိယင်ဖြင့် ခင်ဗျားတို့မျက်လုံးမှာ ဘယ်ကစ သတုန်းဆိုတော့ မြင်စိတ်ကစတယ် နားမှာကြားစိတ်က စတယ် အဲဒီအစဖြတ်ရမယ် ကြံစိတ်လာတယ်ဆိုယင်လဲ ကြံစိတ်ကစဖြတ် ခင်ဗျားတို့ ကိုယ့်အကြံကလေးကို သဘောကျတာ ကိုယ့်အကြံ ကလေးကို မမေ့အောင်စွဲလမ်းနေတာ၊ ကိုယ့်အကြံကလေးကို

အကြံကလေးအတိုင်း နောက်ထပ် အားထုတ်မယ်ဆိုတာတွေကလဲ မနေဒွါရကလဲ ပဋိစ္စသမုပ္ပါဒ် မလာပေဘူးလား။

ထိုကဲ့သို့ လာခဲ့သည်ရှိသော်၊ခင်ဗျားတို့ကြံမှုသည် ကြံစိတ်ကို ဖြစ်ပျက်မရှုတော့ပါဘူးဆိုလို့ ရှိယင်ဖြင့်တဲ့ ကြံလေလေအပါယ် ရောက်လေလေဘဲ ဆိုထိုက် မဆိုထိုက်။

ကြံတာကတခြား ကြံတာမှ အဟုတ်ဘဲကိုး စီးပွားရေး ကြီးပွားရေး ကြံတာကိုး ဒါဖြင့် ဘယ်နှစ်စိတ်ကိုရှုရမှာတုန်း (ခြောက်စိတ်ကို ရှုရမှာပါဘုရား)ခြောက်စိတ်ဆိုလို့ ရှိယင်ဖြင့်တဲ့ မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ဟုတ်လား ယားစိတ် ယံစိတ် နာစိတ် ကြံစိတ်တွေကို ခင်ဗျားတို့ နိုင်ကြမယ်ဆိုလို့ ရှိယင်၊ ဖြစ်ပျက်လာတိုင်း ရှုနိုင်ကြမယ်ဆိုလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် အစကပြတ်ပါတယ်။

အဲဒီ ခြောက်စိတ်ဖြစ်ပျက်လာတိုင်း ရှုလို့အစက ပြတ်သွား ဘယ်ဆိုလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ကံတွေဟာ လာပါဆိုလို့ မလာတော့ဘူး အစက မဖြစ်နိုင်ဘူးဆိုယင်တော့ ဖဿ၊ ဝေဒနာ၊ တဏှာဥပါဒါန် ကံ ဆိုတာလာမှာဘဲ။

အဲ ဒီည ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့ကို ကံနဲ့တဏှာ ထူးထူးခြားခြားပြောလိမ့်မယ်မှတ်။

ကံဟာ နောက်ကမဟုတ်လား တဏှာကရှေ့က တဏှာ ဥပါဒါန်ကံကိုး၊ ကောင်းပြီ တဏှာ မလာယင်ကံမလာဘူး တဏှာလာယင် ကံလာမယ်ဆိုတာ သေချာတယ်။

အဲဒါကြောင့် တဏှာကို သမုဒယသစ္စာဖွဲ့တာ ဘယ်နှယ် ကြောင့်ဖွဲ့ရပါသတုန်း မေးတော တဏှာမရှိတဲ့ပုဂ္ဂိုလ်မှာ ကြည့်

"ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ ဘိက္ခဝေ နိဗ္ဗာနံ" လို့ ပြောထားတယ် ရာဂ ဒေါသ မောဟ ကုန်ယင် နိဗ္ဗာန်ဘဲကွတဲ့။

ဒါဖြင့် တဏှာချုပ်ယင် နိဗ္ဗာန်ခေါ်တာဘဲ၊ ကံချုပ်လို့ နိဗ္ဗာန်မခေါ်ဘူး။

**ရှင်းပြမယ်**

တဏှာဟာ ဘာလုပ်တတ်သတုန်း၊ ဘုရားက အင်္ဂုတ္တိုရ်ပါဠိတော်ကျတော့ တဏှာဟာ အပ်ချုပ်သမားနဲ့တူတယ်လို့ ပြောထားတယ်။

အပ်ချုပ်သမားဟာ အဝတ်နှစ်ထည်ကွဲပြီး နေစေကာမူ၊ ပြတ်ပြီးနေစေကာမူ၊ စပ်တတ်တယ်၊ ထို့အတူဘဲတဲ့၊ တဏှာရှိမှ ဟိုဘဝဆက်တာ ဒီဘဝဆက်တာ တဏှာမရှိယင်မဆက်ဘူး၊ ခင်ဗျားတို့က သြော်-ကံက ဆက်ပေးတယ်လို့ ထင်ချင်ထင်နေတယ်။

ဒါကြောင့် မြတ်စွာဘုရားက အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာ တဏှာက အပ်ချုပ်သမားနဲ့ တူတယ်လို့ ပြောထားတယ်။

**တဏှာဆက်ပုံ စဉ်းစား**

ကိုယ့်သမီးတယောက်နဲ့ တခြားသော သားနဲ့ အိမ်ထောင်ကျတယ် ဒီအမေ ဒီအဖေ ယောက္ခမ မိဘလုပ်တဲ့ ပုဂ္ဂိုလ်က တဏှာဘယ်လို ဆက်သတုန်းဆိုတော့။

ပဌမ သမီးနဲ့ သမက်နဲ့ ဆက်လိုက်တာလဲ တဏှာဘဲ၊ သားမက်နဲ့ ဆက်လက်ပတ်သက်ပြီး သမက်၏ ညီတွေအစ်ကိုတွေကိုလဲ

ခင်ရ မင်ရတာဘဲ ဘယ်သူကြောင့် ဆက်စပ်သတုန်းဆိုတော့ တဏှာဘဲ။

တဏှာ-သိဗ္ဗိနီလို့ ဟောထားတယ်၊ တဏှာ တဏှာသည် သိဗ္ဗိနီအပ်ချုပ်သမားနဲ့ တူ၏တဲ့ အပ်ချုပ်သမားသည် အထည် တခုနဲ့တခု ဆက်စပ်တတ်သို့ အပ်ချုပ်သမားလို့ ခေါ်တာ။

တဏှာသည် ရှေးဦးစွာ သမီးခင်တယ် သမီးခင်လို့ရှိယင် သားမက်ခင်ရတော့မှာဘဲ သူတို့က မွေးထားတဲ့ သားကလေး သမီးကလေးတွေရော သားမက်နဲ့ ပတ်သက်တဲ့ ညီအစ်ကို မောင်နှစ်မတွေရော သားမက်နဲ့ ခင်တဲ့ ပုဂ္ဂိုလ်တွေရော (ခင်ရ ပါတယ်ဘုရား) ဒါဘယ်သူက ဆက်စပ်သွားသတုန်း ဆိုတော့ တဏှာက ဆက်စပ်သွားတာ။

ဒါဖြင့် မစလေနဲ့ စယင်ခက်တယ် ဆက်တော့မှာဘဲ အကုန် ရှောက် ချုပ်မှာဘဲ ဟိုဟာလဲ မကင်းဘူး ဒီဟာလဲမကောင်းဘူး ဒီဟာလဲ့ ပစ်ထားလို့မတော်ဘူး၊ ဒီဟာလဲ ဒီအတိုင်းနေလို့ မတော်ဘူး (တဏှာသတ္တိတွေပါဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်မှာ ဆက်ထားမြင်သဖြင့် ဟိုဘဝ ဒီဘဝ ဆက်တာ ဘယ်သူထင်ကြသလဲ ခင်ဗျားတို့က ဖြုန်းကနဲတွေး လိုက်တဲ့အခါကျတော့ ကံကဆက်ပေးတာလို့ ဒီလိုထင်ကြတယ် ကံနဲ့ပဋိသန္ဓေနီးနေလို့။

နီးတော့ နီးတာအမှန်ဘဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နီးတော့ နီးပါတယ်တဲ့ တဏှာချုပ်ငြိမ်းတဲ့လူတော့ မဆက်ဘူးတဲ့ တဏှာချုပ်ငြိမ်းတဲ့ လူကျတော့ ကံမှ မလာဘဲ၊ အရင်းကျကျ တွေးယင် တဏှာဘဲ။

ဒါဖြင့် တဏှာဟာ အပ်ချုပ်သမားနဲ့တူ မတူ ဒါဖြင့် တဏှာ မသေသ၍ ကာလပတ်လုံး တဆက်တည်းဆက်နေမှာဘဲ လူ့စုတိနဲ့ ခွေးပဋိသန္ဓေနဲ့လဲ ဆက်မှာဘဲ ခွေးစုတိနဲ့ အပါယ်ပဋိသန္ဓေနဲ့လဲ ဆက်မှာဘဲ ဘယ်သူ့သတ္တိတုန်းဆိုတော့ တဏှာရဲ့သတ္တိ။

ဒါကြောင့် တဏှာသဗ္ဗိနီတဲ့ တဏှာကို အပ်ချုပ်သမားနဲ့ တူတယ်လို့ဟောလိုက်တယ်၊ကံကတော့ အကျိုးပေးနဲ့တော့နီးပါတယ်၊ သို့သော် တဏှာချုပ်တဲ့ပုဂ္ဂိုလ်- ကံဘာမှ မတတ်နိုင်ဘူး။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တဏှာနိရောဓါ၊ဥပါဒါန နိရောဓေါ ဥပါဒါန နိရောဓါ ကမ္မဘဝနိရောဓေါ (ကမ္မဘဝ နိရောဓေါ)ဆိုတော့ ဩော်-တဏှာသာ ချုပ်လို့ရှိယင်ဖြင့် ဒီပြင်ဟာတွေက သူ့အကူအညီမရယင် မဆက်စပ်နိုင်ဘူးဆိုတာ ရှင်းပလား၊ ဒါကြောင့် ကံနဲ့တဏှာဟာ- တဏှာကို ကြောက်စရာ အကောင်းဆုံးလို့မှတ်။

ဒါဖြင့် ဘုံဘဝတွေ ကျုပ်တို့ တသံသရာလုံး စုတိဒုက္ခပြီး ပဋိသန္ဓေ- ဒုက္ခပေးလေသမျှ ဘယ်သူဟုန်း ဆိုတော့ တဏှာဘဲ စုတိက၊ ဒုက္ခသစ္စာ-ပဋိသန္ဓေကကော-ဒုက္ခသစ္စာ အင်း....ဒါနဲ့ ဒါကို အနန္တရပစ္စယောတဲ့ အခြားမရှိအောင် ချုပ်စပ်ပေးတာ ဘယ်သူတုန်း (တဏှာပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ကံတွေ အလကားဟာတွေ ဖြစ်ရတော့ မှာလားလို့ မေးတဲ့အခါကျတော့ အို-တဏှာမချုပ်ငြိမ်းသေးတဲ့ ပုဂ္ဂိုလ်မှာ ကံဟာ အရေးကြီးတယ်၊ သေသေချာချာမှတ်။

ကိုင်း ဒါဖြင့် တဏှာချုပ်ငြိမ်းယင် ကံပြုတ်သွားတယ်၊တဏှာ မချုပ်ငြိမ်းယင် ကံ ကထောင်လာတယ်။

* ကံထောင်လာတယ်ဆိုတာ သူ အလုပ်လုပ်မယ် ကွတဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တဏှာဟာကွာတဲ့ ကံတွေကိုစုပြီး သိမ်းဆည်းထားတဲ့ ပုဂ္ဂိုလ်နဲ့ တူတယ်တဲ့။ ကံတွေကို ကမ္မသ—ကံတွေကို သိမ်းဆည်း ထားတတ်တဲ့ ပုဂ္ဂိုလ်နဲ့တူတယ်၊ ကဏှာက သိမ်းဆည်းထားတော့ ကို ကံတွေဟာ လေလိုလွင့်မသွားဘူး၊ သတ္တိတွေလွင့်မသွား ဘူး၊တဏှာက ဆုပ်ထားတော့ဟောဒါအပါယ်ရောက်တဲ့ ကံကလေးကို လွှတ်လိုက်တယ်၊ လွှတ်လိုက်တဲ့အခါ ဒီကံ ကလေးက အပါယ်အကျိုးပေးလိုက်တယ်။

အဲဒီ ကံ-ကုန်သွားပြန်ပြီဆိုတော့ ဒီကနေပြီးလွှတ်ပြန်တယ်၊ သူကစုထားတာကိုး တခုတခုစီလွှတ်ပေးနေတယ်၊ အဲဒီကံကလေး ကုန်ပြန်တော့ နတ်ခန္ဓာလွှတ်ပေးပြန်တာဘဲ၊ တခါ နတ်ခန္ဓာက နေပြီး ကမ္မဘဝပစ္စယာ-ဇာတိလုပ်လိုက်ပြန်တယ်။

ဒါဖြင့် ခင်ဗျားတို့သည် ကံစွမ်းရည်ကို တဏှာကသိမ်းဆည်း မထားလို့ရှိယင် ဒီကံတွေဟာ အလကားဖြစ်တယ်၊ တဏှာက သိမ်းဆည်းထားလို့သာ ကံတွေသည် မပျောက်ပျက် ဘဲနှင့် အမျိုးစုံအကျိုးပေးတယ်။

ဒါဖြင့် ကံနဲ့ တဏှာ ဘယ်သူက ထက်သတုန်း မေးလို့ရှိယင် (တဏှာက ထက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တဏှာရှိနေတဲ့ပုဂ္ဂိုလ်မှာ ကံပေါင်း ဘယ် လောက်များများ စုထားပါလိမ့်မတုန်း ဆိုလို့ရှိယင် (မရေ မတွက်နိုင်ပါဘုရား)။

ဒါကြောင့် အခု ရှင်ဘုရင်ဖြစ်အောင် သူလုပ်လိုက်တယ်၊ နက်ဖြန် ခွေးလောက်မှ မကောင်းတဲ့လူဖြစ်တယ်၊ သူကလွှတ်ပေး လိုက်တာ။

အဲဒါကြောင့် တဏှာသည်ဆိုလို့ရှိယင်"ကမ္မသတ္တောဝိဘဇ္ဇတိ" ဆိုတာက အဖျားကို ဆွတ်ပြောတဲ့ပါဠိ စင်စစ်တော့ တဏှာက လွှတ်ပေးတာ။

ဒါကြောင့် "ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော နိဗ္ဗာနံ"လို့ ပြောတာ၊ (ကမ္မက္ခယော နိဗ္ဗာန်လို့ မပြောဘူး)။

ဒါကြောင့် ခင်ဗျားတို့ဘာကြောက်ရမတုန်းဆိုတော့(တဏှာ က ဆက်စပ်လို့ပါဘုရား)။

ဟိုဘဝ ဒီဘဝကို ဆက်စပ်တယ်၊ တနည်းအားဖြင့် ကံတွေကို လေလိုလွင့်မသွားအောင် စုထားတတ်တယ်။ ကံစေတနာတွေကို သူက မပျောက်ရဘူး။

ခင်ဗျားတို့က ကံတွေလုပ်ထားတယ်၊ ခင်ဗျားတို့က တဏှာ ချုပ်အောင် မလုပ်သ၍ ကာလပတ်လုံးတော့ ဒီကံတွေအဟော သိကံ မဖြစ်ရဘူးဆိုတာမှတ်။

ဒါကြောင့် ဩော်—မနေ့က အကောင်းကြီးဟာ၊ ကျုပ်ဖြင့် ဒီလို ဖြစ်လိမ့်မယ် မထင်ဘူး ပြောကြတယ်၊ တဏှာက သေကံ လွှတ်ပေးလိုက်လို့။

ဒါဖြင့် ကံပေါ်မှာ တဏှာ ခြယ်လှယ်တယ် မှတ်ထား၊ ဒါကြောင့် ယနေ့ကျန်းမာတယ်၊ နက်ဖြန် သေချင် သေတယ်၊ နက်ဖြန် ကျိုးချင်ကျိုးတယ်၊ သဘက်ခါ ကန်းချင်ကန်းတယ်၊ အဲဒါ တဏှာသတ္တိ။

မနေ့က အကောင်းကြီးဗျာ ဒီနေ့ မျက်လုံးဘာဖြစ်သွားလို့ ကျုပ်ဖြင့် မမြင်ရတော့ဘူး၊ ဒါကြောင့် ခင်ဗျားတို့မှာ တဏှာ ရှိသ၍ကာလပတ်လုံး ကံမကုန်။

တဏှာက စုစုထားတဲ့အတွက် ဒါကြောင့် တဏှာကုန်ယင် (ကံအဟောသိကံဖြစ်ရမယ်)။

**သက်သေသာဓက**

သာဓက လုံလောက်အောင် ပြပါဦးဆိုတော့ **ဝေဿန္တရာ** မင်းကြီးဟာ ဘုရားဖြစ်ခါနီးမှာဖြင့် ဘဝထဲမှာ လူ့ပြည်မှာဖြင့် နောက်ဆုံးပိတ်ဘဝဆိုယင် မလွဲပါဘူး၊ နောက်ဘဝက **သိဒ္ဓတ္ထ** မင်းသားဖြစ်ဘို့ဘဲ ရှိတော့တယ်။

အဲဒီ ဝေဿန္တရာမင်းကြီး ပေးကမ်းလှူဒါန်းထားတဲ့ ကံတွေ ဟာ အင်မတန်များတယ်၊ မရေမတွက်နိုင်ဘူး၊ လူ့ပြည်နတ်ပြည် အကြိမ်ကြိမ် ခံစားလို့ မကုန်နိုင်ဘူး၊ အဲဒီမကုန်နိုင်တဲ့ ကံတွေကို ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ တဏှာဖြတ်ချလိုက်တယ်။

တဏှာ ဖြတ်ချလိုက်တော့ ဝေဿန္တရာမင်းကြီး လှူထားတဲ့ ဘုံဘဝတွေ အမျိုးမျိုး အကျိုးပေးပြီးသကာလ နေဘို့ရာ ကံတွေ ဟာတဲ့ ပေးနိုင်သေးရဲ့လား၊ တခါတည်း သေလိုလွင့်သွားတယ်။

ဘာဖြစ်လို့တုန်းဆိုတော့ တဏှာချုပ်လို့ သိမ်းဆည်းတဲ့လူ မရှိတော့ဘူး၊ သိမ်းဆည်းတဲ့သူ တဏှာမရှိတော့ လေလိုလွင့်ပြီး ပျောက်သွားတယ်၊ ဒါဖြင့် ဘုရားကို သက်သေသာဓက ပြလိုက် သဖြင့် နောက်ဆုံးပိတ်ဘဝမှာ လှူလိုက် တန်းလိုက် ပေးကမ်း လိုက်တာ တိုင်းပြည်နဲ့တကွ အလုံးစုံ အကုန်မလှူဘူးသည်မရှိ

အဲဒီ ကံတွေသာ အကျိုးပေးနေမယ်ဆိုယင် ဘုရားဖြစ်ပါ့မလား လို့ မေးလိမ့်မယ်။

ဒါဖြင့် ဘုရားဘယ့်နှယ်ကြောင့် ဖြစ်ပါလိမ့်မတုန်း ဆိုတော့ တဏှာချုပ်လို့ ဖြစ်သွားတယ်၊ ရာဂက္ခယော နေဒ်-ရာဂက္ခယော ပေါ်လာတယ်၊ ဩော် သူကုန်လို့ပါလား ရှင်းပလား။

ဒါဖြင့် တဏှာကုန်မှ ကံကုန်မယ်၊ တဏှာမကုန်ယင် ကံမကုန် ဒါကြောင့် တဏှာသည် ကံကို သိမ်းဆည်း ထားတယ် ဆိုတာ ရှင်းသွားပလား။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အနေက ဇာတိသံသာရ် အစရှိတဲ့ပါဠိတော်ကြီးမှာ ဘုရားဖြစ်လို့-ကိုယ့် ဟာကိုယ် ကြိမ်းဝါးတော်မူတော့ တဏှာယောကျ်ားလက်သမား နောက်ခန္ဓာအိမ် ဆောက်ရလိမ့်မယ်လို့ မင်းမဆောက်မနဲ့တော့ မင်းအကိုင်းအခက်နဲ့တကွ မင့်အမြစ်ကို တူးပြီးပြီဆိုတော့ ကံကို ကြိမ်းသလား တဏှာကိုကြိမ်းသလား (တဏှာကိုကြိမ်းပါတယ် ဘုရား)။

အဲဒါကို ခင်ဗျားတို့က ကမျာ်း တယ်ကြောက်စရာကောင်း ပါကလားလို့ မရောင်ရာကို ဆေးလိမ်းနေတယ်။

ကံမျာ်း သိပ်ကြောက်စရာ ကောင်းတယ်ဟော့ မမြင်ဘူးလားကွ မနေ့က အကောင်းကြီး ယနေ့ သေပြီကွတဲ့ အကြောက်ကလွဲ နေပြီ မဟုတ်ဘူးလား။

အဲဒါခင်ဗျားတို့က လူကြောက်မကြောက်ပါဘူး တိရစ္ဆာန် ကြောက်ကြောက်နေတာ။

ဥပမာ-ခဲနဲ့ ပစ်လိုက်တော့ ထိုခဲကို ခွေးကလိုက်ကိုက်တယ် ဆိုတော့ ဒီခွေးဟာ ခဲကိုသာ ကြောက်တယ် ပစ်တဲ့သူကို သူ မကြောက်တဲ့ အဓိပ္ပါယ် ရောက်တယ်။ စင်စစ်က ပစ်တဲ့လူသာ လိုယင်းဘဲ ခဲက လိုယင်းမဟုတ်ဘူး။ ပစ်တဲ့လူသေယင် ခဲမလာ ခတော့ဘူး။

အဲဒီတော့ ပစ်တဲ့လူကို လိုက်ပြီးကိုက်ရမှာ ခဲကိုလိုက်ပြီးကိုက် နေတယ်၊ခင်ဗျားတို့အခုပြောနေတဲ့ ကံကိုချနေတာလဲ ခဲကိုလိုက် ကိုက်နေတာ ကျုပ်တော့ ကံကိုသိပ်ကြောက်တယ် အဲဒါသွားပြီ ပေါ့ခင်ဗျားတို့တိရစ္ဆာန်ကိုကြောက်ကြောက်နေတာရှင်းပလား။

ခင်ဗျားတို့ဟာက အကျိုးကိုကြောက်နေတာ အကြောင်း ကိုမကြောက်ဘူး။ ဒါဖြင့် အကြောင်း ဘယ်သူလဲဆိုတော့- (တဏှာပါဘုရား)။

လူဖြစ်အောင်လဲ လူကခဲပြစ်တာ၊ နတ်ဖြစ်အောင်လဲ နတ်က ခဲပစ်တာ၊ အဲဒါ တဏှာကပစ်လိုက်တာ ခင်ဗျားတို့က အင်း- ကံကြောင့်၊ကံကြောင့်-ကံများ တယ်ဆန်းကြယ်ဘယ်။ ခင်ဗျာ တို့က အတော်ဆိုးတဲ့လူတွေ အကြောင်း အကျိုး မသိတော့ ပြောချင်တာပြောနေတာဘဲ။

ပြင်ကြ

ဒါဖြင့် တကာ-တကာမတွေ ကျုပ်ဖြင့် ကံအကြောက်ဆုံးဘဲ ဆိုဘဲ့စကားကို ကျုပ်ဖြင့် တဏှာအကြောက်ဆုံးဘဲလို့ပြင်ကြပါ။ ခင်ဗျားတို့ မိဘချိုးရာကြီးကို စွန့်ရဲပါ့မလား ပြင်ရဲပါ့မသား။

ဩြော်-သမုဒယ မသေတော့ ဒုက္ခဖြစ်တာဘဲ သူကတန်းနေ

18 တာဘဲ သမုဒယ-မသေတော့ ကျုပ်တို့ အိုရ-နာရ-သေရရောဂါ

ဝေဒနာတွေရ ရ၊အဲဒါ-သမုဒယ မချုပ်လို့ဒုက္ခဖြစ်ရတာအခုတော့ ကံမကောင်း အကြောင်းမသင့်လို့ ဒီလိုဖြစ်ရတာဆိုတော့-

ဒီကံနဲ့ ဘာဆိုင်သတုန်း ဘာမှမဆိုင်ဘူး၊တဏှာကလွှတ်ပေးလို့ ကံက အကျိုးပေးရတာ။

ကံက-အစေခံ ၊ တဏှာက-မန်နေဂျာ၊ အဲဒီ မန်နေဂျာနဲ့ အစေခံနဲ့ ခင်ဗျားတို့က မကွဲဘူး အစေခံသာ ရိုက်ချင်တာဘဲ၊ တကယ်က မန်နေဂျာကို ရိုက်မှ။

## ပုလဲငုပ် ဥပမာ

ရေထဲမှာ ပုလဲငုပ်တယ် နာရီဝက် ငုပ်ရမည့်ဟာ အချိန်လွန်သွားတော့ နာရီသုံးမတ်လောက်ပိုသွားတယ်၊ သုံးမတ်ကြာယင် သေတာဘဲ။ဘာဖြစ်လို့ ဆိုတော့-ရေထဲမှာ ပုလဲရှာနေလို့-ရသမျှ အိတ်ကြီးထဲ ထည့်နေလို့။

အင်း... ကြုံတောင့်ကြုံခဲ ရခဲ့တာတွေမို့ အချိန်လွန်သွားတယ်ဆိုတော့ ကဲ-စဉ်းစားကြည့်ပါတော့တဲ့၊ ဒီပုလဲရှာတဲ့လူ အချိန်လွန်လို့သေတာဟာ ကံမကောင်းလို့သေတာလား၊တဏှာကြောင့်သေတာလား (တဏှာပါဘုရား)၊ ဒါဖြင့် သေမင်းဟာသူဘဲ၊ ဒါဖြင့် ခင်ဗျားတို့လဲ သေမင်းမိတ်ဆွေလုပ်နေတဲ့ လူစု ဟုတ်မဟုတ် (ဟုတ်ပါတယ်ဘုရား)၊ ဒါဖြင့် သေမင်းမိတ်ဆွေ လုပ်ရအောင်လာတယ်ဆိုကတည်းက သတ်မဲ့သူကိုမိတ်ဆွေလုပ်နေတာ၊ ဒီထက် အ,တဲ့လူ ဘယ်မှာ ရှာတွေ့တော့မလဲ။

ခင်ဗျားတို့ အောက်မေ့နေတာက ဩော် ဒါကလေး တဏှာကလေးရှိလို့၊ လိုချင်တဲ့စိတ်ကလေးရှိလို့ ယူလိုက်တာ၊ ယူလိုက်ရ

တယ်၊ တော်သေးတယ် ဒီလိုပြောချင်ပြောနေတာ၊ သေမင်းကို ကျေးဇူးတင်တယ်ပြောတာ။ စင်စစ်တော့ သေအောင်သတ်တာလဲ သူဘဲ၊ ဒုက္ခရောက်အောင် လုပ်တာလဲသူဘဲ၊ ဒါကြောင့် သူ့ကို သမုဒယသစ္စာလို့ ခေါ်တာပေါ့၊ တဏှာဟာ ဒုက္ခ မျိုးစုံ၏ ဖြစ်ကြောင်း၊ အဲဒါ တဏှာသမုဒယ၊ ဒါဖြင့် ကံကိုမကြောက်နဲ့၊ တဏှာချုပ်ယင် ကံအလိုလိုပျောက်တယ်။

### ကံနဲ့တဏှာ

ဒါကြောင့် ဝိပဿနာရှုတာသည် ကံချုပ်အောင်လို့လား၊ တဏှာချုပ်အောင်လို့ ရှုနေတာလား။ဒါကြောင့် မဂ်သည် ကံကို ဖြတ်သလား၊တဏှာကိုဖြတ်သလားအကဲခတ်(မဂ်သည် တဏှာကို ဖြတ်ပါတယ် ဘုရား)။

ဒါကြောင့်"ကိလေသေ မာရေတွာ နိဗ္ဗာနံ၊ ဂစ္ဆတိတိ မဂ္ဂေါ" လို့ ဖွင့်တယ်မဟုတ်ဘူးလား။

ကိလေသေ-ကိလေသာတို့ကို၊မာရေတွာ-သတ်လျက်၊နိဗ္ဗာနံ ဂစ္ဆတိတိ နိဗ္ဗာန်သို့သွားတတ်၏။ ဣတိတသ္မာ ထို့ကြောင့် မဂ္ဂေါ မဂ်ဉာဏ်မည်၏။

ခင်ဗျားတို့ အကြောက်လွဲနေတယ်၊ တဏှာကိုသာကြောက် ရမယ်၊ ခင်ဗျားတို့ညည်းချင်လို့ရှိယင် အမှန်ညည်းကြပါ၊သမုဒယ ကြောင့် ဒုက္ခဖြစ်ရလေခြင်းလို့ ညည်းပါ၊ ကံမကောင်းလို့ ဖြစ်ရ လေခြင်း မလုပ်ပါနဲ့။

ဒါဖြင့် သမုဒယကြောင့်ဒုက္ခဖြစ်ရတယ်ဆိုယင်တော့ အညည်း တဲ့မှာဘဲ၊ ကံမကောင်းလို့ဆိုယင်တော့ တဏှာက ပြုံးနေမှာဘဲ။

လုပ်တော့ ငါကလုပ်တာကွ ဟိုကောင်ပေါ့ ကျနေတယ်၊ ရှင်းပလား။

ဒါဖြင့် တဏှာက ပြုံးချင်လို့ပြုံးရတာလား၊ ခင်ဗျားတို့က အလိုလား၊ ခင်ဗျားတို့ အလို့ ဆန်ခိုးမမိ ဖွဲ့ခိုးမိနေတာ။

ဒါဖြင့် ခင်ဗျားတို့ဟာ သားကောင်ခြောက်ကောင်ကို တိုင်ခြေဝပ်အောင်လုပ်ပါ၊ မနောဒွါရ အောက်ကို ရောက်အောင်လုပ်ပါ။

ဒါဖြင့် မြင်စိတ်ကိုလဲ ဝိပဿနာဉာဏ်အောက်ရောက်အောင်လုပ်၊ကြားစိတ်ကိုလဲ ဝိပဿနာဉာဏ်အောက်ရောက်အောင်လုပ်၊ နံစိတ်ကိုလဲ ဝိပဿနာဉာဏ်အောက် ရောက်အောင်လုပ်၊ စားစိတ်ကိုလဲဝိပဿနာ ဉာဏ်အောက် ရောက်အောင်လုပ်၊ ယားယံစိတ် ကောင်းစိတ်ကိုလဲ ဝိပဿနာ ဉာဏ်အောက် ရောက်အောင်လုပ်၊ ကြံစည်စိတ်တွေကိုလဲ ဝိပဿနာဉာဏ်အောက် လုပ်ရပါမယ်။

ဟာ-အဲဒါတိုင်ခြေဝပ်ပြီ၊ အဲဒါသားကောင်ခြောက်ကောင် တိုင်ခြေဝပ်ပါပြီ၊ခင်ဗျားတို့က ဒီနေရာကနေပြီးသကာလ၊ သူတို့ကိုသာလျှင်တဲ့ မောတာနဲ့ သူတို့ရပ်လို့ရှိယင်ဖြင့် သူတို့ကို ခင်ဗျားတို့က နိုင်ပြီ၊ အဲဒီကျတော့ ဖန္ဒနံ စပလံစိတ္တံ၊ ဆိုတဲ့ အတိုင်းဘဲ သူတို့က တုန်တုန်လှုပ်လှုပ်နေရမှ ဒီစိတ်တွေဟာဖြစ်ကယ် ယတ္ထကာမ နိပါတိနော သူသွားချင်တဲ့ဆီ သွားတာဘဲ၊ အဲဒါ ခင်ဗျားတို့က သွားခွင့်မပေးဘဲနဲ့ မင်းတို့သွားချင်တဲ့ဆီ မသွားရဘူးကွ၊ တိုင်ခြေဝပ်ရမယ်ကွ။ မနောဒွါရတိုင်မှာ သူ့ကို ကြိုးခြောက်ချောင်းနဲ့ချည်ပြီး ထုံးပြီး၊ စိုက်ပြီး၊ ဒီနေရာမှာ မောပြီး ရပ်ပါစေ ဘုရားက ဒါဟောတယ်။

မောပြီး ရပ်တဲ့အခါကျတော့ ဘယ်သားကောင်မှ နလံထူနိုင်သေးရဲ့လား သူတို့ ပြေးချင်တဲ့ဆီ ပြေးနိုင်သေးရဲ့လား။ မပြေးနိုင်တော့ဘူး အကုန်မောပြီး တိုင်ခြေမှာ လာဝပ်ရတယ်။

အဲဒီလိုဝပ်လို့ ရှိယင်ဖြင့် ခင်ဗျားတို့ အနေလဲမြဲပါပြီ၊ အသေလဲမြဲပါပြီ၊ သူတို့ဆွဲရာမပါတော့ဘူး။ သူတို့ဆွဲရာ မပါဘူးဆိုလို့ရှိယင် သေခြင်းဆိုး အဖြစ်တော့ မရောက်တော့ပါဘူး၊ သဘောပါပလား၊ဒါဖြင့်ဘယ်စိတ်လာလာ ဘယ်နှယ်လုပ်ရမလဲ ဖြစ်ပျက်ရှုရမယ်၊ ပေါ်ချင်တဲ့စိတ်ပေါ် ဖြစ်ပျက်ရှု။

ဘာကြောင့် ဖြစ်ပျက်ရှုရပါလိမ့်မဘုန်းမေးတဲ့အခါကျတော့ ခင်ဗျားတို့ သန္တာန်မှာ ပုထုဇဉ်စိတ်ဘဲရှိတယ် ပုထုဇဉ်စိတ်ဟူသရှိလဲ မရှုကောင်းတဲ့ စိတ်ရယ်လို့ မရှိဘူး။

## အရှင်သာရိပုတ္တရာ

* ဒါကြောင့် အရှင်သာရိပုတ္တရာက ဟောပါတယ်၊ မင်းဟာ သူတပါးစိတ် အကဲခတ်ရတာ မှားတယ် မှန်တယ်နှစ်မျိုးရှိတယ်ကွ၊ ကိုယ့်စိတ်ကို အကဲခတ်နိုင်လို့ရှိယင် နိဗ္ဗာန်ရောက်ပါတယ်တဲ့။

အဲဒီတော့ ဘာစိတ်ဖြစ်တယ်ဆိုယင် ဖြစ်ဖြစ်ခြင်းသိအောင်ဖြစ်ပျက်ရှုပါ၊ ဟော-ဒုတိယစိတ်ဖြစ်လာတယ်ဆိုပြန်ယင် ဖြစ်ဖြစ်ချင်း ဖြစ်ပျက်ရှု၊ စိတ်ထဲရှုတော့သူဟာ လောဘစိတ်ဘဲ မင်းလဲဖြစ်ပျက်ရှုရမယ် ဒေါသစိတ်လာယင်လဲ ဖြစ်ပျက်ရှု။

အင်း.... မင်းဟာ ပဋိစ္စသမုပ္ပါဒ် စတော့မယ်လို့ ဆိုတော့ ကိုယ့်စိတ်ကိုတော့ သိတယ်၊ သူတပါးစိတ်ကိုတော့ မသိဘူးတဲ့ မှားသည်ရှိ မှန်သည်ရှိ ရှိမယ်။

ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ်သိတဲ့ပုဂ္ဂိုလ်သည် တကာတကာ မတို့ ဝိပဿနာဉာဏ်ရတဲ့ ပုဂ္ဂိုလ်မှတ်၊အိပ်တဲ့စိတ်မှတပါး ကျန်တဲ့ စိတ်တွေကို အကုန်ရှု။

အိပ်တဲ့စိတ်ဆိုတာက မပြောပါနဲ့တဲ့၊ ကိုယ်အိပ်တာ ကိုယ် မသိလို့ ရှုစရာမလိုပါဘူး၊ ကောင်းကျိုးလဲမပေးဘူး၊ဆိုးကျိုးလဲ မပေးဘူး၊ အဲဒီ အိပ်တဲ့စိတ် ဘဝင်စိတ်ဆိုဒါက သဘောပါ ရှိလား။

ကျန်တဲ့ဇောစိတ် ဟူသ၍ကိုဖြင့်၊ မမိ မိအောင် ရှုရမယ်၊ ဇောကမှ အကျိုးပေးတာ ဘဝင်က အကျိုးမပေးဘူး။

ဘဝင်က နောက်ဘဝ ထိုဘဝ-ဘယ်တော့မှ အကျိုးပေးရိုး ထုံးစံမရှိဘူး ရှင်းပလား။ ဒါဖြင့် ဘယ်နှယ်လုပ်ကြမယ် ပေါ် ချင်တဲ့စိတ်ပေါ်ပေါ် (ဖြစ်ပျက်ရှုပါမယ်ဘုရား)။ ကိုယ့်သန္တာန် မှာ ပုထုဇဉ်စိတ်မှတပါး တခြားစိတ်မပေါ်ဘူး ပုထုဇဉ်စိတ်ဘဲ ပေါ်မယ်။

အဲဒီတော့ ပုထုဇဉ်စိတ်ပေါ်သ၍ကို ဉာဏ်နဲ့ အရိယာစိတ် ပြောင်းလိုက်ပါ ပြောင်းလိုက်ဆိုတာက ဖြစ်ပျက်ကို ရှုနိုင်တဲ့ အရိယာစိတ်ကို ပြောင်းလိုက်ဘို့ဆိုတာ။

အဲ-ဒါဖြင့် ဝိပဿနာရှု၊ ဝိပဿနာရှုဆိုတာဟာ ကုသိုလ်ရ အောင်ရှုတာလား စိတ်ပြောင်းတာလား (စိတ်ပြောင်းတာပါ

ဘုရား) သေသေချာချာမှတ် တော်တော် အရေးကြီးတဲ့စကား လို့မှတ်ပါ၊ ဘယ်လိုပြောင်းရမှာပါလိမ့် (ဖြစ်ပျက်ရှုရမှာပါ)။

ဖြစ်ပျက်ရှုတော့ ပဋမ ပုထုဇဉ်စိတ်တွေချည်း ပေါ်မယ် ပေါ်တာကို ခင်ဗျား တို့က မိအောင်ရှုနိုင်လို့ရှိယင်ဖြင့် အရိယာ ဖြစ်တာဘဲ၊ သဘောကျပလား။ ဒါဖြင့် အရိယာက မွေးလို့ အရိယာဖြစ်တာမဟုတ်ဘူး၊ ပုထုဇဉ်စိတ်ကို ရှုနိုင်လို့ အရိယာ ဖြစ်တာ။ ပုထုဇဉ်စိတ်ကို ဖြစ်ပျက်မြင်အောင်ရှုနိုင်လို့ မဂ်စိတ် ပေါ်တယ်။

ဒါဖြင့် ဘုရားက ဥပမာပြတဲ့ သားကောင်ခြောက်ကောင် ဟာ ဒွါရခြောက်ပေါက်မှာ ဖြစ်တဲ့စိတ်ဟာ ပုထုဇဉ်စိတ်တွေပါ၊ အဲဒါကို တိုင်ခြေမှာ ဝပ်အောင်လုပ်။

ဒါဖြင့် ပုထုဇဉ်စိတ်ကို ပြောင်းလိုက်လို့ရှိယင်လဲ အရိယာ ဖြစ်နိုင်တယ်။ မပြောင်းတတ်လို့ရှိယင် ပုထုဇဉ်စိတ်ချည်းတန်း ပေါ်တယ်။

ခံစားမယ်ဆိုတော့ ပုထုဇဉ်စိတ်ပေါ်တာဘဲ၊ လိုချင်တယ် ဆိုတော့၊ပုထုဇဉ်စိတ်စွဲလမ်းတယ်ဆိုတော့ပုထုဇဉ်စိတ်၊အားထုတ် မယ်ဆိုတော့ ပုထုဇဉ်စိတ်၊ပုထုဇဉ်စိတ်တွေချည်းတန်းပေါ်တယ်၊ မပေါ်ရအောင် မြင်စိတ်ကို ဖြစ်ပျက်ရှု၊ရှုလိုက်တော့ ပုထုဇဉ်စိတ် ပျောက်ပြီး အရိယာစိတ်ရောက်တယ်။

ဒါဖြင့် ပုထုဇဉ်စိတ်က အပျောက်၊ အရိယာစိတ်က အရောက် ဆိုတာ သေချာပလား၊ ဒါဖြင့် အရိယာ ဖြစ်ချင်လို့ရှိယင် ပုထုဇဉ်စိတ်ကို ဖြစ်ပျက်ရှုမှ အရိယာအဖြစ်သို့ရောက်မယ်၊ ပုထုဇဉ် စိတ်ကို မရှုနိုင်လို့ရှိယင် အရိယာအဖြစ်သို့ မရောက်ဘူး။

တခါသွားဦး သောတာပန်သန္တာန်ဖြစ်တဲ့စိတ်ကို ရှုပါမှ သကဒါဂါမ်ဖြစ်မယ်။ သကဒါဂါမ်ဖြစ်တဲ့စိတ်တွေကိုရှုနိုင်မှ အနာဂါမ်ဖြစ်မယ်။ အနာဂါမ်သန္တာန်ဖြစ်တဲ့ စိတ်တွေ ရှုနိုင်မှ ရဟန္တာဖြစ်မယ်။

ဒါဖြင့် တကာတကာမတို့ စိတ်ပြောင်းတာ အရေးကြီးလာပြီ ကဲဒါဖြင့် ပြောင်းတတ်လို့ ရှိယင် ခင်ဗျားတို့ အရိယာဖြစ်ရပါ လို၏လို့ ဆုတောင်းရမှာလား၊ ရှုတဲ့ပုဂ္ဂိုလ်ဟာ ပြောင်းနေ တာလားလို့ဆိုတာ ဝေဘန်လိုက်ကြစမ်းပါ (ရှုတဲ့ပုဂ္ဂိုလ်ဟာ ပြောင်းနေတာပါဘုရား)။

ဒါဖြင့် ဝိပဿနာမရှုဘဲနဲ့လဲ အရိယာဘယ်မှ ဖြစ်မှာမဟုတ်ဘူး ဘာကြောင့်တုန်း မပြောင်းမိလို့ ရှင်းပလား။

# အပိုင်း(၇)

## ဆရာမှန် ရှာဖွေနည်း

သံယုတ်ပါဠိတော်မှာ 'ယထာဘူတံ- ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော' ဟူ၍ဟောတော်မူ၏။

နိဿယ = ယထာဘူတံ-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ချုပ်ကြိမ်ဖန်၊ အတန်တန်ကို မဖောက်မပြန်ဟုတ်တိုင်းမှန်စွာ ဉာဏာယ-သိခြင်းငှာ-သတ္ထာ ပြတတ်သောဆရာကို ပရိယေသိတဗ္ဗော-ရှာမှီးအပ်၏။

မိမိကိုယ်တိုင် ခန္ဓာကိုယ်၌ တရားမပေါက်ပါဘဲလျက်၊ သူတပါးအားတရားဟောပြော ဆုံးမခြင်းပြုနေသော သာကီဝင်မင်းသားရှင်ဥပနန္ဒမထေရ်အား ရှင်တော်ဘုရားကတားမြစ်တော်မူကြောင်း။

ဓမ္မပဒ-ပါဠိတော်၌ အတ္တာနမေဝ-ပဌမံပဋိရူပေနိဝေသယေ အထညံ အနုသာသေယျ ပဏ္ဍိတော။

နိဿယ= ပဏ္ဍိတော၊ ပညာရှိသောသူသည်၊ အတ္တာနမေဝ မိမိကိုယ်ကိုသာလျှင်၊ ပဌမံ-ရှေးဦးစွာ၊ ပဋိရူပေ-သင့်လျော်လျောက်ပတ် မြင့်မြတ်သော သမထဝိပဿနာ၌ နိဝေသယေ-အခါခါ ပွားများယုံကြည်စွာ သွင်းထားရာ၏၊ အထဆိုသို့မိမိကိုယ်ကိုသင်ဆိုဆုံးမ လိမ္မာလှပြီးသည့်နောက်မှ အညံ လိမ္မာလိုဘိတပည့်များကို၊ အနုသာသေယျ သွန်သင်ဆုံးမ ပြသရာ၏၊

နိကိလေသေယျ သို့မှသာလျှင် မိမိသူတပါး အများအတွက် စိတ်ပျက်ပင်ပမ်းခြင်းသို့ မရောက်ရရာ။

**အရိယာမှန်လျှင် ဖိုလ်ဝင်စားနိုင်၏**

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြန်မာပြန် (က) ၅၆၆-၅၆၇ တွင် တရားပေါက်သူ(ဝါ)သောတာပန်အစရှိသော အရိယာမှန်ပါက မိမိတို့ဆိုင်ရာ ဖိုလ်ကိုဝင်စားနိုင်ပါသည်။

ဖလသမာပါတ် (ဖိုလ်)ကိုအရိယာမှတပါး မည်မျှပင်တန်ခိုးကြီးသော နတ်ဗြဟ္မာ ဝိဇ္ဇာဖြစ်ပါစေ မဝင်စားနိုင်ဟု ရေးပြထားသည်။

လယ်တီဆရာတော်၏၊ ကမ္မဌာန်းကျမ်းကြီး၊ စာမျက်နှာ (၂၂၇)တွင်-

ခပ်သိမ်းသော ဖလဋ္ဌပုဂ္ဂိုလ်တို့သည် မိမိတို့၏ ဖိုလ်ကိုမိမိတို့ အသီးသီးဝင်စားနိုင်ကြကုန်၏၊ ဖိုလ်မဝင်စားနိုင်သူဟူ၍ မရှိကြလေကုန် ဟုရေးပြထား၏။

(၁) ဖလသမာပတ်(ဖိုလ်)ဝင်စားနေခိုက်-ခံစားမှုမရှိ။

(၂) ဖလသမာပတ်ဝင်စားနေစဉ် အာရုံငါးပါးချုပ်ငြိမ်းနေ၏။ ''ဥပရိပဏ္ဏာသပါဠိတော်''

(၃) ဖလသမာပတ် ဝင်စားနေစဉ် အဆင်း အသံ အနံ့ အရသာ အထိ အတွေ့စသည်တို့ကို လုံးဝမသိနိုင် ဓါးနှင့်ခုတ် မီးနှင့်ရှို့လည်းမသိနိုင်။ ''ပေဋကောပဒေသကျမ်း''

(၄) ဖလသမာပတ်ကို ကာလပိုင်းခြား၍ ဝင်စားနိုင်သည်။ 'သက္ကပဉ္စသုတ်''

(၅) ဖလသမာပတ်ကို ဝင်စားနေစဉ် ဣရိယာပုတ်ခိုင်မာနေသည်။ "အဘိဓမ္မာသင်္ဂြိုဟ်"

(၆) ဖလသမာပတ်သည် မိုးကြိုးသံကိုတောင်မကြားဘ။ "သက္ကပဥ္စသုတ်"

(အထူးသတိ) အချို့ ဝသီတော် နဲ့သော ပုဂ္ဂိုလ်များမှာ ရှတ်တရက်ဝင်စား၍မရနိုင်ဘဲ၊ အချိန် ပိုကြာခြင်းသာ ကွာခြားပါ၏။ ဖိုလ်မဝင်စားနိုင်ခြင်းမရှိပါ။

အချို့မှာ ဖိုလ်ဇော ကျတချက် မကျတချက်၊ အသံများကိုလည်း ကြားတချက် မကြားတချက် ဖြစ်နေ တတ်ကြောင်း ကျမ်းဂန်ရှိသဖြင့် အလေ့အကျင့် များများလုပ်ပေးရန် လိုပေသည်။ "သက္ကပဥ္စသုတ်"

× × ×

## ဥပပတ္တိလေသ ဆယ်ပါး

ဝိပဿနာ ဥပပတ္တိလေသ ဆယ်ပါးဆိုတာက–

ဥဒယဉာဏ်၊ရင့်သန်တုံလတ်၊ဖြစ်လာတတ်၊ဆယ်ရပ်အန္တရာယ်
အရောင်ပီတိ၊ ပဿဒ္ဓိနှစ်ဖြာ၊ သဒ္ဓါဝီရိယ၊ သုခ-ဗုဒ္ဓိ၊
နိကန္တိနှင့်၊သတိ၊ ဥပေက္ခာ၊ ဤဆယ်ဖြာ မှတ်ပါအန္တရာယ်

ဟု ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ဆောင်ပုဒ်ဖြင့် စပ်ဆိုထားကြောင်း တင်ပြထားသည်။

(သံအင်းဂူ-ဒိဋ္ဌိသတ် တဏှာသတ် စာမျက်နှာ ၁၉။)

\+ + +

**အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလာန် အတူ-**

ကပေါတ ချောက်၌ ဈာန်သမာပတ်ကို ဝင်စား၍နေစဉ် ညအခါ လသာသဖြင့် ဆံပင်ရိတ်ပြီးစ ဦးခေါင်းပြောင်ပြောင်ကို မိစ္ဆာဒိဋ္ဌိ ဘီလူးနန္ဒသည် သမ္မာအယူရှိသော ဘီလူးကတားမြစ်ပါလျက်၊ လက်နှင့် တအားကုန် အရှင်သာရိပုတြာ၏ ဦးခေါင်းကို ပုတ်ခတ်လိုက်ရာ မိုးကြိုးကျသောအသံမျှ ပြင်းထန်သောဟူ၏၊ သမာပတ်မှထလျှင် ဦးခေါင်းအုံရုံမျှသာရှိပေသည်။ ထိုမကောင်းမှုကံသည် ရဟန္တာကို စော်ကားသဖြင့် အရှင်လတ်လတ် မြေမျိုခံရလေသည်။ ဤကား ဣဒ္ဓိဟူသော တန်ခိုးများသာတည်း။

\+ \+ \+

## မဟာစည်ဝိပဿနာ

မဟာစည်ဆရာတော် ဝိပဿနာ တရားတော်မှာ ရှုလျှင်ဘောတာပန်ဖြစ်မည်၊ အရှင်သာရိပုတြာက အရှင်မဟာကောဋ္ဌိကအား ဆက်လက်၍-

ဌာနန္တံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ ယံ သီလဝါ ဘိက္ခုဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော ယောနိသောမနသိကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျ။

အာဝုသော၊ ကောဋ္ဌိက။ ငါ့ရှင် ကောဋ္ဌိက။ သီလဝါ၊ သီလနှင့်ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ ဣမေပဉ္စုပါဒါနက္ခန္ဓေ၊

ဤ ၅ ပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု၊ ဒုက္ခတော၊ဆင်းရဲဟု။ ရောဂတော၊အနာရောဂါဟု။ ဝဏ္ဏတော၊ အိုင်းအမာဟု။ သလ္လတော၊ ငြောင့်စူးနေတယ်ဟု။ အဃတော၊ အကျိုးမဲ့ဖြစ်စေတတ်တယ်ဟု။ အာဗာဓတော၊ အဖျားရောဂါဟု။ ပရတော၊ ကိုယ်စိမ်တိုင်း မဖြစ်ဟု။ သုညတော၊ ကိုယ်ထင်မြင်တဲ့အတိုင်းမဟုတ် ဆိတ်သုဉ်းနေတယ်ဟု။ ပလောကတော၊ ခဏမစဲ အလွန်ပျက်စီးလွယ်တယ်ဟု။ အနတ္တတော၊ အတ္တကောင်မဟုတ်ဟု။ ယောနိသော၊ နည်းမှန် လမ်းမှန်အားဖြင့်။ မနသိကရောန္တော၊ နှလုံးသွင်းသည် ရှိသော ဘိက္ခု၊ ရဟန်းသည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို။ သစ္ဆိကရေယျ၊ မျက်မှောက်ပြုရာ၏။ ဌာနံ၊ ဤသို့ မျက်မှောက် ပြုနိုင်သော အကြောင်းအခွင့်အရေးသည်။ ခေါ၊ စင်စစ်ကေန် အမှန်အားဖြင့်၊ ဝိဇ္ဇတိ၊ ရှိပါပေ၏။

× × ×

**မဟာစည်ဆရာတော်၏ ဓမ္မဒေသနာဆောင်ပုဒ်**

ဓာတုမနသိကာရ ဆောင်ပုဒ်။

(၁) ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊အရေ၊ အသား၊အကြော၊အရိုး၊ရိုးတွင်းခြင်ဆီ၊အညို့၊နှလုံး၊ အသည်း၊ အမြှေး၊ အဖျင်း၊ အဆုတ်၊ အူမ၊အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ (ပထဝီဓာတ်-၂၀)။

(၂) သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊နှပ်၊ အစေး၊ ကျင်ငယ်၊ (အာပေါဓာတ်-၁၂)။

(၃) သန္တပ္ပန၊ ဇီရဏ၊ ဒါဟ၊ ပါစက၊ ပူလောင်ရင့်စေ၊ လောင်ကျွမ်းစေ၊ စာကြေမီးလေးဖြာ။
(တေဇောဓာတ်-၄)

(၄) ဆန့်၊ စုန့်၊ ဝမ်း၊အူလှုပ်ပြမူ၊ သက်ရှူလေ ခြောက်ဖြာ။

(၅) ကြမ်းတမ်းမာခက်၊ ချောညက်တမည် (လက္ခဏာ) တည်ရာကိစ္စ သူကပြုသည် (ရသ)ခံလင်းဆောင်ရေး၊ ပေါ့လေးထင်သည်(ပစ္စုပ္ပဋ္ဌာန်) ပထဝီဓာတ် သိမှတ်မြတ်ယောဂီ။

(၆) အရည်တနည်း ယိုစီးတမည်၊ စိုထိုင်းဖွံ့ထွား တိုးပွားစေသည်၊ စေးကပ်ပူးတွဲ၊ လုံးခဲတင်သည်၊အာပေါဓာတ် သိမှတ်မြတ်ယောဂီ။

(၇) အပူအနွေး အအေးတမည်၊ ပူငွေ့ပေးလျက် ရင့်ကျက်စေသည်၊ နူးညံ့ပြေ့ပျောင်း၊ဆင့်လောင်းပေးသည်၊ တေဇောဓာတ် သိမှတ်မြတ်ယောဂီ။

(၈) ထောက်ကန် တောင့်တင်း၊ လျှော့ခြင်းတမည်၊ ယိမ်းယိုင်လှုပ်ရှား၊ ရွေ့သွားတတ်သည်၊ သူလိုရာဘက် တွန်းလျက်ဆောင်သည်၊ ဝါယောဓာတ် သိမှတ်မြတ်ယောဂီ။

*　　*　　*

ခန္ဓ ဓမ္မာ နုပဿနာ-ဆောင်ပုဒ်များ

(၁) ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော-မဟာဘုတ် ၄ ပါး။

(၂) မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ အကြည်ရုပ် ၅ ပါး။

(၃) အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အာရုံရုပ် ၅ ပါး။ အတွေ့ဆိုတာ ပ-တေ-ဝါ မဟာဘုတ် ပင်တည်း။

(၄) မိန်းမ ဖြစ်ကြောင်း၊ ယောကျ်ား ဖြစ်ကြောင်း၊ ဘာဝရုပ်။

(၅) အသက်၊ နှလုံး၊ အာဟာရ၊ သီးခြေရုပ်-၃ ပါး။

(၆) ဘုတ်လေး-ကြည်ငါး-အာရုံငါး၊နှစ်ပါးဘာဝမည်။

(၇) သီးခြားသုံးပါ-၁၈-ဖြာ၊ သဘာဝရုပ်မည်။

(၈) သဘာဝရုပ်ခေတ်-ပရမတ်-ဝိပဿ်ရှုရမည်။

(၉) ကြွင်းရုပ်ဆယ်ဖြာ-ပညတ်သာ၊ ရှုစရာ မလိုပြီ။

(၁၀) အာကာသခေတ် နှစ်ဝညတ်-ပေါ့လတ်နုခံ့သည်။

(၁၁) ဖြစ်-ပွား-ရင်းလတ်၊ သေပျက်မှတ် ပညတ်ရုပ် ဆယ်မည်။

**ဝိညာဏက္ခန္ဓာဆောင်ပုဒ်**

(၁) ဘဝင်ဆင်ခြင်-မြင်ပြီးလျှင် ထိုပြင်လက်ခံတုံ။ (ဘဝင် အစဉ်ပြတ်၍ ဆင်ခြင်သောအာဝဇ္ဇန်းစိတ်ဖြစ်သည်၊ ထိုနောက်မြင်သောစက္ခုဝိညာဏ်စိတ်၊ထိုနောက်လက် ခံသော သမ္ပဋိစ္ဆုန်းစိတ်ဖြစ်သည်ဆိုလို။

(၂) စုံစမ်းဆုံးဖြတ်-ဇောစိတ်သတ်-၂ရပ်တဒါရုံ၊ထိုနောက် စုံစမ်းသော သန္တီရဏစိတ်၊ ထိုနောက်ဆုံးဖြတ်သော ဝုဋ္ဌောစိတ်၊ထိုနောက်ဇောစိတ် ခုနစ်ကြိမ်၊ထိုနောက် ထိုဇောစိတ်၏ အာရုံကိုပင် ဆက်လက်အာရုံပြုသော တဒါရုံစိတ် ၂ ကြိမ်ဖြစ်ပြီး နောက်အိပ်ပျော်သွား သကဲ့သို့ ဘဝင်စိတ်စဉ် ပြန်ဖြစ်သွားသည်။

(၃) အဆင်းမြင်လျှင်၊ ဖြစ်ရိုးပင်၊ စိတ်စဉ်မှတ်ပါကုန်၊ (မြင်လျှင် မြင်စိတ်အတိုင်း ဖြစ်သည်)။

(၄) ကြား၊ နံ-စား၊ ထိ-မြင်တူ၏ မှတ်ဘိစိတ်ဖြစ်ပုံ။

(၅) ဆင်ခြင်ပြီးခါ၊ ဇောတခါ၊ ကြံရာစိတ်ဖြစ်ပုံ၊ ဘဝင် အစဉ် ပြတ်၍ ဆင် ခြင်သော အာဝဇ္ဇန်းစိတ်၊ ထိုနောက်ဇောခုနစ်ကြိမ်၊ထိုနောက်တဒါရုံ ၂ကြိမ် ဤစိတ်စဉ်အတိုင်း ကြံသိရှုမှတ်သောအခါ ဖြစ်သည် ဟုဆိုလိုသည်။

**စိတ်၏သရုပ်**

(၁) အ ကုသိုလ်နှစ်-ကုသိုလ်ရှစ်-အပြစ်ကောင်းကျိုးပေး။

(၂) ရဟန္တာမှာ-ကရိယာ-ကိုးဖြာ ကျိုးမပေး။

**အကုသိုလ်စိတ် ၁၂ ပါး**

၁။ လောဘရှစ် ဒေါနှစ် မောဟသည်းနှစ်၊ ဆယ့်နှစ် အကုသည်။
၂။ ဝမ်းသာမသာ၊ ဒိဋ္ဌိနှင့်ယှဉ်မယှဉ်၊ တိုက်တွန်းမှု ရှိ-မရှိ ခွဲလေဘိ၊ ဖြစ်၏ လောဘရှစ်မည်။
၃။ တိုက်တွန်းရှိတာ-မရှိတာ၊ နှစ်ဖြာ ဒေါစိတ်မည်။
၄။ ပုံလွင့်ယုံမှား၊စိတ် ၂ ပါး၊ မှတ်သားမောစိတ်မည်။
သဟိတ် ကာမ ကုသိုလ်ဝိပါက် ကြိယာ ၂၄ ပါး။
၅။ ဝမ်းသာမသာ ဉာဏ်ယှဉ်မယှဉ်၊ တိုက်တွန်းမှု ရှိ မရှိ ခွဲလေဘိ၊ ဖြစ်၏ ကုရှစ်မည်။
၂=ဝိပါက်ကြိယာ၊ နည်းတူသာ၊ မှတ်ပါရှစ်ခုစီ။

**အဟိတ်စိတ် ၁၈ ပါး**

၁။ စုံစမ်း၊ လက်ခံ၊ ငါးဝိညာဏ်၊ နှစ်တန်ဝိပါက်စိတ်။
(ကုသလဝိပါက်၊ အကုသလဝိပါက်-၂ ခုစီ)
၂။ ဆင်ခြင်နှစ်ဖြာ၊ ရဟန္တာ၊ ပြုံးတာကြိယာစိတ်။
၃။ ဤ ဆယ့်ရှစ်မှာ၊ ဟိတ်မပါ မှတ်ပါအဟိတ်စိတ်။
၁=စုံစမ်း-၃ ချက်၊ ရှစ်ဝိပါက်၊ ရေဘွက်တဒါစိတ်၊ တဒါရုံ ၁၁။
၁။ စျာန်ကုသိုလ် ၉၊ ဝိပါက် ၉၊ ကြိယာ ၉၊ ပေါင်း မဟဂ္ဂုတ်စိတ် ၂၇ ပါး။
၂။ မဂ်စိတ် ၄၊ ဖိုလ်စိတ် ၄၊ ပေါင်း လောကုတ္တရာစိတ် ၈ ပါး။

၃။ ကာမစိတ် ၅၄၊ မဟဂ္ဂုတ်စိတ် ၂၇၊ လောကုတ္တရာ စိတ် ၈ ပေါင်း=၈၉ ပါး။

**စေတသိက်ခန္ဓာ ဆောင်ပုဒ်များ**

စိတ်နှင့် တပေါင်းတည်းဖြစ်သော နာမ်တရားများကို စေတသိက်ဟု ခေါ်သည်။

၁။ အာရုံကိုတွေ့တာက ဖဿ၊

၂။ အကောင်းအဆိုး ခံစားတာက ဝေဒနာ၊

၃။ အာရုံကို မှတ်သားတာက သညာ၊

၄။ စေ့ဆော်တိုက်တွန်းတာက စေတနာ၊

၅။ စူးစိုက်တည်ကြည်တာက ဧကဂ္ဂတာ၊

၆။ အသက်ရှင်နေတာက ဇီဝိတိန္ဒြေ၊

၇။ နှလုံးသွင်းတာက မနသိကာရ၊ (ဤ ၇ပါးမှာ စိတ်တိုင်းနှင့် ယှဉ်သည်)။

၁။ ကြံစည်တာက ဝိတက်၊ (စိတ် ၅၅ နှင့်ယှဉ်သည်)။

၂။ ဆင်ခြင်တာက ဝိစာရ၊ (စိတ် ၆၆ နှင့် ယှဉ်သည်)။

၃။ နှစ်သိမ့် ဝမ်းမြောက်တာက ပီတိ၊ (စိတ် ၅၁ နှင့် ယှဉ်သည်)။

၄။ အားထုတ်တာက ဝီရိယ၊ (စိတ် ၇၃ နှင့်ယှဉ်သည်)။

၅။ လိုလားတာက ဆန္ဒ၊ (အစိတ် မောဟမူတို့နှင့် မယှဉ်)။

၆။ ဆုံးဖြတ်တာက အဓိမောက္ခ (ပဥ္စဝိညာဏ် ဝိစိကိစ္ဆာ တို့နှင့် မယှဉ်)

ဤ ၆ ပါးမှာ စိတ်အမျိုးမျိုးနှင့် ပြိုးပြွမ်းယှဉ်သည်။

၁။ အမှန်ကိုမသိတာက မောဟ၊
၂။ မကောင်းမှုမှ မရှက်တာက အဟိရိက၊
၃။ မကောင်းမှုမှ မကြောက်တာက အနောတ္တပ္ပ၊
၄။ ပျံ့လွင့်တာက ဥဒ္ဓစ္စ၊

ဤ ၄ ပါးမှာ အကုသိုလ်စိတ်တိုင်းနှင့် ယှဉ်သည်။

၁။ တပ်မက်လိုချင်တာက လောဘ၊ (စိတ်တပါးနှင့် ယှဉ်သည်)
၂။ အယူမှားတာက ဒိဋ္ဌိ၊ (ဒိဋ္ဌိသမ္ပယုတ် ၄ ပါးနှင့်ယှဉ်)
၃။ အထင်ကြီးတာက မာန၊ (ဒိဋ္ဌိဝိပ္ပယုတ် ၄ ပါးနှင့်ယှဉ်)

ဤ ၃ ပါးမှာ လောဘစိတ်တို့နှင့် ယှဉ်သည်။

၁။ စိတ်ဆိုးပြစ်မှားတာက ဒေါသ၊
၂။ မနာလိုတာက ဣဿာ၊
၃။ ဝန်တိုတာက မစ္ဆရိယ၊
၄။ နောင်တ ပူပန်တာက ကုက္ကုစ္စ၊

ဤ ၄ ပါးမှာ ဒေါသစိတ်နှင့် ယှဉ်သည်။

၁။ ၂ = ထိုင်းမှိုင်း– ပျင်းရိတာက ထိန မိဒ္ဓ၊ ဤနှစ်ပါးမှာ လျော့လျည်းသော လောဘစိတ်၊ ဒေါသစိတ်တို့နှင့် ယှဉ်သည်။

၁။ ယုံမှားတာက ဝိစိကိစ္ဆာ = ဝိစိကိစ္ဆာ စိတ်နှင့်သာ ယှဉ်သည်။

၁။ ယုံကြည်တာ၊ ကြည်ညိုတာက သဒ္ဓာ၊
၂။ အမှတ်ရတာက သတိ၊
၃။ မကောင်းမှုမှ ရှက်တာက ဟိရိ၊
၄။ မကောင်းမှုမှ ကြောက်တာက သြတ္တပ္ပ၊
၅။ မတပ်မက်၊ မလိုချင်တာက အလောဘ၊
၆။ စိတ်မဆိုး မပြစ်မှားတာက အဒေါသ၊
၇။ အညီအမျှဖြစ်နေတာက တတြမဇ္ဈတ္တတာ၊
၈ - ၉။ ငြိမ်းအေးတာက ပဿဒ္ဓိ၊ (ကာယစိတ္တ ၂ ပါး)
၁၀-၁၁။ ပေါ့ပါးတာက လဟုတာ၊
၁၂-၁၃။ နူးညံ့တာက မုဒုတာ၊
၁၄-၁၅။ ပြုရန်ခံတာက ကမ္မညတာ၊
၁၆-၁၇။ သန့်စွမ်းတာက ပါဂုညတာ၊
၁၈-၁၉။ ဖြောင့်မတ်တာက ဥဇုကတာ၊

ဤ ၁၉ ပါးမှာ တင့်တယ်သောစိတ်နှင့် ယှဉ်သည်။ အကုသိုလ်စိတ်၊ အဟိတ်စိတ်တို့ကို မတင့်တယ်သော စိတ်ဟု ခေါ်သည်။

ကုသိုလ်စိတ်-ဟိတ်ရှိသော ဝိပါက်၊ ကြိယာ စိတ်တို့ကို တင့်တယ်သောစိတ်ဟု ခေါ်သည်။

၂၀။ အမှန်ကိုသိတာက အမောဟ ဉာဏ်၊ ပညာဟူ၍လည်း ခေါ်သည်။ တင့်တယ်သောစိတ်တို့နှင့် ယှဉ်သည်။

**အပ္ပမညာ**

၁။ သနားတာက– ကရုဏာ၊

၂။ သူတပါးကောင်းစားသည်ကို ကြည့်ဖြူ ဝမ်းမြောက်တာက– မုဒိတာ၊ ဤ ၂ ပါးကို အပ္ပမညာဟု ခေါ်သည်။ သနားခိုက် ဝမ်းမြောက်ခိုက်၌သာ ဖြစ်သည်။

**ဝိရတီ**

၁။ မကောင်းသောစကားကို ကြဉ်ရှောင်တာက– သမ္မာဝါစာ၊

၂။ မကောင်းမှုကို ကြဉ်ရှောင်တာက သမ္မာကမ္မန္တ၊

၃။ မတရားစီးပွားရှာမှုကိုကြဉ်ရှောင်တာက သမ္မာအာဇီဝ၊ ဤ ၃ ပါးကို ဝိရတီဟု ခေါ်သည်။ ရှောင်လိုသောစိတ်၊ မဂ်ဖိုလ်စိတ်တို့နှင့်သာ ယှဉ်သည်။

စေတသိက် ၅၂ ပါးတို့တွင် ဝေဒနာက ဝေဒနက္ခန္ဓာ၊ သညာက သညာက္ခန္ဓာ၊ ကျန် ၅၀ က သင်္ခါရက္ခန္ဓာ။

မှတ်ချက် (ပဿဒ္ဓိ စသည်တို့၌ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ စသည်ဖြင့် ၂ ပါးစီ ခွဲယူလေ။)

**ဩဃတရဏသုတ်**

(က) ဩဃရေယာဉ်၊ ဘယ်သို့လျှင်၊ အရှင်ကူးမြောက်ပါသနည်း။

(ခ) မရပ်တည်ဘဲ၊ အားမခဲ၊ ဏာနဲ့ဖြင့်ပင် ကူးမြောက်သည်။

ကူးပြောင်းပုံ (၇) နည်း

၁။ တဏှာအနေဖြင့် ရပ်တည်နေလျှင် နှစ်မြှုပ်မည်။ ဒိဋ္ဌိအလိုဖြင့် အားထုတ်လျှင် မြောသွားမည်။ ထိုနှစ်မျိုးကို ပယ်၍ ကူးမြောက်သည်။

၂။ ကိလေသာအလိုဖြင့် ရပ်တည်နေလျှင် နှစ် မြှုပ် မည်။ အဘိသင်္ခါရအလိုဖြင့် အားထုတ်လျှင် မြောသွားမည်။ ထိုနှစ်မျိုးကို ပယ်၍ ကူးမြောက်သည်။

၃။ တဏှာဒိဋ္ဌိအလိုဖြင့် ရပ်တည်နေလျှင် နှစ်မြှုပ်မည်။ အခြား ကိလေသာ အဘိသင်္ခါရတို့အလိုဖြင့် အားထုတ်လျှင် မြောသွားမည်။

၄။ သဿတ ဒိဋ္ဌိအလိုဖြင့် ရပ်တည်နေလျှင် နှစ်မြှုပ်မည်။ ဥစ္ဆေဒက ဒိဋ္ဌိအလိုဖြင့် အားထုတ်လျှင် မြောသွားမည်။ ထို ၂ မျိုးကို ပယ်။

၅။ တွန့်ဆုတ်သည့်အလိုဖြင့် ရပ်တည်နေလျှင် နှစ်မြှုပ်မည်။ ပျံ့လွင့်သည့်အလိုဖြင့် အားထုတ်လျှင် မြောသွားမည်။

၆။ ကာမသုခလ္လိက အလိုဖြင့် ရပ်တည်နေလျှင် နှစ်မြှုပ်မည်။ အတ္တကိလမထ အနေဖြင့် အား ထုတ် လျှင် မြောသွားမည်။

၇။ အကုသိုလ်အလိုဖြင့် ရပ်တည်နေလျှင် နှစ်မြှုပ်မည်။ ဝဋ္ဋနိဿိတ ကုသိုလ်အလိုဖြင့် အားထုတ်လျှင် မြောသွားမည်။

ထို ၂ မျိုးကို ပယ်၍ ကူးမြောက်သည်။

× × ×

## အရိယာဝါသ မိစ္ဆာ ၄ ပါးရှိမှ

၁။ မိဝဲ–မိဝဲသင့်တဲ့ အဝတ်၊ အစာ၊ နေရာ၊ ဆေးများ။
၂။ သည်းခံ –တရားအားထုတ်နေဆဲ ဒုက္ခအစုကို သည်းခံ။
၃။ ရှောင် –အန္တရာယ်ရှိမည့် နေရာဌာနကို ရှောင်။
၄။ ပယ်လှန် –ကာမဝိတက် ကာမဂုဏ်နဲ့စပ်တဲ့တရား ပယ်လှန်။

လေးတန် မိစ္ဆာများ=ဗျာပါဒဝိတက်၊ သူတပါး သေကြေပျက်စီးစေလိုခြင်းကို ပယ်၍၊ ဝိဟိံသ ဝိတက်၊ သူတပါးကို ကာယကံ ဝစီကံနဲ့ ညှဉ်းဆဲနှိပ်စက်မှုကို ရှောင်ကြဉ်။

## ဝိသုဒ္ဓိမဂ်၌

ဥဒယဗ္ဗယာနံ၊ ဖြစ်ခြင်း ပျက်ခြင်းတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်း မရှုခြင်းကြောင့်။ သန္တတိယာ ပဋိစ္ဆန္နတ္တာ၊ ရုပ်နာမ်အစဉ် သန္တတိက ဖုံးကွယ်သည်၏အဖြစ်ကြောင့်။ အနိစ္စလက္ခဏံ၊ ဖြစ်ပေါ်ပြီး ကွယ်ပျောက်ခြင်း လက္ခဏာသည်။ န ဥပဋ္ဌာတိ၊ မထင်ပေါ်ဘဲ ရှိနေ၏။

ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း ရှုမှတ်၍။ သန္တတိယာ၊ ရုပ်နာမ်အစဉ် သန္တတိကို။ ဝိကောပိတာယ၊ ဖျက်အပ်ပြီးသည်ရှိသော် (ဝါ) ဖျက်လိုက်လျှင်။ အနိစ္စလက္ခဏံ၊ ဖြစ်ပေါ်ပြီး ကွယ်ပျောက်ခြင်း ဟူသော အနိစ္စလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်မှန်သော သဘောအားဖြင့် (ဝါ) သဘောမှန်အတိုင်း။ ဥပဋ္ဌာတိ၊ ထင်ပေ၏။

(၂-၂၇၆)

အနိစ္စသညိနော မေဃိယ၊ အနတ္တသညာ သဏ္ဌာတိ

ဓမေဃိယ၊ မေ ဃိယရဟန်း။ အနိစ္စသညိနော၊ မမြဲဟု အမှတ်ရှိသောသူအား။ အနတ္တသညာ၊ အနတ္တဟူသောအမှတ် အတ္တမဟုတ်ဟူသော အသိဉာဏ်သည်။ သဏ္ဌာတိ၊ သူ့အလိုလိုပင် ထင်လေတော့၏။

(၃-၁၆၉)

**အသောက ကျောက်စာ**

သီရိဓမ္မာသောက မင်းတရားကြီးက

တယာန်မေဝ ခေဒတိ၊ လူတွေဟာ ကိုယ်လုပ်တဲ့ဟာဆိုယင် အကောင်းချည်း ထင်ကြတယ်။

နောမိနပါပံ ခေဒတိ၊ ကိုယ်လုပ်တဲ့ ဉစ္စာကို မကောင်းဘူးလို့တော့ နံနံကလေးမှ မထင်ကြဘူး တဲ့။

**မဇ္ဈိမ ပဋိပဒါလမ်း**

ကာမသုခလ္လိက (သုခ၊ သောမနဿ) တဏှာဒိဋ္ဌိ ၂ ဖက်စွဲမှား။

မဇ္ဈိမပဋိပဒါ(ဥပေက္ခာ) ဖြစ်ပျက် သိ၊ လစ်လျူ သိ၊ ထွက်။

အတ္တကိလမက (ဒုက္ခဒေါမနဿ) ဒေါသ ဒိဋ္ဌိ၊ ပြစ်မှားစွဲမှား။

× × ×

နိဒါနဝဂ္ဂ ကဿပသံယုတ် သဒ္ဓမ္မပဋိရူပကသုတ်
**သံဂါယနာတင်ခေါင်းဆောင်**

ရှင်မဟာကဿပက မြတ်စွာဘုရားကို လျှောက်ထားသည်။

အရှင်ဘုရား၊ သိက္ခာပုဒ်တွေ နည်းတုန်းက **ရဟန္တာ အဖြစ်များပြီး** သိက္ခာပုဒ်တွေ များလာကာမှ **ရဟန္တာတွေ အဖြစ်နည်းတာ** ဘာကြောင့်ပါလဲ အရှင်ဘုရား။

မြတ်စွာဘုရားက သဒ္ဓမ္မပ္ပဋိရူပကဆိုတာ ရှိတယ်။ ဥဒယဗ္ဗယ၊ ဉာဏ်လုပ်နေစဉ် အားထုတ်ယင်း မတ္တာနဲ့ မဂ်တု ၁၀ မျိုးပေါ်နိုင်တယ်။ တပါးပါးမပေါ်လျှင် တရားမမှန်။ အမဂ်ဂမပ္ပဋိရူပက၊ မဂ်ရပြီလို့ အလားတူထင်တဲ့အချက်။ ဩဘာသေစေ၀၊ ဉာဏစေ၊ ပီတိယာ စ၊ ဝိယမ္ပတိ၊ ပဿဒ္ဓိယာ၊ သုခေစေ၀၊ အခိမောက္ခေ စ၊ ပဂ္ဂဟော။

၁။ ဩဘာသေ သေစေ၊ ခန္ဓာက ကိုယ်ရောင်ထွက်ခြင်း။

၂။ ဉာဏစေ၊ ဖြစ်ပျက်ပေါ်မှာ ဉာဏ်အမြင် စိပ်ပြီး အထင်လွဲတာ။

၃။ ပီတိ၊ နှစ်သက်ပြီး ထိုင်ရမှန်း မသိ ထရမှန်း မသိ၊ ကောင်းကင်ပျံမလိုလို ဉာဏ်ကြည်လို့ဖြစ်တာ။

၄။ ပဿဒ္ဓိယာ၊ ကိုယ်ငြိမ်းစိတ်ငြိမ်း။

၅။ သုခေန စ၊ တကိုယ်လုံး သုခတရား။

၆။ အဓိမောက္ခေစပဂ္ဂဟော၊ဘုရားအလွန်ကြည်ညိုလာတယ်။

၇။ ဥပဋ္ဌာနေစ ကမ္ပတိ၊ သတိကလဲ အရင်သတိမျိုးမဟုတ်တော့ဘူး။ ဒါဟာ မဂ်ဉာဏ်မို့ ဒီလောက် ထက်လာတာဘဲလို့ ထင်တတ်တယ်။

၈။ ပဂ္ဂဟ ဆိုတာ ဝီရိယက ရှေးက ဝီရိယမျိုး မဟုတ်ဘူး။
၉။ တတြမဇ္ဈတ္တတာ၊ ဖြစ်ပျက်တန်းတန်းနေတာ သာယာမှုနှင့် ဒေါသမှု မရှိ။ အဲဒါ လျစ်လျူဟုတ်ပင်ဟုတ်ညား သော်လဲ သင်္ခါရဘက်ကို လှည့်နေတယ်။ စေတသိက်။
၁၀။ နိကန္တိဆိုတာ တဏှာဘဲ၊ ငါ့အရောင်တွေ ဘာတွေနဲ့ နှစ်သက်နေတာဘဲ။ အဲ့ဒီ နိကန္တိတဏှာဟာ အဆိုးဆုံးဘဲ၊ ၉ ခုကတော့ ဖယ်လိုက် ပြီးတာဘဲ။

(မိုးကုတ် ၁၁၊၄၂၇)

× × ×

**အတ္တပြုတ်အောင် ရှုနည်း**

လားရာဂတိ ၄ မျိုး၊ လားရာဆိုတာ သွားရာဌာန။

၁။ ဂတိ မိဂါနံ ပဝနံ မိဂါနံ၊ သားသမင်တို့၏ ဂတိ။ လားရာကား ပဝနံ၊ တောတည်း။
၂။ အာကာသော ပက္ခီနံ ဂတိ၊ ပက္ခီနံ၊ ငှက်တို့၏။ ဂတိ၊ လားရာကား။ အာကာသော၊ ကောင်းကင်တည်း။
၃။ ဝိဘဝေါ ဂတိဓမ္မာနံ၊ ဓမ္မာနံ၊ ရုပ်နာမ် ဓမ္မတို့၏။ ဝိဘာဝေါ၊ ကင်းရာသည်။ ဂတိဘတိတ္တဲ့၊ ဖြစ်ပျက်။

(မိုးကုတ်အမှတ်စဉ် ၁၃၊ စာမျက်နှာ ၃၈)

၄။ နိဗ္ဗာနံ အရဟတော ဂတိ၊ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အရဟတော၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ ဂတိ၊ လားရာတည်း။

**နိဗ္ဗာန်အလုပ်တရား**

၁။ ရဟန္တာကြီးက အာယတန ၆ ပါး၊
၂။ ရဟန္တာကြီးက ခန္ဓာ ၅ ပါး၊
၃။ ရဟန္တာကြီးက ခေတ် ၄ ပါး၊
၄။ ရဟန္တာ့ကြီးကတော့

ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံတံနိရောဓ ဓမ္မန္တိ၊
တွော ဝတာခေါ် အာရသော ဒဿနံ သုဿိသုဒ္ဓံ၊
သုဝိသုဒ္ဓံ ဟောတိ၊

ယံကိဉ္စိ၊ အလုံးစုံသော တရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်း သဘောရှိ၏။ တံသဗ္ဗံ၊ ထိုဖြစ်ပျက်သဘောသည်။ နိရောဓ ဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏တဲ့။

(၁၃၊ ၅၀၉)

**သတိပဋ္ဌာန်ပါဠိတော်ဦ**

ကောယနော ယံဘိက္ခဝေ မဂ္ဂေါ၊

ဘိက္ခဝေ၊ ရဟန်းတို့။ အယံမဂ္ဂေါ၊ ဤမဂ္ဂင်ရှစ်ဖော် လမ်းမ တော်ကြီးသည်။ ကောယနော၊ တကြောင်းတည်းနဲ့ မအိုမနာ မသေရာ ရောက်၏။

မောဃရာဇ၊ မောဃရာဇရဟန်း။ အခါ၊ အခါခပ်သိမ်း။ သတော၊ သတိရှိသည်ဖြစ်၍။ လောကံ၊ ရုပ်နာမ်လောကကို။ သုညတော၊ သုညတ ဆိုက်အောင်။ အဝေက္ခဿု၊ ရှုလိုက်စမ်းပါ ကွ။ ဧဝံ၊ ဤသို့။ လောကံ၊ လောကကြီးကို။ အဝေက္ခန္တံ၊

စေ့စေ့ငုငု ကြည့်ရှုသောပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ ဟောမင်းသည်။ နပဿတိ၊ မမြင်တော့ဘူးတဲ့။

သုညတော၊ လောကံ အဝေက္ခသု

မောဃ ရာဇ သဒါ သတော၊ အတ္တာနုဒိဋ္ဌိ ဥဟစ္စ ဧဝံ· မစ္စုတ ရောသိယာ၊ ဧဝံလောကံ အဝေက္ခန္တံ မစ္စုရာဇာ နပဿတိ၊

(၁၃)

**ဗုဒ္ဓနှင့်သုသိမ**

ဘုရားမေး။ ။သုသိမ၊ ဝေဒနာကလေးတလုံးဟာ အနိစ္စလား နိစ္စလားလို့ မေးတယ်။

သုသိမ။ ။ဝေဒနာကလေးတခု ခန္ဓာကိုယ်ထဲ ပေါ်လာတယ်၊ အနိစ္စပါဘုရား၊ အဲဒါဝိပဿနာဉာဏ်။

မေး။ ။အနိစ္စဟာ သုခလား ဒုက္ခလား။

ဖြေ။ ။ဒုက္ခပါဘုရား။

မေး။ ။အနိစ္စ ဒုက္ခဖြစ်တဲ့ တရားဟာ ငါပိုင် ငါ့ဥစ္စာလို့ ဆိုနိုင်ပါရဲ့လား။

ဖြေ။ ။မဆိုနိုင်ပါဘုရား၊ မဆိုနိုင်တာဟာ အနတ္တ၊ အဲဒီဉာဏ်ဟာ ဝိပဿနာဉာဏ်နဲ့မှ ဖြေလို့ရတာ၊ အဲ အနိစ္စဟာ ဒုက္ခပါ၊ ဒုက္ခဟာ ဒုက္ခသစ္စာဘဲ။

မေး။ ။သုသိမ၊ အတိတ်ကဖြစ်ခဲ့တဲ့ ဝေဒနာကလေးကော အနိစ္စလား နိစ္စလား။

ဖြေ။ ။အနိစ္စပါဘုရား။
မေး။ ။အဒါကော ငါ့ဟာ ငါ့ကို ဆိုနိုင်ရဲ့လား။
ဖြေ။ ။မဆိုနိုင်ပါဘုရား။
မေး။ ။မဆိုနိုင်ရင် ဘာခေါ်မလဲ။
ဖြေ။ ။အနတ္တပါဘုရား။

အတိတ်ကိုလဲ ဒီအတိုင်းမေးလိုက်တတ်၊ အတိတ်အစကို နှလုံးသွင်းကြည့်ပေါ့။

အဲဒီလို ဝိပဿနာဉာဏ်တွေ မေးတော့ သုသိမဟာ ဝိပဿနာဉာဏ် ရင့်သွားပြီ၊ ဒါဖြင့် ပစ္စုပ္ပန် အနာဂတ် သူရှုပြီးပြီ။

"ရူပံ အတီတံ အနာဂတံ၊ ပစ္စုပ္ပန္နံ၊ အဇ္ဈတ္တဗဟိဒ္ဓ"

အဲဒီတော့ သုသိမမှာ အလုံးစုံ ဒုက္ခချည်းပါကလားလို့ ထင်လာတယ်။

ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခမှတပါး ခန္ဓာကိုယ်ထဲမှာ ဘာမှမရှိဘူးလို့ ဉာဏ်ဝင်လာတယ်။

အဲဒီလို ဒုက္ခသစ္စာမြင်တော့ ဒုက္ခချုပ်သွားတယ်။

အဲဒီလို ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခမှတပါး ဘာမှမရှိတဲ့ဉာဏ် ၅၄ခါ ပေါ်လိုက်တော့ သုသိမမှာ ရဟန္တာဖြစ်သွားတယ်။

(၇း ၁၃၊ ၁၃၄)

## ဗုဒ္ဓကျောင်းအဝင်

တောထဲမှ ဝါကျွတ်ပြီးပြန်လာသော ရဟန္တာ ၅၀၀ တို့က ဗုဒ္ဓကျောင်းသို့ ဝင်ရောက်တည်းခိုရာတွင် လျှောက်ထားကြ၏။

ခိဏာဇာတိ၊ ဝုသိတံဗြဟ္မစရိယံ၊ ကတံ ကရဏီယံ
နာပရံဣတ္ထတ္တာယ ပဇာနာမိ။

ခိဏာဇာတိ၊ တပည့်တော်တို့ ပဋိသန္ဓေတည်တဲ့ဥစ္စာ ကုန်ခဲ့ပါပြီဘုရား။ ဝုသိတံဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကိုလဲ ကျင့်ပြီးပါပြီဘုရား။ကတံကရဏီယံ၊ပြုဘွယ်ကိစ္စတွေကို ပြုပြီးပါပြီဘုရား။

နာပရံဣတ္ထတ္တာယ၊ မဂ်ကိစ္စတဆယ့်ခြောက်ချက်ကို လုပ်စရာမရှိတော့ပါဘုရား၊ အနိစ္စလဲ ဒုက္ခဘဲ၊ ဒုက္ခလဲ ဒုက္ခဘဲ၊ အနတ္တလဲ ဒုက္ခဘဲ၊ အဲဒီလို သစ္စာဆိုက်သွားတဲ့အတွက် မဂ်ဉာဏ် ၄ ချက် ပေါ်သွားတယ်၊ ဆက်ဆက်ရှုလို့ပါဘုရား။

## ရဟန္တာဖြစ်မဖြစ်ကို ဘုရားက စမ်းသပ်တယ်

၁။ ပျော့သုသိမ ဇရာမရဏဟာ ဘယ်သူ့ကြောင့် ဖြစ်တာတုန်းကွမေးတော့သုသိမက ဇာတိကြောင့် ဖြစ်ပါတယ်ဘုရားလို့ ဖြေရှာတယ်၊ အဲဒါရဟန္တာဖြစ်လို့ ဒိဋ္ဌိက ဖြေနိုင်တာ။

ဇာတိက အကြောင်း၊ ဇရာမရဏက အကျိုး။ ဇာတိဆိုတာ ခန္ဓာ ၅ ပါး အကြောင်းဘဲ။ ဇရာမရဏက အကျိုးဘဲ၊ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူး။

၂။ ဇာတိ ဘယ်သူ့ကြောင့်လဲကွ။ ကမ္မဘဝကြောင့်ပါဘုရား၊ ကံကြောင့်ဇာတိဖြစ်တယ်။

၃။ ဒီကံဟာ ဘယ်သူ့ကြောင့် ဖြစ်သတုန်းကွ။ ဥပါဒါန်ကြောင့်ပါဘုရား။ ပုဂ္ဂိုလ်သတ္တဝါ အတွက် ပဋိစ္စသမုပ္ပါဒ် အတိုင်းပေါ့။

သင်္ခါရဟာ ဘယ်သူ့ကြောင့် ဖြစ်သတုန်းမေးတော့၊ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ပါတယ်ဘုရား။

ဒိဋ္ဌိက ရဟန္တာဖြစ်သွားတာ ပဋိစ္စသမုပ္ပါဒ်ကို ပဋိလောမ ပြောင်းပြန်မေးတာ အကုန် စာဖြေမှန်ထွက်လာတယ်။

သုသိမ၊ မင်း အခု သံသယမရှိဘဲနဲ့ အဖြေမှန်ချည်းထွက်တယ်။ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာတွေ ထွက်တယ်၊ ရဟန္တာဖြစ်သွားလို့ သိသွားတာ။

ရဟန္တာဖြစ်တော့ သူ့ဟာသူ ပစ္စဝေက္ခဏာ ဉာဏ်အမြင်နဲ့ သူ့ဟာသူသိတယ်။

မင်းယခုကောင်းကင်ပျံနိုင်သလား၊ သူတပါးစိတ်အကြံသိနိုင်ရဲ့လား၊ ရေထဲမှာ ငုပ်နိုင်ရဲ့လား၊ မင်းမေးတဲ့ ရဟန္တာတွေက သမထ မပါဘဲနဲ့ပညာဦးစီးပြီး ရဟန္တာဖြစ်လာလို့ ငါတို့ပညာဖြင့် ကိလေသာတို့မှ လွတ်လာတယ်လို့ပြောတာ၊ ဒါကြောင့် မှတ်ရမှာက–

လက္ခဏာရေး ၃ ပါးရှုတဲ့ ဈာန်က တမျိုး။

ကောင်းကင်ပျံ မြေလျှိုးတဲ့ အာရမ္မဏူက ဈာန်က တမျိုး။ အာရမ္မဏူပနိဇ္ဈာနရယ်လို့ ရှိသေးတယ်။

လက္ခဏာရေးသုံးပါးရှုတဲ့ ဈာန်လဲပါတယ်၊ အဲဒီဈာန်ဟာ သဝိရိယ၊ သတိ၊ သမာဓိ ပါတယ်။

တကယ့်ဈာန်ရချင်လို့ ဖြဟ္မာလုပ်ခဲ့တဲ့ ဈာန်မျိုး၊ တန်ခိုးပြချင်တဲ့ ဈာန်မျိုး၊ အဘိညာဏ်ရချင်တဲ့ဈာန်မျိုးဖြစ်တဲ့ အာရမ္မဏူပနိဇ္ဈာနဈာဉ် မပါဘူး။

× × ×

## ဗုဒ္ဓ၏ မှာပုံတော်

ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဈာယထ၊ ခန္ဓာကိုယ်ကို ဝိပဿနာရှုကြပါ။ မာပမာဒတ္ထ၊ သွားရေး သမီးရေး စီးပွားရေးကြောင့် မေ့မနေနဲ့ ပေါ့ဆမနေကြနဲ့။ ပစ္ဆာ၊သေရာညောင်စောင်းလျောင်းစက်တဲ့ အခါကာလကျမှ ဝိပ္ပဋိသာရတိနော၊ ခွေးနက်ကြီးတွေမြင်၊ ငရဲမီး၊ ငရဲအိုးတွေမြင်တော့မှ၊ ဩော် ငါမှားခြင်းကြီး မှားခဲ့ပြီလို့ နှလုံးမသာယာခြင်း ရှိကြကုန်သည်။ မာအဟုဝတ္ထ၊ အဲဒီအချိန်ကျမှ မကယ်နိုင် မယူနိုင်တဲ့ အချိန်ကျမှ မဖြစ်ကြပါစေလင့် မှာသော အကြိမ် (၁၇၆၂)။

(အမှတ်-၁၃- ၅၆၅)

## မသေခင်တရား

အယံဝေါ အမှာကံ အနုသာသနီ

အယံ၊ ဤငါပြောခဲ့တဲ့ မသေခင်က ဝိပဿနာရှု၊ သေခါနီးမှ မျက်ရည်ကြီးငယ် ကျပြီး ဝမ်းနဲတဲ့ကိစ္စကို မလုပ်ကြနဲ့ဆိုတဲ့ စကားသည်။ ဝေါတုမှာကံ၊ သင်ချစ်သားတို့အား ။ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ ကြီးကျယ်လှစွာသော အဆုံးအမ အစစ်ပြီးပါပေတည်း။

(အမှတ်-၁၃၊ ၆၀၇)

**ဥဒါန်းပါဠိတော်**

အတ္ထိဘိက္ခဝေ အဇာတံ အဘူတံ

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ ပဋိသန္ဓေနေခြင်းမရှိတဲ့ နိဗ္ဗာန်သည်(ဝါ) ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ အဘူတံ၊ ဘယ်သူမှ ပြုလုပ်မထားတဲ့ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

(အမှတ်-၁၉၊ စာမျက်နှာ-၅၉)

**ဖြတ်တောက်ရမည့်တရား**

မာဂဏ္ဍီ ပရဗိုဇ်ကို ချတ်တော်မူသည်။
အဓိကတရား အပွားအစည်းကို ပြုလုပ်ရမည်။
မဂ္ဂဏ္ဍီပုရဗိုဇ် တရား
ဗုဒ္ဓတရားက အပွားအစည်းကို ဖြတ်တောက်ရမည့်တရား။

(အမှတ်–၁၉၊ စာမျက်နှာ-၅၃)

× × ×

**အာရောဂျ**

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက–
အာရောဂျ ပရမံ လာဘံ၊ နိဗ္ဗာနံ ပရမံ သုခံ၊
အဋ္ဌင်္ဂိကောစ မဂ္ဂါနံ၊ ခေမံ အမတ ဂါမိနံ။

ကဿပဘုရား လက်ထက်က ဂါထာကို ရွတ်ပြလို့ သူတို့ ပရဗိုဇ်အဆက်ဆက် ရထားတာမို့ ဝမ်းသာတယ်။

အာရောဂျ ပရမံ လာဘံ ဆိုတာ ကိုယ်ခန္ဓာထဲမှာ အနိစ္စ ဒုက္ခ အနတ္တ ရောဂါတွေ မရှိရင် နိဗ္ဗာန်ဖြစ်တာဘဲ။

နိဗ္ဗာနံ ပရမံ သုခံ၊ နိဗ္ဗာန်သည် အမြတ်ဆုံးသော ချမ်းသာတည်း။

အဋ္ဌင်္ဂိကောစ မဂ္ဂါနံ။ မဂ္ဂါနံ၊ ဝိပဿနာမဂ် အစရှိသည်တို့တွင် အဋ္ဌင်္ဂိကော အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံသော မဂ္ဂင်ရှစ်ပါးသည် သေဌော မြတ်၏။

ခေမံ အမတဂါမိနံ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဟာဖြင့် မဂ္ဂင်ရှစ်ပါးမှ တပါး အခြားသောတရား မရှိဘူးတဲ့။

× × ×

**အကြီးဆုံး အပြစ်သင့်ကြောင်း**

ရှင်သာရိပုတ္တရာကို ဘုရားက ဟော၏။ (ဥပရိပဏ္ဏာသ) ဘုရားဟောပါဠိ။

ဣမံ ကာယံ နိဝိပတိ၊ ပရစ္ဆ ကာယံ ဂဏှာတိ၊
တမဟံ မဟာသာဝဇ္ဇောတိ ဝဒါမိ။

ဣမံ ကာယံ၊ ဤခန္ဓာကိုယ်ကြီးကို။ နိက္ခိပတိ၊ သုသာန်သို့ ပစ်ချရ၏။

ပရံ၊ တပါးသော။ ကာယံ၊ ခန္ဓာကိုယ်ကြီးကို။ ဂဏှာတိ၊ ယူရပြန်၏။ တံ၊ ထိုယူခြင်းကို။ အဟံ၊ ငါဘုရားသည်။ မဟာသာဝဇ္ဇောတိ၊ ကြီးသော အပြစ်သင့်၏ ဟူ၍။ ဝဒါမိ၊ ဟော၏။

(အမှတ် ၁၉၊ စာမျက်နှာ ၂၅၁)

## သုခနဲ့ဒုက္ခ

ရှင်သာရိပုတ္တရာအား ပရဗိုဇ်တွေက သုခနဲ့ ဒုက္ခတရားကို အကျဉ်းဟောပါဆိုတော့-

နှောင် ပဋိသန္ဓေမနေရတာ သုခ။

နှောင် ပဋိသန္ဓေနေရတာ ဒုက္ခ။

ဘုရား၏အလိုတော်ကျ ပဋိသမ္ဘိဒါမဂ် အဋ္ဌကဌာ ဆရာအလို၊

(အမှတ် ၁၉၊ စာမျက်နှာ ၄၀၅)

× × ×

ဝိသဘာဂ ဒုက္ခဒဿနေန အမတဌာနံ့။

ဝိသဘာဂ ဒုက္ခဒဿနေန၊ အဆိပ်ဖြစ်၍ ဖြစ်သော ဒုက္ခသစ္စာကြီးကို ဉာဏ်နဲ့မြင်မှုသာလျှင်။ အမတဌာ၊ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်သည်။ပါတုဘဝတိ၊ ယောဂီပုဂ္ဂိုလ်တွေဉာဏ်ထဲ၌ ပေါ်လာပြီး သဘောကျ၏ တဲ့။ (မာဂဏ္ဍီပရိဗိုဇ်ကို) အထောက်အထားပြုသည်။ အဋ္ဌကဌာဆရာက ပဋိသမ္ဘိဒါမဂ်၌။

(အမှတ် ၁၉၊ ၄၀၅)

## သုဂတိမှ နိဗ္ဗာန်သွားသည့် တရားတော်မှ

ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ၊ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါအမှာကံ၊ အနုသာသနီ။

ဘိက္ခဝေ၊ ငါ၏ချစ်သား တပည့်များတို့။ ဈာယထ၊ ဝိပဿနာလုပ်ကြကွ။ မာပမာဒတ္ထ၊ သားရေးသမီးရေး စီးပွား

ရေးကြောင့် မေ့မနေနဲ့ကွ။ ပဌာ၊ သေရာညောင်စောင်း လျောင်းစက်တဲ့ အခါကာလကျမှ။ ဝိပ္ပဋိသာရိနော၊ ခွေးနက်ကြီးတွေမြင် ငရဲအိုးတွေမြင် ငရဲမီးလျှံတွေ မြင်ကာမှ ငါဖြင့်ကိုယ်ကျိုးနဲပြီလို့ နှလုံးမသာယာဖြင့် ရှိကြကုန်သည်။ မာအဟုဝတ္တာ၊ မဖြစ်ကြကုန်လင့်။ အယံ၊ ဤ ငါပြောခဲ့တဲ့ သေကားနီးမှ နှလုံးမသာယာခြင်း ရှိတဲ့အလုပ်သည်။ ဝေါတုမှာကံ၊ သင်ချစ်သားတို့အား။ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊ အကြီးအကျယ် အဆုံးအမပေတည်း။ (၃၂ကြိမ်ဆုံးမ။)

(အမှတ် ၁၉ စာမျက်နှာ ၄၉၄)

× × ×

**သုဂတိမှ နိဗ္ဗာန်သွားတရား**

ဇင်္ဂလနိဂုံးမှာ သုဝဏ္ဏဝေဠုဝန ရွှေဝါးပင်တွေ ပေါက်တဲ့တောမှာ ဘုရားကိုယ်တော်မြတ်ကြီးက သီတင်းသုံးနေတယ်။ ရှင်အာနန္ဒာနဲ့ ဘေးကရဟန်းတွေက တရားနာမလို့ စောင့်နေကြတယ်။ အဲဒီအထဲမှာလဲ ပါရာသိဝိယ ဆရာကြီး၏ တပည့် (ဥတ္တရလုလင်) ပါလာတယ်။ ဥတ္တရလုလင် အကြောင်းပြု၍ ဟောမည်ဖြစ်ရာတရားပွဲစချိန်မှစ၍ ဥတ္တရလုလင်ဟုခေါ်လိုက်၏။

မင်းတို့ ပါရာသိဝိယ တက္ကသိုလ်ဆရာကြီးက ဣန္ဒြေလုံခြုံဘို့ ဘာများဟောသတုန်းကွလို့ ဘုရားက မေးတယ်။

ဥတ္တရလုလင်က မျက်စိရှိလို့ မျက်စိမဖွင့်ရင် လောဘ၊ ဒေါသ၊ မောဟ၊ မလာဘူး။ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စတဲ့ အပေါက်

တွေ ပိတ်ထားကွ၊ အဲဒါ ဣန္ဒြိယသံဝရသီလ ဣန္ဒြိယဘာဝနာ ဆိုတာ ဒါဘဲကွလို့ ဥတ္တရလုလင်ကို သင်ထားတယ်။ ဘုရားက ဝမ်းတွင်းက မျက်လုံးကန်းလာတဲ့ ပုဂ္ဂိုလ်များ ဣန္ဒြိယဘာဝနာ အလုပ်ကြီး လုံခြုံတယ်လို့ ဆိုမလားမေးတော့ ဥတ္တရလုလင်က ရိပ်မိပြီး ဘာမှမပြောဘဲ နေလိုက်တယ်။

(အမှတ် ၁၉၊ ၅၁၃)

## ရှင်သာရိပုတ္တရာ

ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး (ဉာဏ်တေဒဂ်) က အမေး။ တရားဟော ဓမ္မကထိကရှင်ပုဏ္ဏ (တရားဟောတေဒဂ်) က အဖြေ။

မြတ်စွာဘုရားထံမှာကျင့်တဲ့ အကျင့်ဟူသရွှေသည်ကား နိဗ္ဗာန် အကျိုးငှာ ကျင့်တာလားဆိုရင် မဟုတ်ဘူးတဲ့၊ ဘယ်အကျိုးငှာ ကျင့်နေကြတာတုန်းဆို အို…ဥပါဒန်ချုပ်တဲ့ နိဗ္ဗာန်အကျိုးငှာ ကျင့်နေကြတာ။

ဥပမာ—သီလဝိသုဒ္ဓိဆိုတာ သီလစင်ကြယ်အောင် လုပ်နေတဲ့ ပုဂ္ဂိုလ်တွေ ရှိကြတယ်။ သီလစင်ကြယ်အောင် လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေကို နိဗ္ဗာန်လို့ ဆိုကြမယ်ဆိုရင် ပုထုဇဉ်တွေဟာ နိဗ္ဗာန် ရောက်နေမှာဘဲ။

**မှတ်ချက်**—မဂ်ဉာဏ်ရနေတဲ့ ပုဂ္ဂိုလ်တောင်မှ နိဗ္ဗာန်ရောက်နေ တယ်လို့ မဆိုပါနဲ့ဦးတဲ့။ မဂ်ဉာဏ်ဟာ ဖြစ်ပျက် သင်္ခတတရားပါ။ ဖိုလ်ဉာဏ်ကို ပြုပြင်ရသေးတာဘဲ။ အသင်္ခတ နိဗ္ဗာန်အတွက်နဲ့ ဘာမှ သူမဆိုင်ဘူး။

သီလဝိသုဒ္ဓိဟာ–စိတ္တဝိသုဒ္ဓိအကျိုးငှာ၊

စိတ္တဝိသုဒ္ဓိဟာ–ရုပ်နာမ်ခွဲတဲ့ ဒိဋ္ဌိဝိသုဒ္ဓိအကျိုးငှာ၊

ဒိဋ္ဌိဝိသုဒ္ဓိဟာ–ပုဂ္ဂိုလ်သတ္တဝါ မရှိ။အကြောင်းအကျိုးမျှရှိတဲ့ ယုံမှား ပျောက်တဲ့ ကင်္ခါဝိတဏဝိသုဒ္ဓိအကျိုးငှာ၊

ကင်္ခါဝိတရဏ ဝိသုဒ္ဓိဟာ – ယုံမှားပျောက်၍ ကျင့်တော့ အရောင်အဆင်းစသော ပီတိတွေကို မဂ်ထင်စေတတ်တဲ့ သဘော အမှန်မရောက် မဂ်ထင်မှာစိုးလို့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်နိုင်တယ်။

မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိက–ဘင်၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ ဆိုတဲ့ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိကို သွားပြီး ကျေးဇူးပြုတယ်။

မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိက – ပဋိပဒါ ဉာဏဝိသုဒ္ဓိကို ကျေးဇူးပြုတယ်။

ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိက – ဉာဏ်စဉ်တွေ တက်ပြီးနေ သော်လဲ နိဗ္ဗာန်ကို မမြင်ရသေးဘူး။

ဉာဏဒဿန ဝိသုဒ္ဓိ–ဉာဏ်စင်သွားပြီ။ အဲဒါလဲ နိဗ္ဗာန်မဟုတ် သေးဘူးတဲ့။

ဝိသုဒ္ဓိ–၇ ပါးဟာ နိဗ္ဗာန်မဟုတ်သေးဘူး။ နိဗ္ဗာန်ကို အဆင့် ဆင့် ကူညီပြီး ကျေးဇူးပြုတဲ့တရား။

(၁) သီလဝိသုဒ္ဓိ၊ (၂) စိတ္တဝိသုဒ္ဓိ၊ (၃) ဒိဋ္ဌိဝိသုဒ္ဓိ၊ (၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ (၅) မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊ (၆) ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ၊ (၇) ဉာဏဒဿနဝိသုဒ္ဓိ။

**ဝိသုဒ္ဓိ ၇ ပါး**

၁။ သီလဝိသုဒ္ဓိ —ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကံ ၃ ပါး၌ ဒုစရိုက် ဒုရာဇီဝ ဖြူစင်စေ၍ မဂ္ဂင်သီလက္ခန္ဓ ပြည့်စုံစင်ကြယ်ခြင်း။

၂။ စိတ္တဝိသုဒ္ဓိ —သတိပဋ္ဌာန် တရားအလုပ်ကို အားထုတ်ပွားများသဖြင့် ကာမစ္ဆန္ဒ စသော နီဝရဏတို့မှ ကင်းလွတ်သန့်ရှင်းခြင်း၊ စိတ်၏ ကြည်လင်ခြင်း၊ သတိပဋ္ဌာန်၌ တည်ကြည်ခြင်း။

၃။ ဒိဋ္ဌိဝိသုဒ္ဓိ —ခန္ဓာငါးပါးတို့၌ သတ္တဝါ ဖို-မ မရှိ၊ ဖောက်ပြန်မှု တခု၊ ဤနှစ်ခုသာ ပုဂ္ဂိုလ်သတ္တဝါနှင့် မဆက်စပ်။ ဖောက်ပြန်မှုတသတ်၊ သိမြင်မှုတသတ် ဤနှစ်ရပ်သာ ရှိ၏ဟု သိမြင်ခြင်း။

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ —ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ပစ္စုပ္ပန် ဤဘဝ၌ **အဝိဇ္ဇာ+တဏှာ+ကံ+စိတ်+ဥတု+အာဟာရ** စသော အကြောင်းတရားများကြောင့် ယခု ဖြစ်နေ၏။

အနမတဂ္ဂ မသိအစ ရှေးဘဝများစွာကလည်း ထိုအကြောင်းတရားများကြောင့် ဖြစ်ခဲ့ဘူးပြီ။ နိဗ္ဗာန်မရသေးသမျှ နောင်လာမည့် ကာလများ၌လည်း ဖြစ်ရရန် ရှိနေသေးသည်။ ဤကာလ သုံးပါး၌ ယုံမှားသည်ကို လွန်မြောက်စင်ကြယ်ခြင်း။

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ—ခန္ဓာငါးပါး ရုပ် နာမ် တရားတို့ကို လက္ခဏာရေး သုံးပါးတင်၍ **သမ္မသနဉာဏ်**ဖြင့် အဖန်ဖန် သုံးသပ်သည်ရှိသော် ဖြစ်ပျက်အစဉ် **ဉပ**ါဒ်နှင့် **ဘင်**ကို မြင်နိုင်သော **ဉဒယဗ္ဗယဉာဏ်** ဖြစ်သောအခါ ဝိပဿနာစိတ်ကြောင့် -

၁။ အလင်းရောင်၊ ဩဘာသ၊

၂။ နှစ်သက်ခြင်း၊ ပီတိ၊

၃။ ငြိမ်းခြင်း၊ ပဿဒ္ဓိ၊

၄။ သဒ္ဓါယုံကြည်ခြင်း၊ အဓိမောက္ခ၊

၅။ ထောက်ပံ့နိုင်စေခြင်း၊ ပဂ္ဂဟ၊

၆။ ချမ်းသာခြင်း၊ သုခ၊

၇။ ဝိပဿနာဉာဏ်၊ ဉာဏ၊

၈။ ထင်ခြင်းသတိ၊ ဉပဋ္ဌာန၊

၉။ လျစ်လျူရှုခြင်း၊ ဉပေက္ခာ၊

၁၀။ ဤကိုးပါးတို့၌ တပ်နှစ်သက်ခြင်း၊ နိကန္တိက၊

ဝိပဿနာဉာဏ်၏ ညစ်ညူးကြောင်း ဤဆယ်ပါးဘေးတို့ဖြစ်တတ်၏။ ဤသည်မှာ **မဂ်မဟုတ်သေး**။ မဂ်တရားအစစ်၏သဘောသည် သစ္စာလေးပါးတရားတို့ကို ပိုင်းခြား၍ သိခြင်းသဘောရှိသည်။ မဂ်ဟုတ်သည် မဟုတ်သည်ကို ဆုံးဖြတ်နိုင်သောဉာဏ်သည် မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ မည်၏။

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ—ဥဒယဗ္ဗယဉာဏ်အစ အနုလောမ ဉာဏ်အဆုံး ဝိပဿနာဉာဏ်

၉ ပါးဖြင့် ပွားများအားထုတ်မှုသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

၇။ ဉာဏဒဿနဝိသုဒ္ဓိ —ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ ဖြစ်ပေါ်သော မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါး ဤ ရှစ်ပါးသော ဉာဏ်များသည်ဉာဏဒဿနဝိသုဒ္ဓိ မည်၏။

ဤသည်မှာ ဝိသုဒ္ဓိ ၇ ပါးဖြစ်သည်။

ဘုရားကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ကပိလဝတ်ပြည် တေဒဂ်ရ ရှင်ပုဏ္ဏ တရားဟော ဓမ္မကထိက၊ "ဥပမာယ၊ မိစေကစ္စေ၊ ဝိညူပုရိသာ၊ ဘာသိတဿ အတ္ထံ အာဇာနန္တိ"

**ရှင်ပုဏ္ဏ**

ရှင်ပုဏ္ဏ က တပည့်တော် ဥပမာလေးတခု ဆောင်ပြလို့ရှိရင် ပိုပြီး ရှင်းမယ် တဲ့။

သာဝတ္ထိပြည်မှာ ပသေနဒီ ကောသလမင်းကြီး ရှိတယ်တဲ့။ ကိစ္စတခုရှိတာနဲ့ သာကေတကို သွားတယ်တဲ့။ သာကေတမြို့က (၇) ယူဇနာ ဝေးတယ်ဆိုပါစို့။ မြင်းရထားကလဲ သူ့ဆွေမျိုး များဆီ သွားရာ မြင်းလှည်းကလဲ (၇) ယူဇနာ မသွားနိုင်ဘူး။ တယူဇနာစီသာ သွားနိုင်တော့ ရထား (၇) စီး ဆက်ပြီး စီးရတယ်။ ရထား ခုနစ်စင်း စီးပြီးမှ သာကေတမြို့သို့ ရောက်တဲ့

သဘောပါဘဲတဲ့။ ရထားခုနစ်စင်း နောက်ဆုံးရထားက ဆင်းရင် ဉာဏဒဿနဝိသုဒ္ဓိက ဆင်းတဲ့အခါကျတော့မှ သူ သွားရောက်လိုတဲ့ သာကေတမြို့နဲ့တူတဲ့ နိဗ္ဗာန်ကို ရောက်ပါတယ်တဲ့။

ထို့အတူဘဲတဲ့။ ဝိသုဒ္ဓိ (၇) ပါးဟာ အဆင့်ဆင့် ကျေးဇူးပြုမှုသာ ရှိပါတယ်တဲ့။ နိဗ္ဗာန်မဟုတ်ပါဘူးတဲ့။

၁။ သာကေတမြို့က နိဗ္ဗာန်နဲ့တူတယ်။

၂။ ရထားခုနစ်စင်းက ဝိသုဒ္ဓိ (၇) ပါးနဲ့ တူတယ်တဲ့။
ဖြစ်ပျက်ရှုနိုင်ရင် မဂ္ဂင် ၅ ပါး ဖြစ်နေ၍ ရထား ၅ စင်း။
(မိုးကုတ်အမှတ်စဉ် ၂၀မှ ၂၂ စာမျက်နှာ)

**ညီတော် အာနန္ဒာ**

ညီတော်အာနန္ဒာကျင့်စဉ်တွင်-

(၁) ဝီရိယလဲ မလွန်စေနဲ့၊ (၂) သမာဓိကလဲ မလွန်စေနဲ့၊ (၃) သဒ္ဓာလဲ မလွန်စေနဲ့၊ (၄) ပညာလဲ မလွန်စေနဲ့။

(၁) ဝီရိယလွန်လျှင် ရမှာမဟုတ်ဘူးဆိုတဲ့ ဥဒ္ဓစ္စဘက် ပြေးတယ်။ (၂) သမာဓိလွန်လျှင် ထိနမိဒ္ဓ ဆိုတဲ့ ငိုက်မျဉ်းတဲ့ဘက် ပြေးတယ်။

သူတို့ ၂ ခု သတိပြု၍ ညီအောင်ညှိပါ။

(၃) သဒ္ဓာလွန်ပြန်တော့လဲ ဘုရားကြည်ညိုတာ ခင်တဲ့ တဏှာဘက် ပြေးတယ်။ (၄) ပညာလွန်ပြန်တော့လဲ အတွေးအဆက ထက်မြက်ပြန်လျှင် ကောက်ကျစ်တဲ့ဘက် ပြေးတယ်။

သူတို့ ၂ ခုကိုလဲ သတိပြု ညီအောင်ညှိ။

ထို ၄ ခုစလုံးကို ညှိ၍ ဖြစ်ပျက်ဆီကို လွှတ်ပေးရမယ်။ မညီလျှင် တရားမရနိုင်။ ဒီ ၄ ခု တခုခုလွန်နေရင် မရ။

**မှတ်**။ ။ သတိကတော့ ဘယ်တော့မှ လွန်တယ်မရှိဘူး။

ညီတော်အာနန္ဒာမှာ ဝီရိယပြင်းထန်နေလို့ **ဝီရိယနှင့်သမာဓိ** က မညီပြန်ဘူး ဖြစ်နေတယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပရိနိဗ္ဗာန်စံကာနီးမှာ မင်းမှာ ပြီးပြီးသား အကြောင်းရှိတယ်လို့ ဟောထားတယ်။ ရမှာဘဲဆိုပြီး တရားကို ဝီရိယစိုက်ပြီး ပြင်းထန်စွာ ကြိုးစားတာ ဝီရိယလွန်နေလို့ မရသေးဘူး။

သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိ ညှိပေးရမယ်။

ရှင်အာနန္ဒာဟာ တညလုံး စင်္ကြံသွားပြီး အားထုတ်တာ ဝီရိယလွန်နေတယ်။ သမာဓိက နည်းနေတယ်။

ဒါနဲ့ သူ့စိတ်ထဲမှာ မိုးကလဲ လင်းတော့မယ်။ မိုးလင်းရင် ပထမ သင်္ဂါယနာတင်ပွဲ ရဟန္တာတွေ ပွဲထဲလဲ သွားရတော့မယ်။ ငါကလဲ အခု အရဟတ္တဖိုလ် မဆိုက်သေး။

ရဟန္တာအဖြစ် မရောက်သေး။ သောတာပန်ကတော့ ရှင်ပုဏ္ဏ က ဟောထားလို့ သောတာပန် တည်ပြီးပြီ။ ကိုင်း စင်္ကြံသွားရင်း ခဏ နားပါဦးမယ်ဆိုပြီး အနားရှိတဲ့ ညောင်စောင်းပေါ် ခဏ တော့ ကျောကလေးလှဲလိုက်ဦးမယ်ဆိုပြီး သတိကတော့ တရား မလွှတ်ဘူးပေါ့။ လှဲလိုက်တဲ့အခါမှာ ဝီရိယနဲ့သမာဓိ ညီသွားပြီး သဒ္ဓါနဲ့ ပညာကလဲ ညီထွက်သွားတယ်။

အဲဒါနဲ့ ဒီ ၄ ချက် ညီသွားတော့ သူ့ ညောင်စောင်းပေါ် တင်ပါးကလေးလွှဲပြီး ထိုင်လိုက်တော့ကို ခြေထောက်နဲ့ မြေကြီး

နဲ့လဲ လွတ်ကာရှိသေးတယ်။ ခေါင်းနဲ့ ခေါင်းအုံးနဲ့က မထိသေးဘူး။ ဒီကြားထဲမှာ ရဟန္တာဖြစ်တယ်ဆိုတော့-

ညီညွတ်တော့လဲ ခဏကလေးနဲ့ အာသဝေါကုန်သွားတယ်။

(၂၀/၇)

× × ×

**ဘေးလွတ်ရာဉာဏ်**

ကောယနော၊ အယံ ဘိက္ခဝေ မဂ္ဂေါ။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံမဂ္ဂေါ၊ ဤမသိဘေးအများဘေးမှ လွတ်တဲ့ဉာဏ်သည်။ ကောယနော၊ တကြောင်းတည်းနဲ့၊ နိဗ္ဗာန်အရောက်ပို့၏။

**မှတ်**။ ။ နာနာသတ္တာရ ဥလ္လောကန ဘေးမှလွတ်ပြီ၊ ဆရာအမျိုးမျိုးကို မျှော်ကြည့်ခြင်း ဘေးမှ လွတ်ပြီ။ ဘုရားကိုယ်တော်မြတ်ကြီးက (ဓမ္မစကြာမှာ အကြီးအကျယ် မှာတယ်)။

(က) ဒိဋ္ဌဓမ္မော = ကိုယ်တိုင်မြင်အောင် လုပ်စမ်းကွနော်၊

(ခ) ပတ္တဓမ္မော = ကိုယ့်ဉာဏ်ထဲကို ရောက်အောင် လုပ်ကွနော်၊

(ဂ) ဝိဒိတဓမ္မော = ကိုယ့် ဟာ ကိုယ် ဆုံး ဖြတ် ချက် ချနိုင်အောင် လုပ်၊

(ဃ) တိဏ္ဏ ဝိစိကိစ္ဆော တဲ့ = မင်းဟာမင်း ဝိစိကိစ္ဆ ကင်းသွားလိမ့်မယ်တဲ့၊

(င) ဝိဂတ ကထံကထော တဲ့ = ဝိစိကိစ္ဆာ ကင်း သွား လိမ့်မယ်တဲ့။

သူများပါးစပ်ဘေးမှ လမ်းဆုံးရင် သောတာပန်တည်တယ်။ ဝိစိကိစ္ဆာ ကင်းသွားတယ်ဆိုရင် သောတာပန်တည်တယ်။ ကိုယ့်ခန္ဓာက ပြောတာကို ကြည့်ရမယ်တဲ့။

× × ×

**ဘုရားနှင့် သိကြား**

သိကြားက ဘုရားကို မသိတာ မေးလျှောက်နေတယ်။

အရှင်ဘုရား ရောဂါကလဲများ၊ ကျန်းမာမှုကလဲ နည်းပြီး အသက်တမ်းမရောက်ခင် သေတဲ့ပုဂ္ဂိုလ်တွေ သိပ် များပါတယ် ဘုရား။ အဘယ်ကြောင့်ပါလိမ့် တဲ့။

၁။ ဣဿာ မစ္ဆရိယကြောင့်လို့ ဗုဒ္ဓက ဖြေတော်မူသည်။

၂။ ဣဿာ မစ္ဆရိယ၊ ဘယ်က လာပါသတုန်း ဘုရား တဲ့။

၃။ ပိယာ-ပိယ ချစ်ခြင်းမုန်းခြင်းကလာတယ်တဲ့၊ ဘုရားက။

၄။ ချစ်ခြင်း မုန်းခြင်း ဘယ်ကလာသလဲ ဘုရား တဲ့။

၅။ ချစ်ခြင်း မုန်းခြင်းဆိုတာ၊ ဆန္ဒက လာတယ်တဲ့။

(အမှတ်စဉ် ၂၀ စာမျက်နှာ ၁၉၀)

**လူမိုက်ပုံ**

"စတ္တာရော အပါယာ၊ သက ဂေဟာသဒိသာ" စတ္တာရော၊ ၄ ပါးကုန်သော။ အပါယာ၊ အပါယ်ဘုံတို့သည်။ သကဂေဟာသဒိသာ၊ အမြဲနေရာ မိမိတို့ အိမ်ဂေဟာကြီး ဖြစ်နေပါပေ၏။

× ×

**ခန္ဓာအတွက် ဒုက္ခရောက်ကြောင်း**

အိမ်တွင်း ပဋိစ္စသမုပ္ပါဒ်ကို မဟာနိဒါနသုတ်မှာ မြတ်စွာဘုရားက ညီတော် အာနန္ဒာအား ဟောကြားတော်မူသည်။

အာရုံခံစားမှု (ဝေဒနာခံစားမှု)

(ဝေဒနာပဋိစ္စ–တဏှာ။ ခံစားမှုအတွက်တဏှာ)

၁။ တဏှံပဋိစ္စ ပရိယေသနာ=ပရိယေသနရှာရ၊

၂။ ပရိယေသနံ ပဋိစ္စ–လာဘော=ရှာပြီးသော လာဘ်ရ၊

၃။ လာဘံပဋိစ္စ–ဝိနိစ္ဆယော=ဆုံးဖြတ်၊

၄။ ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒ ရာဂေါ = ရရှိပြီးပစ္စည်းပေါ်၌ ခင်မင်၍ သောမနဿဖြစ်မှု၊

၅။ ဆန္ဒရာဂ ပဋိစ္စံအဇ္ဈောသာနံ = အလွန်အားကြီး မာန်တက်လုပ်ပြီ၊

၆။ အဇ္ဈောသာနံ ပဋိစ္စ ပရိဂ္ဂဟော = ရရှိမှုကို အကုန်သိမ်းဆည်းတာဘဲ၊

၇။ ပရိဂ္ဂတံ ပဋိစ္စ မစ္ဆရိယော = သူတပါးမြင်မှာစိုးတဲ့ မစ္ဆရိယဝန်တိုမှု ဖြစ်တယ်၊

၈။ မစ္ဆရိယံ ပဋိစ္စ အာရက္ခော=ပစ္စည်းစောင့်ရှောက်မှု၊

၉။ အာရက္ခာနံ ပဋိစ္စ သတ္တာဒါနံ= လက်နက်ရှာဖွေရမှု၊

(အမှတ်စဉ် ၂၁ စာမျက်နှာ ၁၂၆)

**အိမ်တွင်းပဋိစ္စသမုပ္ပါဒ်**

၁။ တဏှံပဋိစ္စ ပရိယေသနာ=ပရိယေသနရှာရ၊

၂။ ပရိယေသနံ ပဋိစ္စလာဘော=ရှာပြီးသဖြင့်လာဘ်ရ၊

၃။ လာဘံပဋိစ္စဝိနိစ္ဆယော=ရရှိပစ္စည်းဝေပုံကျဆုံးဖြတ်၊
၄။ ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ=ရရှိပြီးပစ္စည်း၌ခင်မင်၊
၅။ ဆန္ဒရာဂံပဋိစ္စ အဇ္ဈောသာနံ=အလွန်ကြိုးစားလုပ်ကိုင်၊
၆။ အဇ္ဈောသာနံပဋိစ္စ ပရိဂ္ဂဟော=အကုန်သိမ်းဆည်း၊
၇။ ပရိဂ္ဂဟံပဋိစ္စ မစ္ဆရိယော=သားသမီးမှစပြီး စိတ်မချတဲ့ ဝန်တိုမှု၊
၈။ မစ္ဆရိယံ ပဋိစ္စ အာရက္ခော=လုံခြုံမှုနဲ့စောင့်ရှောက်၊
၉။ အာရက္ခာနံပဋိစ္စ သတ္တာဒါနံ=ဓားလှံလက်နက်ထားရှိ။

(၂၁၊ ၁၇၇)

**တဏှာသခ်ယသုတ်**

သိကြားမင်းက တဏှာအမြန်ကုန်တဲ့တရား ဟောပါဘုရား ဆိုတော့ (မင်းဝေဒနာရှုကွတဲ့)။

တရားအားမထုတ်တဲ့ လူမှာတော့ ခန္ဓာဖြစ်စဉ်အတိုင်းဝေဒနာ ပစ္စယာတဏှာ။ ဝေဒနာရှုတော့ ဝေဒနာက ဖြစ်ပြီး ပျက်တဲ့ အနိစ္စ ဖြစ်နေတော့ **အနိစ္စပစ္စယာ ပညာတဲ့**။ ဝေဒနာ ပစ္စယာ တဏှာ ပျောက်သွားတယ်။ ဒါကြောင့် ဝေဒနာ နိရောဓော၊ တဏှာနိရောဓော၊ တဏှာနိရောဓဆိုတာ မဂ်ပေါ်တာကွတဲ့။

(၂၁/၂၁၆)

**တဏှာသခ်ယသုတ်**

သိကြားမင်းကြီးက နန္ဒဝန်ဥယျာဉ်ထွက်ရင်း မတ္တနဲ့၊ မြတ်စွာ ဘုရားက ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးနေချိန်တွင် လာ၍ လျှောက်ထားသည်။ တဏှာအမြန်ကုန်တဲ့တရား –

**ဝေဒနာ ၃ ပါး ရှု**

ဝေဒနာနိရောဓော—တဏှာနိရောဓော

တဏှာနိရောဓောတိ—မဂ္ဂေါ။

ဒုက္ခသစ္စာ ဘယ်ကလာသတုန်း၊ တဏှာသမုဒယကလာတယ်၊ တဏှာသမုဒယ ဘယ်က လာသတုန်း ဝေဒနာက၊ ဝေဒနာသည် ခန္ဓာက၊ တဏှာ၏ ရှေးသောက်မြစ်သည်=ဝေဒနာ။ သို့ဖြစ်၍ ဝေဒနာပစ္စယာ=တဏှာ။ ဝေဒနာပစ္စယာ=ဝေဒနာတည်းဟူသောအကြောင်း တဏှာ၊ တဏှာသည် ဥပဇ္ဇတိဖြစ်၏။

(၂၀/၂၃၃)

× × ×

**မဟာတဏှာသင်္ခယသုတ်**

သကြားမင်းကို ဘုရားဟော

ပညာဟိ—သဒ္ဒေဝ၊ လောကသ္မိံ

လောကသ္မိံ၊ ငါဘုရား ကိုယ်တော်မြတ်ကြီး ဟောရမည့် လောကကြီးထဲ၌။ ပညာဟိ ပညာဝေ၊ ပညာသည်သာလျှင်။ သဒ္ဒေဝ၊ အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးပွင့်သောကြောင့် မြတ်၏။

ဖြစ်ပေါ်လာတဲ့စိတ်ကို ပမာဏပြုလို့ မရဘူး။ ဘယ်လောက် စိတ်ကြီးကြီး သေးသေး အဲဒါဒိဋ္ဌိတွဲ။

ကျုပ်စိတ်ဟာ တခါတည်း ပြောမိရင် မပျက်တော့ဘူးတဲ့၊ အဲဒါ သဿတဒိဋ္ဌိ ဖြစ်နေတာ။

အမှန်ကတော့ ချက်ချင်းဖြစ်၊ ချက်ချင်းပျက်ပါဘဲ။ စိတ်ဟာ ကြောက်စရာ၊ ပြုံးစရာ၊ မက်စရာ။ စိတ်ပေါ်လာတာ အဌယ် ပမာဏ မပြနိုင်။

စိတ်ပေါ်လာတာ အကြောင်း ၂ ခုကြောင့်ကို သိရင် သက္ကာယဒိဋ္ဌိ ဝင်တယ်။

ပျက်သွားတာသိယင် သဿတဒိဋ္ဌိဝင်တယ်၊ နောက် စိတ်ကလေးနဲ့ အသက်ရှင်နေတာသိယင် ဥစ္ဆေဒဒိဋ္ဌိဝင်တယ်။

(အမှတ်–၂၁၊ စာမျက်နှာ ၄၅၀)

**ရှင်အဿဇိ**

ရှင်အဿဇိက ရှင်သာရိပုတ္တရာကို ဟောလိုက်တာ သောတာပန် တည်သွားတယ်။

၁။ အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်၊

၂။ အကြောင်းချုပ်ရင် အကျိုးချုပ်တယ် လို့။

ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံဟေတုံ ကထာဂတော

အာဟ တေသဉ္စယော နိရောဓော ဧဝံဝါဒီမဟာသမဏော။

(အမှတ် ၂၁၊ ၄၆၃)

**သဿတဒိဋ္ဌိပြုတ်**

ဘုရားကိုယ်တော်မြတ်ကြီးက သူ့ရဲ့ ဘဝဖြစ်စဉ်တွေကို ရဟန်းတို့အား ဟောကြားခဲ့တယ်။ အားလုံး ဘဝခန္ဓာယူရတာ ဒုက္ခသစ္စာတဲ့။

အဲဒါကို တံငါသည်ရဲ့သား **သာတိရဟန်း**ကဂတော့ "ဘုရားဟော တရားတွင် စက္ခုဝိညာဏံ အနိစ္စံ၊ မနောဝိညာဏံ အနိစ္စံ၊ အထိ ဝိညာဏံ အနိစ္စံလို့" ဟောတာကို သူက တဘဝမကောင်းလို့ တဘဝ စွန့်ပစ်ပြီး မနောဝိညာဏ် (နာမ်ကလေးက) ဟို ဝမ်းထဲအောင်း ဒီဝမ်းထဲအောင်း ပြောင်းရွှေနေတယ်လို့ ယူလိုက်တယ်။ ရဟန်းတော်တွေအချင်းချင်းကိုလဲ သူ့အယူအဆကို ဒီလိုဘဲ ပြောလေ့ရှိသဖြင့် အခြားသော ရဟန်းတို့က မင်းအယူအဆ မဟုတ်ဘူးလို့ပြောကြတော့ ဒီပြဿနာဟာ ဘုရားထံ ပြန်လျှောက်ကြတယ်။ ဘုရားက (စက္ခုဝိညာဏံ အနိစ္စံ၊ မနောဝိညာဏံ အနိစ္စံ၊ စက္ခုနဲ့ ရူပါရုံ တိုက်ဆိုင်ပြီး ဒီနေရာဖြစ် ဒီနေရာချုပ် ဘယ်မှ မသွားဘူး၊ သွားမဖြစ်ဘူး။ မနောဝိညာဏ် အတူတူပေါ့၊ ပုရေဇာတပစ္စည်း ရှေးကရှိပြီးသားချင်း ပစ္စည်းဆက်တော့ ပစ္ဆာဇာတပစ္စည်းမျက်စိက မြင်ပြီး ဒီမှာမြင် ဒီနေရာမှာချုပ် စက္ခုရူပါရုံ ၂ ပါးဆုံပြီးနောက် ပစ္ဆာဇာတပစ္စည်း နောက်ဒီနေရာတွင်ချုပ်တယ်။ အသက်ထွက်သွားပြီး ဘယ်ဘဝ ရောက်ပါမလဲဆိုရင် သဿတဒိဋ္ဌိ ဒီကဝိဉာဏ်က ဘယ်မှမသွားဘူး။ ချုပ်ပြီးတော့ အနန္တရပစ္စည်း အခြားမရှိမူ၍ ကျေးဇူးပြုလိုက်တယ်။ ဇာတိကို "စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ပဋိစ္စသမုပ္ပာဒ်နည်း ပဋ္ဌာန်းနဲ့ကျတော့ ပုရေဇာတပစ္စည်း ပစ္ဆာဇာတပစ္စည်းတဲ့။

၁။ မီးခွက်တခွက်မှ မီးခွက်တခုကို ညှိသည့် ဥပမာ၊

၂။ တံဆိပ်တုံးနှင့် ရိုက်နှိပ်ပြီး တံဆိပ်တုံး၏ သတ္တိဖြင့် ကူးစက်သွားပုံ။

(၂၁၊ ၅၄၅)

**ဝိညာဏ်ပေါ်၌ သဿတဒိဋ္ဌိဖြုတ်ရန်**

ကိလေသာထု ကြီးနေတဲ့အတွက် အချိန်ကြာကြာ ဖြစ်ပျက်ရှုရတယ်။ ကိလေသာထုပါးရင် အချိန်မကြာဘူး။ ကိလေသာထုကို ဖြစ်ပျက်ဉာဏ်က ရှင်းပေးနေတာ။ မကုန်သေးရင် မဂ်ဉာဏ်မပေါ်သေးဘူး။ မဂ်ဉာဏ်မပေါ်သေးရင် နိဗ္ဗာန် မမြင်သေးဘူး မှတ်။

ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတာ ဘာတုန်းလို့ မေးတဲ့အခါကျတော့—

**သံယုတ်အဋ္ဌကထာမှာ**

"ဝိပဿနာဉာဏံ အနိစ္စံဒိဝသေန၊ ခန္ဓာဒိသု သောမိတေသု"

ခန္ဓာဒိသု၊ ခန္ဓာအစရှိသည်တို့ကို။ ဝိသောမိတေသု၊ သုတ်သင်ပြီးသည် ရှိသော်တဲ့၊ ဖြစ်ပျက်က ခန္ဓာအနိစ္စတွေကို ရှင်းနေအောင် သုတ်သင်ရတယ်။

ပြီးတော့မှ ပစ္ဆာ နောက်ကာလမှ ဘူမိလဒ္ဓံ ဉာဏ်၏တည်ရာကိုရ၍ ဩော်....ဒီကျမှ အနိစ္စ အစစ်ဖြစ်ပြီဟော့ဆိုတဲ့ ဉာဏ်က သေချာသွားပြီ။

ဘူမိလဒ္ဓံ၊ ဘုံအားဖြင့် ရထိုက်သော ဉာဏ်၏တည်ရာကို ရသော။ ဝဋ္ဋံ၊ ဖြစ်ပျက်ဆိုတဲ့ ခန္ဓာဇာတ်ကြီးသည် ဖြစ်ပျက်ကိုပြနေတဲ့ သဘောကြီးဟာလေ။ ပရိစ္ဆဇမနော၊ စွန့်ပစ်လိုက်တယ်။

ဝိပဿနာဉာဏ်က ဒီဖြစ်ပျက်ကြီးကို မမြင်တော့ဘူး။ ပရိစ္ဆဇမနော၊ သူက ဖြစ်ပျက်တွေစွန့် မမြင်တဲ့ အခြေအနေ ရောက်သည်

ရှိသော်။ မဂ္ဂသမ္မာဒိဋ္ဌိ၊ နိဗ္ဗာန်မြင်တဲ့ မင်္ဂဉာဏ်သည်။ သပ္ပဋိတိ၊ ဖြစ်ပေါ်လာ၏တဲ့။

(၂၁/၅၃၄ မှ ၅၇၃)

**ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပုံ**

ပညတ်ပရမတ်မှ နိဗ္ဗာန်သဘောကျပုံ ယမကဝတ္ထု နိဗ္ဗာန် ၅ မျိုးရှိတယ်။

၁။ သောတာပန် မြင်ရတဲ့ ပထမနိဗ္ဗာန်၊

၂။ သကဒါဂါမိမြင်ရတဲ့ ဒုတိယနိဗ္ဗာန်၊

၃။ အနာဂါမိမြင်ရတဲ့ တတိယနိဗ္ဗာန်၊

၄။ ရဟန္တာမြင်ရတဲ့ စတုတ္ထနိဗ္ဗာန်၊

၅။ ခန္ဓာဇာတ်သိမ်း ငြိမ်းအေးမှုက ပဉ္စမနိဗ္ဗာန်။

ပထမနိဗ္ဗာန်ကတော့ သက္ကာယဒိဋ္ဌိဖြုတ်ရမယ်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက သီတင်းသုံးနေတယ်။ ယမကဆိုတဲ့ ရဟန်းကလဲ ရှိတယ်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရဟန္တာ ဆိုတာဟော့ နောက် ပဋိသန္ဓေ မနေတာဘဲကွတဲ့။ အဲဒါရဟန္တာခေါ်တာဘဲတဲ့။ နောက် ပဋိသန္ဓေဆိုတာ ဒုက္ခသစ္စာကိုး။ အဲဒီ ဒုက္ခသစ္စာ မလာတာဟာ နိဗ္ဗာန်ဘဲကိုး။

ဘုရားရှင်က အကျယ်တဝင့် ဟောနေတုန်း ယမကဆိုတဲ့ ရဟန်းက ဩော်....ရဟန္တာများသေရင် ဘာမှ မဖြစ်ဘဲကိုးလို့ သူက ယူလိုက်တယ်။ အဲဒါ ဥစ္ဆေဒဒိဋ္ဌိဘက် ကူးသွားတဲ့အယူ။

တရားပွဲက ပြန်လာတော့ ရဟန်းတွေ အစည်းအဝေးဝင်တဲ့ပြီး ဘုရားဟောတာကို တပည့်တော် အကုန်သိပါတယ်တဲ့။ ရဟန္တာ သေရင် ဘာမှ မဖြစ်တော့ဘူးဆိုတော့ ဉာဏ်ကြီးကြီး နားနဲ့ ထောင်လိုက်တော့မှ ဩော်....နိဗ္ဗာန်ဆိုတာ ဘာမှ မရှိဘူးလို့ ယူလိုက်တာနဲ့ အတူတူဖြစ်နေတော့ သူ့အယူကို သူမစွန့်တော့ဘူး။ ဒိဋ္ဌိ ဒိဋ္ဌုပ္ပါဒါန်ပေါ့။ သူ့မှာ စွဲလမ်းနေတယ်။

ဘုရားကလဲ ခုဝ နိဗ္ဗာန်ဟော့၊ သုခ နိဗ္ဗာန်ဟော့လို့ ဟောတာ အကြိမ်မနည်းဘူး။ အတ္ထိဘိက္ခဝေ နိဗ္ဗာနံ၊ အဘူတံ၊ အသင်္ခတံ ဥဒါန်း ပါဠိတော်မှာ သေသေချာချာ ဟောတယ်။

ရဟန်းတွေက ရှင်သာရိပုတ္တရာကြီးဆီ သွားပြောတော့ အရှင် ဘုရားကိုယ်တိုင် ကြွပြီး ဆုံးမပါဦးတဲ့။

ယမက ရဟန်းက ဘုရားဟောတာ ဒီလိုဘဲလို့ ရှင်သာရိပုတ္တရာ ကို လျှောက်တယ်။

ငါ့ရှင် သိပ်ဆိုးပါကလား။ ဥစ္ဆေဒဒိဋ္ဌိကို ဘုရား ဘယ်တော့မှ မဟောဘဲနဲ့ ဘုရားကို မင်းက ဥစ္ဆေဒဒိဋ္ဌိလုပ်နေပြီ။ ငါ့ရှင် ဒီလိုမပြောပါနဲ့။ မင်း မဂ်ဖိုလ်မှ အချည်းနှီးဖြစ်ရတော့မယ်။ (ယမက ကို အတော် ဆုံးမရတယ်)။

ရှင်သာရိပုတ္တရာက ယမကကို မေးတော်မူသည်။

ငါ့ရှင်။ ရဟန္တာဆိုတာ နကိုက ရှိရဲ့လားတဲ့။

၁။ ရုပ်ကို ရဟန္တာခေါ်မလား။

၂။ ဝေဒနာကို ရဟန္တာခေါ်မလား။

၃။ သညာကို ရဟန္တာခေါ်မလား။

၄။ စေ့ဆော်တိုက်တွန်းတဲ့စေတနာကို ရဟန္တာခေါ်မလား။
၅။ စိတ်ကလေးတွေကော ရဟန္တာခေါ်မလား။(မခေါ်ပါဘုရား)။

ဒါဖြင့် နကိုကမှ မရှိတာ။ ရဟန္တာသေရင် ဘာမှ မဖြစ်တော့ဘူးဆိုတာ ဟုတ်ကဲ့လား။ သမုတ်ထားလို့ ရဟန္တာဖြစ်ရ၊ ခေါ်ရတာ။ တကယ် ပရမတ်ကျတော့ ရဟန္တာ မပါရှိဘူး။ ခန္ဓာ ၅ ပါးဘဲ ရှိပါတယ်။ မင်းက ပုဂ္ဂိုလ်သတ္တဝါလုပ်ထားတာ။ ရဟန္တာအစစ်ကို သိချင်ရင် ရဟန္တာဆိုတာ ကိလေသာဖြတ်တဲ့ ဉာဏ်ကို ဆိုတာ။

"အရ ဟန္တ"။ အရ၊ ရန်သူ။ ဟန္တက၊ သတ်ထာ။ ရန်သူကို သတ်ပြီးသားတဲ့။ ဒါကိုဆိုတာ။ ရန်သူကိုသတ်ပြီးသား တရားကို ဆိုတာ။ ကိလေသာရန်သူ သတ်ပြီးသား။

ယမက၊ မင်း ခန္ဓာ ၅ ပါးကို ရဟန္တာဆိုမလားတဲ့။ (မဆိုပါဘုရား)။ ရဟန္တာဆိုတာ သမုတိသစ္စာ။ ဒါကြောင့် ပရိနိဗ္ဗာန်စံပြီး ဘုရားကိုယ်တော်ကြီးကို သမုတိနယ်က ရည်စူးပြီး ရှိခိုးကြရတယ်။

ဒါဖြင့် ဒီခန္ဓာ ၅ ပါးဟာ အနိစ္စလား၊ ဒုက္ခလား တဲ့။ (ဒုက္ခသစ္စာပါဘုရား)။ မင်း ဝေဒနာလေးကြည့်တော့ ဝေဒနာလား၊ ရဟန္တာလား၊ (ဝေဒနာပါ ဘုရား)။ဘာ သစ္စာတုန်းကွ။ (ဒုက္ခသစ္စာပါဘုရား)။စိတ်ကလေးဟာ ရဟန္တာလား။ ပေါ်တိုင်းရှုလိုက်တော့ ဖြစ်ပျက် မတွေ့ဘူးလား၊ ဖြစ်ပြီး ပျက်တာ ဘာသစ္စာတုန်း။ (ဒုက္ခသစ္စာပါ ဘုရား)။

မင်းဟာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ ဆိုနိုင်သေးတဲ့လား။ မဆိုနိုင်ပါဘူး။ အဲဒီလိုဟောရင်း အရှုခိုင်းတာနဲ့ **သောတာပန် တည်သွားတယ်**။

သောတာပန်တည်မှန်းကို သိတော့ ယမက ခန္ဓာ ၅ ပါး ရဟန္တာခေါ်မလား၊ (မခေါ်ပါဘုရား)။ သာဓု သာဓုကွာ၊ နေရာကျလိုက်တာ။ ဖြစ်ပျက် ဒုက္ခသစ္စာမှတပါး ဘာမှမရှိဘူးလို့ သူ သိသွားပြီ။

ဆက်လက် မေးတော်မူသည်။ မင်း ရဟန္တာလဲ ရှာမတွေ့ဘူး။ မင်း ဘယ်ဟာမှ ရဟန္တာမရှိပါဘူးလို့ မင်းပြောလို့ ငါ ကျေနပ်ပါပြီတဲ့။

နကိုတုန်းကတော့ မင်း ဘယ့်နှယ်ကြောင့် ရဟန္တာသေရင် ဘာမှမဖြစ်ဘူးလို့ မင်းက ဥစ္ဆေဒဒိဋ္ဌိအယူ ယူထားသလဲ။ ဘုရားလဲ မင်း စွပ်စွဲသေးတယ်။

အရှင်ဘုရားတို့လို ပညတ်ဖယ်ပြီး ပရမတ်တွေ့အောင် ဟောနိုင်တဲ့ ဆရာနဲ့ မတွေ့လို့ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ရပါတယ် ဘုရား တဲ့။ အဲဒါ ပညတ်ဖုံးနေလို့။ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက ပညတ်ကိုဖယ်ပြီး၊ ပရမတ်ထုတ်ဖော်ပြီး လက္ခဏာရေးသုံးပါး ပြလိုက်တော့ သောတာပန် တည်သွားတယ်။

ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက—

ရဟန္တာသေရင် ဘယ်သွားသတုန်းလို့ မေးလို့ရှိရင် မင်း ဘယ့်နှယ် ဖြေမတုန်းတဲ့။ အဲဒီတော့မှ ယမက က ဖြေရှာတယ်။

ခန္ဓာငါးပါးဟာ အနိစ္စတရားပါ ဘုရား။ အဲဒီ အနိစ္စတရား ဟာ ဒုက္ခသစ္စာ၊ ဒုက္ခပါ ဘုရား။ ဒုက္ခသစ္စာတွေ ကုန်ဆုံးသွား

တာဟာ ဗွနိဒ်နိပါဘုရားလို့ ယမက က ဖြေရှာတယ်။ အဲဒီလို ဖြေပါ့မယ် ဘုရား တဲ့။

(ကျုပ်တို့ကို ဒုက္ခတွေဖုံးကွယ်နေလို့ နိဗ္ဗာန်မမြင်ရတာ)။

အမှတ်စဉ် (၂၂) (၄၁)မှ စာမျက်နှာ (၆၅)

**အသေရှိရာက အသေလွတ်ပုံ**

သံယုတ်ပါဠိတော်၌ "သတောဘိက္ခဝေ၊ ဘိက္ခု၊ ဝိဟာရေယျ သမ္ပဇာနော၊ အယံဝေါအမှာကံ အနုသာသနီ"

ဘိက္ခဝေ၊ ငါ၏ချစ်သား တပည့်များတို့။ ဘိက္ခု၊ သံသရာဘေးကို ကြောက်တတ်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ရှိရင်။ သတော၊ သတိရှိသည်ဖြစ်၍။သမ္ပဇာနော၊ ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟာရေယျ၊ ငါမရှိသော်လဲ နေရစ်ပါ။

အယံ၊ ဤငါပြောတဲ့အတိုင်း သတိပညာကို သတိပြုကြလို့။ ဝေါတုံမှာကံ၊ သင်ချစ်သားတို့အား။ အမှာကံ၊ ငါဘုရားတို့၏။ အနုသာသနီ၊ ကြီးကျယ်လှစွာသော အဆုံးအမကြီးပေတည်း။

**သံယုတ်အဋ္ဌကထာ၌**

ဝဋ္ဋမူလံ၊ အဝိဇ္ဇာ၊ ဝိဝဋ္ဋမူလံ၊ ဗုဒ္ဓုပ္ပာဒေါ။

ဝိဝဋ္ဋမူလံ ဝဋ်တို့၏ ရေသောက်မြစ်သည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ တည်း။ ဝိဝဋ္ဋ မူလံ၊ ဝဋ်မှ ထွက်မြောက်ကြောင်းသည်။ ဗုဒ္ဓုပ္ပာဒေါ၊ ဘုရားပွင့်ခြင်း အချိန်တည်း။

(အမှတ်စဉ် ၂၂/၆၅)

## နိဗ္ဗာန်တရား

ကတမောစ ဘိက္ခဝေ၊ အသင်္ခတဂါမိမဂ္ဂေါ။ ဒါ ဘုရားက မေးလိုက်တယ်။ ဘယ်တရားဟာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သလဲ။ ဘုရားက သူမေး သူဖြေအနေနဲ့ အသင်္ခတဂါမိမဂ်ဟာ ဝိပဿနာတရားတဲ့။

အယံဝုစ္စတိ၊ ဘိက္ခဝေ၊ အသင်္ခတဂါမိမဂ္ဂေါ။ အယံ၊ ငါဆိုခဲ့တဲ့ ဝိပဿနာအလုပ်ကို။ အသင်္ခတဂါမိမဂ္ဂေါ၊ မပြုပြင်ဘဲနဲ့ ရှိနဲ့ နိဗ္ဗာန်သို့ ရောက်ကြောင်း အစစ်အမှန်ဖြစ်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏တဲ့။

(၂၂/၁၄၅)

## သံယုတ်ပါဠိတော်နှင့် အင်္ဂုတ္တိုရ်ပါဠိတော်

ဇာနတောဟံ၊ဘိက္ခဝေ၊ ပဿတော၊အာသဝါနံ၊ခယံဝဒါမိ။

ဇာနတော၊ ခန္ဓာအရှိကိုရှုသောပုဂ္ဂိုလ်အား။ ပဿတော၊ခန္ဓာအရှိကိုမြင်သော ပုဂ္ဂိုလ်အား။ အာသဝါနံ၊ အာသဝေါ တရားတို့၏။ခယံ၊ ကုန်၏ဟူ၍။ အဟံ၊ငါဘုရားသည်။ဝဒါမိ၊ ဟော၏။

(၂၂/၂၀၀)

## ကြက်မကြီး ဥပမာ

အဝိဇ္ဇာ အမှောင်တကျာအစေးကို ကြက်မကြီး၏ ဥခွံအတွင်းနှင့် တရားဥပမာပြ၏။

ကြက်မရဲ့အလုပ် ၃ ခု။ ၁ အပူပေးမှု၊ ၂ အပူပေးသဖြင့် အစေးခြောက်ခန်းမှု၊ ၃ အစေးခြောက်သဖြင့် အကောင်လာတော့

ကြက်ကလေးက အလင်းမြင်၍ ဥခွံမှ ရုံးကန်ထွက်လာကြသည်။ (ဝိဇ္ဇာဥဒပါဒီ)

**အာသဝေါတရား**

အာသဝတရား ၄ ပါး
ကာမာသဝ ဆိုတဲ့ လိုချင်မှု၊
ဘဝါသဝ ဆိုတဲ့ ဘုံဘဝတောင့်တမှု၊
ဒိဋ္ဌာသဝ ခန္ဓာကြီးကို ငါလို့ယူထားမှု၊
အဝိဇ္ဇာသဝ ခန္ဓာကြီးဟာ ဒုက္ခသစ္စာလို့ မသိမှု၊ ခန္ဓာဖြစ်ကြောင်းက သမုဒယသစ္စာကိုမသိ၊ ခန္ဓာချုပ်ရာ နိဗ္ဗာန်ဆိုတာလဲ မသိ၊ မဂ္ဂင်တရားလဲမသိ၊ အနာသဝဆိုတာ အာသဝမရှိတာ နိဗ္ဗာန်။

အာသဝေါတရား ၄ ပါးကို သဗ္ဗာသဝသုတ်ဟူ၍ ဆိုပြီး မူလပဏ္ဏာသမှာ ဟောတော်မူသည်။

(၂၂/၂၃၀)

× × ×

**ဉာဏ်ပေတံ**

"ဇာနတော ဟံ ဘိက္ခဝေ၊ ပဿတော၊ အာသဝါနံ၊ ခယံဝဒါမိ"

ဇာနတော၊ ခန္ဓာအရှိကိုရှုသောပုဂ္ဂိုလ်အား။ပဿတော၊ ခန္ဓာအရှိကိုမြင်သော ပုဂ္ဂိုလ်အား။အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ကုန်ခြင်းကို။အဟံ၊ ငါဘုရားသည်။ဝဒါမိ၊ ဟောတော်မူ၏ ဆိုတော့—

ခန္ဓာအရှိနဲ့၊ ဉာဏ်အသိနဲ့ မကိုက်ပြီဆိုရင် အရိုးတောင်နှယ် ပုံရမယ်၊ အသွေးတွေ သမုဒ္ဒရာရေလောက် များတာဟာ ခန္ဓာ အရှိနဲ့ ဉာဏ်မသိတဲ့ ပုဂ္ဂိုလ်တို့၏ ဖြစ်ရာလမ်းစဉ်။

× × ×

**ဝိမုတ္တိ**

ဘုရားက "တေသံဝူပသမောသုခေါတဲ့။ တေသံ၊ ထိုသင်္ခါရ အစားထိုးမှု ပျက်မှုတို့၏။ ဝူပသမော၊ မရှိသော နိဗ္ဗာန်သည်။ သုခေါ၊ သုခ ချမ်းသာအစစ်လို့ ငါဘုရား ဟော၏တဲ့။ အစား ထိုးမှု၊ ပျက်မှုမရှိတဲ့နေရာဟာ နိဗ္ဗာန်ဘဲ။ အဲဒါဟာ ခန္ဓာဝိမုတ်။ ခန္ဓာက ခန္ဓာ။ ဝိမုတ်က လွတ်ထာ။

(၂၂/၂၉၅)

× × ×

**နိဗ္ဗာန်**

နိဗ္ဗာန်မရှိမှာစိုးလို့ ပဌာန်းပါဠိတော်ကြီးမှာ—

နိဗ္ဗာနတ္ထိကေဟိ၊ နိဗ္ဗာန်ကိုအလိုရှိကြကုန်သော ပုဂ္ဂိုလ်တို့သည် လို့ ဟောလိုက်တယ်။

ဥဒါန်းပါဠိတော်မှာတော့—

အတ္ထိဘိက္ခဝေ၊ အဇာတံ၊ အဘူတံ၊ အသင်္ခတံ။ ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ ပဋိသန္ဓေနေခြင်း မရှိသော။အဘူတံ၊ ပစ္စတ္တိ အားဖြင့် ဖြစ်ခြင်းမရှိသော။အသင်္ခတံ၊ ဘယ်သူမှ ပြုလုပ်ထားတာ မဟုတ်သော။ နိဗ္ဗာန်နံ၊ နိဗ္ဗာသည်။ အတ္ထိ၊ ရှိ၏ကွတဲ့။

(၂၂/၃၂၉)

× × ×

**အပါယ်၏ရေသောက်မြစ်**

အပါယ်ရေသောက်မြစ်ဟာ ဒိဋ္ဌိဘဲ၊ ဒိဋ္ဌိကဘယ်ကလာသတုန်း ဆိုတော့—

အနာထပိဏ် သူဌေးကြီးက ဘုရားကျောင်းတော်ကို တနေ့ သုံးခေါက်လာတယ်၊ ဖူးမြော်ရန်လာတယ်။ အချိန်က စောသေး တော့ ဘုရားကျောင်းတော်နားမှာ သာသနာပ တိတ္ထိတွေနေတဲ့ ကျောင်းတိုက်ကြီးတတိုက် ရှိတယ်၊ အဲဒီ ကျောင်းတိုက်ကြီးကို ဝင်သွားတော့ မိစ္ဆာဒိဋ္ဌိတွေက အောင်ကာငင်ကာနဲ့ မင်္ဂဖိုလ်မှ ဖီလာဖြစ်တဲ့ တိရစ္ဆာန ကထာတွေ ပြောဆိုနေကြတယ်။

ဒိဋ္ဌိတွေက "ဟော့ လောင်းဘုရားရဲ့ တပည့် အနာထပိဏ် သူဌေးကြီး အဝတ်ဖြူတွေဝတ်ပြီး လာနေတယ်ကွ၊ တို့စကားတွေ အကုန်ရပ်ကြ" ဆိုပြီး ရပ်နေတယ်။

ဒိဋ္ဌိတွေက အနာထပိဏ်သူဌေးကြီးရဲ့ ကျောင်းကို တနေ့ နှစ်ခေါက်သုံးခေါက် သွားလာနေတယ်၊ ကျုပ်မေးတာကလေး ဖြေစမ်းပါအုံးဆိုပြီး အဖြေတောင်းလိုက်တယ်။

မေး။ ဘုရားဟာ ဘယ်အယူ ယူပါသလဲလို့ မေးလိုက်တယ်။

ဖြေ။ ဘုရားအယူကိုလဲ တပည့်တော် မဖြေတတ်ပါလို့ လျှော့ပေါက်ကနေ ဖြေလိုက်တယ်။

မေး။ ဘုရား၏ တပည့်သားအယူတွေကော တကာကြီး မသိ ဘူးလားလို့ မေးလိုက်ပြန်တယ်။

ဖြေ။ ရဟန်းတော်များ အယူကိုလဲ တပည့်တော်သိဘို့ ခဲယဉ်း ပါတယ်တဲ့။

မေး။ ဒါဖြင့် တကာကြီးအယူ ပြောစမ်းပါဦးတဲ့။

ဖြေ။ တပည့်တော်အယူကတော့ အလွယ်ကလေးပါတဲ့၊ သို့သော် လည်းအရှင်ဘုရားတို့ အယူကိုအယင်ပြောပါတဲ့ဆိုတော့– ဒိဋ္ဌိတယောက်က ပြောလိုက်တယ်။

၁။ ဒိဋ္ဌိတယောက်က သင်္ခါရလောကကြီးဟာ ကျုပ်တခါတည်းမြဲတယ်လို့ ယူတယ်တဲ့၊ ဒီအယူမှတပါး ဘာမှမယူဘူးတဲ့။

၂။ တဦးသော ဒိဋ္ဌိက ကျုပ်တော့ ရုပ်နာမ်လောကကြီးဟာ မမြဲဘူးလို့ ယူထားတယ်တဲ့။

၃။ နောက်တယောက်က သင်္ခါရလောကကြီးဟာ အဆုံးရှိတယ်ဗျတဲ့။

၄။ စတုတ္ထ ဒိဋ္ဌိက လောကကြီးဟာ အဆုံးမရှိဘူးဘဲ့ ကျုပ်ယူတယ်တဲ့။

၅။ တယောက်က သတ္တဝါသေသည်၏ အခြားမဲ့၌ မဖြစ်တော့ဘူးလို့ ယူပြန်တယ်။

(ဥစ္ဆေဒဒိဋ္ဌိဘက်က ဖြေလိုက်တယ်)

၆။ သတ္တဝါ သေသည်၏ အခြားမဲ့၌ တချို့ဖြစ်တယ်၊ အချို့မဖြစ်ဘူးလို့ ယူလိုက်တယ် (ကေစ္စသဿတဒိဋ္ဌိ) ဖြေလိုက်တယ်။

၇။ တယောက်က သတ္တဝါသေတဲ့အခါ မဖြစ်သည်မဟုတ် ဖြစ်သယောင် ရှိသေးတယ်ဆိုတဲ့ (အမရာဝိက္ခေဒိဋ္ဌိ)နဲ့ ဖြေလိုက်တယ်။

အဲဒီလိုဒသဝတ္ထုက ဒိဋ္ဌိ ၁၀မျိုး အပါအဝင်တွေဖြေကြတော့ သောတာပန် အနာထပိဏ်သူဌေးကြီးက ဒိဋ္ဌိတွေကို စွဲချက်တင်လိုက်တယ်။

ဖြေ။ ။အရှင်ဘုရားတို့ယူတဲ့ အယူကို တပည့်တော်က အထူးတော့ မပြောလိုပါဘူးတဲ့။

၁။ အဲဒီ ဒိဋ္ဌိအယူဟာ ကိုယ်ကိုယ်တိုင် နှလုံးသွင်းမှားလို့ ယူတာ ဖြစ်ပါလိမ့်မယ်တဲ့။

၂။ သို့မဟုတ် တရားနာမှားလို့ရင်လဲ ဖြစ်ပါလိမ့်မယ်တဲ့။

ဒိဋ္ဌိဖြစ်ခြင်း အကြောင်းဟာ-

၁။ မိမိခန္ဓာပေါ်တွင် နှလုံးသွင်းမှားလို့ ဖြစ်ခြင်း၊

၂။ တရားနာမှားလို့၊ နှလုံးသွင်းမှားလို့ ဖြစ်ခြင်း၊ ၂ ပါး။

ဒိဋ္ဌိဖြစ်ခြင်း တပါးရှိသော်လည်း အနာထပိဏ်သူဌေးကြီးက ပဓာန ၂ ပါးကိုသာ ပြောလိုက်တယ်။

သီလဗ္ဗတ ပရာမာသဆိုတာလဲ ဒိဋ္ဌိဘဲ။ ၃၂ ကောဋ္ဌာသကို ပွားများရုံနဲ့ ဒိဋ္ဌိက မပြုန်သေးဘူး။ ဒါဟာ ရုပ်၊ ဒါဟာ နာမ်၊ စားချင်တာက နာမ်၊ စားတာက ရုပ် စသည်နဲ့ မရသေးဘူး။

စိတ်ကို ငါစွဲလိုက်ချင်တယ်။ အသံကို ငါစွဲချင်တယ်။ ရုပ်နာမ် စသည်သိရုံမျှဖြင့် ဒိဋ္ဌိက မပြုန်သေးဘူး။

အနိစ္စနဲ့ အနိစ္စနုပဿနာဉာဏ် တွဲမိမှ (ဒိဋ္ဌိက ပြုတ်တယ်)။ **ဒိဋ္ဌိ ဘယ်ကလာသတုန်းဆိုတော့** နှလုံးသွင်းမှားက လာတယ်။

(၂၂/၃၃၅)

## မှန်ကြည့်ဥပမာ

မှန်မကြည့်တတ်ရင် မှန်ကြည့်လိုက်တဲ့အတွက် ဒိဋ္ဌိဖြစ်တယ်။ ငါ့မှာ မှဲ့ကလေးနဲ့၊ ငါ့မှာ တင်းထိပ်ကလေးနဲ့၊ ငါလှတယ် စသည်ဖြင့် ငါချည့်ဘဲ။

မှန်ကို ကြည့်မိသောခြင်း သေပွဲဝင်ရတယ်။ မှန်အရိပ်ကို ခြင်မှတ်ပြီး ဟောက်လို့။

× × ×

## ခန္ဓာအစ

"အနမ တဂ္ဂေါယံ ဘိက္ခဝေ၊သံသာရော၊ ပုဗ္ဗကောဋိ န ပညာယတိ၊ အဝိဇ္ဇာနီဝရဏာနံ၊ သတ္တာနံ၊ တဏှာသံယောဇနာနံ၊ခန္ဓာဝတံ၊ သံသရတံ"လို့ သံယုတ်ပါဠိတော်မှာ ဟောတော်မူတယ်။

ဘိက္ခဝေ၊ ငါ၏ချစ်သား တပည့်များတို့။ အယံသံသာရော၊ မင်းတို့ ခန္ဓာအစဉ်ကြီးသည်။ အနမတဂ္ဂေါ၊ မသိအပ်သော အစ ရှိ၏။

တကာ တကာမတွေ၏ ခန္ဓာအစ ရှာမတွေ့ဘူးတဲ့။

ပုဗ္ဗကောဋိ၊ ရှေးအစွန်းသည် (ဝါ) အစသည်။ န ပညာယတိ၊ သဗ္ဗညုတဉာဏ်နဲ့ တွေ့ငြားသော်လဲ မထင်ဘူးဟဲ့တဲ့။

(၂၂/၃၉၁)

## သတ္တဝါအစ

သတ္တဝါတဦးရဲ့ အစကို ဘုရားပရိနိဗ္ဗာန်စံအောင် ဟောလဲ မပြီးသေးဘူးတဲ့။ သို့သော်လဲ ခန္ဓာဖြစ်ကြောင်း လက်သည်တော့ တွေ့တယ်တဲ့။ အဝိဇ္ဇာ တဏှာကကွတဲ့။

**ခန္ဓာ၏အကြောင်း ၅ ပါး**

"ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ" ဒါက မိမိခန္ဓာ ၅ ပါး အကျိုးတရား။

ခန္ဓာအကြောင်း ၅ပါးက အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ဥပါဒါန်၊ ကံ တို့က ခန္ဓာဖြစ်ကြောင်း(သမုဒယ၊ ဒုက္ခ) ဒါဘဲရှိတယ်။

အတိတ်ဘဝက ဘာနဲ့ နေခဲ့သတုန်းဆိုတော့ သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့တယ်။ အဲဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ လုပ်ခဲ့တယ်။ (အတိတ်ဘဝက)။

**တဏှာ၏ စွမ်းအား**

ပလိဗောဓော မဂ္ဂါမိဂမဿ၊ နိဝရဏံ။

ပလိဗောဓော၊ တဏှာဆိုတဲ့ ပလိဗောဓတရားသည်။ မဂ္ဂါမိဂမဿ၊ မဂ်၏ရခြင်းကို။ နိဝရဏံ၊ တားမြစ်၏။

(၂၂/၄၆၇)

**အနှစ်ရှာတရား**

ဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံး နေတော့ ပိင်္ဂလကောစ္ဆ က ဘုရား တပည့်တော် လျှောက်ပါ ရစေတဲ့ ဘုရား။

၁။ ပူရဏကဿပ၊

၂။ မက္ခလိဂေါသာလ၊

၃။ သိဉ္စည်း၊

၄။ မကုကေစ္စာယန၊

ဆိုတဲ့ ဘုရားအမည်ခံနေတဲ့ ဒိဋ္ဌိဆရာကြီးတွေ ရှိပါတယ်တဲ့။ သူတို့ဟာ သူတို့ အကုန်သိနေတယ်လို့ ပြောနေကြတာဘဲ။ အကုန်သိတယ်ဆိုတာကိုတော့ တပည့်တော် မသိဘူးဘုရား။ သူတို့ကိုယ် သူတို့လဲ ဘုရားလို့ ဝန်ခံနေကြတာဘဲ။ အဲဒါ ဘုရားဟုတ် မဟုတ်ကိုလဲ တပည့်တော် မသိဘူးဘုရားတဲ့။

မင်းသေသေချာချာမှတ်ပါတဲ့။ သစ်ပင်တခုကို ငါ ဥပမာ ပေးမယ်တဲ့၊ ဘုရားက–

၁။ အကိုင်းအခက်တွေလဲ ရှိတယ်၊
၂။ အပွေးတွေလဲ ရှိတယ်၊
၃။ အကာတွေလဲ ရှိတယ်၊
၄။ အသားတွေလဲ ရှိတယ်၊
၅။ အနှစ်တွေလဲ ရှိတယ် ပိဂ်လကောဇ္ဇတဲ့။

တောထဲမှာ သွားပြီး လူတယောက်က လှည်းဝင်ရိုးဘို၊ ထမ်းပိုးကြီးဘို၊ လှည်းရံတိုင် လုပ်ဘို အနှစ်သွားရှာသတဲ့ကွ။ အနှစ်ရှိတဲ့ သစ်ပင်ကြီးကို ခုတ်လှဲပြီး အကိုင်းအခက်တွေ လှည်းဝင်ရိုးလုပ်ဘို ယူသွားတယ်တဲ့ကွ။ မင်းက ဘယ်လိုဆိုမတုန်းတဲ့။

အဲဒီအတိုင်း ၄ နံပတ်အထိ ယူတဲ့လူတွေက လှည်းဝင်ရိုး လုပ်မဖြစ်နိုင်တာတွေ၊ ဖြစ်နိုင်ပြန်လဲ တနေရာမှာ ဒုက္ခရောက်မှာ ချည်းဘဲ။

၅ နံပတ်သမားကတော့ အနှစ်ရှာပြီး သွားသတဲ့။

အဲဒီလူ ၅ ယောက်မှာ အနှစ်သိတဲ့လူက တယောက်တည်း ရှိသတဲ့၊

၁။ နံပတ်ကတော့ စီးပွားရေးကို တင်းတိမ်ပြီး သေသွားတဲ့ လူ။ **အကိုင်းထမ်းပြန်** သွားဘဲ။

၂။ သီလကလေး ဆောက်တည်ပြီး သီလနဲ့ပြည့်စုံရင် သေပျော်ပြီလို့ ဆိုတာကတော့ **အပွေးထမ်းပြန်သွားတဲ့** လူ။

၃။ သမထကလေးနဲ့ အားရ လုပ်ကိုင်နေတဲ့ လူကတော့ **အကာထမ်း**ပြန်သွားတဲ့လူတဲ့။

၄။ လောကထဲမှာ အဘိညာဏ်ရတဲ့ပုဂ္ဂိုလ်ကတော့ **အသားထမ်းပြန်တဲ့** လူကွတဲ့။ အဘိညာဏ် ၅ ပါးပေါ့လေ။

၅။ ဝိပဿနာ မဂ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်ကတော့ **အနှစ်ထမ်း**ပြန်တဲ့ လူကွ။ မျက်စိနှစ်ကွင်း အလင်းရတဲ့ ပုဂ္ဂိုလ်ပေါ့။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ရမှ ကျေးဇူးရမယ်။ ဒါမှ မဟုတ်လျှင် သာသနာတွင်းသား မဟုတ်ဘူး။ (မေးခွန်းက အကန်း၊ သေတော့အကန်းဘဲ။ အကန်းဘဝနဲ့ လာပြီး အကန်းဘဝနဲ့ပြန်သွားတာဘဲ ရှိတယ်။ (ခန္ဓာ ပေါ် ဉာဏ်ရောက်မှ ကိစ္စပြီးမယ်)။

(၂၂/၅၂၀)

## ငါ တရားခံ

အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ အလိုလိုဖြစ်ပျက်နေတဲ့ ဓမ္မသဘောမှာ ငါ ဝင်ရောလို့ အတ္တဒိဋ္ဌိ ဖြစ်နေတာ။

ပရမတ္ထသဘာဝမ ဓမ္မသဘောကို မရောပါနဲ့ဆိုတာ မေ့မေ့ပြီး ရောနေတဲ့ ပုဂ္ဂိုလ်အား စတ္တာရောအပါယာ၊ အပါယ်လေးဘုံ တို့သည်။ သကဂေဟာသဒိသာ၊ မိမိနေရာ အိမ်ဂေဟာကြီးနှင့်

တူလှကုန်၏။ အဲဒါ ဘာဝနာပျက်လို့ အပါယ်ရောက်ရတာ။ ဘာဝနာဆိုတာ ပညာကိုဆိုတာ။

(၂၃ စာမျက်နှာ ၁၉)

**အသိနဲ့ဖွတ်**

ခန္ဓာ ၅ ပါးကို ငါထင်တာ သက္ကာယဒိဋ္ဌိ။

သက္ကာယဆိုတာ ခန္ဓာ ၅ ပါး၊ ငါဝင်ရောတာက ဒိဋ္ဌိ + သက္ကာယဒိဋ္ဌိ။

ငါဆိုတာတော့ စမ်းသပ်ရှာဖွေလို့ ရတာမဟုတ်ပါဘူး။ သက္ကာယဟာ သူ့ဟာသူနေရင် အပြစ်မရှိပါဘူး။ ငါဆိုတဲ့ ဒိဋ္ဌိနဲ့ ရောလိုက်တာနဲ့ အပြစ်ရှိသွားတယ်။ အဲဒီ သက္ကာယဒိဋ္ဌိ တလုံး ပယ်လိုက်ပြန်တော့လဲ ၆၂ ပါးသော ဒိဋ္ဌိတွေ ကုန်သွားတာဘဲ။ အဲဒါ အသိနဲ့ဖွတ်တဲ့ သက္ကာယဒိဋ္ဌိ။

အကျင့်နဲ့ဖွတ်တာ၊ အပယ်နဲ့ဖွတ်တာ ရှိသေးတယ်။

(၂၃/ ၃၉)

**မဟာနာမ်မင်းကြီး**

မဟာနာမ်မင်းကြီးက ဘုရားလျှောက်တယ်။

မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ–

သာဝတ္ထိပြည့်ရှင် မဟာနာမ်မင်းကြီးက တပည့်တော်ဘုရား ဘုရားကျောင်းတော်မှာတော့ ဒိဋ္ဌိတွေ ဘာတွေဟာ အပယ်နဲ့ ဖွတ်နေပါတယ်တဲ့။

မြို့ထဲရွာထဲ ပြန်သွားပြန်တော့လဲ ကြောက်တဲ့စိတ်တွေ၊ ခင်တဲ့ စိတ်တွေ မင်တဲ့စိတ်တွေ လာပြန်တယ် ဘုရားတဲ့။

သာဝတ္ထိပြည်ထဲသွားတော့လဲ ကြောက်စိတ် ခင်စိတ် လာပြန်တော့ တပည့်တော် သေတဲ့အခါများ အပါယ်ကျဦးမှာလား မပြောတတ်ပါဘုရားလို့ သူက ဘုရားကို လျှောက်တယ်။ သို့သော် အပယ်နဲ့ ပြုတ်ပြီးသား။

အဲဒါကို မြတ်စွာဘုရားလျှောက်တော့ ဘုရားက ဖြေတော်မူတယ်။

ဖြေ။ ။ မဟာနာမ်မင်းကြီး၊ တကာကြီး သေလို့ရှိရင်ဖြင့် အသားတွေ အရိုးတွေကတော့ မြေဖြစ်ကြမှာဘဲ။ ဉာဏ်ကတော့ အထက်သာ တက်မှာဘဲတဲ့။

တနည်းအားဖြင့်၊ ဥပမာအားဖြင့် ထောပတ်အိုးတွေ၊ ဆီအိုးတွေ ရေထဲ ကွဲတဲ့အခါကျတော့ အိုးခြမ်းပဲ့သာလျှင် ရေမြုပ်တယ်ကွာတဲ့။ ဆီတွေကတော့ ရေပေါ်မှာ ပေါ်တက်လာတာဘဲတဲ့။ အပယ်နဲ့ ပြုတ်ပြီးသားပုဂ္ဂိုလ်ကျတော့ သုဂတိနိဗ္ဗာန်သာ တက်တော့တယ်ကွာတဲ့။ အိုးခြမ်းပဲ့လို အပါယ်လေးပါးမှာ မမြုပ်တော့ဘူးတဲ့။

(၂၃/ ၅၃)

**အတ္တာဒိဋ္ဌိပြုတ်**

**သစ္စကပရဗိုဇ်ဝတ္ထု**

ဝေသာလီပြည်မှာ လိစ္ဆဝီမင်းသားပေါင်း တပည့်တထောင် ရှိတယ်တဲ့။ သူက ဆရာလုပ်ပြီး သစ္စကပရဗိုဇ်က နေတယ်။ ကျောင်းဆရာကြီးပေါ့။ တနေ့ကို ထမင်းအုပ်ပေါင်းတထောင်

ရတယ်။ သူကလဲ စကားတတ်၊ စာတတ်ဖြစ်နေတော့ ကိုးကွယ် ဆည်းကပ်ကြတယ်။

သစ္စကပရိဗိုဇ်က စကားကလဲတတ်၊ အမေးပုစ္ဆာတွေက တထောင်ကျော်တတ်ထားတော့ တိတ္ထိဆရာကြီးခြောက်ယောက်ကို သူက မေးလိုက်ရင် ချာချာလည်သွားတာဘဲ။ သူက ဆရာကြီး တဆူဆိုတော့ ဘဝင်မြင့်နေတာပေါ့။

တနေ့ကျတော့ ရှင်သာရိပုတ္တရာ၏ဆရာ အရှင်အဿဇိရဟန္တာ မထေရ်မြတ်က လိစ္ဆဝီမင်းသားတို့နယ်ထဲမှာ လာပြီးဆွမ်းခံတော့ သစ္စကပရိဗိုဇ်နဲ့ သွားတွေ့တယ်။ အရှင်ဘုရားတဲ့ "အရှင်ဘုရားတို့ ဂေါတမဘုရားက ဘယ်လိုများ အရှင်ဘုရားတို့ကို ဆုံးမပါသတုန်း" လို့ မေးတယ်။

ရှင်အဿဇိက ရုပ်ဟာအနိစ္စ၊ ဝိညာဏ်အနိစ္စ။ ရုပ်ဟာအနတ္တ၊ ဝိညာဏ်ဆိုတဲ့စိတ်ဟာ အနတ္တ။ သင္ခါရအနိစ္စာ၊ သင္ခါရာ ဒုက္ခာလို့ ဟောတယ်။ ဒီလိုကျင့်ရမယ်လို့လဲ ဆုံးမတယ်လို့ ပြောလိုက်တယ်။

သစ္စကပရိဗိုဇ်က အရှင်ဘုရားတို့ ဂေါတမကိုယ်တော်ကြီး ပြောတဲ့စကား တပည့်တော်ကြားရတာဟာ မကောင်းသဖြင့် ကြားရခြင်းဘဲလို့ သူ့စိတ်ထဲမှာ မကျေနပ်ဘူး။ အဲဒါကြောင့် ရှင်ကြီးဂေါတမနဲ့ ဘယ်တော့တွေ့ပြီး ပြင်ပေးရပါမတုန်း လို့ ဝေဘန်လိုက်တယ်။ ကိုင်း အရှင်ဘုရား ကြွပေတော့ ဘုရား။ ရှင်ဂေါတမ အယူဝါဒတော့ သိပြီ။ မကောင်းသဖြင့်ကြားရလို့ သူ့စိတ်မှာတော့ မချမ်းသာဘူးတဲ့။

သစ္စကပရိဗိုဇ်က သူ့တပည့်များထံ သွားပြီး တော့ ဒီအကြောင်း အယူအဆတွေသွားပြောတယ်။ ခန္ဓာ ၅ ပါးအနတ္တ၊ အလုံးစုံအနတ္တတွေ ကြားရတော့ ဒီစကား လက်ကိုင် ထား ပြီး မေးလိုက်ရရင် ချာချာလည်သွားမှာဘဲတဲ့။

တနေ့ကျတော့ ဂေါတမမြတ်စွာဘုရားဆီ သွားရအောင် လိစ္ဆဝီတို့ လိုက်ခဲ့ကြဟေ့ ဆိုပြီး ခေါ်သွားပြီး အမေးပုစ္ဆာများကို မေးရန် စီစဉ်နေသည်။

ဗုဒ္ဓမြတ်စွာက သစ္စကအကြောင်းကိုသိပြီ။ သို့သော် အရှုံးတော့ပေးအုံ၊ သစ္စကမှာ အတ္တဒိဋ္ဌိမပြုတ်တဲ့အတွက် မဂ်ဖိုလ်တော့ မရဘူးလို့ သိထားတယ်။

ထိုအစဉ်အရ သစ္စက ပရိဗိုဇ်က တပည့်များနှင့် ဘုရားနှင့် အမေးအဖြေ ပြုလုပ်ရန် ပြောသဖြင့် ပရိသတ်များအနီးစုပြီး နားထောင်ရန်လိုက်သွားကြသည်။

(၂၃/၆၁)

ဗုဒ္ဓက ဝေသာလီပြည် မဟာဝုန်ကျောင်းမှာ မနေဘဲ သစ်ပင်တပင်မှာ သွားနေတယ်။ ရဟန်းတွေကလဲ ဘုရားဆီမှာမရှိဘဲ မဟာရန်တောထဲမှာ သွားနေတယ်ဆိုတော့ လိုက်လံတွေ့ဆုံပြီး အာလာပ သလ္လာပစကားတွေပြောပြီး "ရှင်ကြီးဂေါတမ ပုစ္ဆာကလေးတခု မေးပါရစေတဲ့" မေးသာမေးပါကွာ ငါဖြေပါ့မယ်တဲ့။ **(သာဝကတွေကို မေးတဲ့ အမေးပုစ္ဆာတွေကျတော့ သိယင်ဖြေရတာပေါ့တဲ့)။**

(၂၃၊ ၆၇)

## အနတ္တနဲ့ အတ္တ

သစ္စက မေး။ တောကြီးထဲမှာ သစ်ပင်တွေဘာတွေ ပေါက်ကြတာဟာ မြေမရှိရင်မပေါက်နိုင်ဘူး။ တနည်းအားဖြင့် အားခွန်ဗလရှိတဲ့လူများ၊ ထင်းပေါက်မယ်၊ ကျောက်တူးမယ် ဆိုရင် မြေပေါ်မှာရပ်ပြီးမှ ခိုင်ခိုင်မာမာ လုပ်နိုင်မယ်။ ဤသို့ ခန္ဓာ ၅ ပါးဆိုတဲ့ မြေအတ္တရှိမှ ကုသိုလ် အကုသိုလ်တွေ လုပ်နိုင်တယ်တဲ့။ ခန္ဓာ ၅ ပါး မခိုင်မြဲလျှင် ဘာမှလုပ်လို့ မဖြစ်ဘူးတဲ့။ ဒါကြောင့် ခန္ဓာ ၅ ပါးဟာ အတ္တမဟုတ်ဘူးလားလို့ မေးလိုက်တယ်။ ဒါက သစ္စကအယူ။

ဗုဒ္ဓက – သစ္စက မင်းက ခန္ဓာငါးပါးကို ခိုင်တယ်မြဲတယ်လို့ ယူထားတာပေါ့။ အတ္တပေါ့။

သစ္စက က – ဒီအယူဟာ သူသာလျှင်ယူတဲ့ အယူမဟုတ်ပါဘူးတဲ့။ အားလုံး ဒီလိုယူကြတာဘဲတဲ့။ (သူက အားလုံးအပေါ် လွှဲတင်လိုက်တယ်။)

ဗုဒ္ဓက – ဟေ့ သစ္စက၊ မင်းနဲ့ငါ အမေးအဖြေ လုပ်နေတာကွ၊ မင်း ဘေးကလူတွေ ဆွဲမထည့်ပါနဲ့တဲ့။ မင်းယူတာသာ ပြောပါကွဆိုတော့၊ သူဟာ ရုပ်ကို အတ္တဆိုပါတယ်။ ဝေဒနာ သညာ အားလုံး ခန္ဓာ ၅ ပါးလုံး အတ္တယူပါတယ်တဲ့။

ဗုဒ္ဓက – မင်းအယူကို မင်းမှတ်ထားတဲ့။ ကောင်းပြီ၊ ဒါဖြင့် ကောသလမင်းကြီး ရှိတယ်ကွာတဲ့။ ကောသလမင်းကြီးက တိုင်းနိုင်ငံ အုပ်ချုပ်တယ်။ အဇာတသတ်တို့လဲ တိုင်းနိုင်ငံ အုပ်ချုပ်တယ်။ အချို့ရာဇဝတ်သင့်တဲ့ လူတွေကျတော့–

တချို့ကို နှင်ထိုက်တဲ့လူကို နှင်တယ်။ သတ်ထိုက်သူကို သတ်တယ်။ ပစ္စည်းသိမ်းသင့်တဲ့လူကို သိမ်းတယ်၊ ဒဏ်ရိုက်တဲ့လူကို ရိုက်တယ်။ မီးရှို့ပြီး သတ်ထိုက်တဲ့လူကို သတ်တယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ငါ့ကိုယ်ငါ ပိုင်တယ်။ ငါဖြစ်ချင်သလိုဖြစ်ရမယ် ဆိုလို့ရသလားတဲ့။ အဲဒါ ပိုင်လို့လား မပိုင်လို့လားတဲ့။ အစားမစားဘဲနေရင် ဒီခန္ဓာကြီး ရသလားတဲ့။ အဲဒီ ဥပမာနဲ့ ဆုံးမလိုက်တာနဲ့ သစ္စကက ငိုင်သွားတယ်။

ငါက အတ္တဆိုထားတော့ ယခု လွဲကုန်ပြီလို့ ရိပ်မိသွားတယ်။ အဲဒါ ရုပ်ဟာ အနတ္တလား အတ္တလားလို့မေးတော့ သစ္စကက မဖြေဘူး။

ခန္ဓာ ၅ ပါးတွင် ဝေဒနာဟာ အနတ္တလားအတ္တလား ဆိုတော့လဲ မဖြေတော့ဘူး၊ ပေခံနေတယ်။

ပေခံနေတော့မှ သိကြားမင်းက ဘီလူးယောင်ဖန်ဆင်းပြီး မီးဟုန်းဟုန်းတောက်နေတဲ့ တင်းဘုတ်ကြီးကိုကိုင်ပြီး သူ့အပေါ်က ရွယ်ရတယ်။ (အခြားသူမမြင်) ကြောက်ပြီးတော့ အမှန်ဖြေမှာဘဲဆိုပြီး အရှုံးပေးတယ်။

**မှတ်ချက် သိကြားကူညီပုံ** (အဋ္ဌမ သတ္တဟစံစဉ်က) သတ္တဝါတို့၏တရား မဟောတော့ဘူးလို့ စိတ်ကူးစဉ်က သိကြားနှင့် သဟမ္ပတိကဗြဟ္မာတို့ တပည့်တော်တို့ ကူညီပါမည် ကတိထားဘူး ခဲ့ခြင်းဖြစ်၏။

ချွေးတွေ သစ္စကမှာ တကိုယ်လုံးစီးကျပြီး ရုပ်တွေ အကုန်ပျက်ပြီး မှိုင်နေတော့ ဘုရားက သက်နံးလှန်ပြတယ်။ ငါ့မှာ

ချွေးမရှိဘူးတဲ့။ မြဲအောင်လို့ပြတာ။ ဒီတော့မှ ဒုမ္ဗုခ လိစ္ဆဝီက သစ္စကကြီးတော့ ပုဇွန်ခြေကျိုးဖြစ်ပြီလို့ လှောင်တာပေါ့။ ကိုင်း ဒါဖြင့် အကုန်တရားနာ ဆိုပြီး ဗုဒ္ဓက **သဗ္ဗေသင်္ခါရာအနိစ္စာ သဗ္ဗေဓမ္မာအနတ္တာ** တွေ ဟောတယ်။

အဲဒါ သဘောကျပေမယ့် သစ္စက ဟာ သဿတဒိဋ္ဌိနဲ့ အတ္တဒိဋ္ဌိက မပြုတ်ဘူး။ ဒါကြောင့် သောတာပန်မတည်ဘူး။ အမေး အဖြေသာ ဆုံးသွားကြတယ်။ နောက် အမေး အဖြေပြီးသွားပြီ နောက် နက်ဖန် ဆွမ်းစားကြွပါဆိုပြီး သူပင့်တယ်။ အမေး အဖြေလုပ်ပေမယ့် ဒိဋ္ဌိမပြုတ်တော့ နောင်ဝါသနာပါရုံလောက် သာ သူ့ကိုတတ်နိုင်တယ်။ အခုကျွတ်တမ်းဝင်ဘို့ ဘုရားက ငါမတတ်နိုင်ဘူးတဲ့။ ဒိဋ္ဌိမပယ်လို့ ဘုရားမတတ်နိုင်တာ သေချာ ပလား။

## ညီညွတ်မှု ၂ ပါး

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ ညီညွတ်မှု ၂ ခုရှိမှ မင်္ဂဖိုလ်ရမယ်။

၁။ တရားကို အဆုံးမလိုက်လို့ မညီညွတ်မှုတမျိုး၊

၂။ မကောင်းသောမိတ်ဆွေပေါင်းမိလို့ မညီညွတ်မှုတမျိုး၊

မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာလာတယ်။

ပေဿဆိုတဲ့ တကာတယောက်က ဘုရားဆီမှာလာပြီး တရား နာပါရစေတဲ့။

ဘုရားက ဟောလိုက်တယ်၊ လောကကြီးမှာ အလုပ် ၄ မျိုး ရှိတယ်ကွာတဲ့။

၁။ ကိုယ့်ကိုကိုယ် ပူပန်စေတဲ့ အလုပ်တမျိုး၊
၂။ သူတပါးကို ပူပန်စေတဲ့ အလုပ်တမျိုး၊
၃။ မိမိ သူတပါး နှစ်ဦးသားပူပန်စေတဲ့ အလုပ်တမျိုး၊
၄။ မိမိသူတပါး နှစ်ဦးသားလုံး မပူပန်စေတဲ့အလုပ်တမျိုး
တဲ့၊ အလုပ်လေးမျိုး ရှိတယ်လို့ ဟောလိုက်တယ်။

(၁) ကိုယ့်ကိုကိုယ် ပူပန်စေတဲ့အလုပ်ဆိုတာ လောဘဒေါသ မောဟတွေ အားကြီးပြီး ကိုယ့်ဟာကိုယ် ပူပန်တဲ့အလုပ်တဲ့။ ဥပမာ တိတ္ထိတွေကျင့်တဲ့ ဆောင်းတွင်းရေချိုး၊ နွေမှာမီးလှုံ၊ အဝတ်အစားမကပ်၊ မြာတွေလူးပြီး အဆင်းရဲခံတဲ့ အလုပ်မျိုး။

(၂) သူတပါး ပူပန်စေတဲ့အလုပ်ကတော့၊ သားငါးတွေ သတ်ပြီး အသက်မွေးတဲ့အလုပ်။

(၃) မိမိသူတပါး နှစ်ဦးသား ပူပန်စေတဲ့ အလုပ်ကတော့ နတ်တွေဘာတွေ ယုံကြည်ပြီးနေတဲ့ ပုဂ္ဂိုလ်များ၊ သူတပါး အသက်သတ်ဖြတ်ပြီး ယဇ်ပူဇော်တဲ့အလုပ်။ ကောသလမင်းကြီး တို့လိုပေါ့။ (ဒု သ န သော)

(၄) မိမိ သူတပါး နှစ်ဦးသားကို မပူပန်စေတဲ့ အလုပ်ကတော့ သတိပဋ္ဌာန်အလုပ်။ အဲဒီလေးမျိုးထဲက ဘယ်ဟာကြိုက်သလဲဆိုတော့ မိမိ သူတပါး မပူပန်စေတဲ့အလုပ် ကြိုက်ပါတယ် ဘုရားလို့ လျှောက်ထားတယ်။ အကြိုက်ကတော့ မှန်နေတယ်။

မင်း အဲဒါကို သေသေချာချာ နားထောင်။ အကျယ်ချဲ့ပြီး ဟောပြမယ်ဆိုတော့ တပည့်တော် မှားသော ပြုဘွယ်ကိစ္စတွေ ရှိပါတယ်ဘုရားဆိုပြီး ဘုရားရှိခိုးပြီး ပြန်သွားတယ်။

ဘုရားက အနားမှာရှိနေတဲ့ ပရိသတ်တွေကို ဟောလိုက်တယ်။ ပေဿဘော့ ရှုံးပြီဟော့တဲ့။ တရားအကျယ်ကို နာလိုက်ရင် သူ သောတာပန်တည်မယ်တဲ့။ အဲဒါ ဘာတုန်းဆိုတော့ ကိရိယ၊ ပရိဟာနိတဲ့။ ကိရိယက၊ ပြုတာ။ ပရိဟာနိက ဆုတ်ယုတ်တာ။ ပြုရမည့်အလုပ် ဆုတ်ယုတ်သွားသဖြင့် တရားထူး မရနိုင်ဘူးတဲ့။ (တရား အဆုံးမလိုက်ဘဲ အိမ်ပြန်သွားလို့) (အရိုး တောင်လို ပုံမယ်တဲ့)။

(၁) ရှိတာက အနိစ္စ၊ (၂) ပျောက်သွားတာက လက္ခဏာ၊ (၃) သိတာက ဉာဏ်။ အဲဒီလိုဆိုတော့ အနိစ္စ၊ အနိစ္စလက္ခဏာ၊ အနိစ္စဉာဏ် ပြီးသွားတယ်။ အနိစ္စကျတော့ မမိနိုင်ဘူး။ လက္ခဏာ ကျတော့ မိနိုင်တယ်။ ဒါကြောင့် လက္ခဏာသိမှ လက္ခဏာဉာဏ် လာမှာဘဲ။

အနိစ္စလက္ခဏာသိတဲ့ ဉာဏ်က လက္ခဏာကို သိနေတော့ ခန္ဓာရှိသေးရဲ့လား။ ဉာဏ်မှာ မရှိဘူး။ အဲဒါ ခန္ဓာရဲ့ တဏှာ စွန့်တာ။ အဲဒါ ခန္ဓာငြိမ်းနိဗ္ဗာန်။ တဏှာသိမ်းနိဗ္ဗာန်ဆိုတာ တဒင်္ဂ နိဗ္ဗာန်ရပြီပေါ့။ (လောကီမဂ္ဂင်)။

တကယ့်မဂ်စစ်ကျတော့ ခန္ဓာလဲစွန့်၊ တဏှာလဲစွန့်၊ နိဗ္ဗာန် လဲမြင်။ ဝိပဿနာမဂ်နဲ့ သောတာပတ္တိမဂ်ဆိုတာ အဲဒါ ထူးခြားတဲ့ အချက်ဘဲ။

(၂၃/၁၄၃)

**ဝေဒနာမတူ**

ပုထုဇန်နဲ့ အရိယာဝေဒနာ ခံစားကြပုံ။ (သဠာယတန ဝဂ္ဂသံယုတ်မှာ)—

ဝေဒနာလာရင် ထိုးစစ်ဆင်ရမည်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးလက်ထက်က ရဟန်းတွေက မေးကြတယ်။

မေး။ ဝေဒနာဆိုတာ ဘုရား။ ပုထုဇန်မှာလဲ ဝေဒနာရှိတာဘဲ။ ရဟန္တာတွေ၊ ဘုရားတွေမှာလဲ ဝေဒနာရှိတာဘဲတဲ့။ ဝေဒနာခံစားကြတာချင်း ဘယ်လိုထူးပါသလဲ ဘုရားတဲ့။ အမေး ထုတ်လိုက်တယ်။

ဗုဒ္ဓဖြေ။ ပုထုဇန်ကတော့ကွာ ခန္ဓာကိုယ်မှာနာတဲ့ **ဒုက္ခဝေဒနာ**ဖြစ်တယ်။ ဒုက္ခဝေဒနာဖြစ်တော့ အတွင်းက **ဒေါမနဿ**ဖြစ်တယ်ကွတဲ့၊ အဲဒီတော့ ပုထုဇန်မှာ လှံတချက်ထိုးလိုက်တာ နှစ်ချက်မိသွားတယ်တဲ့။ ကိုယ်ပေါ်မှာတချက်၊ ဝမ်းထဲမှာတချက်ဆိုတော့ ၂ ချက် ထိသွားတယ်။ အဲဒီလိုဆိုတော့ သက်သာရင် ကောင်းမှာဘဲဆိုတဲ့ **တဏှာ** လိုက်လာတယ်တဲ့။ ဒီတဏှာကို ချုပ်အောင်မလုပ်နိုင်ဘူးလို့ သူ့စိတ်ထဲမှာ ပေါ်နေတော့ **အဝိဇ္ဇာ** ဝင်လာသေးတယ်ကွတဲ့။ တဏှာချုပ်နည်း မရှာတတ်လို့ အဝိဇ္ဇာဝင်လာတော့ လေးချက်ဖြစ်သွားတယ်။ ပုထုဇန်မှာ ဒီအတိုင်းဘဲတဲ့။

(၂၃/၁၂၃)

**ခံစားမှု**

အရိယာတို့၏ တပည့်သား ခံစားတဲ့ဝေဒနာ ပြောစမ်းပါဦးကွာဆိုတော့ ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာတခု ဖြစ်တယ်။ သူက လှံနဲ့ တချက်ထိုးလိုက်တယ်ဆို ကိုယ်က တခါပြန်ပြီး ထိုးလိုက်တယ်။ အဲဒီလို ဒုက္ခဝေဒနာကို ဖြဖ်ပျက်ဉာဏ်နဲ့ တချက်ပြန်ထိုး

လိုက်တော့ (ဒေါမနဿ လာသေးရဲ့လား) လောဘ၊ မောဟ မလာတော့ဘူး။ ချုပ်သွားတယ်။ အဲဒီလို ခြားနားတယ်တဲ့။ (သဋ္ဌာယတနဝဂ္ဂသံယုတ်မှာ)

(၂၃/၁၂၆)

**သာဓက**

ရဟန်းပေါင်း ၅၀ လောက် တောထဲမှာနေပြီး ညကျရင် စကားမပြောတမ်း ကတိထားပြီး တရားအားထုတ်ကြတယ်။ ရဟန်းတပါး ကျားလာပြီး ချီသွားတဲ့အခါမှာ အလုပ်စခန်းနဲ့ ကတိကဝတ် အပျက်မခံဘူး။

နောက်တော့ ဥပုသ်နေ့ သံဃာတွေ စည်းဝေးတဲ့အခါမှာ ဒို့ရဟန်းတွေ ဘာဖြစ်လို့ နည်းသွားတာတုန်းလို့ မထေရ်ကြီးက မေးတော့မှ–

တရားအားထုတ်တဲ့ နေရာမှာ ညအချိန် စကားမပြောရ၊ မအော်ရဆိုတော့ ကျားလာချီတဲ့အခါမှာ အသေခံသွားကြတယ်။

ဒီကိစ္စကို အကြောင်းပြုပြီး ဒီလို အန္တရာယ်နဲ့တွေ့ရင် ကူညီကြရမယ်။ ပြောနိုင်ဆိုနိုင်တယ်လို့ ချွင်းချက်ထားကြတယ်။

စားနေကျ ကျားကလာပြီး ချီပြန်တာဘဲ။ အဲဒါနဲ့ ကယ်ပါ ယူပါ အော်ပေမယ့် ကျားက တခါတည်း ချီသွားတဲ့ပြီး ချောက်ကြီးဟိုဘက် ခုန်ချီသွားတယ်။ အဲဒါနဲ့ ကူညီကြတဲ့ ရဟန်းတွေကလဲ ဒို့တာဝန်ကုန်ပြီဟော့။ ချောက်ကြီးကို ကျော်ဆင်း၍ မလိုက်နိုင်ကြတော့ဘူးတဲ့။

မင်း သတိပဋ္ဌာန်သာ နှလုံးသွင်းပေတော့တဲ့ဆိုပြီး အသံပေးကြတယ်။

တခါတည်း ကျားက ခြေမျက်စိက စကိုက်စားတော့ ဒုက္ခဝေဒနာ ပေါ်လာတယ်။ အဲဒါကို သတိပဋ္ဌာန် အလုပ်နဲ့ တချက်ပြန်ပြီး ဖြစ်ပျက်တဲ့ဝေဒနာကို ဆင်ခြင်ပြီး ဒီအန္တရာယ်ကို ထိုးလိုက်တော့ တကယ်တမ်း အနာမရှိတော့ဘူး။ (ဖြစ်ပျက်) သာ တွေ့တော့တယ်။

အဲ မနာရင်တော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားကိုက်တယ်။ နာရင်တော့ ဝေဒနာနဲ့သွားတွဲတယ်။

**ဝေဒနာနဲ့ ဉာဏ်နဲ့ တွဲတာကတမျိုး။ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်တာကတမျိုး။**

**ဝေဒနာအဝင်ဉာဏ်အမြင်**

ဝေဒနာနဲ့ ဉာဏ်နဲ့ကိုက်ရင် နာမပရိစ္ဆေဒဉာဏ်ဘဲ။ ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားကိုက်ရင် ဝိပဿနာဉာဏ်။ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ရင် လက္ခဏာဉာဏ် ဝိပဿနာဉာဏ်။

(၁) အဲဒီရဟန်းမှာ ခြေမျက်စိစကိုက်တော့၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားကိုက်တော့ ဝေဒနာရယ်လို့ မလုပ်တော့ဘူး။ တရားတခု ဖြစ်ပြီး ပျက်တာဘဲရှိတယ်လို့ ရှုချလိုက်တော့ သောတာပန် တည်တယ်။

(၂) ခြေသလုံးဆက်စားပြန်တော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင် ဘူရှုချလိုက်တော့ သကဒါဂါမ် တည်တာဘဲ။

(၃) နေ့ာက် ပေါင်ကိုစားတယ်။ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်လုပ်လိုက်တော့ အနာဂါမ် တည်တာဘဲ။

(၄) နေ့ာက် တင်ပါးတို့ ဘာတို့ စားတဲ့အခါကျတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ကော့ ရဟန္တာဖြစ်သွားတယ်။

ဒုက္ခဝေဒနာကတော့ ဘုရားလဲမရွေးဘူး။ ပုထုဇန်လဲ မရွေးဘူး။ ဝေဒနာက တချက်ထိုးရင် အပျက်နဲ့မဂ်နဲ့ ကိုက်အောင် ဒီကပြန်ထိုး ပဋိစ္စသမုပ္ပါဒ် ၃ မျိုးစလုံးချုပ်သွားတယ်။ တရားရှိတဲ့နေရာမှာ လာတာဟူသရွေ့ကို (ဟေိပဿိကော) ကိုယ်က ရှုရမှာ (သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော) ကိုယ်တိုင် မြင်အောင် သာ ရှုချ။ အဲဒီတော့မှ ဒိဋ္ဌဓမ္မဖြစ်မယ်။

ဒိဋ္ဌဓမ္မဖြစ်လို့ရှိရင် ပတ္တဓမ္မ၊ ဝိဒိတဓမ္မ၊ ပရိယောဂါဠ္ဌဓမ္မ၊ တိဏ္ဏဝိစိကိစ္ဆာဆိုပြီး တခါတည်း သောတာပန်တည်တာဘဲ။

(၂၃/၁၃၄)

## နွားလို ခွေးလို ကျင့်သူ

မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ကိုယ်တော်တိုင် ဟောပါတယ်။

ဘုရားလက်ထက်က ပုဏ္ဏဆိုတဲ့ လူတယောက်က နွားကဲ့သို့ ကျင့်တယ်။ သေနိယက ခွေးလိုကျင့်တယ်။ သူတို့နှစ်ဦးအကြောင်း တိုက်ဆိုင်လို့ ဘုရားနဲ့တွေ့တော့ မေးတယ်။ တယောက် အကြောင်းနဲ့ တယောက်အကြောင်း ဘုရားထံမှာ မေးကြတယ်။

ပုဏ္ဏ က သူ့သူငယ်ချင်း သေနိယဟာ ခွေးလိုကျင့်ပြီး နေပါတယ်။ ကိလေသာခေါင်းပါးတဲ့ အလုပ် ချုပ်တဲ့အလုပ်ဆိုပြီး

ကျင့်တာ သေတဲ့အခါ ဘာများဖြစ်မှာတုန်းလို့ မေးလိုက်တော့ ပုဏ္ဏာ ငါ့ကို မမေးနဲ့ကွာ ငါမပြောချင်ဘူးတဲ့။ ၃ ကြိမ်မေး တော့မှ မပြောမဖြစ်လို့ မင်းသေနိယဟာ ခွေးဖြစ်မယ်တဲ့။ အဲဒီ အကျင့်ဟာ ကိလေသာခေါင်းပါးတယ်လို့ မိစ္ဆာဒိဋ္ဌိအယူ ယူလိုက် တဲ့အတွက် အဝီစိငရဲကျမယ်တဲ့။ ပုဏ္ဏာ ငိုရှာတယ်။ မင်း အစက ငါမပြောချင်ဘူးလို့ အပြောသားဘဲတဲ့။ အဲဒါ ကိုယ့်အမှား ကိုယ်သိပြီး မျက်ရည်ကျတာ။

သေနိယက သူ့ငယ်ချင်းပုဏ္ဏာဟာ နွားလိုကျင့်တယ်။ ပုဏ္ဏာဟာ ဘာများဖြစ်မှာတုန်း။ ၃ ကြိမ်မေးတယ်။ ပထမအတိုင်းပေါ့။ နွားလိုကျင့်ရင် နွားဖြစ်မယ်ဘဲ့။ နှစ်ယောက်စလုံး ငိုတာဘဲတဲ့။

သေနိယက တပည့်တော်ကို တရားဟောပါတဲ့။

ကံလေးမျိုး ခွဲပြတယ်။

၁။ မဲတဲ့ကံ မဲတဲ့အကျိုးပေးတာက တမျိုး၊

၂။ ဖြူတဲ့ကံ ဖြူတဲ့အကျိုးပေးတာက တမျိုး၊

၃။ အမဲအဖြူ ရောတဲ့ကံက အဖြူအမဲရောပြီး အကျိုးပေး တာက တမျိုး၊

၄။ အမဲအဖြူမရောတဲ့ ကံက အမဲအဖြူ မရောတဲ့ အကျိုးပေး တာက တမျိုး၊

၁။ အကုသိုလ် ၁၂ ခုနဲ့ ပြုတဲ့ကံတွေက အမဲကံမို့ အပါယ် လေးဘုံကို အကျိုးပေးတယ်ကွတဲ့၊

၂။ ကာမာဝစရကုသိုလ်ကံက နတ်ရွာသုဂတိ အကျိုးပေး တယ်တဲ့၊ အဖြူကံက အဖြူအကျိုးပေးတာ၊

၃။ အမဲအဖြူရောတဲ့ ကံကတော့ အကုသိုလ်လုပ်ပြီး ပေးလှူတယ်ဆိုတော့ ဆင်ဖြူတော်ကြီးတို့ အဿထိုရ်မြင်းတို့ နတ်နဂါးကြီးတွေ နေ့စံ ညခံဆိုတဲ့ ပြိတ္တာတွေပေါ့၊ အဲဒီသုံးမျိုးသော ကံက နိဗ္ဗာန်ကို အကျိုးပေးမပါဘူး။

၄။ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာတွေ ကြည့်နေတဲ့ အလုပ်က အထက်က ကံတွေကို ဖြတ်တဲ့ ကံဖြတ်အလုပ်။ အထက်ကကံ ၃ မျိုးကတော့ ဒုက္ခသစ္စာမသိတဲ့ ပုဂ္ဂိုလ်က ကြိုက်တဲ့အလုပ်။ အမဲအဖြူမရောတဲ့ ကံရဲ့အလုပ်ကတော့ သစ္စာသိမှဟုတ်တဲ့။ ငါဘုရားလဲ သစ္စာလေးပါး မသိခင်တုန်းက ကြိုက်ခဲ့တယ်တဲ့။ (၄)နံပတ်ကံကို ဘုရားက အတဏှာအသက္ကကံ က္ဂတဲ့။ အမဲနဲ့ အဖြူနဲ့ မရောတဲ့ကံတဲ့၊ သေနိယတို့ ပုဏ္ဏတို့ကို ဘုရားက ဟောလိုက်တာ–

ဒုက္ခမေဝ၊ ဥပ္ပဇ္ဇမာနံ ဥပဇ္ဇတိ၊ ပါဠိတော်က–

ဒုက္ခံနိရုဇ္ဈမာနံ နိရုဇ္ဈတိ (ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာဘဲရှိတယ် ဟော့၊ ခန္ဓာ ၅ ပါးဟာ ဒုက္ခသစ္စာ)။

သေနိယ။ အရှင်ဘုရား သာသနာ့ဝင်ပါရစေဆိုရင် တိတ္ထိဘက်က ကူးလာလို့ လေးလပရိဝါသ် နေရဦးမယ်လို့ ပြောတယ်။ ဒါက ဒဏ်ပေးတာ။ သေနိယက ၄ နှစ်ဒဏ်ပေးရင်လဲ ပေးပါတဲ့၊ နေပါ့မယ်တဲ့။ ဗုဒ္ဓက လေးလမနေထိုက်လို့ ပရိဝါသ်မပေးဘဲ ရဟန်းခံပေးလိုက်တယ်။

ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခဟာ ထိုင်နေလဲ ရှိတာဘဲ။ သွားနေလဲ ရှိတာဘဲ။ အိပ်နေလဲ ရှိတာဘဲ။ ဒီခန္ဓာကြီးမှာ ဒီနှစ်ခုရှိနေတော့ ဒီထက်ကြီးတဲ့ ဒုက္ခမရှိတော့ဘူးတဲ့။

ပိဋ္ဋနဂ္ဂ၊ ညှာတာမဖက် အမြဲနှိပ်စက်နေတဲ့ ဖြစ်မှုပျက်မှု။
သန္တပဂ္ဂ ဇာတိဇရာမရဏ၊ မီးအမြဲလောင်လျက်ဘဲတဲ့။
သင်္ခတဋ္ဌော ခန္ဓာဖြစ်ပျက်ကြီးကို၊ ပြုပြင်နေရသေးတယ်တဲ့။
ဝိပရိနာမဋ္ဌော၊ နကိုအတိုင်း ခိုင်ခံ့မနေဘဲ ရင့်ရော်ဖောက်လွှဲ ပြိုကွဲတဲ့သဘောတွေတဲ့။ ပင်ကိုယ်စွန့်တာတဲ့။

**မှတ်ချက်**။ ။ ဒိဋ္ဌိပုဒ်ကို အချို့နေရာ၌ ဘုရားက အမြင်ဟူသော အနက်ကို ဟောတယ်။ (ဒိဋ္ဌိလဲ ပညာဘဲကိုး)။

သတိပဋ္ဌာန် ၄ ပါးကို ချုံးလိုက်တဲ့ အခါကျတော့ကိုတဲ့ ဖြစ်မှုနဲ့ ပျက်မှုဘဲ ရှိတယ်။

ဝေဒနာရှုလို့ ဝေဒနာကိုတွေ့နေရင် သမာဒိဋ္ဌိက နာမ ပရိစ္ဆေဒဉာဏ်တို့ မှတ်ပါ။

## ဖြစ်ပျက်

ဖြစ်ပျက်တွေ့တဲ့ဉာဏ်က ဥဒယဗ္ဗယဉာဏ် တက်သွားတယ်။
ဝေဒနာတွေ့နေရင် နာမပရိစ္ဆေဒဉာဏ်။

ဝေဒနာအခု မရှိတော့ဘူး။ သူ့နေရာ ပြန်ကြည့်လိုက်တော့ ဖြစ်မှုနဲ့ပျက်မှု တွေ့တော့တယ်ဆိုရင် သမ္မသန ဉာဏ်ရင့်ပြီး ဥဒယဗ္ဗယဉာဏ် ရောက်နေပြီမှတ်။

ဥဒယဗ္ဗယဉာဏ်ရောက်ရင် ပေါ့သွားလိမ့်မယ်။ ခန္ဓာကိုယ်မှာ ခန္ဓာကိုယ် ပေါ့သွားလို့ရှိရင် ပီတိတို့၏ တန်ခိုးလို့မှတ်။ ပီတိ ကြီးကျယ်လာရင် ကောင်းကင်ပျံနိုင်တဲ့သဘော ရှိတယ်။

သေနိယဟာ ခန္ဓာငါးပါး ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက်တွေ မုန်းလာတော့ သစ္စာထင်လာတယ်။ ရုပ်လဲ ဒုက္ခသစ္စာဘဲ။ ဝေဒနာလဲ ဒုက္ခသစ္စာဘဲ။

လောကီစိတ်တွေဟာ ဒုက္ခသစ္စာဘဲလို့ အကုန်ထင်လာတယ်။ ဓမ္မစကြာမှာ ဘုရားဟောတာ အဲဒါဘဲ။ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာဒုက္ခာ လို့ ဟောထားတယ်။

ဒုက္ခသစ္စာချည့်ဘဲလို့ ပိုင်ပိုင်နိုင်နိုင် သိတယ်။

အဲဒီနေရာမှာ ဖြစ်တာလဲသုခ မရောစေနဲ့။ ပျက်တာလဲသုခ မရောစေနဲ့။ **ပျက်သွားတာ ကောင်းတယ်လို့ ပုထုဇန်မိုက်က ဆိုချင် ဆိုသေးတယ်**။

ဒုက္ခသစ္စာထင်လာတော့ ဒုက္ခသစ္စာ ၄ ချက် ဖြစ်လာတယ်။ ပိဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမ။ ဒီ ၄ ချက်နဲ့ ဒုက္ခသစ္စာကြီး ဆက်စပ်နေတော့ ဒီ ၄ ချက်မှတပါး ဘာမှ မရှိပါ ကလားလို့ သေနိယမှာ သစ္စာ ၄ ချက် တပြိုင်နက်ဖြစ်လာတယ်။

## ပစ္စက္ခနိရောဓနှင့် အနာဂတ်နိရောဓ

အဲဒီလို သစ္စာ ၄ ချက် ပေါ်လာတော့မှ ရှေ့သစ္စာချုပ်ပြီး တပြိုင်နက် နိရောဓသစ္စာဆိုတာ တခြားလားအောက်မေ့နေတယ်။ တဏှာ၏ စွမ်းရည်သတ္တိတွေ ချုပ်သွားသည်ကို ရှုနေတဲ့ ဒုက္ခတွေ

ချုပ်သွားတာပါလားဆိုတော့ ပစ္စက္ခနိရောဓလို့ မှတ်။ အဲဒါ နောက်မှ တဏှာ ဥပါဒန်တွေမလာလို့ ဟိုဘက်က ချုပ်တာက တော့ အနာဂတ်နိရောဓလို့ မှတ်ပါ။

အဲဒီတော့ ရှုရင်းမတ္တနဲ့ ဖျတ်ကနဲ ဒုက္ခတွေချုပ်သွားလို့ရှိရင် နိဗ္ဗာန်ဆိုတာ တခြားလားမှတ်နေတယ် ဒုက္ခသစ္စာကွယ်နေလို့ မမြင်တာပါလားလို့ မှတ်လိုက်စမ်းပါ။ အဲဒီ ဒုက္ခသစ္စာ မလိုချင် တော့ပါဘူးဆိုတော့ ဖျတ်ကနဲ မဂ္ဂင်ရှစ်ပါးလဲ ပြည့်ပါရော။ အဲဒီ ချုပ်တဲ့နေရာမှာ နိရောဓနိဗ္ဗာန် ပေါ်လာတာ။

မိမိမှာ ဒုက္ခမရှိတော့ဘူးလို့ သိတာက မဂ္ဂသစ္စာ။ ဒုက္ခတွေ မရှိတာက နိရောဓသစ္စာ။

**ဥပမာ**။ ။ လှေ၏အလုပ် ၄ လုပ်နဲ့ တူတယ်။

၁။ ဒီဘက်ကမ်းမှ ခွာတဲ့အလုပ်၊

၂။ ဟိုဘက်ကမ်းရောက်တဲ့ အလုပ်၊

၃။ ကုန်ကို ပို့ဆောင်တဲ့အလုပ်၊

၄။ ရေကိုဖြတ်တဲ့အလုပ် လေးလုပ် ရှိတယ်။

အဲဒီမှာလဲ တပြိုင်နက် ၄ ချက်ပေါ်မယ်။ တောင့်တလို့တော့ မရဘူး။ သူ့ဟာသူ ပေါ်လာမယ်။ တကယ်အလုပ်လုပ်သူအတွက် တကယ်အကျိုးထူးပေါ်က ခံစားရရှိရမယ်။

## ဝိပဿနာဖြင့် စွန့်သူ

ဝိပဿနာဉာဏ်ကတော့ ခန္ဓာစွန့်၊ တဏှာစွန့် ဒါဘဲ တတ် နိုင်တယ်။

မင်္ဂလာဏ်ကျတော့ ခန္ဓာစွန့်၊ တဏှာစွန့် နိဗ္ဗာန်မျက်မှောက် ပြုတဲ့။

ခန္ဓာစွန့်တာလဲ မဂ်၊ တဏှာစွန့်တာလဲ မဂ်၊ နိဗ္ဗာန်မြင်တာလဲ မဂ်၊ မြင်တဲ့ဉာဏ်ကလဲ မဂ်၊ မဂ်၏ အလုပ် ၄ လုပ်။

အဲဒီလိုနဲ့ သေနိယမှာ သစ္စာလေးချက် တပြိုင်နက် ထင်တဲ့ အတွက် သောတာပန်မှ ရဟန္တာအထိ ဖြစ်သွားတယ်။ ပုဏ္ဏ ကာတော့ သရဏဂုံတည်ရုံဘဲ ရှိတယ်။

## ကံ ၂ မျိုး

မိစ္ဆာဒိဋ္ဌိနဲ့ ပဋ္ဌာနန္တရိယကံ။

မိစ္ဆာဒိဋ္ဌိက ကုစားလို့ရတယ်။ ပဋ္ဌာနန္တရိယကံကမှ တားမြစ် တာ။

အဲဒါကြောင့် မိစ္ဆာဒိဋ္ဌိစွန့်တာဟာ သညာနဲ့စွန့်လို့ ကိစ္စမပြီး ဘူး။ ပညာနဲ့စွန့်မှ မိစ္ဆာဒိဋ္ဌိက ပါသွားတယ်ဆိုတာကို လေးစား စွာနဲ့ မှတ်ပါတဲ့။

ဒီသေနိယ ရဟန္တာ ဘာကြောင့် ဖြစ်ပါလိမ့်မတုန်းဆိုတော့ မိစ္ဆာဒိဋ္ဌိကံကို စွန့်ပစ်လိုက်ထာ။

မိစ္ဆာဒိဋ္ဌိဟာ ဒိဋ္ဌုပ္ပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဆိုတော့ ကံနဲ့ ဆက်နေတာ။ ဒီကံကို မစွန့်ရင် ရဟန္တာမဖြစ်ဘူး။

မိစ္ဆာဒိဋ္ဌိကံကို မဂ္ဂင်ရှစ်ပါးအလုပ်က ကံကို ဖြတ်လိုက်ထာ။ (စာလိုသုံးတော့) အတဏှာအသက္က ကံလို့မှတ်လိုက်ပါ။

မမဲ မဖြူတဲ့ကံလို့သာ ဆိုရတယ်။ ကံက ပြဋ္ဌာန်းတာ မဟုတ်ဘူး။ မဂ္ဂင်က ပြဋ္ဌာန်းတာ။

၁။ ကောဝယနေ့ာ အယံဘိက္ခဝေမဂ္ဂေါ။ ဘိက္ခဝေ၊ရဟန်းတို့။ အယံမဂ္ဂေါ၊ ဤမဂ္ဂရှစ်ပါးသည်။ ကောဝယနေ့ာ၊ တကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်၏တဲ့။

၂။ မဂ္ဂင်ရှစ်ပါးမှာ မဂ္ဂသာနိယျာနဋ္ဌောဆိုတော့ ကိလေသာဝဋ်မှ ထွက်မြောက်သွားတယ်။

၃။ ဟေတုဋ္ဌောတဲ့၊သူသာပေါ်လာလို့ရှိရင် အဖြောင့်နိဗ္ဗာန်သွားတယ်တဲ့။

၄။ ဒဿနဋ္ဌောတဲ့၊ မမြင်ဘူးတဲ့ချုပ်တာကို မြင်ရမယ်တဲ့။

၅။ အမိပတေယျဋ္ဌော၊ မဂ်၌တည်တဲ့ သီလဟာ ဘယ်သူဖျက်လို့မှ မရဘူး။ ဒီဘဝကသေသွား ဟိုဘဝမှာလဲ သီလရှိနေတာဘဲ။

အမိသီလ၊ အမိစိတ္တ၊ အမိပညာ အဲဒီကျမှဖြစ်ထာ။ သေနိယဟာ အဲဒီလိုမြင်လို့ ရဟန္တာဖြစ်သွားတာမှတ်ပါ။

(၂၃/၂၁၇)

# အပိုင်း (၈)

## နိဗ္ဗာန်အကြောင်း အဂ္ဂိဝစ္ဆသုတ်

ဘုရားက သာဝတ္ထိပြည်ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော့ ဝစ္ဆပုဏ္ဏားက ကျောင်းရောက်လာပြီး–

၁။ ဝစ္ဆပုဏ္ဏားက မေး။ ရုပ်နာမ် လောကကြီးဟာ မြဲသလားလို့ စမေးလိုက်တယ်။ ပါဠိလိုတော့ သဿတ တောလောကော တဲ့၊ ဒီအယူ အရှင်ဘုရားယူပါသလား တဲ့။

၁။ ဗုဒ္ဓ။ ဒီအယူကို ငါမယူပါဘူးကွ လို့ ဖြေလိုက်တယ်။

၂။ ဝစ္ဆပုဏ္ဏား။ ရုပ်နာမ်လောက မမြဲဘူးလားလို့ မေးမြန်းပြန်တယ်။

၂။ ဗုဒ္ဓ။ ဥစ္ဆေဒဒိဋ္ဌိဘက် ပြေးမှာစိုးလို့ ဘုရားက ဖေးပြီး ဖြေလိုက်တယ်။ ဒီအယူလဲ ငါမယူဘူးလို့ ပယ်ချလိုက်တယ်။

၃။ ဝစ္ဆ။ ဒါဖြင့် ရုပ်နာမ်လောကကြီးဟာ မြဲချီတလှည့်၊ မမြဲချည်တလှည့်လားလို့ မေးပြန်တယ်။

၃။ ဗုဒ္ဓက။ ဒီလိုလဲ ငါမယူပါဘူးကွတဲ့။ **တပိုင်းကဒိဋ္ဌိ**။

၄။ ဝစ္ဆ။ ဒါဖြင့် ရုပ်နာမ်လောကကြီးဟာ မမြဲသည် မဟုတ်၊မြဲသယောင်ယောင်လားတဲ့၊ အမရာ ဝိက္ခေပဒိဋ္ဌိကို မေးပြန်တယ်။

၄။ ဗုဒ္ဓ။ ဒီအယူလဲ ငါမယူဘူးလို့ ပယ်ချတာဘဲ။

၅။ ဝစ္ဆ။ ဒါဖြင့် သတ္တဝါသေရင် ဖြစ်သေးသလားတဲ့။ (သဿတ)။

၅။ ဗုဒ္ဓ။ ဒီအယူလဲ ငါမယူပါဘူးကွာတဲ့။

၆။ ဝစ္ဆ။ သတ္တဝါသေရင် မဖြစ်တော့ဘူးလား တဲ့။ (ဥစ္ဆေဒ)။

၆။ ဗုဒ္ဓ။ ဒီအယူလဲ ငါမယူပါဘူးတဲ့။

၇။ သတ္တဝါသေရင် ဖြစ်ချီတလှည့် မဖြစ်ချီ တလှည့်လားတဲ့။

၇။ ဗုဒ္ဓ။ ဒီလိုဘဲ မဟုတ်ဘူးကွာတဲ့။

၈။ သတ္တဝါသေရင် မဖြစ်သည်မဟုတ် ဖြစ်သယောင်ယောင်လားလို့ မေးပြန်တယ်။

၈။ ဗုဒ္ဓက။ မကြိုက်တော့ဘူး၊ သတ္တဝါနဲ့မေးနေလို့။

၉။ အသက်နဲ့ကိုယ်နဲ့ အတူတူလားလို့ မေးပြန်တယ်။

၉။ ဗုဒ္ဓ။ ဒီလိုလဲ မယူပါဘူးကွတဲ့။

၁၀။ အသက်နဲ့ကိုယ်နဲ့ တခြားစီလားတဲ့။

၁၀။ ဗုဒ္ဓ။ ဒီအယူလဲငါမယူဘူးကွတဲ့။အဲဒီအမေးဆယ်ချက် မေးပြီးနောက်—

ဝစ္ဆက။ ဒီ ဒိဋ္ဌိအယူတွေကို ရှင်ကြီးဂေါတမက မယူလို့ရှိရင် ဘယ်ဒိဋ္ဌိအယူကို ယူသတုန်းတဲ့။ ဝစ္ဆပုဏ္ဏားက ဒီလိုကောက်မေး လိုက်တယ်။

ဗုဒ္ဓ။ ဗောဓိပင်နဲ့ ရှေ့ပလ္လင်မှာ ဝိပဿနာလုပ်ကတည်းက ငါ ဒီ ဒိဋ္ဌိအယူတွေကို ပယ်ခဲ့ပြီကွတဲ့။

ဝစ္ဆပုဏ္ဏားက။ ရှင်ကြီး ဂေါတမ အယူအစစ်ကို နာချင်ပါ တယ်တဲ့။

ဗုဒ္ဓ။ ငါ့အယူကကွာ ဤတရားဟာ ရုပ်။ ဤရုပ်ဟာ ဖြစ်တယ် ပျက်တယ်တဲ့။ ဒီလိုယူပါတယ်တဲ့။

ဤတရားဟာ ဝေဒနာကွတဲ့။ ဖြစ်တယ်ပျက်တယ် သညာဟာ မှတ်တဲ့သဘော။ ဖြစ်တယ် ပျက်တယ် စေတနာကလေးတွေလဲ သင်္ခါရဘဲ။ ဖြစ်တယ် ပျက်တယ် စိတ်ကလေးဟာလဲ ဖြစ်တယ် ပျက်တယ်တဲ့။ ဒါဟာ ငါ့အယူဘဲတဲ့။ မြတ်စွာဘုရားက ဝစ္ဆကို—

ဝစ္ဆ။ အရှင်ဘုရား ဒီအယူကိုယူတော့ ဘာကျေးဇူးများသတုန်း တဲ့၊ ကျေးဇူးကို ပြောစမ်းပါဦးတဲ့။

ဗုဒ္ဓ။ ဖြစ်တယ်ပျက်တယ်လို့ သမ္မာဒိဋ္ဌိနဲ့ ငါယူတဲ့အယူဟာ တဏှာမာနဒိဋ္ဌိ သေတယ်တဲ့။

ဝစ္ဆ။ တဏှာမာနဒိဋ္ဌိ သေတဲ့ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုန်းလို့ မေးလိုက်တယ်။

ဗုဒ္ဓ။ ဘယ်သွားတယ်လို့လဲ ငါမဖြေပါဘူးတဲ့။

ဝစ္ဆ။ တဏှာမာန ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ်၊ မသွားဘဲနေသလားဆိုပြီးတော့ မေးပြန်တော့—

ဗုဒ္ဓက။ ဒီလိုလဲ ငါမပြောပါဘူးတဲ့။

ဝစ္ဆ။ ဒါဖြင့်သွားချီတလှည့် မသွားချီတလှည့် နေသလားတဲ့။

ဗုဒ္ဓ။ ဒီလိုလဲ ငါမပြောပါဘူးတဲ့။ ဒီလို မင်းမယူပါနဲ့တဲ့။

ဝစ္ဆ။ မသွားသည်မဟုတ် သွားသယောင်လို့ ဒီလိုကော ယူရမှာလားတဲ့။

ဗုဒ္ဓ။ ဒီလိုလဲ မယူနဲ့ကွ။

ဗုဒ္ဓက။ ဒီ ၄ ချက်ဟာ ဘယ်အချက်မှ မဖြစ်ဘူးကွတဲ့။

ဝစ္ဆက။ မေးလာတဲ့ မေးခွန်းတွေဟာ များပါပြီတဲ့။ ရှင်ကြီးဂေါတမ ဖြေတာကို သဘောကျတာတွေလဲ ရှိပါတယ်တဲ့။ သို့သော်လဲ နောက်ဆုံးပိတ် တဏှာမာန ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုန်းဆိုတော့ ဒီလို မမေးနဲ့ဆိုတော့ **ကျုပ်ဉာဏ်တုံးသွားပြီတဲ့၊ မေးစရာ မရှိတော့ဘူးတဲ့။**

ဗုဒ္ဓက။ ဝစ္ဆတဲ့ မင်းပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ဆရာကို မင်းကလဲ မဆည်းကပ်။ ကိုယ်တိုင်လဲ နားမလည်တော့ မင်း**ဉာဏ်တုံး**မှာဘဲတဲ့။

ဗုဒ္ဓက။ မင်းညာဏ်တုံးပေမယ့်ကွာ ငါဥပမာတခု ပြမယ်တဲ့။ အရှေ့ဘက်မှာ မီးတွေလောင်နေတယ် မင်းကြည့်စမ်းတဲ့။ မြင်ပြီလား။

ဝစ္ဆ။ မြင်ပြီဘုရားတဲ့။

အဲဒါ ဘာဖြစ်လို့ လောင်တာလဲကွ ဆိုတော့။

ဝစ္ဆက။ လောင်စာရှိလို့ လောင်တာပေါ့ ဘုရားတဲ့။

ဟော့ဝစ္ဆတဲ့။ အရှေ့ အနောက် တောင်မြောက်က မီးတွေ တောက်နေတာ ဘာဖြစ်လို့ လောင်နေတာတုန်းတဲ့။

အို....လောင်စာတွေရှိလို့ လောင်နေတာပေါ့တဲ့။

**မှတ်ချက်**။ မိမိတို့ခန္ဓာတွင် လောဘ၊ ဒေါသ၊ မောဟ၊ ဇာတိဇရာ ဗျာဓိမရဏာမီး အမြဲ လောင်လျက် ရှိသောခန္ဓာဒုက္ခ။

ဗုဒ္ဓက။ ဝစ္ဆ မီးတွေရှိသေးသလား။

ဝစ္ဆ။ မရှိပါဘုရား။

ဗုဒ္ဓ။ ဘာဖြစ်လို့လဲ။

ဝစ္ဆ။ လောင်စာမရှိလို့ပေါ့ဘုရား။

ဗုဒ္ဓ။ ဟဒါဖြင့် ဒီမီး ဘယ်သွားသတုန်းလို့ ဝစ္ဆကိုမေးတော့

ဝစ္ဆက။ ဘယ်မှမသွားပါဘုရား။ ဒီနေရာတွင် ငြိမ်းတာဘဲတဲ့။

ဗုဒ္ဓက။ ဒီအတိုင်းပေါ့ ဝစ္ဆပုဏ္ဏားရဲ့။ တဏှာမာနဒိဋ္ဌိ ချုပ်တဲ့ ပုဂ္ဂိုလ်ဟာ လောင်စာသိမ်း၍ မီးငြိမ်းတာ။ သူ ဘယ်ရောက် သွားသလဲလို့ မင်း မေးမနေနဲ့။

**မှတ်ချက်။** နိဗ္ဗာန်ဆိုတာ သွားလို့ရောက်တာလဒးတဲ့။ လောင်စာသိမ်း၍ မီးငြိမ်းတာလား။ (လောင်စာသိမ်း၍ မီးငြိမ်းတာ) ဒါကြောင့် သံယုတ်ပါဠိတော်မှာ ဘုရားက နိဗ္ဗာနဿေဝ သန္တိကေ တဲ့။

နိဗ္ဗာနဿေဝ၊ နိဗ္ဗာန်၏သာလျှင်။ သန္တိကေ၊ ခရီးမဝေး အနီးကလေးကွတဲ့။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဒီနေရာမှာ ခန္ဓာသိမ်းပြီး ဒီနေရာမှာ ကိလေသာမီး ငြိမ်းသွားတာဘဲ။ (အဲဒါနိဗ္ဗာန်)

**အဂ္ဂိဝစ္ဆပုဏ္ဏား ချီးမွမ်းခန်း**

ဝစ္ဆက ချီးမွမ်းလိုက်တယ်။ ရှင်ကြီးဂေါတမဟောတဲ့ တရားဟာ အနှစ်ချည်းဟောတာတဲ့။ ရွာနားမှာပေါက်တဲ့ အင်ကြင်းပင်ကြီးဟာ လဲလို့ နှစ်ကြာသွားတဲ့ အခါကျတော့ အခက်လဲ မရှိတော့ဘူး၊ အပွေးလဲ ရှာမတွေ့ဘူး၊ ကျောက်တုံးကြီး တွေ့ရသလို အနှစ်ချည့် ဟောတာပါလားလို့ သူက ချီးမွမ်းလိုက်တယ်။

ဒါဖြင့် နိဗ္ဗာန်ဆိုတာလဲ သိသွားပြီ။ နိဗ္ဗာန်ရောက်ကြောင်းကိုလဲ သိသွားပြီ။

(၂၃/၂၂၀)

**ကံကို အတ္တစွဲလမ်းထားကြပုံ**

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော့ ရဟန်းပေါင်း ငါးရာ ခေါင်းဆောင်တပါးနဲ့လာတယ်။

ခေါင်းဆောင်ရဟန်းကြီးက ဝတ်ချပြီး အရှင်ဘုရားကို ပုစ္ဆာမေးပါရစေတဲ့။

ဗုဒ္ဓက မေးလို့ ခွင့်ပြုလိုက်တယ်။

အမေး။ ဘုရားတဲ့၊ ဥပါဒါနက္ခန္ဓာဆိုတာ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဆိုတာ မဟုတ်ဘူးဆိုတော့–

"သာဓု သာဓုကွာ ဟုတ်ပါတယ်တဲ့" သိပြီးသားပုဂ္ဂိုလ်က မေးတာကိုး။

ဖြေ။ ကိုင်တွယ်လို့ရတာက ရူပက္ခန္ဓာ။ စားသောက်ကောင်းတယ်၊ နေထိုင်ကောင်းတယ်က ဝေဒနက္ခန္ဓာ။ ဒါဖြင့် အဖြူအနီဘဲလို့ မှတ်တာက သညာက္ခန္ဓာ။ နေချင်တယ်၊ ပြောချင်တယ်၊ ဆိုချင်တယ်၊ သူများသွားခိုင်းတယ်၊စေတနာ သင်္ခါရက္ခန္ဓာ။ကျုပ်သိပါတယ်၊ မြင်ပါတယ်၊ ကြားပါတယ်၊ ဒါ ဝိညာဏက္ခန္ဓာသဘောလုပ်။ အဲဒါကြောင့် ခန္ဓာငါးပါး စုနေတာတွေ အဲဒါဟာ ဥပါဒါနက္ခန္ဓာဆိုတာတဲ့ ဘုရားတဲ့။

မေး။ ရဟန်းကြီးက မေး။ အဲဒီခန္ဓာ ၅ ပါးဟာ ဘယ်သူကြောင့် ဖြစ်တာပါလဲ ဘုရားတဲ့။

ဖြေ။ ဗုဒ္ဓက ဒါက တဏှာဆန္ဒကြောင့် ဖြစ်တာကွတဲ့။ ဘုရားက တဏှာဆန္ဒကြောင့် ခန္ဓာ ၅ ပါး ဖြစ်နေတာတဲ့။

မေး။ ဒါဖြင့် ဘုရားတဲ့၊ ဥပါဒါနိန်နဲ့ ခန္ဓာဟာ အတူတူဘဲလား ဘုရားတဲ့။

ဖြေ။ ဗုဒ္ဓက မတူပါဘူးကွတဲ့။ ဥပါဒါနိန်က စွဲလမ်းတာ။ ခန္ဓာက ခန္ဓာ ၅ ပါးတဲ့။ ဘယ်လောက် စွဲလမ်းတာလဲ ဆိုရင် ကိုက်ပြန်လဲ မကိုက်ရအောင်၊ ချမ်းတယ်ဆို မချမ်းရအောင် စသဖြင့် ဘယ်လောက် စွဲလမ်းနေကြသလဲ။ စွဲလမ်းနေတဲ့အတွက် ခန္ဓာကို မစွဲလမ်းသင့်ဘဲနဲ့ စွဲလမ်းနေတဲ့ ပုဂ္ဂိုလ်၏ ခန္ဓာကျတော့ ဥပါဒါနက္ခန္ဓာပါတဲ့။ ဥပါဒါနိန်ချုပ်နေတဲ့ ပုဂ္ဂိုလ်ကျတော့ ခန္ဓာ ၅ ပါးဘဲ ရှိပါတယ်တဲ့။

မေး။ ရဟန်းကြီးက ဥပါဒါနက္ခန္ဓာကိုတော့ တပည့်တော်သဘောကျပါပြီဘုရားတဲ့။ ဒီခန္ဓာဟာ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ၊ တိရစ္ဆာန်ခန္ဓာ အမျိုးမျိုးပြားတာကတော့ ဘယ့်နှယ်ကြောင့်တုန်း ဘုရားတဲ့။ ခန္ဓာအတူတူဘဲလားဘုရားတဲ့။

ဖြေ။ ခန္ဓာက အမျိုးမျိုးပြားတယ်ကွ။ ငါးပါးချင်း တူပေမယ့် ပုံသဏ္ဌာန်ကွာခြားတယ်ကွတဲ့၊ ဘယ့်နှယ်ကြောင့် ကွာခြားသတုန်းဆိုတော့ ခွေးကလဲ ခွေးအမေနဲ့ ခွေးအဖေနဲ့ မခွဲချင်ဘူး။ ခွေးမနဲ့ ခွေးထီးကလဲ မခွဲချင်ဘူးတဲ့။ အဲဒီတော့ သူစွဲလမ်းတဲ့အတိုင်း နောက်ခွေးဖြစ်ပြန်တာဘဲတဲ့။ အဲ့ဒါဟာ ကိုယ့်အကြိုက်အတိုင်းကို ကွဲပြားကြတာဘဲတဲ့။ ခွေးကျားကလေးဖြစ်တာ

ပန်းချီဆရာလာရေးထားလို့ ကျားတာလား။ ကျားချင်တဲ့ စိတ်ကလေးကြောင့်၊ ကျားချင်တဲ့ တဏှာကြောင့် သူမွေးတဲ့အခါ ကျားတာကလေး ဖြစ်တာလား။

သူ့တဏှာက အကျားကလေးဖြစ်ချင်လို့ ကျားတာ။ အဲဒါကြောင့် ခန္ဓာတမျိုးတည်းမဟုတ်ဘူးတဲ့။ သူ့ဆန္ဒကြောင့် ခန္ဓာအမျိုးမျိုးပြားရတာ။ လူတွေရဲ့ ရုပ်ဆင်းသဏ္ဌာန်တွေလဲ ကိုယ့်ဆန္ဒအတိုင်း ဖြစ်ကြတာဘဲ။

မေး။ ဒီခန္ဓာ ဘယ်သူက ဖြစ်စေတာတုန်းဘုရားတဲ့။

ဖြေ။ ဒီခန္ဓာတွေ ဘယ်သူက ဖြစ်စေတာတုန်း။ အိုး ရူပက္ခန္ဓာကတော့ မဟာသုတ် ၄ ပါး၊ ရူပက္ခန္ဓာဆိုတာ–

၁။ ပ၊ တေ၊ အာ၊ ဝါ (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော) ဥပါဒါန်ရုပ်တွေ ဖြစ်စေတာပေါ့။

၂။ ဝေဒနက္ခန္ဓာကတော့ ဖဿပစ္စယာ ဝေဒနာဆိုတဲ့ ဖဿက ဖြစ်စေတာဘဲ။

၃။ သညာက္ခန္ဓာကလဲ ဖဿက ဖြစ်စေတာကွတဲ့။

၄။ သင်္ခါရက္ခန္ဓာကလဲ ဖဿက ဖြစ်စေတာဘဲ။

၅။ စိတ်ကျတော့ကွာ နာမရူပပစ္စယာ ဝိညာဏလို့ ဆိုတာကလေးမှတ်ထားကွ။ နာမ်ရုပ်ကြောင့် စိတ်ဖြစ်တာတဲ့။ ဝိညာဏက္ခန္ဓာဖြစ်တာဘဲတဲ့။

မေး။ ရှင်းပါပြီဘုရားတဲ့။ ဒါဖြင့် ခန္ဓာဖြစ်စေတဲ့ တဏှာမာနဒိဋ္ဌိချုပ်အောင် ဘယ့်နှယ်လုပ်ရမတုန်း ဘုရားတဲ့။

ဖြေ။ ဗုဒ္ဓ၊ ဒါကတော့ကွာတဲ့၊ မင်းတို့ခန္ဓာကိုယ် ဉာဏ်စိုက်ပြီး ဝေဒနာလေးပေါ်လာလဲ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ဘူးလို့ ရှုရမယ်။ (သညာ) စသည်ဖြင့် ၎င်းနည်း။ အဲဒီလို ရှုရင်ပေါ့။ သတိပဋ္ဌာန်လေးပါး တပါးပါးကိုပေါ့ ရှုတော့ အကုန် (အနတ္တ) ဖြစ်သွားတယ်။

အဲဒါ တဏှာမာနဒိဋ္ဌိ သေပါတယ်တဲ့။ ဒီလိုချုပ်အောင် လုပ်ပါတဲ့။

အဲဒီအထဲမှ (၅၀၀)ငါးရာသောရဟန်းထဲမှ ရဟန်းတပါးက ဗွေဖောက်လာတယ်။ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ရင် ဘာများ အားကိုးရပါမလဲ ဘုရားလို့ ဗွေဖောက်လာတယ်။

ဗုဒ္ဓက သိတော်မူတယ်။ ဒီအထဲမှာ အဝိဇ္ဇာများပြီး ဉာဏ်နည်းတဲ့ ပုဂ္ဂိုလ် ဗွေဖောက်နေပါလားလို့ သိတော်မူတယ်တဲ့။ ဘုရားက –

"အဝိဒ္ဒါ၊ အဝိဇ္ဇာဂတော၊ တဏှာဓိပတေယျန၊ စေတသာ သတ္တုသာသနံ၊ အတိဓာဝိတဗ္ဗံမညေ"

အဝိဒ္ဒါ=ပညာမရှိတဲ့ ပုဂ္ဂိုလ်ကွတဲ့။ ပျက်နေတဲ့ တရားကို ပျက်မှန်းမသိတဲ့ ပုဂ္ဂိုလ်တဲ့။

အဝိဇ္ဇာဂတော တဲ့။ သူမှာ အဝိဇ္ဇာဖုံးလွှမ်းနေတော့ ကံပျက်တာလဲ သူမမြင်ဘူးတဲ့။

ကံလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တဘဲတဲ့။ အခု ဗမာပြည် မြန်မာပြည် တခုလုံးမှာ ဗုဒ္ဓဘာသာဝင်ဆိုပြီး(ကမ္မဝါဒီဒိဋ္ဌိက)သိပ်များ

တယ်။ ကံသာလျှင် အမိ၊ ကံသာလျှင် အဖတဲ့။ ကံဟာ စေတနာပေါ။ သင်္ခါရက္ခန္ဓာပေါ။ သူတော့ အနတ္တ မဖြစ်ရတော့ ဘူးလား။

**အဝိဒ္ဒါ၊** ပညာမရှိတဲ့ ပုဂ္ဂိုလ်ကတဲ့။ ကံကိုအားကိုးတဲ့ပုဂ္ဂိုလ်က ကံကို နိုင်တယ်လို့ ယူတဲ့ပုဂ္ဂိုလ်။

**အဝိဇ္ဇာဂတော** အဝိဇ္ဇာကြောင့် ဖြစ်ရှာတဲ့။ တဏှာမိပတော ဃျေန စေတသာ၊ တဏှာကြီးစိုးနေတယ်တဲ့။

သတ္ထုသာသနံ အတိဓာပိတဗ္ဗံ မညေ၊ ငါဘုရား အဆုံးအမကို ကျော်လွန်သွားပြီတဲ့။

ဗေ့ဖောက်တဲ့ရဟန်းက ဘာမှ အားကိုးစရာမရှိတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတော့ သူက ကံသာလျှင် အရိပ်သဘွယ် အားကိုး စရာရှိတယ်လို့ ယူလိုက်တော့ သူ့မှာ ဘယ်လောက် နာသွား သတုန်း။ သဗ္ဗေ ဓမ္မာ အနတ္တာလို့ ဘုရားက ဟောပါလျက်နဲ့ ကံကို အားကိုးရာပြုပြီး အတ္တလုပ်ထားတယ်။

ပြုလုပ်တဲ့ကံကို အရိပ်သဘွယ် သွားရာလိုက်တယ်လို့ ယူထား တယ်။

ဘုရားက ထင်မြင်လွယ်အောင် ဆောင်၍ဟောတဲ့ နေရာ ကျတော့ (ဆာယာဝ အနုပါယိနီ)တဲ့။ ဆာယာဝ၊ အရိပ်ကဲ့သို့။ အနုပါယိနီ၊ အစဉ်တစိုက် လိုက်၍နေ၏။ ဆောင်၍ဟောတာက (နေယျတ္တဒေသနာနည်း)။ တိုက်ရိုက်ဟောတာက (နိတတ္တနည်း) ကံ၊ ကံ၏အကျိုး ယုံကြည်မှု ဉာဏ်ဟာ (ဒိဋ္ဌိ မပြုတ်ဘူး)။ ပါဠိ တော်က လာတာ။

ဆောင်ဟောတာကို တိုက်ရိုက်လို့ ယူလိုက်တော့ အတ္တဒိဋ္ဌိ ဖြစ်သွားတယ်။ အမှန်ကတော့ သဗ္ဗေ ဓမ္မာ အနတ္တာလို့ ယူရမယ်။

သဗ္ဗေ ဓမ္မာ အနတ္တာဆိုရင် တပည့်တော်တို့ လုပ်ထားတဲ့ စေတနာကံတွေဟာ အဟောသိကံ ဖြစ်ရတော့မှာလား ဆိုတဲ့ အမေး တခါတည်း ထွက်လာတယ်။ အဖြေကတော့ လွယ်ပါတယ်ကွတဲ့။ ဒီနာမ်ရုပ်နဲ့ ဆွမ်းကွမ်းကျွေးလိုက်တော့ ဒီနာမ်ရုပ်နဲ့ ဒီကုသိုလ် ဒီမှာချုပ်ပြီး နတ်၏ နာမ်ရုပ်နဲ့ အလားတူ ဖြစ်ပေါ်သတဲ့ကွ။

ဒီနာမ်ရုပ်ကလဲ မလိုက်ဘူး။ စေတနာလဲ မလိုက်ဘူး။ ဟိုတနေရာမှာ အတူပေါ်တယ်။ ဒီလိုယူမှ တည့်တယ်။

ပစ္စယနိဒ္ဒေသမှာ "အနန္တရနိရုဒ္ဓါ၊ စိတ္တာစေတသိကာ ဓမ္မာ ပဋ္ဌုပ္ပန္နာနံ စေတသိကာနံ ဓမ္မာနံ၊ အနန္တရပစ္စယေန ပစ္စယော တို့" (မလာဘူးလား)။

ပဋ္ဌုပ္ပန္နာနံ၊ အတူဖြစ်၍ ဖြစ်ကုန်သော (အတူ ပေါ်တာကွတဲ့)။

အနန္တရနိရုဒ္ဓါ၊ ဒီမှာဖြစ်တာလဲ ဒီမှာချုပ်သွားပြီတဲ့။

ပဋ္ဌုပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံ၊ ဟိုမှာပေါ်တာလဲ စိတ် စေတသိက်ပေါ်တာဘဲတဲ့။ (အတူပေါ်တာကို ဆိုလိုတာပါတဲ့)။ အလားတူ ရုပ်နာမ်ပေါ်တာကို ဆိုသည့် အကြောင်း အကျိုး ဆက်တာတဲ့။ ဒီရုပ်နာမ် သင်္ခါရက ဟိုရုပ်နာမ်ဆီကို လိုက်တာ မဟုတ်ဘူး။

အဲဒီကျမှ ခုနင်က ခေါင်းဆောင်ကတော့ ရဟန္တာဖြစ်ပြီး သွား။ သူ့နောက် လိုက်လာတဲ့ရဟန်းငါးရာက ဒီတရားနဲ့ ဒီကံကို အတ္တဒိဋ္ဌိ ပြုတ်ပြီး ဟောလိုက်တော့မှ ရဟန္တာဖြစ်တယ်။ အားလုံး ဟာ အတ္တဒိဋ္ဌိမပြုတ်ရင် ရဟန္တာမဖြစ်ဘူး။

(၂၃/၂၀၂)

× × ×

**အဂ္ဂိဝစ္ဆသုတ်**

"ဓမ္မဒ္ဓါယာဒါ မေ ဘိက္ခဝေ၊ မာ အာမိသဒါယာဒါ"

ဓမ္မ ဒါယာဒ သုတ်ကျတော့ ပစ္စည်းရှာမနေနဲ့၊ တရားအမွေ ခံစမ်းပါ။ မဂ္ဂင်တရားမှတပါး အားကိုးရာမရှိဘူးတဲ့။ ကျွန်းကြီး သောင်ကြီးသဖွယ် အားကိုးရန် မရှိပါဘူးတဲ့။

အမှတ် (၁/၁၆၉)

**သမာဓိနှင့်ပညာ**

ယံ ကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗံတံ ဒုက္ခသမုဒယံ၊
ယံ ကိဉ္စိဝေဒယိတဓမ္မံ၊ သဗ္ဗံတံ ဒုက္ခသမုဒယံ။
ဝေဒနာဟာ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခချည်း တွေ့နေတယ်။
(နောက်ဆုံး မဂ္ဂင် ၃ ပါး ဘယ်က တိုးလာသလဲ)။

သမ္မာဒိဋ္ဌိက မြင်းကုန်း။ သမ္မာသင်္ကပ္ပက မြင်း။ သတိက ခေါင်း။ သတိက တွန်း။ ဝိသိယကနောက်က တွန်းပေးနေ တယ်၊ (ယုဂနန္ဒနည်း)။

မဂ္ဂင်ငါးပါး ပုပ္ပဘာဂ မဂ်ဟာ သမထနှင့် ပညာမဂ္ဂင်၊ သမာဓိနှင့် ပညာတွဲလျက်။

အမှတ် (၁/၁၈၂)

**ခန္ဓာကိုယ်တွေ**

အသုတဝါ ပုထုဇနော၊ သုတဝါ အရိယဘာဝကော။

သာမံ ပဿိတဗ္ဗောဆိုတော့—

သာမံ၊ ကိုယ်တိုင်။ ပဿိတဗ္ဗော။ ဒီအနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဒုက္ခသစ္စာတွေကို။ သာမံ၊ ကိုယ်တိုင် မြင်မှသာလျှင်၊ ကိုယ်တိုင် ဝိပဿနာမဂ်နဲ့ မြင်မှသာလျှင်။ ခန္ဓာနဲ့ ဓမ္မနိယတတာဆိုတဲ့ ဓမ္မ အားဖြင့် ဆက်နေတဲ့ ပဋိစ္စသမုပ္ပာဒ်ကြီးကို တဏှာ ဥပါဒါန် ကံတွေ ဇာတိဇရာမရဏတွေ အကုန်ချုပ်သွားတယ်။

ဘယ့်နှယ်ကြောင့် ချုပ်သွားသတုန်းဆိုတော့ အို အကာလိကော ဘုရား အခါမလင့် အကျိုးပေးလိုက်တယ်။ ဟောဒီက သာသန္ဒိဋ္ဌိကောဖြစ်။ ဟောဒီက အကာလိကော ဖြစ်တယ်။ သန္ဒိဋ္ဌိကောက အကြောင်း၊ အကာလိကောက အကျိုး။ သိန္ဒိဋ္ဌိကော ဆိုတာ သူများပြောတာ မှန်းကြည့်တဲ့ အကြည့်မျိုး မဟုတ်ဘူး။

အသိကလဲ ၆ မျိုး ရှိတယ်။

**အသိ ၆ မျိုး**

၁။ ပစ္စက္ခ သိ။ ပစ္စက္ခသိ' သာမံပဿိတဗ္ဗော(ကိုယ်တိုင်သိ)၊

၂။ သဒ္ဓါ သိ။ သဒ္ဓါသိ၊ ယုံကြည်ပြီး သိတဲ့အသိမျိုး၊

၃။ အနုဿဝ သိ။ အနုဿဝသိ၊ တဆင့်ကြားပြီး သိတဲ့ အသိမျိုး၊

၄။ ရုစိ သိ။ ရုစိသိ၊ ကိုယ့်ဟာကိုယ်နှစ်သက်ပြီး သိတာမျိုး၊ ကြံတွေးသိ၊

၅။ အာကာရပရိဝိတက္က သိ။ အာကာရပရိ ဝိတက္က သိ၊ ထွေထွေရာရာ ကြံစည်ပြီး သိတာ၊

၆။ ဒိဋ္ဌိနိဇ္ဈာနခန္တိ သိ။ ဒိဋ္ဌိနိဇ္ဈာနခန္တိသိ၊ အမှားသိ။

ဒီအသိ ၆ မျိုးတွင် ဘယ်အသိရောက်မှ ရဟန္တာဖြစ်တယ်၊ အသိမှန်ရောက်တယ်ဆိုတာ ရဟန္တာချင်း အမေးအဖြေမှ သိရတဲ့ စကား။ သေးသိမ်တဲ့ စကားမဟုတ်ဘူး။

ပစ္စက္ခသိ ဆိုတဲ့ သန္ဒိဋ္ဌိကော သိမှ အမှန်သိရောက်တယ်။ ကျန်တဲ့ အသိ ၅ မျိုးက အမှန်သိကို မရောက်ဘူး။ ပစ္စက္ခသိမှ၊ သာမံပဿိတဗ္ဗောသာဖြင့် ခင်ဗျားတို့ ဝိပဿနာမှာ အသုံးချကြတော့။

သန္ဒိဋ္ဌိကော ဖြစ်လိုရှိရင်ကွာတဲ့ အကာလိကောဆိုတဲ့ နောက်က တကျာဉပါဒါန်ကတွေ ပဋိစ္စသမုပ္ပာဒ် ဖြတ်ပါပြီ။ ပြတ်ပြီကွ။

(မိုးကုတ်အမှတ်စဉ် ၁ စာမျက်နှာ ၃၂၀/၃၃၀)

## ပဥ္စာန်းအမြင်

ပဥ္စာန်းပါဠိတော်၌ "သင်္ခါရေ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ဝိပဿတိ။"

သင်္ခါရတွေကို အနိစ္စ ဝိပဿနာလုပ်မှ မဂ်ပေါ်မယ်။

သဗ္ဗေသင်္ခါရာအနိစ္စာ၊ ယဒါပညာယပဿတိ။

အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရာပစ္စယာ။
ဝိညာဏဝိညာဏံ ပစ္စယာ နာမရူပံ **ပဋိစ္စသမုပ္ပာဒ်**။
အမှတ်စဉ် (၂၅/ ၂၄၁)

## အကြားအမြင်

မဏ္ဍာနီ ပုဏ္ဏားမရဲ့သား ရှင်ပုဏ္ဏ တရားမှ ညီတော်အာနန္ဒာကို မှန်ကြီးနှင့် ခန္ဓာကိုယ် ဥပမာထား၍ ဟောစဉ်မှ ရဟန်းငယ် ရဟန်းသစ်များစွာတို့ သောတာပန်တည်ကြသည်။

သုတဝါ အရိယသာဝကော။ သုတဝါ၊ အကြားအမြင်ရှိသော။ အရိယသာဝကော။ အရိယာတို့၏ တပည့်သားသည်တဲ့။ အကြားအမြင်ရှိတဲ့ မျက်လုံးနဲ့ကြည့်။ ဖြစ်ပျက်ကို နောက်ကျတော့ ဒိဋ္ဌဓမ္မော ကိုယ်တိုင်မြင်မယ်။

၁။ ဒိဋ္ဌဓမ္မောဆိုတာ ကိုယ်တိုင်မြင်ပြီတဲ့။

၂။ ပတ္တဓမ္မော ကိုယ့်သန္တာန်ကို မြင်ခြင်းသို့ရောက်ပါပြီတဲ့။

၃။ ပိဒိတဓမ္မော ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်ပြီတဲ့။

၄။ ပရိယောဂါဠ္ဓမ္မော ဉာဏ်က ဒီအထဲမှာ နိဗ္ဗာန်ထဲချည့် သက်ဝင်ပြီတဲ့။

၅။ ဝိကတ ကထံကထော၊ ဒီအလုပ် ဟုတ်လေသလား မဟုတ်လေသလားလို့ ဒီသံသယ မရှိတော့ဘူး။

၆။ ဝေသာရဇ္ဇပတ္တော၊ ရဲရဲတင်းတင်းကြီး ဒီလမ်းဟာ နိဗ္ဗာန်ဘဲလို့ သေသေချာချာ ဆုံးဖြတ်ချက်ချတယ်။

၇။ အပရ ပစ္စယော၊ သူများပြော မဟုတ်ပါဘူးတဲ့၊ ကိုယ်ကိုယ်တိုင် မြင်ပါပြီတဲ့။

(အမှတ်စဉ် ၂၅၊ စာမျက်နှာ ၃၉၃)

**ဗာလပဏ္ဍိတ ဝဂ်**

"ယောဗာလော မညတိဗာလျံ" ဓမ္မပဒမှာ ဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူသည်။

ယောဗာလော၊ အကျင်သူမိုက်သည်။ဗာလျံ မိမိမိုက်သည်၏အဖြစ်ကို။ မညတိ၊ သိ၏။ တေန၊ ထိုကြောင့်ပင်လျှင်၊ သော၊ ထိုပုဂ္ဂိုလ်သည်။ ပဏ္ဍိတောဝါပိ၊ ပညာရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

ဗာလောစ၊ သူမိုက်သည် ဖြစ်ပါလျက်။ ပဏ္ဍိတမာနီ၊ငါပညာရှိဟု ထင်နေ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ အတိဗာလောတိ၊ မိုက်သည်ထက်မိုက်သောပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏ဟု။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟော၏။

(အမှတ် ၁၊ ၁၉၄)

**နိဗ္ဗာန်၏လက္ခဏာရသပစ္စုပဋ္ဌာန်**

**နိရောဓသစ္စံ**၊ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာသည်။ သန္တိလက္ခဏံ၊ ငြိမ်းအေးတာကလေး တခုဘဲ ရှိတော့တယ်ကွဲ။

**အစ္စုတိရသံ**၊ စုတိပျက်ကြွေ မသေနိုင်ဘဲနှင့် ခိုင်နေတာကလေး တခုဘဲ ရှိတယ်တဲ့။

**အနိမိတ္တာပစ္စုပဋ္ဌာန်၊ လုံးရပ်သဏ္ဌာန် ပုံပန်းနိမိတ်တော့ မရှိဘူးကွတဲ့။**

(အမှတ် ၁၊ စာမျက်နှာ ၁၇၇)

**ယထာဘူတဉာဏ်**

အနိစ္စဆိုတာ(ဟုတ္ထာအဘာဝတွေနအနိစ္စံ) ဖြစ်ပြီးပျက်တာကို တွေ့အောင်လုပ်ပါတဲ့၊အဲဒီဖျက်ပျက်ကိုတွေ့မှ(ယထာဘူတဉာဏ်)။

**သတိပဋ္ဌာန်ပါဠိတော်ကြီးမှာ**

သုခံဝါဝေဒနံ၊ ဝေဒယမာနော၊ သုခံဝေဒနံ၊ ဝေဒယာမီတိ ပဇာနတိ၊ ဝေဒနာကို သိအောင်လို့ ဘုရားက မဟောဘူးလား၊ အထက်ဉာဏ်ဟောတယ်။

(အမှတ် ၁၊ ၂၄၆ တေဝိဇ္ဇသုတ်)

**အထက်ဉာဏ်သို့**

သမုဒယဓမ္မာ နုပဿီဝါ၊ ဝေဒနာသုဝိဟရတိ ဝယဓမ္မာ နုပဿီဝါ၊

ဝေဒနာသုဝိဟရတိ၊ ဖြစ်ထာနဲ့ ပျက်ထာကို တွေ့အောင်ရှာကွတဲ့။ အဲဒါ အောက်ဉာဏ်က အထက်ဉာဏ်တက်ထာ။

(အမှတ် ၁၊ ၂၄၆)

**ဇရာမရဏတရားတော်**

သမ္မသနသုတ် (နိဒါနဝဂ္ဂသံယုတ်ပါဠိတော်)

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အခါ ရဟန်းတွေကလဲ ဝိုင်းထိုင်နေကြတယ်။ ကိုယ့်ကိုကိုယ် သုံးသပ်ကြရဲ့လားဆိုတော့ ရဟန်းတပါးက ထပြီးလျှောက်တယ်။

၃၂ ကောဋ္ဌသ သုံးသပ်တယ်ဆိုတော့ ဗုဒ္ဓက မကျေနပ်။

အရှင်အာနန္ဒာကသိတော့ မြတ်စွာဘုရား ဟောတော်မူမှ သိရပါမယ်လို့ လျှောက်တယ်။

ဗုဒ္ဓက သုံးသပ်ပုံကို ငါပြမယ်ကွ။ ဟောဒါက ဇရာနဲ့ မရဏကွ။ ဇရာဆိုတာက တေဇောဘဲ။ သတ္တဝါကို ရင့်ကျက်စေမှုနဲ့ သေမှု၊ ပုတ်တဲ့ တေဇောချုပ်ပြီး အေးတဲ့ တေဇောဆိုလျှင် သေတာဘဲ။ ဒါကြောင့် ဇရာပိဒုက္ခာသစ္စာ မရဏံပိ ဒုက္ခံသစ္စံ။

အဲဒီလို တွေးဆဆင်ခြင်တော့ မဂ်ပေါ်လာမယ်။ အရိုက ဇရာမရဏ။ အသိက မဂ္ဂဖြစ်တယ်။ အဲဒါ တွေးဆဆင်ခြင်ပါတဲ့။ မိစ္ဆာမဂ္ဂသစ္စာနဲ့ အချိန်ကုန်နေရင် မိစ္ဆာလမ်းသွားနေတယ်။ အကြောင်းအကျိုး ဆက်တွေးတော့–

၁။ ဇရာမရဏ ဘယ်ကလာသလဲဆိုတော့ ဥပမိနိဒါနလို့ ဘုရားက ဟောတယ်။ ခန္ဓာငါးပါးရှိလို့လာတာဟော့။ ဒါခန္ဓာငါးပါးက **အကြောင်း**၊ ဇရာမရဏ သမုဒယက **အကျိုး**။

၂။ ဒီခန္ဓာငါးပါး ဥပခိတရား ဘယ်ကလာသလဲဆိုတော့ **တဏှာကလာတာ**။ အဲဒါသစ္စာ၄ ပါးကို ပြန်သိပါတဲ့။ **တဏှာက သမုဒယသစ္စာ** ခန္ဓာက **ဒုက္ခသစ္စာ**။

၃။ ဒီတဏှာ ဘယ်ကလာသတုန်းဆိုတော့ ဝိယသာတ ရုပ်နာမ်က လာတာ။ (အဇ္ဈတ္တိကာယတန ၆ ပါးကလာတာ) **ပိယ**ဆိုတာ ချစ်တာ။ **သာတ** က သာယာတာ။ အဲဒါကြောင့် ဘုရား ကိုယ်တော်မြတ်ကြီးက "စက္ခု

လောကေ ပိယရူပံ၊ သာတရူပံ၊ ဧတ္တေသာ တဏှာဥပ္ပဇ္ဇမာနာဥပ္ပဇ္ဇတိ” **မနောလောကေ ပိယသာတံ ရူပသာတံ**။ လောကေ ၊လောက၌။စက္ခု၊မျက်စိအကြည် စက္ခုပသာဒရုပ်သည်။ ပိယရူပံ၊ ချစ်ခင်နှစ်သက်အပ်သောသဘောရှိ၏။ ဧတ္တ၊ ဤချစ်ခင်နှစ်သက်တတ်သောစက္ခုပသာဒ်ရုပ်၌။သောတဏှာ၊ ထိုတဏှာသည်။ ဥပ္ပဇ္ဇမနာ၊ ဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဒါကြောင့် **ပိယသာတ** က အကြောင်း၊ **တဏှာ** က အကျိုး၊ ပိယသာတ ဆိုတာ (အာယတန ၆ ပါး) က အကြောင်း။

၄။ ပိယသာတ၊ ဘယ်ကလာသတုန်းဆိုတော့ (အယောနိသော မနသိကာရ) က လာတယ်။ ယောနိသော မနသိကာရဖြစ်အောင်လို့–

၁။ အနိစ္စတော၊ ၂။ ဒုက္ခတော၊ ၃။ အနတ္တတော၊ ၄။ ရောဂတော၊ ၅။ ဘယတော၊ ၆။ လိုရှုမှု အနိစ္စတော၊ အနိစ္စတရား။ ဒုက္ခတော၊ ဒုက္ခတရား။ အနတ္တတော၊ အနတ္တတရား။ ရောဂတော၊ ရောဂတရား။ ဘယ်တော ဘယ်ဘေးသင့်နေလို့ ဒီလိုရှုမှ–

ခင်ဗျားတို့က (၁) အနိစ္စ၊ မြဲတယ်။ (၂) အတ္တ၊ ငါဘဲ။ သုခ၊ ချမ်းသာတယ်။ အာရောဂျ၊ အနာကင်းတယ်။ အဘယ၊ ဘေးမရှိဘူးလို့ ယူတဲ့အတွက် ဒီတဏှာလာနေတာ။ အဲဒါ နှလုံးသွင်း မှားတာဘဲ။ အဲဒီ ပိယသာတ ကိုသာ မသောက်မိရင်

ဒီတဏှာ မလာဘူး။ အရက်နဲ့ အဆိပ်နဲ့ ရောထားတယ် တဲ့။ မသောက်ကြနဲ့တဲ့။ ဘုရားက အဲဒီ အဆိပ်နဲ့ရောထားတဲ့ အရက် မသောက်မိရင် ဒီအဆိပ်မသင့်ဘူးတဲ့။

(အမှတ် ၁/ ၂၆၂)

**အဆိပ်မသင့်**

အဲဒါကြောင့် အဆိပ်မသောက်မိတဲ့ ပါဠိတော်ကျတော့–

စက္ခုလောကေ၊ ပိယရူပံ၊ သာတရူပံ၊ တွေ့သာတဏှာ၊ ပဟီယမာနော၊ ပဟီယတိ၊ နိရုဇ္ဈမာနာ၊ နိရုဇ္ဈတိ။ ဆိုတော့ သောက်မိသေးရဲ့လား။ အဲဒါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရောဂ၊ ဘယကို ရှုတော့ အဆိပ်နဲ့ရောထားတဲ့ အရက်ကို မသောက်ဘဲ ရှောင်ကြဉ်လိုက်တာ။

(အမှတ် ၁/ ၃၀၃)

**မေတ္တာလိုလို**

ရာဂေါ မေတ္တာယ ဝဥ္စေတိ။

ရာဂေါ၊ ခင်တတ်သောရာဂသည်။ မေတ္တာယ၊ မေတ္တာလိုလိုနဲ့။ ဝဥ္စေတိ၊ သတ္တဝါကို လှည့်စား၏။

(အမှတ်စဉ် ၂၆/ ၃၇၅)

**ဖြစ်ပျက်ဒုက္ခ**

ဒုက္ခမေဝ၊ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဒုက္ခံနိရုဇ္ဈမာနာ နိရုဇ္ဈတိ၊ ဖြစ်ထာလဲ ဒုက္ခ။ ပျက်ထာလဲ ဒုက္ခဘဲ။

(အမှတ်စဉ် ၁/ ၃၃၉)

**သစ္စာမဏ္ဍိုင်**

ဓမ္မကထာနာမ၊ သစ္စဝိနိမုတ္တောနတ္ထိ။

ဓမ္မကထာနာမ၊ ဘုရားဟောတော်မူတဲ့ ဓမ္မဒေသနာတော် မည်သည်ကား။ သစ္စဝိနိမုတ္တော၊ သစ္စာမှလွှတ်တဲ့ တရားသည် ဘုရားဟောရိုးထုံးစံမရှိတဲ့။ ဘုရားက ဒုက္ခသစ္စာကို ပရိရသယျနဲ့ ပိုင်းခြားသိဘို့ဘဲ။ ပြတ်အောင်လုပ်ဘို့ဘဲ။ သမုဒယသစ္စာကို ပယ်ဘို့ဘဲ။ ဟောတာဘဲ။

(အမှတ်စဉ် ၂၉/ ၃၄၀)

**သံအင်းဂူမှ ဓမ္မဆောင်ပုဒ်**

အက္ခရာဆား၊ ဆလိမ်ဆားကို
လျက်ငြားမငံ၊ ပုံသဏ္ဍာန်လို
စာထဲတရား၊ စာတရားကို
သိငြားတတ်ပြန်၊ သညာမှန်၏
အိုးထဲကဆား၊ အဟုတ်ဆားကို
လျက်ငြားအမှန်၊ အဟုတ်ငံသလို
ခန္ဓာတရား၊ အဟုတ်တရားကို
သိငြားတဲ့ဉာဏ်၊ ပညာမှန်၏။

**ဝန်ကျတဲ့ အအေး**

နိဗ္ဗိန္ဒဉာဏ်ပြီးလို့ မဂ်ဉာဏ်လာရင် ပဏ္ဍာသ အဋ္ဌကထာမှာ လာတယ်။ မှေအိုးပေါင်းတထောင်နဲ့ လောင်းလို့ အေးဘိသကဲ့သို့ အေးသွား တယ်ကွာတဲ့။ နိဗ္ဗာန်မြင်တဲ့အခါ၊ ဒုက္ခချုပ်တာ

မြင်တဲ့အခါ• ရေခဲအေးသလို အေးတာမျိုး မဟုတ်ဘူးတဲ့။ (ဝန်ကျတဲ့ အအေးမျိုး မှတ်)။ ရှုမှန်းတဲ့ ခန္ဓာကြီးမရှိတော့ အေးပေပေါ့ဟေ့၊ ချမ်းသာပေပေါ့ဟေ့ လို့ ဝမ်းထဲမှာ ကာယ သုသီတလ ဆိုတဲ့ နှလုံးအေးတဲ့ မင်္ဂလာလာပေါ်လာတယ်။

(မိုးကုတ် ၂၈/ ၆၁၇)

## မျက်မှောက်ပြုတရား

သင်္ခါရကုန်ပျောက် နိဗ္ဗာန်ရောက် တရားတော်မှ—

ကာယမိမံ၊ သမ္မတ၊ ပရိဇာနာထ၊ ပုနပ္ပုနံ၊ ကာယေသဘာဝံ၊ ဝိဒိတွာန၊ ဒုက္ခဿန္တံကရိဿထ။

ကာယေ၊ ခန္ဓငါးပါး ကာယတရား၌။ သဘာဝံ၊ သဘော မှန်ကို။ ဝိဒိတွာန၊ အနိစ္စနဲ့ သင်္ခါရသာ ရှိတယ်လို့ သိရခြင်း ကြောင့်။ ဒုက္ခဿန္တံ၊ ဒုက္ခဆုံးရာနိဗ္ဗာန်ကို။ ကရိဿထ၊ သစ္ဆိ ကရိဿထ၊ မျက်မှောက်ပြုနိုင်ကြပေလိမ့်လတ္တံ့။

အဲဒီလို ရှင်သာရိပုတ္တရာဟောတဲ့တရားကို ဘုရားက အနိစ္စ ဝတ သင်္ခါရာဆိုတဲ့ ဂါထာဟာ ထောက်ခံချက်ပေးတဲ့ ဂါထာ ဖြစ်တယ်။

ခန္ဓာကိုယ် ရုပ်နာမ်တရားကို ဉာဏ်နဲ့စောင့်ကြည့်ကြ။ အဖန် ဖန် စောင့်ကြည့်ရင် ပျက်တာရယ်၊ အစားထိုးတာရယ်။ ရုပ်ပျက် တော့ ရုပ်အစားထိုး။ ဝေဒနာပျက်သွားတော့ ဝေဒနာ အစားထိုး။ စိတ်ပျက်သွားတော့ စိတ်အစားထိုး။ ခန္ဓာက အနိစ္စနဲ့ သင်္ခါရဘဲ ရှိတယ်။

ဥပမာ။ ။ စိတ်ကူးကလေးတခု ပေါ်လာတယ်။ ဒါဟာ စောစောက ရှိနေတာမဟုတ်ဘူး။ အခုပေါ်လာပြီး အခုပျောက်။ အခုပေါ်လာတာက သင်္ခါရ။ ပျောက် ပျောက် သွား တာ က အနိစ္စ။ ဒီနှစ်ခုဘဲ ရှိတယ်။ ဖြစ်ပျက်မြင် ဖြစ်ပျက်မှုန်း အားကြီးလာတော့ ခုနလာတဲ့အနိစ္စ မလာတော့ဘူး။ သင်္ခါရနဲ့ အနိစ္စ မလာတော့ ကုန်သွားတယ်။ ကုန်သွားတော့ "တေသံ ဝူပသမော သုခေါ" တေသံ၊ ထိုပျက်သွားတာနဲ့ အစားထိုးတာနှစ်ခုတို့၏။ ဝူပသမော၊ မရှိခြင်းသည်။ သုခေါ၊ နိဗ္ဗာန်ဘဲတဲ့။

(ဗုဒ္ဓ ဓမ္မ လောကစာစောင်)

## ဘုရားရှင်၏ ဉာဏ်တော် ၆ ပါး

၁။ အာသယာနုသယဉာဏ်၊ သတ္တဝါတို့အလိုကို သိခြင်း။

၂။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ သတ္တဝါတို့ အိန္ဒြေရင့် မရင့်ကို သိသောဉာဏ်။

၃။ သဗ္ဗညုတဉာဏ်၊ တရားအလုံးစုံကို သိသောဉာဏ်။

၄။ အနာဝရဏဉာဏ်၊ တရား အလုံးစုံကို အတားအဆီး မရှိ သိသောဉာဏ်။

၅။ ယမကပါဋိဟာရိယဉာဏ်၊ ယမိုက်ပြာဋိဟာ ပြနိုင်သော ဉာဏ်။

၆။ မဟာကရုဏာ သမာပတ္တိဉာဏ်၊ မဟာကရုဏာကို စိတ်ဝင် စားနိုင်သောဉာဏ်။

**ပဋိစ္စသမုပ္ပာဒ် အင်္ဂါများ**

မူလ ၂ ဖြာ—၁။ အဝိဇ္ဇာ၊
၂။ တဏှာ၊
သစ္စာ ၂ ခု—၁။ သမုဒယသစ္စာ၊
၂။ ဒုက္ခသစ္စာ။
၄ ခု အလှည့်—၁။ အတိတ်အကြောင်း တလှည့်၊
၂။ ပစ္စုပ္ပန်အကျိုး တလှည့်၊
၃။ ပစ္စုပ္ပန်အကြောင်း တလှည့်၊
၄။ အနာဂတ်အကျိုး တလှည့်၊
အင်္ဂါ ၁၂ ပါး—အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ။
၃ ပါး အစပ်—သင်္ခါရနှင့် ဝိညာဏ် တစပ်၊
ဝေဒနာနှင့် တဏှာ တစပ်၊
ကမ္မဘဝနှင့် ဇာတိ တစပ်။
ဝဋ်သုံးဝ—ကိလေသာဝဋ် ၃ ပါး။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊
ကမ္မဝဋ် ၂ ပါး။ သင်္ခါရ၊ ကမ္မဘဝ၊
ဝိပါကဝဋ် ၇ ပါး။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ။
ကာလ ၃ ဖြာ—လွန်ခဲ့ပြီးသော အတိတ်ကာလ၊
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊
နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

## ခြင်းရာ ၂၀

၁။ အတိတ်အကြောင်း အခြင်းအရာ ၅ ပါး။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ။

၂။ ပစ္စုပ္ပန်အကျိုး အခြင်းအရာ ၅ ပါး။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

၃။ ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ၅ ပါး။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။

၄။ အနာဂတ်အကျိုး အခြင်းအရာ ၅ ပါး။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

## ဖြစ်၊ ချုပ်

ယံ ကိဉ္စိ သမုဒယဓမ္မံ နိရောဓ ဓမ္မန္တိ။

ယံ ကိဉ္စိ၊ အလုံးစုံသော တရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်း သဘောတရားရှိ၏။ တံ၊ ထိုဖြစ်ခြင်း သဘောရှိသော ခန္ဓာသည်။ နိရောဓ ဓမ္မံ၊ ချုပ်ခြင်းသဘော ရှိ၏။ ဖြစ်တာလည်း ဒုက္ခသစ္စာ ပျက်တာလည်း ဒုက္ခသစ္စာချည်းဘဲ။ အဲဒီ ၂ ခုကို အပေါင်းသိ သိရင် သစ္စာဉာဏ်ဘဲ။

အားလုံး ဒုက္ခတရားချည်းဘဲဆိုတော့ ပိဋ္ဌာန၊ သင်္ခတသန္တာပ၊ ဝိပရိဏာမ ၄ ချက်။ အဲဒီ ၄ ချက်ဟာ ဒုက္ခချည်းဘဲ။ ခန္ဓာတရားကို အခြေပျောက် နှိပ်စက်လိုက်တယ်။ ဝေဒနာကလေးနဲ့ ဇာတိဇရာမရဏနဲ့ တွဲလျက်ပါမြဲ၊ အရိုးအသား မကျန် ပြာမကျန်ဘူး။

ရှာမတွေ့အောင် နှိပ်စက်တတ်တဲ့သဘော။ အဲဒီ သစ္စာဉာဏ် လာပြီးရင် ကတဉာဏ် လာမယ်။ သစ္စကိစ္စကတ တခါတည်းလာမယ်။

(အမှတ် ၁၊ စာမျက်နှာ ၄၅၇)

**သာယာဝတီရိပ်သာ**

ဝေဒနာနှင့် တဏှာတစပ်၊ ဝိပဿနာဉာဏ်ဖြတ်။
သင်္ခါရနှင့် ဝိညာဏ်တစပ်၊ ဂေါတြဘူဉာဏ်ဖြတ်၊
ကမ္မဘဝနှင့်ဇာတိ တစပ်၊ မဂ်ဉာဏ်ဖြတ်။

**အနုသယ ၇ ပါး**

၁။ ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယ မျိုးစေ့ ၂ ပါးသည် အပါယ် ၄ ဘုံသို့ သွားသည်။
၂။ ကာမရာဂါနုသယနှင့် ပဋိဃာနုသယ ၂ ပါး လူပြည်နှင့် နတ်ပြည် ၆ ထပ်။
၃။ ဘဝရာဂါနုသယနှင့် မာနာနုသယ၊ အဝိဇ္ဇာနုသယ ၃ ပါးသည် ဗြဟ္မာဘုံ ၂၀ ၏ မျိုးစေ့ ဖြစ်စေသည်။

**အနုသယတေးတပ်**

ရုပ်ခန္ဓာပြုသမျှ၊ နုသယဒီဇာ၊ အတုလရှင်မဟာမှာ၊ စဉ်မကွာ မိန့်ဟော၊ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ၊ ပြိတ္တာရွာလေး ဘုံမှီမျော၊ ကာမရာဂ ပဋိဃာ၊ သုတိရွာသတွေ့ာ၊ အနုသယာ ခေတ်ခနေရာရယ် ကြောင့်၊ အတ္တဘော ရုပ်နာမ်၊ ဘဝ မာန အဝိဇ္ဇာ၊ စိတ်သာက ဗြဟ္မာ့ရုပ်ထံ၊ နုသယခုနစ်တန်မှာ၊ ရုပ်နာမ်တွေထပ်ခါလေပါလို့၊

မျှော်ရှာကြသံသရာ၊ ဒုက္ခအဖြာဖြာ၊ မချမှတ်နိုင်သယာကို၊ ဤလူ့ရွာသပ်ကြတော့ လေး။

(ဗုဒ္ဓ မှ လောကစာစောင်မှ)

**သုသိမသုတ်**

ရဟန်းတွေက ရဟန္တာဖြစ်လာကြပြီး တောမှ ပြန်လာကြသည်။ ဘုရားထံကို ဝင်၍ လျှောက်ထားကြ၏။

"ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ၊ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ၊ ပဇာနာမ၊"

ခီဏာဇာတိ၊ တပည့်တော်တို့ ပဋိသန္ဓေနေခြင်းမှ ကုန်ခဲ့ပါပြီ ဘုရား၊

ဝုသိတံဗြဟ္မစရိယံ၊ မြတ်သောအကျင့်တို့ကိုလည်း ကျင့်ခဲ့ပါပြီ ဘုရား၊

ကတံကရဏီယံ၊ ပြုဘွယ်ကိစ္စဟူသမျှကို ပြု၍ ပြီးခဲ့ပါပြီဘုရား၊

နာပရံဣတ္ထတ္တာယာတိ ပဇာနာမ၊ နောက် တဆယ့်ခြောက်ချက်သော မဂ်ကိစ္စကို လုပ်စရာမရှိတော့ပါ ဘုရားဟု လျှောက်ထားကြသည်။

(အမှတ် ၁/ ၄၇၉)

**ရှင်အဿဇိ**

ရှင်အဿဇိက ရှင်မဟာ သာရိပုတ္တရာဖြစ်ခဲ့သော ဥပတိဿ ပရိဗိုဇ်အား–

"ယေ ဓမ္မာ၊ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံတထာဂတော၊ အာဟတေသဉ္စ နိရောဓော၊ ဧဝံဝါဒီမဟာသမဏော၊"

ယေ ဓမ္မာ၊ ဒုက္ခသစ္စာတရား အပေါင်းတို့သည်။ ဟေတုပ ဘဝါ၊ တဏှာဟူသော သမုဒယသစ္စာသာလျှင် အမှန်ရှိကုန်၏။

တေသံ၊ ထိုဒုက္ခ သမုဒယသစ္စာနှစ်ပါးတို့၏။ ဟေတု၊ ချုပ်ကြောင်း ဖြစ်သော မဂ္ဂသစ္စာတရားတို့ကိုလည်း။ တထာဂတော၊ ဘုရားရှင်သည်။ အာဟ၊ ဟောတော်မူ၏။

တေသဉ္စ၊ ထိုဒုက္ခသမုဒယတို့၏။ နိရောဓော၊ ချုပ်ရာဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကိုလည်း။ အာဟ၊ ဟောတော်မူ၏။

မဟာသမဏော၊ ရဟန်းတို့မြတ်စွာ တို့ဆရာသည်။ ဧဝံဝါဒီ၊ ဤအယူရှိတော်မူ၏။

**တရားသုံးမျိုး**

**အပစယ ဂါမိနော ဓမ္မာ၊** စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့တရား။

**အာစယ ဂါမိနော ဓမ္မာ၊** စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်တဲ့တရား။ (အကုသိုလ် ၁၂၊ ကုသိုလ် ၁၇) **နေဝါစယဂါမိ၊ နာပစယ ဂါမိနော ဓမ္မာ၊** စုတိပဋိသန္ဓေသို့ ရောက် ကြောင်း လည်း မဟုတ်။ နိဗ္ဗာန်သို့ရောက်ကြောင်းလည်း မဟုတ်တဲ့တရား။ ကြိယာစိတ်၊ ဘုရားရဟန္တာသန္တာန် ဖြစ်တဲ့စိတ်သည် ပြုကာမတ္တ။

ပဉ္စဝဂ္ဂီ ငါးဦးကျတော့ (သုံးဉာဏ်ဟောတယ်)၊ ဥဒယဗ္ဗယ၊ ဘင်္ဂဘယ၊ အာဒီနဝ။

ငါ့ကို သူက ဒီတရားတွေပြတော့ မုန်းတယ်။ မုန်းတော့ ရွံတယ်။ ရွံတော့ မလိုချင်။ မလိုချင်တာက ဒုက္ခသစ္စာ။

သုသိမ ပရိဗိုဇ်ကိုတော့ နှစ်ဉာဏ်ဘဲဟောတယ်။ (ရှေ့က ဝိပဿနာဉာဏ်၊ နောက်က မဂ်ဉာဏ်) မဂ်ကိစ္စ တဆယ့်ခြောက်ပါး ကတော့ အရှင်သာရိပုတ္တရာက သူ့ဟာသူ ဉာဏ်ထက်လို့ မှတ်တမ်း ရေးထားတာ။ သုပ္ပဗုဒ္ဓအနူကြီးကျတော့ တောင်းစားရင်း သွားရင်းနဲ့ သောတာပန်တည်တယ်။ ဉာဏ်စဉ်သိပါ့မလား။

ဓမ္မသင်္ဂဏီပါဠိတော်၌ - အာစယဂါမိနော ဓမ္မာ၊ အပစယ ဂါမိနော ဓမ္မာ၊ နေဝါစယဂါမိ၊ နာပစယဂါမိနော ဓမ္မာ။

(အမှတ် ၁ / ၅၀၉)

**သံယုတ်ပါဠိတော်၌**

"ဒုက္ခမေဝ ဟိသမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ၊ နာညတြ ဒုက္ခာသမ္ဘောတိ၊ နာညံဒုက္ခာနိရုဇ္ဈတိ"

ဒုက္ခမေဝ၊ ဒုက္ခတရားသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဒုက္ခတရားသည်။ တိဋ္ဌတိ၊ ခဏကလေး တည်နေ၍။ ဝေတိစ၊ ပျက်လဲပျက်၏။

ဒုက္ခံ၊ ဒုက္ခကို။ အညတြ၊ ကြဉ်ထား၍။ သမ္ဘောတိ၊ ဖြစ်ပေါ် လာတဲ့ဘုရားသည်။ နတ္ထိ၊ မရှိပါဘူးကွာတဲ့။

ဒုက္ခံ၊ ဒုက္ခတရားမှ။ အညံ၊ တပါးသော တရားသည်။ နိရုဇ္ဈတိ၊ ချုပ်သည်မည်သည်။ နတ္ထိ၊ မရှိပါဘူးကွာတဲ့။

(အမှတ် ၁၃ / ၄၆၆)

**စေတနာ၊ ကံ၊ သင်္ခါရ ကွဲပြားပုံ**

သတ္တဝါအစကို ရှာမတွေ့ဘူး။ ဓမ္မအဖြစ်နှင့်သာ တွေ့တယ်။ သတ္တဝါအစဟာ အဝိဇ္ဇာ—တဏှာ။ အဝိဇ္ဇာနှင့် သင်္ခါရကို

တွေ့တယ်။ အဝိဇ္ဇာဆိုတာ သစ္စာလေးပါး မသိတာ။ သင်္ခါရ သစ္စာလေးပါး မသိတော့ ပြုချင်သလို ပြုတာက သင်္ခါရ။

**ပုညာဘိသင်္ခါရ**။ ပုညက ကုသိုလ်။ အဘိသင်္ခါရက ပြုပြင်တတ်တဲ့တရား။

**အပုညာဘိသင်္ခါရ**။ အပုညက အကုသိုလ်တရား။ အဘိသင်္ခါရက ပြုပြင်တတ်တဲ့တရား။ ပြုပြင်တယ်ဆိုတာနဲ့ ခန္ဓာကြီးလာလိမ့်မယ်။ အကုသိုလ်နဲ့ ပြုပြင်တော့ အကုသိုလ်ခန္ဓာပေါ့။ ဒါကြောင့် ခန္ဓာ ၅ ပါးအစ အဝိဇ္ဇာသင်္ခါရက ဆိုတယ်။

ဒါကြောင့် ခန္ဓာပြုပြင်တာ အဘိသင်္ခါရလို့မှတ်။ အဘိထည့်ပေးလိုက်။ အဘိသင်္ခါရကုသိုလ်၊ အဘိသင်္ခါရအကုသိုလ်။

ဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရာပစ္စယာ ဝိညာဏံ ဆိုတဲ့ ဘုရားဟောပါဠိနဲ့ ကိုက်သွားပြီ။

အဝိဇ္ဇာရှိတုန်းကို လုပ်တဲ့တရားဖြစ်နေလို့ အဝိဇ္ဇာရှိတုန်းကို ပေါ်လာတဲ့တရား ဖြစ်နေတော့ ဒီခန္ဓာ ၅ ပါး ဒုက္ခသစ္စာတရားကြီးဟာ မပေါ်ပါနဲ့ဆိုလို့ မရဘူး။

သင်္ခါရပစ္စယာ၊ ဝိညာဏံ၊ ဝိညာဏ်နာမ်ရုပ် တပေါင်းတည်းပေါ်တယ်လို့မှတ်။ ရူပပစ္စယာ တဏှာ၊ ဝေဒနာပစ္စယာတဏှာ၊ သညာပစ္စယာတဏှာ၊ သင်္ခါရပစ္စယာတဏှာ၊ ဝိညာဏပစ္စာယာ တဏှာ ခန္ဓာ၅ ပါး ဒုက္ခတရား၌ တဏှာ ၅ ပါး။

(အမှတ်စဉ် ၁/၄၀၁)

**စေတနာကံ**

တကျာလာရင် ဒီအတိုင်းနေမှာ မဟုတ်ဘူး။

တကျာ ဥပါဒါနိ (ဥပါဒါနပစ္စယာ ကမ္မဘဝ) ဆိုတာ ရှိတယ်။ ဒါ စေတနာ၊ စေတနာပေါ်လာပြီ။ စေတနာ ဟံ ဘိက္ခဝေ၊ ကမ္မံဝဒါမိ ဆိုတာဟာ (ကမ္မဘဝ) ဟောတာ။

ဘိက္ခဝေ၊ အိုချစ်သားရဟန်းတို့။ စေတနံ၊ စေတနာကို။ ကမ္မံ၊ ကံဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ ဘုရားက စေတနာကို ငါကံလို့ ဟောလိုက်တယ်။ စေတနာ ဆိုတာ–

စေတေတီတိ စေတနာ။ စေတေတိ၊ စေ့ဆော်တတ်၏။ ဣတိ၊ ဤသို့ စေ့ဆော်တတ်သောကြောင့် စေတနာ စေတနာ မည်၏။

**မှတ်ချက်**။ ။စေတနာတမျိုးရှိပါလျက်သားနှင့် သူ့ကို ကံဟူ၍ အမည်ပေးလိုက်ခြင်းသည် ဝဋ္ဋပုဂ္ဂိုလ်အတွက်ကိုသာ ကံရယ်လို့ ဆိုလိုက်တယ်။ ဝိဝဋ္ဋပုဂ္ဂိုလ်တွေအတွက်တော့ ဒီနေရာမှာ **စေတနာ**ဘဲရှိပါတယ်။ **ကံ**မဖြစ်ဘူး။ ဝဋ္ဋပုဂ္ဂိုလ်အတွက်ကတော့ ကမ္မံဝဒါမိ။

ဝိဝဋ္ဋပုဂ္ဂိုလ်အတွက်ကတော့ အဟောသိကံ စေတနာဘဲ။

အချို့စေတနာသည် အကျိုးပေးသဖြင့် ကံလို့ ခေါ်ရတယ်။ အကျိုးမပေးတဲ့ စေတနာကိုတော့ စေတနာလို့ဘဲ ခေါ်ရမယ်။ တနည်း မျိုးစေ့အောင်တာကိုတော့ ကံ။ မျိုးစေ့မအောင်တာကိုတော့ စေတနာဘဲ။

"ကမ္မဘဝပစ္စယာ ဇာတိ" ဇာတိ ပဋိသန္ဓေကို ကေန် အကျိုးပေးမယ်။ ဒါ ဝဋ္ဋပုဂ္ဂိုလ်ပြုလုပ်တဲ့ကံ။ ဒါဖြင့် သင်္ခါရနဲ့ ကမ္မဘဝဟာ အတိတ်နဲ့ပစ္စုပ္ပန်ဘဲ ကွာတယ်လို့ မှတ်လိုက်။

အတိတ်ကံကို သင်္ခါရလို့ ခေါ်တယ်။ ပစ္စုပ္ပန်ကံကို ကမ္မဘဝလို့ ခေါ်တယ်။

ဘုရားက ရှင်မဟာကဿပကို မင်းသက်န်းကြီး တယ်ကောင်း ပါလားလို့ ဆိုပြီး ဘုရားကချီးမွမ်းတော့၊ ဘုရားအလိုရှိတယ် ထင်ပြီး လှူလိုက်တော့၊ ရှင်မဟာကဿပမှာ ကံမမြောက်ဘူးလား။ ကံတော့မြောက်တယ် ဘာကံလဲဆိုတော့ ပုဗ္ဗကာမတ္တဖြစ်၍ ကိရိယာကံ ဖြစ်သွားတယ်။

"စေတနာ ဟံဘိက္ခဝေ၊ ကမ္မံဝဒါမိ၊ ကမ္မံသတ္တေဝိဘဇ္ဇတိ" ကျတော့ ဒါကိုဆိုတာ။ ကမ္မံ၊ ကံသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဘတိ၊ အကျိုးပေး၏။ အကျိုးပေးတယ်ဆိုတော့ ကံပေါ့။ အကျိုးမပေးတဲ့ စေတနာမျိုးကျတော့ စေတနာကို ယူထားလိုက်။ **ဒါဖြင့် ကမ္မဘဝနဲ့ သင်္ခါရ ထူးပါ့မလား။ မထူးပါ။**

တဏှာကို မဂ္ဂင် ၅ ပါးနဲ့ရှု၊ ဒီကံမလာနိုင်ဘူး။ ဥပါဒါန်ကို မဂ္ဂင် ၅ ပါးနဲ့ရှု။ ဒီကံမလာနိုင်ဘူး။ ဝဋ္ဋ ပုဂ္ဂိုလ် ဒီကံအကျိုးပေး တယ်။ ဝိဝဋ္ဋ ပုဂ္ဂိုလ်မှာ ဒီကံအကျိုးမပေးဘူး။ ဒီလို ၂ ချက် လာတယ်။ သင်္ခါရက အမြဲ ခန္ဓာကို ဖြစ်စေတယ်။ ကံကတော့ ကလျာဏမိတ္တနဲ့တွေ့ရင် မဖြစ်ဘူး။ သင်္ခါရက ကေန်။ ကမ္မဘဝက အနေကန် ခန္ဓာဖြစ်လာတဲ့ ပုဂ္ဂိုလ်ဟာ အဝိဇ္ဇာသင်္ခါရမကင်းဘူး။

ဒါကြောင့် အဝိဇ္ဇာကို အဘ၊ တဏှာကို အမိလို့ဆိုတာ။ သင်္ခါရဆိုတဲ့ တရားက အဝိဇ္ဇာ မချုပ်သရွေ့ ကာလပတ်လုံး သင်္ခါရမချုပ်။ သင်္ခါရမချုပ်သရွေ့ ကာလပတ်လုံး ခန္ဓာ မချုပ်။

မဟာပုဏ္ဏမ သုတ်မှာ ၅၀၀ သော ရဟန်းတို့တွင် ရဟန်း တပါးက ခန္ဓာ ၅ ပါး အနတ္တဆိုရင် ကံကိုဘဲ အားကိုးရတော့ မယ်လို့ ကံကိုအတ္တလုပ်နေတယ်။ (ကမ္မဝါဒီဒိဋ္ဌိ ဖြစ်နေတယ်)။ အဘိဏှသုတ်မှာ ကံအမိ ကံအဖဆိုတာက သုတ္တံနည်း။ တဏှာ ပါးအောင်လို့ ဆင်ခြင်နိုင်းတာ၊ တဏှာပြတ်အောင် လုပ်ထာ မဟုတ်ဘူး။ မဂ်ဖိုလ်အလုပ်တွင်တခုသော ဒိဋ္ဌိရှိနေက နိဗ္ဗာန်ကို မရောက်နိုင်ဘူး။

**သင်္ခါရက္ခန္ဓာဆိုတာမှာ စေတနာကံပါနေတယ်**။ ဒါကြောင့် ခန္ဓာ ၅ ပါး တပါးပါးကို သူ့အတ္တစွဲတယ်။ ဝိညာဏက္ခန္ဓာဆိုရင် အတ္တမစွဲဘူး။

ကိုဋ္ဌိ သင်္ခါရံနိစ္စတော၊ ပဿတော၊ အနုလောမခန္တိ၊ နဝဒတိ၊ တခုသော ခန္ဓာကို နိစ္စကို ယူထားတယ်ဆိုရင် နိစ္စနဲ့အတ္တ အတူတူ ဘဲ။ အဲဒီလိုဆိုရင် နိဗ္ဗာန်မရနိုင်ဘူး။ ဒါကြောင့် သတိပဋ္ဌာန် ပါဠိတော်မှာ—

ရူပသဉ္စေတ နာလောကေ၊ သဒ္ဒသဉ္စေတ နာလောကော စသည် မလာဘူးလား။ ဇွေတ္တသာ တဏှာ၊ တဏှာနဲ့ဒိဋ္ဌိ အတူ တူဘဲ။ ပဟိယမာနော ပဟိယတိ မဆိုဘူးလား။ ဒီကံကို ဖြစ် ပျက်ရှုရမယ်၊ ရှုမှ သမ္မာဒိဋ္ဌိဖြစ်မယ်။ ဒီကမ္မဝါဒီဒိဋ္ဌိ ရှိနေတဲ့ ရဟန်းကို သဗ္ဗေဓမ္မာအနတ္တာလို့ ဟောလိုက်တော့ ဒီကံကလေး မကျန်တော့ဘူး။

၁။ သောတာပတ္တိမဂ်သည် အပါယ် ၄ ပါး သွားစေတတ်သောကံကို ဖြတ်သည်။

၂။ သကဒါဂါမိမဂ်သည် ရုန့်ရင်းသောကာမရာဂတွေ၊ ဒေါသတွေကို ဖြတ်သည်။

၃။ အနာဂါမိမဂ်သည် သုဂတိဘုံသို့ သွားစေတတ်သော လောဘ ဒေါသတွေကို ဖြတ်သည်။

၄။ အရဟတ္တမဂ်သည် ရူပရာဂ အရူပရာဂတွေကို ဖြတ်သည်။ မဂ်ဟူသမျှသည် ကံဖြတ်သည်။

ဒါကြောင့် နမကာရကျတော့ "ကုသလာ ကုသလံဇဟံ" တဲ့။ ကုသိုလ် အကုသိုလ်ကို စွန့်လိုက်ကွတဲ့။

**ဘုံဘဝ** အကျိုးပေးတာ ကံ၏သတ္တိ။

**နိဗ္ဗာန်** အကျိုးပေးတာ မဂ်၏သတ္တိ။

ရူပသဥ္စေတနာလောကေ၊ သဒ္ဒသဥ္စေတနာလောကေ၊ ဆိုပြီး ကံချည့်ဟောတာဘဲ။ ဇေတ္တောသာတဏှာတဲ့။ ကံနောက်က တဏှာလိုက်တယ်။ ကျုပ်တော့ ကိုယ့်စေတနာကလေး တခုဘဲ အားကိုးနေတာဘဲဆိုတော့ ဘာဖြစ်မလဲ (ဒိဋ္ဌုပါဒါန်) ကံကို ငါ့ဟာလုပ်ထားတာ။ ဒိဋ္ဌိဟာ မဂ်တားဖိုလ်တားဘဲ။

**သီလဗ္ဗတုပါဒါန်ဆိုတာ** နွားအလေ့ ခွေးအလေ့ကို စွဲလမ်းတာ။ အတ္တဝါဒုပါဒါန်ကတော့ (ဒိဋ္ဌိ ငါစွဲတယ်)။ ဉာဏ်၏ နယ်က ၃၁ ဘုံ၏အပြင်ဘက်။ ကံ၏နယ်က ၃၁ ဘုံ၏ အတွင်းဘက်။

"တယောဘဝေ အဒ္ဒုဿရံဝိယ" တယောဘဝေ၊ ဘုံဘဝ ၃ ပါးဆိုတော့ ကာမရူပ အရူပ (၃၁) ဘုံ။

အဒ္ဒုဿရံဝိယ- အချုပ်နှောင်အိမ်ကြီး ကဲ့သို့ဆိုတော့၊ နှောင်အိမ်ကျတဲ့ ပုဂ္ဂိုလ်ဆိုတော့ ကံက ဒီ ၃၁ ဘုံထဲဝင်တယ်။

**အရိယာမကွယ်**

ဣမေစ သုဘဒ္ဒ၊ ဘိက္ခူ သမ္မာဝိဟရေယျုံ။

အသုညောလောကော၊ အရဟန္တေဟိအဿ။

ဘုရားမရှိတဲ့အခါ အရိယာတွေများ ကွယ်တော့မလားလို့၊ ဆာဝါရဲ့သား သုဘဒ္ဒက မေးတော့ မကွယ်ဘူးကွတဲ့။ ဘယ်အခါမဆို ရနိုင်ပါတယ်တဲ့။ ဘုရားက—

(၁၃၊ ၄၀၉)

သုခဝေဒနာပေါ်လဲ သုခဝေဒနာမရှုနဲ့ အနိစ္စကိုရှု။ ဒုက္ခဝေဒနာပေါ်လဲ ဒုက္ခဝေဒနာမရှုနဲ့ အနိစ္စကိုရှု။ ဥပေက္ခာဝေဒနာပေါ်လဲ ဒုက္ခဝေဒနာမရှုနဲ့ အနိစ္စကိုရှု။

သတိပဋ္ဌာန်ပါဠိတော်က သမုဒယ ဓမ္မာနုပဿီဝါ၊ ဝယဓမ္မာနုပဿီဝါ ဝေဒနာ သုဝိဟရတိ တဲ့။ ဖြစ်ပျက်သာရှု။ ဝေဒနာရှုမနေနဲ့တဲ့။ ဝေဒနာပစ္စာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနာပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ။

(သမုဒယသစ္စာ ၃ ခု) အနာဂတ်အကြောင်း။

တဏှာ ဥပါဒါန် ကံ **အနာဂတ်အကြောင်း ၃ပါး**

အနာဂတ်အကျိုး ဒုက္ခ ၃ ခု။

ဇာတိ၊ ဇရာ မရဏ၊ အနာဂတ်အကျိုး ၃ ပါး။ ဒါကြောင့် နေ့တိုင်း ဝိပဿနာ ကင်းနေတဲ့ ပုဂ္ဂိုလ်မှာ တဏှာဥပါဒါန် ကံတွေချည့် နေ့တိုင်းလုပ်နေတယ်။ အနာဂတ် အကြောင်း ၃ ပါး လုပ်နေလို့ အနာဂတ်အကျိုး ၃ ပါးရတယ်။ အဲဒါ သေရင် ဒုက္ခရောက်ဘို့ အဆင်သင့်လုပ်နေတာ။

(အမှတ် ၂၇၊ ၄၀၈)

**သစ္စာအနက်**

၁။ အနုဗောဓဉာဏ်၊ တရားနာလို့ စာအုပ်ကြည့်လို့ရတဲ့ဉာဏ်။
၂။ ပဋိဝေဓဉာဏ်၊ ခန္ဓာထဲမှာ မဂ်ဉာဏ်နဲ့ သေသေချာချာ ကြည့်လို့ တကယ်တန်း ဒုက္ခသစ္စာအစစ်ကို မြင်တာ။

စာသိလို့ စာတတ်လို့ ကိစ္စမပြီး၊ ဝိပဿနာပွား၊ ဉာဏ်ပွား တတ်ရုံနဲ့ ကိစ္စမပြီးသေးဘူး။ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ ပိုင်းခြား သိတဲ့ ပဋိဝေဓဉာဏ် ရောက်မှ ကိစ္စပြီးမယ်။

(သစ္စာအနက်တဆယ့်ခြောက်ချက် အမှတ်စဉ်၁မှ စာမျက်နှာ၂)

**ဒုက္ခဿပီဠနဋ္ဌော** သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက် တတ်တယ်တဲ့။

ရုပ်ခမ္မ၊ ကိုယ်လက်အင်္ဂါကောင်းတဲ့ သူငယ်နာ ဝမ်းပျက် ကလေး မျက်စိကတော့ မမြင်ဘူးတဲ့။ နာမ်ခမ္မက၊ ခြေကျိုး လက်ကျိုး သည်းခြေရူးကလေး။ အဲဒီအမှာပူးကို မွေးထားတဲ့ မိခင်နဲ့တူတယ်။ (အဲဒါ ဇာတိရတဲ့ပုဂ္ဂိုလ်မှာသည်အတိုင်း)။

## ဉာဏ်စဉ် ၃ မျိုး

ဉာဏ်စဉ် ၃ မျိုးမှာ (၁) ယထာဘူတဉာဏ် ဖြစ်ပျက်၊ (၂) နိဗ္ဗိန္ဒဉာဏ် ဖြစ်ပျက်မှန်အောင် ကြည့်တာ၊ (၃) မဂ်ဉာဏ်၊ အဆုံးကြည့်လို့ ပေါ်လာတယ်။

(သစ္စာအနက် ၁၆ ချက်မှ ၈၃)

**အနတ္တလက္ခဏသုတ်မှာ**

၁။ ပါဠိတော်ကျတော့ ဧဝံမေတံ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ။ (ဒဋ္ဌဗ္ဗံဆိုတာ **ယထာဘူတဉာဏ်နဲ့ ရှုတဲ့**)။

၂။ ဧဝံပဿံ ဘိက္ခဝေ သုတဝါ အာယတာဝကော(ဝေဒနာရှုရင်) ဝေဒနာယပိ နိဗ္ဗိန္ဒ **နိဗ္ဗိန္ဒဉာဏ်**ကို တိုးတက်သွားတာ။ အဲဒီ ယထာဘူတဉာဏ်နဲ့ နိဗ္ဗိန္ဒတိဉာဏ်ဟာ ၂ ခုစလုံး ဝိပဿနာဉာဏ် ချည့်ဘဲ။ ဘာဖြစ်လို့တုန်းဆိုတော့ ဖြစ်ပျက်အာရုံပြုလို့ တနည်း **သင်္ခတ**ကို အာရုံပြုလို့ **အသင်္ခတ** မပြုဘူး)။

၃။ နိဗ္ဗိန္ဒန္တော ဝိရဇ္ဇတိ။ နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့ပြီးသည်ရှိသော်။ ဝိရဇ္ဇတိ၊ တပ်မက်ခြင်း ကင်း၏။ မဂ်ပေါ်၏။ ငြီးငွေ့ပြီးသည် ရှိသော် မဂ်ပေါ်၏တဲ့။ တပ်မက်ခြင်းကင်းတဲ့မဂ် ပေါ်ရမယ်။ အာရုံသည် မလိုချင်လို့ ချုပ်သွားပြီလို့ ဆုံးဖြတ်ချက်ချ။ ချုပ်တဲ့ နေရာမှာ အမှောင်ပျောက်သွားလို့ အလင်းကအစားထိုးလာတာ။

ပါဠိတော်ကျတော့–

"ဝေဒနာနံ၊ ခယော ဘိက္ခု၊ အနိစ္စတော၊ ပရိနိဗ္ဗုတော" ဝေဒနာကုန်အောင် ရှုနိုင်တဲ့ပုဂ္ဂိုလ်ဟာ အနိစ္စတော၊ တဏှာ မရှိသည်ဖြစ်၍ ကိလေသာပရိနိဗ္ဗာန်စံ၏ လို့ ဘုရားမဟောဘူးလား။

ဝေဒနာချုပ်အောင် ရှုနိုင်တဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာမရှိသည့်အတွက် ဝေဒနာနိရောဓ၊ တဏှာနိရောဓနဲ့ ကိုက်မကိုက် ပြန်စဉ်းစား။ တခါ ဘုရားက သူချည့်ချုပ်တယ်လို့ အောက်မေ့မနေနဲ့ကွတဲ့။

တဏှာနိရောဓ၊ ဥပါဒါနနိရောဓ၊ ဘဝနိရောဓ၊ ဇာတိနိရောဓ၊ အကုန် ဒုက္ခအစု နိရောဓချည့် ဖြစ်တယ်တဲ့။

ဒိဋ္ဌိ

ဒိဋ္ဌိဆိုတာ မိစ္ဆာပဿတိတိဒိဋ္ဌိ။ မိစ္ဆာ၊ မှားသောအားဖြင့်။ ပဿတိ၊ မြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒိဋ္ဌိ၊ ဒိဋ္ဌိမည်၏။

(အမှတ်စဉ် ၂၉/ ၃၀၉)

× × ×

# အပိုင်း (၉)

## ပထမ ဗုဒ္ဓ ဒေသနာ

အနေက ဇာတိသံသာရံ၊ သန္ဓာဝိဿံ၊ အနိဗ္ဗိဿံ ဂဟာကာရ ဂဝေသန္တော၊ ဒုက္ခဇာတိ ပုနပ္ပုနံ၊ ဂဟာကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ၊ သဗ္ဗာတေ ဖာသုကာဘဂ္ဂါ ဂဟကူဋံ ဝိသင်္ခတံ၊ ဝိသင်္ခါရ ဂတံစိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ဂဟာကာရက၊ ဓာတ်ကြီးလေးပါးနှင့်တကွ ပရမတ္ထခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ အခါခါအထပ်ထပ် ဆောက်လုပ်တတ်သော တဏှာယောကျ်ား (ဟယ်) လက်သမား။ တံ၊ အဝိဇ္ဇာနှင့် တဏှာခြောက်ပါး လက်သမားကို။ အနေကဇာတိ၊ တပါးမက များလှစွာသော ပဋိစ္စသမုပ္ပါဒဟူသည်။ ဇာတိဓမ္မ၊ ဇရာဓမ္မ၊ မရဏဓမ္မ ဟူသော ဘေးဒုက္ခဆင်းရဲအပေါင်းတို့၏ ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်သမျှကာလပတ်လုံး။ ဂဝေသန္တော၊ ပါရမီမှု ပညာ

စုတို့ဖြင့် ရှေပြု၍ ရှာဖွေထောက်လှမ်း စုံစမ်း၍ လာရသော ငါဘုရား ဗောဓိသတ္တအလောင်းတော်သည်။ သံသာရံ၊ နောက်သို့ တွန့်၍ နေသော အလှန်တရာမှ ရောင့်ရဲနိုင်လှတဲ့ ဒါန သီလ သမထ စသော ကာမသုခလ္လိကာနုယောဂ သဿတဒိဋ္ဌိနှင့်ယှဉ်သော အယူမျိုးအကျင့်မျိုးတို့ကိုငင်း။ သန္ဓာဝိသံ၊ ရှေ့သို့အလှန်ပြေး၍ နေသော တင်းလွန်း ကြမ်းလွန်း အားကြီးသော။ အတ္တကိလမထ နုယောဂ ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော အယူမျိုးအကျင့်မျိုးတို့ကိုငင်း။ အနိဗ္ဗိသံ၊ အနိဗ္ဗိသန္တော၊ ပယ်နိုင်စွန့်နိုင် သိမြင်နိုင်သော ဉာဏ်ကို မရသေးသည်ဖြစ်၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ အလှန်ပင်ဆင်းရဲလှ စွာသော ပရမတ္ထဇာတိ ဒုက္ခဘေးကြီးနှင့် တွေ့ခဲ့ရလှလေပြီ။

ဂဟကာရက။ ဥပါဒါနက္ခန္ဓာအိမ်ကြီးကို ဆောက်လုပ်ပြုပြင် နေသော အဝိဇ္ဇာနှင့် တဏှာခြောက်ပါး ဟဲ့ လက်သမား။ တံ၊ သင်လက်သမားကို။ ဒိဋ္ဌော၊ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် မျက်ဝါး ထင်ထင် သိမြင်အပ်သည် အသိ ဖြစ်ပြီ။ ပုန၊ နောက်ထပ်တဖန်။ ဂေဟံ၊ ဥပါဒါနက္ခာန္ဓာ၊ ငါးပါးတည်းဟူသော အတ္တဘော အိမ်ကြီးကို။ နကာဟသိ၊ သင်္ခါရဖြစ်သော ကုသိုလ် အကုသိုလ်ကံ တို့ကို မပြုသည်ဖြစ်၍ မဆောက်မလုပ်ရတော့ပေ။

တေ၊သင်လက်သမား၏။သဗ္ဗာ၊အလုံးစုံကုန်သော။ဖာသုတာ အိမ်၏ တုပ် ယောက် ဒိုင်း မြှား နှင့် တူသော။ ဝိဉာဏ် နာမ် ရုပ် သဠာယတနဖဿ၊ ဝေဒနာတည်းဟူသော ဥပါဒါနက္ခန္ဓာငါးပါး တို့ကို။ ဘဂ္ဂါ၊ အရဟတ္တမဂ်ဉာဏ်သံလျက်ဖြင့် ချိုးဖွဲ့ဖျက်ဆီးလိုက် လေပြီ။

ဂဟာကူဋ္ဌ၊ အိမ်၏အထွဋ်ဖြစ်သော မှန်ကင်းနှင့်တူသော။ ပဋိစ္စသမုပ္ပန္နဓမ္မနိရောဓ၊ ဓမ္မသင်္ခါရအမျိုးတွေကို ဖျက်ဆီးစေ၍ အသင်္ခတဓာတ်သို့ ပြောင်းလဲလိုက်လေပြီးသော။ မေ၊ ငါဘုရား သခင်၏။ စိတ္တံ၊ သင်္ခါရမည်သော ဥပါဒါနက္ခန္ဓာ စိတ်မျိုးတွေကို လွတ်ကင်းအောင် ပြုလိုက်လေပြီ။ တဏှာနံ၊ ခြောက်ဖြာအာရုံ ကာမဂုဏ်တည်းဟူသော တဏှာတို့၏။ ခယံ၊ကုန်ရာချုပ်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို။ မဇ္ဈဂါ၊ ငါ ယခု ရတော်မူပေပြီ။

**ခန္ဓာဝန်နဲ့ မြင့်မိုရ်တောင်**

ဘဝေသာတံ နဝိန္ဒာမိ၊ ဒယှန္တော့တိဟိအဂ္ဂိဟိ၊

ဘာရိကော၊ ရာဂ ကရေနု၊ နေရုံဉတ္တရီတောယထာ၊

ဟု ရှင်သာရိပုတ္တရာက ညည်းတယ်။ အာဝုသော၊ ငါ့ရှင်။ ဘဝေ၊ ဘဝများစွာ သံသရာကြီးထဲ၌။ သာတံ၊အေးငြိမ်းသာယာသက်သာစွာကို။ နဝိန္ဒာမိ၊ ဘယ်တော့မှ မရခဲ့ပါဘူးတဲ့။ နေရုံဉတ္တရီတောယထာ၊ မြင့်မိုရ်တောင်ကြီးထမ်းရတာကမှ တော်သေးတယ်ကွာတဲ့။ ခန္ဓာကြီးထမ်းနေရတာက ဘယ်တော့မှ မပြတ်ဘူးတဲ့။ နေ ၇ စင်းလောက် ထွက်ရင် အကုန်ပြာကျသွားတယ်။ မြင့်မိုရ်တောင်ကြီးဟာ ကျုပ်တို့ခန္ဓာက ဖြဟ္မာပြည်သွားပြီး ခန္ဓာဝန် ထမ်းနေရပြန်တယ်။

ကမ္မသာ၊ကံကို။ ကာရကော၊ ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါသည်။ နတ္ထိ မရှိ။

ဝိပါကဿ၊ အကျိုးတရားကို။ ဝေဒကော၊ ခံစားတတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါသည်။ နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာဝ၊ ရုပ်နာမ် ဓမ္မ

အကြောင်း အကျိုးတို့သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကြကုန်၏။ ဧဝမေတံ သမ္မဒဿနံ၊ ဤသို့မြင်လျှင် ရုပ်နာမ်တွေ အကြောင်း အကျိုးဆက်နေတာ မြင်ခဲ့လို့ရှိရင် မဂ် အမြင်မှန်ပါတယ်။ (ဝိပဿနာ မဂ်အမြင်)။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာကြီးများက သာသနိကော ဒိဋ္ဌိပိလို့ ဖွင့်တယ်။

သာသနိကော၊ သာသနာရှိတဲ့ အခါကာလ၌။ ဒိဋ္ဌိပိကာရဏော၊ နှစ်ပါးသော အကြောင်းနဲ့ ပြည့်စုံတယ်ကွာတဲ့။ ကမ္မဿကတ သမ္မာဒိဋ္ဌိလဲ ရတယ်။ သစ္စာနုလောမိက သမ္မာဒိဋ္ဌိလဲရတယ်တဲ့။

(၁၃၊ ၄၄၁)

**ပုထုဇန်ရဟန်းရတ္တာ**

ပုထုဇန်ရဟန်းက ရဟန္တာကြီး ၄ ပါးအား လျှောက်သည်။

၁။ ပုထုဇန်းရဟန်းက ကိတ္တာဝတာနုခေါ အာဝုသော ဒဿနံ သုဝိသုဒ္ဓံဟောတိ။ အရှင်းဘုရားတို့ အမြင် စင်ကြယ်တယ်ဆိုတဲ့ ဥစ္စာ ပြောတော်မူပါ တဲ့။

ရဟန်းကြီးက၊ ဆန္နံ အာယတနာနံ၊ သမုဒယဉ္စ၊ အတ္ထင်္ဂမဉ္စ၊ ယထာဘူတံ၊ ပဇာနာတိ၊ တ္တော ဝတာခေါ အာဝုသောဒဿနံ၊ သုသိသုဒ္ဓံဟောတိ။ အာယတနတရား ၆ ပါးဟာ ဖြစ်ပြီးပျက်တယ်လို့ ဟောတော်မူသည်။သမုဒယနဲ့၊ အတ္ထင်္ဂမ ရှုပါလို့ပြောတာ၊ဖြစ်ပျက်ရှုပါလို့ ပြောတာ။

၂။ ဒုတိယ ရဟန္တာကြီးက ပဥ္စန္နံခန္ဓာနံ သမုဒယဥ္စ၊ အတ္ထင်္ဂမဥ္စ၊ ယထာဘူတံ ပဇာနာတိ။

၃။ တတိယယ ရဟန်းကြီးက စတုန္နံ မဟာဘူတာနံ၊ သမုဒယဥ္စ အတ္ထင်္ဂမဥ္စ၊ ယထာဘူတံ ပဇာနာတိ၊ တွေ့ဝတာခေါ် အာဝုသောဒဿနံ သုဝိသုဒ္ဓိဟောတိ။

၄။ စတုတ္ထ ရဟန္တာကတော့ ယံကိဉ္စိသမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ၊ တွေ့ဝတာခေါ် အာဝုသော ဒဿနံ သုဝိသုဒ္ဓံဟောတိ။

ဖြစ်ပျက်မြင်ရင် အမြင်မှန်တဲ့။ အာယတန ၆ ပါး၊ ခန္ဓာ ၅ ပါး၊ ဓာတ် ၄ ပါး တို့ကို ထည့်၍ မပြတော့ဘူး။

(၁၃၊ ၅၄၄)

**အကာလိကော**

နိဗ္ဗာန်သို့ ရောက်စေတတ်သော သညာ ၆ ပါး။

၁။ ခပ်သိမ်းကုန်သော သင်္ခါရ တရားတို့သည် မမြဲဟု အမှတ်ပြုသော (အနိစ္စသညာ)။

၂။ မမြဲသော အရာတို့၌ ဆင်းရဲဟု အမှတ်ပြုသော (အနိစ္စ ဒုက္ခသညာ)။

၃။ ဆင်းရဲ၌ အစိုးမရဟု အမှတ်ပြုသော (ဒုက္ခအနတ္တ သညာ)။

၄။ ပယ်အပ်၏ဟု အမှတ်ပြုသော (ပဟာနသညာ)။

၅။ ရာဂကင်း၏ အမှတ်ပြုသော (ဝိရာဂသညာ)။
၆။ ရာဂချုပ်၏ဟု အမှတ်ပြုသော (နိရောဓသညာ)။

(စာမျက်နှာ ၅၁)

**လျှံရွှေစင် လျှပ်ပြက်သကဲ့သို့**

နိဒ္ဒေသပါဠိတော်မှာ– အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ ဒဿနံ၊ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

သင်္ခါရာ၊ ရုပ်ဓမ္မ နာမ်ဓမ္မ တရားတို့သည်။ အဒဿနတော၊ မမြင်ရရာ အနာဂတ အဘာဝအဖြစ်မှ။အာယန္တိ၊လာ၍၊ အသစ်ဖြစ်ပေါ်လာကြလေကုန်၏။

ဘင်္ဂါ၊ ချုပ်ပျောက်ပျက်ဆုံးကြကုန်သော ရုပ်နာမ်သင်္ခါရတို့သည်လည်း။ အဒဿနံ၊ မမြင်ရာ အဘာဝအဖြစ် အတိတ်အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကြရလေကုန်၏။

အာကာသေ၊ထက်ခွင်အဇဋာ မိုးအာကာ၌။ဝိဇ္ဇုပ္ပါဒေါဣဝ၊ ပြိုးပြက်လျှံဝင်း လျှပ်စစ်၏ ဖြစ်ခြင်းကဲ့သို့ ဥပ္ပဇ္ဇန္တိစ၊ ဖြစ်လည်းဖြစ်ကြကုန်၏။ ဝယန္တိစ၊ ပျက်လည်းပျက်ကြကုန်၏။

(နိဗ္ဗာန်ဝင်လမ်း ၇ ရက်စခန်း ပထမပိုင်း စာအုပ်
စာမျက်နှာ ၄၈ မှ)

**ကျေးဇူးရှင်ဆယ်ပါး ဘုရားရှိခိုး**

ဗုဒ္ဓေ ပစ္စေကဗုဒ္ဓေစ၊ အရဟာ၊ အဂ္ဂသာဝကာ၊
မာတာပိတု၊ ဂရုသတ္တာ၊ ဓမ္မဒေသကာစ ဒါယကာ၊ ဣမေ
ဒသ မဟာဂုဏေ အဟံဝန္ဒာမိ သဗ္ဗဒါ။

ဗုဒ္ဓေ၁စ၊ ဘုရားရှင်း။ ပစ္စေက ဗုဒ္ဓေ၁စ၊ ပစ္စေကာ ဗုဒ္ဓါရှင်း။ အရဟာ၁စ၊ ရဟန္တာရှင်း။ အဂ္ဂသာဝကာ၁စ၊ အဂ္ဂသာဝကာတို့ကိုရှင်း။ မာတာ၁စ၊အမိကိုရှင်း။ ပိတုစ၊ အဘကိုရှင်း။ဂရုစ၊ အလေးအမြတ်ပြုအပ်သော ဆရာကိုရှင်း။ သတ္ထာ၁စ၊ ဆုံးမပေးသော ဆရာကိုရှင်း။ ဓမ္မဒေသကာ၁စ၊ တရားဟောပြပေးသော ဆရာကိုရှင်း။ ဒါယကာ၁စ၊ ကျွေးမွေးပေးကမ်းသော ကျေးဇူးရှင်တို့ကိုရှင်း။ ဣမေဒသမဟာဂုဏေ၊ ဤတကျိတ်သော ဂုဏ်ကျေးဇူးကြီးမြတ်လှသော ပုဂ္ဂိုလ်တို့ကို။ အဟံ၊ အကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

## ဈာန်ဝင်စားစဉ်

အရှင်သာရိပုတ္တရာသည် ရှင်မောဂ္ဂလာန်နှင့်အတူ ကပေါတချောက်၌ ဈာန်သမာပတ်ကို ဝင်စားနေစဉ်–

ညအခါ လသာသာတွင် ဆံပင်ရိတ်ပြီးခါစ ဦးခေါင်းပြောင်ပြောင်မြင်၍ မိတ္တာဒိဋ္ဌိ ဘီလူးနန္ဒသည် သမ္မာအယူရှိသော ဘီလူးက တားမြစ်ပါလျက် မနာယူဘဲ၊ လက်နှင့် တအားပုတ်ခတ်လိုက်သည်မှာ မိုးကြိုးကျသောအသံမျှလောက် ရှိသော်လည်း သမာပတ်မှထလျှင် ဦးခေါင်းတော် အုံရုံမှတပါး ဘာမျှ မဖြစ်ချေ။ ရှင်သာရိပုတ္တရာကို နန္ဒဘီလူး၏ ပြစ်မှားချက်ကြောင့် ဘီလူးနန္ဒသည် အရှင်လတ်လတ် မြေမျိုခံရလေသည်။

**ခေမာမိဖုရား**

သာဂလပြည် မဒ္ဒရာဇ်မင်း၏ သမီးတော် ခေမာသည် ဗိမ္ဗိသာရမင်းတရား၏ မိဖုရားဖြစ်၏။ အလှမာန်ယစ်နေသဖြင့် ရုပ်အဆင်း၏အပြစ်ကို ဟောတော်မူသော ဗုဒ္ဓရှင်တော် ဂေါတမ ဘုရားထံသို့ သွားလိုစိတ် မရှိချေ။

ဝေဠုဝန်ဥယျာဉ်တော်ကြီး၏ သာယာခြင်းကို နတ်များ ပင့်လာရောက် ရှုစားရပုံကိုကြားမှ သွားလိုစိတ်ရှိရာ ဘုရားရှိရာ ဝေဠုဝန်သို့ လာခဲ့လေသည်။ ဗိမ္ဗိသာရမင်းမြတ်က ကျောင်းတော် ရောက်လျှင် ဘုရားမဖူးဘဲ မပြန်ခဲ့စေနှင့်ဟု နောက်လိုက်တို့အား မှာကြားလိုက်သည်။ ဤသို့ဖြင့် မင်းအာဏာကို ကြောက်၍ နန်းတော်ပြန်ခါနီးမှ ဘုရားထံဝင်လေသော် ခေမာထက် လှပသော အမျိုးသမီးသည် ဘုရားအား ယပ်ခတ်နေပြီး တဖြေးဖြေး အို၍ နာ၍ လဲသွားပုံ၊ ညည်းညူနေပုံကို ဖန်ဆင်းပြသ သဖြင့် အလှန်ထိတ်လန့်နေခိုက်မှာ တရားတော်ဟောလေရာ ရဟန္တာဖြစ်၍ ဘိက္ခုနီမ ပြုလေသည်။

× × ×

**ပညာနဲ့ တန်ခိုး**

ဣဒ္ဓိဂရုကာဟိဗာလာ၊ ဗုဒ္ဓိဂရုကာပဏ္ဍိတာ၊

ဣဒ္ဓိဂရုကာ၊ တန်ခိုးကို အလေးအမြတ်ပြုသောသူသည်။ ဟိ၊ စဉ်စစ်။ဗာလာ၊ လူမိုက်တည်း။ ဗုဒ္ဓိဂကာ၊ ပညာကိုအလေးအနက် ပြုသောသူသည်။ ပဏ္ဍိတာ၊ ပညာရှိတည်း။

**နှလုံးခုန်နှုန်း**

သင်၏ အသက်ရှင်ရန်အတွက် တနေ့လျှင် အကြိမ်ပေါင်း (၂၃၀၄၀ ဖြင့် ရှူသည်။) လေ ကုဗပေ ၄၃၈ မှာ ရှူသွင်းသော လေ ဖြစ်သည်။

သင်၏ နှလုံးခုန်သောအကြိမ်သည် တနေ့လျှင် ၁၀၃,၃၈၉ ကြိမ် ခုန်သည်။

(ရွှေသွေးဂျာနယ်မှ လေအတိုင်းအတာ)

× × ×

**လျှပ်စစ်ပျက်ကြွေအသချော်**

ရေပေါက်ရေစက်၊ ကြိမ်ကြိမ်သက်၍၊ ထနက် ကျယ်ဝန်း၊ ပင်လယ်ထွန်း၏။ သဲစေ့ သဲပွင့်၊ စုသဖြင့်လျှင်၊ လှတင့်ကမ္ဘာ၊ ဖြစ်တို့လာ၏။ မျက်စိတမှိတ်၊ လျှပ်တညိမ့်တို့၊ တဆိတ်မနား၊ ရွေရွေသွား၍၊ ရှည်လျားသချော်၊ ကပ်ပေါ်ပေ၏။

**ဆောင်လော့**

ဟုတ်သော အကြံ၊ မှန်သော အကျင့်၊ သင့်သော အယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ၊ မှန်လှစေ။
[ရှင်စန္ဒလင်္ကာ၊ မဏိရတနာပုံကျမ်းမှ (၁၁၄၃) အပြီးနှစ် (၃၆)]

**လောကသာရပျို**

အနိစ္စနှင့်၊ဒုက္ခ အနတ္တာ၊ သုံးပါးလက္ခဏာ၊ မချာအောက်မေ့၊ တစေ့စေ့လျှင်၊ အလေ့အထ၊ ကွပ်ဆုံးမ၍၊ ပဥ္စခန္ဓာ၊ ငါးပြား နာမ်ရုပ်၊ ဖြစ်ချုပ်ကြိမ်ဖန်၊ စက်အဟန်သို့၊ ဖန်တလဲလဲ၊ ဝဋ်ဆင်းရဲ

ကို၊ ဝမ်းထဲသံဝေ၊ ထိတ်လန့်ထွေဖြင့်၊ ရှိုးရေသည်းတွင်း၊ ကျိန်းစေမင်း။

[ကန်တော်မင်ကျောင်း ဆရာတော် (၈၆၃–၈၈၈) စာပြီးနှစ်၊]

× × ×

## ဝိပလ္လာသ

ဝိပလ္လာသဆိုသည် ဖောက်ပြန်မှားယွင်းခြင်းတည်း။ ဟုတ်မှန်သည်ကို မှားယွင်းသည်ထင်၏။ မှားယွင်းသည်ကို မှန်ကန်သည်ထင်၏။

ဝိပလ္လာသ ၃ ပါး ရှိသည်။ (၁) သညာဝိပလ္လာသ၊ (၂) စိတ္တဝိပလ္လာသ၊ (၃) ဒိဋ္ဌိဝိပလ္လာသ ဖြစ်သည်။ သညာဝိပလ္လာသသည် အမှတ်မှားခြင်း ဖြစ်သည်။

အနိစ္စကို နိစ္စဟု အမှတ်မှားသည်။ အသုဘကို သုဘဟု အမှတ်မှားသည်။ ဒုက္ခကို သုခဟု အမှတ်မှားသည်။ အနတ္တကို အတ္တဟု အမှတ်မှားသည်။

စိတ္တဝိပလ္လာသ ဆိုသည် အကြံအသိ အမှားဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ တို့ကို နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟု အကြံအသိမှားခြင်း ဖြစ်သည်။

ဒိဋ္ဌိဝိပလ္လာသ သည် အမြင်အယူမှား ဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ လက္ခဏာများကို နိစ္စ၊ သုခ၊ အတ္တ၊ သုဘ ဟူ၍ အမြင်အယူမှားခြင်း ဖြစ်သည်။

ဤ ဝိပလ္လာသတရားသည် လူသားတို့၌ အများဆုံး ရှိလေ့ ဖြစ်လေ့ ရှိ၏။ အမှတ်မဲ့ မသိရချေ။ သညာဝိပလ္လာသကို တောသမင်ပမာ၊ စိတ္တဝိပလ္လာသကို မျက်လှည့်ကြီးပမာ၊ ဒိဋ္ဌိဝိပလ္လာသကို လမ်းမှားကြီးပမာ ပြထားသည်။ တောသမင်သည် စာခြောက်ရုပ်ကို တကဲ့ လူထင်မှတ်၍၊ အမှတ်မှား၍ ကြောက်လန့်၏။ မျက်စိလည်သူသည် နေဝင်နေထွက် မသိနိုင်သကဲ့သို့ ကြောင်ကြောင်မြင်လျက် မှားတတ်၏။ မှားမိလျှင် ထိုအမှားပေါ်၌ အလွန်ခိုင်မြဲ၏။ ပြောင်းလဲ၍ မရနိုင်သလောက် ရှိ၏။

ခန္ဓာ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ လက္ခဏာများကိုလည်း ကိုယ်တွေ့မျက်မြင် ထင်ရှားစွာ အခါမလပ် တွေ့နေရလည်း ကြောင်ကြောင်မြင်လျက် သညာဝိပလ္လာသ သည် တောသမင်ကဲ့သို့ မြင်လျက် မှားရလေသည်။

မျက်လှည့်ဆရာသည် ပညာဖြင့်လှည့်လည်၍ မြေခဲကို ရွှေဖြစ်အောင်၊ အရုပ်မှထကအောင် စသည်ဖြင့် ပြ၏။ ခေါ် သည်ကို အဟုတ်ထင် ယုံကြည်မှားယွင်း၏။ စိတ်သည် မဟုတ်ကို အဟုတ်ကြံ လှည့်စားတတ်၏။ ညအခါ ခြုံပုတ်မြင်လျက် ဆင်ဟုထင်၏။ မြင်ရလျက် စိတ်လှည့်စားရာ ထင်မှတ်ခြင်းမျိုး ဖြစ်သည်။ စိတ္တဝိပလ္လာသသည် မဟုတ်တရားများကို အဟုတ်ထင် မှားယွင်းတတ်၏။ သညာဝိပလ္လာသထက်နက်နဲ၏။ အကြောင်းယုတ္တိရှိစွာဖြင့် ဖျောက်လျှင် ဖြေဖျောက်လွယ်၏။ သညာကဲ့သို့ မခိုင်မြဲတတ်။

လမ်းမှား ဥပမာဆိုသည် လှည့်စားဖန်ဆင်း၍ ပြသခြင်းကို အဟုတ်အမှန် ထင်မှတ်တတ်သည်။ ကာမဘုံ၊ ရူပဘုံ၊ 'အရူပဘုံ

ဟူသော ဘုံသုံးပါးသည် လမ်းမှား၍ နှတ်လှည့်စားသော တောကြီးနှင့်တူ၏။ သတ္တဝါတို့သည် ခရီးသည်နှင့်တူ၏။ သမ္မာဒိဋ္ဌိအယူသည် လမ်းရိုးလမ်းမှန်ဖြစ်၏။ မိစ္ဆာဒိဋ္ဌိအယူသည် လမ်းမှားမျိုးဖြစ်သည်။

**သမ္မာဒိဋ္ဌိနှစ်မျိုး**

(က) လောကီ သမ္မာဒိဋ္ဌိ။ (ခ) ဗောဓိပက္ခိယသမ္မာဒိဋ္ဌိ။

မိမိပြုသော ကုသိုလ်အကုသိုလ်ကို စွဲ၍ ဘဝသံသရာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာအဖြစ် သတ်မှတ်ယူစွဲသော ကမ္မဿကတာ သမ္မာဒိဋ္ဌိသည် လောကီသမ္မာဒိဋ္ဌိမည်၏။

ပဋိစ္စသမုပ္ပါဒ်နှင့်တကွ၊ ခန္ဓာအာယတန၊ "အနတ္တ" တို့ကို သိမြင်သောဉာဏ်သည် ဗောဓိပက္ခိယသမ္မာဒိဋ္ဌိမည်၏။

သို့ဖြစ်၍ ပိပလ္လာသတရားတို့ကို ဝေဖန်ပိုင်းခြား သိအပ်၏။ ဆင်ခြင်သုံးသပ်အပ်၏။ မိမိ၏ ဘဝနှင့် ဖြစ်ခြင်းပျက်ခြင်းကို အကြောင်းအကျိုး သင့်လျော်စွာ ဆင်ခြင်သင့်၏။ မိမိသည် သမ္မာဒိဋ္ဌိနှစ်မျိုးမှ ဘယ်အမျိုးကို ယူစွဲသနည်းဟူ၍ တရားလိုက်စား ပုဂ္ဂိုလ်များသည် မိမိကိုယ်မိမိ မှတ်ကျောက်တင်၍ ထာဝရ လေ့လာ ဆန်းစစ်အပ်သည်။

× × ×

**အထင်ကြီးခြင်း**

မညနာဆိုသည် အထင်ကြီးခြင်းဖြစ်သည်။ ဟုတ်မှန်သည်၊ နကိုအရှိထက် ပိုမိုအထင်ကြီးခြင်းဖြစ်သည်။ အဝိဇ္ဇာလက်ထွက်

ဖြစ်သော ဝိပလ္လာသ တရားဖြစ်ပွား၏။ ယင်းဝိပလ္လာသတရားကြောင့် အထင်ကြီးခြင်း ဖြစ်ပွားပြန်သည်။

တဏှာမညနာ၊ မာနမညနာ၊ ဒိဋ္ဌိမညနာ ဟူ၍ သုံးပါးရှိသည်။ တဏှာ မညနာသည် အရာရာကို 'ငါ' ဥစ္စာ စသည် 'ငါ' ကိုစိတ်နှင့် တထပ်ထည်းထား၍ အထင်စွဲ ကြီးခြင်းဖြစ်၏။ မာနမညနာသည် အတွင်းစိတ်မှာ ငါဟူ၍ ထင်စွဲခြင်း မာနကြီးခြင်းတည်း။ အဇ္ဈတ္တဝတ္ထု၊ ဗဟိဒ္ဓဝတ္ထု တို့က အားပေးအားမြှောက် ထောက်ကူလာက လွန်စွာမာနရောက်၍ မောက်မာမော်ကြွား ထောင်လွှား တက်ကြွလာတတ်၏။ ဒိဋ္ဌိမညနာသည် အဇ္ဈတ္တဝတ္ထုတို့ကို ငါ၏ အမာခံ အနှစ်အသား အတ္တသာရ တည်းဟု စိတ်ထည်း အယူစွဲမှုဖြစ်သည်။

ယင်း မညနာသုံးပါး ခိုင်စွဲ မြဲမြံစွာရှိခြင်းကြောင့် ဂါယတရားသုံးပါးဟုလည်း ခေါ်၏။ အကျယ်အကျယ် မငြိမ်းဘွယ် အမှုလွဲ အမှုမှားများကို အဆင့်ဆင့် ဆက်၍ ပွားများအောက်မေ့သောအနက်ကြောင့် ပပဉ္စတရား သုံးပါးဟုလည်း ခေါ်သည်။

**အဘိနိဝေသ ကထာ**

အဘိနိဝေသဆိုသည် မယိမ်းမယိုင် ကျောက်စာတိုင်သို့ မြဲခိုင်ကြောင်း စိုက်မြှုပ်တည်ထောင်ခြင်းဖြစ်ကြောင်းကို ဆိုသည်။

တဏှာဘိနိဝေသ၊ ဒိဋ္ဌာဘိနိဝေသ နှစ်ပါးရှိ၏။(တဏှာဘိနိဝေသသည် မိမိခန္ဓာနှင့် အင်္ဂါကြီးငယ်တို့ကို ဘဝဆက်တိုင်းမရွေ့မယိုင် မြဲခိုင်စွာ သိမ်းပိုက်စွဲလမ်းမှုကို ခေါ်သည်။

ဒိဋ္ဌာဘိနိဝေသသည် သတ္တဝါ၏ ကိုယ်ခန္ဓာသည် အမာခံ အထယ်ခံဖြစ်၍ မြဲခိုင်သော အတ္တဟု ကြီးမှုးသည်။ ဇီဝအထိမ်း ရှိ၏။ ဘဝဆက်တိုင်း မြဲခိုင်သည်ဟု စွဲလမ်းခြင်းကို ခေါ်သည်။

တဏှာဘိနိဝေသကို တဏှာနိဿယ။

ဒိဋ္ဌိဘိနိဝေသကို ဒိဋ္ဌိနိဿယ ဟူ၍လည်း ခေါ်၏။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ မှီခြင်းနှစ်ပါး ဟူ၍ငင်း၊ ပုထုဇန်သတ္တဝါတို့၏ မှီရာဌာနကြီးနှစ်ပါးဟု ဆိုသည်။

ဤအယူနှစ်မျိုးသည် သတ္တဝါတို့၏ စိတ်အစဉ်၌ ရှိတတ်ကြ သည်သာ။ တရားရှာပုဂ္ဂိုလ်တို့သည် ယင်းအခြေခံသဘောများကို သိထားသင့်၏။ သိသဖြင့် ဆင်ခြင်သင့်၏။ အသိနှင့် အလုပ် ပေါင်းစပ်၍ ပွားများအားထုတ်သင့်သည်။

## ဘူမိ ၂ ပါး

ဘူမိဆိုသည် သတ္တဝါတို့၏ တည်ရာ၊ မှီရာ၊ ဖြစ်ပွားရာကို ဆိုသည်။

(၁) ပုထုဇ္ဇနဘူမိ၊ (၂) အရိယဘူမိဖြစ်သည့် ပုထုဇ္ဇနဘူမိ ဟူသည် ပုထုဇ္ဇနဘာဝကို ဆိုသည်။ ၎င်းသည် ဝိပလ္လာသတရား သုံးပါးတွင် ဒိဋ္ဌိဝိပလ္လာသတရား ဖြစ်သည်။ သတ္တဝါတို့သည် ခန္ဓာအပေါ် ငါစွဲစွဲ၏။ 'နိစ္စ၊ သုခ၊ အတ္တ၊ သုဘ' ဟု အမြင် မှား၏။ ၎င်းတို့ တည်ရာဖြစ်၏။

ဒိဋ္ဌိဝိပလ္လာသ တရားတို့၏ မှီရာဖြစ်၏။ ဒိဋ္ဌိမညနာတရား၊ ဒိဋ္ဌိဂါဟတရား၊ ဒိဋ္ဌိပပဉ္စတရား၊ ဒိဋ္ဌာဘိနိဝေသတရားကို အချုပ်

အချာတည်ရာ မှီရာပြု၍ နေကြ၏။ သို့ဖြစ်၍ ဒိဋ္ဌိဝိပလ္လာသကို ပုထုဇ္ဇနဘူမိ မည်၏။

အရိယဘူမိသည် အရိယဘာဝကို ဆိုသည်။ ဝိပလ္လာသတရားအမြစ်ရင်းပါ ကင်းပြတ်၍ ကိုယ်ခန္ဓာတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဟု မှန်သည့်အတိုင်း အယူဖြောင့်မှန်စွာ သိမြင်သော သမ္မာဒိဋ္ဌိဉာဏ် ဖြစ်သည်။ အရိယာတို့၌ မှန်သောအယူသာ မှီရာဖြစ်သည်။ အနမတဂ္ဂ သံသရာမှ ပုထုဇ္ဇနဘူမိဖြင့် ကြာရှည်သော်လည်း ဝိပလ္လာသ တရားများ ပယ်က ပယ်သည့်နေ့ အရိယာဖြစ်သည်။ သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာသ ကျန်သော်လည်း မကျူးလွန်ဘဲ ဒိဋ္ဌိဝိပလ္လာသ ကင်းပြတ်က သမာဒိဋ္ဌိဉာဏ်တည်၍ ချမ်းသာတရားကို ခံစားနိုင်လေသည်။

**ဂတိ ၂ ပါး**

ဂတိ၊ ဘဝလာရာ တဘဝမှ တဘဝသို့ အဆက်ဆက်ပြောင်းလဲကျင်လည်မှု ဖြစ်သည်။ ပုထုဇ္ဇနဂတိ၊ အရိယဂတိယူ၍ နှစ်ပါးရှိသည်။

**ပုထုဇ္ဇနဂတိ**သည် သေပြီး ပရမ်းပတာဖြစ်၍ အပါယ်လေးဘုံစသည် လည်တတ်၏။ အံလိုရှိရာ မရောက်တတ်။ အမှတ်မရှိ တခုခုသောက၏ ပစ်ချရာ ကျရောက်ခြင်းမျိုး ဖြစ်သည်။

နခသိခ်သုတ်၊ ကာဏကစ္ဆပသုတ်များမှ ဘုရားဟောရှိ၏။ လက်သည်းများပေါ်မှ မြေမှုန့်နှင့် မဟာပထဝီ အပြင်လုံးရှိ မြေမှုန့်ကို နှိုင်း၍ပြ၏။ သေပြီး လူ၊ နတ် စသည် ဖြစ်သည်က

လက်သဲဖျားပေါ်က မြေမှုန်လိုဖြစ်၍ အပါယ်ရွာသွားမှာ မြေထုနှင့် ပြ၏။

လိပ်ကန်းသည် မဟာသမုဒ္ဒရာ၌ အဘယ်သို့ဦးတည်သွားနေနေ၊ ထမ်းပိုးတုံးအပေါက်နှင့် မဟာသမုဒ္ဒရာကြီးအတွင်း တနေ့ရာ ဆုံမိလျှင် ဆုံမိနိုင်သည်။ စွပ်မိ၊ ထိမိနိုင်၏။ ကြုံကြိုက်နိုင်စွမ်းရှိသည်။ လူ့ဘုံ လူ့ဘဝကို ပြန်ရောက်ရန်မှာ ခက်ခဲလှကြောင်း ပြဆိုသည်။

**အရိယဂတိ** ဆိုသည် သေသည်၏နောက် ပရမ်းပတာကျခြင်းမှ ကင်း၏။ ဦးတည်ရာ ရှိ၏။ ဆောက်တည်ရာ ရှိ၏။ သေချင်းတူသော်လည်း အပါယ်မှ ကင်း၏။ အလိုရှိရာသို့ ရောက်၏။ ကောင်းမြတ်ရာ ဘုံဘဝကို ကူးပြောင်းနိုင်သည်။ ယင်းဂတိ နှစ်ပါး လားရာအသွားကို နားလည်သဖြင့်လည်း "အရိယဂတိ" အရိယအကျင့်ကို မသွေမဖင့် ကျင့်ဆောင်ရာ၏။

**သစ္စာ ၂ ပါး**

သစ္စာဆိုသည် သူ့အမည်သညာနှင့် သူ့သဘော သူ့သဘာဝ အရ အစဉ်ထာဝရ ညီညွတ်ဖြောင့်မှန်သည်ကို ဆို၏။

၁။ သမ္မုတိသစ္စာ၊

၂။ ပရမတ္ထသစ္စာဟူ၍ နှစ်ပါးရှိသည်။

သမ္မုတိသစ္စာဆိုသည် လောကီလူသား အများတို့၏ ခေါ်ရိုး၊ ပြောရိုး၊ ထင်မှတ်ရိုးအတိုင်း သမ္မုတိမည်တ၏ အလယ်၌ ဖြောင့်မှန်သည့် အမျိုးဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါ သူ ငါ စသည်ဖြင့်

မြင်တွေ့နေကျ သိနေကျဖြစ်သည်။ လောကီအလို ပြောဆိုဆက်ဆံ လုပ်ကိုင်နေသော်လည်း အချင်းချင်း ဘယ်လိုပြောပြော ဘယ်လို နေနေ အပြစ်မရှိ။ မုသာဝါဒမဖြစ်။ လှည့်စားခြင်းမဖြစ်။

ပရမတ္ထသစ္စာသည် ဓာတ်သဘာဝ ဓမ္မသဘာဝ အလိုအား ဖြင့် အလွတ် ဟုတ်မှန်လှသော ရှိ မရှိစကားမျိုး တရားအကျိုး ကိုဆိုသည်။ ပုဂ္ဂိုလ်သတ္တဝါမရှိ။ လူနတ်ဗြဟ္မာ စသည်မရှိ။ ခြေလက်အင်္ဂါ ဆံပင်မွေးညင်းမှစ၍ မရှိ။ ရှိသည်မှာ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ စိတ်ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာရှိ၏။ ရုပ်နာမ်ရှိ၏။ ခန္ဓာ ငါးပါးရှိ၏။ ပုံသဏ္ဍာန်ကို စွဲမှတ်ခေါ်ဆိုခြင်းမှ ကင်း၏။ ယင်း ဓာတ်သဘောမျှသာ ရှိ၏။ ဤသစ္စာနှစ်ပါး ခွဲခြားနားလည်မှ တရားလိုက်စားပုဂ္ဂိုလ်အတွက် အကျိုးသက်ရောက်နိုင်၏။

**ပရမတ္ထသစ္စာ**

ပရမတ္ထသစ္စာမျိုး = ရုပ်တရား နာမ်တရား ဤနှစ်ပါးတွင် ရုပ်တရားသည် နှစ်ဆယ့်ရှစ်ပါးရှိသည်။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော **မဟာဘုတ် လေးပါး**။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယ ဟူသော **ဝတ္ထုရုပ်ခြောက်ပါး**။

ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်ဟူသော **ဘာဝရုပ်နှစ်ပါး**။
**ဇီဝိတရုပ်တပါး**။
**အာဟာရရုပ်တပါး**။

ရူပါရုံ၊ ဿဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံဟူသော **ဂေါစရရုပ်လေးပါး**။

ပေါင်း“ဆယ့်ရှစ်ပါး”။ ၎င်းသည် ဖြစ်ပေါ်မှုဟူသော ဇာတိတရား ထင်ရှားရှိကြခြင်းကြောင့် (ဇာနတိရုပ်) မည်ကုန်၏။

အာကာသဓာတ်ဟူသော **ပရိစ္ဆေဒရုပ်တပါး**။

ကာယဝိညတ်၊ ဝစီဝိညတ် ဟူသော **ဝိညတ်ရုပ်နှစ်ပါး**။

လဟုတာ၊မုဒုတာ၊ ကမ္မညာတာ ဟူသော **ဝိကာရရုပ်သုံးပါး**။

ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ ဟူသော **လက္ခဏာရုပ်လေးပါး**။

ယင်းဆယ်ပါးသော ရုပ်တို့သည် ဖြစ်ပေါ်မှုဟူသော ဇာတိတရား ထင်ရှားမရှိကြခြင်းကြောင့် (အဇာတရုပ်) မည်၏။

(အကျယ် ဝိပဿနာဒီပနီရှု)

# ရုပ်ဖြစ်ကြောင်း

ရုပ်ကိုဖြစ်စေတတ်သော တရားလေးပါးရှိ၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဖြစ်သည်။

ကံ။ ရှေးဘဝတို့၌ ပြုလုပ်ခဲ့သော ကုသိုလ်မှု၊ အကုသိုလ်မှုများ ဖြစ်သည်။ အတိတ် ပစ္စုပ္ပန် စသည့်ဘဝများ၌လည်း ၎င်းကံများ ပြုလုပ်လေ့ရှိသည်။

စိတ်။ ယခုရှိနေဆဲဖြစ်သော စိတ် စေတသိက်များဖြစ်သည်။

ဥတု။ သီတတေဇော၊ ဥဏှတေဇောဟူသော မီးဓာတ်နှစ်ပါး ဖြစ်သည်။

အာဟာရ။ ပဋိသန္ဓေနေသည်မှစ၍ ပါသော အဇ္ဈတ္တဩဇာ တပါး။ မရှိအပ်သော အစာရေစာတို့မှ ပါသော ဗဟိဒ္ဓဩဇာဟူသော ဓာတ်အဆီတို့ဖြစ်၏။

ရုပ် ၂၀ ပါးတွင် ၁-၆ ဝတ္ထုရုပ်ခြောက်ပါး။ ၇-၈၊ဘာဝရုပ် နှစ်ပါး။ ဇီဝိတရုပ် တပါး။

ဤ ၉ ပါးသည် ကံကြောင့်ဖြစ်၏။ ဝိညတ်ဒွေးသည် စိတ်ကြောင့်ဖြစ်၏။ သဒ္ဒာရုံသည် စိတ်ကြောင့်ဖြစ်သော အသံမျိုး၊ ဥတုကြောင့်ဖြစ်သော အသံမျိုးဟူ၍ နှစ်ပါးရှိ၏။ ဝိကာရ ရုပ် သုံးပါးသည် စိတ်ကြောင့်လည်းဖြစ်၏။ ဥတုကြောင့်လည်းဖြစ်၏။ အာဟာရကြောင့်လည်းဖြစ်၏။

ကျန်ရုပ် ၁၃ ပါးသည် ဇရတာရုပ်၊ အနစ္စတာရုပ် နှစ်ပါးကို ချန်၍ ၁-၄ ဓာတ်ကြီးလေးပါး။ အာဟာရရုပ်၊ ရူပါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ အာကာသဓာတ်။ ဥပစယရုပ်၊ သန္တတိရုပ်၊ ဟူသော ဆယ့်တပါးသည် အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကုန်၏။ ကံကြောင့်ဖြစ်ရာမှာလည်း ၎င်းတို့ပါကြကုန်သည်။

စိတ်ကြောင့်ဖြစ်ရာ၊ ဥတုကြောင့်ဖြစ်ရာ၊ အာဟာရကြောင့် ဖြစ်ရာမှာလည်း ၎င်းတို့ပါကုန်၏။ ၎င်းတို့နှင့်ကင်းသော ရုပ်တစုံ တခုမျှ မရှိပေ။ ၎င်းတို့နှင့်တကွ ရှစ်ပါး ကိုးပါး စသည် အစုအခဲ အနေနှင့် ဖြစ်ကြ၏။ ရုပ်စုရုပ်ခဲတခုကို ရုပ်ကလာပ်တခုဟုခေါ်၏။

ဇရတာရုပ်၊ အနိစ္စရုပ်တို့မှာမူ ဖြစ်မှုမျိုး မဟုတ်။ ဖြစ်ပြီး ဓမ္မတာအလျောက် ပျက်မြဲဖြစ်ကြ၏။ အကြောင်းတရားလေးပါး ကြောင့် ဖြစ်မှုမှအလွတ် ဖြစ်ကြကုန်သည်။

## နာမ်တရား ၅၄

၁။ စိတ်-တပါး။

၂။ စေတသိက်-ငါးဆယ့်နှစ်ပါး။

၃။ နိဗ္ဗာန်-တပါး။

စိတ်ဆိုသည် အာရုံကို ရှာကြံမှု၊ အာရုံကို ရမှု၊ သိမှု။ စေတသိက် စိတ်မှပေါက်ပွားသော နာမ်၏ အမူအရာများ။

နိဗ္ဗာန်-ဒုက္ခအမျိုးမျိုးတို့မှ လွတ်ငြိမ်းမှု၊

စိတ်-စက္ခုဝိညာဏ်စိတ်၊ သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှါဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်၊ မနောဝိညာဏ်စိတ် ခြောက်ပါးရှိသည်။

* စက္ခုဝတ္ထုရုပ်၌ ဖြစ်ပေါ်သော စိတ်ကို စက္ခုဝိညာဏ်စိတ် ခေါ်၏၊ အဆင်းကို မြင်မှုဖြစ်သည်။

* သောတဝတ္ထုရုပ်၌ ဖြစ်ပေါ်သောစိတ်ကို သောတဝိညာဏ် စိတ်ခေါ်၏။ အသံကို ကြားမှုဖြစ်သည်။

* ဃာနဝတ္ထုရုပ်၌ ဖြစ်ပေါ်သောစိတ်ကို ဃာနဝိညာဏ်စိတ် ခေါ်၏။ အနံ့ကို နံမှုဖြစ်သည်။

* ဇိဝှာဝတ္ထုရုပ်၌ ဖြစ်ပေါ်သော စိတ်ကို ဇိဝှာဝိညာဏ်စိတ် ခေါ်၏။ အရသာကို သိမှုဖြစ်သည်။

* ကာယဝတ္ထုရုပ်၌ ဖြစ်ပေါ်သောစိတ်ကို ကာယဝိညာဏ်စိတ် ခေါ်၏။ အတွေ့အထိကို သိမှုဖြစ်၏။
* ဟဒယဝတ္ထု၌ ဖြစ်ပေါ်သော စိတ်ကို မနောဝိညာဏ်စိတ် ခေါ်၏။ အရူပဘုံ၌ဖြစ်သောအခါ ဟဒယဝတ္ထုနှင့် ကင်း၍ လည်းဖြစ်သည်။
* မနောဝိညာဏ်စိတ်သည် ကာမမျိုး၊ ရူပမျိုး၊ အရူပမျိုး လောကုတ္တရာမျိုးဟူ၍ လေးမျိုးရှိ၏။

ဝင်သက်ထွက်သက်မှာလည်း စ လယ် ဆုံး သုံးပါးရှိ၏။ စ ဖြစ်သည်။ ဖြစ်ဆဲနှင့် ဆုံးသည် ရှိ၏။ ထွက်သက်စ ထွက်သက် ရှည် ထွက်သက်ဆုံး ရှိ၏။ ဝင်သက်လည်း ထို့တူ ဖြစ်သည်။ ထင်ရှားသိသာ၏။ ရှည်မှု ကြာညောင်းမှုသည် သန္တတိဇရာ ဖြစ်၏။ ကြာညောင်းမှု ဖြစ်ရခြင်းမှာ ပုလောင်သောရုပ်တို့၏ ဖြစ်ပွားလာခြင်းကြောင့်တည်း။ ထိုရုပ်တို့ ဖြစ်ပွားရသည့်အတွက် မခံသာသော ဒုက္ခဝေဒနာလည်း ဖြစ်ပွားလာ၏။ ထိုဒုက္ခဝေဒနာ ကို အမှတ်ပြု၍ ညောင်းမှုဖြစ်၏။ သိ၏။ ဒုက္ခဝေဒနာအချက် ကိုသာ သိပြီး သန္တတိဇရာအချက်ကို မသိနိုင်ကြ။

ညောင်းမှုသည် ပင်ကိုယ်အစ၏ သန့်စွမ်းမှုအင်အား ဖြစ်ပွား ရာမှ လျော့ကျဆုတ်ယုတ်မှုဟူသော သန္တတိဇရာ၏ အမည်ရင်း ဖြစ်၏။

ရုပ်အဆင်းတို့၏ ရင့်ရော်အိုမင်းမှု၊ ဟောင်းနွမ်းမှု၊ ဆွေးမြေ့ မှုတို့သည် သန္တတိဇရာ၏ အမည်ရင်းဖြစ်၏။

ထိုရုပ်အဆင်းတို့၏ အဆုံး ဟူသမျှသည် သန္တတိ မရဏ

ဖြစ်၏။ ထိုရုပ်အဆင်းတို့၏ သေဆုံးခြင်းတည်း။ ဝင်သက်မှာ လည်း ထိုတူဖြစ်သည်။

ပြုံး၊ ရယ်၊ ပျော်၊ ရွှင်၊ ငို၊ မဲ့ စသည်တို့မှာ ပျော်လိုက်အသင်း၊ ပူရုပ်အသင်း၊ ဆွေးရုပ်အသင်း၊ ငိုရုပ်အသင်း၊ မဲ့ရုပ်အသင်း စသည်တို့ ရှိ၏။ ၎င်းအသင်းစုတို့မှာ လောဘရုပ်အသင်း၊ ဒေါသ ရုပ်အသင်း၊ သဒ္ဓါရုပ်အသင်း စသည်တို့ ရှိ၏။ ထိုငိုခြင်း ရယ်ခြင်း စသည့် ရုပ်အသင်းတို့၏ သေခြင်း စသည်ဖြင့်လည်း အသီးသီး ရှိ၏။

ဝစီကံတို့မှာလည်း စကားတလုံး တလုံးတို့၏ အဆုံးသည် သင်ရှား၏။ စကားရုပ်အသင်း အသင်းတို့၏ သေဆုံးမှုဖြစ်သည်။

ဥတုဇရုပ်တို့မှာ ပူအိုက်က ပန်ကာလေး ယပ်လေးဖြင့် ခတ်၏။ အေးပြန်က မီးပူ နေပူလှုံ၍ အဝတ်ထူ ဝတ်ကြရ၏။ ဤပြုမှုမှု မျိုးတိုင်း၌ ယပ်ခတ်ချက် စသည်မှာ တချက်၏ သေဆုံးမှု ဖြစ်မှု ရှိ၏။ လှုပ်ရှားမှုမှန်သမျှ လွန်ပါမှ ဖြစ်၏။ အစား၊ ဆေး စသည့် စားသုံးမှုသဘောများလည်း အထက်ပါအတိုင်း ဖြစ်၏။

ဤသည်တို့မှာ စိတ္တဇ ရုပ်အတွင်းမှာလည်း ဥတု၏အစွမ်းများ ပါကြောင်း၊ ရုပ်၏ အာဟာရ ဩဇာစိတ်အတွက် ရောဂါဖြစ်မှု၊ ပျောက်မှု ဆိုသည် ကိုယ်ရှိ ဥတုစိတ်ဆီတို့ကို ပွားစီးစေမှုအတွက် တည်း။

အာဟာရဓာတ် ဆီ အစွမ်းသက်သက်မှာ အဆီ အသား တောင့်တင်းမှု ဖြစ်၏။ စားသုံးသောအစာသည် ဝမ်းတွင်း ရောက်သည်နှင့် ပြန့်နှံ့ထောက်ပံ့၏။ တကိုယ်လုံးရှိ အဆီအသား စသည်ကို ဆိုင်ရာဆိုင်ရာ အကျိုးစွမ်းအားဖြစ်စေ၏။ တောင့်တင်း

တိုးပွားစေ၏။ အာဟာရသည် လောကအတွက် အရေးကြီး၏။ သတ္တဝါတို့သည် အာဟာရဖြင့် အသက်ရှင်ရပ်တည်ရ၏။ အာဟာရကို ကိုးကွယ် ရ၏။ အာဟာရက ထောက်ပံ့ရ၏။ စက္ခုစသည့် ကမ္မဇရုပ်၏ အစွမ်းအသက်သည် ဇီဝိတရုပ်ဖြစ်၏။ ယင်းဇီဝိတရုပ်၏ ကိုးကွယ်ရာသည် အာဟာရထောက်ပံ့မှု ဖြစ်၏။ အာဟာရထောက်ပံ့မှု လျော့က ဇီဝိတရုပ်နှင့် တကိုယ်လုံး၏ အဆုံးတိုင် ရောက်ရတော့၏။

၇ ရက်ခန့် အာဟာရပြတ်က အစာသစ်မထောက်ပံ့က ဇီဝိတရုပ်နှင့်တကွ ကမ္မဇရုပ်စုအားလုံး ချုပ်ဆုံးရတတ်၏။ ဤကမ္မဇရုပ်ချုပ်ဆုံးသည်ကို သတ္တဝါသေသည် ဆို၏။ ကျန် အာဟာရဓာတ်ဆီအတွက် ဖြစ်ကြသော အာဟာရဇ ရုပသန္တတိ၊ အထွေထွေအထူးထူးနှင့် ထိုသန္တတိ အထွေအထူးတို့၏ ဖြစ်ပေါ်မှု၊ လျော့ပါးမှု၊ သေဆုံးမှုဟု ဆိုသော သန္တတိ ဇာတိ၊ သန္တတိဇရာ၊ သန္တတိမရဏမှုများသည် အထူးဆိုဘွယ်မရှိ။ ကိုယ်တွေ့ဒိဋ္ဌများဖြစ်ကြောင်းဖြင့် ပြဆိုထားလေသည်။

ဤသည်မှာ ရုပ်တရားတို့၏ သန္တတိဇရာ၊ သန္တတိမရဏများဖြစ်သည်။ နာမ်တရားတို့၏ သန္တတိ မှာ များပြားလှသည်။ ကိုယ့်စိတ်ကိုယ် သိနိုင်၏။ လောဘသန္တတိ အမျိုးမျိုးနှင့် ဒေါသ-မောဟ တို့၌လည်း သန္တတိအမျိုးမျိုး ရှိ၏။ သဒ္ဓါသန္တတိများ၊ မေတ္တာသန္တတိများ စသည့် တခဏမှာ စိတ်၏ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး တွေ့ကြုံမှုများ ရှိကြ၏။

ထိုစိတ်၏ကြံစည်မှု တသင်းသင်းမှာ **အကြံဖြစ်မှု၊ အကြံလျော့ပါးမှု၊ အကြံသေဆုံးမှု** အသီးသီး ရှိကြ၏။ လောဘ၊

ဒေါသ၊ မောဟ ဖြစ်နေက ဖြစ်မှန်း သိကြ၏။ အမှတ်မဲ့ မသိသည် ရှိ၏။ အဖြစ်မှ ရုပ်စဲသေဆုံးသွားသည်ဟု မခေါ်ကြ။ ဒေါသပျောက်ငြိမ်းသည်ဟု သိ၏။ သို့သော် သေဆုံးမှုတမျိုးပင် ဖြစ်၍ ဤသည်ကို သန္တတိမရဏ ဖြစ်၏။

သန္တတိမရဏ ဖြစ်သောကြောင့် လောဘ စသည် ဖြစ်ခွင့် ကြုံကြိုက် ဆုံခိုက် ဖြစ်ပြန်လျှင် ခဏခြင်းပင် ဖြစ်ပေါ်နိုင်၏။ ဒေါသ မောဟတို့လည်း သည်အတိုင်း ခဏခြင်း ဖြစ်နိုင်၏။ ဤသည်မှာ နာမ်တရားတို့၏ သန္တတိဇရာ မရဏတို့ ဖြစ်၏။

ဉာဏ ပရိညာသည် တီရဏပရိညာ၏ အကျိုးငှာ ဖြစ်၏။ တီရဏပရိညာသည် ပဟာနပရိညာ၏ အကျိုးငှာ ဖြစ်၏။ **ပဟာန ပရိညာ** သာ လိုရင်း ပဓာန ဖြစ်တော့သည်။

**တီရဏပရိညာ**

**လက္ခဏာသုံးပါး**

(၁) အနိစ္စလက္ခဏာ၊ (၂) ဒုက္ခလက္ခဏာ၊ (၃) အနတ္တ လက္ခဏာ၊

ဝိပရိဏာမအချက် အညထာဘာဝအချက်တို့ ပါဝင်သည်၊ ဝိပရိဏာမဆိုသည် ပကတိအနေအတိုင်းမဟုတ် ပြောင်းလဲဖောက် ပြန်ဖြစ်ခြင်းတည်း။

အညထာဘာဝဆိုသည် ရှေ့နောက်မတူ အမူအရာပြောင်း လဲနေခြင်းတို့ဖြစ်သည် ၎င်းနှစ်ချက်ရှိနေ မြင်နေလျှင် ရုပ်နာမ် များကို တရားအတိုင်း အမှန်ဖြစ်သည့်တိုင် သိနိုင် မှတ်နိုင်

သုံးဖြတ်နိုင်ဘို့ဖြစ်၏ အနိစ္စမျိုးအမှန်ကို သဘောပေါက် မနေ ရောက်လာသည့်အချက် ဆိုက်စေရ၏။

ထွန်းညှိထားသော မီးတိုင်မှာ အာစယရုပ်၊ ဥပစယရုပ်၊ သန္တတိရုပ် ဇရတာရုပ် အနိစ္စရုပ်ဟူ၍ လက္ခဏာရုပ်င ါးပါးရှိ၏။

မီးတောက်၌၊ အသစ်အသစ်ဖြစ်ပေါ်ပေါက်ပွားမှုကို ရှုမြင်ရ၏ ဤအမှုသည် အာစယရုပ်ဖြစ်၏ မီးရုပ်မဟုတ် ဖြစ်ပေါ်ပြီး တိုးပွားမှုသည် ထင်မြင်ရ၏ ဤသည်မှာ၊ ဥပစယရုပ်ဖြစ်၏၊ မီးရုပ်မဟုတ် မတိုးမယုတ် အစဥ်တည်နေမှုသည် ထင်နေ၍၊ သန္တတိရုပ်ဖြစ်သည် မီးမဟုတ် မီးတောက်၏ ဆုတ်ယုတ်မှုလည်း ထင်၏ ဇရတာရုပ်မည်၏ မီးမဟုတ် ချုပ်ကွယ်မှုလည်းရှိသဖြင့် အနိစ္စတာရုပ်ဖြစ်သည် မီးမဟုတ် ပူမှုသည်သာလျှင် မီးရုပ်အမှန် ဖြစ်၏ ထိုင ါးချက်ဖြင့်သာ ချုပ် ချုပ်နေ၏ တည်ရာဌာနချုပ် သဖြင့် လှုပ်သည်လည်းရှိ၏ ဝါယောသဘောဖြစ်၏။

ထိုလက္ခဏာင ါးချက်သည် မီး၏ အညတာဘာဝဆိုသော လက္ခဏာဖြစ်၏ ဤသည်ကိုမြင်လျှင် မီးသည်အနိစ္စဟုသိနိုင်၏၊ လှုပ်ရှားနေမှုတိုင်းသည် ဤနည်းအတိုင်း တွက်နိုင်၏။

သာမံ-ပကတိ မျက်စေ့ဖြင့် မမြင်နိုင်သော ပရမာဏုမြူမှုန် ရှိသော မြူမှုံလေးများရှိ၏ မှန်ပြောင်း ဒိဗ္ဗစက္ခု စသည်ဖြင့် ထင်၏ ကြည့်ကလှုပ်ရှနေ၏ ပိုးဟုထင်ရ၏ ပိုး-မဟုတ် ဥတုဟူ သော အပူတေဇော မီးဓါတ်၏ အစွမ်းဖြင့် ဥတုဇ ရုပ်တရား ပေါက်ပွားမှုဖြစ်သည်။

အာစယရုပ် ပေါက်ပွားမှုမှာ အမှန်ပင် ပိုးသတ္တဝါငယ်ဖြစ်ကြ ၏။ရေစီး ရေဆူ စသည်တို့မှအစ လှုပ်ရှစွာထင်၏ ဥတုဇရုပ်တရား

ပေါက်ပွားမှုဖြစ်၏ ပေါက်ပွားမှုဆိုသည် **အသစ် အသစ်**ပေါက်ပွားဖြစ်နေမှု ပေါ်ပေါက်နေမှု ဟူသော အာစယရုပ်၏ **အ**ခြင်းအရာဖြစ်၏ **အသစ်များ** ဖြစ်နေသကဲ့သို့ အဟောင်းတွေလည်းချုပ်ငြိမ်းနေသည် အဆင့်ဆင့်ပျောက်ကွယ်နေသည် ဤသည်ကိုအနိစ္စတာ ရုပ်အဖြစ်ထင်ရှား၏ ရုပ်သစ်ဖြစ်ပေါ်မှုနှင့်ရုပ်ဟောင်းပျောက်လွယ်မှုသည် **အနည်းအများ** တူမျှကြသည် ဤသည်ကသန္တတိရုပ်အချက်ဖြစ်၏ ရုပ်သစ်အဆင့်ဆင့်ပွားလာသည်လည်းရှိသဖြင့် ဥပစယရုပ်အချက်ဖြစ်၏ ၎င်းမှ**အ**ဆင့်ဆင့်ဆုတ်ယုတ်လျော့ပါးလာပြီး ဇရတာရုပ်အချက်ဝင်၏။

**သစ်ပင်တိုင်း၌**လည်း ဤငါးချက်ဖြစ်၏ ဥတုဇရုပ်၏ပေါက်ပွားမှုကြောင့် ဒိဗ္ဗစက္ခု အမြင်တွင် ပိုး**သေးများ၏အပြည့်**လှုပ်ရှနေသကဲ့သို့ ထင်ကြရကုန်၏။

ပုဂ္ဂိုလ်သတ္တဝါတွေမှာလည်း ရုပ်ခန္ဓာတို့သည် ဆံပင်မွေးညှင်းမှအစ သုံးဆဲ့နှစ်ကောဋ္ဌာသလုံး လက္ခဏာအချက် ငါးပါးစီရှိကြ၏ ဒိဗ္ဗစက္ခုအမြင်တွင် ဆံပင်မှအစ အားလုံးသည် ပိုးငယ်များ လှုပ်ရှားနေသကဲ့သို့ ထင်ကြကုန်၏ ဤသည်မှာ ကမ္မဇရုပ်စိတ္တဇရုပ် အာဟာရရုပ် ဥတုဇရုပ်တို့၏ ပေါက်ပွားမှုဖြစ်သည်။ ဤငါးချက်တို့ကို ပညာစက္ခုဖြင့်ကြည့်က တကိုယ်လုံးရုပ်တရားတို့၏ အနိစ္စလက္ခဏာထင်ရှားချေသည်၊စိတ် စေတသိတ် ဟူသောနာမ်တရားတို့၌လည်း ဝိပရိဏာမ အညထာဘာ**ဝ**ဟူသော အနိစ္စလက္ခဏာထင်ရှားလေသည်။

လောကဌ် ရုပ်-**န**ာမ်တို့၏ ဓာတ်ဖြစ်ပျက်ပုံ အထူးအပြားကို

အစွဲပြု၍ဖြစ်သော ဝေါဟာရများရှိ၏ မျက်စိမြင်၏ အမြင်ဆိုသောအရာမှာ နှစ်ခွန်းနှစ်ခွဖြစ်၏။

မြင်သည်ဆိုရာမှာ စက္ခုဝိညာဏဓာတ်၏ အမည်ဖြစ်၏ စက္ခုဝတ္ထုရုပ် ရူပါရုံ အာလောက မနသိကာရ ဟူသော အကြောင်းလေးပါးပေါင်းဆုံမိ၍စက္ခုဝိညာဏ်ဓာတ်ဖြစ်ပေါ်မှုကိုမြင်သည်ဆို၏ လေးပါးဆုံမှုမြင်၏ မဆုံကမမြင် ဆိုလည်း မျက်စိဖွင့်ခိုက်မြင်၏ မဖွင့်ကမမြင် စက္ခုဝိညာဏ်၏ ဝိပရိဏာမ အညထာဘာဝဖြစ်ပုံတည်း။

ပဋိသန္ဓေ၏နောက် ဘယ်အခါမဆို စက္ခုဝတ္ထုရုပ်ဆုံးက စက္ခုဝိညာဏ်လုံးဝကွယ်ဆုံးရတော့သည်အိပ်နေစဉ် မနသိကာရကွယ်နေ၍ စက္ခုဝိညာဏ်လည်းကွယ်ရ၏ မြင်သည်ဆိုရာ၌ စက္ခုဒွါရ ဝီထိစိတ်အားလုံး၌ ဖြစ်သည်ကိုယူ၏ အမြင်၌အားလုံးချုပ်၏ ကြားမှု နံမှု လျှာအရသာမှု ခြေဖဝါးမှ ငယ်ထိပ်ထိတကိုယ်လုံး ထိ သိ ခံစားမှု၏ ဝေဒနာပေါ် ခံစားသိမှု မသိမှုစသည်တို့၌လည်း စက္ခုဝိဥာဏ်ကဲ့သို့ အကြောင်းတရားလေးပါးစီ ဖေါ်၍ ဝိပရိဏာမ အညထာဘာဝ၏ နှစ်ခွန်းစီရှိ၏။

မနောဝိညာဏ်၌ အကြံများပြား၏ အကြံတခု ဖြစ်မှု ပျက်မှုဆိုသော ဝိပရိဏာမ အညာထာဘာဝဖြစ်ပုံ အလွန်များ၏။

စေတသိက်တို့တွင်လည်း ဝေဒနာစေတသိက်၌ သုခဝေဒနာ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာဉပက္ခာဝေဒနာတို့၏ ပြောင်းလဲမှုရှိ၏။

ကောင်းသောသညာ မကောင်းသောသညာရှိသကဲ့သို့ စေတနာကောင်း စေတနာယုတ်တို့၏ ပြောင်းမှုရှိ၏ ဝိတက်၊ ဝိစာရ

တို့လည်းထို့အတူ ကောင်း မကောင်းဒွန်တွဲ၍ ပြောင်းလဲမှုတို့ ထင်ရှား၏။

တခဏမှာပင်၊ လောဘ၊ အလောဘ၊ ဒေါသ အဒေါသစသည်ဖြင့် အထွေထွေလာသော ပြောင်းလဲမှုအလွန်ထင်ရှား၏ သို့ဖြစ်၍ ရုပ်တရားတိုင်း၏ အနိစ္စကို ထင်ရှားစွာသိအပ်သကဲ့သို့ နာမ်တရားတိုင်း၏ အနိစ္စလက္ခဏာကိုလည်း သိအပ်လှပေသည်။

## ဒုက္ခလက္ခဏာ

အနိစ္စလက္ခဏာ၏ ဖြစ်ပျက်မှုသဘော အချက်ကြောင့် ပညာရှိတို့ သံသရာကို ကြောက်ကြ၏ ဇရာ-မရဏ သောက ဟူသော ဖြစ်ရပ်ဘေး အပူဘေးများကို မြင်ကြ၏။ နေ့ရှိတက္က စား-သွား နေထိုင်လျက် သေတွင်းခြောက်ကမ်းပါး ကြိုးတန်းကစားဘိသို့ ရှိကြသည်။ မနေမနား နည်းပရိယာယ်အစုံစုံ ကြိယာပစ္စည်း အဖုံဖုံဖြင့် ခြယ်သပ်ပြုပြင်ခြင်း ရှောင်ကွင်းတားဆီးခြင်းကြောင့် အလျှင်မပျက် အစဉ်ဆက်ပြီး သာယာနေခြင်း၊ ရုပ်တည်နေခြင်းဖြင့် ဘဝမပြောင်းသကဲ့သို့ ရှိကြ၏။

ခန္ဓာမှာ အကျိုးမဲ့ဖြစ်ပေါ်ပေါက်ပွားနေသည်များစွာလည်း ရှိ၏ အညထာဘာဝဲ့ အာစယ ဥပစယ သန္တတိများအတွက် ခန္ဓာမှာ အကျိုးမဲ့ တည်ဆောက်ထားသကဲ့သို့ဖြစ်၏။

ရုပ်မှာ ရောဂါမျိုးစုံ စိတ်မှာကိလေသာမျိုးစုံ ဝိပ္ပလာသမျိုးစုံတို့ဖြစ်ရန် အကျိုးမဲ့တည်ထားသကဲ့သို့ ဖြစ်နေသည်။

ရုပ်တိုင်းမှာ အနိစ္စလက္ခဏာ နှစ်ပါးရှိသည် ကာမနာမ်ရူပနာမ် အရူပနာမ် ဟူသမျှသည်လည်း အနိစ္စနှစ်ပါးရှိ၏

လူ-နတ်-ပြဟ္မာစသည့် ခန္ဓာများသည် ဒုက္ခချည့်ဖြစ်၍၊ အနိစ္စလက္ခဏာနှစ်ပါး ယှဉ်သဖြင့်အလဲအလှယ်အားဖြင့် ဒုက္ခ လက္ခဏာ သုံးပါးရှိသည်။

ဒုက္ခ-ဒုက္ခတာ သင်္ခါရဒုက္ခတာ ဝိပရိဏာမ ဒုက္ခတာ ဟူ၍ သုံးပါးဖြစ်သည်။

ဒုက္ခ-ဒုက္ခတာမှာ ကိုယ်ခန္ဓာ၌ ဖြစ်လေ့ရှိသော ကာယိက ဒုက္ခဝေဒနာ စေတသိက် စိတ်သန္တာန်၌ ဖြစ်ပေါ်လေ့ရှိသော ဒုက္ခဝေဒနာတို့ကို ဆိုသည်။

သင်္ခါရဒုက္ခတာ....ဘဝတိုင်း အစဉ်မပြတ် ကြောင့်ကြ စိုက်ထုတ် ပြုစုနိုင်မှ တည်နေနိုင်ကြသော ရုပ်တရား၊ နာမ်တရားတို့၏ သင်္ခါရသဘောကို ဆိုသည်။

သုံးဆယ့်တဘုံရှိ ဘဝတိုင်းသည် သင်္ခါရဒုက္ခကြီးလှ၏အသက် ခန္ဓာကို မညှာတာဘဲ ခြိုးခြံစွာကျင့်မှ ရသည့်တရားကို ကောင်းမွန်းသိလျက် မကျင့်နိုင်ကြ ဒုက္ခကြီးစွာထင်၏၊ ဝိပရိဏာမ ဒုက္ခဘေးလည်းကြီး၏။

စျာန်အဘိညာဏ် ဆိုသည်မှာလည်း ရရှိပြီးနောက် စောင့်ရှောက်မှု ဒုက္ခကြီးလှသည်။ အနည်းငယ်မျှသော ပျက်စရာ အကြောင်းဆုံက ခဏခြင်း ပျက်တတ်၏။

ဝိပရိဏာမဒုက္ခတာ....ပဋိသန္ဓေနေပြီးသည်၏နောက် အခါမလတ် ပျက်ခွင့်ပျက်ခိုက်ကြုံက ပျက်တတ်၏၊ သေခွင့်ထိုက်က သေတတ်၏၊ လူနတ်ပြဟ္မာစသည်မှ ၃၁-ဘုံရှိ ဘဝတို့သည် ဒုက္ခသုံးချက်ညီ၍ ဒုက္ခမျိုးသာ အမှန်ဖြစ်၏၊ ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခ သောကဒုက္ခ ပရိဒေဝဒုက္ခ ကာယိကဒုက္ခ စေတသိက်

ဒုက္ခ ဥပါယာသဒုက္ခ အပ္ပိယသမ္ပယောဂဒုက္ခ ပိယဝိပ္ပယောဂ ဒုက္ခ ဣစ္ဆဝိဃာတဒုက္ခ ဟူ၍ ဒုက္ခလက္ခဏာ (၁၁)ပါးရှိ၏။

ဇာတိမှာ... ကိလေသာဇာတိ၊ ကမ္မဇာတိ၊ ဝိပါကဇာတိ ဟူ၍ သုံးပါးရှိ၏။ ကိလေသာဇာတိဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ စသော ကိလေသာတရားတို့ ဖြစ်ပေါ်မှု ပွားများမှုတို့ဖြင့် **ကိလေသာဇာတိ** ရှိကြ၏။ ကမ္မဇာတိ ဖြင့် ဒုက္ခရိုက်ကံတရား၏ ဖြစ်ပေါ် ပေါက်ပွားခြင်း များလည်းရှိ၏။ ဝိပါက ဇာတိဖြင့် ကိုယ်ခန္ဓာ၏ ရောဂါဝေဒနာမျိုး ဒုက္ခဝေဒနာ တို့ဖြစ်ပေါ်ပွားများမှုကြောင့် ဒုက္ခများလှသော ဘဝခန္ဓာတို့၏ ဖြစ်ပွားမှုရှိကြ၏။

ဤသုံးပါးတွင် ကိလေသာဇာတိ၌ လောဘဟူသော ကိလေသာ အလွန်သောင်းကျန်း၏၊ အခါသင့်၍ဖြစ်က ယမ်းပုံမီးကျ ဖြစ်၏၊ ပယ်နိုင်ခဲ၏၊ လောဘဇာတိ၏ ပရိယာယ်ကို အရိယာ ပညာရှိတို့ ကြောက်ကြ၏၊ ဒုက္ခကြောင့်ဖြစ်၏၊ ဒေါသ မောဟ စသော ကိလေသာတို့၏ ထောင့်ငါ့ရာ ကိလေသာတို့၏ ဇာတိ မှာလည်း ထို့တူဖြစ်၏၊ အဆိပ်ထန်သော မြွေနဂါးတို့ကဲ့သို့ဖြစ်၏။ သုံးဆယ့်တဘုံဘဝတို့၌ ဤအဆိပ်မကင်း၊ မကင်းတတ်ရာ ငါ့ကိုယ် ငါ့ခန္ဓာဟု အရိယာ ပညာရှိတို့ မချဉ်းကပ်ဝံ့ကြ ဒုက္ခမျိုးစစ်စစ် ကြီးသာဖြစ်၏။

ကမ္မဇာတိ၌ ပါဏာတိပါတစသော ကာယဒုက္ခရိုက်၊ ဝစီ ဒုက္ခရိုက်၊ မနောဒုက္ခရိုက် အမိုက်အမှား ကံတရားတို့သည် ကိလေ သာတရားမှ ပေါက်ပွား စီးဆင်း စုစည်းရာဖြစ်၏။ သို့ဖြစ်၍

ကိလေသာဇာတိသောင်းကျန်းတိုင်း ဒုက္ခရိုက်တို့၏ဖြစ်မှုဟူသော ကမ္မဇာတိလည်း သောင်းကျန်း၏၊ ယင်းဇာတိကို အရိယာတို့ ကြောက်၏၊ ဒုက္ခဟု သေချာ တပ်အပ်-ပညာမြတ်ဖြင့်သိ၏။

သူခိုးဓါးပြတို့ရှိရာရွာသို့ သူကောင်းမကပ်ဝံ့သကဲ့သို့ရှောင်ကြ၏ လူ့ဘဝ-လူ့ခန္ဓာသည် ကမ္မဇာတိဖြစ်ရာ ပွားရာဌာနဖြစ်၏။ ငါဟူသော အစွဲကို အရိယာပညာရှိတို့ မရှိကြ ကြောက်ဘွယ်ဖြစ်၏။ ဒုက္ခမျိုးအစစ်ဖြစ်၏။

ဝိပါက ဇာတိ၌ ကိလေသာဇာတိ ကမ္မဇာတိတို့သောင်းကျန်းကြသည့်အတွက် အပါယ်ကျရောက်ခြင်း ဟူသော ဝိနိပါတဝိပါကဇာတိလည်း ဘဝသံသရာတွင် အစဉ်ထာဝရသောင်းကျန်းလျက်ရှိ၏။

သို့ဖြစ်၍ ကိလေသာဇာတိ ကမ္မဇာတိတို့နှင့် အတူတကွ ထိုဝိပါကဇာတိ အစဉ်ပါရှိ၍နေသော လူ့ဘဝ-လူ့ခန္ဓာစသည်မှာ ဒုက္ခမျိုးအမှန်ဖြစ်၏ သုစရိုက်တရား သုဂတိဘဝများလည်း ကိလေသာဘေး၏ အစာအာဟာရတရားကဲ့သို့ဖြစ်ကြ၏ ကိလေသာမီးကို ပွားစေ၏ ဒုစရိုက်တို့၏ ဇာတိ၊သုဂတိဘဝတို့၏ ဝိပါက ဇာတိများသည် ကိလေသာဇာတိတို့၌ပါဝင်၏။

× × ×

## အနိစ္စဓမ္မ ဘုံဘဝ

ဇရာဒုက္ခ မရဏဒုက္ခတို့သည် ဘဝမျိုးစုံ၌ ပဋိသန္ဓေနေပြီး အခါမလပ် အခွင့်သင့်က ယိုယွင်းစေ၏။ သေစေ၏။ အပါယ်

ကျရောက်တတ်၏။ ခဏိကဇရာ ခဏိက မရဏာများလည်းဖြစ်ကြ၏။ ဇာတိမရဏတို့၏ ဒုက္ခဘဝမကွာ အမြဲပါတတ်၏၊ ၃၁-ဘုံဘဝတို့သည် ဒုက္ခချည်းအမှန်ဖြစ်၏။

ဒုက္ခ၊ သောကဒုက္ခ ပရိဒေဝဒုက္ခ ကာယိကဒုက္ခ စေတသိကဒုက္ခ ဥပါယာသဒုက္ခ တို့သည် လူ့ဘဝ-လူ့ခန္ဓာ-နတ်ဘဝ နတ်ခန္ဓာတို့မှာ သွားလေရာ ဖြစ်လေရာတိုင်း၌ ဖြစ်ခွင့်ဆိုက်တိုင်း ဖြစ်ရန်အသင့်ပါကြ၏၊ ငရဲဘုံ-ပြိတ္တာဘုံတို့မှာ သောကဘုံဖြစ်၏၊ ပရိဒေဝဘုံ ဒုက္ခဘုံ ဒေါမနဿဘုံ ဥပါယာသဘုံကြီးတွေလည်း ဖြစ်ကြ၏။

× × ×

**လောကဓံ**

မတွေ့မြင်လိုသော သက်ရှိ သက်မဲ့တို့ကိုတွေ့မြင်ပေါင်းသင်း ရရှိဆက်ဆံပြရက အပိယသမ္ပယောဂဒုက္ခမည်၏။တွေ့မြင်လိုသော သက်ရှိ သက်မဲ့ကို မတွေ့ရဘဲ မရရှိကြဘဲ သေကွဲကွဲရခြင်းတို့သည် ပိယဝိပ္ပယောဂဒုက္ခမည်၏ လိုလားတောင့်တအပ်သော ဆန္ဒအဟုန်နှင့်မရဘဲ လွဲချော်ပျက်စီး အချည်းနှီး အကျိုးမဲ့အလဟဿ ဖြစ်ခြင်းမှာ ဣစ္ဆာဝိလာဘတ ဒုက္ခမည်၏။

ယင်းဒုက္ခတို့သည်၊ လောကမှာ မျက်မြင်ကိုယ်တွေ့များ ဖြစ်ကြ၏၊ ထင်ရှားသိသာ၏။ ၃၁-ဘုံဘဝတိုင်း၌ ဖြစ်တတ်၍ ဒုက္ခဟုသိအပ်၏။ ဒုက္ခဆဲ့တစ်ချက်တွင် ဇာတိ ဇရာ မရဏသုံးချက်အရေးကြီး၏။

×

**အနတ္တ**

ရုပ်နာမ်နှစ်ပါးတို့ကို အနတ္တဟူ၍ သိရာသိကြောင်း ဖြစ်သော အချက်ကို အနတ္တလက္ခဏာတို့၏ အနတ္တတွင် အတ္တနှင့် အဓိပ္ပါယ် ယှဉ်၍ သိအပ်သည် အတ္တသည်၊ သတ္တဝါ၏ အနှစ်အသားဟု ဆိုသည် အနှစ်အသားဆိုသည် ဥပမာမြေအိုးနှင့်ပြ၏။

မြေအိုးတွင် မြေသည် အိုး၏ အနှစ်အသားဖြစ်၏။ အိုးဟူသည် သဏ္ဌာနပညတ် ဖြစ်၏ ပုံသဏ္ဌာန်ကို စွဲယူခေါ်တွင်ခြင်း ဖြစ်သည် မြေ၏ အမည်မဟုတ်၊ သဏ္ဌာန သဏ္ဌာန်သည်လည်း ပရမတ္ထတရားကဲ့သို့ ဓာတ်နှစ်ဓာတ်သားမဟုတ် အမည်ပညတ် သည် မူရင်းမြေမဟုတ် အဓိကဖြစ်သော မြေသည်သာ ပရမတ် အစစ်ဓာတ် အနှစ်ဖြစ်၏။

လောက၌ အိုး-ရှိသလားဆိုလျှင် ပညတ် ပရမတ်မသိသူက ရှိသည် ဆိုမည်ဖြစ်၏ ရှိလျှင်ပြပါဆိုက အနီးရှိ မြေအိုးသာ ပြမည်ဖြစ်သည် ဤသည်ကို အိုးမဟုတ် မြေအိုးဟု စွပ်စွဲခြင်း ဖြစ်သည် စွပ်စွဲပွားစီးခြင်းဖြစ်သည်ဟု ဆိုလျှင်ဖြစ်၏။

မြေသည်ပရမတ္ထမူရင်း အရှိတရားဖြစ်၏ အနှစ်အသားသဘော သဘာဝရှိပြီးဖြစ်၏။ အိုးသည်ပညတ်ဖြစ်၍ အနှစ်အသားမရှိ အမည်မည့်ခေါ်ခြင်း သဘောသာဖြစ်၏။ မြေကို အိုးဟု စွပ်စွဲ ခြင်းသည် မြေကို အိုး၏ အတ္တပြုခြင်းဖြစ်သည်။ အနှစ်အသား ရှိသောမြေကို အနှစ်အသားမရှိသောအိုး၏ အတည်ခံ အမာခံ အနှစ်အသားပြုခြင်းဖြစ်၏။

မရှိသောအိုးသည် ရှိသောအိုး ဖြစ်ရလေသည်၊ မြေသည် အိုး၏ အတ္တဖြစ်၏။ အတ္တဖြစ်က မြေသည်ပင်လျှင် အိုး၊အိုးသည်

ပင်လျှင် မြေဟူ၍ မြေနှင့်အိုး တခုတည်းဖြစ်သည် ဤအိုး ဖြစ်ခြင်းကို အစွပ်စွဲမှားခြင်းဆိုသည် မြေကိုပင် အိုးပုံစံလုပ်က အိုးဟုခေါ်၏၊ ၎င်းမြေကို ခွက်ပုံစံလုပ်က ခွက်ဟုခေါ်၏ အရုပ် လုပ်က ပုံသဏ္ဌာန်လိုက်၍ အမည်မှည့်ခေါ်ကြ၏ အားလုံး၏ အနှစ်မှာ မြေဖြစ်သည်၊ မှည့်ခေါ်ခြင်းသည် မြေကိုဖြောက်၍ အမည်ဖြင့် စွပ်စွဲခြင်း မှားပုံသာ ဖြစ်သည်။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် မြေနှင့်တူ၏ ပုဂ္ဂိုလ် သတ္တဝါသည် အိုးနှင့်တူ၏ မြေကို အိုးဟုဆိုခဲ့ပြီး မြေသည် အိုး၏ အတ္တဖြစ်သကဲ့သို့ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို ပုဂ္ဂိုလ် သတ္တဝါဟူ၍ ပြလျှင်လည်း ယင်းခန္ဓာငါးပါး ရုပ်နာမ်တရား တို့သည် ပုဂ္ဂိုလ်သတ္တဝါတို့၏ အတ္တသာ ဖြစ်ရလေသည်၊ ပုဂ္ဂိုလ် သတ္တဝါ၏အနှစ်သာရဖြစ်ရ၏ ဤသည်မှာ အတ္တ၏ သဘောနှင့် စွပ်စွဲမှတ်ယူတတ်သည့် အဓိပ္ပါယ် စွပ်စွဲခြင်းမှားပုံသာဖြစ်သည်။

အနတ္တဆိုသည်....မြေအိုး ဆိုသည်ကို မြေတခြား အိုးတခြား မြေသည် ပရမတ္တမျိုး၊ အိုးသည် သဏ္ဌာနပညတ်ဟူ၍ ခွဲ၍၊ မြေ သည် အိုးမဟုတ်၊ အိုသည် မြေမဟုတ်၊ မြေကို အိုးဆိုလျှင်မှား၏။ မြေသည် အိုး၏ အတ္တမဟုတ်၊အနတ္တဖြစ်သည်။ အိုးသည် သဏ္ဌာန ပညတ် ပုံသဏ္ဌာန် မှတ်စွဲမှု ဖြစ်၍ ကောင်းကင် ပညတ်ကဲ့သို့ အချိးနှိုးဖြစ်၍ ထင်ရှားလေသည်။

ထိုတူ ခန္ဓာငါးပါး ရုပ်နာမ် တရားသည်တခြား၊ ပုဂ္ဂိုလ် သတ္တဝါသည်တခြား၊ ပရမတ်မျိုး၊ သဏ္ဌာနပညတ်မျိုး၊ သန္တတိ ပညတ်မျိုးဟု ခွဲသိအပ်၏။ ရုပ်တရား နာမ်တရားသည် ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါသည် ရုပ်တရား နာမ်တရား

မဟုတ်၊ ရုပ်တရား နာမ်တရားကို ပုဂ္ဂိုလ်သတ္တဝါဆိုလျှင်မှား၏။ ပုဂ္ဂိုလ်သတ္တဝါကို ရုပ်တရား နာမ်တရားဆိုလျှင်မှား၏။ ဤသို့ မြင်နိုင်လျှင် ရုပ်တရား နာမ်တရားသည် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တ မဟုတ် အနတ္တဖြစ်၏။

ပုဂ္ဂိုလ်သတ္တဝါသည်လည်း သဏ္ဌာနပညတ်၊ သန္တတိပညတ်မျှ ဖြစ်၍ အချည်းနှီး ထင်ရှားလေသည်။ အနတ္တလက္ခဏာဆိုသည် ပြဆိုခဲ့သည့် အနိစ္စလက္ခဏာသည် အနတ္တလက္ခဏာပင်ဖြစ်၏။ ဒုက္ခ လက္ခဏာ အစုသည်လည်း အနတ္တလက္ခဏာပင်ဖြစ်သည်။

အနိစ္စလက္ခဏာသည် အနတ္တလက္ခဏာကဲ့သို့ ဖြစ်ပုံမှာ ပုဂ္ဂိုလ် သတ္တဝါသည် ပညတ်မျိုးဖြစ်၍ တဘဝလုံးမြဲ၏။ဘဝဆက်တိုင်း မြဲ၏ စသည်ဖြင့် တည်ကြောင်း မြဲကြောင်းဘက်က ယူဆကြ၏။

ရုပ်တရား နာမ်တရားတို့မှာ ခဏိကဇရာ၊ ခဏိကမရဏ ဟူသော အနိစ္စလက္ခဏာရှိ၏။ ထိုဇရာမရဏနှင့်တကွ တခဏစီမှာ အကြိမ်များစွာ ရုပ်နာမ်ဟောင်းတို့ပျက်ကြ၊ ရုပ်သစ်တို့ဖြစ်ကြ၊ အသစ်တွေဖြစ် အဟောင်းတွေ ချုပ်ငြိမ်းကြ၏။ ဤမျှမက ပွားများခြင်း တည်းဟူသော အညထာဘာဝ အနိစ္စလက္ခဏာ လည်းရှိ၏။

တဘဝလုံးမှာမှ တဦးတယောက်တည်းဟူ၍ ယူဆကြသော ပုဂ္ဂိုလ်သတ္တဝါမှာ ဤသို့ ဝိပရိဏာမမျှ၊အညထာဘာဝမျှ မရှိသင့် ရှိလျှင် တယောက်တည်းမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါသည် အခါသင့် တိုင်း ခဏတိုင်းမှာ ရာထောင်မက အိုရ၏၊ သေရ၏၊ ဘဝ ပြောင်းလဲရ၏ ဟု ရှိနေမည်။ ထိုသို့မရှိ၊ သို့ဖြစ်၍ ရုပ်နာမ်တရား

တို့မှာ အနိစ္စလက္ခဏာထင်မြင်၍ ရုပ်နာမ်သည် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တမဟုတ်ဟု သိနိုင်၏။
**ကာမမျိုး**– ကာမတဏှာ၏ သိမ်းပိုက်ရာ စိတ်ကြမ်းမျိုးဖြစ်၏။ ထိုကာမမျိုးသည် အကုသိုလ်စိတ်မျိုး၊ ကုသိုလ်စိတ်မျိုး၊ ဝိပါတ်စိတ်မျိုး၊ ကြိယာစိတ်မျိုး ဟူ၍ လေးပါးရှိ၏။
**ရူပမျိုး**– ကာမတဏှာမှ ကင်းလွတ်၍ ရူပတဏှာ၏ သိမ်းပိုက်ရာဖြစ်သော စျာန်စိတ်မျိုးဖြစ်၏။ရူပမျိုး၌ကုသိုလ်စျာန်စိတ်မျိုး၊ ဝိပါက်စျာန်စိတ်မျိုး၊ ကြိယာစျာန်စိတ်မျိုးဟူ၍ သုံးမျိုးရှိသည်။
**အရူပမျိုး**– ရူပတဏှာမှကင်း၍ အရူပတဏှာ၏ သိမ်းပိုက်ရာဖြစ်သော စျာန်စိတ်မျိုးကို ခေါ်သည်။ ၎င်း၏ကုသိုလ်စျာန်စိတ်၊ ဝိပါက်စျာန်စိတ်၊ ကြိယာစျာန်စိတ်ဟူ၍ သုံးမျိုးရှိသည်။
**လောကုတ္တရာမျိုး**– တဏှာသုံးပါးမှ ကျွတ်လွတ်၍ ကာမ ရူပ-အရူပ ဟူသော လောကသုံးပါးမှ လွန်မြောက်သော အရိယစိတ်မျိုးဖြစ်၏။ အရိယစိတ်မျိုး၊အရိယဖိုလ်စိတ်မျိုးဟူ၍ နှစ်မျိုးရှိသည်။

× × ×

**စေတသိက် ၅၂။**

စေတသိက်သည် ဖဿ၊ဝေဒနာ၊သညာ၊စေတနာ၊ဧကဂ္ဂတာ၊ ဇီဝိတာ၊ မနသိကာရ၊ ဤ (၇) ပါးသည် သဗ္ဗစိတ္တကမည်၏။ စိတ်တိုင်း နှင့်ယှဉ်ကုန်၏။

ဝိတက္က၊ ဝိစာရ၊ ဝိရိယ။ ပီတိ၊ ဆန္ဒ၊ အဓိမောက္ခ ဤ(၆) ပါးသည် ပကိဏ်းမည်ကုန်၏။ ပြိုးပြွမ်း၍သာ ယှဉ်၏။ ပေါင်း

(၁၃)ပါးကို ဝိမိဿကမည်၏။ ကောင်းမကောင်းနှင့် ဆက်ဆံကုန်၏။

* လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဒစ္စ၊ထိန၊မိဒ္ဓ၊ ဝိစိကိစ္ဆာ၊ ၎င်း(၁၄)ပါးသည် ပါပဇာတိမည်၏။ မကောင်းမျိုးအစစ်ဖြစ်သည်။

* အလောဘ၊ အဒေါသ၊ အမောဟ၊ သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊စိတ္တလ ဟုတာ၊ကာယမုဒုတာ၊စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာ (**သောဘဏ-၂၀**)။ သမ္မာဝါစာ၊ **သမ္မာကမ္မန္တ**၊ သမ္မာအာဇီဝ ဟူသော (**ဝိရတီသုံးပါး**)။ ကရုဏာ၊ မုဒိတာ(**အပ္ပမညာ နှစ်ပါး**) ပေါင်း ၂၅-ပါးတို့သည် ကလျာဏဇာတိမည်၍ အကောင်းမျိုးအစစ်ဖြစ်သည်။

ဝိမိဿက-၁၃-ပါး၊ ပါပဇာတိ-၁၄-ပါး။

ကလျာဏဇာတိ-၂၅-ပါး၊ ပေါင်း (၅၂) ပါးဖြစ်သည်။

× × ×

**သဗ္ဗစိတ္တက-၇ပါး။**

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတ၊ မနသိကာရ (၇) ပါးဖြစ်သည်၊ အလုံးစုံသော စိတ်တို့၏ အမြဲယှဉ်သည်ဖြစ်၍ သဗ္ဗစိတ္တက စေတသိက်မည်သည်။

* **ဖဿ**-တွေ့ထိခြင်း။ **ဝေဒနာ**-ရသကိုခံစားခြင်း။
* **သညာ**-အမှတ်ပြုမှုဖြစ်ခြင်း။
* **စေတနာ**-စေ့ဆော်မှု နာမ်တရားတို့ကို အမှုကိစ္စ၌ ညီညာ ထကြွစေရန် နှိုးဆော်စီရင် ကြိုးကြပ်မှုဖြစ်သည်။
* **ဧကဂ္ဂတာ**-စိတ်၏တည်ကြည်ခြင်း၊ သမာဓိ၊ ဈာန်အဘိညာဏ်သမာပတ်တို့၌ အကြီးအချုပ်ဖြစ်သည်။
* **ဇီဝိတ**-နာမ်တရားတို့၏ အသက် နာမ်ကာလရှည်စွာ တည်ရန်အချုပ်။
* **မနသိကာရ**- နှလုံးသွင်းမှု၊ အလိုရှိရာ အာရုံ၌ အဖန်ဖန် ဆောင်ပေးမှု။

**ပကိဏ်း-၆-ပါး။**

* **ဝိတက္က**-စိတ်၏ ထွေပြားစွာအကြံပွားခြင်း။
သက်ပွလည်းခေါ်၏ ၎င်းမှာ-
သမ္မာသင်္ကပ္ပ၊ မိစ္ဆာသင်္ကပ္ပနှစ်ပါးရှိ၏။
* **ဝိစာရ**-အာရုံ၌ စိတ်၏ တရစ်ဝဲဝဲနေခြင်း။
* **ဝီရိယ**-အမှုကိစ္စတို့၌ စိတ်၏ထကြွပေါ့ပါးခြင်း။
သမ္မာဝါယမ၊ မိစ္ဆာဝါယမ နှစ်ပါးရှိ၏။
* **ပီတိ**-စိတ်၏ နှစ်သက်ခြင်း၊ စိတ်သဏ္ဍာန်ကြီးထွားခြင်း။
စိတ်၏ ရွှင်လန်းတက်ကြွခြင်း၊တဟုန်တည်း မြောက်ကြွခြင်း။
* **ဆန္ဒ**-အလိုရှိခြင်း။ အဓိမောက္ခ-အာရုံ၌ ကျတ်လွတ်ခြင်း၊
ဒွိဟာစိတ်နှစ်ခွမရှိ အငြိအတွယ်မှ စိတ်၏ကျွတ်လွတ်ခြင်း။
ယင်း-၆-ပါးသည်၊ အလုံးစုံသော စိတ်တို့၌မယှဉ်၊ အချို့

အချို့သော စိတ်တို့၌သာ ယှဉ်သဖြင့်၊ ပကိဏ်းစေတသိတ် မည်၏။

သဗ္ဗစိတ္တက-ခုနစ်ပါးနှင့် ပေါင်းက၊ ဆဲ့သုံးပါး၊ ရသည်၊ ၎င်း ၁၃-ပါးသည် ကောင်း၊ မကောင်း နှစ်ဘက်ယှဉ်ရောယှက်ခြင်းကြောင့် **ဝိမိဿက** မည်၏၊ စိတ်သည်လည်း၊ ကောင်း-မကောင်း၊ နှစ်ဘက်နှင့် ရောယှက်သည်ဖြစ်၏။

× × ×

**အကုသိုလ်စေတသိတ်-၁၄-ပါး။**

လောဘ-အာရုံ၌စိတ်၏ ငြိတွယ်စေးကပ်ခြင်း၊ တဏှာလည်းခေါ်၏။ အဘိဇ္ဈာလည်းခေါ်၏။ ကာမလည်းခေါ်၏၊ ရာဂလည်းခေါ်၏။

**ဒေါသ**-အာရုံ၌ စိတ်၏ ကြမ်းတမ်းစွာ ထိခိုက်ခြင်း။ ပဋိဃ၊ ဗျာပါဒ၊ စသည်ခေါ်၏။

**မောဟ**-တရားဓမ္မအရာ၌ လွန်စွာမသိခြင်း။ အဝိဇ္ဇာ၊ အညာဏ၊ အဒဿန၊ လည်းခေါ်၏။

ဒိဋ္ဌိ-တရားဓမ္မအရာ၌ **အ**မြင်မှားခြင်း။ အယူမှားခြင်း၏၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-လက္ခဏာတို့ကို နိစ္စ၊ သုခ၊ အတ္တ-ဟု ယူဆခြင်း၊ ကုသိုလ်၊အကုသိုလ်ကံကို ပယ်ခြင်း ကံ-ကံ၏ အကျိုးကိုပယ်ခြင်း။

**မာန**-အထင်မှားခြင်း၊ ငါမဟုတ်သောရုပ်-နာမ်ကို ငါဟုထင်ခြင်း၊ ငါအထင်နှင့် ဟုတ်သည် မြတ်သည်၊ မြင့်သည်၊ နိမ့်သည်။ အထင်ရှိ၏။

**ဣဿာ**-ငြူစူခြင်း၊ သူတပါးကောင်းစားသည်ကို မနာလိုခြင်း၊ ဝမ်းမမြောက်နိုင်ခြင်း၊ မချီးမွမ်းနိုင်ခြင်း၊ အကောင်းမပြော

နိုင်ခြင်း၊ မကောင်းပြောလိုခြင်း၊ အပြစ်ပြောရန် ရှာကြံခြင်းတည်း။
**မစ္ဆရိယ**-ဝန်တိုခြင်း၊မိမိရှိသည်ကို သူတပါးအား မမျှတလိုခြင်း၊ နှမြောခြင်း၊ စေးနှဲခြင်း။
**ကုက္ကုစ္စ**-နောင်တ တဖန်ပူပန်ခြင်း၊ ကျူးလွန်ပြီးသောအခါမှ ငါမေ့ခဲ့မိလေခြင်း၊ ငါမိုက်ခဲ့မိခြင်း၊ မှားလေခြင်း စသည် တအုံနွေးနွေး ပူဆွေးခြင်း၊ မကောင်းမှုပြုမိသောအမှား ကောင်းမှုကို ပြုနိုင်ရက်နှင့် မပြုလိုက်လေသော အမှားဟူ၍ နှစ်ပါးရှိသည်။
**ဟိရိက**-အရှက်မရှိခြင်း၊ မကောင်းမှုကို လက်မရွံ၊ နှုတ်မတွန့်၊ ရှက်ရမှန်းမသိခြင်း။
**အနောတ္တပ္ပ**-အကြောက်မရှိခြင်း၊မကောင်းမှုလုပ်သဖြင့် အပါယ်လည်း မကြောက် ကဲ့ရဲ့သည်လည်း မကြောက်ခြင်း။
**ဥဒ္ဓစ္စ**-အာရုံတခု၌ စိတ်၏ ရပ်တည်ခြင်းမရှိမှု စိတ်ချပ်တည်ရာမရ၊ စိတ်ပျံ့လွင့်မှု။
**ထိန**-စိတ်၏ ထိုင်းမှိုင်းခြင်း၊ တွေဝေလေးလံခြင်း၊ အာရုံကို သိလိုရာ၌ မသိနိုင်အောင် မပွင့်လင်းဘဲ မှေးမှိန်အားလျော့နေခြင်း။**မိဒ္ဓ**-စေတသိတ်တို့၏ ထိုင်းမှိုင်းခြင်း၊အာရုံကို တွေထိခံစားမှုစသည်၌ မပွင့်ဘဲ မှေးမှိန်ခြင်း။
**ဝိစိကိစ္ဆာ**-ယုံကြည်ထိုက်သည်ကို မယုံကြည်ခြင်း ယုံမှားသံသယရှိခြင်း ၎င်း (၁၄)ပါးသည် မကောင်းမှုမျိုး၏ စင်စစ်ဖြစ်၏၊ ပါပဇာတိမည်၏ အကုသလ ဓမ္မအစစ် မည်၏။

ဝ ဝ ဝ

**ကုသိုလ်စေတသိတ်-၂၅-ပါး။**

+ **အလောဘ**-အာရုံ၌ စိတ်၏ ငြိတွယ်မှုမရှိခြင်း နေက္ခမဓာတ်လည်းခေါ်၏၊ အနဘိဇ္ဈာလည်းခေါ်၏။
+ **အဒေါသ**-အာရုံ၌ စိတ်ညွတ်နူးခြင်း၊ အဗျာပါဒ မေတ္တာလည်းခေါ်၏။
+ **အမောဟ**-အမှန်ကိုသိခြင်း၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ၊ သမ္မာဒိဋ္ဌိစသည်ခေါ်၏။ ဤတရားသုံးပါးတို့သည် အလုံးစုံသော ကလျာဏဓမ္မတို့၏ အရင်းအမြစ် အခြေခံဖြစ်သောကြောင့် ကလျာဏမူလတရားသုံးပါးမည်၏။
+ **သဒ္ဓါ**-ယုံကြည်ထိုက်သော အမှန်တရားတို့၌ ယုံကြည်ခြင်း၊ ပသာဒ၊ အဓိမောက္ခ စသည်ခေါ်၏။
+ **သတိ**-ကောင်းမြတ်သောအရာတို့၌ မမေ့မလျော့မပေါ့မဆ မပျောက်မလွတ်နိုင်ရန် အဖန်ဖန် အာရုံပြုခြင်း သရဏ ဥပဋ္ဌာန စသည်ခေါ်၏။
+ **ဟိရီ**-ရှက်ခြင်း၊ မကောင်းမှုသို့ မတိုးဝံ့ခြင်း။
+ **ဩတ္တပ္ပ**-ကြောက်လန့်ခြင်း၊ အတ္တနုဝါဒဘေး၊ပရနုဝါဒဘေး အပါယ်ဘေးတို့မှ ကြောက်သဖြင့်မကောင်းမှုသို့မတိုးဝံ့ခြင်း။
+ **တတြမဇ္ဈတ္တ**-အာရုံထွေပြား၍ ထိုထိုအာရုံ၌ ငြိတွယ်ခြင်း ဆန့်ကျင်ခြင်း၊အစွန်းတို့မှကင်းလွတ်သဖြင့်လျစ်လျူ အနေ၌ တည်ခြင်း။ ၎င်းကို-ဗြဟ္မဝိဟာရ အရာ၌ ဥပေက္ခာဗြဟ္မာဝိဟာရ ဗောဇ္ဈင်္ဂအရာ၌ ဥပက္ခာသမ္ဗောဇ္ဈင် စသည်ခေါ်၏။
+ **ကာယပဿဒ္ဓိ**-စေတသိက် အပေါင်းဟူသော နာမကာယ၏ ငြိမ်းချမ်းခြင်း။

* စိတ္တုပဿဒ္ဓိ-စိတ်၏ ငြိမ်းချမ်းခြင်း မကောင်းမှု မှန်သမျှနှင့် မယှဉ်ခြင်း။
* ကာယလဟုတာ- နာမကာယ၏ ပေါ့ပါးခြင်း။
* စိတ္တလဟုတာ-စိတ်၏ပေါ့ပါးခြင်း၊ ကုသိုလ်မှုကိုလေးလံစေသောမကောင်းမှုစိတ်တို့နှင့် မယှဉ်ခြင်း။
* ကာယမုဒုတာ-နာမကာယ၏နူးညံ့ခြင်း။
* စိတ္တမုဒုတာ-စိတ်၏ နူးညံ့ခြင်း၊ ကုသိုလ်မှုတို့၌ စိတ်ခက်ထန်ကြမ်းတမ်းခြင်းတို့နှင့်မယှဉ်ခြင်း။
* ကာယ ကမ္မညတာ-နာမကာယ၏ အမှု၌ကောင်းခြင်း။
* စိတ္တကမ္မညတာ-စိတ်၏အမှု၌ကောင်းခြင်း ကုသိုလ်မှု၌စိတ်၏ မကောင်းမှုန် မခန့်ငြားခြင်း၊ အကုသိုလ်တို့နှင့် မယှဉ်ဘဲ ကုသိုလ်မှု၌မငြင်းဆန်ခြင်း။
* ကာယပါဂုညတာ-နာမကာယ၏ လေ့လာခြင်း။
* စိတ္တပါဂုညတာ-စိတ်၏ လေ့လာခြင်း၊ ကုသိုလ်မှု၌ ထစ်ငေါ့ဆိုင်းငံ့ခြင်းမရှိဘဲ မကောင်းမှုနှင့် မယှဉ်သော သွက်လက်ကျေပြွန်ခြင်း။
* ကာယုဇုကတာ-နာမကာယ၏ ဖြောင့်မတ်ခြင်း။
* စိတ္တုဇုကတာ-စိတ်၏ ဖြောင့်မတ်ခြင်း၊ ကောင်းမှု၌ စိတ်မကောက်ကျစ်၊ မကောင်းစိတ်နှင့် မယှဉ်ဘဲ ကောက်ကျစ်စဉ်းလဲမှုမှကင်းခြင်း သဘောဘာ-ဆိုသည် တင့်တယ်ကောင်းမြတ်ခြင်း။
* သမ္မာဝါစာ-မုသာဝါစာ ပိသုဏဝါစာ ဖရုသဝါစာ

သမ္ဖလ္လလာပ-စသည့်-ဝစီဒုစ္စရိုက်လေးပါးတို့မှ ရှောင်ကြည် ခြင်း။

* သမ္မာကမ္မန္တ-ပါဏာတိပါတ၊အဒိန္နာဒါန၊ကာမေသုမိစ္ဆာစာရ ဆိုသော ကာယ ဒုစရိုက် သုံးပါးမှ ရှောင်ခြင်း။
* သမ္မာအာဇီဝ-မကောင်းသော အသက်မွေးမှုမှ ရှောင်ခြင်း ဝိရတိ-ဒုစရိုက်မှရှောင်ကြဉ်ခြင်း။
* ကရုဏာ-ချွတ်ဆင်းရဲ ဒုက္ခထဲ၌ ရင်ဆိုင် နေကြရသော သတ္တဝါတို့ကို တွေ့က သနားခြင်း ကြင်နာခြင်း ညှာတာခြင်း ထောက်ပံ့ ကယ်ဆယ်လိုခြင်း။
* မုဒိတာ-ချမ်းသာပြည့်ဝသော သတ္တဝါတို့ကိုမြင်က ဝမ်း မြောက်ရွှင်လန်းခြင်း ဤနှစ်ပါးကို ကရုဏာဗြဟ္မဝိဟာရ မုဒိတာဗြဟ္မဝိဟာရ ဟုလည်းခေါ်၏။
* အပ္ပမညာ-လူ သတ္တဝါ တိရစ္ဆာန်မှ မကျန် သတ္တဝါအနန္တ ခပ်သိမ်းတို့ကိုအာရုံပြု၍ သနားခြင်း၊ ချမ်းသာသောသတ္တဝါ တို့ကို ဝမ်းမြောက်ခြင်းအားဖြင့် ပွားများ စေအပ်သော တရားမျိုးဖြစ်၍'အပ္ပမာနေသု သတ္တေသုဘဝါတိအပ္ပမညာ' ဟူသည်နှင့်အညီ အပ္ပမညာမည်၏။ ဤသည်မှာဇေတသိတ် ၅၂-ပါးဖြစ်သည်။

× × ×

**နိဗ္ဗာန်-၃-မျိုး**

ပဌမနိဗ္ဗာန်။ ဒုတိယနိဗ္ဗာန်။ တတိယနိဗ္ဗာန် ဟူ၍ နိဗ္ဗာန်သုံးခု ရှိသည်။

(၁) အပါယ်ဘဝမှ လွတ်မြောက်ခြင်းသည်၊ ပဌမနိဗ္ဗာန်မည်၏။ (၂) ကာမဘဝတို့မှ လွတ်မြောက်ခြင်းသည် ဒုတိယနိဗ္ဗာန်မည်၏။ (၃) ရူပ အရူပ ဗြဟ္မာဘဝတို့မှ လွတ်မြောက်ခြင်းသည်၊ တတိယနိဗ္ဗာန်မည်၏။

စိတ်-၁ ပါး စေတသိတ်-၅၂ ပါး၊ နိဗ္ဗာန်-၁ ပါး၊ ပေါင်း နာမ်တရား-၅၄ ပါး ဟူ၍ ပရမတ္ထတရား-၈၂ ပါးဖြစ်သည်။

ဤသည်ကို ပရမတ္ထတရား ပရမတ္ထသစ္စာတရားဟုဆိုသည်၊ ယင်း ပရမတ္ထသစ္စာမျိုး မဟုတ်သော ပညတ်သတ္တဝါစသည်ကို သမ္မုတိသစ္စာဟုဆိုသည်။

ပရမတ္ထတရား ၄-ပါးတွင် စိတ်၊ စေတသိတ်၊ နိဗ္ဗာန် တို့ကို နာမ်ဟုခေါ်သည်။ သို့သော် စိတ် စေတသိတ်ဟုသော နာမ်နှင့် နိဗ္ဗာန် ဟူသော နာမ်မှာ အဓိပ္ပါယ်ခြားနားသည်။ နာမ်သည် နာမ ပါဠိ ပျက်ပုဒ်ဖြစ်သည်။ နာမ-ပုဒ်သည် "ညွတ်ခြင်း" အနက်ကို ဟော၏၊ စိတ် စေတသိတ်များမှာ အာရုံသို့ညွတ်တတ်သောကြောင့် နာမ်မည်၏။

နိဗ္ဗာန်ကား-မိမိသည် တစုံတခုသော အာရုံသို့ညွတ်တတ်သောသဘော မရှိသော်လည်း မဂ်စိတ်-ဖိုလ်တို့၏ နိဗ္ဗာန်သို့ ညွတ်အပ် ကိုင်းရှိုင်းအပ်သော သဘောရှိသည်ကို စွဲ၍ နိဗ္ဗာန်ကိုလည်း နာမ်ဟူ၍ခေါ်ဆိုကြောင်းတွေ့ရှိရလေသည်။

**ပစ္စယ**

၈၂ ပါးသော ပရမတ္ထဓမ္မတို့တွင် နိဗ္ဗာန်သည်ဖြစ်ပေါ်ခြင်း ဇာတိ၏ နယ်မှလွတ်၏ ဖြစ်ကြောင်းမလို ဇရာမရဏမှကင်း၏

လွှတ်၏၊ သို့ဖြစ်၍ **စောင့်ရှောက်ထောက်ပံ့ရန်လည်းမလို** သို့ဖြစ်၍ နိဗ္ဗာန်သည် **အပစ္စယတရား၊ အသင်္ခတတရား**မည်၏။

နိဗ္ဗာန်မှကြွင်းသည့် ၈၁ ပါးသော ရုပ်တရား နာမ်တရားတို့သည် ဇာတိ ဇရာ မရဏတို့ဖြင့် ဖြစ်ပျက်မှုရ၏၊ **သပစ္စယတရား၊ သင်္ခါတတရား** ဖြစ်ကုန်၏။

ထိုရုပ်တရား နာမ်တရား နှစ်ပါးတို့တွင် ရုပ်-၂၈ ပါး၌ "ကံ၊စိတ်၊ဥတု၊အာဟာရ" အကြောင်းလေးပါးရှိသည် ကံ-ကို ဦးတည်ထားသည် အကြောင်းမူလ ပြထားသည်၊ စိတ်ဟူသော အကြောင်းသည်လည်း အချယ်လှယ် အကြောင်းမျှဖြစ်၏။

ရူပကာခန္ဓာ- ရုပ်ကိုယ်ကြီးသည် ဥတုဟူသော ဓာတ်မီး၊ အာဟာရဟူသော ဓာတ်ဆီတို့၏ အစွမ်းဖြင့် ကြီးပွားရသည်။ ကာလရှည်စွာ တည်ရသည်။ အခြေခံဓာတ်မီး ဓာတ်ဆီပျက်က ကံ၏အစွမ်း စိတ်၏အစွမ်းတို့လည်း ပျက်ရသည်။

သစ်ပင်တွင်မျိုးစေ့သည် မူလဦးတည်အကြောင်းရင်းဖြစ်၏။ မြေဥတု၊ ရေဥတုတို့ကြောင့် ကြီးပွား၏။ ကာလရှည်တည်၏။ မြေဥတု၊ ရေဥတုပျက်က မျိုးစေ့အစွမ်းပျက်ရသည်။ ရူပကာယသည် သစ်ပင်နှင့်တူ၏။ ကံသည် မျိုးစေ့နှင့် တူသည်။ ဥတုဟူသော ဓာတ်ဆီသည် မြေကြီးနှင့်တူသည်။ အာဟာရဟူသော ဓာတ်မီးသည် မြေကြီးနှင့်တူသည်။ အာဟာရဟူသော ဓာတ်ဆီသည် မိုးအခါ၌ မပြတ်ရွာသော မိုးရေနှင့်တူ၏။ စိတ်သည် သစ်ပင်ကို ပြင်ပမှ ကျေးဇူးပြုသော မိုးရေနှင့်တူ၏။ စိတ်သည် သစ်ပင်ကို ပြင်ပမှ ကျေးဇူးပြုသောနေဥတု လေဥတုနှင့်တူသည်။

စိတ်၊ စေတသိက်တို့၏ ဖြစ်ကြောင်းသည် ဝိပါက် တရားမျှဖြစ်သည်။

ရှေးကံဟောင်းသည် အကြောင်းတပါး၊ မှိုရာဝတ္ထုရုပ်သည် အကြောင်းတပါး၊ အာရုံသည် အကြောင်းတပါး၊ ထိုသုံးမျိုးတွင် ရှေးကံဟောင်းသည် သစ်ပင်တွင် မျိုးစေ့နှင့်တူ၏။ ဝတ္ထုရုပ်သည် မြေနှင့်တူ၏။ အာရုံသည် မိုးရေ မိုးပေါက်နှင့်တူ၏။ ကုသိုလ်၊ အကုသိုလ်၊ ကြိယာ၊ စိတ်၊ စေတသိက် တို့မှာ မှီရာဝတ္ထုရုပ်နှင့် အာရုံဟူသော အကြောင်း နှစ်ပါးစီ ရှိကြသည်။ ကုသိုလ်စိတ် စေတသိက်တို့မှာ ယောနိသော မနသိကာရ ကောင်းစွာနှလုံးသွင်း မှန်ကန်ခြင်း အကြောင်းခံကြ၏။ အကုသိုလ်စိတ် စေတသိက်တို့မှာ အယောနိသောမနသိကာရ မကောင်းစွာသော စိတ်နှလုံးဖြင့် မှားယွင်းခြင်း အကြောင်းခံခြင်း ဟူ၍ နှစ်ပါး ရှိသည်။

ဇောကိစ္စ(ဝါ) ဇဝနကိစ္စ (ဇော- အားရှိသော သဘော၊ ထိုထိုကိစ္စတို့ကို ပြီးစေတတ်သော သဘော) ရှိသော ကြိယာစိတ် စေတသိက်တို့မှာ ကုသိုလ်ကဲ့သို့သော ယောနိသော မနသိကာရသည်သာအကြောင်းဖြစ်သည်။ အာဝဇ္ဇန်းဒွေးတို့မှာ ကုသိုလ်၏ ရှေ့သွားဖြစ်ခိုက် အကုသိုလ်နှင့် တူသည်။ ယောနိသော မနသိကာရသည် သင့်မြတ်သော နှလုံးသွင်းခြင်းဖြစ်သည်။ ဇောသည် ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကြိယာဇော ဟုသုံးပါးရှိသည်။

ကြိယာဇောကိစ္စပြီးပြီးသော ဘုရား ရဟန္တာတို့ သန္တာန်၌ ဖြစ်၍မအောင်မြင်သောသဘောရှိ၏။ ၎င်း ကြိယာဇော၌ကုသိုလ်မှာကဲ့သို့ ယောနိသောမနသိကာရသည်အကြောင်းဟုဆိုလိုသည်။

သင့်မြတ်သော နှလုံးသွင်းမှုသည် အာဝဇ္ဇန်း၏ ကိစ္စနှစ်ပါးဟု ဆိုသည်။ ကြည့်မြင်မှုအပေါ် မူတည်သည်။အပြစ်တင်ရန်ကြည့်က အပြစ်မြင်၍ အကုသိုလ်ဖြစ်သည်။ အပြစ်ပယ်က ကုသိုလ်ဖြစ် သည်။

စိတ်သည် လှေနှင့်တူ၏။ အာဝဇ္ဇန်းသည် ပဲ့သမားနှင့်တူ၏။ ပဲ့သမား၏ တည့်မတ်ရာ လှေသွားသည်သို့ အာဝဇ္ဇန်း ဦးလှည့်ရာကို ကုသိုလ် အကုသိုလ်လမ်းပွင့်ကြသည်သာ ဖြစ်သည်။သစ်ပင်မှာ မျိုးစေ့ဖြစ်သကဲ့သို့ နှလုံးသွင်းမှန်ကန်မှုသည် ကောင်းမှုနှင့် မကောင်းမှုကိုဖြစ်ရန် အရင်းမူလ အကြောင်းဖြစ်သည်။

သစ်ပင်မှာ ငံမြေကြီး၌တည်၏။ မိုးရေတို့ကြောင့် စည်ပင်၏။ စိတ်သည် ဝတ္ထုရုပ်ကိုမှီ၏။ အာရုံတို့ကြောင့် စည်ပင်ဖြစ်ပွား လျက်ရှိသည်။ ဝတ္ထုရုပ်သည် သစ်ပင်တို့မှာ မြေကြီးနှင့်တူ၏။ အာရုံသည် မိုးရေ မိုးပေါက်နှင့် တူသည်။ ဝိညာဏ်ခြောက်ပါး တို့တွင် တပါးပါးစီ၌ အကြောင်းတရားလေးပါး ရှိကြသည်။

(စက္ခု၊ ဝတ္ထု၊ ရုပ်၊ ရူပါရုံ၊ အာလောက၊ မနသိကာရ)။

ဤသို့ စက္ခုဝိညာဏ်ဖြစ်ပေါ်ရန် အကြောင်းတရားလေးပါး ရှိ၏။ ဤလေးပါးတွင် မနသိကာရသည် ထိုထိုသော ရူပါရုံသို့ ရှေးရှုသော အာဝဇ္ဇန်းပင်ဖြစ်သည်။

အာလောကသည် အရောင်အလင်းဖြစ်သည်။ အလင်းရောင် ရှိမှ စက္ခုဝိညာဏ် ဟူသော မြင်မှု ကြိယာဖြစ်နိုင်သည်။ စက္ခု ဝိညာဏ်ဖြစ်နိုင်မှ စက္ခုဒွါရ ဝီထိစိတ်များ ဖြစ်နိုင်သည်။

(သောတ၊ ဝတ္ထုရုပ်၊ သဒ္ဒါရုံ၊ အာကာသ၊ မနသိကာရ) သည် သောတဝိညာဏ်ဖြစ်ရန် အကြောင်းလေးပါး ဖြစ်သည်။

ထိုလေးပါးတွင် အာကာသသည် အပေါက်ဟင်းလင်းဖြစ်သည်။ နားနှင့်အသံ ဆက်ဆံရန် ထိုအာကာသရှိမှ သောတဝိညာဏ် ကြားမှုကြီယာဖြစ်နိုင်၏။ သို့မှသာ သောတဒွါရ ဝီထိစိတ်များ ဖြစ်နိုင်ကြသည်။

(ဃာနဝတ္ထုရုပ်၊ ဂန္ဓာရုံ၊ ဝါစော၊ မနသိကာရ)သည် ဃာန ဝိညာဏ်ဖြစ်ရန် လေးပါးဖြစ်သည်။ ဝါစောဆိုသည် နှာခေါင်း ဖြစ်သည်။ ရှူလေ ရှိုက်လေဖြစ်သည်။ထိုလေမရှိက ဂန္ဓာရုံသည် ဃာနဝတ္ထုရုပ်၌ မထိခိုက်နိုင်။ မထိက နံမှုဟူသော ဃနဝိညာဏ် မဖြစ်နိုင်။ ဃာနဒွါရ ဝီထိစိတ်များ မဖြစ်နိုင်။

(ဇိဝှာဝတ္ထုရုပ်၊ ရသာရုံ၊ အာပ၊ မနသိကာရ) လေးပါး သည် ဇိဝှာဝိညာဏ်ဖြစ်ရန်လေးပါးဖြစ်၏။အာပဆိုသည် လျှာ၏ စိုစွတ်ခြင်းဖြစ်သည်။ လျှာခြောက်က ရသာရုံသည် ဇိဝှာဝတ္ထု ရုပ်၌ မထိခိုက်နိုင်။ သို့ဖြစ်လျှင် အရသာကိုသိမှု ဇိဝှာဝိညာဏ် မဖြစ်နိုင်။ ဇိဝှ-ဒွါရဝီထိစိတ်များ မဖြစ်နိုင်။

(ကာယ၊ဝတ္ထုရုပ်၊ ဖောဋ္ဌဗ္ဗ၊ သဒ္ဓ၊မနသိကာရ)လေးပါးသည် ကာယဝိညာဏ်ဖြစ်ရန် လေးပါးဖြစ်၏။ ယင်းလေးပါးတွင် သဒ္ဓ သည် အတန် အရာ ခက်ထန်သောဖောဋ္ဌဗ္ဗ သဘောတည်း။ ထိုသဘော အခြံအရံရှိသော ဖောဋ္ဌဗ္ဗာရုံမှသာ ကာယဝတ္ထုရုပ်၌ ထိခိုက်နိုင်၏။ အလွန်သိမ်မွေ့လှသော ဖောဋ္ဌာဗ္ဗာရုံသည် ကာယ ဝတ္ထုရုပ်၌ မထိခိုက်နိုင်။ အတွေ့အထိကို သိသမျှဟူသော ကာယ ဝိညာဏ်မဖြစ်နိုင်။ ကာယဒွါရ ဝီထိစိတ်များလည်း မဖြစ်နိုင်။

(ဟဒယဝတ္ထုရုပ်၊ ဓမ္မာရုံ၊ မနောဒွါရ၊ မနသိကာရ) ကျန်

လေးပါးသည် မနောဝိညာဏ်ဖြစ်ရန်တည်း။ဓမ္မာရုံဆိုသည့်ပဥ္စာရုံမှတပါး ကျန်ရှိသမျှသော ရုပ်တရား၊ နာမ်တရား၊ ပညတ်တရားတို့သည် နိဗ္ဗာန်တရားများ ဖြစ်သည်။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟူသော ပဥ္စာရုံများသည်လည်း မနောဝိညာဏ်၏ အာရုံဖြစ်၏။ သို့ရာတွင် ပဥ္စဒွါရနှင့် မဆိုင်ရာကို ထုတ်ဖော်လို၍ ဓမ္မာရုံကိုသာ ပြဆိုလေသည်။ မနောဒွါရဆိုသည် ဘဝင်စိတ်အစဉ်ဖြစ်၏။ ဟဒယဝတ္ထုရုပ်သည် မနောဝိညာဏ်၏တည်ရာ၊ ဖြစ်ပွားရာမှန်သော်လည်း အကြည်အလင် ပသာဒရုပ်မျိုး မဟုတ်၊ အာရုံ၏ အရိပ်အသွင်များသည် ဟဒယဝတ္ထုရုပ်၌ မထင်နိုင်။ မနောဒွါရ၌သာ ထင်နိုင်သည်။

၀ ၀ ၀

**အဘိညာ**

**အဘိညာ**ညာဏ်သည် ပကတိသော လူအပေါင်းတို့၏ ညာဏ်ကိုလွန်၍ အထူးအချွန်ကြီးမားသော ညာဏ်၏ကိစ္စကိုဆိုသည်။

အဘိညာဏ်နှစ်ပါးရှိသည်။(၁) သမထအဘိညာဏ်၊ (၂)ဓမ္မအဘိညာဏ်။သမထအဘိညာမှာ သမထကမ္မဋ္ဌာန်းလမ်းမှ ပေါက်ရောက်သော **ဣဒ္ဓိဝိဓညာဏ်၊ ဒိဗ္ဗသောတညာဏ်၊ စေတောပရိယညာဏ်၊ ပုဗ္ဗေနိဝါသညာဏ်၊ ယထာကမ္မုပဂညာဏ်** တို့ဖြစ်သည်။

**ဣဒ္ဓိဝိဓ**-ကောင်းကင်ပျံခြင်း၊ မြေလျှိုးခြင်း၊ တန်ခိုးဖြင့် ထူးထွေဆန်းပြားစွာ ဖန်ဆင်းနိုင်ခြင်း။

**ဒိဗ္ဗသောတ**-နီးဝေးမခြား၊ နတ်တို့နားသို့ အသံများကို ကြားနိုင်ခြင်း။

**စေတောပရိယ**-သူတပါးတို့၏ စိတ်အကြံများကို သိနိုင်ခြင်း။
**ပုဗ္ဗေနိဝါသ**-ရှေးဘဝတို့ကို သိမြင်နိုင်ခြင်း။
**ယထာကမ္မုပဂ**-မိမိတို့ကံပြု၍ ချရာဘဝသို့ ကျရောက်ကုန်သော သတ္တဝါတို့ကို နတ်မျက်စေ့သို့ ဒိဋ္ဌမြင်နိုင်ခြင်း ပစ်ချသော ကံတို့ကို သိနိုင်ခြင်း။

**ဓမ္မအဘိညာ**

သစ္စာ ကထာတွင် ပြပြီးဖြစ်၏။ သမ္မုတိသစ္စာမျိုးကိုလွန်၍ ပရမတ္ထသစ္စာတရားမျိုးတို့ကို ပိုင်းခြား၍ သိမြင်နိုင်ခြင်း။ သုတမယဉာဏ် စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်ဟူ၍ သုံးပါးရှိ၏ ဘာဝနာမယဉာဏ်သည် အနုဗောဓဉာဏ်၊ ပဋိဝေဓဉာဏ် ဟူ၍ နှစ်ပါးရှိပြန်သည်။

ထိုနှစ်ပါးတို့တွင် အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ်ဟူ၍ ဝိပဿနာဉာဏ်သုံးပါးသည်၊ **အနုဗောဓဉာဏ်** မည်၏ ဟုတ်မှန်သော ဓမ္မသဘောအားလျော်စွာ ပွင့်လင်းစွာသိမြင်ခြင်း။

လောကုတ္တရာ မဂ်ဉာဏ်လေးပါးသည်ပဋိဝေဓဉာဏ်မည်၏ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ စသော ကိလေသာ အမိုက်တရားတို့ကို အမြစ်ရင်းပါ ပယ်နိုင်သဖြင့် ထိုပုဂ္ဂိုလ်အလင်းသို့ ပေါက်ရောက်သွားခြင်းဖြစ်သည်။

○ ○ ○

**ပရိညာ**

ပရိညာသည် ညာဏ်၏ ပိုင်နိုင်ခြင်း၊ ညာဏ်ဖြင့် ပိုင်းခြားခြင်းဖြစ်သည်၊ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ၊

ဟူ၍ သုံးပါးရှိသည်။ ညာတပရိညာ-ရုပ်တရား၊ နာမ်တရား၊ နိဗ္ဗာန်တရားတို့ကို သဘောကျနစွာ တတ်သိလိမ္မာခြင်း၊ အဘိညာဏ်၌ ဆံပင်မွေးညှင်းစသော ၃၂ ပါးသော ကောဋ္ဌာသ-သဏ္ဌာနပညတ်မျိုးပျောက်ကွယ်၏။ ဓမ္မအဘိညာဏ်ဖြင့် တရားတို့ကို အထူးသိသောညာဏ်၊ ဝိပဿနာညာဏ်ဖြစ်သည် ပရမတ္ထ-ဓမ္မသက်သက်ကို အရှိအတိုင်းအား ပိုင်နိုင်စွာ သိခြင်းဖြစ်၏။

အားလုံးကို မသိသော်လည်း ရုပ်-၂၈-ပါးတွင် ဓာတ်ကြီးလေးပါးကိုပိုင်နိုင်စွာသိမြင်နိုင်လျှင်ရုပ်၌ အထူးသိသောညာဏ်၊ အဘိညာဏ်၏ ညာတပရိညာ ကိစ္စပြီးနိုင်သည်။

နာမ်၌လည်း ဝိညာဏ်တပါး ဝေဒနာတပါး သညာတပါး စေတနာတပါး ဤလေးပါးကို ပိုင်နိုင် တိကျစွာသိနိုင်က နာမ်၌ ညာတပရိညာ ကိစ္စပြီးနိုင်သည်။

နိဗ္ဗာန်မှာလည်း ပြခဲ့သည့်အတိုင်း သဘောအတွေ့ပိုင်နိုင်လျှင်၊ညာတပရိညာကိစ္စပြီးနိုင်သည်၊ သဘောအနက်အဓိပ္ပါယ်ကို အနှစ်သာရရှိသည့်အတိုင်း ပိုင်းခြားသိမြင်အပ်ခြင်း ဖြစ်သည်။ **တီရဏပရိညာ**-ရုပ်-နာမ်တို့၏ ခဏိကဓမ္မသဘောကို ခဏ ခဏ၌ ရှုမြင်တတ်သော ညာဏ်ဖြင့် ဖြစ်ပျက်အစဉ်အား ညာဏ်ဖြင့် ပိုင်းခြားဖြတ်တောက် ခုတ်စဉ်းနိုင်ခြင်းဖြစ်၏၊ ထိုသို့ ပိုင်းခြားဖြတ်တောက်ခုတ်စဉ်းမှု ပိုင်နိုင်ခြင်းသည် တီရဏပရိညာမည်၏။ **တီရဏပရိညာသည်**-အနိစ္စပရိညာ ဒုက္ခပရိညာ အနတ္တပရိညာ ဟူ၍ ၃-ပါးရှိ၏။

**အနိစ္စပရိညာဖြင့်**— မဂ္ဂဏာဘာရား၌ ညာဏ်အမြင်ဖြင့် ပိုင်နိုင်စွာ

သိမြင်ခြင်း မရဏတရားသည် သမ္မုတိမရဏ၊ ပရမတ္ထမရဏ နှစ်ပါးရှိပြန်သည်။

ပုဂ္ဂိုလ်သတ္တဝါတို့၏ တသက်တာမှာ တခါသေမြဲဖြစ်သော သမ္မုတိသစ္စာဘက်မှ ဓမ္မတာအတိုင်း ဆိုမှတ်သိမြင်သော မရဏ တရားကို သမ္မုတိမရဏမည်၏။

ရုပ်ခေတ် နာမ်ခေတ်တို့၏ တခဏမှာ အကြိမ်များစွာ ရာထောင်မက ချုပ်ပျက်သေဆုံးနိုင်ခြင်းတို့သည် ပရမတ္ထမရဏ မည်၏။ သမ္မုတိမရဏသည်၊ အနိစ္စလက္ခဏာ၌ အစစ်မဟုတ် အနိစ္စ ပရိညာ၏အရာအချက်မဟုတ် အနုသတိဆယ်ပါး၌ မရဏာနုဿတိ ၏ အရာမျှဖြစ်သည်။

ရုပ်ခေတ် နာမ်ခေတ်၏ သေခြင်း ချုပ်ခြင်း ပျောက်ဆုံးခြင်း ပရမတ္ထမရဏသည်သာ အနိစ္စလက္ခဏာအစစ်ဖြစ်၏ အနိစ္စပရိညာ ၏ အချက်အချာ အရာဖြစ်၏။

**ဒုက္ခပရိညာ**-သည် ဒုက္ခသဘော၌၊ညာဏ်အမြင်ပိုင်နိုင်ခြင်းဖြစ်၏ ဝေဒယိတဒုက္ခ ဘယဋ္ဌဒုက္ခ ဟူ၍ ဒုက္ခနှစ်ပါးရှိသည်။ ဝေဒယိက ဒုက္ခသည် ကာယိကဒုက္ခ၊ စေတသိက်ဒုက္ခနှစ်မျိုးကိုဆို၏။

ကာယိက ဒုက္ခဆိုသည် ခန္ဓာကိုယ်နှင့် ပတ်သက်၍ ပေါ် ပေါက်ကျရောက်၍ မခံသာအောင် ခံစားရသည့် ဒုက္ခဝေဒနာ မျိုးဖြစ်ပြီး စေတသိတ်ဒုက္ခသည် စိတ်သန္တာန်၌ ပေါ်ပေါက် ကျရောက်သော ခံစားချက် ဝေဒနာ၊ ပရိဒေဝ၊ သောက၊ ဒေါမနဿ၊ ဥပါယာသ စသည့် စိတ်ဒုက္ခအမျိုးမျိုးဖြစ်၏။

ဘယဋ္ဌဒုက္ခဆိုသည် ဘယညာဏ်၊ အာဒီနဝညာဏ်တို့၏ ကိစ္စ အရာဖြစ်သော ဒုက္ခမျိုးဖြစ်၏၊ ဘယညာဏ်၊ အာဒီနဝဉာဏ်

တို့၏ အရာဆိုသည် ဇာတိဒုက္ခ ဇရာဒုက္ခ၊ မရဏဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိနာမဒုက္ခတို့ဖြစ်၏။

ဝေဒယိကဒုက္ခနှင့် ဘယဋ္ဌဒုက္ခနှစ်ပါးအထူး၌ ပမာအားဖြင့် မတဲ့သည့် အာဟာရကြောင့် စားပြီး ရောဂါ ဝေဒနာခံစားရသူနှင့် မတဲ့မှန်းသိ၍ မစားသဖြင့် ချမ်းသာမှုကိုပြု၏ စားဆဲစားကာလမှာ လျှာအရသာတွေ့၍အလွန်ကောင်းသည့် အာဟာရသည် ထိုသူမှာ ဝေဒယိတသုခ ဝတ္ထုမျိုး အမှန်ဖြစ်၏ ဘယဋ္ဌအလိုအားဖြင့် ကောင်းသော်လည်း ဝေဒနာ ရောဂါဖြင့် မတဲ့သဖြင့် ဒုက္ခဝတ္ထုဖြစ်၍ စားကောင်းသော်လည်း ကြောက်စရာဘယဋ္ဌဒုက္ခဖြစ်၏ လျှာအရသာလိုက်သော ဒုက္ခဖြစ်လေသောသဘောဖြစ်၏။

လောက၌ သက္ကာယဒိဋ္ဌိနှင့် ဝိနိပါတဘေးတန်းလန်းရှိမှုသည် ထိုလူနာနှင့်တူ၏ လူ-နတ်-ဗြဟ္မာစသည့် ဘဝကိုဆိုသည့် လူနာအတွက် အလွန်ကောင်းသော အာဟာရ ပစ္စည်းနှင့်တူ၏ သုခဝေဒနာဖြစ်၏ သေပြီး ဝိနိပါတဘေးကြီးသင့်၍ ကျက စားပိးမှ ဒုက္ခမှုကြီးနှင့် တွေ့ကြုံခံစားရသကဲ့သို့ ဖြစ်၏။

**ဝေဒယိတဒုက္ခသည်**- သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာ ဟူ၍လာသော ဝေဒနာဟိတ်အရာများ၌ ဒုက္ခသဒ္ဒါ၏ အနက်ဖြစ်သည်။

**ဘယဋ္ဌဒုက္ခသည်**- ဒုက္ခသစ္စာအရာ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော ဝိပဿနာ အရာများ၌ ဒုက္ခသဒ္ဒါ၏ အနက်ဖြစ်၏။

လူနတ်ဗြဟ္မာစသည့် ဘဝချမ်းသာတို့၌ ဘယဋ္ဌဒုက္ခဉာဏ်က ပိုင်နိုင်ခြင်းသည် ဒုက္ခပရိညာမည်၏။ အနတ္တပရိညာဆိုသည်

ရုပ်နာမ်တရားတို့၌ အနတ္တဉာဏ်အမြင်၏ ပိုင်နိုင်ခြင်းဖြစ်သည်၊

အနတ္တဉာဏ်အမြင် ဆိုသည် ပရမတ္ထသစ္စာမျိုး ဖြစ်သည်၊ ရုပ်တရား နာမ်တရားတို့ကို ပိုင်းခြားဝေဘန်ရန် သိခြင်းမျိုးဖြစ်၏၊ ၎င်းတို့သည် သမ္မုတိသစ္စာမျိုးဖြစ်သော ပုဂ္ဂိုလ်၏ အတ္တမဟုတ် ဇီဝမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါ၏အတ္တမဟုတ်၊ ဇီဝမဟုတ်၊ရုပ်တရား နာမ်တရားမှ၎င်း၊ ပုဂ္ဂိုလ်သတ္တဝါမှ၎င်း လွတ်၍ သီးခြားဖြစ်ပြီး ချုပ်ပျက်သည့်မဟုတ်၊ တဘဝမှ တဘဝသို့ ကူးပြောင်းရောက်ချရာ လမ်းကြောင်းသွား၍နေရသောအတ္တဟူ၍လည်းမရှိ၊ဇီဝလည်းမရှိဟူ၍ သိမြင်နိုင်သော ဉာဏ်သည် အနတ္တမည်၏။ ထိုအနတ္တဉာဏ်၏ ပိုင်နိုင်ခြင်းသည် အနတ္တပရိညာမည်၏။

ဤအနိစ္စပရိညာ၊ ဒုက္ခပရိညာ၊ အနတ္တပရိညာ သုံးပါးကို တီရဏပရိညာ ဆိုသည်။

ပဟာနပရိညာ- ၎င်းသည် ဝိပလ္လာသတရားတို့ကို ပယ်ရှားမှု၏ ပိုင်နိုင်ခြင်းဖြစ်၏။ အနိစ္စနုပဿနာ၊ သက်သက်ဖြင့် နိစ္စဝိပလ္လာသတရားသုံးပါးကို ပိုင်နိုင်စွာဖယ်ရှားခြင်း။ဒုက္ခနုပဿနာဉာဏ်ဖြင့် သုခဝိပလ္လာသ တရားသုံးပါး၊ အတ္တဝိပလ္လာသတရားသုံးပါးတို့ကို ပိုင်နိုင်စွာ ဖယ်ရှားခြင်းတို့ဖြစ်၏။

ဇီဝဆိုသည် သဏ္ဍာနပညတ်၏ အမာခံ အနှစ်သာရဖြစ်၏။ အမာခံအနှစ်သာရမျိုးချည်းဖြစ်၍ ဇီဝသည်အတ္တမျိုးပင်တည်း။ ဘိုနှစ်ပါးတွင် သဏ္ဍာနပညတ်၏ အမာခံဖြစ်သော အတ္တကို သဲစွာ နှစ်ပါး ခွဲခြားပြီး ပယ်နိုင်ရန် ဖြစ်၏။ သန္တတိပညတ်၏ အမာခံဖြစ်သော ဇီဝကို အနိစ္စပရိညာအထမြောက်မှ ပယ်နိုင်၏။ သန္တတိဆိုသည် တမျိုးတည်းသော တရား၏ ဖြစ်စဉ်ကို ဆို၏။

တရားအမျိုးမျိုး အထွေထွေ ပြောင်းလဲသည်ကို နာနာသန္တတိ မည်၏။

သန္တတိမှာ- ရုပ်သန္တတိ၊ နာမ်သန္တတိ နှစ်ပါးရှိ၏။

ရုပ်သန္တတိမှာ= ကမ္မဇရုပ် သန္တတိ၊ စိတ္တဇရုပ်သန္တတိ၊ ဥတုဇ ရုပ်သန္တတိ၊ အာဟာရဇရုပ်သန္တတိ ဟူ၍ လေးပါးရှိသည်။

ယင်းလေးပါးတို့သည် ကံ-စိတ်-ဥတု-အာဟာရတို့၏ အထွေထွေ ပြောင်းလဲခြင်းဖြစ်၏။ ကမ္မဇရုပ်သန္တတိသည် ကြောင်းမျှ မထင်ရှား၊ စိတ္တဇရုပ်သန္တတိ ထင်ရှား၏။ ကိုယ်လှုပ်ရှားမှုများ ဖြစ်၏။ အမူအရာ ကြိယာအထွေထွေဖြစ်၏။ ရုပ်အသင်း၊ အသင်း ပြောင်းလဲမှုတည်း။ တသင်းတသင်းမှာ ဖြစ်ပျက်တွေ ရှိ၏။ သုံးပါးသုံးပါးစီရှိ၏။ ဖြစ်ခြင်းသည် ဇာတိမည်၏။ ဟောင်းညာ ရှိမှုမှာ ဇရာမည်၏။ သေဆုံးခြင်းသည်မရဏမည်၏။

ဣရိယာပုထ် ခြေလှမ်းတိုင်းမှာ အစ၊ အလယ်၊ အဆုံး ရှိ၏။ ခြေလှမ်းဖြစ်မှု၊ ကြာဟောင်းမှု၊ ပြီးပြတ်သေဆုံးမှု သုံးချက်ညီစီ ဖြစ်ပျက်၏။ ထိုင်ဟောင်း၊ အိပ်ဟောင်း၊ ကြာဟောင်းမှု ဟူသမျှ တွေသည် သန္တတိဇရာချည်းဖြစ်၏။ လှုပ်ရှားမှုတိုင်း၏ ဤသုံးချက် ရှိ၏။ ထိုနာကျင်ကိုက်ခဲမှုတို့သည် ဥတုဇရုပ်တို့၏ ဖောက်ပြန်မှု ဖြစ်သည်။

"အသာရကဋ္ဌေန အနတ္တာ" ဟူသော ပါဠိနှင့်အညီ အနိစ္စ လက္ခဏာသည်ပင် အနတ္တလက္ခဏာဖြစ်၏။ ဒုက္ခလက္ခဏာသည် အနတ္တလက္ခဏာကဲ့သို့ဖြစ်ပုံမှာ ဒုက္ခသည် အကျိုးယုတ်၊ အကျိုးမဲ့ ဖြစ်ကြ၏။ပုဂ္ဂိုလ်သတ္တဝါသည် ကောင်းကျိုးချမ်းသာကိုဆိုကြ၏။ ရုပ်နာမ်တရားစုသည် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တအမှန်ဖြစ်က ရုပ်

နာမ်နှင့် ပုဂ္ဂိုလ်သတ္တဝါသည် တခုတည်းလိုဖြစ်အပ်၏။ တခုတည်းဖြစ်က အလိုဆန္ဒတည်း၊ တခုတည်းဖြစ်ရာ၏။ ပုဂ္ဂိုလ်၏အလိုသည် ရုပ်နာမ်၏အလိုဖြစ်ရာ၏။ ရုပ်နာမ်၏အလိုသည်လည်း ပုဂ္ဂိုလ်၏ အလိုဖြစ်ရာ၏။ ဤသို့မဖြစ်။ ပုဂ္ဂိုလ်သတ္တဝါ၏ အလိုကားတခြား၊ ရုပ်နာမ်တရားတို့၏ အလိုကား တခြားဖြစ်သည်။

ပုဂ္ဂိုလ်သတ္တဝါ၏အလိုဆန္ဒသည် လောဘတရား၊ ဆန္ဒတရားများဖြစ်၏။ သံယုတ်ပါဠိတော်၌ "နိယိမ သတ္တူပ လဗ္ဘတိ" ဟုလာ၏။ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်သတ္တဝါဟူ၍ မုချမရှိသေးဟုဆို၏။ဤသို့မရှိသော်လည်း လောဘဝေါဟာရသို့လိုက်၍သတ္တဝါတို့၏ ပကတိစိတ်ကို ပုဂ္ဂိုလ်သတ္တဝါအားဖြင့်၎င်း၊ ထိုပကတိစိတ်၏အလိုကို ပုဂ္ဂိုလ်သတ္တဝါ၏ အလိုအားဖြင့်၎င်း ယူ၍ပြထားသည်။ ပကတိစိတ်၏အလိုသည် လောဘ-ဆန္ဒ-တရားများဖြစ်၍ သာမံအားဖြင့် မကောင်းမှု၌သာ လိုက်စားတတ်၊ မွေ့လျော်တတ်၊ ပျော်တတ်ချေသည်။ ရုပ်တရား နာမ်တရားတို့၏သဘောကား ဆိုင်ရာအကြောင်းအားလျော်စွာ အကျိုးဖြစ်မြဲ သဘောရှိသည်။ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မမှတ်သင့်ချေ။

ရုပ်နာမ်တို့၏အလိုသည် အကြောင်း အားလျော်စွာဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါ၏အလိုကား အခါခပ်သိမ်း မိမိ၏ကောင်းကျိုးချမ်းသာအတွက်နှင့် ကိုယ်စိတ်နှစ်ဖြာအကျိုးသာအမြဲလိုလား၏။ ရုပ်နာမ်သည် ဆိုင်ရာဆိုင်ရာ အကြောင်းတရားအား လျော်စွာဖြစ်ကြ၏။ ဆိုင်၏အကြောင်းတရားကင်း၍ ပုဂ္ဂိုလ်သတ္တဝါ၏အလိုသက်သက်နှင့်ဆိုင်သည်မဟုတ်၊ အပူလိုက ပူရန်အကြောင်းရှာရ၏။ အဓအေးလိုလျှင် အေးရန်အကြောင်းရှာရသည်။ အရာ

တိုင်းသည် အကြောင်းရှာမှုရ၏။ ရလိုသော ဖြစ်လိုသော ဆန္ဒရှိရုံနှင့်မပြီးပြတ်ချေ။ လိုတိုင်းဖြစ်သည်ဟု အယူမှားရှိတတ်၏။ ရှေးက အစာအာဟာရမှီဝဲမှုကြောင့် နောင်ဣရိယာပုတ်လေးပါး မျှရသည်ကို ငါလိုတိုင်းဖြစ်သည်ထင်ကြ၏။ စားဝတ်နေရေးကို ရှေးကပြုလုပ်ခဲ့၍ ယခုလိုသလို နေရသည်ဖြစ်၏။ မိမိအလိုရှိတိုင်း ချည်း ပြီးပြည့်စုံလင်နေသည်ဟု ထင်တတ်ကြသည်။

သတ္တဝါတို့၌အမှုကြီးငယ် ကောင်းကောင်းဆိုးဆိုးအမျိုးမျိုး တို့သည် အလွန်ကြီးကျယ်၏၊ သင်္ခါရမှု အနန္တကြီးကျယ်ကြ၏ ဉာဏ်-မျက်စေ့ဖြင့် မြင်သာနိုင်ပါ၏ ထိုသင်္ခါရအမှုတို့ကြီးကျယ် များပြားရ သည်မှာ ခန္ဓာငါးပါး ရုပ်နာမ်တရား တို့သည် သတ္တဝါ၏ အလိုဆန္ဒအတိုင်း အာဏာပေးခြင်းနှင့် ပြီးစီးခြင်း မရှိကြ၍၊အလိုရှိသကဲ့သို့ အကြောင်းမျိုးစုံ ပြုစုပျိုးထောင်မှုများ ဖြင့်အခြေခံကြရ၏ဤသည်မှာ ဒုက္ခလက္ခဏာသုံးပါးတွင် သင်္ခါရ ဒုက္ခတာဟူသော ဒုက္ခလက္ခဏာကိုမြင်၍ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုသို့ မလိုက်ခြင်းအမှု ထင်ရှားခြင်းနှင့် ပုဂ္ဂိုလ်သတ္တဝါ၏အတ္တမဟုတ်ကြောင်းမျှဖြစ်၏။

ဒုက္ခဒုက္ခတာ ဝိပရိဏာမဒုက္ခတာ တို့အတွက် အတ္တမဟုတ် ဖြစ်ပျက်ထင်ရှားပုံ ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခစသည်အတွက် လည်း အတ္တမဟုတ်ကြောင်းသိနိုင်ကြ၏ တဖန်ဒုက္ခလက္ခဏာသည် အနတ္တလက္ခဏာဖြစ်ပုံလည်း ထင်ရှား၏။ ထိုလက္ခဏာသုံးပါး တို့ကို ပိုင်နိုင်စွာ ထင်မြင်သော ဝိပဿနာဉာဏ် သုံးပါးသည် "တီရဏပရိညာ"ပည်၏။

ဤသည်မှာ- အနိစ္စဝိပဿနာဉာဏ်၊ ဒုက္ခဝိပဿနာဉာဏ် အနတ္တဝိပဿနာဉာဏ်-ဟူ၍ဖြစ်၏ ဤသုံးပါးတွင် ရှေးဦးစွာ- အတ္တဒိဋ္ဌိကို ပယ်သတ်ခြင်းငှာ အနတ္တဝိပဿနာဉာဏ် သည်သာ လျှင်ပိုင်နိုင်ရန် အရေးအကြီးဆုံးဖြစ်၏။

အနတ္တဝိပဿနာဉာဏ် ပိုင်နိုင်ရန်မှာလည်း၊ အနိစ္စဝိပဿနာ ဉာဏ်သည် လိုရင်းဖြစ်၏၊ အနိစ္စဝိပဿနာဉာဏ် ပိုင်နိုင်က အနတ္တ ဝိပဿနာဉာဏ် ပိုင်နိုင်ရန် လွယ်သည့်သဘော ဖြစ်သည်။ ဒုက္ခ ဝိပဿနာဉာဏ်သည်အနိစ္စဝိပဿနာဉာဏ် ပိုင်နိုင်ရုံနှင့်မပြီးသေး၊ လောကုတ္တရာမဂ်သည် လေးဆင့် တိုင်တိုင် နေရသည်မှာ ဒုက္ခ ဝိပဿနာဉာဏ် အပြီးတိုင်-မနိုင်မပိုင်သေး၍ တဏှာ-မာန၊မကုန် ဆုံးနိုင်ခြင်းကြောင့်တည်း။

သို့ဖြစ်၍ ဗုဒ္ဓဘာသာနွယ်ဝင်တို့သည်၊ အပါယ်လေးပါးဒုက္ခ မှ လွတ်ရန် အရေးကြီးဆုံးဖြစ်၏၊ သာသနာမှာ၊ အပါယ်ဒုက္ခမှ ကျွတ်လွတ်ရန် တခြားလမ်းမရှိ၊ အပါယ်မှကျွတ်လွတ်ရန်ကိစ္စမှာ ဒုစရိုက်တရား၊ မိစ္ဆာဒိဋ္ဌိတရားတို့ကို အကုန်အစင် ပယ်သတ်ခြင်း ဖြစ်၏၊ မိစ္ဆာဒိဋ္ဌိနှင့် ဒုစရိုက်တရားတို့ကို အကုန်အစင် ပယ်သတ် သည်ဆိုရာမှာလည်း၊ အတ္တဒိဋ္ဌိကို အကုန်အစင် ပယ်သတ်ခြင်း ဖြစ်၏၊သို့ဖြစ်၍ သာသနာနှင့်အခွင့်ကြုံခိုက်အနတ္တဝိပဿနာဉာဏ် ပိုင်စေခြင်းငှာ အနိစ္စဝိပဿနာတရားသည် အရေးကြီးဆုံးဖြစ်၍ အားထုတ်ကုန်ရာ၏၊အနိစ္စဝိပဿနာဉာဏ်ပိုင်က အနတ္တဝိပဿနာ ဉာဏ်ပိုင်ခြင်းကိစ္စ ပြီးစီးကြောင်း သာဓကရှိ၏။

"အနိစ္စသညိနော မေဃိယ အနတ္တသညာသဏ္ဌာတိ၊အနတ္တ

သညိနော၊ အသို မာနော၊ ဝမုဋ္ဌါတံ ပါပုဏာတိ
ဒိဋ္ဌေဝ ဓမ္မေနိဗ္ဗာနံ။"

အဓိပ္ပါယ်မှာ၊မေဃိယရဟန်း- အနိစ္စသညာကို ပိုင်နိုင်သူအား အနတ္တသညာသည် အလိုလိုတည်လာ၏၊ အနတ္တသညာ ပိုင်နိုင်သောသူအား၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို ငါ-ငါ-ယူ၍ အထင်ကြီးခြင်းသည်၊ ပျက်စီးခြင်းသို့ရောက်၏၊ယခုမျက်မှောက် ဘဝ၌ပင်လျှင်၊စိတ်ဒုက္ခခပ်သိမ်း၏ အားလုံးငြိမ်းရာ(နိဗ္ဗာန်) သို့ ရောက်၏။

သို့ဖြစ်၍ အနိစ္စ လက္ခဏာသည် အနတ္တလက္ခဏာ ဖြစ်နိုင်ကြောင်း သဘောဖြစ်၍၊ အကျိုးတူဖြစ်နိုင်ပုံ သိသာ၏။

ဝိပဿနာအလုပ်သည် သမထအလုပ်ကဲ့သို့ ပလိဗောဓ ဆိပ်ငြိမ်ရာကြီးကို ရမှသာ၊ ပြီးစီးနိုင်သည်မဟုတ်ပါ၊ ဆိပ်ငြိမ်သော်လည်း၊ပါရမီဉာဏ်သည် ပဓာနဖြစ်၏၊ပါရမီဉာဏ်ရှိပါက-တရားနာကြားရင်းနှင့်ပင် ပေါက်ရောက်တတ်ပါ၏၊ ဉာဏ်ပါရမီရှိသူအဘို့၊ ကိုယ်တွင်းကိုယ်ပ၊ အိမ်တွင်းအိမ်ပ၊ ရွာတွင်း ရွာပ မည်သည့် နေရာဌာနမဆို အနိစ္စဉာဏ် ပွားစီးဘို့ချည်းသာ ဖြစ်ပါသည်။

ပါရမီဉာဏ်နုက သမထဖြင့် အထူးအားထုတ်မှ ပေါက်ရောက်နိုင်သည်၊ အားထုတ်ရာမှာလည်း၊ဝိပရိဏာမ၊ အညထာဘာဝ ဟူသော၊ အနိစ္စလက္ခဏာတွင် မျက်တောင်တခပ် လျှပ်တပျက် အတွင်း အကြိမ်များစွာ ဖြစ်ပျက်နေတတ်သော ခဏိက အနိစ္စအချက်များစွာကို၊ စကားအရသာမဟုတ်၊ ကိုယ်တွေ့ မျက်

မြင်ထင်ရှားလျက်ရှိသော၊ သန္တတိဝိပရိဏာမ၊ သန္တတိ အညထာဘာဝသည် လိုရင်းဖြစ်၏။

သန္တတိဝိပရိဏာမဆိုသည်၊ လောက ကိုယ်တွေ့ မျက်မြင် ထင်ရှားသော၊ ပရတ္ထ၊ ဇရာ၊ မရဏဖြစ်၏၊ အညထာဘာဝလည်း ထို့တူဖြစ်၏၊ ဝိပဿနာတင်၍ရှုရန် တရားမှာလည်း ရုပ်တရားအစုတွင် ခေတ်ကြီးလေးပါးသည် လိုရင်းဖြစ်၏။

ခေတ်ကြီးလေးပါး၏ စွမ်းအားဖြင့် အခါမလပ်၊ အခါမက ဖြစ်ပျက် ပြောင်းလဲ ဖေါက်ပြန်နေသည်မှာလည်း ထင်မြင်နိုင်၏၊ ဥပါဒါရုပ်တို့၏ဖြစ်ပျက်ပြောင်းလဲမှုတို့လည်း ပါဝင်နေပြန်သည်။

နာမ်တရားစုမှာလည်း ဝိဥာဏ်-၆- ပါးဟူသော စိတ်သည် လိုရင်းဖြစ်၏၊ စိတ်ပြောင်းလဲဖေါက်ပြန်မှုကို ထင်မြင်နိုင်လျှင်၊ ထိုစိတ်၌မှီကြသော စေတသိတ်တို့၏ ဖြစ်ပျက်ပြောင်းလဲမှုလည်း ပါဝင်လာသည်။

ဝေဒနာအထူးအပြား၊ စေတနာအထူးအပြား၊ သညာ အထူးအပြား စသည်များမှာ၊ အနိစ္စလက္ခဏာကို ထင်မြင်ရန် လွယ်ခေခြင်းငှာ ဖြစ်၏။

ရုပ်တရားစုမှာလည်း၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့လည်း ထို့တူဖြစ်၏။

လိုရင်းသည်၊ သတ္တဝါ။ သူငါ-ပုဂ္ဂလ၊ အတ္တ၊ ဇီဝ၊ နိစ္စ၊ သုခ ဝိပလ္လာသ-ဓမ္မတို့၏ ရောက်ခြင်း ပျက်ခြင်း၊ မတည်မြဲခြင်းသည်သာ လိုရင်းဖြစ်၏၊ ဤဝိပဿနာဉာဏ်တို့၏ ရှုမြင်ပွင့်လင်းရန်မှာ လက္ခဏာရေး သုံးပါးသည်သာ အဓိကဖြစ်တော့သည်။

**ပဟာန ပရိညာ။**

ဗုဒ္ဓသာသနာ၌ လိုရင်းပဓာနဖြစ်သော ပဟာနတရားငါးပါး ရှိသည်။

(၁) တဒင်္ဂပဟာန။ (၂) ဝိက္ခမ္ဘနပဟာန။ (၃) သမုစ္ဆေဒပဟာန။ (၄) ပဋိပဿဒ္ဓိပဟာန။ (၅) နိဿရဏ ပဟာန။

ယင်းငါးပါး ထင်ရှားရန် ကိလေသာတို့၏ အခိုက်အတန့် ဟူသော ဘူမိသုံးပါးရှိသည်။

(၁) အနုသယဘူမိ။ (၂) ပရိယုဋ္ဌာနဘူမိ။ (၃) ဝီတိက္ကမဘူမိ ဟူ၍ သုံးပါးဖြစ်သည်။

**အနုသယဘူမိ**။ ဖြစ်-တည်-ချုပ်ပျက်၊ ဥပါဒ်၊ ဌီ၊ ဘင် အချက် ဖြင့် အသီးအခြား စေတသိက်တပါး အနေဖြင့် ဖြစ်ပေါ်ခြင်းမရှိ သော်လည်း၊ စိတ်သန္တာန်၌သာ အစဉ်စွဲကပ်၊ ငုတ်ခတ်၊ ဝပ်ခတ် အိပ်ခတ်၊ ကိန်းခတ်ဖြစ်၍ နေကြကုန်သော ကိလေသာတို့၏ ကိန်းဝပ်မှုအခိုက်အခွင့် ကြုံမှုကိုဆိုသည်။

ဒွါရခြောက်ပေါက်တွင်၊ တခုခုသောဒွါရ၌ ကိလေသာမမွ မကုသရန်အကြောင်း၊ အာရုံတိုက်ဆိုင်သဖြင့် မနောဒွါရတွင်မျှ ထကြွလာကြသော ကိလေသာတို့၏ ကိန်းဝပ်ရာမှ ထကြွဖြစ် ပေါ်လာခြင်း အခိုက်အခွင့် ကြီးသည်ကို- **ပရိယုဋ္ဌာနဘူမိ** ဆိုသည်။

မနောဒွါရတွင်မှု မတန့်မရပ်ကြကုန်ဘဲ ကာယကံ ဝစီကံ တို့လှုပ်ရှားမှု ဖြစ်လာသည်အထိ၊ မထိန်းမချုပ်နိုင်ဘဲ ကျူးလွန် လာကြသော ကိလေသာတို့၏ ကျူးလွန်ခြင်း အခိုက်အခွင့် ကြီးသည်ကို **ဝီတိက္ကမဘူမိ** မည်၏။

လောဘ ကိလေသာသည် အနမတဂ္ဂသံသရာတွင်သတ္တဝါတဦး ဦး၏ စိတ်သန္တာန်၌ လောဘကိလေသာ တခုတည်းပင် ဘုံသုံး ဆင့်ရှိ၏၊ ဒေါသကိလေသာ ဘုံသုံးဆင့်၊ မောဟကိလေသာ၊ ဒိဋ္ဌိ ကိလေသာ၊ မာနကိလေသာ စသည်တို့မှာ အသီးသီးဘုံသုံးဆင့် စီရှိကြ၏။

ဗုဒ္ဓဘာသာဝင်တို့တွင် **သီလ သမာဓိ ပညာ** ဟူ၍ သိက္ခာ သုံးပါးရှိ၏။

။ ပဌမသိက္ခာဖြစ်သော သီလသည် ကိလေသာတို့၏ ဝီတိက္ကမ ဘူမိဟူသော တတိယ ဘုံမျှသာ ပယ်နိုင်၏ တတိယဘုံမျှသာ ပယ်နိုင်သဖြင့် ဒုတိယဘုံ ပထမဘုံမှာ ရှိကြသေးသောကြောင့် သီလဖြင့် ပယ်ပြီးသော ကိလေသာတို့မည်သည် မကြာခဏမူလ ပြန်၍ ကိလေသာထကြွ တော်လှန်တတ်သဖြင့် ဝီတိက္ကမ ဘုံတိုင် အောင် ပြည့်မြဲပြည့်နိုင်ကြ၏။ ဤသို့ဖြစ်၍ **သီလဖြင့်ပယ်ခြင်း** ကို **တဒင်္ဂပဟာန်** ခေါ်၏၊ သီလထိန်းစဉ် ထိန်းခိုက်ကာလမျှသာ ထိန်းသိမ်းနိုင်၏ သီလကွာသည်နှင့် ကိလေသာပြန်လာ၏၊ ထိုသို့ သော သီလအင်္ဂါတို့ဖြင့် ထိုသို့ များပြားသော ကိလေသာ တစိတ်မျှ စီကိုသာ ပယ်ခြင်းဖြစ်၏။

ပဌမစျာန်၊ဒုတိယစျာန်စသော စျာန်သမာဓိ၊ သမာဓိ သိက္ခာ သည် သီလဖြင့်ပယ်၍ ကျန်ရှိသော ဘူမိနှစ်ပါးတွင် ပရိယုဋ္ဌာန ဘူမိဟူသော ဒုတိယဘုံမျှပယ်နိုင်၏။

အနုသယဘူမိကျန်ရှိသည့်အတွက် စျာန်သမာပတ်တို့ဖြင့် ပယ် အပ်သော ကိလေသာများသည်လည်း၊ စျာန်၏ ဆန့်ကျင်ဘက်

တရားနှင့် တွေ့ကြုံက စျာန်ကိုဖျက်၍ ဝိတိက္ကမဘုံတိုင် ကြည့်မြဲကြည့်နိုင်၏ ဝိက္ခမ္ဘနပဟာန် ခေါ်၏။

**ဝိပဿနာပညာ**- လောကုတ္တရာမဂ်ပညာဟူသော တတိယသိက္ခာသည် သီလ-သမာဓိ တို့၏အစွမ်းဖြင့် မပယ်နိုင်သော **အနုသယဘူမိ** ဟူသော ပဌမဘုံကိုပယ်နိုင်၏ ပဌမဘုံကိုပယ်ခြင်းသည် အကြွင်းအကျန်မရှိသော ပယ်ခြင်းမည်၏။

ထိုပညာဖြင့် ပဌမဘုံပါ ကျွတ်လွတ်အောင် ပယ်အပ်သော ကိလေသာတို့သည် ထိုပုဂ္ဂိုလ်သန္တာန်မှာ ဘယ်တော့မှ ပေါ်လာခြင်းမရှိတော့ချေ၊ ဤပယ်ခြင်းကို သမုစ္ဆေဒပဟာန်ခေါ်သည်။ အမြစ်အရင်းနှင့်တကွ အကြွင်းမရှိ၊ အကျန်မရှိအောင် ပယ်ဖြတ်ခြင်းကို ဆိုလိုသည်။

လောကုတ္တရာ မဂ်ပညာတို့၏ ပယ်ခြင်းကိုပင်လျှင် လောကုတ္တရာဖိုလ်ပညာတို့က အရှိန်အငွေ့မျှမကျန်ရအောင် ထပ်မံ၍ တဖန်ငြိမ်းစေခြင်းသည် **ပဋိပဿဒ္ဓိပဟာန်** မည်၏။

နိဗ္ဗာန်ဖြင့်ပယ်ခြင်းသည် **နိဿရဏပဟာန်** မည်၏။ ထိုထိုသန္တာန်နှင့်မျှ မနီးမစပ်ရအောင် အပြီးအပြတ် ကျွတ်လွတ်၍ သွားခြင်းကိုဆိုသည်။

ထို **ပညာ** သည် ဝိပဿနာပညာ မဂ်ပညာ၊ ဖိုလ်ပညာဟူ၍ သုံးပါးရှိ၏၊ ပြပြီးသော တိရစ္ဆာပရိညာသည်၊ အနုသယဘူမိကို ပယ်သော်လည်း အကုန်အစင်မပယ်နိုင်သေး မဂ်ပညာတို့သည်သာ နိုင်ရာကိလေသာကို အကြွင်းမဲ့ ပယ်နိုင်၏။

**သောတပတ္တိမဂ်ပညာ**-သည် ဒိဋ္ဌိဟူသမျှ ဝိစိကိစ္ဆာဟူသမျှတို့ကို အမြစ်ရင်းလှန် အကြွင်းအကျန်မရှိ ပယ်ပေ၏။ အပါယဂါမိ

ဒုက္ခရိက်တရားတို့နှင့် အပယ်ဘဝ တို့ကိုလည်း၊ထိုသန္တာန်မှာ နောင် တဖန်ဖြစ်ပေါ်ရန် အကြွင်းအကျန်မရှိ ပယ်ပေ၏။
**သကဒါဂါမိမဂ်ပညာ**-သည်- ရုန့်ရင်းကြမ်းတမ်းသော ကာမဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်လေသည်။
**အနာဂါမိမဂ်ပညာ**-သည်-ထိုသန္တာန်တွင် ကျန်ရှိနေသေးသော သိမ်မွေ့သေးဖွဲသော၊ ကာမရာဂ၊ ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်၏၊ ထိုပုဂ္ဂိုလ်သည်၊ ကာမန္တယ်ပြတ်၏၊ ဗြဟ္မာဘုံသို့သာ လားရာဂတိရှိလေသည်။
**အရဟတ္တမဂ်ပညာ**-သည်-ထိုသန္တာန်တွင် ကျန်ရှိနေသမျှသော ကိလေသာတို့ကို အကုန်အစင်ပယ်၏၊ ထိုပုဂ္ဂိုလ်သည်၊ ကိလေသာ ကုန်ငြိမ်းသော ရဟန္တာဖြစ်လေသည်၊ ဘုံသုံးပါးမှ ကျွတ်လွတ်လေသည့် ဗုဒ္ဓဘာသာ သာသနာမှာ သမုဇ္ဆေဒပဟာန်သည်သာ ရှေးဦးစွာ လိုရင်းပဓာန ဖြစ်လေသည်။

သို့ဖြစ်၍ အစဉ်အလာ သဘောဖြစ်နေသည့်၊ ဒါန-သီလ ဖြင့်သာ မတင်းတိမ်သင့် သမာဓိ-ပညာလမ်းသို့ တက်လှမ်းနိုင်ရန် အလို့ငှာ၊ ဗုဒ္ဓဘာသာ ဟူသမျှတို့မှာ ကျိုးစား၊ နိုးကြားသင့်ပြီ မဟုတ်ပါလား။

**ခွေးနာကောက်ကိုက်**။ ။အဝိဇ္ဇာမိုက်မှောင်၊ကာမဂုဏ်ထောင် တွင်းမှာ တဏှာဖြင့်ချည်နှောင် သိမ်းသွင်းခြင်း ခံကြရသော-ပုထုဇဉ်အန္ဓလူဗာလအဖြစ်တို့ဖြင့်သာ ရှိကြ၏။ ရာဇဝတ်ဒဏ် အကျဉ်းခံနေရသော်လည်း အရှုး၊ နားထိုင်း အကန်းဖြစ်သဖြင့် မိမိကိုယ်မှာမိမိ အမှုရှိမှန်း အပြစ်ရှိမှန်း မသိသကဲ့သို့၊ မိမိကိုယ်ကို နှေ့ညအခါမလပ် ညှင်းပမ်းနှိပ်စက်ပူလောင်စေသော ကာမဂုဏ်

လောင်မီးသည် အဝိဇ္ဇာထောင်မှာ နှောင်တဲ၍ အလောင်ခံရ သကဲ့သို့ ဖြစ်သည်ကိုလည်း မရိပ်မိ။

သံသရာထောင်ဟူ၍မသိ အမှောင်ဟူ၍မသိ လောကီဘောင်မှာ ယောင်ဝါးဝါးဖြင့်အချိန်ကုန်ရ၏၊ ငွေကုန်သံသာရှည်ကြ၏။ ပစ္စုပ္ပန်သံသရာ ဘေးဆိုး ဘေးကြပ်တို့ ညှပ်ပူးညှပ်ပိတ်ဖြင့် နှိပ်စက်နေသည်ကိုလည်းမသိ ကျော၍ ဓါးပြမှန်းမသိ၊ ဘယ်လိုမှ ဒုက္ခဖြစ်အင်ကို သဘောမဝင်ဘဲ လောဘဒေါသ မောဟ တဏှာ-မာန-တို့ဖြင့် ပျော်နေကြ၏။ သတိသံဝေဂ တရားဖြင့် အမှန်တရားကို အမှန်စင်စစ် လိုက်စားနှစ်သက်ခြင်း မရှိသည်မှာလည်း ထင်ရှား၏။ ဝတ်ကြေတန်းကြေ မိရိုးဖလာ အစဉ်အလာ သဘောအရသာ ဗုဒ္ဓဘာသာအမည်ခံ ဖြစ်နေကြသည်။

အမှန်အားဖြင့်၊ အမှန်ကို အမှန်အတိုင်း သိရန်၊ ကျင့်ရန်၊ ပွားများအားထုတ်ရန် အဆင့်အထိ လက်တွေ့မျက်မြင်ရှိသင့်၏။ ချက်ချင်းလုပ်၍ လက်ငင်းခံစားသိသင့်ကြပြီ၊ သို့သော် မပြီးဆုံးနိုင်သော လောကဖြစ်ကြောင်း အစုံစုံမှာ ဖြစ်ကျိုးတွေဖြင့် ရစ်ပတ်ပွေလီနေသည်။

"ကာမတဏှာ၊ ကိလေသာတွက်၊ နေမသက်၍၊ ရောက်ရက်ပူဆာ၊ ခွေးနှာလောက်ကိုက်၊ မျောက်မိုက်မသွေ၊ သာသနာတော်၌ တည်ကြည်စွာမနေ၊ ဤမြွေယွင်းဖောက်၊ ဉာဏ်မျက် စေ့မှောက်သဖြင့်" ဟူ၍ အစချီပြီးထားသည်ကို ဖတ်ဖူး၏၊ အမှန်အားဖြင့် တရားအတိုင်းတိုင်း သူငါမစွက် အမှန်အတိုင်းကို ကြည့်မြင်ကာ တရားစစ်တရားမှန် အတိုင်းသာ ဉာဏ်မျက်စေ့ဖြင့် လက်တွေ့ ရှိသင့်လှပေသည်။

**ကာမအဆိပ်**

ငါးဖြာအာရုံ **ကာမဂုဏ်၏** လွှမ်းခြုံ လှည့်စားရာနောက် သူ့ထက်ငါ အပြေးပြိုင်၍ လိုက်နေကြသည်။ ဘေးမှန်းမသိ၊ အပါယ်မှန်းမမြင်၊ အမှန်သစ္စာကို မစွဲထင်ဘဲ၊ အသိမဲ့သဖြင့် ရင်နင့်စရာ သံသရာမှာလည်း၊ ကာမဆုံးဖြတ်ရာ ခံကြရသည်သာ။

+ ငါးမျှားချိပ်ကိုမမြင် **အစာ**ကို ခုံမင်သည့်ငါးမိုက်။
+ လေးမြှားကို ထိမထင် သားတစ်ကို ယူငင်မည်ကြံသည့် ကျီးမိုက်။
+ **သေရမည့်အရေးမတွေး** ထောင်ချောက်ဆီ ပြေးဝင်သော ကြွက်မိုက်၊ စသည်တို့နှင့် တူလှသောဘဝမျှားစွာရှိ၏။

ဘေးတခါရစ်ခြုံ ရန်တကာပေါင်းဆုံ၍ ထွက်ရက်မမြင် ထွက်ပေါက်မရှိဖြစ်ရသည့် ကာမဂုဏ်အာရုံတို့အကြား မြူးကစား ဆော့ရမ်း သော့သွမ်းပျော်ပါး မေ့ကြွား မောက်မာ၍ ဂုဏ်ယူမဆုံးကြလေကုန်။

သုံးဆယ့်တဘုံမှာ ဘဝဆက်တိုင်း၌ အာရုံတရားများဖြင့်သာ ခံစား၍ အားမရ မတင်းတိမ်နိုင်ကြ၊ မဟုတ်သည်ကို ဟုတ်သ ယောင်ယောင် မမှန်သည်ကို မှန်သလိုလို အယူပိုအထင် မှားဖြင့် နတ်လှည့်စားခံရသော သန်းခေါင်အိပ်မက်သို့သာတည်း။

လောဘဖြင့် ရှာရလာပြန်တော့ ဖုတ်သွင်းရထား ဆိုက်သ ကဲ့သို့ အပျော်အကြိုက် အမိုက်တို့ဖြင့် လောဘ၏ လှည့်စားရာမှာ နစ်မြောရ၏ အကြောင်းမကောင်း၍ လောဘမှာ နစ်မြောခိုက် မောဟကြောင့် တစုံတရာဘေးဖြင့် မမြော်လင့်ဘဲ ပျက်စီးကြရ သော် တမ်းတ လွှမ်းရ ငိုရ ပူဆွေးရနှင့် ထိပ်ကြိုးချည်၊ အူမည်

ငါဆို၊ ငိုမလို မျက်နှာမဲ့နှင့် စိတ်တညစ်ညစ် သေပြစ်ချင်အောင် ဖြစ်ကြရသည် သံသရာမှာ ဟိုနေ့ချမ်းသာနိုး ဒီနေ့ပြည့်ဝနိုးဖြင့် မျှော်ကိုးအားထားကာ ဿရာဝါသ ရပ်ဌာနဌ် သည်နေ့ ဟိုည ဟိုလ သည်နှစ် ရစ်ပတ်သော ဆန္ဒအသစ်သစ်တို့ဖြင့် စည်းစိမ် သစ်ကိုစောင့်ရင်း လောဘ-ဒေါသ-မီးဝင်းဝင်းဖြင့် ခြစ်ခြစ် တောက် ဖြစ်ဖြစ်မည် ခံစားကြရသော ဒုက္ခမီးခဲတွင်းကြီးထဲ သူတကွဲ-ငါတကွဲ-အဖန်တလဲလဲ ဆင်းရဲကြီးစွာ ဆင်းသက်ကြ သည်သို့သာ။

ဤသည်မှာ မြမြထက်သည့် သံလျက်သွားကိုမမြင် ကပ်ငြိ တင်သည့် ပျားရည်စက်ကို ခံမင်စုံမက်ကာ၊ လျက်မိမှားသော သမင်ကဲ့သို့ရင်း၊အဆိပ်ပင်ကြီးမှာ တပျော်တပါးကြီး အဆိပ်သီး တွေကို အလုအယက်စား၍ အဆိပ်သင့်သေကြရသော ငှက်များ ကဲ့သို့ရင်း ဖြစ်ကြ၏။ ကာမဂုဏ်ကို အဆိပ်ကဲ့သို့ လောင်မီးကဲ့သို့ ဘယ်အခါမျှ မစဉ်းစားသင့်၍ မစဉ်းစားဘဲ သစ္စာတရားဖြင့် ကျင့်ကြံသူများကိုပင် မသိမှောက်မှား ပုတ်ခတ်စော်ကားခြင်း မပြုအပ်၊ဗုဒ္ဓဘာသာတိုင်းလည်း တဏှာ ကိလေသာ လောင်မီး၏ မီးရောင်ဖြင့် ဒုက္ခသံသရာ၏ ခြောက်ကမ္ဘားကျဉ်း နှုတ်ခမ်းရှိ ကြိုးတန်းပေါ်မှ လွတ်မြောက်ရန် ကြိုးစားသင့်ကြလှပေသည်။

အသွားထက်ထက်မြသည့် ကြောက်စရာ လှံမကြီးဖြင့် လည် မြို့နှင့် ရင်ဝကို စူးဝင်ဘိသကဲ့သို့ရင်း၊ ဥက္ကောင်းနိုက် မီးလောင် သကဲ့သို့ရင်း၊ ကိုယ်သဏ္ဌာန်၌ ပြင်းထန်စွာ အခါမစဲ အမြဲလောင် နေတတ်သော ကာမရာဂမီးကို ဘာဝနာရေဖြင့် လျင်စွာငြိမ်း အေးစေခြင်းငှာ၊ဘာဝနာ သတိရှိသော သံသရာဘေးကို တွေး

သိမျှော်မြင် ဆင်ခြင်နိုင်သည့် သူတော်စင် အပေါင်းတို့သည် ဘာဝနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်သင့်ကြသည်။

သူ၏ကာမဂုဏ် သူတို့လုံသည့် သူ၏ အာရုံမစင်တွင်း ငွေပေး၍ ဆင်းခဲ့မိသည့်အကျိုး အပုပ်အသိုး ငွေလက်ဆောင် ထိုး၍ ငရဲအိုးအဆုံးမျှသာ အမြတ်ရသည့်အပြင် ငါးပါးသီလ ကိုမျှ မလုံသဖြင့် အပါယ်လေးဘုံကို အာရုံပြုမိုက်မှားနေကြသည့် အခြေအနေ ဖြစ်ရိုးဖြစ်စဉ် စသည်တို့ကို အမှန်ပင် အခြေမှန်ကို သိမြင်သင့်လှပြီဖြစ်ပေသည်။

စိတ်ရှုး စိတ်မိုက်ကို စိတ်လိုလိုက်၍ စိတ်နောက်ကိုယ်ပါ စိတ် ထင်ရာလုပ် စိတ်ထင်ရာစွဲကာ စိတ်ကအာရုံနောက်ညွတ်၍ လွှတ် ပေးကာ မျက်နှာသာပေးခဲ့ကြသည်မှာ အချိန်များစွာ ရှိတတ် ကြပေသည်။ ဤအာရုံတရားများအကြား ဆားငံရေသောက်မိ ကြသလို မဖြစ်သင့်သည်ကို ဖြစ်သည့်အပြင် မဖြစ်ထိုက်သည် များကိုပင် ထပ်မံဆင့်ပွား များပြားဖြစ်တတ်ကြသည် ကလည်း အနန္တ ဖြစ်ကြ၏။ ကာမဂုဏ်ယမ်းပုံကြား ကာမဝိဘာက် ကာမ ဒုက္ခမီးပွားတွေဖြင့် ကစားပျော်ပါးလျက် သောကများကြသည် ကလည်း မျက်မြင် သာဓက၊ ဝိပဿနာတရားဖြင့် ငြိမ်းအေး ချမ်းသာမှုကို ရှေးရှုရန်မှာလည်း လေ့လာသင့် လေ့လာထိုက်၊ သိသင့် ကျင့်သင့်ထိုက်လှပေသည်။

အင်္ဂုတ္တိုရ်နိကာယ် ပါဠိတော်မှာ "ဘိက္ခဝေ လောကုတ္တရာ ကမ္ဘာပြုမိုးကြီး မရွာမချင်း၊ အရှိန်မစဲ အမြဲအပြင်းတက်၍ လောင်သောကာမရာဂဟူသည့် ကမ္ဘာမီးကြီးထဲ၌ အမြဲပူလောင် ခံနေရသော ငါ၏ ချစ်သားရဟန်းများတို့၊ ရာဂဿ၊ ကမ္ဘာ

ပျက်မီးကြီးပမာ လွန်စွာပူလောင် တတ်သည့် ဖြစ်၍ အလွန်ကြောက်ရွံ့အပ်လှစွာသော ကာမရာဂ မီးကြီးကို ပဟာနာယ၊ သတ်ဆီးပယ်ဖြတ်၍ ဆောတလျှင်စွာ ငြိမ်းအေးစေခြင်း အကျိုးငှာ၊ သသညာ၊ ကမ္ဘာပြုမိုးကြီး ရွာလုနီးသည့်တခဏ၌ မိုးသက်လေနှင့်တကွ အေးမြစွာသော မိုးသေးမိုးဖွဲ ကျလာသည့်ပမာ၊ လောကုတ္တရာ ကမ္ဘာပြုမိုးကြီး ရွာလုနီးသည့်အစ သတ္တဝါတို့ သဏ္ဍာန်၌ သည်းထန်မြေစွာ ကျလာစမြဲဖြစ်သော (၇) ပါးသော သညာတို့ကို ဘာဝေတဗ္ဗာ-ပွားစေအပ်ကုန်၏။

သည်(၇)ပါးမှာ-**အသုဘသညာ**၊ မိမိအပါအဝင် သူတပါးမဆို၊ ခန္ဓာကိုယ်ဟု လူဗိုလ်သမုတ်၊ အကောင်ပုပ်၌ စက်ဆုပ်စရာ ရွံရှာဘွယ်ရာ ဟူ၍ အဖန်တလဲလဲ ပွားများအပ်သည့် **အသုဘသညာ**။

**မရဏသညာ**၊ ကိုးဆယ့်ခြောက်ပါးရောဂါ၊ဝေဒနာများဖြင့် ထူထပ်ပေါများ အပါယ်အန္တရာယ်ကြားမှာ ရန်တကာရစ်ထွေး၊ သေဘေးတွေ့ခဲ့ရင်ဆိုင် အိုနာဘေးတွေနဲ့ ယှဉ်ပြိုင်၍ မအေးနိုင်ဘဲ နေ့ညမရွေး နာရီမဆိုင်း သေကြရမည့်အရေး ကြောက်တွေးသိမြင် တရားဝင်၍ ဆင်ခြင်ပွားများ ရသော **မရဏသညာ**။

**အနိစ္စသညာ**၊ ကိုယ်ဟုသမုတ်၊ စက်ဆုတ်စရာ၊ ဤခန္ဓာသည် ရှည်ကြာမနေ မြစ်ကြီးရေ အထွေထွေ စီးသွားယင်း အလားသို့ ၂-ပါးရုပ်နာမ် ဖြစ်ပြန်ပျက်ချည် လျှပ်စစ်တပျက်၊ တခဏမျှမရပ်မတန့် တပျက်တည်းပျက်သဖြင့် အလွန်မှ မမြဲကြောင်း မှန်လှသည့် သဘောထဲ အဖန်တလဲလဲရှုဆင်ပွားများသင့်သော **အနိစ္စသညာ** သည်ရင်း၊ မမြဲသည်ပင်ဖြစ်၍။

ဒုက္ခသညာ-ဘင်နှင့်ဥပဒ်၊ ဆက်စပ်မစဲ၊ ဖေါက်လွဲဖေါက်ပြန် ပူပန်ဆင်းရဲလှ၏ ဟူ၍ ရှုဆင်ခြင်သော ဒုက္ခသညာ သည်ရင်း။

အနတ္တသညာ- ဆင်းရဲခြင်းကြောင့် ဆင်းရဲသည် ရှိသော်၊ ဆင်းရဲခြင်း၌ဆင်းရဲသည်ဖြစ်၍ပင် **အနတ္တသညာ**ဆင်းရဲစွာသည် ခန္ဓာဤကိုယ် ချမ်းသာလိုလျက် အလိုမပါ ဓမ္မတာအစစ်ဖြစ်လို သမျှ ဖြစ်တတ်သော သဘောတရားသာဟု ရှုဆင်ခြင်အပ်သော **အနတ္တသညာ**သည်ရင်း။

ချိုချဉ်စစ္စာ- ရာသာခြောက်ပါး- လိုသောအားဖြင့် စား သောက်ရသည့် **ပဋိကုလသညာ**၊ ဤအစာတို့သည်၊ ခန္ဓာမှာ ချွဲ၊ သလိပ်၊ တံတွေး၊ နှပ် စသည် အရည်ပုပ်တို့ သို့သာဖြစ်၍ **ပဋိကု လသညာ** ဖြင့်ရင်း၊ **အနဘိရတသညာ** ဖြင့်သုံးဘုံဘဝ ဤလော ကဥ္စ ဒုက္ခဇာတိ ဗျာဓိပူဆာ ဇရာထိပ်နင်း သေမင်းဆွဲငင် လေးခွင် ပါယ်ရွာ ရှစ်ဖြာရပ်ပြစ် မုန်းနှစ်ဆင်းရဲ တည်မမြဲသည် ဖေါက်လွဲ ခါခါ ယခုပင်ဝတီ သာဘုံဖျားမှာသိကြားမင်းဖြစ်၍ သူ့ထက်ကဲ အခုပင် ဖအောက်ငရဲမှာ သေနာနာ။

ယခုပင် ဗြဟ္မာမင်းဖြစ်၍ အရောင်တဝင်းဝင်း
ယခုပင် ဝက်စားကျင်းမှာ တရှုပ်ရှုပ်။
ယခုပင် မင်းလုပ်ရသူ ထီးဖြူနှင့် တလျှပ်လျှပ်။
ယခုပင် မြွေကျောက်ရှည် စပါးကြီး အမြီးတခပ်ခပ်။
ယခုပင် မင်း၏ခန္ဓာ။
ယခုပင် ငရဲပြည်မှာ ခုဿဒတ်။

ချားရဟတ်စကြာနှယ် ဆိုလည်သည့်နွား၏ပုံ၊ဖြစ်ဟန်ပုံပျက်ချည် အတည်မကျ၊ ဖေါက်ပြန်ရသည်ဖြစ်၍၊ဘယ်မှာ တစုံတရာ ချမ်းသာရာ မရှိပါတကားဟူ၍၊ အဖန်တလဲလဲရှုခြင်း- အနဘိရတသညာ။

ဘိက္ခဝေ-ချစ်သား ရဟန်းများတို့ ရာဂဿ- ရာဂမီး ကြီးကို၊ ပဟာနာယ- ပယ်ချင်းငှာ၊ ဣမာသတ္တသညာ ဤဆိုအပ်ပြီးခဲ့သော၊ ခုနစ်ပါးသော သညာတို့ကို ဘာဝေတဗ္ဗာ၊ပွားစေအပ်ကုန်၏၊ပွားသင့်လှတော့သည်။ ပွားကြပါကုန်လော့ ဟူ၍ ဟောကြားထားသည်။ဤခုနစ်ပါးသော သညာတွင် တပါးကလေးမျှ မထင်မြင် မစဉ်းစားသော အဖြစ်နှင့် မိမိရှိနေသလော။ အနိစ္စ၊ ဒုက္ခ၊အနတ္တ၊အသုဘ၊မရဏ၊ပဋိကုလ၊အနဘိရတ-ဟူ၍ ခုစ်နပါး။ ဘုရားဟော ရှိသည်က ဗုဒ္ဓဘာသာ ဖြစ်သော မိမိသည်-ယင်း ခုနစ်ပါးကို ဘယ်နှစ်ပါး နားလည်သနည်း၊ သဘောပေါက်၍ နားလည်သည်မှာ ဘယ်လောက်လဲ ခုနစ်ပါးများ သဖြင့်၊ တပါးပင် နားလည်နိုင်သလား၊ နားလည်သည် ထား၍ သဘောကို ပိုင်စွာ လက်ခံယုံကြည်နိုင်မည်လား၊ စဉ်းစား၍ အပြောမှာ-ဘုရား တရား သံဃာ-သုံးပါး။ဖြစ်နေသည်မှာ လောဘ၊ ဒေါသ၊ မောဟ-ပင်ဖြစ်ကြ၍၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဆိုသည့် အနက်တိုင်းမှာလည်း၊ နိစ္စ၊သုခ၊ အတ္တ၊ သုဘဟူ၍ အယူအစွဲသန်ကြသည်မှာ ထင်ရှားစွာ ရှိနေ ဖြစ်နေကြသည် သာ မဟုတ်ပါလား။

မဟာဘုတ်လေးပါး၊ နှစ်ဆဲ့လေးပါးသော ဥပါဒါရုပ်၊နှစ်ဆဲ့ရှစ်ပါးစီမျှဖြစ်သော စက်ဆုပ်စရာရုပ်ခန္ဓာကိုငါဟုသမုတ်၏၊

ဤခန္ဓာသည့် ပထဝီထင်းချောင်း၊ ပြောင်းအိအာပေါ၊ တေဇောချမ်းပူ၊ လူလူလှုပ်ထ၊ ဝါယောမှသည်၊ စသည်များကြောင့်၊ တောင်မျှတရို၊ ကြီးဘိတမူ၊ သုံးယူမဖြစ်၊ အနှစ်မရှိ၊ အကာတိသာ ဖြစ်စရာသည်၊ ပမာရေမြှုပ်နှင့်တူပါ၏။

ဝေဒနာ-မျက်စေ့အာရုံ၊ နားအာရုံ၊ အာရုံရသာ ခံစားပါလည်း အရာမရောက် ခါခါပျောက်သည့် ခြောက်ပါးသော ဝေဒနက္ခန္ဓာ အပေါင်းတို့သည် ဆင်းရဲချမ်းသာ၊ ရုံခါလျစ်လျူ၊ ဆူးလည်ပေါက်ပက်၊ လျှင်စွာပျက်၍၊ သုံးကွက်သုံးရာ၊ မပေါ် လာသည်၊ ရေပွက်ပမာ တူလှစွာ၏။

သတ္တာသညာ၊ မှတ်ထားပါလည်း မှတ်ရာမမြဲ၊ အထင်လွဲသော သညာက္ခန္ဓာအပေါင်းသည် ရွှေသမင်ရေထင်ကာ အလိုက်မှား သလို အထင်မှားလေအောင် သရုပ်ဆောင်တတ်၏၊ အတွေးကပ်သည့် တံလျှပ်နှင့် ပမာတူပါ၏၊ မောဟိုက်နေသည့် သမင်နှင့်လည်းတူပါ၏။

အာရုံ၌ တွေ့တတ်သည့်ဖဿ၊ စေ့ဆော်တတ်သည့်စေတနာ တည်ကြည်တတ် နှလုံးသွင်းတတ်သည့် ဧကဂ္ဂတာ မနသိကာရ၊ ကြံစည်စည်းစားခြင်း ဝိတက်ဝိစာရ၊ နှစ်သက်အားထုတ် ပြုလုပ်ဆုံးဖြတ်ခြင်း၊ ပီတိဝိရိယ ဆန္ဒအဓိမောက္ခ၊ တတ်စွမ်းပြစ်မှားခြင်း၊ ရာဂ ဒေါသ ဖြစ်ဖြစ်သမျှ၊ မရအရ၊ နေမလှသော သင်္ခါရက္ခန္ဓာ အပေါင်းသည် အနှစ်တွေ့နိုး အားမာန်ကိုး၍ ကြိုးပမ်းတောက်လျှောက် ယက်အောက်တွင်းပြင်၊ ခွါပါလျှင်လည်း တပင်လုံးသာ ကုန်လေရာသည် အကာအတိ အနှစ်မရှိသော ငှက်ပြောတုံးနှင့် တူပါ၏။ အာရုံခြောက်ပါးသည်မျက်လှည့်သမားနှင့်တူပါ၏။

အပုပ်ကောင် ကိုယ်ကာယသည် ဟုတ်သယောင်ယောင် လှည့်စားသော်လည်း-နောက်ဆုံးဝယ် အချည်းနှီး အလဟဿ ဖြစ်၍ တစုံတရာ တတ်စွမ်းဘွယ်ရာ မရှိဟု သဘောအနက် အချက်ပိုင်နိုင်စွာ ရွတ်ဖတ်ပွားများ အားထုတ်ရန် အရေးကြီးလှပေသည်။

ဤခန္ဓာသည် ပုဂ္ဂိုလ်သတ္တဝါ သူငါတပါး ကျားမကြီးငယ်မဟုတ်၊အလွန်စက်ဆုတ်စရာ ခန္ဓာငါးပါး ရုပ်-နာမ်တရားမျှသာဖြစ်သည်၊အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာအစုမျှသာ ဖြစ်သည်။ ဤခန္ဓာကို သမထ-ဝိပဿနာ နှစ်ဖြာ-အနှစ်ဖြင့် ဝေဘန်စိစစ်ကာ အဖြစ်မှန်ကို ကေန်ရှာကာ တပ်မက်ခြင်းကင်းအောင်ပြု၍၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းမှန်ရာ နိဗ္ဗူတာသို့ ဆောလျင်စွာ ရောက်နိုင်တတ်ကြောင်တရားများ ရှိခဲ့သည်။

"ဓမ္မောဟဝေ ရက္ခတိဓမ္မစာရိ" စသည်ဖြင့်ဆို၏၊ သူတော်ကောင်းတရားကို အားထုတ်ကျင့်ဆောင်နိုင်သောသူကို မိမိ ကျင့်ဆောင်အပ်သော တရားသည် စင်စစ်အားဖြင့် လေးပါးအပါယ် အသွယ်သွယ်သော ဘေးမရောက်စေရ။ ဘဝအဆက်ဆက် ချမ်းသာမှုရအောင် စောင့်ရှောက်နိုင်ပါ၏။ မိုးရွာစဉ် ကြီးမားခိုင်ခံ့ ပြန့်ကျယ်သော ထီးကြီးဆောင်းသဖြင့် မိုးလုံလေလုံသကဲ့သို့ ဖြစ်ပါသည်။ တရားကို ထာဝရ သတိမပြတ် အမှတ်ရနေသင့်ကြသည်။

သတိလွတ်ကင်း ဝိရိယပေါ့ပျင်း ပညာအလင်း မရကုန်သော အန္ဓပုထုဇဉ်လူမိုက်တို့သည် စက်ဆုတ်ရွံရှာဘွယ်ကောင်းလှသော ကိုယ်တွင်းရှိ အူသိမ်အူမဒုဂန္ဓ အစုတို့၌ အသုဘသညာ ရွံရှာဘွယ်ရာတည်း ဟူ၍ မြင်နိုင်ခြင်းစသော ကာယဂတာသတိ

ကမ္မဋ္ဌာန်းကို မစီးဖြန်းမသုံးဆောင်ဘူးသေးသော သူသည် ဒုက္ခ သံသရာဖြင့်သော ဘဝ မျိုးစုံမှာ လည်စေနိုင်၏။ ဆားမြီး၍ အရသာရှိသောဟင်းကို လေးပင်စွာ သြဇာအဆီ ပြည့်ဝစေရန် ဖြစ်သကဲ့သို့၊ အသိအထူးဆောင်၍ ယင်း ကမ္မဋ္ဌာန်းတရားများ ဖြင့် စီးဖြန်းအပ်လှပါသည်။

မတင့်မတယ် ရွံရှာဘွယ်ရာ သုံးဆယ့်နှစ်ကောဋ္ဌာသ အစုတို့ သည် သူ့ ငါ တပါး ကျား, မ သတ္တဝါမဟုတ်၊ကံ စိတ် ဥတု အာဟာရ ကြောင့်ဖြစ်သည်။ ယင်းအကြောင်းတရား လေးပါး ကြောင့် ဖြစ်ပေါ်လာသော အဆင်းသဏ္ဍာန်၊ အရွယ်အစား၊ အနံ့၊ တည်ရာဌာန စသည်တို့မှာ အလုံးစုံသောအားဖြင့် စက် ဆုတ်စရာ ဟန်ဆောင်သရုပ် အကောင်ပုပ်မျှသာ ဖြစ်ချေသည်။ ဆံပင်မွှေးညှင်းမှအစ ခြေဖျားထိအောင် ဘာတခုမှ အနှစ်သာရ မရှိပုံကို စေ့ငုသေချာစွာ အသိဝင်၍ အခါမလပ် ဆင်ခြင်သုံး သပ်ကာ တရားဖြင့် ပွားများအပ်သည်။ အပုပ်ကောင်ကို သရုပ် ဆောင်ကာ ဟုတ်သယောင်ယောင်ပြသော ဤခန္ဓာသည်အနည်း ငယ်မျှ နှစ်သက်တွယ်တာစရာ မရှိချေ။

သုံးရာသောအရိုးတို့ကို ကိုးရာသော အကြောတို့ဖြင့် ဖွဲ့စည်း တည်ထောင် ဟုတ်နှောင်ရပ်တည်စေ၍ အရေထူအရေပါးတို့ဖြင့် အုပ်ဆိုင်းလွှမ်းခြုံကာ အရောင် အသွေးတို့ဖြင့် လိမ်းကြံ အပ်ပေ သည်။ ပမာအားဖြင့် ကောက်ရိုးရုပ်ကို နွားချေးစို လိမ်းကျန်၍ ဆေးသုတ်ခါ အရုပ်လုပ်ထားသကဲ့သို့ဖြစ်ချေသည်။ တဖန်ခန္ဓာ၏ ဒွါရများမှ အပုပ်အရည်၊ အပုပ်အခိုး၊ အပုပ်အသိုး၊ချေး၊ ချွေး သလိပ်များနှင့် အရည်ကြည်၊ အရည်ပြစ်တို့သည် မနှစ်သက်စရာ

ဖြစ်၏။ အလွန်မှ ရှိရှာဘွယ်ရာကောင်း၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အသုဘဟူသော သဘောလက္ခဏာကို သေခြာ ထင်လင်းအောင် ဝိပဿနာဝင်၍ ခန္ဓာကိုယ်တွေ့ဉာဏ်အမြင်ရရန် ဆင်ခြင်သုံးသပ် အပ်သည်။ ရုပ်သဘော၊ နာမ်သဘော၊ ဓာတ်သဘော၊ ပညတ် သဘော၊ ပရမတ်သဘောများကို ခွဲဝေပိုင်းခြား နားလည်အပ် ပေသည်။ အာရုံခြောက်ပါး၏ လှည့်စား ဖျားယောင်းမှုနှင့် ပျော်ပါးမေ့လျော့မှုများကို အတတ်နိုင်ဆုံးပယ်၍ အမှန်သစ္စာကို မြင်လာရန် ဖြစ်ပေသည်။

အနိစ္စ- အနိစ္စဖြစ်သော တရား၊ ဒုက္ခ- ဒုက္ခဖြစ်သော တရား များကို အနတ္တတိုင်အောင်မြင်ကြရန် တိုက်တွန်းထားလေသည်။ အမှန်အားဖြင့် စိတ်လက္ခဏာသည် အလွန် လျှင်မြန်သည်ဖြစ်၍ ဆင်းရဲ ချမ်းသာ ဝေဒနာမှန်သမျှကို အသိပညာဖြင့် ကြည့်ကာ အနှစ်သာရဘာမျှမရှိ ငှက်ပျောတုံးနှင့် တူသည်၏ ပမာမျှသာ ဖြစ်သည်။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဆိုသော ချမ်းသာတို့မှာ ချမ်းသာလိမ်နှင့် တခဏချမ်းသာမျှဖြစ်၍ အမြဲ အမှန်ဟု ထင်မှတ်စွဲလမ်းတတ်သည်တည်း။

မျက်စေ့တမှိတ် လျှပ်တပျက် အတွင်း အကြိမ်ပေါင်း ရာ ထောင် သောင်းမက ပျက်စီးပျက်စီး၍ မမြဲသော အနိစ္စလက္ခဏာ တွေက ပြပြနေ၏။ မမြဲခြင်းကြောင့် ဆင်းရဲသည်ဖြစ်၍ ဒုက္ခ လက္ခဏာကလည်း သဘာဝဖြင့် ပြပြနေသည်။ ယင်းဒုက္ခကို သုခ ဖြစ်အောင် ပုထုဇဉ်အမြင်ဖြင့် မတတ်နိုင် ကိုယ်မပိုင် လိုအင်ဆန္ဒ နှင့် အညီမရနိုင် ဤသည်မှာလည်း အနတ္တ သဘောစုအဖြစ် လည်း ဖြစ်ပြနေလေသည်။

ဤလက္ခဏာရေး အနတ္တ သဘောတရားနှင့် ရုပ်တရား နာမ်တရားတို့ကိုသုံးသပ်ဆင်ခြင်၍ ဝိပဿနာ စီးဖြန်းတတ်သော ပုဂ္ဂိုလ်၏ ရုပ်၊ နာမ်တို့သည်လည်း မျက်စေ့တမှိတ် လျှပ်တပျက် အတွင်း ထောင်သောင်းမကဖြစ်၏။ပျက်၏။အသစ်အသစ် တွေ လည်း အကြိမ်ပေါင်းများစွာ ဖြစ်၍ ပျက်စီး၍ ပျက်စီး၍ ဖြစ်၍ ပြုပြုနေသည်။ ဤသည်တို့မှာ သဘာဝကပြနေသော လက္ခဏာ များ ဖြစ်၏။ ရှိပြီးသား ပင်ကိုယ်သဘောတရားဖြစ်၏။ သို့ဖြစ်၍ မုဆိုးစိုင်သင်ဆိုသကဲ့သို့ မိမိကိုယ်တိုင် အသိဉာဏ် ရင့်သန်စေရန် ဗုဒ္ဓဘာသာဝင်တိုင်းအတွက် လက်တွေ့နှင့် သဘောတရားသည် တထပ်တည်း ခန္ဓာကိုယ်တွေ့ တရား ဖြစ်ရန် အရေးကြီးလှပေ သတည်း။

မြေလတ် မြတ်သူ။

# အမှားပြင်ဆင်ချက်

| မျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၉ | ၁၁ | ဦးဝိမလ္လ | ဦးဝိမလ |
| ၁ဂ | ဂ | နုက္ခပါတ် | မုခပါဌ် (နုတ်ကပတ်တော်) |
| ၂၃ | ၁၄ | မသေခြင်း ရှိ၍ သံသရာရပ် | သံသရာလည်လျှင် သံသရာ ရပ်သော |
| ။ | ၁၇၊၁၉ | နိဝရဏ | နီဝရဏ |
| ၂၄ | ဂ | ကေဂ္ဂထာ | ကေဂ္ဂတာ |
| ။ | ၉ | ဉပက္ခာ | ဉပေက္ခာ |
| ၂၆ | ၁၀ | ဉဒ္ဒိစ္စ | ဉဒ္ဒစ္စ |
| ၂၇ | ဂ | သဗ္ဗေသခ်ါရ | သဗ္ဗေသခ်ါရာ |
| ။ | ၉ | သဗ္ဗဓမ္မာ | သဗ္ဗေဓမ္မာ |
| ။ | ၂၁ | အနာဂါမိမဂ်သည် ကာမစ္ဆ နိဝရဏ | အနာဂါမိမဂ်သည် ဗျာပါဒ နီဝရဏနှင့် ကာမစ္ဆန္ဒ နီဝရဏ |
| ၂၉ | ၅ | အာရုံ-၆-ပါးသည် | ဝတ္ထု(သို့မဟုတ်)ဒွါရ ၆-ပါးသည် |
| ။ | ၁၉ | တဏှာပစ္စယ ဉပါဒါန် | တဏှာ ပစ္စယာ ဉပါဒါန် |
| ၃၀ | ၁၃၊၁၆ | ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန် | ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန် |
| ၂ဂ | | ၂၃ | ၃၁ |

# အမှားပြင်ဆင်ချက်

| မျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၃၂ | ၁၃၊၂၁ | စိတ်သဏ္ဍာန် | စိတ်သန္တာန် |
| ၃၃ | ၅ | ဝိတိက္ကမ ကိလေသ | ဝီတိက္ကမကိလေသ |
| ။ | ၆ | ပရိယုဋ္ဌာကိလေသ | ပရိယုဋ္ဌာန ကိလေသာ |
| ။ | ၂၂၊၂၃ | သဏ္ဍာန်၊ပရိယုဋ္ဌ | သန္တာန်၊ပ ိယုဋ္ဌာန |
| ၃၄ | ၄ | ပရိယုဋ္ဌကိလေသာ | ပရိယုဋ္ဌာနကိလေသာ |
| ၃၆ | ၁၃ | တို့ | ကျွန်ုပ်တို့ |
| ၄၄ | ၉ | သံယုတ်နိကာယ် | သံယုတ္တနိကာယ် |
| ၄၅ | ၂၁ | ပေါဋ္ဋိလမထေရ် | ပေါဋ္ဌိလမထေရ် |
| ၄၇ | ၂၁ | အမိက | အဓိက |
| ၅၀ | ၁၄ | ရူပအတ္တတော | ရူပံအတ္တတော |
| ၅၂ | ၁၅ | တဏှာဟူသော အမြင်မှန်သစ္စာတရားနှင့် | တဏှာဟူသော တရားတို့သည် မှန်ကန်သော သစ္စာတရားနှင့် |
| ။ | ၂၁ | ရုပံ ဝေဒနာနံ | ရူပံ ဝေဒနံ |
| ၅၃ | ၃ | အနတ္တဒိဋ္ဌိပေါ်မှ | အနတ္တဉာဏ်ပေါ်မှ |
| ၅၄ | ၁၀ | အတတ္တာဝစရော | အတက္ကာဝစရော |
| ။ | ။ | ပဏ္ဍိတဝေဒနီရာ | ပဏ္ဍိတဝေဒနီယာ |
| ၅၆ | ၂၃ | ဣမ၊ဧဝ | ဣဓ၊ဧဝံ |
| ၅၇ | ၁ | ဧဝ | ဧဝံ |
| ။ | ၃ | ပဏီထံ မြတ်၏ | ပဏီတံ မြတ်၏ |
| ။ | ၄ | ဣဒ္ဓိနိဗ္ဗာန် | ဣဒ္ဓိနိဗ္ဗာနံ |

# အမှားပြင်ဆင်ချက်

| စာ | ကြောင်း | မှား | မှန် |
|---|---|---|---|
| ။ | ၆ | သဗ္ဗဟုပမိနိဿ ဂ္ဂေါ | သဗ္ဗူပမိနိဿဂ္ဂေါ |
| ။ | ၇ | တဏှက္ခယော | တဏှက္ခယော |
| ။ | ၉ | နုရောဓေါ | နိရောဓေါ |
| ။ | ။ | ဥပဒါနက္ခန္ဓာ | ဥပါဒါနက္ခန္ဓာ |
| ။ | ၁ ၈ | ဒုက္ခံတိ | ဒုက္ခတိ |
| ။ | ၂ ၀ | အနာဉယူတနံ | အနာဉယူဟနံ |
| ၅ ၈ | ၁ ၅ | ဥပ္ပါဒေတိ တပေတိ | ဥပ္ပါဒေတိ |
| ။ | ၂ ၃ | ဒသတိဘိက္ခဝေ မွတိ<br>သမ္ပန္နာဂမတော | ဒသတိ ဘိက္ခဝေ<br>ဓမ္မေတိသမ္ပန္နာဂတော |
| ၅ ၉ | ၆၊၈ | နိတ္တိတ္တော | နိက္ခိတ္တော |
| ။ | ၂ ၂ | အညတြ သဗ္ဗေနိသဂ္ဂါ<br>သောတ္တိ ပဿိပါမိနို | အညတြ သဗ္ဗနိဿဂ္ဂါ<br>သောတ္ထိပဿမိပါဏိနံ |
| ။ | ၂ ၃ | သဗ္ဗေနိသဂ္ဂါ | သဗ္ဗနိဿဂ္ဂါ |
| ၆ ၀ | ၃ | ပါဏိနို | ပါဏိနံ |
| ၆ ၂ | ၁ ၆ | မဆိုသိပ် | မသိုသိပ် |
| ၆ ၅ | ၅ | ဗျာဒိ | ဗျာဓိ |
| ။ | ၁ ၉၊ ၂ ၀ | ဒုက္ခကို ဒုက္ခ သစ္စာအ<br>တိုင်းသိသဖြင့် | ဒုက္ခကို ဒုက္ခ သစ္စာ အ<br>တိုင်းပိုင်းခြားသိသဖြင့် |
| ၆ ၇ | ၉ | မရဏမ္ပိဒုက္ခံသစ္စ | မရဏမ္ပိဒုက္ခသစ္စံ |
| ၇ ၁ | ၂ ၂ | သဂြိုလ် | သဂြိုဟ် |
| ၇ ၃ | ၃ | ကလျာန | ကလျာဏ |
| ၇ ၅ | ၈ | မိလိန္ဒပဉ္စာ | မိလိန္ဒပဉှာ |

# အမှားပြင်ဆင်ချက်

| စာ | ကြောင်း | မှား | မှန် |
|---|---|---|---|
| ၇၉ | ၃၁ | သဂြိုလ် | သဂြိုဟ် |
| ။ | ၁၇ | သွက္ခတော | သွာက္ခတော |
| ၈၁ | ၉ | ပရိယောဂါဠှ မမ္မော | ပရိယောဂါဠှဓမ္မော |
| ။ | ၁၀ | တိဏ္ဏ ဝိစိကိစ္ဆာ | တိဏ္ဏဝိစိကိစ္ဆော |
| ။ | ၁၃ | အပရပစ္စယော | အပ္ပရပစ္စယော |
| ။ | ၁၅၊၁၆ | သံဒိဋ္ဌိက | သန္ဒိဋ္ဌိက |
| ။ | ၁၈၊၁၉ | သာမံပသဓိတဗ္ဗော | သာမံပဿဓိတဗ္ဗော |
| ၈၂ | ၅ | သံဒိဋ္ဌိကော | သန္ဒိဋ္ဌိကော |
| ။ | ၉ | ကာမဂိုဏ် | ကာမဂုဏ် |
| ၈၃ | ၃ | အာရမဏတရား | အာရမ္မဏတရား |
| ၈၄ | ၂၀ | စူဠသောတပန် | စူဠသောတာပန် |
| ၈၅ | ၁၁ | သဗ္ဗေသင်္ခါရဒုက္ခာ | သဗ္ဗေသင်္ခါရာဒုက္ခာ |
| ၈၆ | ၁၃ | ဒေဝါဂန္ထဗ္ဗ | ဒေဝါဂန္ဓဗ္ဗ |
| ၈၉ | ၁ | နိဗ္ဗာန်၏သဘောအရသာ | နိဗ္ဗာန်၏ ဝေါဟာရ ပရိယာယ်များ |
| ၉၀ | ၁၇ | သန္တဘာဝ ဌေနသစ္စံ | သန္တဘာဝဋ္ဌေနသန္တံ |
| ၉၁ | ၉ | တဏှာက္ခယသ | တဏှာက္ခယ |
| ။ | ၁၄ | ဝိမှာပနီယဌေန | ဝိမှာပနီယဋ္ဌေန |
| ။ | ၂၀၊၂၁ | အမ္ဘုတံ၊အမ္ဘုတ | အဗ္ဘုတံ၊အဗ္ဘုတ |
| ၉၃ | ၁၇ | အနာဠယံ | အနာလယံ၊အနာလယ |
| ။ | ၁၈ | အာဠယတဏှာ | အာလယတဏှာ |
| ။ | ၂၂ | ပတိဋ္ဌဋ္ဌေန | ပတိဋ္ဌဋ္ဌေနဒီပံ |

# အမှားပြင်ဆင်ချက်

| စာ | ကြောင်း | မှား | မှန် |
|---|---|---|---|
| ၉၄ | ၃၊၈ | ဋ္ဌေ၊ဋ္ဌေ၊ဋ္ဌေ၊ဋ္ဌာ | ဋ္ဌ၊ဋ္ဌ၊ဋ္ဌေ၊ဋ္ဌာ |
| ။ | ၁၃၊၁၇ | ပရံအယနံ | ပရံအာအန |
| ၉၅ | ၂ | ဝိစိကိစ္စ | ဝိစိကိစ္ဆ |
| ၉၇ | ၁၇ | အသျှင်မေဂ္ဂလန် | အသျှင်မောဂ္ဂလန် |
| ၉၈ | ၅ | ကုသလာ အကုသလံ ဇဟံ | ကုသလာ ကုသလံ ဇဟံ |
| ။ | ၈ | ဟုတွာညကြိမတ္တေကိဋ္ဌတိ | ဟုတွာကြိယမတ္တေကိဋ္ဌတိ |
| ။ | ၁၄ | ဝီရတ္ထစိတ္တာယတိ ကေဘဝသ္မိံ | ဝိရတ္တစိတ္တာယတိံကေဘဝသ္မိံ |
| ၉၉ | ၇ | ပဒိပေါ | ပဒပေါ |
| ၁၀၁ | ၂၃ | နုဥပ္ပါ | နဥပ္ပါ |
| ၁၀၃ | ၉ | ဗာဟုဿစ္စဥ္စ | ဗာဟုဿစ္စဥ္စ |
| ။ | ၁၂ | တာပေါစ ဗြဟ္မံစရိယ | တပေါစဗြဟ္မစရိယ |
| ၁၀၅ | ၁၂ | ပုဋ္ဌလေးပါးတွင် | ပုဒ်လေးပါးတွင် |
| ၁၀၈ | ၇ | ပိသုနဝါစာမှကြဉ်၍ | မုသာဝါဒါမှ ကြဉ်၍ သစ္စာဝါစာစကား ပိသုနဝါစာမှ ကြဉ်၍ သုဘာသိတာစကား |
| ။ | ။ | သုဘာသိတာစကား | သုဘာသိတဝါစာစကား |
| ။ | ၉ | သမ္မပ္ပလာပမှ ကြဉ်၍ ဆိုသောစကား | သမ္ဖပ္ပလာပမှ ကြဉ်၍ ကမ္မဝါစာစကား |

# အမှားပြင်ဆင်ချက်

| စာ | ကြောင်း | မှား | မှန် |
|---|---|---|---|
| ॥ | ၁ | ပစ္ဆိသီလ | ပစ္ဆိသီလ |
| ၁၀၉ | ၁ | မစ္စပါနာ | မဇ္ဈပါနာ |
| ॥ | ၇ | ဝိဟိုံသဝိတက် | ဝိဟိံသဝိတက် |
| ၁၁၄ | ၁၂ | နတ္ထိဒါနိ ပုနမ္ဘခေါတိ | နတ္ထိဒါနိ ပုနဗ္ဘဝေါတိ |
| ॥ | ၁၉ | သောတာပန်စသည်ဖြင့် ဥပါဒိသေသ | သောတာပန်စသည်ဖြင့် သဥပါဒိသေသ |
| ၁၁၆ | ၂၁ | ပညတ်ဓမ္မာရုံ ပဋိစ္ဆေဒ | ပညတ်ဓမ္မာရုံသည် ပရိစ္ဆေဒ |
| ၁၁၈ | ၅ | ဥပယသ | ဥပယာသ |
| ॥ | ၆ | သခံတ | သင်္ခတ |
| ॥ | ၁၂ | အာရာမန | အာရမ္မဏ |
| ၁၁၉ | ၁၇ | ဝိကတ | ဝိဂတ |
| ॥ | ၁၈ | အဝိကတ | အဝိဂတ |
| ၁၂၀ | ၉ | 'သင်္ခတ'ချုပ်ပျောက်မှုသည် | 'သင်္ခတ' နောင် တဖန်ပြန်၍မဖြစ်သောအပြီးတိုင်ချုပ်ပျောက်မှုသည် |
| ॥ | ၁၄၊၁၅ | အဗျာဂတ | အဗျာကတ |
| ၁၂၁ | ၁ | အကျွင်းသည် | အကြွင်းသည် |
| ॥ | ၁၆ | သဗ္ဗာဘင်္ဂဒန္တံ | သဗ္ဗာဘင်္ဂအန္တံ |
| ၁၂၂ | ၁ | တဏှုက္ခယဓမ္မံ | တဏှာက္ခယဓမ္မံ |
| ॥ | ၁၂ | သစ္စာဓမ္မံ | သစ္စဓမ္မံ |
| ၁၂၄ | | အပလောကိတဓမ္မံ | အပလောကိတဓမ္မံ |

# အမှားပြင်ဆင်ချက်

| နှာ | ကြောင်း | မှား | မှန် |
|---|---|---|---|
| ၁၂၅ | ၅ | ပဏ္ဍိတဓမ္မံ | ယောဂက္ခေမဓမ္မံ |
| ။ | ၁၁ | ယောဂက္ခေမဓမ္မံ | ပဏ္ဍိတဓမ္မံ |
| ။ | ၁၅ | နိဂိာနတ္ထိ | နိဗ္ဗာနတ္ထိ |
| ၁၂၈ | ၂၀ | ဓါတုပင်္ဂိစ္ဆေဒ၊ရူပပင်္ဂိစ္ဆေဒ၊နာမပင်္ဂိစ္ဆေဒ | ဓါတုပရိစ္ဆေဒ၊ ရူပပရိစ္ဆေဒ၊နာမပရိစ္ဆေဒ |
| ၁၂၉ | ၁၂ | ပေထား၍မဖြစ်ပါ | မေ့ထား၍မဖြစ်ပါ |
| ။ | ၆ | သာဝနာ | ဘာဝနာ |
| ။ | ၂၃ | သက္ကာယဟဒိဋ္ဌိကြောင့် | သက္ကာယဒိဋ္ဌိကြောင့် |
| ၁၃၃ | ၈ | သမ္မာသကပ္ပ | သမ္မာသင်္ကပ္ပ |
| ၁၃၅ | ၅ | ဉာဏ်မယျဉ်သည့် | ဉာဏ်မယှဉ်သည့် |
| ၁၃၇ | ၄ | ဝဂ္ဂလိရဟန်း | ဝက္ကလိရဟန်း |
| ၁၃၉ | ၂၂ | ကလာဝိရောဓိ | ကာလဝိရောဓိ |
| ၁၄၃ | ၄ | ကာယနုပဿန-ာ | ကာယာနုပဿနာ |
| ။ | ၁၆ | ပဌာရှေ့သွားပြုရခြင်း | ပဓါနရှေ့သွားပြုရခြင်း |
| ၁၄၅ | ၁၆ | ဉပပတ် | ဥပပါတ် |
| ၁၅၀ | ၆ | ပဋိပန္နကောဒေဝေါဝါ ဟောတုမနုဿောဝါ | ပဋိပန္နကောဟိဒေဝေါ ဝါ ဟောတုမနုဿော ဝါ |
| ။ | ၆ | ဘိက္ခုသင်္ချံ | ဘိက္ခုတိသင်္ချံ |
| ၁၅၁ | ၆ | ရူပခန္ဓာမှာပထဝီ | ရူပက္ခန္ဓာမှာပထဝီ |
| ။ | ၉ | တဒင်္ဂအခဏမျှဘဲ | တဒင်္ဂ တခဏမျှဘဲ |
| ၁၅၂ | ၄ | သတ္တကသမ္ဗောဇည | သတ္တကသမ္ဗောဇည |

တဏှက္ခယော နိဗ္ဗာနံ
တဏှက္ခယော-တဏှာ၏ ကုန်ခန်းခြင်းသည်၊
နိဗ္ဗာနံ-နိဗ္ဗာန်မည်၏။

မြေလတ်မြတ်သူ

**နိဗ္ဗာန်နိဒါန်း**

